# မြတ်မင်္ဂလာ

(ဦးသော်ဇဗ)

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် (၈၉၇၄-က)

ပုံနှိပ်ခြင်း

ပထမ အကြိမ်

၁၉၇၆-ခု-ဇန္နဝါရီလ

စောင်ရေ

၂၅၀၀

အဖုံး ပန်းချီ

စံတိုး

ဘလောက်

လွင်

အဖုံးရိုက်

ချိုတေးသံ

အဖိုး- ၁၅- ကျပ်

ဦးသော်ဇင်

# မြတ်မင်္ဂလာ

ဗုဒ္ဓ၏ ၃၈ဖြာ မင်္ဂလာတရားတော်အဖွင့်

ဖြန့်ချိရေး

ညွှန့်ပျိုးမြေစာပေ

၁၀၅၊ ဟံသာဝတီလမ်း၊ ၆-ရပ်ကွက်၊ တောင်ဥက္ကလာပ

**ထုတ်ဝေသူ**
ဒေါ်ခင်ညွန့်၊ မိုးဝေစာပေ (၀၉၁၆) အမှတ် ၂၆၊
မယ်စိကုန်းလမ်း၊ ကမာရွတ်၊ ရန်ကုန်။

**ပုံနှိပ်သူ**
ဒေါ်မြင့်မြင့် ပုသိန်ပုံနှိပ်တိုက် (မြဲ-၀၁၈၃၅)
၆၈၊ ၁၆၅-လမ်း၊ တာမွေ၊ ရန်ကုန်။

# မာတိကာ


| | | | |
|---|---|---|---|
| နိဒါန်း | .... | .... | ၁၇ |
| ၁—ယံမင်္ဂလံ | — | — | ၃၃ |
| ဂါထာ | .... | .... | ၃၃ |
| နိသျ | .... | .... | ၃၃ |
| လင်္ကာ | .... | .... | ၃၄ |
| ကောလာဟလ | .... | .... | ၃၆ |
| မင်္ဂလာဝါဒ | .... | .... | ၃၇ |
| ဒိဋ္ဌမင်္ဂလာ | .... | .... | ၃၈ |
| သုတမင်္ဂလာ | .... | .... | ၄၀ |
| မုတမင်္ဂလာ | .... | .... | ၄၁ |
| ကောင်းသောနံနက်ခင်း.... | | .... | ၄၃ |
| မင်္ဂလာရက်မြတ် | .... | .... | ၄၅ |

| | | | |
|---|---|---|---|
| နှုတ်သားတယောက် | .... | .... | ၄၆ |
| သံဂါယနာခင် | .... | .... | ၄၇ |
| ၂—ဇေဝံမေသုတံ | — | — | ၄၈ |
| ဖုဏ္ဏကို | .... | .... | ၄၈ |
| နိဿျ | .... | .... | ၄၉ |
| လင်္ကာ | .... | .... | ၅၁ |
| သာဝတ္ထိပြည် | .... | .... | ၅၃ |
| ဇေတဝန်ကျောင်း | .... | .... | ၅၅ |
| အနာထပိဏ် | .... | .... | ၅၇ |
| ရှင်အာနန္ဒာ | .... | .... | ၅၇ |
| ဧတဒဂ်ငါးတန် | .... | .... | ၅၉ |
| အံ့ဖွယ်လေးဖြာ | .... | .... | ၆၀ |
| အဋ္ဌလီငါးပါး | .... | .... | ၆၁ |
| ပဏ္ဍာဝတ္တာ | .... | .... | ၆၁ |
| ပညာရှိကဝိ | .... | .... | ၆၃ |
| သာပိတ္တိဆန်း | .... | .... | ၆၄ |
| ရွှတ်ဖတ်နည်း | .... | .... | ၆၅ |
| ၃—ဗဟူဒေဝါ | — | — | ၆၇ |
| ဂါထာ | .... | .... | ၆၇ |
| နိဿျ | .... | .... | ၆၇ |
| လင်္ကာ | .... | .... | ၆၈ |
| နှုတ် | .... | .... | ၆၉ |

လူ .... .... ၇၁
မင်္ဂလာအနက် .... .... ၇၅
အဟောသုခံ .... .... ၇၆
ချမ်းသာခြင်း .... .... ၇၈
သုခဝင် .... .... ၈၀

၄—အသေဝနာ — — ၈၃

ဂါထာ .... .... ၈၃
နိသျ .... .... ၈၃
လက်ာ .... .... ၈၄
သူမိုက်နှင့်ပညာရှိ .... .... ၈၆
သူယုတ်သူမိုက် .... .... ၉၀
ပညာရှိသူကောင်း .... .... ၉၁
ကျေးညီနောင် .... .... ၉၃
ဆင်နှင့်မြင်း .... .... ၉၈
အာဘန္တရသရက် .... .... ၁၀၁
ဆုလေးပါး .... .... ၁၀၃
ပူဇော်ထိုက်သူ .... .... ၁၀၄
ခါမျောက်ဆင် .... .... ၁၀၇
အလောင်းစည်သူ .... .... ၁၀၉
ပူဇော်ခြင်း .... .... ၁၁၀

# မာတိကာ


၅—ပတိရူပ — — ၁၁၂

ဂါထာ .... .... ၁၁၂

နိဿျ .... .... ၁၁၂

လင်္ကာ .... .... ၁၁၃

လျောက်ပတ်သောအရပ် .... .... ၁၁၄

မလျောက်ပတ်သောအရပ် .... ၁၁၈

သကုဏဇာတ် .... .... ၁၂၀

ဘီလုံးငှက် .... .... ၁၂၀

ခြင်္သေ့နှင့်ဖား .... .... ၁၂၃

ဆင်ပြောင်နှင့်ပုဇွန် .... .... ၁၂၅

ရှေးဘဝ .... .... ၁၂၆

ရုစာမင်းသမီး .... .... ၁၂၈

ဂေါပကနတ်သား .... .... ၁၃၂

မဂဒ္ဒူ .... .... ၁၃၄

ငါးစီးရှင် .... .... ၁၃၉

ကမ္ဗသကာ .... .... ၁၄၁

ကိုယ့်ကိုကိုယ်ကယ် .... .... ၁၄၃

ကိုယ့်ကိုကိုယ်ချစ် .... .... ၁၄၆

ကိုယ်ကိုစောင့်သူ .... .... ၁၄၈

အသက်ဝိယ .... .... ၁၅၀

အတ္တတရားစု .... .... ၁၅၂

| | | | |
|---|---|---|---|
| ၆–မာဟုသစ္စ | — | — | ၁၅၄ |
| ဂါထာ | .... | .... | ၁၅၄ |
| နိသျ် | .... | .... | ၁၅၄ |
| လင်္ကာ | — | .... | ၁၅၅ |
| သုတမယဉာဏ် | .... | .... | ၁၅၆ |
| ထူးခြားစွာသိခြင်း | .... | .... | ၁၅၈ |
| အသိပညာ | .... | .... | ၁၆၀ |
| ဝန်ဇင်းမင်းရာဇာ | .... | .... | ၁၆၁ |
| အတတ်ကြီးဆဲ့ရှစ်ရပ် | .... | .... | ၁၆၅ |
| ဝိဇ္ဇာပညာ | .... | .... | ၁၆၇ |
| သိပ္ပပညာ | .... | .... | ၁၆၉ |
| ဝိဇ္ဇာပညာတတ် | .... | .... | ၁၇၁ |
| ကိံပလသီး | .... | .... | ၁၇၃ |
| သုပ္ပါရက | .... | .... | ၁၇၅ |
| ဝိဇ္ဇာသိပ္ပ | .... | .... | ၁၇၈ |
| အဘတ်-ပညာ | .... | .... | ၁၈၄ |
| ရာပိနည်း | .... | .... | ၁၈၆ |
| ရဟန်းဝိနည်း | .... | .... | ၁၈၉ |
| ရှင်ရာဟုလာ | .... | .... | ၁၉၀ |
| တိပလ္လတ္ထဇာတ် | .... | .... | ၁၉၃ |
| ရာဇဩဝါဒ် | .... | .... | ၁၉၅ |
| သုဘာသိတ | .... | .... | ၁၉၈ |

စကားခြောက်ခွန်း .... .... ၂၀၁

နန္ဒိဝိသာလ .... .... ၂၀၃

နှုတ်ကြမ်းသော မယ်တော် .... ၂၀၇

၇–မာတာပိတု — — ၂၀၉

ဂါထာ .... .... ၂၀၉

နိဿျ .... .... ၂၀၉

လင်္ကာ .... .... ၂၁၀

အမိ-အဖ .... .... ၂၁၁

မိဖလုပ်ကျွေးသူ .... .... ၂၁၃

သုဝဏ္ဏသျှံ .... .... ၂၁၄

မိဖလုပ်ကျွေးဆင် .... .... ၂၂၂

မဒ္ဒဒေဝီ .... .... ၂၂၈

ရာဇကုမာရ .... .... ၂၃၂

အမေ့သား .... .... ၂၃၄

အဖေ့သား .... .... ၂၃၆

အမေ-အဖေ .... .... ၂၃၆

မိဖ ဆင်ဘုဒ် .... .... ၂၃၈

သူကြွယ်လင်မယား .... .... ၂၄၄

သားသမီး-မရှိသူ .... .... ၂၄၅

ဇဋ္ဌဝါဟန .... .... ၂၄၈

သားလေးပါး .... .... ၂၅၀

မြတ်သော သား-မယား .... .... ၂၅၁

မိုးရာခင်ပွန်း .... .... ၂၅၂
သမီးကလေး .... .... ၂၅၂
သောမာတိက္ခနို .... .... ၂၅၃
သိကြားမင်းရှိခိုးခြင်း .... .... ၂၅၄
သင်္ဂြိုဟ်ထောက်ပံ့ခြင်း .... .... ၂၅၆
အနှောက်အရှက်မရှိ .... .... ၂၅၈
ဝဏ္ဏပထ .... .... ၂၆၁

၈—ဒါန — — ၂၆၅

ဂါထာ .... .... ၂၆၅
နိဒါန .... .... ၂၆၅
လက္ခဏာ .... .... ၂၆၆
အလှူနှစ်မျိုး .... .... ၂၆၇
အာမိသဒါန .... .... ၂၆၈
ဒါနဝတ္ထု .... .... ၂၆၉
ဘောဇဉ်အလှူ .... .... ၂၆၉
ဒလှူခံပုဂ္ဂိုလ် .... .... ၂၇၁
နတ်တို့ဒါနတရား .... .... ၂၇၃
ကောသာဋကာ .... .... ၂၇၇
ဝိသယှသူဌေး .... .... ၂၇၈
တရားအမွခံ .... .... ၂၈၀
ဒါနပါရမီ .... .... ၂၈၂
တရားအလှူ .... .... ၂၈၄

| | | | |
|---|---|---|---|
| မြတ်သောအကျင့် | .... | .... | ၂၇၅ |
| ရဟန်းဓမ္မစရိယ | .... | .... | ၂၇၆ |
| ဟိန္ဒူဓမ္မစရိယ | .... | .... | ၂၇၇ |
| ဗုဒ္ဓဓမ္မစရိယ | .... | .... | ၂၇၇ |
| ပုဂ္ဂိုလ်လေးမျိုး | .... | .... | ၂၇၉ |
| ပညာ၏အနှစ် | .... | .... | ၂၉၁ |
| အဆွေ—အမျိုး | .... | .... | ၂၉၁ |
| အနမတဂ္ဂ | .... | .... | ၂၉၃ |
| နကုလပိတာ | .... | .... | ၂၉၄ |
| ကုက္ကုရဇာတ် | .... | .... | ၂၉၆ |
| အပြစ်ကင်းသောအလုပ် | .... | .... | ၂၉၉ |
| ပုဂ္ဂိုလ်လေးမျိုး | .... | .... | ၃၀၁ |
| မြတ်သောအသက်မွေးခြင်း | | .... | ၃၀၂ |
| ချမ်းသာလေးမျိုး | .... | .... | ၃၀၃ |
| ပတ္တကမ္မသုတ် | .... | .... | ၃၀၄ |
| ရခကြောင်းလေးမျိုး | .... | .... | ၃၀၅ |
| ဖိုးသက်ရှေဇာတ် | .... | .... | ၃၀၇ |
| ၉—အာရက်တိ | — | — | ၃၁၀ |
| ဂါထာ | .... | .... | ၃၁၀ |
| နိဿျ | .... | .... | ၃၁၀ |
| လက်ာ | .... | .... | ၃၁၁ |
| အာရက်မိ—ပိရတိ | .... | .... | ၃၁၂ |

ဝိရတီသုံးမျိုး .... .... ၁၁၄
သမ္မတ္တဝိရတီ .... .... ၁၁၅
လင်္ဂအိုန် .... .... ၁၁၇
သမာဒါနဝိရတီ .... .... ၁၁၈
အမတ်ဒိုန် .... .... ၁၁၉
သမုစ္ဆေဒဝိရတီ .... .... ၁၂၀
မောနေယျသုတ် .... .... ၁၂၀
သေရည်သေရက် .... .... ၁၂၂
ဂရုဏဇာတ် .... .... ၁၂၄
သဗ္ဗမိတ္တမင်း .... .... ၁၂၇
မမေ့လျော့ခြင်း .... .... ၁၃၁
အပ္ပမာဒဝဂ် .... .... ၁၃၃
အပ္ပမာဒသုတ် .... .... ၁၃၅
သတိ .... .... ၁၃၇

၁၀—ဂါရဝေါ — — ၁၃၉
ဂါထာ .... — ၁၃၉
နိဿျ — .... ၁၃၉
လင်္ကာ .... .... ၁၄၀
ဂါရဝသုတ် .... .... ၁၄၂
နိဝါတ .... .... ၁၄၃
ရှင်သာရိပုတြာ .... .... ၁၄၅
မစင်၏မာန .... .... ၁၄၈

ရောင့်ရဲလွယ်ခြင်း .... .... ၃၄၉
ဘောရကိုယ်တော် .... .... ၃၅၂
ပဒေသာပင် .... .... ၃၅၄
လောဘ ရွှေအိုး .... .... ၃၅၆
ဒုက္ခဖြစ်ကြောင်း .... .... ၃၅၈
ပြုဘူးသော ကျေးဇူး .... .... ၃၅၉
သာခုနရ .... .... ၃၆၁
ကတညုတ–ကတဝေဒီ .... .... ၃၆၄
ခေင်ညို .... .... ၃၆၆
ငထင်ငယ် .... .... ၃၆၈
တရားနာရခြင်း .... .... ၃၇၀
ရှင်အသဗီ .... .... ၃၇၂

၁၁— ခန္တီ — — ၃၇၆

ဂါထာ .... .... ၃၇၆
နိဿျ .... .... ၃၇၆
လက်ာ .... .... ၃၇၇
သည်းခံခြင်း .... .... ၃၇၉
ရှင်ပုဏ္ဏ .... .... ၃၈၄
ငါးစီးရှင် .... .... ၃၈၅
သတိုးမင်းဖျား .... .... ၃၈၇
အဆုံး–အမ .... .... ၃၈၉
ခံနိုင်သူ .... .... ၃၉၂

ရဟန်း–ပုဏ္ဏား .... .... ၃၉၅
သမဏ–ရဟန်း .... .... ၃၉၆
ဗြာဟ္မဏ-ပုဏ္ဏား .... .... ၃၉၇
စိတ္တဂုတ္တထေရ် .... .... ၃၉၈
တရား‌ဆွေးနွေးခြင်း .... .... ၄၀၀
မိလိန္ဒမင်း .... .... ၄၀၂
မတိုင်ပင်ရာအရပ် .... .... ၄၀၃
မတိုင်ပင်အပ်သူ .... .... ၄၀၄
မလုံခြုံသူ .... .... ၄၀၅
ပညာရကြောင်း .... .... ၄၀၆

၁၂–တပေါ — — ၄၀၈

ဂါထာ .... .... ၄၀၈
နိသျ .... .... ၄၀၈
လက်ာ — .... ၄၀၉
အကျင့် အင်္ဂါ .... .... ၄၁၁
ဒုက္ကရစရိယာ .... .... ၄၁၁
ရေငုပ်-မီးလှုံ .... .... ၄၁၂
ဒိဋ္ဌေဒိဋ္ဌမတ္တံ .... .... ၄၁၃
ဗြဟ္မစရိယ .... .... ၄၁၄
အရိယသစ္စာ .... .... ၄၁၈
နိဗ္ဗာန် — .... ၄၂၁

၁၃— ဖုဋ္ဌသဲ — — ၄၂၅
ဂါထာ .... .... ၄၂၅
နိဿျ .... .... ၄၂၅
လင်္ကာ .... .... ၄၂၆
လောကဓံတရား .... .... ၄၂၈
မတုန် မလှုပ် .... .... ၄၂၉
ရမက်မှုမရှိ .... .... ၄၃၀
မစိုးရိမ်-မကြောက်ရွံ့ .... .... ၄၃၃
ကဲ့ရဲ့ချီးမွမ်း .... .... ၄၃၄
အနန္တ သူရိယ .... .... ၄၃၆
ဟံသာဝတီပါမင်း .... .... ၄၃၈
လက်ဖွဲ့ .... .... ၄၄၁
၁၃·— ဧတာဒိသာနိ — — ၄၄၃
ဂါထာ .... .... ၄၄၃
နိဿျ .... .... ၄၄၃
လင်္ကာ .... .... ၄၄၄
၃၈-ဖြာ မင်္ဂလာ .... .... ၄၄၅
နိဂုံး .... .... ၄၄၇

# နိဒါန်း

ရှေးအခါက မြန်မာ ကလေး သူငယ်တို့သည် အများ အားဖြင့် ကျောင်းနေသောအခါ ရှေးဦးစွာ သင်ပုန်းကြီးကို သင်ကြားကြရသည်၊ ထို့နောက်ဆက်လက်၍မင်္ဂလသုတ်ကို အရ ကျက်ပြီးသင်ကြားကြရသည်၊ သင်ပုန်းကြီးမှာ မြန်မာဘာသာ တွင် အရေးကြီးသော အသတ်, အပင့်, အရစ် အစ ရှိသည်တို့ ပြည့်စုံစွာပါ၍၏၊ သို့ကြောင့် သင်ပုန်းကြီးသင်ပြီးလျှင် မြန်မာ စာနှင့်ပတ်သက်၍ ရေးဖတ်ရာတွင် အခက် အခဲ မရှိတော့ပါ၊ သက်သောင့် သက်သာ ကောင်းမွန်စွာ ရေးနိုင် ဖတ်နိုင်ကြ၏၊ ထို့နောက် ဆက်လက်ပြီး သင်ကြား ရ သော မင်္ဂလသုတ်မှာ ပါဠိ အနက်ဖြစ်၍ ပါဠိဗဟုသုတ အတော်အသင့်ရကြသည်၊ သို့ဖြင့် မြန်မာဘာသာတွင် နေရာကောင်း ယူနေသော ပါဠိနှင့် ပတ်သက်၍ အနှောက်အရှက်မရှိလှတော့ပါ၊ထို့ပြင် လောက၏ အနှစ်သာရဖြစ်သောမင်္ဂလာနှင့်လည်း တန်းဆာ ဆင်နိုင်ခဲ့ကြ လေသည်။

ယခုအခါ မြန်မာ ကလေးသူငယ်တို့သည် အများအား ဖြင့် အဆိုပါပြည့်စုံသောသင်ပုန်းကြီးကို မသင်ကြားကြတော့ ပါ၊ သို့ကြောင့်သူတို့သည် တက္ကသိုလ်သို့ရောက်သည့်တိုင်အောင် မြန်မာစာကို ကောင်းစွာ မဖတ်တတ်ကြတော့ပါ၊ အက္ခရာစဉ် ကိုမျှ မသိကြ၍ တက္ကသိုလ်တွင်အဘိဓာန်ကြည့်နည်းကို ဘာသာ တချပ်အနေဖြင့် သင်ကြားနေကြရ၏၊ သို့သော်လည်း အခြေခံ ဖြစ်သောသင်ပုန်းကြီးကိုမသင်ကြားခဲ့ရသဖြင့် သင်တုန်းသင်ခိုက် မှာသာ သိသယောင်ယောင်ရှိပြီး ထို့နောက် ပြန်၍ပျောက် သွားကုန်၏၊ မင်္ဂလသုတ်ကိုမသင်သောကြောင့် ပါဠိဗဟုသုတ မရကြပါ၊ သို့ကြောင့် အညမညကို အ-ည-မ-ည ဟု ရွတ်, ကဏ္ဍကို ဂန်းဒဟု ရွတ်, ဋီကာကို ဒီဂါဟုရွတ်စသဖြင့်ပညာရှိ တို့ နားမချမ်းသာဖွယ်ဝေါဝေါနေကြခြင်း ဖြစ်၏၊ ထို့ပြင် မင်္ဂလာ အဆင် တန်းဆာနှင့်လည်း ကင်း ကွာ သွား ကြသည်၊ မင်္ဂလာမရှိခြင်း၏ အဖြစ်ကိုလူတိုင်းမနှစ်သက်ကြပါ။

သို့ကြောင့်မြန်မာတို့သည် သင်ပုန်းကြီးနှင့်မင်္ဂလသုတ်ကို သင်ကြားဘို့ လိုပါသည်၊ မည်သို့ သင်ကြားကြပါမည်နည်း၊ စာသင်ကျောင်းတို့မှာကား သင်ကြားရန် အချိန်မရနိုင်ကြပါ၊ မိဘသား မောင်သော်ဇင်ဦးကိုကား သုံးတန်းစာမေးပွဲ ဖြေဆို ပြီး၍ ကျောင်းပိတ်သောအခါ ရှင်ပြုပေးကာ သင်ပုန်းကြီး နှင့် မင်္ဂလသုတ်ကို သင်ကြားစေပါသည်၊ တသင်္ကြန်ကျော် အချိန်ကာလ အတွင်းမှာ သူသည် သင်ပုန်းကြီးနှင့် မင်္ဂလသုတ်

ပါဠိအနက်အပြင် ရှင်ကျင့်ဝတ်ဖြစ်သော သခ်ယကိုပါ အာဂုံ ယူဆောင်လာခဲ့ပါသည်၊ သားတို့အတွက်ကား ဤနည်းဖြင့် သင်ပုန်းကြီးနှင့်မင်္ဂလသုတ်ကို သင်ကြားနိုင်ကြပါသည်။

မြန်မာ ဗုဒ္ဓဝါဒီတို့၏ ရိုးရာ အစဉ်အလာမှာ သားကို ရှင်ပြုပေးခြင်းဖြစ်၏၊ အဘယ်မျှပင် ဆင်းရဲ မွဲတေနေစေကာမူ တနည်းတလမ်းအားဖြင့် သားကို ရှင်ပြုပေးကြ၏၊ ရှင်မပြုဘူးသော မြန်မာဗုဒ္ဓဝါဒီမှာ မရှိသလောက်ပင် ဖြစ်၏၊ ယင်းအစဉ်အလာကို ဆိုခဲ့သည့်အတိုင်း စနစ်တကျ အသုံးချပါက မြန်မာစာကိုလည်း ကောင်းစွာရေးတတ်ဖတ်တတ်မည်၊ ပါဠိဝေါဟာရ အချို့ကိုလည်း ရမည်၊ လောက၏ အနှစ်သာရ မင်္ဂလာလည်း ရှိကြမည်၊ ထိုမှတပါး အစဉ်အလာ ယဉ်ကျေးမှု အများအပြားလည်း ကပ်ပါလာနိုင်၏၊ ဘုန်းကြီးကျောင်းသည် မြန်မာဗုဒ္ဓဝါဒီတို့၏ ရိုးရာအစဉ်အလာမဏ္ဍိုင်ဖြစ်၏။

သားတို့ကို ရှင်ပြုပေးသကဲ့သို့ ထို့အတူ သမီးတို့ကိုလည်း သီလရှင်ပြုပေးသင့်ပါသည်၊ သို့ဖြင့်သမီးတို့လည်းသားတို့နည်းတူ သင်ပုန်းကြီး၊ မင်္ဂလသုတ် တို့ကို သင်ကြားခွင့် ရကြမည်၊ ဤအတွက် စည်းကမ်းကောင်းသောသီလရှင်ကျောင်းများ ပြည့်စုံစွာ ရှိဘို့ လိုပါမည်၊ စာရေးသူနေသော ရပ်ကွက်မှ အလယ်တန်းကျောင်းသူ အမျိုးသမီးအချို့ တခါက သီလရှင်ပြုသည်ကို

တွေ့ရပါသည်၊ သူတို့ သင်ပုန်းကြီး, မင်္ဂလသုတ် သင်ခဲ့သည် မသင်ခဲ့သည်ကိုကား မသိရပါ၊ သို့သော်လည်း ပိုမိုပြီးလှပပြည့် ဖြိုးလျက် သိမ်မွေ့ နူးညံ့လာသည်တို့ကိုကား နှစ်သက်ဖွယ် တွေ့မြင်ရပါသည်။

မြတ်စွာဘုရားဟောကြားသော သုတ်တို့တွင် ဤမင်္ဂလ သုတ်သည် လွန်စွာလွယ်ကူသော သုတ်ဖြစ်၏၊ သို့သော်လည်း အကျိုးအာနိသင် လွန်စွာ ကြီးမြတ်လှပါသည်၊ ယင်း သုတ်ကို ခုဒ္ဒကနိကာယ်ခုဒ္ဒကပါဠိနှင့်သုတ္တနိပါတ်တွင်တွေ့မြင်နိုင်ပါသည်၊ ခုဒ္ဒကနိကာယ်ဟူသည်မှာ နိကာယ်ငါးသွယ်တို့တွင် နိကာယ်ငယ် ဖြစ်၍ ခုဒ္ဒကပါဠိဟူသည်မှာလည်း ဖတ်စာတို့တွင် ဖတ်စာငယ် ဖြစ်၏၊ ယင်းမင်္ဂလသုတ် ဖတ်စာငယ်မှာ လွန်စွာ လွယ်ကူပြီး သာယာနာပျော်ဖွယ် ကောင်းလှသော ဂါထာတို့ဖြစ်၏၊ များ လည်း မများပါ၊ ၀ံ မေ သုတံနှင့်မှ ၁၃ပုဒ်မျှသာရှိ၏၊ဘုရား ဟော ဂါထာ၏ အချုတိုင်းမှာ "ဧတံ မင်္ဂလ မုတ္တမံ" ဟုပါ၏၊ ယင်းစာပိုဒ်သည် ဂီတတို့တွင် သံပြိုင်လိုက်သော အပိုဒ်နှင့်တူ၏။

စာရေးသူတို့ မင်္ဂလသုတ်သင်ကြားစဉ်က "မင်္ဂလသုတ်ဆဲ့ နှစ်ပုဒ်တပုဒ်မပါ ဂေါထာ" ဟု အချင်းချင်းစကားထာဝှက်ကြ သည်၊မင်္ဂလသုတ် ဂါထာဆဲ့နှစ်ပုဒ်တွင် ဗဟူဒေဝါအစရှိသော ပထမဂါထာမှာ ဧတံ မင်္ဂလ မုတ္တမံ မပါခြင်းကို ဆိုလိုခြင်း ဖြစ်၏၊ မင်္ဂလသုတ် သင် ကြား ပေးသော ဆရာဦးပဉ္ဇင်းမှာ

စာပေကျမ်းဂန်တတ်မြောက်သော အိန္ဒိယ့သီဟိုဠ်ပြန် ဖြစ်၏၊ သို့ကြောင့် ပုဒ်ပါဠိအက္ခရာလည်း မှန်ကန်ကျနစွာ သင်ကြားကြရ၏၊ ဂါထာတို့ကိုလည်း ဂါထာတို့ကဲ့သို့ပင် သာသာယာယာ သိကျူးကြရသည်၊ အိန္ဒိယ့ သီဟိုဠ် အစ ရှိသော ကမ္ဘာ့ ပါဠိ ပညာရှင်တို့သည် ပါဠိဂါထာတို့ကို ကဗျာ ကဲ့ သို့ပင် သာသာနာနာပျော်ဖွယ်ရွတ်ဆိုကြ၏၊ဆရာဦးပဥ္စင်းလည်းဆို့အတူ ပင် သင်ကြားပေးခြင်းဖြစ်၏၊ အလေ့ အကျင့် ရသောအခါ ထိုသို့ရွတ်ဆိုမှသာလျှင် အနက်အဓိပ္ပါယ်ကို သိမြင်ပါသည်။

မဂ်လသုတ်သည် လွန်စွာ ချောမော လှပ သိမ် မွေ့ပြီး စိတ်နှလုံး ဖြူစင် မြင့် မြတ် သော လုံခယ် သဖွယ် ချစ်စဖွယ် ကောင်းလှပါသည်၊တွေ့မြင်ကာမျှဖြင့် လုံမ၏အလှကိုကွက်ကွက် ကွင်းကွင်း ရှင်းရှင်း သိနိုင်သကဲ့သို့ မင်္ဂလသုတ်၏အလှကိုလည်း ဖတ်ရှုကာမျှဖြင့် သိနိုင်ပါသည်၊ သို့သော်သည်း အလှကိုအဘူး သေ့လာကျွမ်းကျင်သူတို့သည် လုံမဘို့၏ အလှကို ထုတ်ဖော် ဖွဲ့ဆိုကြပါသည်—

ဝဏ္ဏပဘာ၊ကလျာဖူးစသစ်
ပျိုမျစ်မျစ်လျှင်၊ကျစ်သစ်တင့်စမွယ်
လှမျိုးကြွယ်သား၊ ဆံသွယ်မြမြိတ်စို့
ဆင်းရောင်ပျို့ကို၊ နတ်တို့ဆင်ထိုက်တန်
ဆင်းစုံကြွန်သား၊ အလွန်ရပေခက်

ဖြူမြိုတ်ရွက်နှင့်၊ လက်သက်လှထိန်ပြေး
ရွှေရည်ရေးသို့၊ ပျံ့မွှေးရွှေအင်္ကျီ
ရွှေထဘီနှင့်၊ မြစီရွှေနားတောင်း
နွဲ့နွဲ့နှောင်းလျက်၊- ရောင်မောင်းကွမ်းရည်သွား
သက်တင်လဘားသို့၊လက်ဖျားဒန်းနီရောင်
လှတန်ဆောင်မူ၊ မျက်ဘောင် ဘော့ညွတ်သေး
စုတ်ဖြင့်ရေးသို့၊ ကြိုင်အေးဘကိုးရည်
ထုံမျိုးကြည်၍၊ နုတ်ပြည့် မိုးသူဇာ
ပျံ့ကျလာသို့၊ရှူသာတင့်စန့်း
လှခေါင်မိုးလျှင်၊ ပြစ်မျိုးမှည့်မထင်
နုတ်ရုပ်သွင်သို့၊ ဖြူစင်ထွန်းရောင်ဝင်း
လှမှန်ကင်းကို၊ညခင်းဆည်းဆာတွင်
ကျွန်ုပ်မြင်သည်၊ရယ်ရှင်ပြုံးတို့—မပြုံဘို့။

ထို့ အတူ မင်္ဂလာ၏အလှအပ သဘာဝကိုလည်း ဖွဲ့ဆို ကြပါသည်၊ ရှေးဦးစွာ ရှင်မဟာဗုဒ္ဓဃောသသည် ပါဠိဘာသာ ဖြင့်ဖွင့်ဆို၏၊ မြန်မာဘာသာ၌ မင်္ဂလတ္ထဒီပနီမှာ မင်္ဂလာတို့၏ အနက်တို့ကို အလွန် ပြည့်စုံစွာ ဖွင့်ဆိုထားသော ကျမ်းကြီးဟု သိရ၏၊ စာရေးသူကားမဖတ်ဖူးပါ၊ ဤစာအုပ်ကို စီရင်သော အခါ ထိုစာအုပ်ကို ရှာဖွေဖတ်ရှုလေ့လာရန် အကြံပေးကြ ပါသော်လည်း မဖတ် တော့ ပါ၊ အကြောင်း မှာ သီးခြား တဘာသာစီရှိစေလိုသောကြောင့်ဖြစ်၏၊ ထိုမှတပါး ဝိသုဒ္ဓါ

ဆရာဘော်, လယ်တီဆရာတော် စသူတို့၏ မင်္ဂလသုတ်နိသျမျာ း သည်လည်း အကျဉ်းချုပ်အားဖြင့် မင်္ဂလသုတ်ကို ဖွင့်ဆိုခြင်း တို့ပင်ဖြစ်၏၊ မုံရွေးဆရာတော်ကား ပျို့ အဖြစ်နှင့် စပ်ဆို၏၊ သို့ကြောင့်တရံသောအခါက မြန်မာနိုင်ငံတွင် မင်္ဂလာမိုး ရွာ သွန်းဖြိုးခဲ့ဘူးပါသည်၊ ဆရာတော်တို့သည် လှယ်ကူလှပသော မင်္ဂလာကို လူအများအာရုံစူးစိုက်အောင် အမျိုးမျိုးကြံဆောင် ခြင်းတို့ပင်ဖြစ်၏၊ သီရိမင်္ဂလာဘောကမင်းတရားကြီးဟု မြန်မာတို့ ခေါ်ကြသော အသောကမင်းကြီးကား ကျော်ကစာ ထိုးပြီး လျှင် မင်္ဂလာတရားတိုးတက်ပြန့်ပွားရေးကို ကြွေးကြော်ခဲ့သည်

ဒေဝါနံပိယဒဿိမင်းကြီး မိန့်ကြားတော်မူ၏—

လူတို့သည် မင်္ဂလာ ကြီးငယ် တို့ကို ပြုလေ့ ရှိကြ၏၊ နာမကျန်းဖြစ်သောအခါ, သား သမီးများကို ထိမ်းမြားသောအခါ, သားသမီး ဖွားမြင်သောအခါ, ခရီး ထွက်ခါ နီးသော အခါ—ဤအခါတို့နှင့် အခြား အလားတူအခါတို့၌ လူတို့သည် များပြားသောမင်္ဂလာမှု တို့ကို ပြုလေ့ရှိကြ၏၊ ထိုမှတပါး သားသမီး ရှိသော မိန်းမတို့သည်လည်း အချည်းနှီးအကျိုးမရှိသောမင်္ဂလာ အများအပြား ပြုလုပ်လေ့ရှိကြ၏။

စင်စစ် ယင်းမင်္ဂလာများကိုလည်း ပြုလုပ်သင့်

ပါ၏၊ သို့ရာတွင် ယင်းမင်္ဂလာတို့သည်အကျိုးမများလှ၊ တရားမင်္ဂလာသည်သာ စင်စစ် အကျိုးများ၏၊ တရားမင်္ဂလာဟူသည်မှာ ကျေးကျွန်အစေခံတို့အား ကောင်းစွာ ပြုစုသိမ်းမြန်းခြင်း, ဆရာ သမားတို့အား ရိုသေ မြတ်နိုးခြင်း,သတ္တဝါများအား ထိန်းသိမ်းစောင့်ရှောက်ခြင်း, ရဟန်း ပုဏ္ဏားတို့အား ပေးကမ်း လှူဒါန်းခြင်းတို့တည်း၊ ဤဆိုအပ်ခဲ့ပြီးသည်တို့နှင့် အခြား အလားတူတို့သည် တရား မင်္ဂလာ မည် ကုန် ၏၊ ထိုမင်္ဂလာ အကြောင်းကို အဖသည်ရင်း, သားသည်ရင်း, ညီအကိုတို့သည်ရင်း, အရှင်သည်ရင်း, အသိအကျွမ်း မိတ်ဆွေသည်ရင်း, အိမ်နီးချင်းသည်ရင်း ဤတရားမင်္ဂလာသည် ကောင်း၏၊ လိုအပ်သော အကျိုး ပြီး မြောက် စေရန် ဤတရားမင်္ဂလာကိုဆောင်ရွက်သင့်၏’’ဟု ဤသို့ ပြောဟောရာ၏။

မည်သည့်အကျိုးကို အဘယ်သို့ ပြီးမြောက်စေပါသနည်း၊ ယခု ပြုလုပ်လျက်ရှိသော မင်္ဂလာတို့သည် လိုရာအကျိုးကို ပြီးမြောက်စေမည်၊မပြီးမြောက်စေမည်ကို ယုံမှားဖွယ်ရှိ၏၊ အကျိုး ပြီးမြောက်စေကာမူ ဤလောကအတွက်သာလျှင်ဖြစ်၏၊ဤတရားမင်္ဂလာသည်ကား အခါမရွေးအကျိုးပေး၏၊ ဤလောက၌ အကျိုးမပေးစေကာမူ တမလွန်လောက၌ အတိုင်းမသိသောကုသိုလ်

အကျိုးကို ပေး၏၊ ဤလောက၌သည်း အကျိုးပြီး မြောက်သော ဤလောက၏အကျိုး, တမလွန်လောက၏ အတိုင်းမသိသောကုသိုလ်အကျိုးဟုဆိုအပ်သောအကျိုး နှစ်ပါးလုံးကိုပင် ဤတရားမင်္ဂလာဖြင့် ရရှိ ခံစားရ၏။

အသောကမင်းကြီးသည် မင်္ဂလာတရား အဘယ်မျှပြန့်ပွားစေလိုသည်ကို ဤကျောက်စာဖြင့် ကောင်းစွာ သိနိုင်၏၊ အကြောင်းကား လောကကြီး မင်္ဂလာရှိစေလို၍ဖြစ်၏၊ ကြီးပွားချမ်းသာစေလို၍ဖြစ်၏၊ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောဘဝတို့၌ အကျိုးများစေလို၍ဖြစ်၏၊သူသည် အခြားကျောက်စာတခုတွင် "သူ့ခပ်သိမ်းတို့သည် ငါ၏ သား သမီးများဖြစ်ကြ၏၊ ငါ၏ သား သမီးများအား ဤလောက,တမလွန်လောကတို့၏ စီးပွားချမ်းသာ အပေါင်းနှင့် ယှဉ်စေလိုသကဲ့သို့ သူ့ခပ်သိမ်းတို့အားလည်း ယှဉ်စေလို၏"ဟုရေးထိုးထား၏၊ ထို့အတူ မိမိတို့လည်း သူ့ခပ်သိမ်းတို့၏ အစီးအပွားကို လိုလားပါလျှင် အသောကမင်းကြီးနည်းတူ ဓမ္မ မင်္ဂလာ တိုးပွားစေရန် ကြိုးစားသင့်ကြပါသည်။

ညတည၏ ဆယ်နာရီခန့် အချိန်ဖြစ်၏။

အိမ်လူ အိမ်သားများ အသီးသီးအိပ်ရာဝင်ကြပြီ၊မိမိမှာ မအိပ်ချင်သေးသဖြင့် စာဖတ်ပြီး အိပ်ချင်ခြင်းကို စောင့်ရန်

စာအုပ်စင်မှ စာအုပ်တအုပ်ဆွဲထုတ်လိုက်ပါသည်၊ ပါလာသော စာအုပ်မှာ သုတ္တနိပါတ်အဋ္ဌကထာဒုတိယအုပ်ဖြစ်၏၊ ထိုတွင် ပထမဆုံးတွေ့ရသည်မှာမင်္ဂလသုတ်အဖွင့်ဖြစ်၍ "မင်္ဂလာပါဘဲ" ဟု စိတ်ထဲက ရေရွတ်လိုက်မိ၏၊ မင်္ဂလာကို စိတ်ဝင်စားနေစဉ် မင်္ဂလာအဖွင့်ကို မမျှော်လင့်ဘဲ တွေ့ရသောကြောင့် ဖြစ်၏၊ မင်္ဂလာအဖွင့်မှာ စာမျက်နှာ ၃၆ မျက်နှာခွဲရှိ၍ တနာရီခန့်နှင့် ဖတ်ပြီးနိုင်လောက်၏၊သို့ရာတွင် ထိုထက်အချိန်များစွာ ပိုလွန်သွား၏၊ ထို့နောက် အိပ်သော်လည်းကောင်းစွာအိပ်မပျော်ပါ၊ မင်္ဂလာသုတ်ကို မြန်မာလိုဖွင့်ဆိုရန် စဉ်းစားပြီး စီစဉ်နေသောကြောင့်ဖြစ်၏။

## ၁-မင်္ဂလသုတ်ပါဠိ

ဆဋ္ဌသံဂါယနာတင်မူမှ ကောက်နုတ်မည်၊ ထိုထက် သာလွန်ကောင်းမွန်သောမူ ဘယ်မှာရှိမည်နည်း၊ ကမ္ဘာပေါ်ရှိ ဗုဒ္ဓဝါဒကိုလက်ခံယုံကြည်သော နိုင်ငံတို့မှ ပညာရှိအားလုံးလိုလို ပါဝင် သုတ်သင်ပြီး သံဂါယနာတင်ထားသော မူဖြစ်၏။

## ၂-မင်္ဂလသုတ်နိဿျ

မြန်မာနိုင်ငံ၌ မင်္ဂလသုတ် နိဿျများ အများအပြား ရှိ၏၊ နိဿျတိုင်းပင် မင်္ဂလာကို ပို့ဆောင်ပေးကြပါသည်၊ထိုတွင်

မဟာဝိသုတာရာမဆရာတော် သုတ်သင် ပြင်ဆင်သော မင်္ဂလ သုတ် ၁၃ စောင်တွဲမှ ဝိသုဒ္ဓါရုံမူနိသျကိုယူရန်ဆုံးဖြတ်၏။

## ၃-မင်္ဂလသုတ် လက်ာ

မုံရွေး ဇေတဝန်ဆရာတော်သည် မင်္ဂလသုတ်ကို ပျို့ အဖြစ်ဖွဲ့ဆိုခဲ့၏၊ မြန်မာ တို့ အနေဖြင့်ယင်းပျို့ကို မင်္ဂလသုတ် ပါဠိ နိသျထက် အလေးအနက်ပြုရပါမည်၊ မင်္ဂလသုတ်ပါဠိမှာ ကမ္ဘာ့ဗုဒ္ဓဝါဒီ အားလုံးနှင့် သက်ဆိုင်၏၊ ယင်းကို သူတို့လည်း သူတို့ဘာသာ ထိန်းသိမ်းကြမည်၊ ဤပျို့ကို ထိန်းသိမ်းစောင့် ရှောက်ရန်အတွက်ကား မြန်မာတို့နှင့်သာဆက်စပ်နေသည်။

## ၄-မင်္ဂလသုတ် အဖွင့်

ဗုဒ္ဓသာသနာတွင် ယနေ့ တွေ့မြင်ရသောမင်္ဂလာအဖွင့် တို့တွင် အစောဆုံး မင်္ဂလာအဖွင့်မှာ အထက်တွင် ဖော်ပြခဲ့ သော အသောက၏ မင်္ဂလာကျောက်စာ ဖြစ်၏၊ ထိုအဖွင့်မှာ တိုတို ကျဉ်းကျဉ်း နှင့် လိုရင်း ထိမိ လှပါသည်၊ ထို့နောက် ရှင်မဟာဗုဒ္ဓဃောသ၏ သုတ္တနိပါတ် အဋ္ဌကထာဖြစ်၏၊ ကမ္ဘာ ပေါ်ရှိမင်္ဂလသုတ် နိသျ ဘာသာပြန်တို့၏ တည်ရာမှီရာ ဖြစ်၏၊ မြန်မာဘာသာ မင်္ဂလတ္ထဒီပနီကား မင်္ဂလာအဖွင့်တို့တွင် အကြီး ဆုံး ဖြစ်လိမ့်မည် ထင်ပါသည်၊ ဤအဖွင့်ကား ထိုမျှကြီးကျယ်

မည် မထင်ပါ၊ အတော် ပြည့်စုံအောင်ကြိုးစားဖွင့်ဆိုရန် ရည်သန်ထားပါသည်၊သို့သော်လည်းမချိနိုင်–မချနိုင်မဖြစ်စေသိုပါ။

## ၅–မြတ်သော မင်္ဂလာ

ပထမ သံဂါယနာတင် အရှင်တို့က မြတ်စွာဘုရား ဖြေကြားသော မင်္ဂလာ တရားတို့ကို မင်္ဂလသုတ်ဟု သမုတ်ကြ၏၊ အသောကမင်းကြီးကား ဓမ္မ မင်္ဂလာအမည်ပေး၏၊ ဤတွင်မူ "ဧတံ မင်္ဂလ မုတ္တမံ" ကို ဘာသာပြန်က မြတ်သော မင်္ဂလာဟူသောအမည်ကို ရွေးလိုက်ပါသည်၊မရိုးလွန်း မဆန်းလွန်းသော အမည်သညာပင်တည်း။

ထိုတွင် မင်္ဂလသုတ်ပါဠိ၊ နိသျှနှင့်လင်္ကာတို့မျှား ရွတ်ဆိုရန်အတွက်ဖြစ်ပါသည်၊ အခမ်းအနားတို့တွင် တသည့်စီ ခမ်းခမ်းနားနားသာယာစွာကျူးရင့်ပါလျှင် အလွန်ကြည်နူးဖွယ် ဖြစ်လိမ့်မည်၊ ဝတ် တက်သူ တို့သည် အများအားဖြင့် ၃-၄-သုတ် ရွတ်ဆိုတတ်ကြပါသည်၊ ထိုသို့ ရွတ်ဆိုကြမည့်အစား တသုတ်ကို ကောင်းစွာလေ့ကျက်ပြီး ခမ်းခမ်းနားနား ပြည့်စုံစွာ ရွတ်ဆိုခြင်းက ပိုပြီးကောင်းမြတ်ပါသည်၊ ဂါထာကို ဂါထာ၏စည်းကမ်းအတိုင်း ရွတ်ဆို၍ စုဏ္ဏိယကို စုဏ္ဏိယ စည်းကမ်းအတိုင်း ရွတ်ဆိုမှသာယာနာပျော်ဖွယ်ဖြစ်မည်၊ကဗျာဂီတကိုကဗျာဂီတ၏

အသံအတိုင်း သိဆိုမှ နားထောင်ကောင်းသကဲ့သို့ပင်တည်း။

မင်္ဂလသုတ် အဖွင့်တို့မှာ ကိုယ်တိုင် သိ မှတ် လိုက် နာ ကျင့်သုံးရန်နှင့် သူတပါးတို့အား ဟောပြောရန်အတွက် ဖြစ်၏၊ ဤတွင် လေးနက်သော အဘိဓမ္မာ အ ချက် အလက် တို့ လည်း ပါဝင်၏၊ ပေါ့ပေါ့ပါးပါး အရပ်စကားများလည်း ပါဝင်၏၊ ချိုချိုသာသာ ကဗျာလင်္ကာ ဆောင်ပုဒ်တို့လည်း ပါဝင်၏၊ စာ ရှုသူမငြီးငွေ့စေရန် ရည်သန်ပြီး လုပ်ရှားပေးခြင်းဖြစ်၏၊ယင်းတို့ အနက်မှ မိမိနှင့် ပတ်သက်သော အချက်အလက်ကို ဖမ်းယူနိုင် ပါသည်၊မင်္ဂလာပန်းတို့ကို တဆင့်ကမ်းလှမ်းနိုင်ပါသည်၊ မင်္ဂလာ ရွတ်ဆိုသော အခမ်းအနားတွင် ကောက်နှုတ် ဟောပြောပါလျှင် အသင့်ဖြစ်နိုင်ပါလိမ့်မည်။

စင်စစ်မင်္ဂလသုတ်သည် လူမှုရေးအဘိဓမ္မာဖြစ်၏၊လူမျိုး မ ရွေး, ဘာသာမရွေး လူတိုင်းလူတိုင်းနှင့်သက်ဆိုင်သည်၊အမျိုး သမီးတို့နှင့်လည်းသက်ဆိုင်သည်၊ အမျိုးသားတို့နှင့်လည်း သက် ဆိုင်သည်၊ လူကြီး, လူရွယ်, လူငယ် အလုံးစုံ အကုန်အတွက် ဖြစ်၏၊ သုတ်မှာသေးငယ်သော်လည်း တလောကလုံးကို ခြုံမိ သည်၊ အကယ်၍ ဖွင့်ဆိုသူအစွမ်းပြလိုပါက ပိဋကတ်သုံးသွယ်, နိကာယ်ငါးရပ်ကိုအကြွင်းအကျန်မရှိ ဆက်စပ် ပေးနိုင်လောက် အောင် ကျယ်ဝန်းနက်ရှိုင်း၏၊ ယင်းသို့လျှင် တင့်တယ်ကောင်း မြတ်လှစွာသော သုတ်မှာ ယခုအခါ တိမ်မြုပ်သကဲ့သို့ဖြစ်နေ၏၊

ယင်းကိုလောကဏ်အစီးအပွားအလို့ငှာပြန်လည်ဆန်းသစ်စေရန်မှာ လောက၏အကျိုးစီးပွားလိုလားသူတိုင်း၏ တာဝန်ဖြစ်၏။

အမှန်ကိုဆိုရပါသော် မိမိသည် ခလုတ်ထိမှ အမိတသူ ဖြစ်၏၊ မိမိ သား သမီး များ မင်္ဂလာနှင့် ကင်းကွာတော့မည့် အလားအလာကို တွေးတောမြော်မြင်မိသောအခါမှ အသိတ် တလန့်ဖြစ်ခဲ့ပါသည်၊ ဤအတိုင်းသွား ကြ ပါလျှင် သူတို့လေး တွေသည် နှစ်သက်ဖွယ်များ ဖြစ်နိုင်ကြမည်မဟုတ်ပါ၊ အခြား လူမျိုးများမှာ သူတို့ဆိုင်ရာ ယဉ်ကျေးမှုများ အသီးသီးရှိကြ၏၊ ငါတို့၏ယဉ်ကျေးမှုမှာ မင်္ဂလာဖြစ်၏၊ မင်္ဂလာမရှိပါလျှင် မခက် ပါလော၊ မန်လည် ဆရာတော် အမိန့်ရှိသကဲ့သို့—"ကြက်သည်း မရောက်၊ ကျီးမမြောက်သား၊ အောက်ကလိ အာ၊ အာကလိ အောက်၊ မိနောက်မကျ၊ ဖနောက်မမီ၊ မပီ-မပွန်၊ တွန့်တကျယ် ကျယ်၊ ကျက်-ကျီးငယ်သို့၊ တင့် တယ် မဲ့ စွာ—" ဖြစ်ကြရှာ လိမ့်မည်။

သူတို့တွေ မင်္ဂလာရှိအောင် ဘယ်သို့ ကြံဆောင်ရပါ မည်နည်း။

အကယ်၍ သူတို့သည်-"မြန်မာဆိုသည်မှာ လူမိုက်နှင့် မပေါင်းသင်းဘူး၊ ပညာရှိနှင့်မှပေါင်းသင်းသည်၊ပူဇော်ထိုက်သူ ကိုပူဇော်သည်" စသည်ဖြင့် ကြုံး ဝါး သည့် အဆင့်ရောက်လျှင်

အဘယ်မျှနေရာကျမည်နည်း၊ မိမိ သား သမီးများကိုယဉ်ကျေး သိမ်မွေ့စေလိုသကဲ့သို့ အခြားသူတို့၏ သားသမီးများ၏အကျိုး စီးပွားကိုလည်း ပညာရှိများ လိုလားကြပါသည်၊ အသောက မင်းကြီး၏ စိတ်နေသဘောထားမှာ အဘယ်မျှလေးစားမြတ်နိုး ဖွယ် ကောင်းပါသနည်း၊ သူသည် တလောက လုံးကို သူ၏ သား သမီးများနှင့်မခြား သဘောထားသည်။

မဟာဘာရတမှ "မှန်စွာဆိုခြင်းသည် ကောင်း၏၊ သို့ရာ တွင် သစ္စာထက် သတ္တဝါများ၏ အစီးအပွားကို ပြောခြင်းက ပိုပြီးကောင်း၏၊ အကြောင်းကား သတ္တဝါ အများ တို့အား အလွန်အကျိုးများခြင်းသည် ငါ၏ အယူအဆအားဖြင့် သစ္စာ ဖြစ်သောကြောင့်တည်း"—ဟူသောစကားသည် လေးစားမှတ် သားဖွယ်ကောင်းလှပါသည်၊ အတုယူသင့်လှပါသည်၊ လူအများ မင်္ဂလာတရားကို လေးစားမြတ်နိုးအောင် ကြံဆောင်ခြင်းသည် စင်စစ်သတ္တဝါအများ အလွန်အကျိုးများအောင် ပြုလုပ်သော သစ္စာပင်ဖြစ်၏၊ မင်္ဂလာ၏ အကျိုးအာနိသင်ကို သိမြင်သူတိုင်း သည် မိမိတွန်းနိုင်သည့်နည်းဖြင့် သတ္တဝါအများမင်္ဂလာရှိအောင် ရွက်ဆောင်သင့်လှပါသည်။

မြတ်စွာဘုရား ဖြေကြားသောမင်္ဂလာတရားမှာ အသေ ဝနာဂါထာမှစ၍ ဧတာဒိသာနိအဆုံး အားလုံး ၁၁-ဂါထာ သာရှိ၏၊ ဂါထာတို့မှာ ပြဿနာဖြစ်ဖွယ်များရှိပါ၏၊ ထိုမှတပါး

ဖွင့်ဆိုချက်တို့တွင် အလို ဆန္ဒအားလျော်စွာ ပြဿနာဖြစ်နိုင်ပါသည်၊ သို့ဖြင့် မြတ်စွာဘုရားဖြေကြားသော လောက၏ အစီးအပွား မင်္ဂလာတရားကို မထိခိုက်စေလိုပါ၊ မြတ်သောမင်္ဂလာမှာကား စာရှုသူတို့ ဗဟုသုတပြည့်စုံစေရန် ရည်သန်ပြီး အတန်ပြည့်စုံစွာဖွင့်ဆိုသွားပါမည်၊ အခွံကို ပယ်ပြီး အသားကို သုံးဆောင်ကြရန်ဖြစ်ပါသတည်း။

# ယံ မင်္ဂလံ

## ဂါထာ

ယံ မင်္ဂလံ ဒွါဒသဟိ
စိန္တယိံသု သဒေဝကာ၊
သောတ္ထာနံ နာဓိဂစ္ဆန္တိ
အဋ္ဌတိံသဉ္စ မင်္ဂလံ။

ဒေသိတံ ဒေဝ-ဒေဝေန
သဗ္ဗ ပါပ ဝိနာသနံ၊
သဗ္ဗလောက ဟိတတ္ထာယ
မင်္ဂလံ တံ ဘဏာမ ဟေ။

## နိဿျ

သ ဒေဝကာ — နတ်နှင့် တကွသော လူတို့သည်
ယံ မင်္ဂလံ — အကြင် မင်္ဂလာ တရားတော်ကို
ဒွါဒသဟိ — ၁၂ နှစ်တို့ ကာလပတ်လုံး

စိန္တယိံသု — ကြံကြကုန်ပြီ၊
သောတ္ထာနံ — စီးပွါးချမ်းသာခြင်း၏ အကြောင်း
ဖြစ်သော
အဋ္ဌတိံသဉ္စ — ၃၈-ပါး အပြား ရှိသည့်လည်း ဖြစ်သော
ယံ မင်္ဂလံ — အကြင် မင်္ဂလာတရားတော်ကို
နာဓိဂစ္ဆန္တိ – န အဓိ ဂ စ္ဆ န္တိ ဧ ဝ — မ သိနိုင် ကုန် သည်
သာတည်း။
ဒေဝ–ဒေဝေန — နတ်တကာတို့ထက် မြတ်သော ဝိသုဒ္ဓိ
နတ်ဖြစ်တော်မူသော ဘုရားသခင်သည်
သဗ္ဗ လောက ဟိတတ္ထာယ — အလုံးစုံသော ၃ တ္တလောက၏
အစီးအပွါး အလို့ငှါ
ဒေသိတံ — ဟောတော်မူအပ်သော
သဗ္ဗ ပါပ ဝိနာသနံ — အလုံးစုံသော မကောင်းမှုတို့ ကို
ပယ်ဖျောက်စေတတ်သော
တံ မင်္ဂလံ — ထိုမင်္ဂလာတရားတော်ကို
ဟေ — သူတော်ကောင်းတို့
ဘဏာမ — ရွတ်ကြကုန်အံ့။

## လင်္ကာ

ရတနာထွတ်ခေါင်၊ မိတည်းနောင်
ရွှေညောင်ဗုဒ္ဓဟော၊ ပလ္လင်ဗွေ၌
သုံးထွေမင်္ဂလာ၊ လေးဘန်သစ္စာ

ငါးဖြာမာရ်အောင်၊ ခြောက်ရောင်လင်းခဲ့
ရန်မျိုးဖွဲ့လျက်၊ လေးဆဲ့ငါးဝါ
ဒီဃာယုကျော်၊ ရှစ်ဆယ်မြော်က
ပြည့်ကျော်သာယာ၊ ကုသိနာ၌
မင်္ဂလာစုံ၊ အင်ကြင်းစုံက
ရွှေဘုံသာခန်း၊ အမြိုက်နန်းကို
စံမြန်းသည့်နောက်၊ လေးလမြောက်တွင်—

ပြိုင်ထောက်မခို၊ ရာဇဂြိုဟ်၏
နဂိုရ်အရှေ့၊ လက်ရာကွေ့တွင်
မြင့်မှောင်မှောင်၊ စိမ်းလဲ့ပြောင်သား
တောင်ဝေဘာရ၊ ပဗ္ဗတ၌
ရတနအတိ၊ ဝင်းဝင်းညိမျ
မဏိရောင်လျှပ်၊ ရွှေမဏ္ဍပ်ဝယ်
ချယ်တင်မျက်ရှင်၊ ရွှေပလ္လင်ထက်
ရွှေဆင်စွယ်ယပ်၊ သုံးသပ်ကိုင်နေ
ဣန္ဒြေတည်စွာ၊ အာနန္ဒာအား—

မဟာကဿပ၊ ရွှေနှုတ်ဟ၍
မင်္ဂလသုတ္တန်၊ ထူးမြတ်လှန်ကို
ဘဂဝန်မြတ်စွာ၊ ဘယ်အခါတွင်
ဘယ်ရွာ-ဘယ်မြို့၊ ဘယ်သူ့ကို
ဘယ်သို့မေးလာ၊ ဘယ်ခြင်းရာ

ဘယ်ခါနေ့-ည၊ ဟောလေရဟု
တင်ပြသိလို၊ မေးမိန့်ဆိုသည်
သံချိဝေဝေ-ရှန်းရှန်းတည်း။

## ကောလာဟလ

ယံ မင်္ဂလံ အစရှိသော နှစ်ဂါထာသည် သံဂါယနာတင် ပိဋကကျမ်းစာတို့ကွင် မပါဝင်၊ ရှေးဆရာမြတ်တို့သည် မင်္ဂလသုတ် အမှန်းအဖြစ် ဖွဲ့ဆိုသော ဂါထာတို့ဖြစ်၏၊ အဓိပ္ပါယ်မှာ "နတ်နှင့်လူတို့သည် မင်္ဂလာကို ၁၂-နှစ်ပတ်လုံး ကြံစည်တွေးတောကြ၏။ သို့သော်လည်း သူတို့သည် ကြီးပွားချမ်းသာကြောင်း ဖြစ်သော ၃၈-ဖြာ မင်္ဂလာတို့ကို မသိနိုင်ကြပါ၊ မြတ်စွာဘုရားသည် တလောကလုံး၏ အစီး အပွားအတွက် ဟောကြားသည့် မကောင်းမှုဟူသမျှကို ပယ်ဖျောက်စေတတ်သော ထိုမင်္ဂလာကို အချင်းတို့ငါတို့ ရွတ်ဆိုကြပါစို့" ဟူ၍ဖြစ်၏။ ဤနှစ်ဂါထာဖြင့် မင်္ဂလာနှင့်ပတ်သက်၍ အရေးကြီးသော အောက်ပါအချက်တို့ကို သိနိုင်ပါသည်။

(၁) နတ်လူတို့သည် မင်္ဂလာဟူသည် အဘယ်နည်း ဟူသော ပြဿနာကို ၁၂-နှစ်တိုင်တိုင် ဖြေရှင်း၍ မရနိုင်အောင် ဖြစ်နေကြသည်။

(၂) မင်္ဂလာဟူသည်မှာ ကြီးပွား ချမ်းသာ ကြောင်း ဖြစ်သည်၊ ကြီးပွားချမ်းသာကြောင်းဖြစ်၍ မင်္ဂလာဟုခေါ်ဝေါ် ကြခြင်းဖြစ်၏။

(၃) ကြီးပွား-ချမ်းသာကြောင်း မင်္ဂလာမှာ ၃၈ ပါး ရှိသည်။

(၄) မြတ်စွာဘုရားသည် ထိုမင်္ဂလာကို တကမ္ဘာလုံး အကျိုးစီးပွား ဖြစ်စေရန်အတွက် ဟောကြားခဲ့၏။

(၅) ယင်းမင်္ဂလာဖြင့် မကောင်းမှု ဒုစရိုက်အားလုံးကို ဖယ်ရှားပစ်နိုင်၏။ အလိုမရှိအပ်သော အနိဋ္ဌာရုံတို့ မဖြစ်နိုင်။

မင်္ဂလာကို ကြံစည်တွေးတောကြသည်မှာ မင်္ဂလာနှင့် ပတ်သက်၍ ကောလာဟလ ဖြစ်ခြင်းပင်တည်း၊ လောကတွင် ကောလာဟလ ငါးမျိုးရှိ၏၊ ယင်းတို့မှာ (၁) ကမ္ဘာကြီးပျက် တော့မည်ကို အနှစ်တသိန်းက ပြောဆိုကြသော ကပ္ပကောလာ ဟလ (၂)စကြာမင်းပေါ်ထွက်လာမည်ကို အနှစ်တရာက ပြော ဆိုကြသော စက္ကဝတ္တိကောလာဟလ (၃) ဘုရားပွင့်မည်ကို အနှစ် တထောင်က ပြောဆိုကြသော ဗုဒ္ဓကောလာဟလ (၄)မြတ်စွာ ဘုရား မင်္ဂလာတရား ဟောကြားမည်ကို ၁၂-နှစ်က ပြောဆိုကြ သော မင်္ဂလ ကောလာဟလနှင့် (၅) မောနေယျပုဂ္ဂိုလ်ပေါ် ထွက်တော့မည်ကို ခုနစ်နှစ်က ပြောဆိုကြသော မောနေယျ ကောလာဟလတို့ဖြစ်၏။

## မင်္ဂလာဝါဒ

ဤကောလာဟလ ငါးမျိုးတို့မှာ ကမ္ဘာ့ အံ့ဖွယ်တို့ ဖြစ်၏၊ ထိုဘုရင်မင်္ဂလာတရားမှာ တပါးအပါအဝင်ဖြစ်၏။ မင်္ဂလာ ဟူသည်မှာ ကြီးပွား-ချမ်းသာကြောင်း တရားဖြစ်၏။ထို့ကြောင့်

လူတို့သည် ယင်းတရားကို လွန်စွာလိုလားကြ၍ ကြံစည်တွေးတောကြခြင်းဖြစ်၏။ ဇတွေးဖန်များသောအခါ မင်္ဂလာ၀ါဒသုံးပါး ကွဲပြားထွက်ပေါ်လာ၏။ ယင်းတို့မှာ (၁) မြင်ရသည်ကို မင်္ဂလာယူသော ဒိဋ္ဌမင်္ဂလာ (၂) ကြားရသည်ကို မင်္ဂလာယူသော သုတမင်္ဂလာနှင့် (၃) သိတွေ့ရသည်ကို မင်္ဂလာယူသော မုတမင်္ဂလာတို့ဖြစ်၏။

## ဒိဋ္ဌမင်္ဂလာ

ဒိဋ္ဌဟူသည်မှာ အမြင်ဖြစ်သည်၊ မြင်ရသောအရာနှင့် ပတ်သက်၍ မင်္ဂလာအဖြစ် သတ်မှတ်သည်၊ ဥပမာ မနက်စောစောတွင် နှစ်သက် မြတ်နိုးဖွယ်ကောင်းသော အရာ၀တ္ထုတခုကို မြင်ရလျှင် မင်္ဂလာရှိသည်၊ ယနေ့ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်လိမ့်မည်၊ အကယ်၍ နှစ်သက်မြတ်နိုးဖွယ် မဟုတ်သော အရာ၀တ္ထုကို မြင်ရပါလျှင် မင်္ဂလာမရှိ၊ ယနေ့မည်သည့် အလုပ်—အကိုင် အကြံအစည်မျှ ထမြောက်အောင်မြင်မည် မဟုတ်ဟု ယုံကြည်သော အယူအဆကို ဒိဋ္ဌမင်္ဂလာဟု ခေါ်ကြ၏။

ရှေးသရောအခါက ဒိဋ္ဌမင်္ဂလာကို ယုံကြည်သော မင်းတပါးသည် မနက်စောစော အိပ်ရာမှထပြီးနောက် ပြတင်းကိုဖွင့်ကာ အပြင်သို့ ဦးခေါင်းထုတ်ပြီး ကြည့်၏၊ ဒိဋ္ဌမင်္ဂလာကိုရှာဖွေခြင်းဖြစ်၏၊ မကြာမြင့်မီ ခ၀ါသည်တယောက် လမ်းပေါ်လျှောက်သွားသည်ကို တွေ့မြင်ရ၍ မင်္ဂလာမရှိဟု သူ၏ဦးခေါင်းကို အလျင်-အမြန် ပြန်သွင်း၏၊ ထိုအခါသူ၏ဦးခေါင်းမှာ တံခါးနှင့်

တိုက်မိပြီး ဖူးယောင်သွား၏၊ သို့ကြောင့်မင်းကြီးသည် လွန်စွာ အမျက်ထွက်ပြီး မင်း ချင်းတယောက်အား ထိုခဝါသည်ကို လိုက်ခေါ်ရန် စေခိုင်းလိုက်၏။

ခဝါသည်ရှေ့တော်သို့ ရောက်သောအခါ ဘာစုံ-တရာ မေးမြန်းစစ်ဆေးမှုကို မပြုဘဲ "ဤသူယုတ်ကို အခုချက်ခြင်း လည်ဖြတ်ပြီး သုတ်သင်ပစ်လိုက်-" ဟုအမိန့်ပေး၏။

ခဝါသည်မှာတစုံ-တရာ ဘာမျှမသိရဘဲ သေဒဏ်အပြစ်ပေးခံရ၍ တုန်လှုပ်ချောက်ခြား ကြောက်အားနှင့်-"ဘုရင်မင်းမြတ် အကျွန်ုပ်မှာ ဘယ်သို့သော အပြစ်ရှိပါသလဲ"-ဟု မေးလျှောက်၏။

မင်းကြီးသည် ဒေါသထွက်လျက်ပင်-"ယနေ့ မနက်စောစောသင့်ကို ငါရှေးဦးစွာ မြင်လိုက်မိသည်၊ သို့ကြောင့် ယခုငါ၏ ဦးခေါင်း ဖူးယောင်သွားသည်"-ဟု ဆို၏။

ထိုအခါ ခဝါသည်က-"ဘုရင်မင်းမြတ် အကျွန်ုပ်လည်း ယနေ့မနက်စောစော အရှင်၏မျက်နှာကို ရှေးဦးစွာ ဖူးမြင်ရပါသည်၊ သို့ကြောင့် အကျွန်ုပ်မှာမူ ဦးခေါင်းပင် ပြတ်ရပါတော့မည်-"ဟု ငိုကြွေးကာ ပြန်လည်လျှောက်ကြားလေသည်။

ဒိဋ္ဌမင်္ဂလဝါဒအရ ခဝါသည် သည် သူယုတ်ဖြစ်၏၊မနက်စောစော သူယုတ်ကိုမြင်ရသည်မှာ အမင်္ဂလာဖြစ်၏ ၊သို့ကြောင့် မင်းကြီးမှာ ဦးခေါင်းဖူးယောင်သွား၏၊ အဘယ်မျှ ကျက်သရေတုံးသနည်း၊လက်ငင်း ဒိဋ္ဌမအကောင်းကျိုးကို ပေးလိုက်၏၊ စင်စစ်မင်းဟူသည်မှာ လူတို့တွင် အထွတ်-အမြတ်ဖြစ်၏၊ သို့ကြောင့်

မနက်စောစော မင်းကို မြင်ရသည်မှာ လွန်စွာ ကောင်းမြတ်သော မင်္ဂလာဖြစ်နိုင်၏၊ သို့သော်လည်း ခဝါသည်မှာ မင်းကို မြင်ရသဖြင့် လည်ဖြတ်ခံရပေတော့မည်။

## သုတမင်္ဂလာ

ယင်းသို့လျှင် ဒိဋ္ဌမင်္ဂလာမှာ မသေချာ မရေရာသဖြင့် အချို့လူများက ယင်းကိုမင်္ဂလာအဖြစ် လက်ခံယုံကြည်ခြင်း မရှိကြပါ၊ စင်စစ် သုတသာလျှင် မင်္ဂလာဖြစ်သည်ဟု ရှင်းပြကြ၏၊ မနက်စောစော ရွှေးဦးစွာ နှစ်လိုဖွယ် ကောင်းသော အသံကို ကြားနာရပါလျှင် ဤနေ့တွင် ကြံတိုင်းအောင်၍ ဆောင်တိုင်း မြောက်မည့် တိတ်နိမိတ် ဖြစ်၏၊ အကယ်၍ မနှစ်လိုဖွယ် အသံကို ကြားရပါလျှင် ဤနေ့တွင် ဘယ်သို့သော အလုပ်အကိုင် အကြံအစည်မှ ထမြောက်အောင်မြင်မည် မဟုတ်ဟု ယုံကြည်ခြင်းကို သုတမင်္ဂလာ ဝါဒဟုခေါ်ကြ၏။

လွန်လေပြီးသောအခါ ပါပကအမည်ရှိသော တက္ကသိုလ်ကျောင်းသားသည် မိမိအား လူအများက ပါပကဟု ခေါ်ကြခြင်းကို မနှစ်သက်၍ ဒိသာပါမောက္ခ ဆရာကြီးထံ ချဉ်းကပ်ပြီး–"ဆရာကြီးခင်ဗျား အကျွန်ုပ်အား လူအများက ပါပကဟု ခေါ်ကြပါသည်၊ ပါပကဆိုသည်မှာ ယုတ်မာဖြစ်၍ သုတမင်္ဂလာ မဖြစ်ပါ၊ သို့ကြောင့် သုတမင်္ဂလာရှိသော အမည်တခုကို ပြောင်းလဲပေးပါ–"ဟု တောင်းပန်၏။

ထိုအခါ ဆရာကြီးက–"အမောင်သွားချေ၊ ဇနပုဒ်သို့ လှည့်လည်၍ အခေါင်နှစ်သက်သော အမည်ကို ယူခဲ့လော့-"ဟု စေခိုင်းတိုက်တွန်းလိုက်၏။

ထိုလုလင်သည် မင်္ဂလာရှိသော အမည်ကို ရှာဖွေရန် လှည့်လည်ရာ တမြို့တွင် လူငယ်တယောက် သေသည်ကို တွေ့၍ သူ၏အမည်ကို မေးကြည့်၏၊ ထိုသေသူ၏အမည်မှာ သက်ရှည် ဟု အဓိပ္ပါယ်ရှိသော ဇီဝကဖြစ်၏၊ တနေရာတွင်မူ လွန်စွာ ဆင်းရဲလှသော အမျိုးသမီးတဦးကိုတွေ့ရ၏၊ သူ၏အမည်မှာ ဓနပါလီဟု အမည်ရသော မငွေးဖြစ်၏၊ နောက်တွေ့ရသည်မှာ မောင်လမ်းဟု အဓိပ္ပါယ်ရှိသော ပန္ထကဆိုသူ တောတွင်း၌ လမ်း မှား နေခြင်းဖြစ်၏၊ ထိုနောက် ပါပကသည် ဆက်သက်၍ အမည် သစ် မရှာဖွေတော့ဘဲ ပြန်ခဲ့၏။

ဆရာကြီးက မေးသောအခါ-"ဆရာကြီးခင်ဗျား သက် ရှည်လည်း သေပါသည်၊ မငွေးလည်း ဆင်းရဲလှပါသည်၊ မောင် လမ်းလည်း လမ်းမှားပါသည်၊ အမည်မှာ ပညတ်မျှသာဖြစ်ပါ သည်၊ ယင်းဖြင့် ပြီးမြောက်ခြင်းမရှိပါ-"ဟု ပြန်ကြားပြီး အမည်ပြောင်းလဲမှု မပြုတော့ပါ။

## မုတမင်္ဂလာ

ဤသို့လျှင် သုတမင်္ဂလာမှာလည်း တည့်ကျမှန်ကန်ခြင်း မရှိ၍ လူအချို့သည် မုတကိုသာ မင်္ဂလာအဖြစ် သတ်မှတ် ယုံ ကြည်ကြ၏၊ မုတဟူသည်မှာ အမြင်-အကြားမှ တပါးကိုယ်၌

ထိတွေ့မှုဖြစ်၏၊ ယင်းတို့မှာ နှာခေါင်းလျှာနှင့် ကိုယ်၌ထိတွေ့ခြင်းတို့ဖြစ်၏၊ မနက်စောစော ရှေးဦးစွာ မိမိနှစ်သက်သော အနံ့ကို ရှူရှိုက်ရသော်၎င်း, တစုံ-တခုသော အရသာကို စားသောက်ရသော်၎င်း, တစုံ-တခုသော အရာဝတ္ထုနှင့် တွေ့ထိရသော်၎င်း-တနေ့လုံးအတွက် အလုပ်-အကိုင် အကြံ-အစည် ထမြောက်အောင်မြင်မည်၊ နှစ်လိုဖွယ် မဟုတ်သော အနံ့အရသာနှင့် အရာဝတ္ထုတို့ကိုတွေ့ထိရပါလျှင် ထိုနေ့အတွက် မင်္ဂလာ မရှိ၊ ကံဆိုးမိုးမှောင်ကျမည်ဟု ယူဆခြင်းဖြစ်၏၊ ယင်းအယူအဆမျိုးကို မုတမင်္ဂလာဝါဒဟု ခေါ်၏။

လွန်လေပြီးသောအခါ မုတမင်္ဂလာကို ယုံကြည်သော ပုဏ္ဏားတယောက်သည် သူ၏ပုဆိုးကို ကြွက်ခဲ၍ သားကိုခေါ်ပြီး-''အမောင် သင်သည် ထိုပုဆိုးအစုံကို လက်ဖြင့်မထိစေမူ၍ လှန်ကန့်ဖြင့်ယူသွားပြီး သုသာန်၌စွန့်ပစ်လော့၊ ပြီးလျှင် ဦးခေါင်းလျှော်၍ လာလေလော့၊-''ဟု စေ၏၊ သားသည် အဖဆိုသည့်အတိုင်း ပုဆိုးအစုံကို သုသာန်တွင်စွန့်ပစ်၏။ ထိုအခါ ပုဏ္ဏား၏ မုတမင်္ဂလာ အယူဝါဒကို သုတ်သင်လိုသော မင်းဆရာ ရသေ့ကြီးသည် ထိုပုဆိုးအစုံကို ပံ့သုကူအဖြစ် ကောက်ယူ၍ သွား၏။

လုလင်သည် ထိုအကြောင်းကို အဖအားပြောကြား၏၊ ပုဏ္ဏားသည် မင်းဆရာ ရသေ့ကြီးအား ထိခိုက်မည် စိုးရိမ်၍ ချက်ခြင်းလိုက်ပြီး ''ရှင်ရသေ့ သင်ကောက်ယူသော ပုဆိုးအစုံကို စွန့်ပစ်ပါလော့၊ မပျက်စီးစေလင့်-''ဟု ဆို၏။

ထိုအခါ ရသေ့ကြီးက-"ပုထုဇဉ်တို့၏ကောတုဟလ မင်္ဂလာ ကိုရင်း၊ နေကြတ်ခြင်း, လကြတ်ခြင်း, ဥက္ကာကျခြင်း,အရပ်ကို မီး လောင်းခြင်း-ဥပါဒ်တို့ကိုရင်း၊ လက္ခဏာတို့ကိုရင်း- ဖြတ်အင် ကုန်ပြီးသော ပုဂ္ဂိုလ်သည် ကောတုဟလ မင်္ဂလာ၏ အပြစ်ကို လွန်၏။ အစုံ-အစုံဖြစ်သော စုံတွဲတို့ကိုလွန်၏။ စင်စစ် ဤလော ကကို ပဋိသန္ဓေ၏အစွမ်းဖြင့် တဖန် မလာ-"ဟု ဆိုလေသည်။

## ကောင်းသောနံနက်ခင်း

သုဘာသုဘ၊ ဝေါဟာရဖြင့်
လောကအလို၊ ပြောပြဆိုတိုင်း
ထိုထိုအနိဋ္ဌ၊ ဒုန္နိမိတ်လည်း
မြဲကြိတ်မုချ၊ မဟုတ်စွတည့်၊
ဓမ္မတရား၊ တိမ်းပါးမယူ
တည်သောသူအား၊ ဘေးဟူဘုံသတ်
ဥပါဒ်အပြစ်၊ မဖြစ်နိုင်ရာ
ကင်းကြစွာ၏။

ရဟန်းတို့၊ နံနက်ခင်း၌ ကိုယ်ဖြင့်ကောင်းသော အကျင့် ကို ကျင့်ကုန်သော, နှုတ်ဖြင့်ကောင်းသော အကျင့်ကို ကျင့် ကုန်သော, စိတ်ဖြင့်ကောင်းသော အကျင့်ကို ကျင့်ကုန်သော သတ္တဝါတို့အား ကောင်းသော နံနက်ခင်းဖြစ်၏။

ရဟန်းတို့၊နေ့လယ်ခင်း၌ ကိုယ်,နှုတ်,စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်သော သတ္တဝါတို့အား ကောင်းသော နေ့ခင်းဖြစ်၏။

ရဟန်းတို့၊ညချမ်းအခါ၌ ကိုယ်,နှုတ်,စိတ်ဖြင့် ကောင်းသော အကျင့်ကို ကျင့်ကုန်သော သတ္တဝါတို့အား ကောင်းသော ညချမ်းအခါဖြစ်၏။

ကောင်းသော နက္ခတ်လည်း ယှဉ်သည်မည်၏။ ကောင်းသော မင်္ဂလာလည်း ဖြစ်၏။ ကောင်းသော မိုးသောက်သည်းမည်၏။ ကောင်းသော အိပ်ရာမှထခြင်းလည်း မည်၏ ကောင်းသော ခဏသည်း မည်၏။ ကောင်းသော မုဟုတ်သည်းမည်၏။ မြတ်သောအကျင့်ကို ကျင့်သော ရှိသူတို့၌ ပေးလှူခြင်းသည်လည်း ကောင်းစွာ ပူဇော်ခြင်း မည်၏။

ကိုယ်ဖြင့်ပြုသော အမှုသည် ပွားစည်းသော ကာယကံမည်၏။နှုတ်ဖြင့်ပြုသောအမှုသည် ပွားစည်းသော ဝစီကံမည်၏။ စိတ်ဖြင့်ပြုသောအမှုသည် ပွားစည်းသော မနောကံမည်၏။ ပွားစည်းသော ထိုကံတို့ကိုဆောက်တည်သည် မည်၏။ပွားစည်းသော ထိုကံတို့ကို ပြုပြီး၍ ပွားစည်းသော အကျိုးတို့ကို ရကုန်၏။

အကျိုးကိုရသော ထိုသူတို့သည် အလုံးစုံသော ဆွေမျိုးတို့နှင့်တကွ မြတ်စွာဘုရား သာသနာတော်၌ ချမ်းသာကုန်စည်ပင် ပြန့်ပွားကုန်သည် ဖြစ်၍ ရောဂါမရှိခြင်း ချမ်းသာခြင်းတို့ ဖြစ်ကြစေကုန်သတည်း။

# မင်္ဂလာရက်မြတ်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော်ဗာရာဏသီမြို့နေသူတို့သည် ဇနပုဒ်သားတို့၏ သမီးကိုတောင်း၍ နေ့ရက်သတ်မှတ်ပြီးမှ မိမိတို့၏ဆရာအာဇီဝကကို-"အရှင်ဘုရား ယနေ့အကျွန်ုပ်တို့အားမင်္ဂလာမှုတခုရှိပါသည်၊ နက္ခတ်ကောင်းပါ၏လော-"ဟု မေးကုန်၏။

ဆရာ အာဇီဝကသည် မိမိတို့၏ အလိုအားဖြင့် နေ့ရက်သတ်မှတ်ပြီးမှ မေးရမည်လောဟု အမျက်ထွက်၍-"ယနေ့သည်နက္ခတ်မကောင်း၊ အကယ်၍ မင်္ဂလာပြုကြလျှင် ကြီးစွာသောပျက်စီးခြင်းသို့ ရောက်လိမ့်မည်-"ဟု ဆို၏။

ထိုမြို့သားတို့သည် ဆရာ အာဇီဝက၏ စကားကို ယုံကြည်၍ မလာကြကုန်၊ထိုအခါ ဇနပုဒ်သားတို့သည် မြို့သားတို့၏မလာခြင်းကိုသိ၍ တပါးသောသူတို့အား သမီးကို ပေးကုန်၏။

မြို့သားတို့သည် နောက်နေ့၌ လာကုန်၍ သတို့သမီးကိုတောင်းကြ၏၊ ထိုအခါ ပညာရှိတယောက်က-"နက္ခတ်ငံ့လင့်သော သူမိုက်ကို အကျိုးစီးပွားလွန်သွား၏၊ လိုအပ်သော အကျိုးသည် အလိုရှိတတ်သူ၏ နက္ခတ်ဖြစ်၏။ ကြယ်တာရာတို့သည်အဘယ်အကျိုးကို ပြုစေနိုင်ကြမည်နည်း-ဟု ပြောပြလေသည်။

# နတ်သားတယောက်

ဤသဘောတရားတို့ကို မကြားနာရမီ အခါက သူတို့သည် ဆိုခဲ့သည့် ဒိဋ္ဌ၊သုတနှင့် မုတတို့ကို မင်္ဂလာ ယူနေကြ၏။ထိုတွင် ဒိဋ္ဌမင်္ဂလိက တို့ကလည်းသုတနှင့်မုတမှာအဓိပ္ပါယ် မရှိဟု ရှင်းပြကြ၏။ သုတမင်္ဂလိက တို့ကလည်း ဒိဋ္ဌနှင့် မုတမှာ မမှန်ဟု ဝေဖန်ကြလျက် မုတမင်္ဂလိက တို့ကလည်း ဒိဋ္ဌနှင့် သုတကို ငြင်းပယ်ကြ၏။ လူတို့၏ ယင်းပြဿနာမှာ နတ်ပြဟ္မာ တို့ တိုင်အောင် ရိုက်ခတ်သွား၏၊ ထိုအခါ နတ်တို့သည် သိကြားမင်းထံ အဆုံးအဖြတ် ခံယူကြရန် ချဉ်းကပ်ကြ၏။

"အချင်းတို့ ဤမင်္ဂလာပြဿနာသည် အဘယ်လောကမှ စတင်ဖြစ်ပေါ်လာပါသနည်း"

"အရှင် မနုဿလောကမှ စတင်ဖြစ်ပေါ်လာပါသည်"

"ယခုအခါ မြတ်စွာဘုရားသည် အဘယ်မှာရှိပါသနည်း"

"အရှင် မနုဿလောကမှာပင် ရှိပါသည်"

"အချင်းတို့ သင်တို့တွင် ဘယ်သူသည် မြတ်စွာဘုရားထံသွားပြီး မင်္ဂလာတရားကို လျှောက်ကြားပါသနည်း"

"အရှင် ဘယ်သူမျှ မလျှောက်ကြားကြသေးပါ"

"အချင်းတို့ သင်တို့ကား အသို့နည်း၊ မီးကိုထားပြီး ပိုးစုန်းကြူးမှာ မီးညှိရန် ကြိုးစားနေကြသလော၊ လောကသုံးပါးမှာ မြတ်စွာဘုရားမှတပါး ဘယ်သူသည် မင်္ဂလာတရားအမှန်ကို ဖြေကြားနိုင်မည်နည်း-"ဟု ပြောပြပြီးလျှင် သိကြား

မင်းသည် နတ်သားတယောက်ကို မြတ်စွာဘုရားထံ သွားပြီး လျှောက်ကြားရန် စေလွှတ်လိုက်လေသည်။

## သံဂါယနာဝင်

နတ်သားလျှောက်ကြား တောင်းပန်၍ မြတ်စွာဘုရား ဖြေကြားသော မင်္ဂလာတရားကိုသိကြရသည်မှာ သံဂါယနာတင် အရှင်တို့ မေး-ဖြေကြသောကြောင့် ဖြစ်၏။

မြတ်စွာ ဘုရားသည် ဗောဓိ ညောင်ရွှေ ဗုဒ္ဓဟော၌ သဗ္ဗညုတဉာဏ်ကို ရတော်မူပြီးလျှင် ၄၅-ဝါ ကာလပတ်လုံး သတ္တဝါအများအား ဓမ္မတရား ဟောကြားတော်မူ၏။ရဟန်းတို့ အားလည်း ဝိနည်းသိက္ခာပုဒ် ပညတ်တော်မူ၏။ သက်တော် ရှစ်ဆယ်ရှိသောအခါ ကုသိနာရုံပြည် မလ္လမင်းတို့၏ အင်ကြင်း ဥယျာဉ်၌ ပရိနိဗ္ဗာန်ဝင် စံတော်မူ၏။ထို့နောက်လေးလမြောက် သော အခါ ရှင်မဟာကဿပ အမှူးရှိသော ရဟန္တာ ငါးရာတို့ သည် အဇာတသတ်မင်း၏ အကူအညီဖြင့် ရာဇဂြိုဟ်ပြည်၌ သံဂါယနာတင်ကြ၏။ ထိုတွင် ရှင်မဟာ ကဿပက-"မြတ်စွာ ဘုရားသည် ဤဓမ္မ-ဝိနယကို ဘယ်မြို့ ဘယ်ရွာ ဘယ်သူကို အ ကြောင်းပြု၍ ဘယ်သို့လျှင် ဟောကြား ပညတ်ပါသနည်း-"ဟု မေး၏။ ထိုအခါ ဝိနယကို ရှင်ဥပါလိက ဖြေဆို၍ ဓမ္မကို ရှင် အာနန္ဒက ဖြေဆို၏။ ဤမင်္ဂလသုတ်သည် ဓမ္မတွင် ပါဝင်သော တရားတပုဒ်ဖြစ်၏။

ယ...လျှင် သံဂါယနာ အရှင်တို့ မေး-ဖြေကြသော ကြောင့် ယခုအခါမှာ မင်္ဂလာတရားကို နာကြားရခြင်းဖြစ်၏။

# ဧဝံ မေ သုတံ

## စုဏ္ဏိယ

ဧဝံ မေ သုတံ-
ဧကံ သမယံ ဘဂဝါ
သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ
အနာထ ပိဏ္ဍိကဿ အာရာမေ။

အထ ခေါ အညတရာ ဒေဝတာ
အဘိက္ကန္တာယ ရတ္တိယာ
အဘိက္ကန္တ ဝဏ္ဏာ ကေဝလကပ္ပံ
ဇေတဝနံ ဩဘာသေတွာ
ယေန ဘဂဝါ တေနုပသင်္ကမိ၊

ဥပသင်္ကမိတွာ
ဘဂဝန္တံ အဘိဝါဒေတွာ
ဧကမန္တံ အဋ္ဌာသိ၊
ဧကမန္တံ ဌိတာခေါ
သာ ဒေဝတာ ဘဂဝန္တံ
ဂါထာယ အဇ္ဈဘာသိ။

## နိသျ

ဘန္တေကဿပ —အရှင်မဟာကဿပ
ဣဒံ သုတ္တံ —ဤမဟာမင်္ဂလသုတ်တော်ကို
မေ-မယာ-အာနန္ဒေန—အကျွန်ုပ် အာနန္ဒာသည်
ဘဂဝတော —မြတ်စွာဘုရား၏
သမ္မုခါ —မျက်မှောက်တော်မှ
ဧဝံ —ဤသို့
သုတံ —ကြားလိုက်ရ၏၊
ဥပလက္ခိတံ —မှတ်လိုက်ရ၏၊
ဥပဓာရိတံ —ဆောင်လိုက်ရ၏။

ဧကံ —တပါးသော
သမယံ —အခါ၌
ဘဂဝါ —မြတ်စွာဘုရားသည်
သာဝတ္ထိယံ —သာဝတ္ထိပြည်၌
အနာထပိဏ္ဍိကဿ —အနာထပိဏ်သူဌေး၏
အာရာမေ —နှလုံးမွေ့လျော်ဖွယ်ရာ ဖြစ်သော
ဇေတဝနေ —ဇေတဝန်ကျောင်းတော်၌
ဝိဟရတိ —နေတော်မူ၏။

အထခေါ —ထိုသို့ နေတော်မူသောအခါ၌
အညတရာ —အမျိုးအမည် မထင်ရှားသော

# မြတ်မင်္ဂလာ

| | |
|---|---|
| ဒေဝတာ | —နတ်သားသည် |
| အဘိက္ကန္တာယ | —ညဉ့်ဦးယံ လွန်ပြီးသော |
| ရတ္တိယာ | —သန်ကောင်အခါ၌ |
| အဘိက္ကန္တဝဏ္ဏာ | —အလွန် နှစ်လိုဖွယ်သော အဆင်း ရှိသည် ဖြစ်၍ |
| ကေဝလကပ္ပံ | —ထက်ဝန်းကျင် အလုံးစုံသော |
| ဇေတဝနံ | —ဇေတဝန်ကျောင်းတော်ကို |
| ဩဘာသေတွာ | —ကိုယ်ရောင်— ကိုယ်ဝါဖြင့် ထွန်းလင်းစေဦး၍ |
| ယေန | —အကြင်အရပ်၌ |
| ဘဂဝါ | —မြတ်စွာဘုရားသခင်သည် |
| အတ္ထိ | —ရှိတော်မူ၏, |
| တေန | —ထိုဘုရားရှိတော်မူရာ အရပ်သို့ |
| ဥပသင်္ကမိ | —ကပ်လေ၏။ |
| ဥပသင်္ကမိတွာ | —ကပ်လေပြီး၍ |
| ဘဂဝန္တံ | —မြတ်စွာဘုရားကို |
| အဘိဝါဒေတွာ | —အလွန်ရိုသေစွာ ရှိခိုးဦး၍ |
| ဧကမန္တံ | —တင့်အပ်–လျောက်ပတ်သော အရပ်၌ |
| အဋ္ဌာသိ | —ရပ်လေ၏၊ |
| ဧကမန္တံ | —တင့်အပ်–လျောက်ပတ်သော အရပ်၌ |

# ဧဝံ မေ သုတံ

ဌိတာခေါ —ရပ်ပြီးသော
သာဒေဝတာ —ထိုနတ်သားသည်
ဘဂဝန္တံ —မြတ်စွာဘုရားကို
ဂါထာယ —ဂါထာဖြင့်
အဇ္ဈဘာသိ —ဤသို့ နားတော်လျှောက်၏။

## လင်္ကာ

မြတ်ရဟန္တာ၊ ရှင်ငါးရာနှင့်
ရှင်မဟာကဿပ၊ ပုစ္ဆာပြုသော်
ဘုရားညီမွန်၊ ရှင်အာနန်က
တို့ပြန်စကား၊ မှတ်သားစွဲပိုက်
ကျွန်ကြားလိုက်၏—

မှတ်ပိုက်ဆောင်ရ၊ သမယကား
လောကတံခွန်၊ မြတ်ဆုံးစွန်သည်
အလွန်သာလှ၊ ကောသလဟု
ရဋ္ဌသိမ်ရှိ၊ သာဝတ္ထိ၌
ပြည်ကြီး,လက္ခဏာ၊ ကြွယ်ဝစွာသား
အနာထပိဏ်၊ ကျော်ရှိန်ထွန်းတောက်
တည်ထားဆောက်သား၊ ရွှေကျောက် ရောင်ဝှန်
ဇေတဝန်၌၊ လေးတန်ယာပိုက်
နေသောကြိုက်တွင်—

ဆူလှိုက်ဂုဏ်အင်၊ မထင်-မပေါ်
မကျော်စေလှ၊ သုခသမ္ပတ်
စည်းစိမ်မြတ်နှင့်၊ အညတရ
နတ်ဒေဝကို၊ မသဲစေဟန်
နတ်တမန်လည်း၊ ညဉ့်သန်ကောင်ခါ
ဆင်း၍လာလျှင်၊ ကိုယ်ဝါ-ကိုယ်ရောင်
ဝင်းဝင်းပြောင်သော်၊ မှောင်ပျောက်၍ကွာ
ရတနာစံလှော်၊ ကျောင်းတော်အလုံး
ရွှေရောင်ဖုံး၏—

ရွှေတုံးတူ‌ယောင်၊ ထိုနတ်မောင်လည်း
ဘုန်းခေါင်ရှိရာ၊ ခြောက်ဖြာပြစ်လွှန့်
ဧကော မန်က၊ ထိပ်စွန်အချာ
ရှိသေစွာဖြင့်၊ ငါးဖြာ အဉ္ဇလိ
လက်အုပ်ချီ၍၊ ပီပီ-သာသာ
ထိုဗန္ဓကား၊ ပဇ္ဇပထျာ
မည်ထိုက်စွာအောင်၊ ဂါထာသံချို
ရွတ်ဆိုပုစ္ဆာ၊ မေးလျှောက်လာသည်
မျက်နှာရွှင်ရွှင်–လန်းလန်းတည်း။

# သာဝတ္ထိပြည်

"အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်၊ အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်း သုံးနေတော်မူ၏၊ ထိုအခါ နတ်သားတယောက်သည် ညဉ့်ဦးယံ ကုန်လွန်ပြီးသော သန်ကောင်ယံအခါ၌ အလွန် နှစ်လိုဖွယ် အဆင်းရှိသည်ဖြစ်၍ ဇေတဝန် တကျောင်းလုံးကို ထွန်းလင်း တောက်ပစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးကာ တခဲနေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရားအား ဂါထာဖြင့် လျှောက်ကြား၏"

ရှေး က မြန်မာပညာရှိတို့သည် သာဝတ္ထိပြည်ကို ပါဠိအတိုင်း သာဝတ္ထိဟုရင်း, ပါဠိသက် ဝေါဟာရ ပြုလုပ်၍ သာဝတ်ဟုရင်း,သက္ကတဆန်ဆန်သာရဝတ်ဟုရင်း ခေါ်ဆိုကြ၏။

ထိုကဲ့သို့ သာဝတ္ထိဟု ခေါ်ဆိုကြ ကြောင်းကို ရှင်အဂ္ဂသမာဓိသည် မဏိကုဏ္ဍလဝတ္ထုပျို့၌- "ဘုရားပါဠိ သာဝတ္ထိဟု ပြည်ကြီးမည်သာ နတ်သသာနှင့်" ဟူ၍ ဖွဲ့ဆိုသဖြင့်သိရပါသည်၊ ကြီးတွင် ဝိသဏ္ဍနီနှင့် အောက်မြစ်ပါမှ ကာရန်မိသည်၊ ပြည်ကြီး၏ဟု ဆိုလို၏။

ရှင်မဟာရဋ္ဌသာရသည် ကိုးခန်းပျို့၌- "ဇေတဝန်ဝိဟာ ခန်းဝါနေမှတ် သာဝတ်ပြည်ကြီး-" ဟု သာဝတ္ထိကိုသာဝတ်ဟု စပ်ဆို၏၊ သာဝတ်မှို့ သာဝတ်ပြည်ဟုလည်း ဆိုကြ၏။

ရှင် အဂ္ဂသမာဓိသည် ဖလိကဝိမာန်၌- "ဇမ္ဗူဝှန်းထိပ်

ကျွန်းမြရိပ်တွင် နင်းနိုပ်အစ သမ္မာလျှင် တည်ထ ပြည်မြတ် သာရဝတ်ဟု ထိမ်းမှတ်မည်သာ-"ဟု သာဝတ္ထိကို သာရဝတ်ဟူ စပ်ဆို၏။

သာဝတ္ထိဟု ခေါ်ဝေါ်ခြင်းအကြောင်းကို အက္ခရစိန္တိကာ ကျမ်း၌-"သဝတ္ထ အမည်ရှိသော ရှင်ရသေ့၏ နေရာဌာနဖြစ်၍ တည်ထောင်သည့် မြို့ဖြစ်သောကြောင့် သာဝတ္ထိဟု အမည် တွင်ခြင်း ဖြစ်၏-"ဟု ဆို၏— သဝတ္ထမှ သာဝတ္ထိ ဖြစ်သွားသည်ဟု ဆိုလို၏။

အဋ္ဌကထာ ဆရာတို့ကမူ-"လူတို့၏ အသုံးအဆောင် ပစ္စည်းအလုံးစုံ အကုန်ရှိသည်ဟု အဓိပ္ပါယ်ရှိသော သဗ္ဗတ္ထိ သဒ္ဒါကို အစွဲပြု၍ သာဝတ္ထိမည်၏-"ဟု ဖွင့်ဆိုကြ၏။

ဓမ္မပဒ အဋ္ဌကထာ၌ကား-"ကောသလတိုင်း သာဝတ္ထိပြည်၌ ဘုရားသခင်လက်ထက်က လူဦးရေ ခုနစ် ကုဋေရှိ၏၊ ထိုတွင် လူပေါင်း ငါးကုဋေတို့သည် အရိယာ ပုဂ္ဂိုလ်များ ဖြစ်ကြ၏-"ဟုဖွင့်ဆို၏။

ပါရာဇိကဏ် အဋ္ဌကထာ၌မူကား-"သာဝတ္ထိမြို့၌ အိမ်ခြေ ငါးသန်း ခုနစ်သိန်းရှိ၏၊ကျေးရွာပေါင်း ရှစ်သောင်းရှိ၏-"ဟု ဖွင့်ပြ၏။

သုတ်မဟာဝါနှင့် စူဠဝါ အဋ္ဌကထာတို့က-"သာဝတ္ထိပြည်တွင် ဇေတဝန်ကျောင်းမှာ ရှစ်ဒင်းပယ်မျှ ရှိ၏-" ဟုဆို၏၊ မင်းပယ်မှာ တပယ်လျှင် ခုနစ်တောင်တာဖြင့် စတုရန်း တာ ငါးဆယ်ရှိသည်ဟု ဆရာမြတ်တို့ ဆုံးဖြတ်ကြ၏။

ယခုခေတ် အိန္ဒိယနိုင်ငံ ကျောက်စာဖက်ဆိုင်ရာ သုတေ-

သီတို့ အလိုအားဖြင့် သာဝတ္ထိပြည်၏ နယ်နိမိတ်မှာ စတုရန်း မိုင်ပေါင်း ၆၀၀-ခန့်ရှိ၏၊ တောင်ဘက်၌ ဃာဃရာ မြစ်အထိ, မြောက်ဖက်၌ နေပေါလ်ပြည်နယ် အပါ-အဝင် ခါကြီ စီရင်စု တိုင်အောင် ရှိ၏၊ အနောက်ဖက်၌ကား ကရုနာလီမြစ်မှ အ ရှေ့ဖက် သက္ကတိုင်း အစပ်တိုင်အောင်ရှိ၏။

ရှေးက သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်ရာမှာ ဗလရာမ်ပုရ်မြို့မှ အနောက်ဖက် ဆယ်မိုင်ခန့်ရှိ ဆဟေလ်-မဟေလ် ခေါ်ကြသော နေရာဖြစ်၏။

သာဝတ္ထိပြည် ပသေနဒီ ကောသလ မင်းကြီး၏ နန်း တော်အတွင်း-အပြင် မြို့နေရာမှာ ယခုဘိုင် မြို့ရိုးတံတိုင်း အ လျား-အနံ တမိုင်ခန့်စီ ပျက်စီးလျက်ရှိ၏၊ မြို့၏အရှေ့မြောက် ဖက် အချပ်မှာ အစိရဝတီ မြစ်ရေစားသောကြောင့် ကမ်းပြိုပြီး ရေထဲသို့ မိုင်ဝက်ခန့်ပါသွား၏ ဝိသာခါ၏ ပုဗ္ဗာရုံကျောင်းလည်း ရေထဲပါသွား၏။

## ဇေတဝန်ကျောင်း

အစိရဝတီ မြစ်ကို ယခုအခါ ရာမဘီဟု ခေါ်ကြ၏၊ အယောဇျဟု ခေါ်သော သာကေတမြို့မှ သာဝတ္ထိတိုင်အောင် ၅၈-မိုင်ကွာဝေး၏၊ နန်းတော်၏ တံတိုင်းအတွင်း အရှေ့-အ နောက်အားဖြင့် ခြေလှမ်းပေါင်း ၁၃၀၀-ခန့်မျှရှိ၏၊ မြို့ရာမှ အနောက် တောင်ဘက် မနီး-အပါး ဇေတဝန်ကျောင်းတော် ရာသည် ခြေလှမ်းပေါင်း ၆၅၀-ခန့်ရှိ၏။

ကျောက်စာဌာနမှ တူးဖော်တွေ့ရှိသော ဇေတဝန်ကျောင်းမှာ အရှေ့-အနောက် ခြေလှမ်း ၄၀၀၊ တောင်-မြောက် ခြေလှမ်း ၇၀၀-ခန့်ရှိ၏၊ ဂန္ဓကုဋိတိုက် ၄-လုံး၊ အလျား၂၇-တောင်, အနံ ၇-တောင်ရှိ ညောင်စောင်းရာ တခုရှိ၏၊ အာနန္ဒာ ဗောဓိပင်, ရှင်သာရိပုတြာ၏ ဓါတ်တော်စေတီတဆူ၊ ရေကန်ကြီး တခုနှင့် ရေတွင်း စသည်တို့ကိုတွေ့ရ၏၊ ထို့ပြင် ကျောင်းတော်ရာမှ အရှေ့တောင် ခပ်ယွန်းယွန်း၊ တမိုင်ခန့်လောက်တွင် တန်ခိုးပြာဋိဟာပြရာ စေတီတော်ကြီး တဆူနှင့် ဒေဝဒတ် မြေမျိုရာ ရေကန်ကြီးလည်းရှိ၏။

သာဝတ္ထိပြည်နှင့်ဇေတဝန်ကျောင်းကို ရှင်မဟာရဋ္ဌသာရသည် ကိုးခန်းပျို့၌-''သာဝတ္ထိပြည် ပျော်ပင်စည်မှ မရှည်စွန့်နီး ကျွတ်ပွဲဖြိုးသား ကျောင်းကြီးဗိမာန် ဇေတဝန်၌-''ဟု စပ်ဆို၏။

ဇေတဝန်ကျောင်းသည် သာဝတ္ထိပြည် ဘယ်အရပ်တွင် တည်ရှိသနည်း။ဤမေးခွန်းကို ဝိဒူရလင်္ကာဆရာ၏-'' သာဝတ္ထိ တောင် တောက်ပြောင်ဝင်းညီး ရွှေကျောင်းကြီး၌ သီးသီးမွှမ်းဖျင် ကျွတ်ပွဲဆင်လျက် သဘင်မွေ့လျော် ငြိမ်းချမ်းပျော်စဉ်-'' ဟူသော စပ်ဆိုချက်ဖြင့် ဖြေဆိုနိုင်၏။

ရှင်မဟာသီလဝံသကမူ တံတားဦးတည် မော်ကွန်း၌-''နည်းမှီရှေးညွှန် ဇေတဝန်၏ သေန်မြောက်ရှိ သာဝတ္ထိသို့-''ဟု ဇေတဝန်ကျောင်းမှ သာဝတ္ထိပြည် တည်ရှိရာအရပ်ကို ညွှန်ပြ စပ်ဆိုလေသည်။

ဇေတဝန် ဟူသည်မှာ ပသေနဒီ ကောသလမင်းကြီး၏ သားတော် ဇေတမင်းသား၏ ဥယျာဉ်ဖြစ်၏။ ဇေတမင်းသား၏

ဥယျာဉ်ဖြစ်သောကြောင့် ဇေတဝန-ဇေတဝန်ဟု ခေါ်ကြခြင်း ဖြစ်၏။ အနာထပိဏ် သူဌေးသည် ထိုဥယျာဉ်ကို ဝယ်ယူပြီး ကျောင်းဆောက်၏။ သို့ကြောင့် ယင်းကို ဇေတဝန်ကျောင်းဟု ခေါ်ကြ၏။ ကျောင်းကို အရံဟုလည်း ခေါ်ကြ၍ ဤတွင် "အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း"ဟု ပူးတွဲ ပေါင်းစပ် ပြန်ဆိုခြင်းဖြစ်၏။

## အနာထပိဏ်

အနာထပိဏ် သူဌေး၏ ငယ်မည်မှာ သုဒတ္တ ဖြစ်၏။ သို့သော်လည်း သူသည် ခိုကိုးရာမဲ့သူတို့အား ထမင်းကျွေးလေ့ ရှိ၏။ သို့ကြောင့် သူ့ကို ငယ်မည်မခေါ်ဘဲ အနာထပိဏ်ဟု ခေါ် ကြ၏။ မန်လည်ဆရာတော်က "ငယ်မည် သုဒတ္တ ကြီးမှတဖြာ ကိုးကွယ်ရာမရှိသော သူတို့အား အစိုင်-အဆုပ် အလုံးလုပ်၍ ပေးဘတ်သည့် အဖြစ်ကြောင့် အနာထပိဏ် အမည် ရှိသော သူဌေး"ဟု ဖွင့်ဆို၏။

## ရှင်အာနန္ဒာ

ရှင်အာနန္ဒာကား မြတ်စွာဘုရား၏ ဘထွေးတော် လေး ယောက်တွင် အငယ်ဆုံးဖြစ်သော အမိတောဒနသာကီဝင်မင်း၏ သားတော် ဖြစ်၏၊ ဇနကပျို့တွင် ရှင်အာနန္ဒာအား- "ပတ် လျောက်မြေပေါ် ထိန့်ထိန့်ကျော်သည့် ဘိုးတော် သီဟနုရိန္ဒ၏

တမျှသက်ပေး ချစ်ပန်းမွေးသား ရင်သွေးပြန့်ပျူး ခုနစ်ဦး-
တွင် ရွှယ်လူးကျိုင်းထား ဖွားရရေးတည့်၊ ယောကျ်ားကောင်း
ချည်း ကြော့စည်းသန့်ရှင်း ရွှယ်ရောင်ဆင်းနှင့် မင်းလေးပါးညီ
ဂုဏ်ဆီ ပြန့်မွေး နောက်ဆုံးမွေးသည့် ဘထွေးတော် သား
ဖြစ်လာငြား၍—''ဟု စပ်ဆို၏။

ရှင်အာနန္ဒာသည် မြတ်စွာဘုရား နှင့် ဖွားတော်ဖက်လည်း ဖြစ်၏။ ဗုဒ္ဓဝင်နှင့် အပဒါန် အဋ္ဌကထာတို့တွင်"လုမ္ဗိနီဥယျာဉ်၌ ဘုရားလောင်း ဖွားမြင်သောအခါ (၁) အာနန္ဒာ၊ (၂) ရာဟုလမယ်တော်၊ (၃)ဆန္နအမတ်၊ (၄) ကာဠုဒါယီအမတ်၊ (၅) ကဏ္ဍကမြင်း၊ (၆) ဗောဓိပင်နှင့်(၇)ရွှေအိုးကြီးလေးလုံးတို့ အတူတကွဖွားမြင်ထွက်ပေါ်လာကြ၏''ဟုဖွင့်ဆို၏။ ယင်းသို့ လိုက်၍ ရှင်မဟာရဋ္ဌသာရလည်း "သုံးလူ့မှန်ကင်း တရားမင်းနှင့် နေ့ချင်းဖွားတော် တူနေပျော်သား ယသော်ရော အာနန္ဒာက စသည်အပြား ခုနစ်ပါးတွင်''ဟု တံတားဦးတည် မော်ကွန်း၌ စပ်ဆို၏။ အင်္ဂုတ္တရ အဋ္ဌကထာမှာကား အရှင်အာနန်ကို ကြည်၍ စီးတော်ဆင်ဟု ဆို၏။ ဇာတတ္တကီနိဒါန်း၌ကား အရှင်အာနန်နှင့် စီးတော်ဆင်ပါ မပါ ဘုရားလောင်းနှင့် ပေါင်း၍ ခုနစ်ပါးပြုလုပ်ထား၏။

ရှင်မဟာရဋ္ဌသာရသည် ဘူရိဒတ်ဇာတ်ပေါင်းတွင်
"ငါ့ကိုစင်းလျဉ်း လုပ်ကျွေးပျှင်းလျက် တေဒဂ်ဟု ငါးချက်
ဌာန ရသားကျေးဇူး အထူးဆန်းကြယ် အံ့ဖွယ်လေး အင်
စကြာရှင်သို့ ပုံပြင်တန္တိ ဂုဏ်ရာသီနှင့် လောကီပုဂ္ဂိုလ် ၊ တပုဒ်
ဆိုသော် သံချို့မြမြ ရှစ်ပါဒဖြင့် ရွှရွှလိုက်မိ ထစ်ထစ်ပီသည့်

ငါ့ညီရှင်မြတ်-အာနန်တည်း”ဟု ရှင်အာနန်၏ အရသည်အသေးကို အကျဉ်းချုပ်ပြီး ဆောင်ပုဒ်ပြုလုပ်ထား၏။

## တေဒဂ်ငါးတန်

ရှင်အာနန္ဒာ၏တေဒဂ်ငါးပါးမှာ အောက်ပါတို့ဖြစ်၏။

၁။ ရဟန်းတို့ အကြားအမြင်များခြင်း ရှိကုန်သော ငါ၏ တပည့် ရဟန်းတို့တွင် အကြင်အာနန္ဒာသည် ရှိ၏။ ထို အာနန္ဒာသည် အမြတ်ဆုံးပေတည်း။

၂။ (ငါ၏စကားကို ကြာမြင့်စွာ ဆောင်စွမ်းနိုင်သည့်) သတိရှိကုန်သော ငါ၏ တပည့်ရဟန်းတို့တွင် အကြင် အာနန္ဒာ သည် ရှိ၏။ ထိုအာနန္ဒာသည် အမြတ်ဆုံးပေတည်း။

၃။ (ငါ ဟောအပ်သည့် အတိုင်း အလုံးစုံသော ပုဒ်တို့ကို)သိစွမ်းနိုင်သည့် ပညာရှိကုန်သော ငါ၏တပည့် ရဟန်းတို့ တွင် အကြင်အာနန္ဒာသည် ရှိ၏။ ထိုအာနန္ဒာသည် အမြတ်ဆုံး ပေတည်း။

၄။ (ငါ၏ စကားကို သင်ခြင်း၊ဆောင်ခြင်း၊သရဇ္ဈာယ် ခြင်းနှင့် ငါ့ကို ဆည်းကပ်လုပ်ကျွေးခြင်းတို့၌) လုံ့လ ရှိကုန် သော ငါ၏ တပည့်ရဟန်းတို့တွင် အကြင်အာနန္ဒာသည် ရှိ၏။ ထိုအာနန္ဒာသည် အမြတ်ဆုံးပေတည်း။

၅။ (ငါ့အား)လုပ်ကျွေးသော ငါ၏ တပည့်ရဟန်းတို့

တွင် အကြင်အာနန္ဒာသည် ရှိ၏။ ထိုအာနန္ဒာသည် အမြတ်ဆုံး ပေတည်း။

## အံ့ဖွယ်လေးဖြာ

ရှင်အာနန္ဒာ၏အံ့ဖွယ် လေးပါးတို့မှာအောက်ပါတို့ဖြစ်၏။

ရဟန်းတို့ အာနန္ဒာ၌ အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲ ဖြစ်ကုန်သော သဘောတရားတို့သည် ဤလေးမျိုးတို့ဘည်း၊ အဘယ်လေးမျိုးတို့နည်းဟူမူ—

ရဟန်းတို့၊ (၁) ရဟန်းပရိသတ်သည်(၂)ရဟန်းမိန်းမပရိသတ်သည်-(၃) ဥပါသကာပရိသတ်သည်(၄)ဥပါသိကာမပရိသတ်သည် အာနန္ဒာကို ဖူးမြှော်ရန် အကယ်၍ ချဉ်းကပ်အံ့။ ထိုပရိသတ်သည် ဖူးမြှော်ရသဖြင့်လည်း နှစ်ခြိုက်၏၊ထိုပရိသတ်၌ အာနန္ဒာသည် တရားဟောအံ့၊ ထိုပရိသတ်သည် ဟောသော တရားဖြင့်လည်း နှစ်ခြိုက်၏။

ရဟန်းတို့ အာနန္ဒာသည် တရားကို ရပ်သိမ်း၍ ဆိတ်ဆိတ်နေသည့်တိုင်အောင် ပရိသတ်သည် မရောင့်ရဲနိုင်သည်သာ ဖြစ်၏။

ရဟန်းတို့ အာနန္ဒာ၌ အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲဖြစ်ကုန်သော သဘောတရားတို့သည် ဤလေးမျိုးတို့ဘည်း။

# အဥ္ဇလိငါးပါး

အလွန်ရိုသေစွာ ရှိခိုးသည်မှာ ငါးဖြာအဥ္ဇလိ လက်အုပ်ချီခြင်းဖြစ်၏။ အဥ္ဇလိ ငါးပါးမှာ (၁) ခြေဖဝါး၊ (၂) ဒူး၊ (၃) တတောင်၊ (၄)လက်ဝါး၊ (၅)ဦးခေါင်းဤပါးငါးတို့ကို အညီ-အညွတ်ပြု၍ ကိုင်းညွတ်ပြီးလျှင် ရှေးရှု တည်ခြင်းဖြစ်၏။ ယင်းကို ပဉ္စ ပတိဋ္ဌိတဟု ခေါ်၏။

တင့်အပ် လျောက်ပတ်သော အရပ်မှာ (၁)ဝေးလွန်း၊ (၂) နီးလွန်း၊ (၃)မျက်နှာစာ၊(၄)လေညာ (၅)နောက်နှင့် (၆)မြင့်သောနေရာတည်းဟူသော ဤအပြစ်ခြောက်ပါး ကင်းလွတ်သောနေရာဖြစ်၏။ နတ်သားသည် နေရာ၏ အပြစ်ခြောက်မျိုးကင်းလွတ်သည့် တင့်အပ်လျောက်ပတ်သောအရပ်၌ရပ်လျက် ဂါထာဖြင့် လျှောက်ကြားလေသည်။

## ပထျာဝတ္တ

ပါဠိဘာသာ၌အစီအကုံးအဖွဲ့ကို ဗန္ဓဟု ခေါ်၏။ ဗန္ဓ ဟူသည် မှာ စာပေ အစီ အကုံး အဖွဲ့ ဖြစ်၏၊ စာပေအရေးအသား ဟူသမျှကိုပင် ဗန္ဓဟုခေါ်၏။

ဗန္ဓသည်(၁) ပဇ္ဇ(၂) ဂဇ္ဇ(၃)ဝိမိဿဟူ၍ သုံးပါး အပြားရှိ၏။

ပဇ္ဇ ဗန္ဓဟူသည်မှာ တေးကဗျာခေါ် ဂါထာဖြစ်၏။

ဂဇ္ဇ ဗန္ဓဟူသည်မှာ စကားပြေခေါ် စုဏ္ဏိယဖြစ်၏။

ဝိမိဿဗန္ဓ ဟူသည်မှာ ထေးကဗျာနှင့် စကားပြေ ရော နှော ဖွဲ့ဆိုသော စာပေဖြစ်၏။

ဂါထာမှာလည်း အသံအတိုင်းအတာဖြင့် ဖွဲ့စည်းသော မတ္တာစုတ္တိနှင့် အက္ခရာ လုံးရေဖြင့် ဖွဲ့စည်းသော ဝဏ္ဏဝုတ္တိ ဟု နှစ်ပါးအပြားရှိ၏။

ဝဏ္ဏဝုတ္တိ ဂါထာမှာလည်း ဝတ္တ,ပထျာ,စပလာ,ဝိပုလာ အမ်စရှိသော အမည်များဖြင့် ခွဲခြားသတ်မှတ်သားကြ၏၊မြန်မာ တို့မှာ ရတု,ရကန်,အဲ,အန် စသည်တို့ကဲ့သို့ ပင်တည်း။

ဝဏ္ဏဝုတ္တိ အဖွဲ့မှာ တပါဒလျှင် အက္ခရာ ရှစ်လုံးစီဖြင့် လေးပါဒဖြစ်၏၊ တပါဒလျှင် အက္ခရာ ရှစ်လုံးစီဖြင့် လေးပါဒ ရှိလျှင် ဝါ-လေးပါဒတွင် ပါဒအတိုင်း အက္ခရာရှစ်လုံးစီရှိလျှင် ဝဏ္ဏဝုတ္တိ မည်၏။

ယင်း ဝဏ္ဏဝုတ္တိတွင် အစတလုံးနောင် သ- ဂိုဏ်း နှင့် န-ဂိုဏ်းကိုကြဉ်ရှောင်ပါက ဝတ္တဂါထာမည်၏။ဝတ္တဂါထာတွင် အစတလုံး၏ နောင်မှာ သ-ဂိုဏ်းနှင့် န-ဂိုဏ်းမရှိစေရပါ။

ဤတွင် ဂိုဏ်းဟူသည်မှာ သံရှည်ဒီဃဖြစ်သော ဂရုနှင့် သံတိုရဿဖြစ်သော လဟုတို့၏ အဖွဲ့အစည်းဖြစ်၏။

သံရှည် ဒီဃမှာလေးသောကြောင့် ဂရုမည်၏၊ ယင်းကို ၂-ဂဏန်းဖြင့် သင်္ကေတပြုကြ၏၊ သံတို ရဿမှာ ပေါ့သော ကြောင့် လဟုမည်၏၊ ယင်းကို၁-ဂဏန်းဖြင့် သင်္ကေတပြုကြ၏၊ ဂရုကို၂-ဂဏန်းဖြင့်၎င်း၊လဟုကို ၁-ဂဏန်းဖြင့်၎င်း- မှတ်သား ထားခြင်းဖြစ်၏။

သ-ဂိုဏ်း၏ သင်္ကေတမှာ ၁-၁-၂- ဖြစ်၏။

န-ဂိုဏ်း၏ သင်္ကေတမှာ ၁-၁-၁- ဖြစ်၏။

လေးပါဒလုံး၏ အစတလုံးနှောင်မှာ ယင်းသ-ဂိုဏ်းနှင့် န-ဂိုဏ်းကို ရှောင်ပါလျှင် ဝတ္တဂါထာမည်၏။

ယင်းဝတ္တဂါထာ၏ သမပါဒခေါ် စုံပါဒဖြစ်သော ဒုတိယပါဒနှင့် တတိယပါဒ နှစ်ခုတို့၏အစ လေးလုံးနှောင် ဇ-ဂိုဏ်းရှိပါလျှင် ထိုဂါထာသည် ပထျာဝတ္တမည်၏။

ဇ-ဂိုဏ်း၏ ဂရု-လဟု သင်္ကေတမှာ ၁-၂-၁-ဖြစ်၏။

အမျိုး-အမည် မထင်ရှားသော နတ်သားသည် ပထျာ ဝတ္တ ဂါထာဖြင့် မြတ်စွာဘုရားအား မင်္ဂလာတရား လျှောက်ကြား တောင်းပန်ခြင်းဖြစ်၏။

## ပညာရှိကဝိ

ဂါထာတို့၏ ဖြစ်ကြောင်းကား အဘယ်နည်း။
ဂါထာတို့၏ ဖြစ်ကြောင်းကား ဂါယတ္တိစသော ဆန်းတည်း။

ထိုဂါထာတို့ကို ထင်စွာပြကြောင်းကား အဘယ်နည်း-
ထိုဂါထာတို့ကို ထင်စွာပြကြောင်းကား အက္ခရာတည်း။
ဂါထာတို့သည် အဘယ်ကို မှီပါကုန်သနည်း-
ဂါထာတို့သည် အမည်နာမပညတ်ကို မှီကုန်၏။
ဂါထာတို့၏ တည်ရာသည် အဘယ်ပါနည်း-
ဂါထာတို့၏ တည်ရာသည် ပညာရှိကဝိတည်း။

ရဟန်းတို့ပညာရှိ'ကဝိ'ပုဂ္ဂိုလ်တို့သည်လေးမျိုးတို့တည်း။

အဘယ် လေးမျိုးတို့နည်း ဟူမူ—

၁—ကြံ၍ ပြုစီရင်နိုင်သော ပညာရှိ စိန္တာကဝိ၊

၂—ကြား၍ ပြုစီရင်နိုင်သော ပညာရှိ သုတကဝိ၊

၃—အနက်တစုံ တခုကို မှီ၍ ပြုစီရင်နိုင်သော ပညာရှိ အတ္ထကဝိ၊

၄—တခဏချင်း မိမိဉာဏ်ဖြင့် ပြုစီရင်နိုင်သော ပဋိဘာန ကဝိတို့တည်း။

ရဟန်းတို့ ပညာရှိကဝိတို့သည် ဤလေးမျိုးတို့တည်း။

## သာဝိတ္တိဆန်း

ယဇ်ပူဇော်ခြင်းတို့တွင် မီးကိုလုပ်ကျွေး ပူဇော်ခြင်းသည် အဦး-အစ ဖြစ်၏၊ သာဝိတ္တိ (ဂါယတ္တိ) သည် ဆန်းကျမ်း၏ အဦး-အစ ဖြစ်၏၊ လူတို့တွင် မင်းသည် ပဓါန ဖြစ်၏။

နက္ခတ်တို့တွင် လသည် ပဓါနဖြစ်၏၊အပူတို့တွင် နေသည် ပဓါန ဖြစ်၏၊ ကောင်းမှုကို အလိုရှိကုန်သော သူတို့၏ ပူဇော်အပ်သော ပုဂ္ဂိုလ်တို့တွင် သံဃာသည် ပဓါန ဖြစ်၏။

ဆန်းကျမ်း၏ ပထမတွင် သာဝိတ္တိ ဆန်းဖြစ်၏၊ ယင်းကို ဂါယတ္တိ ဆန်းဟုလည်း ခေါ်ကြ၏၊ ထိုဆန်း၌ တပါဒလျှင် အက္ခရာ ရှစ်လုံးဖြင့် သုံးပါဒရှိ၏၊ ပုံစံမှာ သရဏဂုံ သုံးပါး ဖြစ်၏-

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ

## ရွတ်ဖတ်နည်း

ပုဒ်စပ်ချောပြေ၊ သန္ဓေခြားဖြတ်
သံလွတ်ဖွင့်ဆို၊ ရှည်တိုလေးပေါ့
တင်းလျော့နိဂ္ဂဟိတ်၊ အစိတ်အဖြာ
အင်္ဂါဆယ်ခု၊ ဖတ်မှု မကျွမ်း
နားမချမ်းမှု၊ တတ်စွမ်းသောလျှောက်
မကောက် မငင်၊ မသင်ပြင်ဘဲ
မဖင့်နွဲ့နှင့်။

မရဲမရောင့်၊ စနောင့် စနင်
နာချင် နာရ၊ စာမကျလည်း
ရွတ်ချပြည်သည်၊ ရိပ်ခြည်မပြ
ရွံ့ဖြေကြရ၊ အစပြင်ဖွယ်

အလယ်ပြင်တန်၊ အစွန်ပြင်ရေး
အသင့်ဆေးလျက်၊ ထက်သွေးဖြောင့်သွား
စိန်တပ်မြှားသို့၊ မမှားအက္ခရာ
မြက်မြက်မာသည်၊ နှုတ်လျှာမဖုန်-ပါသင့်ကုန်။

(၁) ပုဒ်စပ်ချောပြေဟူသည်မှာ နောက်ပုဒ်နှင့် သန္ဓိစပ်၍ ရွတ်ခြင်း သမ္ဗန္ဓဖြစ်၏။

(၂) သန္ဓေခြားဖြတ်ဟူသည်မှာ နောက်ပုဒ်ကို မစပ်ဘဲဖြတ်၍ရွတ်ခြင်း ဝဝတ္ထိတဖြစ်၏။

(၃) သံလွတ်ဖွင့်ဆိုဟူသည်မှာ ကရိုဏ်းကို မနှိပ်ဘဲ လွတ်၍ ခံတွင်းဖွင့်ပြီး ရွတ်ခြင်းဝိမုတ္တဖြစ်၏။

(၄) ရှည်မှာ အသံရှည်သော ဒီဃဖြစ်၏။

(၅) တိုမှာ အသံတိုသော ရဿဖြစ်၏။

(၆) လေးမှာ အသံလေးလေးဆိုရသော ဃောသဖြစ်၏။

(၇) ပေါ့မှာ အသံပေါ့ပေါ့ဆိုရသော အဃောသ ဖြစ်၏။

(၈) တင်းမှာ တင်းတင်းဆိုရသော ဓနိတဖြစ်၏။

(၉) လျော့မှာ လျော့လျော့ ဆိုရသော သိထိလဖြစ်၏။

(၁၀) နိဂ္ဂဟိတ်မှာ ကရိုဏ်းကို နှိပ်လျက် မလွတ်မူ၍ ခံတွင်း မဖွင့်ဘဲ သေးသေးတင် ဗိန္ဒုနှင့် ရွတ်ခြင်း နိဂ္ဂဟိတဖြစ်၏။

# ဗဟူ ဒေဝါ

## ဂါထာ

ဗဟူ ဒေဝါ မနုဿာစ
မင်္ဂလာနိ အစိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ
ဗြူဟိ မင်္ဂလ မုတ္တမံ။

## နိဿျ

ဘဒန္တ ဘဂဝါ — ဘုန်းတော်ကြီးသော အရှင်ဘုရား
ဗဟူ — များစွာကုန်သော
ဒေဝါစ — နတ်တို့သည်၎င်း၊
မနုဿာစ — လူတို့သည်၎င်း-
သောတ္ထာနံ — စင်ကြယ်စွာသော
နိဗ္ဗာနံ — နိဗ္ဗာန် ချမ်းသာကို
အာကင်္ခမာနာ — လိုချင်တောင့်တကုန်သည် ဖြစ်၍

မင်္ဂလာနိ — စီးပွား- ချမ်းသာခြင်း၏ အကြောင်းဖြစ်ကုန်သော မင်္ဂလာ တရားတော်တို့ကို
ဒွါဒသဟိ — ၁၂-နှစ်တို့ ကာလပတ်လုံး
အစိန္တယုံ — ကြံကြကုန်ပြီ၊
ဥတ္တမံ — မြတ်သော
မင်္ဂလံ — မင်္ဂလာ တရားတော်မြတ်ကို
တွံ — အရှင်ဘုရားသည်
ဗြူဟိ — ဟောတော်မူပါလော့။

## လင်္ကာ

သိရီ, ပယတ္တ၊ ယသ, ခေမ့ာ်
ထင်ပေါ်ကောင်းဟိတ်၊ ဂ္ဂလာဘိရိယ
ကာမဟူသည်၊ ခြောက်ဆူတံခွန်
ဘုန်းတော်ချွန်သား၊ ဘဂဝန်မြတ်စွာ
စောထွတ်ချာ-

များစွာနတ်လူ၊ မျိုးလေးဆူတို့
အဖြူ-အလွှင်၊ သန္တစင် ကဲလွှန်
နောက်မပြန်သား၊ နိဗ္ဗာန်ခေမာ
ပြည်ချမ်းသာကို၊ လိုပါသဖြင့်
မြတ်မြင့်ရာရာ၊ မင်္ဂလာ အပြား

အပါးပါးကို၊ ဉာဏ်အားကိုးကာ
ကြံကြပါသည်၊ ဆဲ့နှစ်ခါမည့်
နှစ်ပေါင်းလည်ပြီ၊ စိတ်ကြည်ညိုရာ
သဒ္ဒါခိုင်ခိုင်၊ မကြံနိုင်ခဲ့။

ငါးဆိုင် ရန်နှင်၊ ထွတ်သခင်သည်
ထိုမင်္ဂလာ၊ မြတ်လှစွာကို
ဟောပါစေချင်၊ ရှိခိုးတင်သည်
စုံလင်ကျယ်ကျယ်–ဝန်းဝန်းဘည်း။

## နတ်

"နတ်လူများစွာတို့သည် ချမ်းသာကို တောင့်တကြလျက် မင်္ဂလာတရားတို့ကို ကြံကြ၏၊ မင်္ဂလာတရားမြတ်ကို ဟောကြားပါလော့"

ဗဟူ-များစွာ ကုန်သော ဟူသည်မှာ အရေ- အတွက် ကန့်သတ် ပိုင်းခြားချက် မရှိခြင်းကို ညွှန်ပြ၏၊ ရာပေါင်းများစွာ ဟူသော အရာ, ထောင်ပေါင်းများစွာဟူသော အထောင်, သောင်းပေါင်းများစွာဟူသော အသောင်းတို့ကို ဆိုလို၏၊ ယင်းသို့လျှင် အရေ- အတွက် အပိုင်းအခြားမရှိ များစွာသော နတ်လူတို့ ဖြစ်၏။

ဒေဝဟူသည်မှာ ဒိဗ္ဗမှ ပြောင်းလဲသွားခြင်းဖြစ်၏၊ ဒိဗ္ဗဟူသည်မှာ ထွန်းလင်းတောက်ပခြင်း ဖြစ်၏၊ ယင်း ဒေဝသည်

(၁) မင်း,မိဘုရား, မင်းသား-မင်းသမီး စသောသမ္မုတိ ဒေဝ (၂) စတု မဟာရာဇစသော အထက်နတ်များဖြစ်သည့် ဥပပတ္တိဒေဝနှင့် (၃) ဘုရား ရဟန္တာဟူသော ဝိသုဒ္ဓိဒေဝ ဟူ၍ သုံးပါးအပြားရှိ၏၊ ဤတွင် မင်္ဂလာဘရား လျှောက်ကြားသော ဒေဝမှာ ဥပပတ္တိ ဒေဝဖြစ်၏။

မြန်မာတို့က ဒေဝကို နတ်ဟု ခေါ်ကြ၏၊ ယင်းနတ်သည် မြန်မာဘာသာစင်စစ်မဟုတ်၊ နာထဟူသော ပါဠိမှ နတ်ဖြစ်လာသည်ဟု ကြံစည်ကြ၏၊ နာထဟူသော ပါဠိ၏ အနက်မှာ ဥပပတ္တိဒေဝ၌ ဖထင်လှ၊ အရှင်သခင် လော်ဟူသော အနက်တို့မှသာ အသုံးများ၏၊ သို့သော်လည်း မြန်မာဘာသာ နတ်သဒ္ဒါမှာ လူနတ်, သစ်ပင် အမည်သာနတ်, တံတိုင်းစနတ်, မီးပေါက်သေနတ်ဆိုသော အရာတို့၌ ထင်၏။

"ထိုမျှ လူနတ်ပရိသတ်အား ကယ်ချွတ်နိုင်ပြီ"ဟူသော စကား၌ နတ်သည် မနုဿ ဒေဝအနက်၌ ထင်၏။

"ကလောခံဝတ်သနတ် နရွှဲ"ဟူသော စကား၌ နတ်သည် သနတ်ပင်၌ ဖြစ်၏။

"တံတိုင်းစနတ် ချိန်ခွင်ခတ်သို့ ယုတ်မြတ်လည်း ရွေး" ဟူသော စကား၌ နတ်သည် တံတိုင်း စနတ်၌ဖြစ်၏။

"မလွဲမချွတ် မှန်စသတ်သား သေနတ်မီးပေါက်" ဟူသော စကား၌ နတ်သည် မီးပေါက်၌ဖြစ်၏။

# လူ

မနုဿ ဟူသည် မှာ မနု ၏ သား ဖြစ် သော ကြောင့် မနုဿမည်၏၊ မနုဟူသည်မှာ ကမ္ဘာဦးက မဟာသမ္မတမင်း၏ အမည်ဖြစ်၏၊ ထိုမင်း၏ သားဖြစ်သောကြောင့် မနုဿဟုခေါ်ကြ၏၊ ထို့ပြင် မနမည်သောစိတ် ထက်မြက်သောကြောင့်လည်း မနုဿမည်၏ဟုဆိုကြ၏၊ ယင်းမနုဿသည် (၁) ဇမ္ဗူဒိပ်ကျွန်း၌နေကြသော ဇမ္ဗူဒီပိကမနုဿ (၂) အနောက်ကျွန်း၌ နေကြသော အပရဂေါယာနက မနုဿ (၃) တောင်ကျွန်း၌နေကြသော ဥတ္တရကုရုက မနုဿနှင့် (၄) အရှေ့ကျွန်း၌နေကြသော ပုဗ္ဗဝိဒေဟက မနုဿဟူ၍ လေးမျိုးရှိ၏၊ ကျွန်ုပ်တို့မင်္ဂလာတဆုံး ကြုံစည်ကြသော မနုဿတို့မှာ ဇမ္ဗူဒီပိကတို့ဖြစ်ကြ၏။

မြန်မာတို့က မနုဿကို လူ ဟု ပြန်ဆိုကြ၏၊ ပါဠိလို မနုဿမှ မြန်မာလို လူအဖြစ်သို့ ပြောင်းလဲလာရန်မှာ အလွန်ဝေးကွာလှ၏၊ သို့ကြောင့် ဝေါဟာရ၌ လိမ္မာကျွမ်းကျင်သော သူတို့သည် လူဟူသောဝေါဟာရကို တနည်းဘာလမ်း အားဖြင့် စဉ်းစားကြပါသည်။

လူသတ္တဝါဟူသည်၌ကား လုစသဒ္ဒါ၏ အစိတ်စ-ကျေ၍ အစိတ်ဥကို ဦးဒီဃအသံဖြင့် ဆိုမိန့်သည်လည်း ဟူကုန်၏၊ ထိုသို့ ယူလျှင် မဂဓကို စွဲမှီသောအရာဖြစ်၏။

လန်း လူ စွာ ဖြစ် တတ် သော ကြောင့် လူမည်၏ ဆိုသော်သည်း သင့်၏၊ ထိုလူဟူသော ဝေါဟာရသည် ဘုံနှင့်

တကွ သတ္တဝါအားလုံးကိုပင် လူဟူသော ဝေါဟာရလည်း ထင်၏။

ဩကာသလောကဟူသည်တွင် ဘုံလည်းလောကမည်ဟန် လောက၊သဒ္ဒါကားလုစဓါတ်ဖြင့် ထိုလုစသဒ္ဒါကိုစွဲ၍ လူဟူသော ဝေါဟာရဖြစ်ဟန်ကိုရင်း, ထိုလောကသည် ဇာတိ ဟူသော လန်းလူစွာ အညွန့်ရှိ၍ ဖြစ်ပြန်တုံတုံ ဖြန်တတ်ဟန်ကိုရင်း–နှလုံး သွင်းလင့်။

ဘုံကိုလွှတ်၍ ဘုံနေသတ္တဝါကိုရည်၍ လူဟူသောဝေါ ဟာရလည်းထင်၏၊ "လူသုံးပါးတို့ မသွားခေါက်ရက် ကြည့် ငဲ့ကွက်၊ သုံးပါးလူကို ဆယ်ယူကယ်ရ–လို၏တည်း" စသည်ဖြင့် ဆိုမိန့်သော အရာတို့၌ ဗဟိဒ္ဓဖြစ်သော တောဘောင်ရေမြေဟူ သော လူတို့နေရပ်ဘုံကို ကြည့်ငဲ့၍ မသွားခေါက်ရက်ဟုရင်း, ထိုတောတောင်ရေမြေတို့ကို ဆယ် ယူ ကယ် တင် လို ၏ ဟု ရင်း သဘောမသင့်သောကြောင့် ဘုံနေသတ္တဝါမျှကို ရည်၍သာလူဟူ သောဝေါဟာရဖြစ်၏။

ဘုံနေသတ္တဝါတို့တွင်လည်း မနုဿဘုံနေ သတ္တဝါကိုသာ ရည်၍ လူဟူသော ဝေါ ဟာ ရ လည်း ထင် ၏၊ "လူကိုထားဘိ သိကြားသော်မှို့ ဦးဖြင့်တို့၏၊ ဤလူတို့အား နတ်သကြားလျှင် ဟန့်တားမလင့်" –ဤသို့စသောအဆို– အမိန့်တို့၌မနုဿဘုံနေလူ ကိုရည်၍ လူဆိုသောအရာဖြစ်၏။

မနုဿဘုံတွင်လည်း ဃရာဝါသ၌ ကျင်လည်သောသူကို သာရည်၍ လူဟူသောဆိုမိန့်ခြင်းလည်းထင်၏၊ "နားတံချူဖြင့် ရှင်လူဆွတ်စေပြီးသတည်း"—ဤသို့စသော အဆို–အမိန့်တို့၌ ရှင်

လူဟူသော စကားခွန်းဖက်လျက် ဆိုသောကြောင့် ရဟန်းလွတ်၍ လူဟူသောဝေါဟာရဖြစ်၏၊ ဤသို့လျှင် လူဟူသောစကားခွန်း၏ အရာနည်းများအကျဉ်း-အကျယ်ကိုလည်း ခွဲသင့်၏။

ယင်းမှတပါး လူသုံးပါးဟူလျှင် နတ် ဗြဟ္မာယူသင့်သောအရာ၊ ကိုယ့်ထက်၊ကိုယ့်တူ၊ကိုယ့်အောက်၌ဟူ၍ ယူသင့်သောအရာ၊ ချစ်သူ၊မုန်းသူ၊ လျစ်လျူဟူ၍ ယူသင့်သော အရာတို့ကိုလည်း အရာသို့ လိုက်၍ခွဲသင့်၏။

"သုံးပါးလူကို ဆယ်ယူကယ်ရ လို၏ဘည်း" စသောဆိုမိန့်ခြင်း၌ လူ၊နတ်၊ဗြဟ္မာဟူသည်ကိုယူ။

"လူသုံးပါးနှင့် မပြားရောပြွမ်း" ဟူသည်၌ကား ကိုယ့်ထက်၊ကိုယ့်တူ၊ကိုယ့်အောက်ဟူသည်ကိုယူ။

"မုန်းချစ်လျစ်လျူ သုံးပါး လူကို" ဟူ သည် ၌ ကား လောကရှိတိုင်း မုန်းသူ၊ချစ်သူ၊လျစ်လျူမျှသောသူ ဟူသည်ကိုယူ။

"အမျိုးလေးမည့် လူတို့သည်လည်း" ဟူသောအရာမှာကား မင်း၊ ပုဏ္ဏား၊ ကုန်သည်၊ လယ်လုပ်-ဟူသော လူမျိုးလေးပါးကိုယူ။

ဤသို့စသည်ဖြင့် အရာလိုက်၍ နှလုံးသွင်းရာ၏။

"ရဟန်းတို့ဇမ္ဗူဒိပ် ကျွန်းသူလူဘို့သည် အကြောင်းသုံးမျိုးတို့ဖြင့် ဥတ္တရကုရုကျွန်းနေ လူတို့ကိုင်း၊ တာဝတိံသာနတ်တို့ကိုင်း လွှမ်းမိုးကုန်၏၊ အဘယ်အကြောင်း သုံးမျိုးတို့နည်းဟူမူ- (၁) ငဲရင့်ကုန်၏၊ (၂) ခိုင်မြဲသော သ တိ ရှိ ကုန် ၏၊ (၃)ဤကျွန်း၌မြတ်သောအကျင့်ကိုကျင့်သုံးရ၏၊ရဟန်းတို့ဤအ

ကြောင်း သုံးမျိုးတို့ဖြင့်ဇမ္ဗူဒိပ်ကျွန်းသူ လူသို့သည်တာဝတိံသာ နတ်တို့ကိုရင်း ဥတ္တရကုရုကျွန်းနေ လူတို့ကိုရင်းလွှမ်းမိုးကုန်၏၊ သာလွန်ကုန်၏။

အဋ္ဌကထာ၌ကား လူကိုလေးမျိုးလေးစား ခွဲခြားသတ်မှတ်ထား၏၊ ယင်းတို့မှာ (၁) လူငရဲသား (၂) လူပြိတ္တာ (၃) လူတိရစ္ဆာန်နှင့် (၄) လူပရမတ်တို့ဖြစ်၏။

လူငရဲသား ဟူသည်ကား လူဇာတ်ဝင် လူသားဖြစ်လျက် သူ့အသက်သတ်ခြင်း, သူ့ဥစ္စာခိုးခြင်း စသောဒုစရိုက်မှုတို့ ပြုသဖြင့် နှောင်ဖွဲ့ခြင်းစသော အပြစ်ဒဏ်ခံနေရသူများ ဖြစ်၏။

လူပြိတ္တာဟူသည်ကား လူဇာတ်ဝင်လူသားပင်ဖြစ်သော်လည်း ရှေးကပြုခဲ့ဘူးသော မကောင်းမှုကြောင့် ကုသိုလ်ကောင်းမှုမပြုခဲ့ဘူးသောကြောင့် စားဝတ်နေရေး ကြပ်တည်းရ၍ ဒုက္ခကြီးစွာ ရောက်နေသူများဖြစ်၏။

လူတိရစ္ဆာန် ဟူသည်ကား လူချင်းအတူတူ ဖြစ်လျက် သူတပါးနှင့်စပ်၍ အသက်မွေးရသဖြင့် သူတပါးတို့၏ တာဝန်ဝတ္တရားတို့ကို မနေ-မနားတိရစ္ဆာန်အလား ထမ်းဆောင်နေရသူများဖြစ်၏။

လူပရမတ်ဟူသည်ကား ကံ၊ ကံ၏ အကျိုးကိုယုံကြည်၏၊ ရှက်ခြင်း ကြောက်ခြင်းဟူသော ဟိရိဩတ္တပ္ပတရားနှင့် ပြည့်စုံ၏ သတ္တဝါတို့အပေါ်၌ သနား ကြင်နာခြင်းရှိ၏၊ အကုသိုလ်ကမ္မပထတရားတို့ကို ရှောင်ကြဉ်၍ ကုသိုလ်ကမ္မပထတရားနှင့် ပြည့်စုံများဖြစ်၏။

စင်စစ်ငရဲသားတို့ကဲ့သို့ အတိဒုက္ခ ရောက်နေသူများသည် လူငရဲသားမည်၏၊ ပြိတ္တာတို့ကဲ့သို့ငတ်မွတ်ခေါင်းပါးသောသူများ သည် လူပြိတ္တာမည်၏၊ တိရစ္ဆာန်တို့ကဲ့သို့ အိပ်ခြင်း စားခြင်းနှင့် မေထုန်မှီဝဲခြင်းမျှသာ သိသောသူမျ ားသည် လူတိရစ္ဆာန်မည်၏၊ အနှစ်သာရရှိသောသူသည် လူစစ်မှတ်မည်၏၊ မင်္ဂလာတရားနှင့် ပြည့်စုံသောသူပင်တည်း။

## မင်္ဂလာအနက်

"မင်္ဂလန္တိ ဣဒ္ဓိကာရဏံ ဝုဒ္ဓိကာရဏံ သဗ္ဗသမ္ပတ္တိကာရဏံ"

မင်္ဂလန္တိ – မင်္ဂလာဟူသည်ကား
ဣဒ္ဓိကာရဏံ—ပြည့်စုံခြင်း တင့်တယ်ခြင်း အာနုဘော်ရှိခြင်း၏ အကြောင်းဖြစ်၏၊
ဝုဒ္ဓိကာရဏံ— တိုးတက်ကြီးပွားခြင်း စီးပွား ချမ်းသာဖြစ်ခြင်း၏အကြောင်းဖြစ်၏။
သဗ္ဗသမ္ပတ္တိကာရဏံ—အလုံးစုံသော ပြည့်စုံ ခြင်း တို့၏ အကြောင်း ဖြစ်၏။

မင်္ဂလာဟူသည်မှာ တိုးတက်ကြီးပွား ချမ်းသာကြောင်း ဖြစ်၏။ သို့ကြောင့် ဗုဒ္ဓမမ္မရှုထောင့်မှ တိုးတက်ကြီးပွားချမ်းသာခြင်းကို ကြိုတင်သိထားသင့်ပါသည်။

# အဟောသုခံ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုလတ်သော် ဘုရားလောင်းသည် ဥဒိစ္စ ပုဏ္ဏားသူကြွယ် ဖြစ်၍၊ ကာမဘုံ၌အပြစ်ကိုရင်း၊ ရဟန်းအဖြစ်၌ အကျိုးအာနိသင်ကိုရင်း မြင်၍ ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြု၍ သမာပတ်ရှစ်ပါးတို့ကို ဖြစ်စေ၏။ ဘုရားလောင်း၏ အခြံအရံလည်း များ၏။ ရသေ့ငါးရာတို့ ဖြစ်ကုန်၏။

ဘုရားလောင်းသည် မိုးကာလ၌ ဟိမဝန္တာမှ ထွက်ခဲ့၍ ရသေ့အပေါင်း ခြံရံလျက် ရွာနိဂုံးစသည်တို့၌ ဒေသစာရီ သွားသည်ရှိသော် ဗာရာဏသီပြည်သို့ရောက်၍ မင်းကိုအမှီပြုပြီး မင်းဥယျာဉ်၌ နေ၏။ မိုးတွင်း လေးလပတ်လုံးနေ၍ မင်းကို ကြား၏။ ထိုအခါ ဘုရားလောင်းကို မင်းကြီးသည် "အရှင်ဘုရား၊ အရှင်ဘုရားတို့သည် အိုမင်းကုန်ပြီ၊ အရှင်ဘုရားတို့အား ဟိမဝန္တာ၌နေသဖြင့် အဘယ် အကျိုးရှိအံ့နည်း။ တပည့်တို့ကို ဟိမဝန္တာသို့လွှတ်၍ အရှင်ဘုရားတို့သည် ဥယျာဉ်၌လျှင် နေကုန်လော့"ဟု တောင်းပန်၏။

ဘုရားလောင်းသည် တပည့်ကြီးအား ရသေ့ငါးရာကို အပ်နှင်း၏။ "သင်သည် သွားလေလော့၊ ဤရသေ့တို့နှင့်တကွ ဟိမဝန္တာ၌နေလေလော့၊ ငါသည် ဤဥယျာဉ်၌လျှင်နေရစ်အံ့" ဟု တပည့်တို့ကိုလွှတ်လိုက်၍ မိမိသာလျှင်ဥယျာဉ်၌နေ၏။

ဘုရားလောင်း၏ တပည့်ကြီးကား မင်းအဖြစ်မှ ရဟန်း

ပြု၏။ ကြီးစွာသောမင်း၏ အဖြစ်ကိုစွန့်၍ ကသိုဏ်းပရိကံပြု၍ သမာပတ်ရှစ်ပါးကို ရ၏။

ရသေ့တို့နှင့်တကွ ဟိမဝန္တာ၌နေသောတပည့်ကြီးသည် တနေ့သ၌ ဆရာကို ဖူးမြင်လိုသည်ဖြစ်၍ ရသေ့တို့ကို ခေါ်၍ "သင်တို့သည် မငြီးငွေ့သည်ဖြစ်၍ ဟိမဝန္တာ၌သာလျှင်နေနှင့်ကြကုန်လော့၊ ငါသည် ဆရာကို ရှိခိုး၍လာအံ့"ဟုဆို၍ ဆရာ့အထံသို့သွား၍ ပျူငှာ လောကဝတ်ကိုပြု၍ အပေါ်အခင်းတခုခင်း၍ ဆရာ့အထံ၌သာလျှင် လျောင်း၏။

ထိုအခါ မင်းသည် ရသေ့ကို ဖူးမြင်အံ့ဟု ဥယျာဉ်သို့သွား၍ရှိခိုးပြီး တင့်အပ် လျောက်ပတ်စွာနေ၏။ တပည့်ကြီးဖြစ်သောရသေ့သည် မင်းကြီးကို မြင်၍လည်း မထ၊ လျောင်းလျက်သာလျှင် "ဩော် ချမ်းသာစွ— ဩော် ချမ်းသာစွ"ဟု ဝမ်းမြောက်သော စကားကို ကျူးရင့်၏။

မင်းသည် "ဤရသေ့သည် ငါ့ကို မြင်၍လည်းမထ"ဟု နှလုံးမသာသည်ဖြစ်၍ ဘုရားလောင်းကို "အရှင်ဘုရား၊ ဤရသေ့သည် အလိုရှိတိုင်း စားသည်ဖြစ်လတ္တံ့၊ ထို့ကြောင့် ဥဒါန်းကျူးရင့်လျက် ချမ်းသာစွာ အိပ်ခြင်းကိုသာ ပြု၏" ဟု လျှောက်၏။

"မင်းကြီး ဤရသေ့သည် ရှေး၌ သင်ကဲ့သို့သော မင်းဖြစ်ခဲ့ဘူး၏။ ထိုရသေ့သည် ငါသည် ရှေးလူဖြစ်သောကာလ၌ မင်း၏အသရေကို ခံစားလျက် လက်နက်စွဲကိုင်ကုန်သော များစွာသောသူတို့ စောင့်ရှောက်ငြားသော်လည်း ဤသို့ သဘောရှိသော ချမ်းသာမည်သည်ကို မရစဘူးဟု မိမိ၏ရဟန်းချမ်းသာ

ကိုဇွင်း၊ ဈာန်ချမ်းသာကိုဇွင်း စွဲ၍ ဥဒါန်းကျူးရင့်ခြင်းဖြစ်၏” ဟု ရှင်းပြပြီး တရားဟောကြား၏။

မင်းမြတ် အကြင်သူကိုလည်း တပါးသော သူတို့သည် မစောင့်ရှောက်ကုန်၊ အကြင်သူသည်လည်း တပါးသောသူတို့ကို မစောင့်ရှောက်၊ ကာမတို့၌ ငဲ့ကွက်ခြင်း မရှိသော ထိုသူသည် စင်စစ် စင်စစ် ချမ်းသာစွာအိပ်ရ၏။

မင်းသည် တရားဒေသနာကို နာရ၍ နှစ်သက် ဝမ်းမြောက်စွာရှိခိုးပြီး နန်းတော်သို့သာလျှင်သွား၏။ တပည့်ကြီးသည်လည်း ဆရာကိုရှိခိုး၍ ဟိမဝန္တာသို့သာလျှင်သွား၏။ ဘုရားလောင်းသည်ကား ထိုဥယျာဉ်၌နေလျက် မယုတ်သော ဈာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်၌ ဖြစ်၏။

## ချမ်းသာခြင်း

အခါတပါး မြတ်စွာဘုရားသည် အာဠဝီပြည် နွားတို့သွားလာရာလမ်းခရီး ယင်းတိုက်တော၌ သစ်ရွက်ခင်း၍ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဟတ္ထက မင်းသားသည် လမ်းလျှောက် လှည့်လည်ခဲ့ရာ မြတ်စွာဘုရားကိုမြင်၍ “အရှင်ဘုရား အသို့နည်း၊ ချမ်းသာစွာကျိန်းစက်ရပါ၏လော” ဟု လျှောက်၏။

“မင်းသား၊ ငါသည် ချမ်းချမ်းသာသာကျိန်းစက်ရ၏၊ လောက၌ ချမ်း ချမ်း သာ သာ အိပ်စက်ရသူတို့တွင် ငါလည်း တဦး“အပါအဝင်ဖြစ်၏”ဟု မိန့်တော်မူ၏။

“အရှင်ဘုရား၊ ဆောင်းရာသီညဥ့် ဖြစ်၍ ချမ်းအေးလှ

ပါ၏။ တပို့တွဲနှင့် တပေါင်းလအကူးကြားရှစ်ရက်သည် ဆီးနှင်းများကျသောအခါဖြစ်ပါ၏။ မြေပြင်သည် နွားခွာရာတို့ဖြင့် ကြမ်းတမ်းလှပါ၏။ သစ်ရွက် အခင်း လည်း ပါးလှပါ၏။ သစ်ပင်၏အရွက်တို့လည်း ကျဲလှပါကုန်၏။ သင်္ကန်းများလည်း အေးလှပါကုန်၏။ လေသည်း တိုက်လှပါ၏။"

"မင်းသား၊ ဤလောက၌ သူကြွယ်အားရင်း၊ သူကြွယ်သားအားရင် လုံခြုံ ကောင်းမွန်သော အိမ်ကြီး အိမ်ကောင်းသည် ရှိရာ၏၊ ထိုအိမ်၌အမွေးရှည်ကော်ဇောကြီးခင်းထားသော, သားမွေးဖြူ အခင်း ခင်းထားသော, ရတနာ စီခြယ်သော အခင်း ခင်းထားသော, ဝံပိုင့်ရေ ခင်းထားသော မျက်နှာကြက်နှင့် တကွသော အုံးနီနှစ်ဖက်ထားသော ပလ္လင်သည် ရှိရာ၏ ထိုတိုက်အိမ်ကြီး၌ ဆီမီးကိုလည်း ထွန်းထားရာ၏၊ စိတ်နှလုံးရွှင်ပြုံးဖွယ်သော မယားလေးယောက်တို့လည်း နှစ်သက်ဖွယ်။ အမျိုးမျိုးဖြင့် ပြုစုလုပ်ကျွေးကုန်ရာ၏၊ ထိုသူသည် ချမ်းသာစွာ အိပ်စက်ရာသလော"

"အရှင်ဘုရား၊ ထိုသူကြွယ်သည် ချမ်းချမ်းသာသာ အိပ်စက်ရပါ၏၊ လောက၌ ချမ်းသာစွာ အိပ်စက်ရကုန်သော သူတို့တွင် ထိုသူကြွယ်သည် တဦးအပါအဝင် ဖြစ်ရပါ၏"

"မင်းသား၊ ထိုသူကြွယ်သည် ရာဂကြောင့် ဖြစ်ကုန်သော ကိုယ်စိတ် ပူလောင်ခြင်း တို့သည် ဖြစ်ကုန်ရာ၏။ ရာဂကြောင့် ဖြစ်ကုန်သော အကြင်ပူလောင်ခြင်းကိုဖြင့် ပူလောင်သော ထိုသူ [illegible] ဆင်းရဲစွာ အိပ်ရသည်မဟုတ်လော"

"အ[illegible]ဘုရား ဆင်းရဲစွာ အိ[illegible]ရသည် မှန်ပါ၏"

"မင်းသား ထိုရာဂနှင့် မောဟကို ဗုဒ္ဓသည် ပယ်ပြီး ဖြစ်၏၊ အဖြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ အသစ်မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်အခါ ဖြစ်ပေါ်ခြင်းသဘောမရှိပြီ၊ ထို့ကြောင့် ငါသည် ချမ်းသာစွာ ကျိန်းစက်ရ၏"ဟု မိန့်တော်မူ၏။

## သုခဝဂ်

ရန်ပြုတတ်သူတို့ အလယ်၌ ရန်မပြုကြကုန်ဘဲ အလွန်ချမ်းသာစွာ ငါတို့အသက်မွေးကြကုန်၏၊ ရန်ပြုသောသူတို့ အလယ်၌ ရန် မရှိကုန်ဘဲ ငါတို့နေကြကုန်၏။

ကိလေသာ အနှိပ်စက် ခံရသူတို့ အလယ်၌ ကိလေသာ အနှိပ်စက် မခံရကုန်ဘဲ အလွန် ချမ်းသာစွာ ငါတို့အသက်မွေးနိုင်ကြကုန်၏၊ ကိလေသာ အနှိပ်အစက် ခံရသော သူတို့ အလယ်၌ ကိလေသာ အနှိပ်စက်မခံရကုန်ဘဲ ငါတို့နေနိုင်ကြကုန်၏။

ကာမဂုဏ်ကို ကြောင့်ကြ စိုက်ကုန်သော သူတို့အလယ်၌ ကာမဂုဏ်ကို ကြောင့်ကြမစိုက်ကြကုန်ဘဲ အလွန် ချမ်းသာစွာ ငါတို့ အသက်မွေးနိုင်ကြကုန်၏၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော လူတို့အလယ်၌ ကာမဂုဏ်ကို ကြောင့်ကြ မစိုက်ကြကုန်ဘဲ ငါတို့နေနိုင်ကြကုန်၏။

စိုးရိမ်ကြောင့်ကြဖွယ်ရာ တစုံတခုမျှ မရှိဘဲ အလွန်ချမ်းသာစွာ ငါတို့ အသက်မွေးနိုင်ကြကုန်၏၊ အာဘဿရာ ဗြဟ္မာတို့

ကဲ့သို့ နှစ်သက်ဝမ်းမြောက်မှု ပီတိတည်းဟူသော အစာကို အား ထား၍ နေကြကုန်အံ့။

အနိုင်ရသူသည် ရန်ကိုပွါးစေ၏၊ ရှုံးသောသူသည် ဆင်းရဲစွာနေရ၏၊ ငြိမ်းပြီးသောသူသည် အနိုင်အရှုံးကို စွန့်၍ ချမ်းသာစွာနေရ၏။

ရာဂနှင့် တူသော မီးမရှိ၊ ဒေါသနှင့် တူသော အပြစ်မရှိ၊ ခန္ဓာနှင့်တူသော ဆင်းရဲမရှိ၊ ငြိမ်းချမ်းခြင်းနှင့်တူသော ချမ်းသာ မရှိ။

အနာရောဂါကင်းခြင်းသည် မြတ်သော လာဘ်တည်း၊ ရောင့်ရဲမှုသည် မြတ်သော ဥစ္စာတည်း၊ ချစ်ကျွမ်းဝင်သူသည် မြတ်သော ဆွေမျိုးတည်း၊ ငြိမ်းချမ်းခြင်းသည် မြတ်သောချမ်း သာတည်း။

တရားတည်းဟူသော နှစ်သိမ့်ပီတိအရသာကို သောက် သူသည် ပီတိငြိမ်းခြင်း အရသာနှင့် ငြိမ်းချမ်းခြင်း အရသာကို သောက်ရသောကြောင့် ပူပန်မှုကင်း၏၊ မကောင်းမှု မှလည်း ကင်း၏။

သူတော်ကောင်းတို့ကို တွေ့မြင်ရခြင်းသည် ကောင်း၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏၊ သူတော်ကောင်းကို တွေ့မြင်ရခြင်းသည် အမြဲပင် ချမ်းသာ၏၊

သူမိုက်တို့နှင့် ပေါင်းဖော်၍ လှည့်လည်သော သူသည် ကာလ ရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည်

ရန်သူနှင့် အတူနေရသကဲ့သို့ အခါခါပ်သိမ်း ဆင်းရဲရ၏၊ ပညာရှိနှင့် အတူဘက္က နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူနေရသကဲ့သို့ ချမ်းသာ၏။

ထို့ကြောင့် တည်ကြည်သော, ပညာလည်း ရှိသော, အကြားအမြင်လည်း များသော, မင်္ဂဖိုလ်ဝန်လည်း ဆောင်လေ့ရှိသော, သီလဓုတင် အကျင့်လည်းရှိသော, မြတ်သော ပညာရှိသူတော်ကောင်းကို လမင်းသည် နက္ခတ်တို့သွားရာလမ်းကို ချဉ်းကပ်သကဲ့သို့ မှီဝဲဆည်းကပ်ရာ၏။

# အသေဝနာ

## ဂါထာ

အသေဝနာ စ ဗာလာနံ
ပဏ္ဍိတာနဉ္စ သေဝနာ၊
ပူဇာ စ ပူဇနေယျာနံ
ဧတံ မင်္ဂလ မုတ္တမံ။

## နိဿျ

ဒေဝပုတ္တ—နတ်သား
ဗာလာနံ—သူမိုက်တို့ကို
ယာ အသေဝနာစ—အကြင်မမှီဝဲ မဆည်းကပ်ရခြင်း
သည်ရှင်း,
ပဏ္ဍိတာနံ—ပညာရှိတို့ကို

ပူဇနေယျာနံ—ပူဇော်ထိုက်သောသူတို့ကို

ယာပူဇာ စ—အကြင်ပူဇော်ခြင်းသည်ရှင်း
အတ္ထိ—ရှိ၏၊
ဧတံ-ဤ သုံးပါးသောတရားသည်
ဥတ္တမံ—မြတ်သော
မင်္ဂလံ—မင်္ဂလာမည်၏။

## လင်္ကာ

ဤသို့လျှောက်လျှင်၊ သုံးလူ့ရှင်လည်း
ရှစ်အင်စုံညီ၊ သံတော်ချီ၍
ရွှေသီဟထုံး၊ စွဲနှုံးလုံးဖြင့်
မသုံးသပ်လှ၊ စိတ်ကာမငြိ
ရှင်ပီတိဖြင့်၊ မိန့်ရှိသည်မှာ—

ဝတိန်သာဘာ၊ ဤနွာဒေဝ
သိကြွားတမန်၊ မောင်နတ်မှန်
လျှောက်ဟန်အရ၊ မင်္ဂလာပြား
ငါ မိန့်ကြားအံ့—

တရားမသိ၊ ဒိဋ္ဌိအယူ
အမှုယွင်းချို့၊ သူ့ဘို-ကိုယ့်အား
စီးပွားမရှုခု ဝတ္တမာန်
ပစ္စုပ္ပန်နှင့်၊ နောင်ဖန်ကောင်းကျိုး

## အသေဝနာ

မြတ်နိုးမပြု၊ မခေါင်းမှုကို
ပြုမည်သာပ၊ အားထုတ်ကြသည့်
ဗာလာခေါ်ထိုက်၊ ဆိုသူမိုက်ကို
ယည်ပိုက်ယှဉ်တွဲ၊ မမှီဝဲလင့်၊

ငရဲရှောင်ကွာ၊ ပြိတ္တာကင်းဖွယ်
အပါယ်ကင်းလွတ်၊ လူနတ်နိဗ္ဗာန်
သုံးဘန်ချမ်းသာ၊ ရရာမှတ်သိ
မြတ်ဥာဏ်ရှိသား၊ ပဏ္ဍိတ်တို့ကို
မှီတွဲခိုလော့၊

လူပိုလ်တာရာ၊ ကိုး ကွယ်ရာသား
သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကနှင့်
သာဝက–သံဃာ၊ ဆရာ့ မိဘ
ဂုဏ်ယသပေါ်၊ ပူဇော်ဆိုင်ပြား
သူမြတ်များကို၊ တရား ပစ္စည်း
ဤနှစ်ပသည်းဖြင့် သိပ်သည်းကော်ရော်
ပူဇော်ရခြင်း—

အချင်းအဖျော်၊ ဤသုံးပါးကို
ယုံမှားကင်းလွတ်၊ စိတ်ခနညွတ်လျက်
လွှံ့မြက်လှုရာ၊ မင်္ဂလာဟု
သ ါကဲ့သွန်၊ နတ်တမန်သည်
မှုမှန်ရှုမှတ်–ပါလော်စ်၊

# သူမိုက်နှင့်ပညာရှိ

"သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ခြင်းနှင့်, ပညာရှိတို့ကို မှီဝဲဆည်းကပ်ရခြင်းနှင့်, ပူဇော်ထိုက်သူတို့ကို ပူဇော်ရခြင်းနှင့် ဤတရားသုံးပါးသည် မြတ်မင်္ဂလာမည်၏။"

ကျင့်မှုအပြု၊ မှတ်ကြောင်းရှုသော်
ဒုစိန္တိတ၊ စိန္တာစသား
ဗာလလက္ခဏာ၊ မှန်စွာထိုပြီ
သုစိန္တိတ၊ စိန္တာစသား
ဉာဏမဆိတ်၊ ပဏ္ဍိတ်လက္ခဏာ
သုံးဖြာကမ္မ၊ တံခွန်ပြ၏။

လောကလူ့ရွာ၊ လူတို့မှာမူ
အချို့သူက၊ ဤလူဗာလ
ဟူကုန်ကြလည်း၊ ချို့ကတုံသော်
ပဏ္ဍိခေါ်၏၊ သူတော်-သူယုတ်
လူတို့နှုတ်ကား၊ သမုတ်မြဲ
မှတ်ရာခဲရှင့်၊ သိခဲ-မှတ်ခဲ
သို့ဘပဲလည်း၊ ဝေခွဲသေချာ
ရှိပညာတို့၊ လက္ခဏာမှန်ပြ
စံညွှန်ကြ၏။

ရဟန်းတို့ သူမိုက်သည် မိမိ ပြုအပ်သော ကံလျှင် မှတ်ကြောင်း လက္ခဏာရှိ၏၊ ပညာရှိသည်လည်း မိမိပြုအပ်သော ကံလျှင် မှတ်ကြောင်း လက္ခဏာရှိ၏၊ပညာရှိမည့်သည် သတ္တဝါတို့၏ အပြု အမူ အားလျော်စွာ ထင်ရှား၏။

ရဟန်းတို့ တရားသုံးမျိုးတို့နှင့် ပြည့်စုံသူကို သူမိုက်ဟု သိအပ်၏။

အဘယ်သုံးမျိုးတို့ နည်းဟူမူ-

ကိုယ်ဖြင့်ပြုအပ်သော မကောင်းသော အကျင့် ကာယဒုစရိုက်ရင်း, နှုတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် ဝစီဒုစရိုက်ရင်း, စိတ်ဖြင့်ပြုအပ်သော မကောင်းသော အကျင့် မနောဒုစရိုက် ရင်း တို့တည်း။

ရဟန်းတို့ ဤဘရားသုံးမျိုးတို့နှင့် ပြည့်စုံသူကို သူမိုက်ဟု သိအပ်၏။

ရဟန်းတို့ တရား သုံးမျိုးနှင့် ပြည့်စုံသူကို ပညာရှိဟု သိအပ်၏။

အဘယ်သုံးမျိုးတို့နည်း ဟူမူ-

ကိုယ်ဖြင့်ပြုအပ်သော ကောင်းသော အကျင့် ကာယသုစရိုက်ရင်း,နှုတ်ဖြင့်ပြုအပ်သော ကောင်းသောအကျင့် ဝစီသုစရိုက်ရင်း, စိတ်ဖြင့် ပြုအပ်သော ကောင်းသော အကျင့် မနောသုစရိုက် ရင်း တို့တည်း။

ရဟန်းတို့ ဤတရားသုံးမျိုးတို့နှင့် ပြည့်စုံသူကို ပညာရှိဟု သိအင်၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ သူမိုက်ဟု သိကြောင်း တရားသုံးမျိုးတို့ကို ရှောင်ကြဉ်၍ ပညာရှိဟု သိကြောင်း တရားသုံးမျိုးတို့ကို ဆောက်တည်၍ ကျင့်ကုန်အံ့ဟု ကျင့်ရမည်။

ရဟန်းတို့ ဤသို့သာလျှင် သင်တို့ကျင့်ရမည်။

ရဟန်းတို့ သူမိုက်၏ သူမိုက်ဟုမှတ်ကြောင်း လက္ခဏာ, သူမိုက်ဟုသိကြောင်း အမှတ်နိမိတ်, သူမိုက်ဟု ထင်ရှားကြောင်း အပြု အမူ အပဒါန်တို့သည် ဤသုံးမျိုးတို့တည်း။

အဘယ်သုံးမျိုးတို့နည်းဟူမူ—

ရဟန်းတို့ ဤလောက၌ သူမိုက်သည် မကောင်းသော အကြံကိုလည်း ကြံလေ့ရှိ၏၊ မကောင်းသော စကားကိုလည်း ပြောလေ့ရှိ၏၊ မကောင်းသော အမှုကိုလည်း ပြုလေ့ရှိ၏။

ရဟန်းတို့ သူမိုက်သည် မကောင်းသော အကြံကိုလည်း အကယ်၍ ကြံလေ့မရှိငြားအံ့၊ မကောင်းသော စကားကိုလည်း အကယ်၍ ပြောဆိုလေ့မရှိငြားအံ့၊မကောင်းသော အမှုကိုလည်း အကယ်၍ ပြုလေ့မရှိငြားအံ့၊ ထိုသူကို- "ဤသူကား သူမိုက် သူယုတ်တည်း-" ဟု ပညာရှိတို့သည် အဘယ်မှာ သိကုန်ရာအံ့နည်း။

ရဟန်းတို့ အကြင့်ကြောင့် သူမိုက်သည် မကောင်းသော အကြံကိုလည်း ကြံလေ့ရှိ၏၊ မကောင်းသော စကားကိုလည်း ပြောလေ့ရှိ၏၊ မကောင်းသော အမှုကိုလည်း ပြုလေ့ရှိ၏၊ ထို့ကြောင့် ထိုသူမိုက်ကို- "ဤသူကား သူမိုက်သူယုတ်တည်း-" ဟု ပညာရှိတို့သည် သိကြရကုန်၏။

ရဟန်းတို့ ဤတရားသုံးမျိုးတို့သည် သူမိုက်၏ သူမိုက်ဟု မှတ်ကြောင်း လက္ခဏာ, သူမိုက်ဟုသိကြောင်း အမှတ်နိမိတ်, သူမိုက်ဟု ထင်ရှားကြောင်း အပြု အမူ အပဒါန်တို့တည်း။

ရဟန်းတို့ ပညာရှိ၏ ပညာရှိဟု မှတ်ကြောင်း လက္ခဏာ, ပညာရှိဟု သိကြောင်း အမှတ်နိမိတ်, ပညာရှိဟု ထင်ရှားကြောင်း အပြု အမူ အပဒါန်တို့သည် ဤသုံးမျိုးတို့တည်း။

အဘယ်သုံးမျိုးတို့နည်း ဟူမူ—

ရဟန်းတို့ ဤလောက၌ ပညာရှိသည် ကောင်းသော အကြံကိုလည်း ကြံလေ့ရှိ၏၊ ကောင်းသော စကားကိုလည်း ပြောဆိုလေ့ရှိ၏၊ ကောင်းသော အမှုကိုလည်း ပြုလေ့ရှိ၏။

ရဟန်းတို့ ပညာရှိသည် ကောင်းသော အကြံကိုလည်း အကယ်၍ ကြံလေ့မရှိငြားအံ့၊ ကောင်းသော စကားကိုလည်း အကယ်၍ ပြောဆိုလေ့မရှိငြားအံ့၊ ကောင်းသော အမှုကိုလည်း အကယ်၍ ပြုလေ့မရှိငြားအံ့၊ ထိုသူ့ကို-"ပညာရှိသူတော်ကောင်း တည်း-"ဟု ပညာရှိတို့သည် အဘယ်မှာ သိကုန်ရာအံ့နည်း။

ရဟန်းတို့ အကြင့်ကြောင့် ပညာရှိသည် ကောင်းသော အကြံကိုလည်း ကြံလေ့ရှိ၏၊ ကောင်းသော စကားကိုလည်း ပြောဆိုလေ့ရှိ၏၊ ကောင်းသော အမှုကိုလည်း ပြုလေ့ရှိ၏၊ ထို့ကြောင့် ထိုပညာရှိကို "ဤသူကား ပညာရှိသူတော်ကောင်း တည်း"ဟု ပညာရှိတို့သည် သိကြရကုန်၏။

ရဟန်းတို့ ဤတရားသုံးမျိုးတို့သည် ပညာရှိ၏ ပညာရှိဟု မှတ်ကြောင်း လက္ခဏာ, ပညာရှိဟုသိကြောင်း အမှတ်နိမိတ်, ပညာရှိဟု ထင်ရှားကြောင်း အပြု အမူ အပဒါန်တို့တည်း။

# သူမိုက်သူယုတ်

သူယုတ်သည်ကား ပညာရှိတို့ဆုံးမသော်လည်း များစွာ စဉ်းလဲသည် သာ တည်း၊ မီးသွေးသည် သွေး သော်လည်း ညိုကာမျှပင်မရောက် သကဲ့သို့တည်း။

သူယုတ်၌ တင့်တယ်သော အဖြစ်သည်ကား သူ့မယား ကို ပြစ်မှားခြင်းသာတည်း၊ ဥစ္စာသည် လုံတို့ကို ပူပန်စေရန် သာ ဖြစ်သကဲ့သို့ သူမိုက်တို့ဆည်းပူးသော အကြားအမြင်သည် သူတော်ကောင်းတို့ကို ဖျက်ဆီးရန်သာဖြစ်၏။ သူယုတ်၌ ဂုဏ် ကျေးဇူးတို့ကား ကြမ်းတမ်းစွာ၏။

မိမိသည် သူကောင်းဖြစ်လျက် သူကောင်းကို မသူတော် ဟု ဆိုခြင်းထက် လောက၌ ရယ်ဖွယ်စကား တစုံတရာသည် ထိုသူယုတ်၌ မရှိသလောက်တည်း။

အနာ-အဥမှ ဖြစ်သောသတ္တဝါ, အစေ့မှ ဖြစ်သော အညွန့်, မီး, အဿထိုရ်မြင်း, မိုးတိမ်နှင့်သူယုတ်သည် မိမိမှီရာကို မဖျက်ဆီးရဘဲ မငြိမ်းကြကုန်။

သူယုတ်တို့သည် စင်စစ် သူတပါးကို ကဲ့ရဲ့ပြောဆိုခြင်း နှင့် ကင်း၍ မမွေ့လျော်ကုန်၊ ခွေးသည် အရသာမျိုးစုံစားပြီး သော်လည်း မစင်ကြွင်ကြီးနှင့်ကင်း၍ မနှစ်သက်သကဲ့သို့တည်း။

သံသည်ကား ပူစေလိုသော် ပူ၏၊ ဆေ့စပ်ခြင်းသို့လည်း ရောက်၏။ ပျောင်းပျောင်း ကွေးညွတ်ခြင်းလည်း ဖြစ်၏။ သူယုတ်၏စိတ်သည် မနူးညံ့၊ သူယုတ်၏စိတ်ကို သံဖြင့် ဘယ်သို့ ဥပမာပြုအံ့နည်း။

တိုသို့ အပြစ်များသောကြောင့် အစီးအပွားကို အလို ရှိသော ပညာရှိသည် သူယုတ်ကို အဆိပ်ပြင်းထန်သောမြွေကဲ့သို့ ဝေးစွာ ရှောင်ကြဉ်ရာ၏။

ထိုစကားသင့်စွ၊ သူယုတ်နှင့် ပေါင်းသင်းခြင်းကိုရှင်း၊ ရန်သူအဖြစ်ကိုရှင်း မပြုလုပ်အပ်။ မီးကျီးသည် ရဲရဲညီးမူကား လောင်တတ်၏။ အေးမူကား မည်းနက်ညစ်ပေစေတတ်၏။

'သူယုတ်ကို အတတ်ပညာဖြင့် တန်ဆာဆင်သော်လည်း ရှောင်ကြဉ်အပ်သည်သာတည်း။ မြွေသည် အမျက်ရတနာဖြင့် တန်ဆာ ဆင်သော်လည်း အဘယ်မှာဘေးမပြုဘဲ ရှိမည်နည်း။

ယုတ်မာမှုကို ပြုသူ၌လည်း မဆည်းကပ်ရာ၊ အပျက် စကား ပြောကြားသူ၌လည်းမဆည်းကပ်ရာ၊ ကိုယ်ကျိုးအတွက် လည်း ပညာရှိ၌ မဆည်းကပ်ရာ၊ အလွန်ငြိမ်သက်သော ပညာ ရှိ၌လည်း မဆည်းကပ်ရာ။

## ပညာရှိသူကောင်း

ပညာရှိမှာ သနားကြင်နာခြင်း အစရှိသော ဂုဏ်တို့ရှိ၏။ ပညာမဲ့ သူမိုက်မှာကား သူတပါးအား ညှဉ်းဆဲခြင်း အစ ရှိသော အပြစ်တို့ရှိ၏။ ထို့ကြောင့် သူမိုက်တထောင်ကို ပယ်၍ ပညာရှိတယောက်ကိုသာ မထူး ပူဇော်ရာ၏။

ပညာမတတ်သူသည် ပြန့်ပြော မြင့်မြတ်သော အမျိုး အနွယ်ဖြင့် အဘယ်အကျိုးရှိအံ့နည်း။ အမျိုးယုတ်သော်လည်း ပညာတတ်ပါမူ နတ်တို့သော်လည်း ပူဇော်ရာ၏။'

အဆင်း, အရွယ်နှင့် ပြည့်စုံ၍ ပြန့်ပြောမြင့်မြတ်သော အမျိုး၌ဖြစ်သော်လည်း အတတ်ပညာမရှိပါမူ မွှေးရနံ့မရှိသော ပေါက်ပန်းကဲ့သို့ မတင့်တယ်။

ပညာဂုဏ်နှင့် ပြည့်စုံသောသားတယောက်သည် မြတ်၏၊ ပညာမရှိသော သားတို့သည် တရာပင်ရှိစေကာမူ အကျိုးမရှိ၊ လ တစင်းသည် အမိုက်မှောင်ကို ပယ်ဖျောက်နိုင်၏၊ နက္ခတ်တာရာအများသည် အမှောင်ကို မဖျောက်နိုင်ကြ။

သစ်ပင်ခြောက်တပင်၏အခေါင်း၌ ကည်သောမီးသည် တောတောလုံးကို လောင်ကျွမ်းသကဲ့သို့ ပညာမရှိသောသူမိုက်သည် ဆွေမျိုးအပေါင်းကို လောင်ကျွမ်းစေ၏။

ပုဆိုးရှည်ဝတ်ဆင်ထားသော ပညာမဲ့သူသည် အဝေးမှ တင့်တယ်သေး၏၊ ထိုသူသည် တစုံတရာစကားမပြောသမျှလည်း သဘင်အလယ်၌ တင့်တယ်ပါသေးသည်။

သူယုတ်သည် ချစ်ဖွယ်သောစကားကို ပြောဆိုတတ်၏၊ သို့ဖြင့် ယုံကြည်စိတ်ချစွာ ချစ်ကျွမ်းဝင်ဖွယ်အကြောင်းမဟုတ်၊ ထိုသူ၏ လျှာဖျား၌ ပျားရည်ရှိ၏၊ သူ၏ နှလုံးသားမှာကား လတ်တလောသေစေတတ်သောအဆိပ်ရှိ၏။

မြွေလည်း ကြောက်ဖွယ် ကောင်း၏၊ သူယုတ်လည်း ကြောက်ဖွယ်ကောင်း၏၊ မြွေထက် သူယုတ်ကပို၍ကြောက်ဖွယ် ကောင်း၏၊ မြွေကိုဆေးဝါးမန္တရားဖြင့်နှိမ်နင်းနိုင်၏၊ သူယုတ်ကို ဘယ်သူသည် အလိုသို့ပါအောင် ဆွဲဆောင်နိုင်မည်နည်း။

ဆင်ကို အတောင် တထောင် ဝေးကွာသော အရပ်မှ ရှောင်ကြဉ်ရာ၏၊ မြင်းကို အတောင်တရာဝေးကွာသောအရပ်မှ

ရှောင်ကြဉ်ရာ၏၊ ဦးချို ရှိသော သတ္တဝါတို့ကို ဆယ်တောင် ဝေးကွာသောအရပ်မှ ရှောင်ကြဉ်ရာ၏။ သူယုတ်ကိုမူ တည်နေရာ အရပ်ကိုစွန့်သဖြင့် ရှောင်ကြဉ်ရာ၏။

## ကျေးညီနောင်

လူတို့သဘော၊ မနောစင်ဖြူ
ကောင်းသောသူနှင့်၊ ပေါင်းဖက်သင့်က
ကောင်းကျင့် ကောင်းမူ၊ မကောင်းသူနှင့်
အတူပေါင်းမူ၊ မကောင်းဘုကို
လိုက်ပြုတတ်စွ၊ ဤလောကဿ
တံငါအိမ်နား၊ တံငါလားဟု
ဆိုကြားမှန်ဘိ၊ ယွင်းမရှိတည့်။

တခါဝမ်းအောင်း ရသော့ကျောင်းနှင့်
ဆိုးတောင်းယုတ်မာ၊ ခိုးသူ့ရွာသို့
ရောက်ရှာကုန်ကြ၊ သုဝနှစ်ကောင်
ကျေးညီနောင်တို့၊ တကောင်မှာသော်
သူတော်ဓလေ့၊ သိမ်ခမွေ့လိမ္မာ
တကောင်မှာမူ၊ ဝါစာဖရုသ်
ကြမ်းကြုတ်ရိုင်း၊ ရန်ရှင်းမိုက်၏။

လွန်သေပြီးသောအခါ ဥတ္တရ ပဉ္စာလတိုင်း ပဉ္စာလမင်းသည် စစ်သည်တို့နှင့် အတူတကွ တောသို့ အမဲလိုက် ထွက်၏၊ မင်းသည် သမင်တစီးကို မဲ၍လိုက်ရာ အပေါင်း အဖော်များနှင့် ကွဲပြီး တောနက်ထဲသို့ ရောက်သွား၏၊ မွန်းတည့်ချိန်သို့ ရောက်သောအခါ လွန်စွာ ခမောပန်းလှသဖြင့် ရွာတရွာ၏ အနီး သစ်ပင်အောက်တွင် အပန်းဖြေ လျှောင်းစက် နားနေ၏။

ထိုအခါ ကျေးသား တကောင်က “ဟယ် ခိုးသားတို့ လက်နက်ယူပြီး လာကြကုန်လော့၊ အဝတ်တန်ဆာအပြည့်အစုံနှင့် မင်းတပါးသည် ရထားထိန်းနှင့်အတူအိပ်ခမောကျနေသည်၊ ညည့်သန်ကောင်အခါကဲ့သို့ ဆိတ်ငြိမ်နေသော ယခုအခါမှာ အဝတ်တန်ဆာ ရတနာတို့ကို ယူပြီး ဖျောက်ဖျက်ပစ်ကြလော့” ကြေးကြော်နေ၏။

“ဟယ် သတ္တိဂုမ္ဘ သင်သည် သူရူးကဲ့သို့ အဘယ်ကြောင့် ပြောဆိုနေသနည်း၊ တောမီးကို ချဉ်းကပ်ဘို့ မလွယ်သလို မင်း၏ ထံချဉ်းကပ်ဘို့မလွယ်ဘူး” ဟု ကောဋိလမ္ဗဆိုသူ ထမင်းချက်က ပြန်လည်ပြောပြ၏။

ထိုရွာမှာ ခိုးသားတို့ နေသော ရွာဖြစ်၏၊ ခိုးသားတို့သည် မင်း၏ ရထားသံကြားစကပင် ရှောင်တိမ်းနေကြသည်၊ ကျေးသားနှင့် ထမင်းချက်သာလျှင် ကျန်ခဲ့၏။

“ဟယ် ကောဋိလမ္ဗ သင်သည် သေရည်မူးပြီး အချည်းနှီးငါ့ကို ကြိမ်းဝါးဘိ၏၊ သင်သည် အဘယ့်ကြောင့် အလုပ်ကို လွှန့်ထုပ်ပါ...သိသနည်း” ဟု ကျေးသားက မေးမြန်းလေ၏။

ထိုစကားကို မင်းကြီးကြားသောအခါ “အချင်းရထား

ထိန်း လျှင်စွာထပြီး ရထားကိုက လော့၊ ဤ ကျေးသား၏ စကားကို ငါမနှစ်သက်၊ အခြားတနေရာသို့ သွားကြပါစို့”ဟု ဆို၏။

“မြဘ်သော မင်းကြီး မြင်းတို့ကို က-ပြီ.ပါပြီ၊ ရထား ထက်သို့ တက်ပါလော့”ဟုဆိုပြီး ရထားထိန်းသည် ကျွမ်းကျင်စွာဖြင့် ရထားကို နှင်လေ၏။

ထိုအခါ ကျေးသားသည်“ဟယ် ခိုးသားတို့ သ တို့ဘယ် သွားနေကြသနည်း၊ မင်း၏ ရထားထွက်သွားပြီ၊ မလွတ်စေနှင့် လိုက်ဖမ်းကြ”ဟု ဟစ်ကြွေးကာ ကျန်ရစ်ခဲ့၏။

မင်း၏ ရထားသည် သခ်မ်းကျောင်းတခုသို့ ဆိုက်ရောက် သွားသောအခါ ကျေးသားတကောင် ဆီးကြို၍“ အရှင်မင်းကြီး ၏လာခြင်းသည်ကောင်းသောလာခြင်းဖြစ်ပါစေ၊အရှင်၏အပြစ် ကင်းသော လာခြင်းဖြစ်ပါစေ၊ ဤတွင် အလိုရှိရာကို မိန့်ကြား ပါလော့၊ ပျားရည်ကဲ့သို့ ချိုသော တည်သီး, လွန်သီး, သစ် မည်စည်သီး, သခွါ သီးတို့ ရှိပါသည်၊ ကြိုက်ရာရာကို သုံးဆောင် တော်မူပါ၊ တောင်ချောက်ကြားမှ ဆောင်ယူသော ဤရေ သည်လည်း အေးမြလှပါသည်၊ အကျွန်ုပ်မှာသက်မရှိပါ အလုပ် အကျွေးတို့လည်း တောသို့ သစ်သီးရှာ သွာ နေကြပါ၍ ကိုယ် တိုင် ယူ၍ သုံးဆောင်တော်မူပါ”ဟု ပြောပြ၏။

မင်းကြီးသည် လွန်စွာ အံ့ဩရှင်မောစွာဖြင့်“အမောင် သင်တမူကား လှန်စွာပင် ယဉ်ကျေးသိမ်မွေ့လှပါသည်၊ လာခဲ့ [illegible] သားအား လွန်စွာပင် ကြောက်မက်ဖွယ် ကောင်းလှပါသည်”ဟုပြောပြ၏။

ထိုအခါ ကျေးသားက "အရှင်မင်းကြီး အကျွန်ုပ်တို့သည် အမိတဦးတည်းမှ ပေါက်ဖွားသော တအူတုံဆင်း နောင်ညီရင်းတို့ ဖြစ်ကြပါသည်၊ သစ်ပင်တပင်တည်းမှာပင် အတူ ကြီးပွါးလာကြပါသည်၊ သို့သော်လည်း တနေ့တွင် အကျွန်ုပ်တို့ နောင်ညီနှစ်ဦး အပျံသင်ကြရာတွင် လေပြင်းမုန်တိုင်းမိ၍ သူသည် ခိုးသားတို့ရွာသို့ ကျသွားပါသည်၊ ခိုးသားတို့က သူ့ကို သတ္တိဂုမ္ဗဟူသော အမည်ဖြင့် မွေးမြူထားကြပါသည်၊ အကျွန်ုပ်ကား ရှင်ရသေ့တို့၏ ဤသင်္ခမ်းသို့ ကျလာပါသည်၊ ကျွန်ုပ်ကိုလည်း ဆရာရသေ့တို့က ပုပ္ဖကဟူသောအမည်ဖြင့် မွေးမြူထားပါသည်" ဟု သူတို့၏ ဘဝကို ရှင်းပြ၏။

"ညီနောင်ရင်းဖြစ်ကြပါလျက် သင်တို့နှစ်ဦး၏ သဘောတရားမှာ ရေနှင့် မီးပမာ ကွဲပြားလှစွာ၏၊ အသို့ပါနည်း" ဟု မင်းကြီးက ဆို၏၊ ထိုအခါ ပုပ္ဖသည်၊ မင်းကြီးအား သူမိုက်ကို မှီဝဲဆည်းကပ်ခြင်းနှင့် ပညာရှိကို မှီဝဲဆည်းကပ်ခြင်း သဘောတရားကို နှိုင်းယှဉ်ခွဲခြားပြ၏။

အရှင်မင်းကြီး သတ္တိဂုမ္ဗကား ခိုးသူတို့ထံ၌ ကြီးပွါးပါသည်၊ အကျွန်ုပ်ကား ရှင်ရသေ့တို့ထံ၌ ကြီးပွါးပါသည်၊ သူသည် ခိုးသူတို့ထံကပ်ပါသည်၊ အကျွန်ုပ်သည် ရှင်ရသေ့တို့ထံ ကပ်ပါသည်၊ သို့ကြောင့် အကျွန်ုပ်တို့အား သဘောတရား ကွဲပြားခြင်းဖြစ်ပါသည်။

မင်းကြီး သူသည် ခိုးသူတို့ထံတွင် နေသဖြင့် ခိုးသူတို့၏ အလေ့အကျင့် ဖြစ်သော သတ်ဖြတ်ခြင်း, နှောင်ဖွဲ့ခြင်း,

လှည့်ပတ်ခြင်း, လိမ်လည်ခြင်း, လုယက်ခြင်း, တိုက်ခိုက်ခြင်း တို့ကို သင်ကြားပါသည်။

ဤတွင်မူကား အမှန်သစ္စာ, တရားဓမ္မ, မညှဉ်းဆဲခြင်း အဟိံသာ, စောင့်စည်းခြင်း သံယမ, သွန်သင်ဆုံးမခြင်းဒမတို့ ရှိပါသည်။ မင်းမြတ်အကျွန်ုပ်သည် နေရာနှင့် ရေပေးလေ့ရှိသော ရသေ့တို့ ရင်ခွင်မှာ ကြီးပါသည်။

သူတော်စင် သို့မဟုတ် သူယုတ်ကိုရင်း, သီလရှိသူ သို့မဟုတ် သီလမဲ့သူကိုရင်း, မှီဝဲဆည်းကပ် သူသည် ထိုသူတို့၏ အလိုသို့သာ လိုက်တတ်ပါသည်၊

အကြင်သို့ သဘောရှိသော အဆွေခင်ပွန်းကို ပေါင်းသင်း၍ အကြင်သို့သဘောရှိသောသူကို မှီဝဲဆည်းကပ်သူသည် ထိုပေါင်းသင်း ဆည်းကပ်သူနှင့် အတူဖြစ်၏။

မှီဝဲဆည်းကပ်အပ်သူသည် မကောင်းမှုဖြင့် မလိမ်းကျံသောဆည်းကပ်တတ်သူကို မကောင်းမှုဖြင့် လိမ်းကျံစေတတ်၏၊ တွေ့ထိအပ်သူသည် မကောင်းမှုဖြင့် မလိမ်းကျံသော တွေ့ထိတတ်သူကို မကောင်းမှုဖြင့် လိမ်းကျံစေ၏။ အသို့နည်း အဆိပ်လူးသော မြားသည် မြားတောင့်ကို အဆိပ်ဖြင့် လိမ်းကျံစေသကဲ့သို့တည်း၊ မကောင်းမှုဖြင့် လိမ်းကျံခြင်းမှ ကြောက်သော ပညာရှိသည် အဆွေခင်ပွန်းယုတ်မရှိရာ။

အကြင်သူသည် ငါးပုပ်ကို သမန်းမြက်ဖြင့် ထုတ်၏၊ သမန်းမြက်ကိုလည်း အပုပ်နံ့လှိုင်ကြောင်း၏၊ လူမိုက်ကိုမှီဝဲ ဆည်းကပ်သူတို့သည် ဤအတူတည်း။

အကြင်သူသည် တောင်ဇလပ်ပန်းကို ပေါက်ဖက်ဖြင့် ထုတ်၏၊ ပေါက်ဖက်တို့လည်း မွှေးရနံ့လှိုင်စေကုန်၏၊ ပညာရှိကို မှီဝဲဆည်းကပ်သူတို့သည် ဤအတူတည်း။

ထို့ကြောင့် ပန်းထုပ်ခသော ပေါက်ဖက်ကဲ့သို့ မိမိ ပါရမီရင့်သည်ကို သိ၍ သူယုတ်ကို မမှီဝဲမဆည်းကပ်ရာ၊ ပညာရှိ သူတော်စင်တို့ကိုသာလျှင် မှီဝဲဆည်းကပ်ရာ၏၊ သူယုတ်တို့သည် ငရဲသို့ ပို့ဆောင်ကုန်၏၊ သူတော်စင်တို့သည် ကောင်းသောဘဝသို့ ရောက်စေကုန်၏။

## ဆင်နှင့်မြင်း

မှတ်ပိုက်တဖြာ၊ ရှေးသော့ခါက
မဟာလာမုခ၊ ပြောင်မုန်လှနှင့်
ပဏ္ဍဝမည်လျှင်း၊ စီးတော်မြင်းလည်း
နီးရင်းနေသူ၊ စောင့်ထိန်းလူကို
အဘူသင့်နိုး၊ တုလိုက်ခိုး၍
နင်းချိုးသတ်ပုတ်၊ လွန်ကြမ်းကြုတ်နှင့်
ခုတ်ခုတ်ခြေသံ၊ နှာခံမကောင်း
အသွားပြောင်း၍၊ နှောင်းမှပြုပြင်
သုန်သင်သဖြင့်၊ အသစ်ဖြစ်ပြန်
တိရစ္ဆာန်မျိုး၊ ကောင်းဆိုးရှိုင်းယဉ်
ဂုဏ်ထူးယှဉ်၏။

ရှေးသရောအခါ မဟိလာမုခ အမည်ရှိသော မင်းစီးဆင်တော်သည် လွန်စွာပင် အကျင့် စာရိတ္တ ကောင်းမွန် လှ၏၊ သို့ကြောင့်လူတို့သည် ထိုဆင်ကို ချစ်ခင်နှစ်သက်ကြ၏၊ ကလေးသူငယ်များပင် သူ၏အောက်၌ရှင်း, ရှေ့နောက်ဝဲယာတို့၌ရှင်း, လွတ်လပ်ပျော်ရွှင်စွာ ကစားမြူးတူးကြ၏။ သူကလည်းအားလုံးကိုပင် သနားချစ်ခင်၏။ တနေ့တွင်မူ ထိုဆင်သည်သူ၏ထံသို့ ဦးစွာရောက်လာသော ဆင်ဦးစီးတယောက်ကို နှာမောင်းဖြင့် ယူပြီး ပေါက်သတ်ပစ်လိုက်၏။ သို့သော်လည်း ဆင်ဦးစီးတို့သည် ဤအဖြစ်ကို ဆင်၏အပြစ်ဟုမယူဆကြ၊ အခိုက်မသင့်၍ အမှတ်မထင် ဖြစ်သည်ဆင်ကြသဖြင့် ရဲရင့်စွာပင်ချဉ်းကပ်ကြ၏၊ ဆင်ကြီးကလေးသမျှလူတို့ကို အကုန်သတ်ဖြတ်နေ၏။

ထိုသတင်းကို မင်းကြီး ကြားသောအခါ ဆင်ဆရာတို့ကို ခေါ်၍ ဆင်ကိုစစ်ဆေးစေ၏၊ သို့သော်လည်း ဆင်မှာတစုံတရာ ရောဂါဝေဒနာရှိသည်ကို မတွေ့ကြပါ၊ ဆင်ကားဆိုးသွမ်းကြမ်းတမ်းလျက်ပင်ရှိ၍ မင်းကြီးသည် ပုရောဟိတ်အား ဆင်၏အခြေအနေကို စူးစမ်းထောက်လှမ်းရန် တာဝန်ပေးလိုက်၏။

ပုရောဟိတ်သည် ဆင်တင်းကုပ်သို့သွားပြီး ဆင်ထိန်းတို့ကိုခေါ်ကာ စစ်ဆေး၏၊ ထိုတွင်ဆင်ထိန်းတဦးက ယခုရက်အတွင်း ညဉ့်အခါခိုးသားအချို့သည် ဆင် တင်း ကုပ် တွင် မှောင်ခိုပြီးတိုင်ပင်သော အကြောင်းကို ပြောပြ၏၊ ထိုအခါ ပုရောဟိတ်သည် ဆင်ကြီး ကြမ်းကြုတ် ခက်ထန် သွားခြင်း၏ အကြောင်းရင်းကို စဉ်းစားမိသွား၏၊ ချက်ခြင်းပင်ခိုးသားတို့ မှောင်ခိုပြီး တိုင်ပင်သော နေရာကိုရှင်းလင်း သုတ်သင်စေပြီး

ထိုတွင်ရသေ့ ရဟန်းတို့ကို ပင့်ဖိတ်ကာ ပရိတ်မေတ္တာတရားကို ဟောကြားစေ၏။ သို့ဖြင့် နှစ်ရက်သုံးရက်အတွင်းမှာ ဆင်ကြီးသည် ရှေးကကဲ့သို့ပင် အကျင့်စာရိတ္တကောင်းမွန်သွား၏။

မဟိလာမုခသည် ခိုးသားဘို့အချင်းချင်း ထိုးခုတ်သတ်ဖြတ်ခြင်း အကြောင်းတို့ကို ဆွေးနွေးတိုင်ပင်ကြရာ မိမိအားသင်ကြားသည်ဟု ယူဆ၍ အတုလိုက်ပြုလုပ်ခြင်းဖြစ်၏။ ယခုမူရသေ့ရဟန်းတို့၏ ပရိတ်မေတ္တာတရားကို ကြားနာရ၍အတုယူကာ သတ္တဝါတို့အား ကြင်နာသနားခြင်းဖြစ်၏။

ထို့ပြင်ပဏ္ဍဝသည် လွန်စွာအသွားအလာ လှပတင့်တယ်ခန့်ငြားသော မင်းစီးမြင်းတော်ဖြစ်၏။မင်းသည် ထိုမြင်းကိုစီး၍ထွက်တော်မူပါလျှင် လူတိုင်းပင်ရပ်ပြီး မြင်း၏သွားပုံကို အာရုံစိုက်ကာ ငေးမောနေကြ၏၊ တနေ့မှာကား ထိုမြင်းသည် ရုတ်တရက်အသွားပြောင်းသွား၏၊ ခြေခွင်ပြီးသွားနေ၍ မင်းကြီးသည် မြင်းဆရာတို့ကိုခေါ်ပြီး မြင်းအားစစ်ဆေးစေ၏။ သို့သော်လည်းမြင်းမှာ ကစုံတရာ အနာရောဂါ မတွေ့ကြပါ၊မြင်းကား ခြေခွင်လျက်ပင်သွားနေ၏၊ သို့ကြောင့်မင်းကြီးသည် ပညာရှိအမတ်တဦးအား မြင်း၏အခြေအနေကို စူးစမ်းထောက်လှမ်းရန်တာဝန်ပေးလိုက်၏။

အမတ်သည် မြင်းတင်းကုပ်သို့ သွားကာ မြင်းထိန်းတို့ကို စစ်ဆေးရန်ခေါ်၏၊ ထိုတွင် မကြာမီရက်အတွင်းက ရောက်လာသော မြင်းထိန်းတယောက်မှာ ခြေခွင်နေသည်ကိုတွေ့ရ၏၊ အမတ်သည်ချက်ခြင်းပင် စီးတော်မြင်း ခြေခွင်ခြင်းအကြောင်းကို သိသွားသဖြင့် ထိုမြင်းထိန်းကို အခြားနေရာသို့ ပြောင်း

ပေးလိုက်၏၊ သို့ဖြင့် ရက်အနည်းငယ်အတွင်းမှာ စီးတော်မြင်းသည် ရှေ့ကကဲ့သို့ပင် လှပစွာ သွားမြဲသွားလေသည်။

စီးတော်မြင်းသည် မိမိရှေ့တွင်မြင်းထိန်း၏ ခြေကိုခွင်၍ သွားခြင်းကို မိမိအား သင်ကြားပေးနေသည်ထင်၍ ထို့အတူ ခြေခွင်သွားခြင်းဖြစ်၏။

## အဘန္တရ သရက်

ဝိညာဉ်ကင်းဘိ၊စိတ်ရှိသတ္တဝါ
မဟုတ်စွာသေး၊တခါခွေးတောက်
မြစ်ရှောက်ရောရှက်၊တူနှောဖက်၍
သရက်ချိုမြ၊ဘန္တရလျက်
ကွယ်ပအပြီး၊အခါးသီး၏။

ရှေးသရောအခါ ဒဓိဝါဟန အမည်ရှိသောမင်းသည် အဘန္တရသရက်မျိုးကိုရ၍ မိမိဥယျာဉ်၌ စိုက်ပျိုးထား၏၊ သုံးနှစ်ခန့်ရှိသောအခါသီး၏။ သရက်သီးတို့မှာ အိုးစရည်းဘမျှရှိ၍ လွန်စွာချို၏၊ မင်းကြီးသည် ဘိုထူးဆန်းသော သရက်သီးတို့ကို အခြားသော မင်းတို့အားသည်း လက်ဆောင်ပေး၏။ သို့သော်လည်း မျိုးပွားမည်စိုး၍ အညွန့်ထွက်မည့်နေရာတွင် လိပ်ကျောက်ဆူ ဖြင့်ထိုးပြီးမှ ပေး၏။

သရက်သီးမှာ ကြီးမာလှပချိုမြိန်လှသဖြင့် လက်ဆောင်ရသောမင်းတို့သည် ထိုသရက်စေ့ကို စိုက်ကြ၏၊ သို့သော်

လည်း အပင်မပေါက်ပါ၊ ထိုအကြောင်းကို သိသောမင်းတပါး သည် မိမိကျွမ်းကျင်သော ဥယျာဉ်မှူးတယောက်ကို အသပြာ တထောင်ပေးပြီး ဒဓိဝါဟနမင်းထံ လွှတ်လိုက်၏။

ထိုဥယျာဉ်မှူးသည် ဒဓိဝါဟန မင်း၏ ဥယျာဉ်မှူးထံ ချဉ်းကပ်နေပြီး မိမိ၏အစွမ်းကိုပြ၏၊ ဥယျာဉ်တော်ကို ပိုမိုမွေ့ လျော်ဖွယ်ကောင်းအောင် ပြုလုပ်၏။ အချိန်အခါမဲ့ သစ်ပင် ပန်းမန်တို့ သီးပွင့်အောင် ပြုလုပ်၏။ မင်းကြီးသည် ထိုသူ့ကို လွန်စွာ နှစ်သက်လှသဖြင့် မူလ ဥယျာဉ်မှူးကို ဖယ်ရှားပြီး ဥယျာဉ်မှူးတာဝန်အပ်နှင်းလိုက်၏။ သူ၏ ကျွမ်းကျင်မှုကြောင့် သရက်ပင်မှာ ပို၍ သီးပြီး သရက်သီး တို့လည်း ပို၍ကြီး၏၊ သို့သော် သရက်သီးဆွတ်ခူးချိန်သို့ ရောက်သောအခါ ထိုဥယျာဉ် မှူးမရှိတော့ပါ၊ အသီးတို့လည်း ယခင်ကလိုမချိုဘဲ ခါးသဖြင့် စားမရတော့ပါ။

မင်းကြီးသည် အကြောင်းကို ပညာရှိအမတ်အား စူး စမ်းစေ၏။ အမတ်သည် သရက်ပင်သို့သွားပြီး ကြည့်၏။သရက် ပင်မှာ တစုံတရာ အပြစ်အနာမတွေ့ရပါ၊ အနီး အနားတွင် လည်း ပန်းခြုံများသာ သေသပ်လှပစွာဖြင့် တန်ဆာ ဆင်နေ ကြ၏။ အမတ်သည် ထိုပန်းခြုံတို့ကိုစစ်ဆေးကြည့်ရာ အတွင်းတွင် ခွေးတောက်ပင်နှင့် တမာပင်များကို တွေ့ရ၍ တူးစေ၏။ ထို အမြစ်တို့သည် သရက်ပင် အမြစ် နှင့် ရော ရှက် နေ သည် ကို တွေ့ရ၍ မင်းကြီးအား "အရှင်မင်းကြီး၊ ခါးတောက်မြစ်ရှက် စိုက်ရောဖက်၍ သရက်ပင်မင်း သီးချိုကင်းရခြင်းဖြစ်ပါသည်" ဟု လျှောက်ကြား၏။

ထိုအခါ မင်းကြီးသည် ထိုအခါးပင်များကို အမြစ်ပါ မကျန်ရအောင် ဖယ်ရှား သုတ်သင်စေပြီးလျှင် သန့်ရှင်းသော ရေမြေတို့ဖြင့် စိုက်ပျိုးစေမှ တဖန်ပြန်၍ရှေးနည်းအတူချိုမြသော အသီးကိုသီးလေသည်။

ဆုလေးပါး

ပညာရှိရှင်၊ သူမိုက်သွင်ကို
မမြင်ရထိုက်၊ သူမိုက်စကား
မကြားခလို၊သူမိုက်ကိုယ်နှင့်
ထိုထိုတူကွ၊မပေါင်းရလျှင်း
ပြောရုံခြင်းမျှ၊ ကင်းရစေသား
ဆုလေးပါးကို၊ သိကြားထံမှာ
ပန်တွားအထူး၊ တောင်းကြဘူး၏။

ရှေးအခါက အကိတ္တိရှင်ရသေ့သည် ကောတင်းဝယ် သစ်သီးသစ်ရွက်တို့ကိုသာစားပြီးတရားကျင့်နေ၏၊ သိကြားမင်းသည် သူ၏ တရားအကျင့်ကို စူးစမ်းပြီးနောက်ကြည်ညိုလှသဖြင့် အလိုရှိသောဆုကို တောင်းဆိုရန်တိုက်တွန်း၏။ ထိုအခါ အကိတ္တိရှင်ရသေ့က (၁)သူမိုက်ကိုမတွေ့မြင်ရခြင်း၊(၂)သူမိုက်ဟူသော စကားကို မကြားရခြင်း၊ (၃) သူမိုက်နှင့် အတူမနေရခြင်းနှင့် (၄)သူမိုက်နှင့် စကားမပြောရခြင်း” ဟူသော ဆုလေးပါးကို သိကြားမင်းထံမှာ တောင်းဆိုဘူးလေသည်။

# ပူဇော်ထိုက်သူ

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ပူဇော်ထိုက်သူ ဟူသည်ကား အပြစ် ဒေါသ အလုံးစုံ အကုန်ကင်းစင်၍ ဂုဏ်ကျေးဇူးအလုံးစုံနှင့် အကုန် ပြည့်စုံသော မြတ်စွာဘုရားဖြစ်၏။ ထို့နောက် ပစ္စေကဗုဒ္ဓါနှင့် အရိယာ သာဝကတို့ ဖြစ်ကြ၏၊ ထိုသူမြတ်တို့အား အနည်းငယ် ပူဇော် သဖြင့်လည်း ကာလကြာမြင့်စွာ ကြီးပွားချမ်းသာနိုင်၏။ဤတွင် သုမနပန်းသည်, မလ္လိကာ စသူတို့သည် ပုံစံ ပြယုဂ်ဘို့ဖြစ်၏။ ထိုတွင် တခုကို တင်ပြပါမည်—

ကြားဘူးပါသည်။

အခါတပါး မြတ်စွာဘုရားသည် နံနက်အခါ သင်္ကန်း ပြင်ဝတ်ကာ သပိတ်သင်္ကန်းကိုယူဆောင်ပြီး ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်၏။ ထိုအခါ သုမန ပန်းသည်သည် ဗိမ္ဗိသာရမင်း အတွက် ပန်းတို့ကိုယူဆောင်လာရာ မြို့တံခါးတွင် ကြည်ညိုဖွယ် ကောင်းသော မြတ်စွာဘုရားကို ဖူးမြင်ရ၍ ဤသို့ စဉ်းစား၏။

"ပန်းတို့ကို မင်းအား ဆက်သပါလျှင် တရာသော်ရင်, တထောင်သော်ရင်း ပေးလိမ့်မည်၊ ယင်းသည် ဤလောက၌သာ လျှင် ချမ်းသာရာ၏၊ ဘုရားအား ပူဇော်ပါလျှင် သင်္ချေသင်္ချေ ကြာမြင့်စွာချမ်းသာကိုဆောင်နိုင်ရာ၏၊ ယခု ငါသည် ဤပန်း

တို့ကို ဘုရားအားပူဇော်မည်" ဟု ရွှင်လန်းစွာဖြင့် ပန်းတဆုပ်ကို ယူ၍ မြတ်စွာဘုရား၏ရှေ့၌ မြှောက်ကြဲလိုက်၏။

ပန်းတို့သည် ကောင်းကင်ဖြင့်သွား၍ မြတ်စွာဘုရား၏ အထက်၌ ပန်းမျက်နှာကြက်ဖြစ်၍ တည်နေကြ၏၊ ပန်းသည်သည် ထိုအာနုဘော်ကိုမြင်ရ၍ ပိုပြီးကြည်ညိုကာ တဖန် ပန်းတဆုပ်ကို မြှောက်ကြဲပြန်၏။

ထိုပန်းတို့သည် သွား၍ ပန်းသင်တိုင်းဖြစ်ကာ တည်နေကြ၏၊ ယင်းသို့လျှင် ပန်းရှစ်ဆုပ်တို့ကို မြှောက်ကြဲ၏။ ထိုပန်းတို့သည် သွား၍ ပန်ပြာသာဒ်ဖြစ်ကာ တည်နေကြ၏၊ မြတ်စွာဘုရားသည် ပြာသာဒ်အတွင်းမှာကဲ့သို့ ဖြစ်နေ၏။

လူအများ စုပေါင်း ရောက်လာကြ၏၊ မြတ်စွာဘုရားသည် ပန်းသည်ကို ကြည့်၍ ပြုံးတော်မူ၏၊ မြတ်စွာဘုရားတို့မည်သည် အကြောင်းမဲ့ပြုံးခလေ့မရှိကြဟု ပြုံးခြင်းအကြောင်းကို မေးလျှောက်၏။

ထိုအခါ မြတ်စွာဘုရားက "အာနန္ဒာ ဤပန်းသည်သည် ဤပူဇော်ခြင်း၏အာနုဘော်ကြောင့် ကပ်ကမ္ဘာတသိန်း၌ လူနတ်တို့ဘုံ၌ ကျင်လည်ပြီး အဆုံးမှာ သုမနိဿရအမည်ရှိသော ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မည်" ဟု မိန့်ကြားပြီး ဓမ္မတရားဟောကြား၏။

"အကြင်ကံကို ပြုလုပ်ခြင်းကြောင့် နောင်တ တဖန် မပူပန်ရ၊ ထိုကံမျိုးကိုပြုလုပ်ခြင်းသည် သာကောင်း၏၊ နှစ်သက်ဝမ်းမြောက်လျက် အကြင်ကံ၏အကျိုးကိုခံစားရ၏၊ ထိုကံမျိုးကို ပြုလုပ်ခြင်းသည် ကောင်း၏။"

ဂါထာ၏ အဆုံး၌ ရှစ်သောင်း လေး ထောင် သော သတ္တဝါအပေါင်းတို့သည် အကျွတ်တရား ရလေကုန်၏။ ယင်းသို့လျှင် အနည်းငယ်မျှသော ထို ပူဇော်ခြင်းဖြင့် ကြာမြင့်စွာသော ကာလပတ်လုံး ကြီးပွား ချမ်းသာခြင်းဖြစ်၏ဟု သိအပ်၏၊ ယင်းသာ အာမိသ ပူဇော်ခြင်းမျှသာ ဖြစ်၏၊ ကျင့်ဝတ် ပဋိပတ်ဖြင့် ပူဇော်ခြင်းကား အဘယ် ဆိုဖွယ် ရာ ရှိမည်နည်း၊ တစုံတယောက်သော အမျိုးကောင်း သားသည် သရဏဂုံ ခံယူခြင်း, သီလ ဆောက်တည်ခြင်း, ဥပုသ် စောင့်သုံးခြင်း, အစရှိသော မိမိ ဂုဏ်ကျေးဇူးတို့ဖြင့်မြတ်စွာဘုရားအား ပူဇော်သောအကျိုးအာနိသင်ကို ဘယ်သူဖွင့်ဆိုနိုင်ပါမည်နည်း၊ စင်စစ် ဤပူဇော်ခြင်းသာ မြတ်သောပူဇော်ခြင်းမည်၏။

"အာနန္ဒာ ဘိက္ခုသည်ငှင်း,ဘိက္ခုနီသည်ငှင်း,ဥပါသကာသည်ငှင်း, ဥပါသိကာသည်ငှင်း, တရားနှင့် လျော်စွာနေ၏။ ကောင်းမွန် ရိုသေစွာ တရားကိုကျင့်၏၊ထိုသူသည် တထာဂတကို ရိုသေမြတ်နိုး ရှိခိုးပူဇော်သည် မည်၏။"

ဤအတူ ပစ္စေကဗုဒ္ဓါ အရိယာ သာဝကတို့အား ပူဇော်ခြင်း၏ အကျိုးအာနိသင်ကိုလည်း သိအပ်၏။

ထို့ပြင် လူတို့တွင် ညီငယ်အား အကို,အမသည် ပူဇော်ထိုက်သူတို့ ဖြစ်၏။ သားအား အမိ,အဖသည်ငှင်း, ချွေးမအားလင် ယောက္ခမသည်ငှင်း, ပူဇော်ထိုက်သူဟု သိအပ်၏၊သူတို့အား ပူဇော်ခြင်းကြောင့် အသက်ရှည်ခြင်း,အဆင်းလှခြင်း, ချမ်းသာခြင်း စသော အကျိုးတရားတို့ တိုးပွားကုန်၏။

# ခါ မျောက် ဆင်

ရှေးဝယ်သောခါ၊ တောဟေမာဝ၌
ပညာမြော်မြင်၊ ခါ,မျောက်,ဆင်တို့
ညောင်ပင်တခု၊ သက်သေပြု၍
ဂုဏဝုဍ္ဍ၊ ပစာယန
ကျင့်ကုန်ကြကြောင့်၊ လူမျှမဘန်
တိရစ္ဆာန်လျက်၊ နတ်ဌာန်မုချ
ရောက်ကုန်၏။

လွန်လေပြီးသောအခါ ဟိမဝန္တာ အရပ်၌ တခုသော ညောင်ပင်ကြီးကိုမှီကုန်၍ ခါ,မျောက်,ဆင် ဟူသော သုံးယောက်ကုန်သော အဆွေခင်ပွန်းတို့သည် နေကုန်၏၊ ထိုအဆွေခင်ပွန်းတို့သည် အချင်းချင်း ရိုသေ တ ့ ဝပ်ခြင်း သဘော မရှိကုန်၊ သဘောမတူသော အသက်မွေးခြင်း ရှိသည်ဖြစ်၏။

ထိုအခါ သုံးယောက်ကုန်သော အဆွေခင်ပွန်းတို့သည် "ငါတို့အား ဤသို့နေခြင်းသည်မသင့်၊ငါတို့တွင် အကြင်သူသည် ကြီးမြတ်၏၊ ထိုသူအား ရှိခိုးခြင်း အစရှိသည်တို့ကို ပြုကုန်လျက် နေရမူကား ကောင်း၏" ဟု အကြံဖြစ်ကြ၏။

ကြံ၍ ငါတို့ဘွင် အဘယ် သူသည် ကြီးသနည်း ဟု ကြံသတ်ကုန်သော် တနေ့သ၌ တခုသောအကြောင်းသည် ရှိ၏ဟု ကြံ၍ သုံးယောက်ကုန်သော အဆွေခင်ပွန်း တို့သည်လည်း ပ

ညောင်ပင်၌ နေကုန်၏၊နေပြီး၍ ခါသည်ရင်း,မျောက်သည်ရင်း, ဆင်ကို“အဆွေဆင် သင်သည် ဤပညောင်ပင်ကို အဘယ်မျှလျှင် ပမာဏရှိသော ကာလမှစ၍ သိသနည်း”ဟု မေးကုန်၏။

ထိုဆင်သည် “အဆွေတို့ ငါသည် ဆင်ငယ်ဖြစ်သော ကာလ၌ ဤပညောင်ပင်ငယ်ကို ပေါင်ကြား၌ ထား၍သွား၏၊ လွှမ်း၍တည်သောကာလ၌ ဤပညောင်ပင်၏ အခက်အဖျား သည် ငါ၏ချက်ထိ၏၊ ငါသည်ဤပညောင်ပင်ကို ငယ်သော ကာလမှစ၍ သိ၏”ဟု ဆို၏။

တဖန် နှစ်ယောက်ကုန်သော အဆွေခင်ပွန်း တို့သည် မျောက်ကို မေးကုန်၏၊ မျောက်သည် “အဆွေတို့ ငါသည်ရှေး၌ မျောက်ငယ်ဖြစ်စဉ် မြေ၌ ထိုင်၍ လည်ကို မမော့မူ၍ ဤပ ညောင်ပင်၏ အညွန့်အဖျားတို့ကို စား၏၊ ဤသို့ငါသည် ဤ ပညောင်ပင်ကို ငယ်သော ကာလမှစ၍ သိ၏”ဟု ဆို၏။

ထိုအခါ တပါးကုန်သော နှစ်ယောက်ကုန်သော အဆွေ ခင်ပွန်းသည်တို့လည်းရှေးနည်းဖြင့်သာလျှင် ခါကိုမေးကုန်၏၊ခါ သည်“အဆွေတို့ရှေး၌ဤမည်သောအရပ်၌ပညောင်ပင်ကြီးသည် ရှိ၏၊ ထိုညောင်ကြီး၏ အသီးတို့ကိုစား၍ ဤအရပ်၌ ကျင် ကြီးကိုစွန့်၏၊ ထိုကျင်ကြီးမှ ဤပညောင်ပင် ပေါက်၏၊ ဤသို့ ငါသည် ဤပညောင်ပင်ကို မဖြစ်မီကာလမှစ၍သိ၏၊ထို့ကြောင့် ငါသည် သင်တို့ထက် ပဋိသန္ဓေအားဖြင့် ကြီးမြတ်၏”။

ဤသို့ဆိုသည်ရှိသော မျောက်သည်ရင်း, ဆင်သည်ရင်း “ခါပညာရှိ အဆွေသင်သည်ငါတို့ထက်ကြီးမြတ်၏၊ဤနေ့မှစ၍ ငါတို့သည် သင့်အားကောင်းစွာ ပူဇော်ခြင်း, အလေးပြုခြင်း,မြတ်

နိုးခြင်း, ရှိခိုးခြင်း, ပူဇော်ခြင်းတို့သည်ရင်း၊ ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း,လက်အုပ်ချီသောအမှု၊အရိုအသေပြုသော အမှုကိုရင်း (င) တို့ပြုကုန်အံ့၊ သင်၏ အဆုံး အမဲ့၌ င တို့သည် တည်ကုန်အံ့၊ သင်သည်ကား င တို့အား ဆုံးမ ကမြစ်ခြင်းကို ပြုလော့” ဟု ဆိုကြ၏။

ထိုနေ့မှစ၍ ခါသည် အဆွေခင်ပွန်း နှစ်ယောက်တို့အား အဆုံး အမကိုပေး၏၊ သီလ၌တည်စေ၏၊ မိမိသည်လည်း သီလကို ဆောက်တည်၏၊ ထိုသုံးယောက်ကုန်သော အဆွေခင်ပွန်း တို့ သည်လည်း ပဉ္စသီလ၌ တည်ကုန်၍ အချင်းချင်းတို့ ဝပ်ကုန်သည်၊ ရိုသေ ဘောတူသော အသက်မွေးခြင်း ရှိကုန်သည်ဖြစ်၍ အသက် အဆုံး၌ နတ်ပြည်သို့လားကုန်၏။

ကြီးသောသူတို့အား ပူဇော်သော တရား၌ လိမ္မာကုန် သော အကြင်လူတို့သည် ကြီးသောသူကို ပူဇော်ကုန်၏၊ ထိုသူ တို့သည် မျက်မှောက်သော ကိုယ်၏အဖြစ်၌လျှင် ချီးမွမ်းခြင်းငှာ ထိုက်ကုန်၏၊ တမလွန် ဘဝ၌လည်း သုဂတိသို့ ရောက်ကုန်၏။

## အလောင်းစည်သူ

ဂုဏ္ဍဝယ၊ ဝုဍ္ဍကိုယ် သက်
ဂုဏ်သက်နှစ်ပါး၊ ကြီးသူအားလည်း
ပြစ်မှားရှုတ်ချ၊ မပြုရဘူး
ဆူးကူ ဖက်ပေါက်၊ ဖက်ပေါက်ဆူးကူ

ဆိုကြသဖွယ်၊ ကိုယ်ဝယ်ချည်းပေ
ပြစ်ရောက်ချေ၏။

## ပူဇော်ခြင်း

ရဟန်းတို့ ပူဇော်ခြင်းတို့သည် နှစ်မျိုးတို့ပေတည်း။

အဘယ်နှစ်မျိုးတို့နည်းဟူမူ—

ပစ္စည်းဖြင့် ပူဇော်ခြင်း အာမိသယာဂရင်း, တရားဖြင့် ပူဇော်ခြင်း ဓမ္မယာဂ ရင်းတို့တည်း။

ရဟန်းတို့ ပူဇော်ခြင်းတို့သည် ဤနှစ်မျိုးတို့ပေတည်း။

ရဟန်းတို့ ပူဇော်ခြင်းနှစ်မျိုးတို့တွင် အကြင် တရားဖြင့် ပူဇော်ခြင်းသည်ရှိ၏၊ ထိုတရားဖြင့် ပူဇော်ခြင်းသည် မြတ်ပေသတည်း။

ရဟန်းတို့ ပူဇော်ခြင်း တို့သည် ပစ္စည်းလေးပါးဖြင့် ပူဇော်ခြင်းရင်း, တရားဟောခြင်း စသည်ဖြင့် ပူဇော်ခြင်းရင်း ဤနှစ်မျိုးတို့တည်း။

ရဟန်းတို့၊ ဤနှစ်မျိုးသောပူဇော်ခြင်းတို့တွင်—

တရားဟောခြင်း စသည်ဖြင့် ပူဇော်ခြင်းသည် မြတ်၏။

အလုံးစုံသောသတ္တဝါတို့ကို သနားတော်မူလေ့ရှိသော အကြင်မြတ်စွာဘုရားသည် ဝန်တိုစိတ်မရှိမူ၍ တရားဟောတော်မူခြင်းဟူသော ယဇ်ပူဇော်ခြင်းကို ပေးလှူ ပူဇော်ခဲ့ပြီ။

နတ်လူတို့ထက်မြတ်သော ဘဝ၏တဖက်ကမ်းသို့ ရောက်သော ထိုသို့သဘောရှိသော မြတ်စွာဘုရားကို သတ္တဝါတို့သည်

ရှိခိုးကြကုန်၏။

အနှစ်တရာပတ်လုံး လတိုင်း လတိုင်း တက္ကတွန်းတို့အား အသပြာတထောင်အကုန်ခံ၍ ပူဇော်ရာ၏။ ဝိပဿနာ ပွားသည့် စိတ်ရှိသော ရဟန်းတို့အား တကြိမ်မျှသာ ပူဇော်ရာ၏။ ထိုတွင် ဝိပဿနာ ပွားများသော ရဟန်းတို့အား ထိုတခဏမျှ ပူဇော်ခြင်းသည်သာ မြတ်၏။

အကြင်သူသည် အနှစ် တရာ ပတ် လုံး တော၌မီးကို လုပ်ကျွေး ပူဇော်ရာ၏၊ အကြင်သူသည်ကား ဝိပဿနာ ပွားများသည့်စိတ်ရှိသောရဟန်းတို့အား တကြိမ်မျှသာပူဇော်ရာ၏၊ ထိုတွင်ဝိပဿနာပွားများသောရဟန်းတို့အား ထိုတခဏမျှပူဇော်ခြင်းသည်သာ မြတ်၏၊

လောက၌ ကောင်းမှုကို လိုလားငဲ့ကွက်သူသည် ယဇ်ကြီး ယဇ်ငယ် ပူဇော်ခြင်းကိုတနှစ်ပတ်လုံး ပူဇော်၏။ထိုပူဇော်ပူခြင်းအလုံးစုံသည် ဖြောင့်မတ်စွာကျသော အရိယာပုဂ္ဂိုလ်တို့ကို လေးဖို့—ဘဖို့ ကိုမျှ မမှီ၊ အရိယာပုဂ္ဂိုလ်တို့၌ရှိခိုးခြင်း စေတနာသည်သာမြတ်၏။

အမြဲရှိခိုးလေ့ရှိ၍ မိမိထက်ဂုဏ်, အသက်, သိက္ခာအားဖြင့် ကြီးသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာခြင်း, ခွန်အား ကြီးခြင်း ဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

ဤသို့လျှင် သူမိုက်တို့ကို မမှီဝဲမဆည်းကပ်ခြင်း,ပညာရှိတို့ကို မှီဝဲဆည်းကပ်ခြင်း, ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း ဤသုံးပါးသည် မြတ်သောမင်္ဂလာမည်၏။

# ပတိ ရူပ

ဂါထာ

ပတိ ရူပ ဒေသဝါသော စ
ပုဗ္ဗေ စ ကတ ပုညတာ၊
အတ္တ သမ္မာ ပဏိဓိ စ
ဧတံ မင်္ဂလ မုတ္တမံ။

နိသျ

ဒေဝ ပုတ္တ—နတ်သား

ယော ပတိရူပ ဒေသဝါသော စ—အကြင် တင့်အပ်—လျောက်ပတ်သော အရပ်၌နေရခြင်းသည်ရှင်း၊

ပုဗ္ဗေ —ရှေးဘဝ၌

| | |
|---|---|
| ယာ ကတ ပုညတာ စ | —အကြောင်း ပြုခဲ့ဘူးသော ကောင်းမှုရှိသောသူ၏ အဖြစ်သည်ရင်း, |
| ယော အတ္တ သမ္မာ ပဏိဓိ စ | —အကြင် မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ခြင်း သည်ရင်း— |
| အတ္ထိ | —ရှိ၏၊ |
| ဧတံ | —ဤသုံးပါးသော တရားသည် |
| ဥတ္တမံ | —မြတ်သော |
| မင်္ဂလံ | —မင်္ဂလာမည်၏။ |

## လင်္ကာ

ရွှေဝတိန်သာ၊ နတ်တို့ရွာက
ဇလန္ဓာဒေဝ၊ သိကြား တမန်
မောင်နတ်မွန်—

လေးတန်စက္ကာ၊ ဓမ္မဖြန့်ချိ
ခေါ်အပ်ဘိသည့်၊ ပတိရူပ
သင့်လုလျောက်ပတ်၊ မြင့်မြတ်ဒေသ
နေခြင်းသည်၊မှတ်ခင်းတသွယ်,

ရှေးဝယ်ကာလ၊ ရှေးဘဝက
ပုညဝတ္ထု၊ ပြုစုခဲ့ဘူး
အထူးရှိလစ်၊ ထိုအဖြစ်လည်း
စင်စစ်တည်သွယ်,—

စင်ကြယ်သီလ၊ အတ္တသမ္မာ
ကိုယ့်ကိုသာလျှင်၊ ကောင်းစွာညစ်ကြေး
ကွာဝေးသန့်ရှင်း၊ စောင့်စည်းခြင်းလည်း
ယင်းလည်းတည်သွယ်—

မှတ်ဖွယ်ထင်ရှား၊ ဤသုံးပါးကို
ယုံမှားကင်းလွတ်၊ စိတ်နေညွတ်လျက်
လွန်မြတ်လှစွာ၊ မင်္ဂလာဟု
သဒ္ဓါကဲလွန်၊ နတ်ဘမန်သည်
မှန်မှန်စွဲမှတ်-ပါလေလေ၀်။

## လျောက်ပတ်သောအရပ်

လျောက်ပတ်သော အရပ်၌ နေရခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ပတိရူပ ဟူသည်မှာ တင့်အပ်လျောက်ပတ်ခြင်း ဖြစ်၏၊ ဒေသဟူသည်မှာ ရွာ,နိဂုံး,မြို့,ဇနပုဒ်—တစုံတခုသော သတ္တဝါတို့နေရာဖြစ်၏၊ ဤကားပုဒ်အဖွင့်ဖြစ်၏။

အနက်အဖွင့်ကိုကား ဤသို့သိအပ်၏—တင့်အပ်လျောက်ပတ်သောအရပ် မည်သည်မှာ အကြင်အရပ်၌ ပရိသတ်လေးပါးတို့ နေကြ၏၊ ဒါနအစရှိသော ပုညကြိယာဝတ္ထုတို့ ဖြစ်ကုန်၏၊ အင်္ဂါကိုးပါးရှိသော ဗုဒ္ဓသာသနာ ထွန်းလင်းတောက်ပ၏၊ ထိုအရပ်၌ နေသူတို့အား ပုညကြိယာဝတ္ထု၏ အကြောင်းကြောင့် မင်္ဂလာဟူ၍ ဆိုအပ်၏။

နည်းတပါးကား—တင့်အပ်လျောက်ပတ်သော အရပ်မည်သည်မှာ မြတ်စွာဘုရားသခင်၏ ဗောဓိမဏ္ဍိုင်အရပ်, ဓမ္မစကြာဟောကြားရာအရပ်, တဆဲ့နှစ်ယူဇနာရှိသောပရိသတ်တို့အလယ်၌ တိတ္ထိတို့ကို နှိမ်နင်းပြီးရေမီးအစုံအစုံဟူသော ယမကပါဋိဟာရိယ ပြရာ ကဏ္ဍ သရက်ဖြူပင်ရင်းအရပ်, နတ်ပြည်မှဆင်းသက်ရာအရပ်နှင့် သာဝတ္ထိ,ရာဇဂြိုဟ် စသော မြတ်စွာဘုရားသီတင်းသုံးရာအရပ်တို့ဖြစ်၏။ ထို၌ နေသူတို့သည် အနုတ္တရိယခြောက်ပါးတို့ကို ရနိုင်သောကြောင့် မင်္ဂလာဟုဆိုအပ်၏၊

တနည်း—အရှေ့ဘက်သားသော် ကင်္ဂါနိဂုံး (ယခု အမည် ကံကဇောလဖြစ်၏၊ ဗီဟာရ်နယ် အလယ်ပိုင်းနှင့် အရှေ့ဗင်္ဂ သန္တာလနှင့် ပနာရာနာဒိပ ပြတ်ကို၌ တည်ရှိ၏)

အရှေ့တောင်ဖက်လားသော် သလလဝတီ မြစ်။ (ယခု ဆိလာအိမြစ်ဟုခေါ်၏။ ဗိဟာရ်နယ်တောင်ပိုင်း ဟာဇာရီဗာဂ နှင့် ဗင်္ဂလားနယ်အနောက်တောင်ပိုင်း မေဒိနီပုရ်ဒိစတြိတ်တို့၌ တည်ရှိ၏)။

တောင်ဘက်လားသော် သေတ ကဏ္ဏိက နိဂုံးဖြစ်၏။ (ဗိဟာရ်နယ် တောင်ပိုင်း ဟာဇာရီဗာဂဒိစတြိတ်၌တည်ရှိ၏)။

အနောက်ဖက်လားသော် ထုနဗြာဟ္မဏရွာ၊ (ယင်းကို ယခုအခါ ထာနေသရဟုခေါ်ကြ၏၊ဒိလ္လီမြို့အနီး ကရ်ဏာလ ဒိစတြိတ်၌ တည်ရှိ၏)။

မြောက်ဖက်လားသော် ဥသိရဒ္ဓဇတောင်၊ (ယခုအခါ ယင်းတောင်ကို အုတ်ဆန်ဟုခေါ်ကြ၏။ဒိလ္လီမြို့ အရှေ့မြောက် မိုင် ၁၂၀ ဝေးသော ဟရိဒွါရအရပ်၏အနီးမှာတည်ရှိ၏)။

ဤသို့လျှင် နယ်နိမိတ် ၄ါးရပ်တို့ဖြင့် သတ်မှတ်လျက် အလျား ယူဇနာ သုံးရာ, အနံယူဇနာ နှစ်ရာ့ငါးဆယ်,အဝန်း ယူဇနာကိုးရာရှိသော မဇ္ဈိမဒေသသည် တင့်အပ်လျောက်ပတ် သော ပတိရူပ ဒေသမည်၏ ဟူသတည်း။

ဤမဇ္ဈိမဒေသမှာ စကြာမင်းများ,သာရိပုတြာ မောဂ္ဂလာန် စသော မဟာသာဝကများ, ပစ္စေကဗုဒ္ဓါများနှင့် သမ္မာသမ္ဗုဒ္ဓများ ပေါ်ပေါက်ပွင့်ထွန်းကုန်၏၊ သို့ကြောင့် ထိုအရပ်တွင် နေသူတို့သည် စကြာမင်း၏ဩဝါဒအရ ၄ါးပါးသီလ၌ တည်ကြ၍ နတ်ပြည်သို့ရောက်ကြရ၏။ ထို့အတူ ပစ္စေကဗုဒ္ဓါ တို့၏ဩဝါဒ၌တည်ကြ၏၊မြတ်စွာဘုရားသာဝကတို့၏ဩဝါဒ၌ တည်ကြ၍ နတ်ရွာနိဗ္ဗာန်သို့ရောက်ကုန်၏။ထို့ကြောင့် ထိုအရပ်၌

နေသူတို့၏ပြည့်စုံသောအကြောင်းကြောင့် မင်္ဂလာဟုဆိုအပ်၏။

ပတိရူပ အရပ်နှင့် ပတ်သက်၍ ဖွင့်ဆိုချက်သုံးခုတို့တွင် ပထမဆုံးဖွင့်ဆိုချက်မှာ နှစ်သက်ဖွယ်ကောင်းလှပါသည်၊ မည်သည့်အရပ်ဒေသတွင်မဆို ပရိသတ်လေးပါး, ပုညကြိယာ ၀တ္ထုနှင့် ဗုဒ္ဓသာသနာ ပွင့်လင်းနေပါလျှင် ပတိရူပအရပ် ဖြစ်နိုင်၏။

ပရိသတ်လေးပါးမှာ (၁) ဘိက္ခု၊ (၂) ဘိက္ခုနီ၊ (၃)ဥပါသိကာနှင့် (၄) ဥပါသိကာမတို့ ဖြစ်ကြ၏။ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဒါယကာနှင့် ဒါယိကာမတို့ပင်တည်း။

ပုညကြိယာ၀တ္ထုတို့မှာ (၁) ဒါန—ပေးကမ်း လှူဒါန်းခြင်း၊ (၂) သီလ—သီလဆောက်တည်ခြင်း၊ (၃) ဘာ၀နာ—ကမ္မဋ္ဌာန်းဘာ၀နာ ပွားများခြင်း၊ (၄) အပစာယန-အသက်ဂုဏ်,၀ါ,သိက္ခာကြီးသူတို့ကို ရိုသေကိုင်းညွှတ်ခြင်း၊ (၅) ဝေယျာဝစ္စ-ရတနာသုံးပါးနှင့် မိဖ,ဆရာသမားတို့၏ အမှုကိစ္စကိုဆောင်ရွက်ခြင်း၊ (၆) ပတ္တိဒါန-မိမိပြုသောကုသိုလ်ကို အမျှပေးဝေခြင်း၊ (၇) ပတ္တာနုမောဒန-သူတပါးတို့ ပြုသော ကုသိုလ်ကို ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်ခြင်း၊ (၈)ဓမ္မသ၀န—တရားနာခြင်း၊ (၉)ဓမ္မဒေသနာ—တရားဟောခြင်းနှင့် (၁၀) ဒိဋ္ဌိဇုကမ္မ—အယူဖြောင့်မတ်ခြင်းတို့ ဖြစ်၏။

အင်္ဂါကိုးပါးမှာ— (၁) သုတ်(၂)ဂေယျ(၃)ဝေယျာကရဏ(၄) ဂါထာ (၅) ဥဒါန်း (၆)ဣတိဝုတ် (၇)ဇာတ် (၈)အဗ္ဘုတ ဓမ္မနှင့် (၉) ဝေဒလ္လတို့ ဖြစ်၏။ မြတ်စွာဘုရားဟောကြားပညတ်သောဓမ္မဝိနယတို့ပင် ဖြစ်၏။ ယင်းတို့ကိုပင်

အင်္ဂါကိုးပါးဖြင့် ခွဲခြား ဝေဖန်ခြင်းဖြစ်၏။ ဗုဒ္ဓ သာသနာမှာ ဤအင်္ဂါကိုးပါးရှိသော ဓမ္မဝိနယ၏ အဆုံးအမဖြစ်၏။

ပရိယတ်လေးပါးလည်း မရှိ၊ ပုညကြိယာ ဝတ္ထုလည်း မရှိ၊ ဗုဒ္ဓ၏အဆုံးအမဩဝါဒလည်း မရှိပါလျှင် နတ်ပြည် ဖြဟ္မာပြည်သော်လည်း ပတိရူပအရပ်မဖြစ်ပါ၊အဆိုပါမဇ္ဈိမဒေသပင် ယခုအခါ ပတိရူပဒေသဟုခေါ်ဆိုရန်ခက်၏။ အကယ်၍ ယင်း သုံးချက်ရှိလျှင်ကားမည်သည့် အရပ်ဒေသမဆိုပတိရူပဖြစ်နိုင်၏။

ဖော်ပြပါသုံးချက်သည်လည်း တခုနှင့်တခု ဆက်စပ်နေ ကြပါသည်။ ပရိသတ် လေးပါးကြောင့် ပုည ကြိယာ ဝတ္ထု ဖြစ်ပေါ်၏။ ယင်းနှစ်ပါး၏ ပေါက်ဖွားရာမှာ အင်္ဂါ ကိုးပါး ရှိသော ဗုဒ္ဓသာသနာ ထွန်းလင်းတောက်ပ၍ ဖြစ်၏။ စင်စစ် ယင်းအဖွဲ့သည်လည်း ယေဘုယျဖြစ်၏။ ပုဂ္ဂိုလ်ရေး အားဖြင့် ကား သူ၏ ပတိရူပအရပ်သည် ကိုယ်၏ ပတိရူပအရပ် ဖြစ်ချင်မှ ဖြစ်မည်။

## မလျောက်ပတ်သောအရပ်

ရဟန်းတပါးသည် ဘုရားအထံ၌ ကမ္မဋ္ဌာန်း ကို ယူ၍ ဇေတဝန်ကျောင်းမှထွက်ပြီးလျှင် ကောသလတိုင်း ပစ္စန္တရာဇ် တရွာကိုအမှီပြု၍ တောကျောင်း၌နေသတတ်၊ထိုအခါ ကျောင်း ကို မီးလောင်၍ ရဟန်းသည် "ငါ၏ကျောင်းကို မီးလောင်သည် ဖြစ်၍ ငါသည် ဆင်းရဲစွာနေရ၏-" ဟု လူတို့အား ကြား၏။

လူတို့သည်"ယခု အကျွန်ုပ်တို့ လယ်သည် ရေခြောက်၏၊ လယ်၌ ရေသွင်းပြီးမှ ကျောင်းဆောက်ကုန်အံ့-"ဟု ဆိုကြ၏။ သို့သော်လည်း သူတို့သည် လယ်၌ ရေသွင်းပြီးသော် မျိုးကြဲကြ၏။ မျိုးကြဲပြီးသော် စောင်းရန်း ပြုလုပ်ကြ၏။ စောင်းရန်း ပြုလုပ်ပြီးသော် ပေါင်း မြက် သုတ် သင်ကြ၏။ ထို့နောက် ကောက်ရိတ်ပြီး နယ်ကြ၏။ သို့ဖြင့် ဝါတွင်းသုံးလကို လွန်စေကုန်၏။

ထိုရဟန်းသည် ဝါတွင်းသုံးလပါတ်လုံးလွင်တီးခေါင်၌ ဆင်းရဲစွာနေရသည်ဖြစ်၍ ကမ္မဋ္ဌာန်းစီးဖြန်း၍ တရားအထူးကို သိစိမ့်သောငှာ မတတ်နိုင်၊ ပဝါရဏာပြုပြီးသောအခါ မြတ်စွာဘုရားအထံသို့ သွား၍ ရှိခိုးပြီး တင့်အပ် လျောက်ပတ်သော အရပ်၌ နေ၏။

မြတ်စွာဘုရားသည် ထိုရဟန်းနှင့် တကွ စကားပြောဟော၍– "ရဟန်း သင်သည် ချမ်းသာသဖြင့် ဝါတွင်း သုံးလ ပတ်လုံး နေရ၏လော၊ သင့်အား ကမ္မဋ္ဌာန်းသည် အပြီးသို့ ရောက်၏လော-"ဟု မေးတော်မူ၏။

ရဟန်းသည် ထို အကြောင်း ကို ကြား လျှောက် ၍ "အကျွန်ုပ်အားလျောက်ပတ်သောကျောင်းကိုမရသောကြောင့် ကမ္မဋ္ဌာန်းသည် အပြီးသို့ မရောက်-"ဟုလျှောက်၏။

မြတ်စွာဘုရားသည်–"ရဟန်း ရှေး၌ တိရစ္ဆာန်တို့သည်လည်း မိမိအားလျောက်ပတ်သော မလျောက်ပတ်သော အရပ်ကိုသိ၏။ သင်သည် အဘယ်ကြောင့်မသိသနည်း"ဟုအတိတ်ကို ဆောင်တော်မူ၏။

# သကုဏဇာတ်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုလတ်သော် ဘုရားလောင်းသည် ငှက်မျိုး၌ဖြစ်၍ ငှက်အပေါင်း ခြံရံလျက် တောအရပ် အခက်-အခွနှင့် ပြည့်စုံသော သစ်ပင်ကြီးကိုမှီ၍နေ၏၊ ထိုအခါ တနေ့သ၌ ထိုသစ်ပင်၏အခက်တို့သည် အချင်းချင်း ထိခိုက်ကုန်သည်ရှိသော် အမှုန်သည်ကျ၏၊ အခိုးထ၏၊ အမှုန်အခိုးကို မြင်၍ ဘုရားလောင်းသည် "ဤသစ်ခက်နှစ်ခုတို့သည် ဤသို့ ထိခိုက်သည်ရှိသော် မီးတို့သည် ထွက်ကုန်လတ္တံ့၊ ထိုမီးသည် ကျ၍ သစ်ရွက်ဟောင်းတို့ကို လောင်လတ္တံ့၊ ထိုသစ်ရွက်မီးမှ စ၍ ဤသစ်ပင်ကိုလည်း လောင်လတ္တံ့၊ ဤအရပ်၌ ငါတို့သည် နေခြင်းငှါ မတော်ကောင်း၊ ဤအရပ်မှ ပြောင်း၍ တပါးသော အရပ်၌ နေခြင်းငှါ သင့်၏" ဟု ကြံကြ၏။

ကြံပြီး၍ ဘုရားလောင်းသည် ငှက်တို့အား "ငှက်အပေါင်းတို့ ဤသစ်ပင်ကြီးကို ငှက်တို့သည် မှီ၍ နေကုန်၏၊ ထိုသစ်ပင်ကြီးသည် မီးကိုလွှတ်၏၊ ငါတို့အား ကိုးကွယ်ရာ ဖြစ်သော သစ်ပင်မှ ဘေးသည် ဖြစ်၏၊ ထို့ကြောင့် သင်တို့သည် အရပ်မျက်နှာတို့သို့ သွားကြကုန်လော့ဟု ဆို၏။

ဘုရားလောင်း စကားကို နားထောင်ကုန်သော ငှက်ပညာရှိတို့သည် ဘုရားလောင်းနှင့် တကွ တပြိုင်နက်သာလျှင် ပျံကုန်၍ အရပ်တပါးသို့ သွားကြကုန်၏။

ပညာမရှိသော ငှက်တို့သည် "ဤငှက်တား တပေါက်မျှ သော ရေ၌ မိကျောင်းကိုမြင်၏" ဟု ဆိုကုန်၏။

ထို့နောင်မှ မကြာမြင့် မီလျှင် ဘုရားလောင်းသည် ကြီ အပ်သော အခြင်းအရာဖြင့် သာလျှင် မီးဖြစ်၍ ထိုသစ်ပင်ကို လောင်၏။ အခိုး-အလျှံ ထကုန်သည်ရှိသော် အခိုးသင့်သော ငှက်တို့သည် တပါးအရပ်သို့ သွားခြင်းငှါ မတတ်နိုင်ကုန်၊ မီး၌ ကျ၍ပင် သေကုန်၏။

မြတ်စွာဘုရားသည် "ရှေး၌ တိရစ္ဆာန်တို့သည်လည်းသစ် ပင်၌ နေကုန်လျက် မိမိအား လျောက်ပတ်သော မလျောက်ပတ် သော အရပ်ကို သိကြကုန်၏။

## ဘီလုံးငှက်

ဘီလုံးငှက်သည် ရေအိုင်တခု၌ ရေသောက်လင့်၍ ရေ သောက်စဉ်တွင် စွန်ရဲတကောင် သုတ်၍ မိလေ၏၊ ဘီလုံးငှက် ငယ်လည်း "ငါ၏ အရပ်ကွာချေသောကြောင့်သာ စွန်ရဲနိုင်ရ လေသည်၊ ငါ့အရပ်သာ ဖြစ်ပါတကား နိုင်ရမည်လော" ဟုဆို၏။

စွန်ရဲမည်း "ဟယ် ဘီလုံးငှက်ငယ် နင်ကား ငါ့လက် ၌ သေအံ့သောအခါနီးပြီဖြစ်လျက် အဘယ့်ကြောင့် အရပ်ကို တပြန်သနည်း၊ ငါ့ကိုအံတုလိုသလော" ဟု ဆို၏။

ဘီလုံးငှက်ငယ်လည်း "ရှင်စွန်ရဲ ယခု သူ့လက်ပွင်းဖြစ် ချေသောကြောင့် မတတ်နိုင်ချေ၊ ငါ့အရပ်တွင် ဖြစ်ပါရ တပြီး တား ခွန်အားစတူဘဲ မရှိရာ" ဟု ဆို၏။

စွန်လည်း "ထိုသို့ တပြီးကား နင်ကြံလေ"ဟု အချိန်းအချက် ခုနစ်ရက်အတွင်း ဆုံးဖြတ်၍ လွှတ်လေသော် လွှတ်လေ၏။

"နင်လည်း ငါ့ကို အားမတူက နင့်အမျိုးကုန်အောင် ငါစားမည်။ ငါမတူချေကလည်း နင်စားလေ"ဟု ဆို၏။

ဘီလုံးငှက်ငယ်လည်းအမှီအခိုရအံ့သောအရပ်ကို ကြည့်ရှုလေသော် မိုးတွင်းကျ မြေစိုသောအခါနင်းလေသော နွားခြေရာကို တွေ့လေ၏။ ဘီလုံး ငှက်ငယ်လည်း ထိုခြေရာကို တက်၍ စူးစမ်းသော် ဤနွားခြေရာသည် နက်လည်းနက်၏၊မြေလည်းမာ၏၊ ဤအရပ်ကို မှီခိုလောက်၏ဟုကြံပြီးသော် သက်၍နေလေ၏။

စွန်ရဲသည်း ဘီလုံးငှက်ငယ် သက်၍ စူးစမ်းသည်ကိုမြင်လျှင် လာလတ်၍"ဟယ်—ဘီလုံးငှက်ငယ်၊ နင်ငါ့ကို အန်တုအံ့ဟု ဆိုပြီးသည်ကို အဘယ့်ကြောင့်ပုန်း၍နေသနည်း-"ဟုဆို၏။

ဘီလုံးငှက်ငယ်ကလည်း- "ငါ ဆူးပိတ်ပေါင်း၌ ပုန်းရှောင်၍နေသည်မဟုတ် ငါ့မြို့၌သာ ငါနေသည်၊ နင်မျှသော စွန်ရဲသည် ခွန်အားကြီးစွဟူသော် ငါ့ကိုအန်တုလိုလျှင် အန်တုလှည့်—"ဟုစွန်ရဲကိုအမျက်ထွက်အောင်ဆို၍ တွင်းဝ၌နေ၏။

စွန်ရဲလည်း ဘီလုံးငှက်ငယ်ဆိုသော စကားကိုကြားလျှင် အမျက်ထွက်၍ ပြင်းစွာသောအဟုန်ဖြင့် သုတ်ထည့်လျှင် စွန်ရောက်ခါနီး၌ ဘီလုံးငှက်ငယ်သည် နွားခြေရာထဲသို့ဆင်းပြေးလေ၏။

စွန်ရဲသည်လည်း ငှက်ငယ်ကို မသုတ်မိ၊ ပြင်းစွာသော အဟုန်ဖြင့် ရင်ကို ခယောင်းမြေစောင်းဖြင့် ရိုက်ခတ်မိ၍ နာလှစွာလျက် အမျက်ကြီးလှ၍ နာမှန်းမသိ၊ ကောင်းကင်သို့ ပျံတက်လေ၏။

ဘီလုံးငှက်ငယ်လည်း တွင်းပေါ်သို့ တက်ပြန်၍ "ငါ့ကို ဝံ့၏လော-" ဟု ဆို၏။

စွန်လည်း သုတ်ပြန်၏။

ဘီလုံးငှက်လည်း နွားခြေရာထဲသို့ဝင်ပြန်လေ၏။

ဤသို့ သုတ်ဖန်များလတ်သော် နောက်ဆုံး ကြိမ်တွင် စွန်ရဲသည်ရင်ကွဲ၍သေလေ၏။

တဖန် ပျံတက်သည်ကို မမြင်လေသောကြောင့် "တွင်းထဲသို့ ချင့်ခေါင်းစွပ်၍ နှုတ်သီးဖြင့် ခွပ်မည်ကြံသည်ထင်၏-" ဟု ကြည့်၍နေ၏၊ ကြာမြင့်စွာနေ၍စွန်ကိုမမြင်မှ တွင်းက ထွက်၍ ကြည့်လေသော်စွန်သေသည်ကိုမြင်၍အဖော်ဖြစ်သောဘီလုံးငှက်များကိုခေါ်လျက် စွန်ကောင်ကို ကြည့်စေပြီးမှ အောင်သေ အောင်သားစားသည်ဟု စွန်သားကိုစားကြလေကုန်၏။

ဤသို့လျှင် ဘီလုံးငှက် ငယ်လျက်သည်း အနေအထိုင် သင့်လှစွာသောကြောင့် စွန်ရဲကိုနိုင်ဘူးလေ၏။

## ခြသေ့်နှင့် ဖား

ရှေးသရောအခါ တောသုံးထောင်၌ သားတကာတို့မင်း ဖြစ်သော ခြသေ့်မင်းသည် အစာရှာအံ့သောငှာသွားလေသော်

တောအရပ် တောင်ပို့ငယ်တခု၏ အပါးသို့ရောက်လေ၏။ ထို တောင်ပို့ထက်၌ နေသင့်သော ဖားငယ်ဘကောင်သည် "ငါ့ အရပ်သို့မလာလင့်—"ဟု ဆို၏။

ခြင်္သေ့မင်းလည်း "ဟယ်—နင်မျှတည်းဟူသောသူသည် ငါ့ကောသရရာဇာကိုလျက် မရိုမသေဆိုသည်ကား နင် ငါ့ကိုအန် ဘူလိုသလော—"ဟု ဆို၏။

ဖားငယ်သည်"ခြင်္သေ့လည်းသားမင်း၊ ငါသည်းဖားမင်း ဖြစ်သည်၊ ငါသို့သောဖားမင်းကို ခြင်္သေ့ အန်တုသိုသော်ကား ငါ့ကို အန်မတုနိုင်ဦး၊ ကောသရ ရာဇာတကောင်သည် ငါ့ကို အန်တုလိုသောကြောင့် ငါဖမ်း၍ထားသည်ရှိ၏။ ထိုခြင်္သေ့နှင့် တွေ့လေဦး—"ဟုဆို၏။

ခြင်္သေ့လည်း "နင် ဖမ်း၍ ထားသော ခြင်္သေ့ကိုသာ ပြလော့၊ ငါတွေ့အံ့"ဟုဆို၏။

ဖားငယ်လည်းရေပြည့်သောရေတွင်းကိုပြ၍–"တွင်းထဲ၌ ငါထားသည်၊ ငါခေါ်ချေအံ့"ဟု ဆိုပြီးလျှင် ဖားငယ်သည် ရေတွင်းထဲဆင်းလျက် ငုပ်၍နေလေ၏။

ခြင်္သေ့လည်း ရေကိုကြည့်သော် ရေ၌ ခြင်္သေ့ရိပ်ကို မြင်၍ "ဤသည်လျှင် ဖားငယ် ထားသောခြင်္သေ့တည်း—"ဟု ဟောက်၏၊ ဟောက်ဖန်များသော် ရင်ကွဲ၍သေလေ၏။

ခြင်္သေ့သေပြီးသော်ဖားသည်မိမိအဖော်များကိုခေါ်င် စုဝေး၍ ခြင်္သေ့ကိုကြည့်စေပြီးသော် အောင်သေအောင်သား စားသည်ဟုခြင်္သေ့ သားကို စားကြလေ၏။

ဤသို့လျှင် ခွန်အားကြီးလှ စွာ သော ခြင်္သေ့ကို စင်လျက် ဖ ား ငယ်သည် အရပ်အနေကောင်း၍ အကြံ အစည်နက်လှသောကြောင့် နိုင်ဘူးလေ၏။

## ဆင်ပြောင်နှင့် ပုဇွန်

ရှေးသရေအခါ ပုဇွန်တကောင်သည် ညွန့်ပျောင်းများသော ရေအိုင်တခုကိုအမှီပြု၍နေလေ၏။ ဆင်ပြောင်ကြီး တစီးသည် ရေသောက်မည်ဟုလာလတ်သော် ပုဇွန်က "င ါ့ အရပ်သို့ ကျူးကျော်၍လာသည်ကား အသူနည်း—" ဟုမေး၏။

ဆင်ပြောင်ကြီးကလည်း "င ါ ဆင်မင်း" ဟုဆို၏။

ပုဇွန်ကလည်း "သင့်နေရာ, င ါ့နေရာ, ကျက်စားရာ တခြားစီဖြစ်သည်။ သင် ကျက် စားရာ မဟုတ်၊ သွားလေ ဟု ဆိုသော်—

ဆင်ပြောင်ကြီးကလည်း "နင်သည် အကြောင်းမဲ့ဘဲ အရဲပြု၍ အန်တုလိုသလော—" ဟု မေးလျှင်—

"တုလို၏—" ဆိုသော် ဆင်လည်း အမျက်ထွက်သဖြင့် ဆင်းသက်၍ပုဇွန်ကိုထိုး၏။ ပုဇွန်သည်း ငုပ်၍ပြေးသေ၏။ ဆင်ပြောင်ကြီးလည်း နွံကျ၍ ရေအိုင်ထဲတွင်သေသေ၏။

ပုဇွန်တည်းလျက် အမှီတံကဲ သဟဲပြုစရာရေအိုင်ကိုရလေသောကြောင့် အစွယ်နှင့်ခေါခေါဖြစ်သော ဆင်ပြောင်ကြီး၏ အသားကိုစားရဘူးလေ၏။

ယင်-သို့ အရပ်အနေ သင့်ခြင်းတို့သည်လည်း စင်စစ် ပတိရူပဒေသတို့ပင်ဖြစ်၏။ တင့်အပ်လျောက်ပတ်သော အရပ်မှာ နေရသဖြင့် တိုးတက်ကြီးပွားသူပေါင်း အများအပြား ရှိကုန်သကဲ့သို့ မလျောက်ပတ်သောအရပ်မှာနေသဖြင့် နစ်မွန်းသူများလည်း အများအပြားပင်။ သို့ကြောင့်လျောက်ပတ်သော အရပ်၌နေရခြင်းသည်လည်း မင်္ဂလာမည်၏။

ရှေးဘဝ

ရှေးက ကောင်းမှုပြုခဲ့ဘူးသည်လည်း မြတ်သော မင်္ဂလာမည်၏။

ပုဗ္ဗေကို ရှင်မဟာဗုဒ္ဓဃောသက 'ပုရာအတီတာသု ဇာတီသု'ဟု ဖွင့်ဆို၏၊ မြန်မာလိုကား 'ရှေးဘဝ၌'ဟူသတည်း၊ ယခုဘဝမဖြစ်မီ အထက်-အထက်က ဘဝများ ဖြစ်၏၊ ယင်းဘဝတို့ကို ရှေးအတိတ်က ဘဝများဟု ဆို၏၊ သို့ဖြင့် ယခုလက်ရှိ မျက်မှောက်ဘဝသည် ပစ္စုပ္ပန်ဘဝဖြစ်၍ ထိုမှတဆင့် နောင်ဖြစ်လာမည့် ဘဝသည် အနာဂတ်ဘဝဖြစ်၏၊ ဤသည်ကား ဘဝခြားပြီးလျှင် အတိတ်, ပစ္စုပ္ပန်, အနာဂတ်ဟူသော ဘဝသုံးပါးကို လက်ခံသော အယူဝါဒဖြစ်၏။

အချို့သော သူတို့ကမူ ယခုလက်ရှိ မျက်မှောက်ဘဝမှာပင် ဘဝသုံးပါးကို ခွဲခြားသတ်မှတ်ကြ၏၊ဖွားမြင်စ အခါမှစ၍ ယခုမတိုင်မီ အတွင်းကို အတိတ်ဘဝ, ယခုဘဝကို ပစ္စုပ္ပန်,

ယခုမှ နောက်ကို အနာဂတ်ဟု သတ်မှတ်ယူဆကြ၏၊ မွေးဖွား သည်မှ စ၍ ယခုအတွင်းသည် အတိတ်ဖြစ်၏၊ ယခုသည် ပစ္စုပ္ပန်ဖြစ်၏၊ နက်ဖြန်သည် အနာဂတ်ဖြစ်၏ဟု ဆိုလို၏၊ ထိုသူ တို့သည် ယနေ့ တနေ့တည်းကိုပင် ထို့အတူ သုံးပိုင်းခွဲခြားပြီး မှတ်သားလေ့ရှိကြ၏။

အချို့သော ဒဿနိက ပညာရှင်တို့ကား ထိုကာလသုံး ပါးရှိသည်ကိုပင် လက်မခံကြပါ၊ သူတို့၏ အယူအဆမှာ အတိတ် လည်းမရှိ ပစ္စုပ္ပန်လည်းမရှိ, အနာဂတ်လည်းမရှိပါ၊ သူတို့က ပြောပြကြပါသည်“လောကဝေါဟာရ၌ အတိတ်,ပစ္စုပ္ပန်,အနာ ဂတ်ဟု ကာလကိုသုံးပါးခွဲခြားပြီးသတ်မှတ်ထားကြ၏၊အတိတ် သတင်းကို ငါတို့ မကြားရပါ၊ ပစ္စုပ္ပန်သည် ယခုမှ လာမည့် အကြောင်းအရာတို့မှာ သန္ဓေတည်နေတုန်း ဖြစ်၏၊ ယင်းသည် အတိတ်နှင့် အနာဂတ်ပေါ်မှာ တည်နေ၏၊ ပစ္စုပ္ပန် ဟူ သည် အဘယ်ပါနည်း၊- ယင်းသည်အတိတ်လည်းမဟုတ်၊ အနာ ဂတ်လည်းမဟုတ်၊စင်စစ် အကြောင်းကြောင့် ဖြစ်သဖြင့် ပစ္စုပ္ပန် ကို ကြံဆခြင်းမှာ ဆောက်တည်ရာမရှိပါ၊ သို့ကြောင့် ကာလ သုံးပါးကို ကြံဆခြင်းတို့မှာ ယုံကြည်ဖွယ်ရာမရှိပါ ဟူသတည်း။

[ဤသဘောတရားမှာ အတန်နက်နဲခက်ခဲနေပါ၍ လွယ် လွယ်ကူကူနှင့် ပြည့်စုံစွာ နောက်ဘဝ အမည်ဖြင့် စာအုပ်တအုပ် စီစဉ်ရန် စိတ်ကူးထားပါသည်။]

ထိုမှတပါး ကာလသုံးပါးနှင့် ပတ်သက်သော အယူ အဆတခုကို တင်ပြပါဦးမည်၊ ယင်းအယူ-အဆကို ကြံဆသူမှာ ကဿပ ရသေ့ကြီးဖြစ်၏၊ သူ၏အယူ အဆ အချုပ်မှာဤသို့ ပါ

တည်း- “တရားကို ကျင့်သောသူအား ကောင်းကျိုးလည်းမရှိ၊ မကောင်းကျိုးလည်းမရှိ၊ တမလွန်လောကလည်းမရှိ၊ ထိုစကားသည် မှန်၏၊ အဘယ်မည်သောသူသည် တမလွန် လောကမှ ဤပစ္စုပ္ပန် လောကသို့လာသည်ကို မြင်ဘူးသနည်း၊ အမိ၊ အဖ၊ ဆရာ ဟူသည်မရှိ၊ မယဉ်ကျေးသော သူကိုအဘယ်သူသည် ဆုံးမနိုင်အံ့နည်း၊ ခပ်သိမ်းသော သတ္တဝါတို့သည် ထပ်တူသာလျှင် ဖြစ်ကြကုန်၏၊ အသက်ကြီးသောသူကို အရိုအသေအလေးအမြတ် ပြုအပ်သည်လည်းမရှိ၊ အား လုံ့လ အကျိုးလည်းမရှိ၊ သဘောပဲ့ကဲ့သို့ သတ္တဝါတို့သည် ထပ်တူသာပင်လျှင် အမြဲဖြစ်ကုန်၏၊ ထိုသတ္တဝါတို့သည်ရအပ်သောဥစ္စာတို့ကို ရခြင်း၌ အဘယ်ကောင်းမှုအကျိုးဟုဆိုရအံ့နည်း၊ အလှူပေးခြင်းအကျိုးလည်းမရမရှိ၊ လုံ့လလည်း အစိုးမရ၊ သူမိုက်တို့သည် အလှူကို ဆောက်တည်ကြကုန်၏။ ပညာရှိတို့သည် ခံယူကုန်၏၊ သူမိုက်တို့သည် မိမိဥစ္စာကို အစိုးမရ၍ ပညာရှိတို့အား ပေးရကုန်၏” ဟု ဆို၏။

## ရုစာမင်းသမီး

အထက်ဖေါ်ပြပါ ဥစ္ဆေဒ အယူဝါဒကို ကဿပရှင်ရသေ့ကြီးက အင်္ဂတိမင်းကြီးအား ဟောကြားခြင်းဖြစ်၏၊ ယင်းအယူအဆကို အင်္ဂတိမင်းကြီး၏ တပင်တိုင် သမီးတော် ရုစာမင်းသမီးက မိမိကိုယ်တွေ့ အဖြစ်အပျက်ဖြင့် ဤသို့ ချေပပယ်ဖျက်၏-

အရှင်မင်းကြီး အကျွန်ုပ်သည် တာဝတိံသာ၌ သိကြားမင်း အလုပ်အကျွေး နတ်သမီးဖြစ်သောအခါ လွန်လေပြီးသော ခုနစ်ဖြစ်၊ လာလတံ့သော ခုနစ်ဖြစ်အားဖြင့် တဆဲ့လေးဖြစ်တို့ကို မြင်၏။

အရှင်မင်းကြီး ရှေးသံသရာ၌ ကျင်လည်သောအခါ အကျွန်ုပ်သည်ရာဇဂြိုဟ်ပြည်၌ရွှေပန်းထိမ်သည်၏သားဖြစ်ဘူး၏၊ ထိုရွှေပန်းထိမ်သည်၏ သားဖြစ်သောအခါ မကောင်းသော အဆွေခင်ပွန်းနှင့် ပေါင်းဖော်မိ၍ များစွာသော မကောင်းမှုတို့ကို ပြုမိ၏၊ သူတပါးတို့၏ မယားကို အနိုင်-အထက် ခိုးယူ၍ မသေမကြေနေရမည်ကဲ့သို့ မိစ္ဆာစာရကို ကျင့်မိ၏၊ ထိုမကောင်းမှုသည် အခြားမဲ့သဘာဝ၌ အကျိုးမပေးမူ၍ ပြာဖြင့် ဖုံးလွှမ်းအပ်သော မီးကဲ့သို့တည်၏။

ထိုရွှေပန်းထိမ်သည်၏သားအဖြစ်မှ စုတေလတ်သော်ဘပါးသော ကောင်းမှုကြောင့် ဝံသတိုင်းကောသမ္ဗီပြည်တွင်ကြွယ်ဝလှစွာသော သူဌေးအမျိုး၌ဖြစ်၏၊ ထိုသူဌေးအမျိုး၌ အကျွန်ုပ်တယောက်ထည်းသော သားရှိသည်ဖြစ်၍ သူခပ်သိမ်းတို့ ပူဇော်ရာဖြစ်၏၊ထိုကောသမ္ဗီပြည်၌ ကုသိုလ်ကောင်းမှု၌ မွေ့လျော်သော အကြားအမြင် ရှိသော အဆွေခင်ပွန်းကောင်းကို မှီဝဲမိ၍ အကျွန်ုပ်ကို ထိုအဆွေခင်ပွန်းသည် အကျိုးစီးပွါးရှိသည်၌သာ ဆောက်တည်စေ၏၊ စတုဒ္ဒသီ-ပန္နရသီ ဥပုသ်နေ့တို့၌ အကြိမ်များစွာ ဥပုသ်သီတင်း ဆောက်တည်ခဲ့ဘူး၏၊ ထိုဘဝ၌ ပြုအပ်သော ကောင်းမှုသည် ရေလျှင် အဆုံးရှိသော တွင်း၌ မြှုပ်

ထားအပ်သော ရွှေအိုးကဲ့သို့ အခြားမဲ့သော ဘဝ၌ အကျိုး မပေးမူ၍ တည်၏။

ထိုသူဌေးအဖြစ်မှ စုတေမနေ သေလွန်လတ်သော် ရွှေ ပန်းထိမ်သည်၏ အဖြစ်၌ ပြုအပ်သော ပရဒါရ မကောင်းမှု ကြောင့် ရောရုဝ ငရဲ၌ ကြာမြင့်စွာ ကာလပတ်လုံး ခံရ၏၊ ထို ငရဲ၌ ခံရသော အဖြစ်ကို အောက်မေ့မိသော အကျွန်ုပ်သည် ပြင်းစွာသော ကြောက်လန့်ခြင်း ဖြစ်၍ တခဏမျှ ချမ်းသာကို မရနိုင်။

ထိုရောရုဝငရဲ၌နှစ်လရှည်စွာခံပြီး၍ငရဲမှစုတေလတ်သော် ဘိန္နာဂတ ပြည်၌ ဝေးစေ့ ထုတ်သော ဆိတ်ဖြစ်ပြန်၏၊ ထို ဆိတ်သည် အားနှင့် ပြည့်စုံသည် ဖြစ်၍ ကျောက်ကုန်းဖြင့်ရင်း, ရထားဖြင့်ရင်း လေးစွာသောဝန်ကို ရွက်ဆောင်ရ၏၊ ထိုဝှေးစေ့ ထုတ်သော ဆိတ်ဖြစ်ရခြင်းသည်ကား သူ့မယားကို ပြစ်မှားခဲ့ ဘူးသော မကောင်းမှု၏ အကျိုးတည်း။

ထိုဆိတ်အဖြစ်မှ စုတေမနေ သေလွန် ပြန်လတ်သော် တောကြီးစွာ၌ မျောက်အမျိုး၌ ပဋိသန္ဓေနေရ၏၊ ထိုမျောက် အမျိုး၌ ဖွားစကပင်လျှင် အမိမျောက်မသည့် အဖဖြစ်သူသော မျောက်မင်းအား သားကိုပြ၏၊ ထိုမျောက်မင်းသည် ငါ့သားကို ဆောင်ခဲ့ဆို၍ ပြင်းစွာဖက်ပြီးလျှင် မြည်တမ်းစဉ်ပင် မျောက်၏ [illegible] ကျက်တိ၏၊ ထိုသို့ခံ[illegible]ခြင်းသည်ကား ရွှေပန်းပဲမ်သည် သားဖြစ်သော အခါ၌ သူတပါး မယားကို ပြစ်မှားခဲ့ဘူးသော မကောင်းမှု အကျိုးဆက်တည်း။

အရှင်မင်းကြီး အကျွန်ုပ်သည် ထိုမျောက်အဖြစ်မှ စုတေမနေ သေလွန်လတ်သော် ဒဿနတိုင်း၌ ဝေးစေ့ထုတ်အပ်သော နွားလားဖြစ်ပြန်၏၊ ထိုနွားလား ဖြစ်ခြင်းသည်လည်း သူတပါးတို့၏ မယားကို ပြစ်မှားခဲ့ဘူးသော မကောင်းမှု၏ အကျိုးဆက်တည်း။

အရှင်မင်းကြီး အကျွန်ုပ်သည် ထိုနွားလားဖြစ်သည်မှ စုတေမနေ သေလွန်လတ်သော် ဝဇ္ဇီတိုင်းတွင် ရွာသူကြီးမျိုး၌ ဖြစ်ပြန်၏၊ ထိုအမျိုး၌ ရခဲလှစွာသော လူ၏အဖြစ်ကို ရပါသော်လည်း မိန်းမလည်း မဟုတ်၊ ယောကျ်ားလည်း မဟုတ်၊ နပုန်းပဏ္ဍုက် ဖြစ်သာ၏၊ ထိုသို့ နပုန်းပဏ္ဍုက် ဖြစ်လာရခြင်းသည်ကား သူတပါး မယားကို ပြစ်မှားခဲ့ဘူးသော မကောင်းမှု အကျိုးဆက်တည်း။

အရှင်မင်းကြီး အကျွန်ုပ်သည် ထို နပုန်းပဏ္ဍုက် အဖြစ်မှ စုတေမနေ သေလွန်လတ်သော် တာဝတိံသာ နတ်ပြည် နန္ဒဝန်ဥယျာဉ်၌ နှစ်သက်ဖွယ်သော အဆင်းနှင့်ပြည့်စုံစွာ ဆန်းကြယ်လှစွာသော အဝတ်တန်ဆာ, ပတ္တမြားနားတောင်း, ရွှေစည်ပေါင်းတို့ဖြင့် တန်ဆာဆင်လျက် ကခြင်း သီခြင်း၌ လိမ္မာလှစွာသော သိကြားမင်း၏ အလုပ်အကျွေး နတ်သမီး ဖြစ်လာ၏။ ထိုနတ်သမီး အဖြစ်၌ တည်သော အကျွန်ုပ်သည် သေလွန်လေပြီးသော ခုနစ်ဖြစ်ကိုရင်း, လာလတံ့သော ခုနစ်ဖြစ်ကိုရင်း ကြံအောက်မေ့သဖြင့် မြင်၏။

အရှင်မင်းကြီး ထိုနတ်သမီးအဖြစ်နှင့် တကွသော နောက်ခုနစ်ဖြစ်တို့သည်ကား များစွာသော ချမ်းသာနှင့် ပြည့်စုံ၏။

မိန်းမအဖြစ်ကား ခြောက်ဖြစ် တိုင်အောင် ဖြစ်လတံ့၊ ခုနစ်ဖြစ်မြောက်ကား တန်းခိုးကြီးသော နတ်သား ဖြစ်လတံ့။

အရှင်မင်းကြီး နန္ဒဝန် ဥယျာဉ်၌ အကျွန်ုပ်၏ အလုပ်-အကျွေးဖြစ်သော နတ်သမီးတို့သည် ယနေ့ တိုင်အောင်လည်း အစဉ်သဖြင့် ပန်းကို ကုံးသီးကုန်၏၊ ဇဝန မည်သော နတ်သားသည် အကျွန်ုပ်ချသော ပန်းကို ခံလင့်၏။

အရှင်မင်းကြီး အကျွန်ုပ်၏ အခုကိုယ် အဖြစ်သည်ကား တဆဲ့ခြောက်နှစ်သာ ရှိသေး၏၊ ထိုတဆဲ့ခြောက်နှစ်မျှ ကာလသည် နတ်တို့၌ တခဏသာတည်း၊ လူတို့၏ အရေ အတွက်အားဖြင့် အနှစ်တရာသည် တာဝတိံသာနတ်တို့၏ နေ့အားဖြင့် တနေ့သာတည်း။

အရှင်မင်းကြီး ဤသို့ဆိုခဲ့ပြီးသော နည်းဖြင့် ကောင်းမှုသည်ရင်း, မကောင်းမှုသည်ရင်း,- ပျောက်သည်မရှိ၊ အရိပ်သဖွယ်ကဲ့သို့ လိုက်ကုန်၏ ဟု မှတ်တော်မူပါလော့။"

## ဂေါပက နတ်သား

ရှေးဘဝက ကောင်းမှုပြုခဲ့၍ နတ်သား ဖြစ်လာသော ဂေါပက နတ်သားအကြောင်းကို သိကြားမင်းက မြတ်စွာဘုရားအား လျှောက်ကြားဘူးပါသည်—

အရှင်ဘုရား ဤကပိလဝတ် ပြည်၌ပင် ဘုရား တရား သံဃာ၌ ကြည်ညို၍ ငါးပါးသီလကို စောင့်ထိန်းလေ့ ရှိသည့်

ဂေါပိကာ မည်သော သာကီဝင် မင်းသမီးသည် ရှိပါ၏၊ ထို မင်းသမီးသည် မိန်းမဖြစ်ကြောင်းကို စက်ဆုပ်လျက် ယောကျ်ား ဖြစ်ကြောင်းကို ဖြည့်ကျင့်၍ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ တာဝတိံသာ နတ်ပြည်ဝယ် အကျွန်ုပ်တို့၏ သားအဖြစ်သို့ ရောက်လာပါ၏။ ထိုတာဝတိံသာ နတ်ပြည်၌လည်း ထိုနတ်သားကို "ဂေါပကနတ်သား-ဂေါပက နတ်သား-ဟု" ခေါ်ကြပါသည်။

အရှင်ဘုရား အခြားရဟန်း သုံးပါးတို့သည်ကား မြတ်စွာ ဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်ပါလျက် ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်လာပါကုန်၏၊ ထိုနတ်တို့သည် ကာမဂုဏ် ငါးပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ ခံစားပျော်ရွှင်လျက် အကျွန်ုပ် တို့အား ခစားဖျော်ဖြေရန် သုဓမ္မာ နတ်သဘင်သို့ လာရောက် ကြပါကုန်၏။

ဤသို့ စသည်ဖြင့် လွန်လေပြီးသော အတိတ် ဘဝက ကုသိုလ်ကောင်းမှု ပြုခဲ့သောကြောင့် ယခုပစ္စုပ္ပန်ဘဝ၌ ကောင်း ကျိုး ချမ်းသာ ခံစားရသော ပုံဝတ္ထု အများ-အပြားပင် ရှိ၏၊ ငါးရာ ငါးဆယ် ဇာတ်ဝတ္ထုတို့မှာ ထိုအယူအဆ၏ သာဓက တို့ပင်ဖြစ်၏၊ ထို့အတူ ယခုဘဝ၏ရှေးအခါက ကုသိုလ်ကောင်းမှု ပြု၍ ယခုဘဝမှာပင် ကောင်းကျိုးခံစားရသော အထောက် အထားအများအပြားပင်ရှိ၏၊ ဗာရာဏသီပြည်သားတယောက် သည် ကြွက်သေတခု အရင်းပြု၍ လေးလတာဝယ် နှစ်သိန်း ကြွယ်သောသူဌေးဖြစ်၏။ မုတ္တမမြို့သားမဂဒူသည် ကြွေပေါက် တလုံးဖြင့်ရာဇဝင်တွင် လွန်စွာထင်ရှားသော ဝါရူမင်းဖြစ်ခဲ့ဘူး၏။

## မဂဒ္ဒူ

မဂဒူသည် အရှယ်သို့ရောက်လျှင် သုံးကျိပ်သော ကုန်သည်တို့ကို အကြီးပြု၍ သောက္ကတဲသို့ သွားလေသော် ဘုရားတောင်ခြေရင်းတွင်လူတယောက်နာခဲ့၏။ ထိုနာသသူ ထမ်းဝန်ကိုမဂဒူပင်ထမ်း၍တက်၏၊ တောင်ထိပ်သို့ ရောက်လျှင် အခါမဲ့ကိုမိုးကြီးသည်းစွာရွာသတ်၍ မဂဒူပခုံးထက်တွင်ထမ်းပိုးကိုမိုးကြိုးပစ်လေ၏။ ထိုခဏတွင် နောက်သို့ကြည့်သော် လျှပ်စစ်တွင် ရွှေပြသာဒ်ကိုမြင်၏၊ထိုနိမိတ်ကိုမြင်လျှင် ငါသည် ဘုန်းကြွယ်ရှင်ဟူ၍ နှလုံးဝမ်းပိုက်၏။

ကုန်သည်သုံးကျိပ်သားတို့လည်း အန္တရာယ်မရှိ၊ မိုးချုပ်သောကြောင့်ယင်းသည့်တောင်ယံတွင်ပင်အိပ်ကြ၏။ ယင်းသည့်အရပ်သည် နိဂုံးရွာကြီးဖြစ်သောကြောင့် မေးမြန်း စုံစမ်းသော် နိမိတ်ဖတ်တတ်သော ပညာရှိစောပဏ္ဍိတ်ကို တွေ့လေ၍ လက်ဆောင် ပဏ္ဏာကာရ နှင့် တကွ သွား၍ မိမိဦဖြစ်သော အကြောင်းနိမိတ်ကို ဆိုပေ၏။

စောပဏ္ဍိတ်လည်း ကြားလျှင်“သည်နိမိတ်သည် ကြီးလှ၏၊ မင်းအရပ်နှင့် မျှအောင် ငွေပုံ၍ပူဇော်မှ သည်နိမိတ်နှင့်ထိုက်မည်-”ဟု ဆို၏။

မဂဒူလည်း ပညာရှိသူဖြစ်သောကြောင့် ကြံ၍ပါသည့်ငွေသုံးဆယ်ကို တောင်ပို့ထက်တင်၍ အရပ်နှင့်အမျှ ငွေပုံ၍ပူဇော်ပြီးမှ“ဖတ်တော်မူပါ-”ဟု ဆို၏။

မြင်လျှင် မဂဒူသည် ဘုန်းကြမ္မာ ကြီး၏၊ ပညာလည်း ရှိ၏၊ နိမိတ်နှင့်ညီစွာ ဖြစ်မည်ကိုမြင်၍ ဖတ်လေ၏၊ "ယနေ့ကစ၍ ရွှေသို့ မင်းကုန်သည်မပြုနှင့်တော့၊ မင်းဧကရာဇ်တွင်သာ ခစား လေ၊ သည်နှစ်တွင်ပင် မင်းဖြစ်မည်-" ဟူ၍ ဆို၏။

ကြားလျှင် အလွန်ဝမ်းမြောက်၍ ပညာရှိ စောပကျိုတ်ကို ဦးသုံးကြိမ်ခိုက်၍ သွားလေ၏။

သောက္ကတဲသို့ ရောက်လျှင် ပါသည့်ကုန်ကို ရောင်း၍ နေ၏၊ လက်သားသုံးကျိပ်မျှကားကုန်ဝယ်၍ပြန်လေ၏၊ မဂဒူကား ပညာရှိဆိုသည့်စကားအတိုင်း သောက္ကတဲမြို့တွင်နေလျက် ကြံ၏။

မင်းဧကရာဇ်တွင် ခစားချေသော် အဝတ်အစားသူနှင့် အတူဖြစ်အောင် ကံကျွေးမရှိဟူ၍သောက္ကတဲမင်းအတွင်း ဆင်ကဲတွင်သာ ခစားမှသင့်မည်ဟု ခစားလေ၏။

ဆင်ကဲလည်း မဂဒူကို မြင် လျှင် ချစ်သနားစွာဖြစ်၏၊ မဂဒူလည်း လုလ္လထကြွ နေ့ညမဟူ ဆင်စာကျွေး၏၊ ဆင်ချေး အမှိုက်တောင်မျှမရှိရအောင်လှည်း၏။

တနေ့သ၌ သောက္ကတဲမင်း ဆင် ကြည့်တော်မူလာ၏၊ မဂဒူ လုလ္လကိုမြင်လျှင် "သည်သူသည် ဘယ် သူနည်း-" ဟူ၍ ဆင်ကဲကိုမေးတော်မူ၏။

ဆင်ကဲလည်း "မုတ္တမသားကျွန်ုပ်တွင်ခစားလာပေသည်" ဟု လျှောက်၏။

"သင့်ကို အဝတ်အစား မညှိုးမနွမ်းစေနှင့် ပေးပါ" မိန့်တော်မူ၏။

ဆင်ကဲလည်း သနားရင်းရှိ၍ပေး၏၊မဂဒူသည်း နေ့-ည၌မဟူ မအိပ်မနေဆောင်ဖန်၏၊နောင် ပြည့်ရှင်မင်းလာတော်မူလျှင် မဂဒူကိုမင်၏၊ ပြည့်ရှင်မင်းငုံသည့် လဖက်ကို ထုတ်၍ ခံတွင်းဆေးတော်မူရာတွင် "ကြွေပေါက်တလုံ"ရှုတ်ခြည်း ပေါ်လာသည်ကိုမြင်လျှင် မဂဒူကို ခေါ်၍ညွှန်ပြ၏။မဂဒူလည်း ဦးခိုက်ပြီးမှ ကောက်၍ယူ၏။

ပြည့်ရှင်မင်းပြန်တော်မူမှ မဂဒူသည်ကြံ၏—"သည်ကြွေပေါက်တလုံးကိုခေါ်၍ပေးတော်မူသည်၊ ငါ၏လုပ်ရည် ကြံရည်ကို စမ်းတော်မူသည် မှန်၏-"ဟူ၍ ဟင်း နုနယ် စေ့ကို ဈေးသည်မှာ ဝယ်လေသော် ဟင်းနုနယ်စေ့ ရှပ်မိန်းမလည်း ပြယ်၍ "မင်းကြွေပေါက်ငယ်တလုံးသာကို မည်မျှဟူ၍ငါ့မ ပေး ဟ၊ မင်း လက်ညှိုးတချောင်းတွင် တင်သရွေ့ကို ယူတော့—"ဟု ဆိုလေ၏။

မဂဒူလည်း ပဋိဘာန်ပညာရှိလှသူ ဖြစ်သောကြောင့် မေးပြန်၏၊ "လက်ညှိုးတချောင်းတွင် ပါသရွေ့ကိုခွင့်ပြုသော် ယူပါမည်"ဆို၏။

ဟင်းနုနယ်စေ့ ရှင်မိန်းမလည်း"ခွင့်ပြု၏-"ဟုဆို၏။

မဂဒူကြံ၍ လက်ညှိုးတချောင်းလုံးကို စုတ်အောင်ငုံပြီးမှ ဟင်းစေ့ပုံကို ထိုး၍ယူသည်၊ အများပင်ရ၏၊ ဟင်းစေ့ရှင်မိန်းမမြင်လျှင် မဂဒူကို"ပညာရှိလှ၏"ဟူ၍ အထဲ ချီးမွမ်း၏။

မဂဒူလည်း ဟင်းစေ့ရလျှင်မိုးမြေကိုတူးဆွ၍ ဆင်ချေးနှင့်ရောပြီးလျှင် သွင်းစိုက်ကြ၏။ ည-နံနက်မပြတ် ရေသွန်း၏။

ပေါက်လတ်သော် အချို့အနီ၊ အချို့အဖြူ၊ လုလ္လပြ၍ ရေဖြင့် သွန်းသောကြောင့် ဖွံ့ဖွံ့ကြီးကြီး သန့်စွာဖြစ်၏။

ပြည့်ရှင်မ ႏနေ့၁က်ဆင်ကြည့်လာတော်မူစဉ်တွင် ဖွံ့သည့် ဟင်းနုနယ်ကို ရွေး၍ယူပြီးလျှင် စဲစွာဆေ၍ ဆက်၏။

ပြည့်ရှ ်မ လည်း-"သည့်ဟင်းနုနယ်ကို မင်းဘဇာမှာ ရသနည်း-"ဟုမေးတော်မူ၏။ "ယမန်ဘုရား ပေးတော်မူသည့် ကြွေပေါက်နှင့်ဝယ်၍ စေ့ပျိုးသည်—"ဟုလျှောက်၏။

ကြားတော်မူလျှင် ဝါသနာ ကံရ ်း ရှိသောကြောင့် ဆင်ကဲကို ဘောင်းလ၏၊ ဆင်ကဲသည်း လက်ငင်၍ ဆက်၏၊ စားတော်ကဲသို့ အပ်၍ "ကြည့်ရှုစေ" ဟု မိန့်တော်မူ၏။

မဂဒူသည်း စားတော်သည်တို့ကို နေ့-ည-မဟူ လုလ္လ ထကြွပြ ်းစွာ မအိပ်-မနေ စီရင် ဆော်ဖန်၏၊ ရှည်လတ်သော် ပြည့်ရှင်မ ်းသည် စိတ်နှလုံးတော်နှင့် ညီသဖြင့် ဝ ်းကို ပေး တော်မူ၍ ဝင်းမှူးရ၏၊ မဂဒူးလည်း ဝင်းမှူး ရလျှ ် နေ့မှူ- ညဥ့်မှူ မအိပ်-မနေ စိစစ်ဆော်ဖန်၏၊ တစမ ပစ် စီရ ် ဆော်ဖန် ခြင်း၌ လုလ္လအားထုတ်၏၊ အရည်အချင်းထူးသောကြောင့် "စော ခွိခွံရည်" ဟူသော အမည်ကို ပေးတော်မူ၏။

ယ ်းသို့သော ကာလတွင် ကုလား ဇဝါမင်းက ကျေးစွန် ရွာစွန်းကို ဖျက်ဆီးလာ၍-"ဘုန်းကြီးသည့်အရှင် ချီတော်မူလျှင်း မှ ကျွန်ုပ်တို့သည် သုံ့ဖမ်းမဖြစ်မည်-" ဟူ၍ လျှောက်လာ၏၊ အလုံး အရင်း ဆင်မြင်းအများနှင့် ရေပ ါ-ကြည်းပ ါ ချီတော်မူ ၏၊ စောခွိခွံရည်ကို ဝင်းနှင့်တကွ မြို့စောင့်ခန့်တော်မူ၏။

စောဒိုခုံရည်လည်းအမိန့်တော်အတိုင်း အတွင်းမှု-ပြင်မှုတို့ကို တစမလစ်ရအောင် ကွပ်ကဲစီရင်၏၊ အတွင်းသို့ ဝင်ရဖန်များလျှင် သောက္ကတဲ မင်းသမီး "မည်းနှင်းသွယ်ဒါ"နှင့် အကျွမ်းဝင်ကြလေ၍ အချစ်အခင် ဖြစ်ကြလေ၏၊ ရှည်လျှင် လူသိ-သူကြားဖြစ်၍ စောဒိုခုံရည်ကို "ထောင်စား"ဟူသသူက အကျိုးလို စကားဖြင့် "မင်းမသင့်၊ ငါတို့သခင်မင်းကြီး သိတော်မူက ဘေးဒဏ်ရောက်မည်"ဟူ၍ ဆုံးမမြစ်တား၏။

စောဒိုခုံရည်လည်း ကြောက်သောကြောင့် သောက္ကတဲမင်းသမီးကို ဆိုသော် "လွတ်အောင်ကြိုး၍ ဆင်မ ခြေလျင်နှင့် ငါ့ကို ခိုး၍ပြေးတော့"ဟု ဆို၏။

ရွှေငွေများစွာ ဆင်ထက်တင်၍ ကျွန်ဒိုင်းကိုင် ခုနစ်ကျိပ် မိမိနှင့်စိတ်တူ ရှမ်းသူရဲ နှစ်ရာကျော်နှင့် သောက္ကတဲမင်းသမီးကို ခိုး၍ ပြေးလေ၏။

ဒမြိုင်ပက်ပါကသည် မိမိအရပ်ဟောင်း တဂေါဝန်းသို့ ရောက်လေ၏၊ သောက္ကတဲမင်းက လိုက်စေသည်လည်း မမိချေ၊ ရှေးမိမိလက်သားကုန်သည် သုံးကျိပ်လည်း ကျွန်ခံကုန်၏။

ယင်းသည် တဂေါဝန်းဟူသည့် အရပ်တွင် မင်းပြု၍ ပြည်သူတို့အား သားကဲ့သို့ စီရင်မစ၍ နေပြီးလျှင် သက္ကရာဇ် ၆၄၃-ခုနှစ်တွင် မဂဒူ မုတ္တမကို ရသတည်း၊ မုတ္တမမြို့လယ်တွင် တန်ဆောင်းကြီးဆောက်၍ ဗေဒင်တတ်ပညာရှိ ရဟန်း-ပုဏ္ဏားတို့နှင့် ညှိ၍ ဓမ္မသတ်ပြု၏၊ ထိုဓမ္မသတ်ကို နောင်ဝါရူမင်း ဟူသော အမည်ကို ခံသောကြောင့် ဝါရူမင်းဓမ္မသတ်ဟူ၍တွင်၏။

# ငါးစီးရှင်

တရံရောအခါ ငါးစီးရှင် စားတော်ခေါ်ခါနီးဝယ် ရဟန်းယောင် တယောက်သည် နန်းတော်ရှေ့က ဆွမ်းဝင်၍ ရပ်လာ၏၊ ငါးစီးရှင်လည်း "ဘယ်အလို့ငှာ ရပ်သနည်း" ဟု မေးတော်မူ၏၊ "ဆွမ်းအလို့ငှါ ရပ်သည်"ဟု အကြောင်းကို ပြောသော် စားတော်ခေါ်မည်ဟု လက်ဆေးပြီးမှ အလွန်ကြည်သော နှလုံးရှိသည် ဖြစ်၍ မနောလင်ပန်းတွင် စီရင်ပြီးသော စားတော်အားလုံးကို ထိုအရှင်အား လှူတော်မူ၏။

ငါးစီးရှင်လည်း ဝမ်းမြောက်တော်မူ၍ "သူများတို့ ဆွမ်းခံဒုံသော အခါလွန်ပြီးလျက် နေမွန်းတည့်နိုးမှ ဆွမ်းရပ်လာသည်တကား၊ ဈာန်အဘိညာဏ်နှင့် ပြည့်စုံသော ရဟန္တာ သူမြတ်ဖြစ်အံ့သတည်း၊ ငါမင်းကို ကုသိုလ်ဖြစ်စေခြင်း အလို့ငှါ ရပ်ဘိယောင်တကား"ဟူ၍ သာရှင်စွာ ဆိုလျက် သူငယ်တော် တယောက်ကို "လိုက်၍ ကြည့်ချေ၊ အဘယ်သို့ သွားလေသနည်း၊ ထိုအရှင် အဖြစ်ကို သိစေ"ဟု စေတော်မူ၏။

မင်းချင်းယောကျ်ားလည်း လိုက်၍ ကြည့်လေသော် ရှင်ကောင်းကား မဟုတ်၊ ရှင်ယောင်ဖြစ်သောကြောင့် သပိတ်ကို မယားလှမ်းလင့်၏၊ ထိုအချင်းအရာကို မြင်သော် ထိုမင်းချင်းယောကျ်ားသည်ကြံ၏၊ "ဤရှင်ရဟန်း၏ အဖြစ်ကို အရှင်မင်းကြီးအား လျှောက်ဘိမူကား သဒ္ဓါတော်မူလေပြီးသောစေတနာလည်း ပျက်လေအံ့သည်၊ ငါလည်းမျက်နှာမရ ဖြစ်အံ့သည်

မချွတ်၊ ယင်းသို့ ဖြစ်သောကြောင့် ငါတို့သည်လည်း မျက်နှာရစေ၊ အရှင်မင်းကြီး၍ သဒ္ဓါတော်မူသော ကုသိုလ်တော်လည်း အတိုင်းထက်အလွန် ဖြစ်ပစေ”ယု ကြံသျက် နန်းတော်သို့ ဝင်လေ၏။

ငါးစီးရှင်လည်း ထို မင်းချင်း ယောကျ်ားကို အလျင်တစေ မေးသင့်၏၊ မင်းချင်း ယောကျ်ားသည်း နားဘော်လျှောက်၏။ “အရှင် ဘဝရှင် စျာန်အဘိညာဏ်နှင့် ပြည့်စုံသော ရဟန္တာသူမြတ်လျှင် ဖြစ်အံ့သည်ဟု ဘုန်းကြီးသော အရှင့်စကားပင် အမှန်ဖြစ်လိမ့်မည် ယောင်ဟကား၊ အကျွန်ုပ်သိုက်၍ ကြည့်ခဲ့သော် မျက်စိကြည့်တွင်းပင် မည်သည့်အရပ်ကို သွားသည်ဟု မသိနိုင်၊ ရဟန်းပျောက်ခဲ့၏”ဟု နားတော် လျှောက်လေ၏။

ငါးစီးရှင်လည်း “ငါဆိုတိုင်းမချွတ်”ဟု လက်ရိုး-လက်မောင်းတန်းတော်မူ၏၊ ထိုခဏဝယ် ပင်းယပြည်စိုးသည် မြင်းစိုင်လျော်ကို ယူ၍လာပြီဟု လျှောက်သာ၏၊ ငါးစီးရှင်လည်း ငါ၏ကုသိုလ်အကျိုးဟု ဝမ်းမြောက်တော်မူ၏။

ထို့နောက်ဘဖန်ရှင်ယောင်မှန်းသိတော်မူပြန်၍“အမတ်တို့ ငါ့ကိုအလျင်က ကုသိုလ်စေတနာပွါးစေခြင်းငှါ လျှောက်သောသူသည် ကျွန်အပြားခြောက်ပါးတွင် ကြက်တူရွေးနှင့်တူသော ကျွန်တည်း”ဟု ချီးမွမ်းတော်မူ၍ ဆုလာဘ်များစွာပေးတော်မူပြန်၏။

ဤသို့လျှင် ရှေး ဘဝကပြုခဲ့ဘူးသော ကောင်းမှုရှိသူ၏ အဖြစ်သည်လည်းမင်္ဂလာမည်၏။

## ကမ္မ သဘာဝ

ရှေးကပြုသား၊ ကောင်းမှုဟုဆို
ကုသိုလ်အဘို့၊ ပြည့်စုံမို့၍
မချို့ဘုန်းကံ၊ အခံပုည
ရှိကြသူမှာ၊ ဇာတာမူလ
ဇနမဉ္ဇ၊ ပုါပြဟ
စီးနင်းကျလည်း၊ ကိုယ်မှတပါး
ခြွေရံများနှင့်၊ ကျွဲနွားများသာ
ပျက်စီးရာ၏၊ ကိုယ်မှာချမ်းမြေ့
ဘေးမတွေ့ဘူး၊ မဟော့ကုသိုလ်
လူထိုထိုကား၊ ကိုယ်နှင့်တကွ
ပျက်တတ်စွတည့်။

သုခ–ဒုက္ခ ကြောင်းမူလကို
ကမ္မတရား၊ နှစ်ပါးဖြင့်သာ
ကျမ်းဥလာ၏၊ ပုည–ပုည
ဝိသေသကို၊ ဒိဋ္ဌမြော်ငဲ့
ရှုမြင်ပြဲ့လော့၊ ဘုန်းမဲ့ခြံရံ
ဘုန်းရှုံစံ၏၊ ကံလျှင်အရင်း
စီမံခြင်းဖြင့်၊ မင်းချင်း,ရှင်,ကျွန်
မလွန်ဓမ္မတာ၊ ထင်ရှားစွာခဲ့။

ရှေးခါ၊ ယခု၊ အားထုတ်ပြုသား
ကောင်းမှုအလို၊ ကုသိုလ်မရှိ
သိဒ္ဓိမင်္ဂလာ၊ ကောင်းကြံစာနှင့်
ကြမ္မာမဲ့ငြား၊ ထိုသူ့အားကို
လူသားမကာ၊ သိကြားမလည်း
မရနိုင်စွာ၊ သတ္တဝါတို့
ကံသာဖမိ၊ ရှိမရှိက
ဉာဏ်ချိတိုင်းမွဲ၊ ကြံတိုင်းလွှဲ၏။

ဆင်းရဲဘို့သာ၊ ကြံရာရာလျှင်
မိစ္ဆာနတ်စုန်း၊ ဂိုင်းရှဲမုန်းသို့
ပျက်ပြုန်းရခြင်း၊ အယွင်းယွင်းတည့်
ကံရင်းမသန့်၊ နတ်မဖန်ဘူး
ဧကန် မှန်ဘိ၊ ချစ်သားသိလော့။

ကံရှိသူမှာ၊ သမုဒ္ဒါလယ်ချက်
သင်္ဘောပျက်လည်း၊ အသက်မသေ
ရေမှာမမွန်း၊ သောင်ကျွန်းလှေကြီး
ကပ်မှီးရှေးရှူ၊ ဆယ်ယူအမှန်
နတ်တို့ဖန်၍၊ ရပ်ဌာန်ဆောင်ပို့
လိုရာသို့လျှင်၊ ချို့ရောက်ကာ
ရချမ်းသာ၏။

ကြမ္မာမကောင်း၊ အကြောင်းမသှ
လူ့ပါပကား၊ ဗာလမနော
ပရာဘော၁ကို၊ မြတ်သောအလား
တရားမင်္ဂလာ၊ ထင်တတ်စွာ၏။

မင်္ဂလာမည်ငြား၊ ဤတရားလည်း
မကောင်းစားထိုက်၊ ဒုစရိုက်နှင့်
လူမိုက်တို့မှာ၊ မုန်းဘို့သာတည့်။

ဆောင်ရာမကာ၊ မိုးကြိုးချသို့
ဆုံးမဘဲ၊ ခြင်းကြားထဲနှင့်
သောင်သဲပေါ်တွင်၊ ရေမတင်သို့
အမြင်နည်းပါး၊ သူမိုက်နား၌
တရားဘယ်ခါ၊ မတည်ရာဘူး။

## ကိုယ့်ကိုယ်ကိုယ်ကယ်

မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

အတ္တသမ္မာပဏိဓိ ဟူသည်မှာ မိမိ၏ သီလ မရှိသည်ကို သီလ၌ တည်စေ၏၊ သဒ္ဓါတရား မရှိသည်ကို သဒ္ဓါတရားနှင့်

ပြည့်စုံစေ၏၊ ဝန်တိုခြင်းကို ပယ်ခြင်းနှင့် ပြည့်စုံစေ၏။ ယင်းကို အတ္တသမ္မာပဏိဓိဟု ခေါ်၏။

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏ အရံဖြစ်သော ဇေတဝန် ကျောင်း၌ နေတော်မူ၏၊ ထိုအခါ ပသေနဒီ ကောသလမင်းသည် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက် ပြောဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားကို ပြောဆို ပြီးဆုံးစေ၍ တခုသော နေရာ၌ ထိုင်ပြီးသော် ပသေနဒီ ကောသလ မင်းသည် မြတ်စွာ ဘုရားအား ဤ စကားကို လျှောက်၏—

အရှင်ဘုရား ဤအရပ်၌ ဆိတ်ငြိမ်ရာသို့ကပ်၍ တယောက်တည်း နေသော အကျွန်ုပ်အား "အဘယ်သူတို့သည် မိမိကိုယ်ကို စောင့်ရှောက် အပ်သည် မည်သနည်း၊ အဘယ်သူတို့သည် မိမိကိုယ်ကို မစောင့်ရှောက် အပ်သည် မည်သနည်း"- ဟုဤသို့သော စိတ်အကြံသည် ဖြစ်ပါ၏။

အရှင်ဘုရား ထိုအကျွန်ုပ်အား ဤသို့သော အကြံသည် ဖြစ်ပြန်ပါ၏-

အကြင်သူတို့သည် ကိုယ်ဖြင့် မကောင်းသော အကျင့် ကာယ ဒုစရိုက်ကို ကျင့်ကုန်၏၊ နှုတ်ဖြင့် မကောင်းသော အကျင့် ဝစီ ဒုစရိုက်ကို ကျင့်ကုန်၏၊ စိတ်ဖြင့် မကောင်းသော အကျင့် မနော ဒုစရိုက်ကို ကျင့်ကုန်၏၊ထိုသူတို့သည် မိမိကိုယ်ကို စောင့်ရှောက်အပ်သည် မမည်။

ထိုသူတို့ကို ဆင်အပေါင်းသည်လည်း အကယ်၍ စောင့်ရှောက် ငြားအံ့၊ မြင်းအပေါင်း သည်လည်း အကယ်၍ စောင့်ရှောက်ငြားအံ့၊ ရထား အပေါင်းသည်လည်း အကယ်၍ စောင့်ရှောက် ငြားအံ့၊ခြေသည် သူရဲအပေါင်းသည်လည်း အကယ်၍ စောင့်ရှောက် ငြားအံ့၊ ထိုသို့ပင် စောင့်ရှောက် သော်လည်း ထိုသူတို့သည် မိမိကိုယ်ကို စောင့်ရှောက်သည် မမည်။

ထိုသို့ ဖြစ်ခြင်းသည် အဘယ် အကြောင်းကြောင့်နည်း-

အကြင့်ကြောင့်ဤအစောင့်-အရှောက်သည်အပဖြစ်သော အစောင့်-အရှောက်တည်း ဤအစောင့်အရှောက်သည် အတွင်း၌ဖြစ်သော အစောင့်-အရှောက် မဟုတ်၊ ထို့ကြောင့် ထိုသူတို့သည် မိမိကိုယ်ကို စောင့်ရှောက်အပ်သည် မမည်။

အကြင် သူတို့သည်ကား ကိုယ်ဖြင့် ကောင်းသောအကျင့် ကာယ သုစရိုက်ကို ကျင့်ကုန်၏၊နှုတ်ဖြင့် ကောင်းသော အကျင့် ဝစီသုစရိုက်ကို ကျင့်ကုန်၏၊ စိတ်ဖြင့် ကောင်းသော အကျင့် မနော သုစရိုက်ကို ကျင့်ကုန်၏၊ထိုသူတို့သည် မိမိကိုယ်ကို စောင့်ရှောက် အပ်သည် မည်၏။

ထိုသူတို့ကို ဆင်အပေါင်းသည် အကယ်၍မစောင့်ရှောက် ငြားအံ့၊ မြင်းအပေါင်းသည် အကယ်၍ မစောင့်ရှောက်ငြားအံ့။ ရထားအပေါင်းသည်အကယ်၍မစောင့်ရှောက် ငြားအံ့၊ခြေသည် သူရဲအပေါင်းသည် အကယ်၍ မစောင့်ရှောက်ငြားအံ့၊ ထိုသို့ပင် မစောင့်ရှောက်ကြသော်သည်း ထိုသူတို့သည်မိမိကိုယ်ကို စောင့်ရှောက် အပ်သည်မည်၏။

ထိုသို့ဖြစ်ခြင်းသည် အဘယ်အကြောင်းကြောင့် နည်း—

အကြင့်ကြောင့် ဤအစောင့်–အရှောက်သည် အတွင်း၌ဖြစ်သော အစောင့်-အရှောက်တည်း၊ ဤအစောင့်အရှောက်သည် အပဖြစ်သော အစောင့်အရှောက် မဟုတ်၊ ထို့ကြောင့် ထိုသူတို့သည် မိမိကိုယ်ကို စောင့်ရှောက်အပ်သည် မည်ပါ၏။

ထိုအခါ မြတ်စွာဘုရားက- “မင်းကြီး ဤအကြံသည် ဤအတိုင်းမှန်၏၊ ကိုယ်ဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှုတ်ဖြင့်စောင့်စည်းခြင်းသည် ကောင်း၏၊ စိတ်ဖြင့် စောင့်စည်းခြင်းသည်ကောင်း၏၊ အလုံးစုံတို့၌စောင့်စည်းခြင်းသည်ကောင်း၏၊အလုံးစုံတို့၌စောင့်စည်းသောရှက်ခြင်းရှိသော သူကိုမိမိကိုယ်ကို စောင့်ရှောက်သော သူဟူ၍ သိအပ်၏–”ဟုမိန့်တော်၏။

## ကိုယ့်ကိုကိုယ်ချစ်

အခါတပါး ပသေနဒီကောသလမင်းသည် ပြာသာဒ်နှင့် သက်ဆင်း၍ မြတ်စွာဘုရားထံသို့ ချဉ်း ကပ်ပြီး လျှင် မြတ်စွာဘုရားကိုရှိခိုးလျက် တခုသောနေရာ၌ ထိုင်ပြီးသော် မြတ်စွာဘုရားအား ဤစကားကိုလျှောက်၏—

အရှင်ဘုရား အကျွန်ုပ်သည် မလ္လိကာမိဘုရားနှင့်အတူ မြတ်သောပြာသာဒ်ထက်၌ထိုင်နေလျက် မလ္လိကာမိဘုရားအား “မလ္လိကာ သင့်အား မိမိထက်ပို၍ချစ်အပ်သော အခြားတစုံတယောက်သောသူသည်ရှိပါသလော”ဟူ၍စကားကိုဆိုပါ၏။

အရှင်ဘုရား၊ဤသို့ဆိုသည်ရှိသော်မလ္လိကာမိဘုရားသည် အကျွန်ုပ်အား ဤစကားကို ဆိုပါ၏။

"မင်းကြီး၊ အကျွန်ုပ်အား မိမိထက် ပို၍ချစ်အပ်သော အခြားတစုံတယောက်သောသူသည် မရှိပါ၊ မင်းကြီး သင့်အား မူ မိမိထက်ပို၍ ချစ်အပ်သောသူ အခြား တစုံတယောက်သော သူသည် ရှိသေးသလော-"

အရှင်ဘုရား၊ ဤသို့ဆိုသည်ရှိသော် အကျွန်ုပ်သည်မလ္လိကာ မိဘုရားအား "မလ္လိကာ ငါ့အားလည်း မိမိထက် ပို၍ချစ် အပ်သော အခြား တစုံတယောက်သောသူ မရှိ-"ဟု ဆိုပါ၏။

မြတ်စွာဘုရားသည် ထို အကြောင်း ကို သိတော်မူ၍ "အလုံးစုံသောအရပ်မျက်နှာတို့ကို စိတ်ဖြင့် အစဉ် လှည့်လည် ရှာဖွေသော်လည်း တစုံတခုသောအရပ်၌ မိမိထက်ပို၍ချစ်အပ် သောသူကိုမရနိုင်၊ ဤအတူပင် များစွာကုန်သော အခြားသူတို့ သည်လည်း မိမိကိုယ်ကိုသာ ချစ်အပ်၏၊ ထို့ကြောင့် အကျိုး စီးပွားကိုအလိုရှိသောသူသည် သူတပါးကိုမညှဉ်းဆဲရာ-"ဟု မိန့် တော်မူ၏။

မိမိကိုယ်ကို ချစ်အပ်၏ဟူ၍ အကယ်၍သိငြားအံ့၊ ထို မိမိကိုယ်ကို မကောင်းမှုနှင့် မယှဉ်စေရာ၊ မှန်၏၊ မကောင်းမှုကို ပြုလေ့ရှိသောသူသည် ဘိုချမ်းသာကိုရလွယ်သည်မဖြစ်။

မှန်၏—သေမင်းနှိပ်စက်အပ်သည်ဖြစ်၍ လူ၌ဖြစ်သော ဘဝကိုစွန့်ရသော သူအား အဘယ်သည်လျှင် ထိုသူ၏ ဥစ္စာ ဖြစ်သနည်း၊ အဘယ်ကိုလျှင် ယူ၍သွားရသနည်း၊ ထိုသူအား

အရိပ်သည် အစဉ်လိုက်သကဲ့သို့ အဘယ်သည်လျှင် အစဉ်လိုက်သနည်း။

ဤလောက၌ သတ္တဝါသည် နှစ်ပါးကုန်သော အကြင်ကောင်းမှုကိုရင်း, အကြင်မကောင်းမှုကိုရင်းပြု၏၊ ထိုကောင်းမှု မကောင်းမှုသာလျှင် ထိုသူ၏ ဥစ္စာဖြစ်၏။ ထိုဥစ္စာကိုသာလျှင် ယူ၍သွား၏၊ အရိပ်သည် အစဉ်လိုက်သကဲ့သို့ ထိုကောင်းမှု, မကောင်းမှုနှစ်ပါးသည်သာလျှင် အစဉ်လိုက်၏။

ထို့ကြောင့် တမလွန်၌ အကျိုးရှိသော, ဆည်းပူးအပ်သော ကောင်းမှုကိုပြုရာ၏၊ ကောင်းမှုတို့သည်တမလွန်လောက၌ သတ္တဝါတို့၏ တည်ရာ ဖြစ်ကုန်၏။

## ကိုယ်ကို စောင့်သူ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သီတင်းသည်တယောက်သည် တစုံတခုသောပြုဖွယ်ကိစ္စကြောင့် လှည်းကုန်သည် အပေါင်းနှင့်တကွ ခရီးသွားသည်ရှိသော် တောအရပ်၌ လှည်းတို့ကိုချွတ်၍သစ်ခက်တပ်ဖွဲ့ခြင်းကို ပြုသည်ရှိသော် လှည်းကုန်သည် အပေါင်း၏ အနီး၌ မိမိသည် ကာလကိုမှတ်၍ သစ်ပင်တပင်ရင်း၌ စင်္ကြံသွား၏။

ခိုးသူငါးရာတို့သည် သစ်ခက်တပ်ကို လုယူကုန်အံ့ဟု လာလတ်ကုန်၍လေး, ဆောက်ပုတ်, အစရှိသည့်လက်စွဲကုန်လျက် ထိုထိုအရပ်ကိုခြံရံကုန်၏၊ သီတင်းသည်လည်း စင်္ကြံသွားသလျှင်

ကတည်း၊ ထိုခိုးသူတို့သည် သီတင်းသည်ကိုမြင်ကုန်၍"စင်စစ် ဤသူသည် သစ်ခက်တပ်ကိုစောင့်သောသူတယောက် ဖြစ်လိမ့် မည်၊ ဤသူ အိပ်ပျော်ခြင်းသို့ ရောက်သောကာလ၌ လုယက် ကုန်အံ့—"ဟု လွှမ်းမိုးခြင်းမှာ မတတ်ကုန်နိုင်သည် ဖြစ်၍ထိုထို အရပ်၌သာလျှင်တည်ကုန်၏။

ပထမယံ၌ရင်း, မဇ္ဈိမယံ၌ရင်း, ပစ္ဆိမယံ၌ရင်း- စင်္ကြံ သွားလျက်သာတည်၏။ မိုးသောက်သည့်ရှိသော် ခိုးသူတို့သည် အခွင့်မရကုန်သည်ဖြစ်၍ ယူအပ်သော ကျောက်, ဆောက်, ပုတ် စသည်တို့ကို စွန့်၍ပြေးကုန်၏။

သီတင်းသည် သည်လည်း မိမိ၏အမှုကိုပြီးစေ၍ တဖန် သာဝတ္ထိမြို့သို့ လာခဲ့၍ မြတ်စွာဘုရားသို့ ချဉ်းကပ်ပြီးလျှင် "အရှင်ဘုရား၊ ကိုယ်ကိုစောင့်ကုန်သောသူတို့သည် သူတပါးကို စောင့်ကုန်သလော-"ဟုမေးလျှောက်၏။

"သီတင်းသည် စောင့်သည် မှန်၏၊ ကိုယ်ကို စောင့် သောသူသည် သူတပါးကိုစောင့်၏၊ သူတပါးကို စောင့်သော သူသည် ကိုယ်ကိုစောင့်၏-"ဟု မိန့်တော်မူ၏။

ထိုသီတင်းသည်သည် "အရှင်ဘုရား၊ အလွန်လျှင် ဤ စကားကိုကောင်းစွာဆိုအပ်၏၊ဘုန်းတော်ကြီးသောအရှင်ဘုရား၊ အကျွန်ုပ်သည် လှည်းကုန်သည်အပေါင်းနှင့်တကွ ခရီးသွားသည် ရှိသော်သစ်ပင်ရင်း၌ စင်္ကြံသွားလျက် အကျွန်ုပ်ကိုယ်ကိုစောင့်အံ့ ဟု လှည်းကုန်သည်အပေါင်းကို စောင့်၏-"ဟုလျှောက်၏။

မြတ်စွာဘုရားသည်"သီတင်းသည် ရှေး၌လည်းပညာရှိ

တို့သည် ကိုယ်ကိုစောင့်ကုန်လျက်သူတပါးကိုစောင့်ဘူးကုန်၏ဟု မိန့်တော်မူ၏။

## အသက်ဝိယ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်း သည် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ကာမတို့၌ အပြစ်ကိုမြင်၍ ရသေ့-ရဟန်းပြု၍ ဟိမဝန္တာ၌ နေသည်ရှိသော် ချဉ်ဆားမှီဝဲအံ့သောငှါ ဇနပုဒ်သို့ ဒေသစာရီ သွားသည်ရှိသော် တဦးသော လှည်းကုန်သည် အပေါင်းနှင့်တကွ ခရီးသွား၍ တခုသောတောအရပ်၌ လှည်းစခန်းတည်သည်ရှိသော် လှည်းအနီး၌ ဈာန်ချမ်းသာဖြင့် လွန်စေလျက် တခုသော သစ်ပင်ရင်း၌ စင်္ကြံသွားခြင်းကို ဆောက်တည်၏။

ထိုအခါ ငါးရာကုန်သော ခိုးသူတို့သည် ညစာ ထမင်းစားသောကာလ၌ ထိုလှည်းကုန်သည်အပေါင်းကို လုယက်ကုန်အံ့ဟု လာလတ်၍ ခြံရံကုန်၏၊ ထိုခိုးသူတို့သည် ထိုရသေ့ကို မြင်၍ "ရသေ့သူမြတ် ငါတို့ကို အကယ်၍ မြင်အံ့၊ လှည်းကုန်သည်တို့အား ကြားလတံ့၊ ထိုရသေ့၏ အိပ်ပျော်ခြင်းသို့ ရောက်သော ကာလ၌ လုယက်ကုန်အံ့"ဟု ထိုအရပ်၌သာလျှင် တည်ကုန်၏။

ရသေ့သည်လည်း တညဉ့်ပတ်လုံး စင်္ကြံသွားသလျှင်

ကတည်း၊ ခိုးသူတို့သည် အခွင့်မရကုန်၍ ယူအပ်သော ဆောက်ပုတ်ကျောက်တို့ကို စွန့်၍ လှည်းကုန်သည်တို့အား အသံပေး၍ "အိုလှည်းကုန်သည်တို့ သစ်ပင်ရင်း၌ စကြံသွားသော ရသေ့သည် ယခုနေ့အကယ်၍ မရှိအံ့၊ အလုံးစုံသော သင်တို့သည် လုယက်သဖြင့် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်သည်ဖြစ်ကုန်ရာ၏၊ နက်ဖြန် ရသေ့အား ကြီးစွာသော ပူဇော်သက္ကာရကိုပြုပြုလော့"ဟု ဆို၍ ဖဲကုန်၏။

ထိုလှည်းကုန်သည်တို့သည်မိုးသောက်သည်ရှိသော် ခိုးသူတို့သည် စွန့်အပ်သော ဆောက်ပုတ်ကျောက် အစရှိသည်တို့ကို မြင်၍ ကြောက်ကုန်သည်ဖြစ်၍ ဘုရားလောင်းထံသို့ လာလတ်ကုန်၍ ရှိခိုးပြီးလျှင် "အရှင်ဘုရား အရှင်ဘုရားတို့သည် ထိုခိုးသူတို့ကို မြင်ကုန်သလော"ဟု မေးလျှောက်ကုန်၏။

"ဒါယကာတို့ မြင်အပ်ကုန်သည်မှန်၏"-ဟု ဆိုသည်ရှိသော် "အရှင်ဘုရား ဤမျှလောက်ကုန်သော ခိုးသူတို့ကို မြင်၍ ကြောက်ခြင်းသည်ရှင်း၊ ရွံ့ရှာခြင်းသည်ရှင်း မဖြစ်လော"ဟု မေးလျှောက်ကုန်၏။

ဘုရားလောင်းသည် "ဒါယကာတို့ ခိုးသူတို့ကို မြင်၍ ကြောက်ခြင်းမည်သည်ကား ဥစ္စာရှိသော သူအားသာဖြစ်၏၊ ငါသည်ကားဥစ္စာမရှိ၊ ထိုငါသည် အဘယ့်ကြောင့် ကြောက်အံ့နည်း၊ ထိုငါကားသည် မှန်၏-ရွာ၌ရှင်း, တော၌ရှင်း, နေသော ငါ့အားကြောက်ခြင်းသည် ရှင်း, ရွံ့ရှာခြင်းသည်ရှင်း မရှိ" ဟု ဆိုလေသည်။

## အတ္တဝဂ်

မိမိကိုယ်ကိုချစ်အပ်၏ဟုသိပါမူ ထိုမိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ခြင်းဖြင့် စောင့်ရှောက်ရာ၏၊ ပညာရှိသည် အရွယ်သုံးပါးတို့တွင် တပါးပါးသောအရွယ်၌ သုတ်သင်ရာ၏။

ရှေးဦးစွာသာလျှင် မိမိ ကိုယ်ကို သင့် လျော်သော အကျင့်၌ တည်စေရာ၏၊ ထို့နောက်မှ သူတပါးကိုဆုံးမရာ၏၊ ပညာရှိသည် လူတပါးကဲ့ရဲ့ခြင်းဖြင့် မညစ်နွမ်းရာ။

သူတပါးကိုဆုံးမသောနည်းအတိုင်း မိမိကိုယ်တိုင်လိုက်နာ ပြုကျင့်ရာ၏၊ မိမိကိုယ်တိုင် ယဉ်ကျေး ပြီး သော်မှ သာလျှင် သူတပါးကို ဆုံးမရာ၏၊ မိမိကိုယ်ကိုယဉ်ကျေးအောင် ဆုံးမရခြင်းသည် ခဲယဉ်းလှစွတကား။

မိမိသည်သာ မိမိ၏ ကိုးစားရာဖြစ်၏၊ သူတပါးသည် မိမိ၏ကိုးစားရာအဘယ်မှာဖြစ်နိုင်အံ့နည်း၊မိမိသည် ကောင်းစွာ ယဉ်ကျေးသဖြင့် ရရောက်နိုင်ခဲသောကိုးစားရာကို ရနိုင်၏။

ကျောက်မှဖြစ်သောစိန်သည် မိမိကိုမှီခိုရာ ကျောက်ကို ထွင်းဖောက် ဖျက်ဆီးသကဲ့သို့ မိမိပြုအပ်သော မိမိ၌ဖြစ်သော မိမိကြောင့်ဖြစ်သော မကောင်းမှုသည် မိမိဖြစ်ရာပညာမဲ့သူကို ဖျက်ဆီး၏။

မာလောနွယ်သည်မှီရာသစ်ပင်ကိုလွှမ်းမိုးချစ်ပတ်သကဲ့သို့ စင်စစ်သီလမရှိသူ၏ အဖြစ် တည်းဟူသော တဏှာ အလွှမ်းမိုးခံရသူသည် ရန်သူအလိုရှိတိုင်း မိမိကိုယ်တိုင်ပြုလုပ်သေ၏။

အပြစ်ရှိ၍ မိမိ၏ အကျိုးစီးပွားမရှိကုန်သောအမှုတို့ကို ပြုလွယ်ကုန်၏၊ အပြစ်ကင်း၍ အကျိုးစီးပွားရှိသော အမှုကို အလွန်ပြုနိုင်ခဲ၏။

ပညာမဲ့သူသည် ယုတ်မာသောမိစ္ဆာအယူကို အမှီပြု၍ ပူဇော်အထူးကို ခံထိုက်ကုန်သော တရားသဖြင့် အသက်မွေးကုန်သော အရိယာတို့၏ အဆုံးအမကို တားမြစ်၏၊ ဝါးသီးတို့သည် ဝါးပင်ကိုသတ်ရန် သီးသကဲ့သို့ထိုသူ၏အယူအဆသည် မိမိကိုယ်ကို သတ်ရန်ဖြစ်၏။

မကောင်းမှုကို မိမိပြုခဲ့လျှင် မိမိသည်ပင် ညစ်နွမ်းရ၏၊ မကောင်းမှုကို မိမိမပြုခဲ့လျှင် မိမိသည်ပင်စင်ကြယ်၏၊စင်ကြယ်သော ကုသိုလ်နှင့် မစင်ကြယ်သော အကုသိုလ်သည် တခြားစီသာဖြစ်၏၊ တယောက်သည် အခြားတယောက် ကို မသုတ်သင်နိုင်။

သူတပါး၏ များစွာသော အကျိုးစီးပွားအတွက် မိမိအကျိုးစီးပွားကိုမဆုတ်ယုတ်စေရာ၊ မိမိအကျိုးစီးပွားကို သိ၍ မိမိအကျိုးစီးပွား တိုးပွားအောင် လေ့ကျက် အားထုတ်ရာ၏။

ဤသို့လျှင်တင့်အပ်လျောက်ပတ်သောအရပ်၌နေရခြင်း, ရှေးဘဝက ပြုခဲ့ဘူးသော ကောင်းမှု ရှိခြင်း, မိမိ ကိုယ်ကို ကောင်းစွာ ဆောက်တည်ခြင်း, ဤတရားသုံးပါးသည် မြတ်သော မင်္ဂလာမည်၏။

# ဗာဟုသစ္စ

## ဂါထာ

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ
ဝိနယော စ သုသိက္ခိတော၊
သုဘာသိတာ စ ယာ ဝါစာ
ဧတံ မင်္ဂလ မုတ္တမံ။

## နိဿျ

ဒေဝ ပုတ္တ —နတ်သား
ယံ ဗာဟုသစ္စဉ္စ—အကြင် အကြားအမြင်များသောသူ၏
အဖြစ်သည်ရှင်း,
ယံ သိပ္ပဉ္စ—အကြင် လက်မှုပညာ အစရှိသော အတတ်
တို့ကို တတ်ခြင်းသည်ရှင်း,
သု သိက္ခိတော— ကောင်းစွာ သင်အပ်သော
ယော ဝိနယော စ—အကြင်ဝိနည်းတရားသည်ရှင်း,

သု ဘာသိတာ—ကောင်းစွာဆိုအပ်သော
ယာ ဝါစာ စ—အကြင်စကားသည်၎င်း-
အတ္ထိ—ရှိ၏၊
တေံ—ဤလေးပါးသောတရားသည်
ဥတ္တမံ—မြတ်သော
မင်္ဂလံ—မင်္ဂလာမည်၏။

လင်္ကာ

ငွေဝတိန်သာ၊ နတ်တို့ရွာက
ဣန္ဒာဒေဝ၊ သိကြားတမန်
မောင်နတ်မွန်—

အလွန်ကဲမှု၊ဗာဟု သစ္စ
သုတစိန္တာ၊ ပဋိဘာဟု
များစွာမှတ်သား၊ အကြား-အမြင်
ဉာဏ်အင်တိုးပွား၊ များသည်တကြောင်း,

မကောင်းတုံလတ်၊ပါပဝတ်မှ
ကင်းလွတ်သမျှ၊သိပ္ပကဲမြတ်
အတတ်ထူးလည်၊တတ်သည်တကြောင်း

ပြဲ့ပျောင်းနှလုံး၊ ကိုယ်နှုတ်သုံး၍
ဆုံးမနိုင်သည်၊ တွင်မည်တကြောင်း,
လူ့အပေါင်းတို့၊နတ်စောင်းတီးလာ

ထို့ပမာသို့၊ နားမှာဝင်စေ
အနေသင့်ရာ၊ ကောင်းစွာပိုင်းခြား
စကားသံချို၊ပြောဆိုရခြင်း
အခင်းတကြောင်း-

ပေါင်းလတ်တုံငြား၊ ဤသေးပါးကို
ယုံမှားကင်းလွတ်၊စိတ်နေညွတ်လျက်
လွန်မြတ်လှစွာ၊ မင်္ဂလာဟု
သဒ္ဒါကဲလွန်၊ နတ်တမန်သည်
မှန်မှန်စွဲမှတ်-ပါလေ့လော၀်။

## သုတမယဥာဏ်

ဗဟုဿုတရှိခြင်းသည်မြတ်သောမင်္ဂလာမည်၏။

ရှင်မဟာဗုဒ္ဓဃောသသည် ဗာဟုသစ္စ ဟူသော ပုဒ်ကို ဗဟုဿုတဘာ၀ ဟူ၍ ဖွင့်ဆို၏၊ ဗဟုဿုတကို မြန်မာတို့က ဗဟုသုတဟု ခေါ်ကြ၏၊ အကြား- အမြင်များခြင်းပင် ဖြစ်၏၊ သို့သော်လည်း ဗဟုသုတရှိသည်ဟု အပြောများ၏၊

ဗာဟုသစ္စ၏အနက်ကိုကား-သုတဓရော၊ သုတသန္နိစယော ဟု ဖွင့်ဆို၏၊ သုတဓရောဟူသည်မှာ အကြား-အမြင် သုတကို ဆောင်ခြင်းဖြစ်၍ သုတ သန္နိစယော ဟူသည်မှာ အကြား အမြင်သုတကို ဆည်းပူး စုဆောင်းခြင်းဖြစ်၏၊ မြတ်စွာဘုရား၏ အလိုအားလျော်စွာ သုတ တရားကို ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ကြားနာသင့်ပါသည်။ ထိုတွင်မြတ်စွာဘုရား အလွန်ပြည့်စုံစွာ ဟောကြားထားရာ ဤတွင် သုတအကြောင်းသိသာရုံမျှကောက်နှုတ် ဖော်ပါမည်။

နာကြားအပ်သော တရားသဘော၌ဖြစ်သောပညာသည် သုတမယဉာဏ် မည်၏၊ သုတမယဉာဏ်ဟူသည်မှာ နာကြားမှုဖြင့် ပြီးသောဉာဏ်ဖြစ်၏။

အဘယ်သို့လျှင် နာကြားအပ်သော တရားသဘော၌ ဖြစ်သော ပညာသည် သုတမယ ဉာဏ် မည်သနည်း—

"ဤတရားတို့ကို ထူးခြားစွာသိအပ်ကုန်၏။ ပိုင်းခြား သတ်မှတ်သိအပ်ကုန်၏၊ ပယ်အပ်ကုန်၏၊ ပွားများအပ်ကုန်၏၊ မျက်မှောက် ပြု အပ်ကုန်၏—" ဟု ဟောတော်မူသော တရား အပေါင်းသည် နာကြားအပ်သော တရား မည်၏၊ ထိုတရား အပေါင်ကိုသိသော ပညာသည် သုတမယဉာဏ်မည်၏။

"ဤတရားတို့သည် ဆုတ် ယုတ် သော အ ဖို့ ရှိကုန်၏၊ တည်တံ့ခြင်းအဖို့ရှိကုန်၏၊ ထူးခြားသောအဖို့ရှိကုန်၏၊ လောဘ စသည်ကို ဖောက်ခွဲခြင်းအဖို့ ရှိကုန်၏—" ဟု ဟောတော်မူသော တရားအပေါင်းသည် နာကြားအပ်သောတရားမည်၏၊ ထိုတရား အပေါင်းကို သိသောပညာသည် သုတမယဉာဏ်မည်၏၊

"အလုံးစုံသော သင်္ခါရ တရားတို့သည် မမြဲကုန်၊ ဆင်းရဲကုန်၏၊ ကိုယ်ပိုင် ကိုယ်စိုးမဟုတ်ကုန်"–ဟု ဟောတော်မူသော တရားအပေါင်းသည် နာကြားအပ်သော တရားမည်၏၊ ထိုတရားအပေါင်းကို သိသော ပညာသည် သုတမယဉာဏ်မည်၏။

"ဤတရားကား ဒုက္ခဟူသော အရိယသစ္စာတည်း၊ ဒုက္ခဖြစ်ကြောင်း ဟူသော အရိယသစ္စာတည်း၊ ဒုက္ခချုပ်ရာ နိဗ္ဗာန်ဟူသော အရိယသစ္စာတည်း၊ ဒုက္ခ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဟူသော အရိယသစ္စာတည်း"ဟု ဟောတော်မူသော တရားအပေါင်းသည် နာကြားအပ်သော တရားမည်၏၊ ထိုတရားအပေါင်းကို သိသော ပညာသည် သုတမယဉာဏ်မည်၏။

## ထူးခြားစွာ သိခြင်း

"ဤတရားတို့ကို ထူးခြားစွာ သိအပ်ကုန်၏"–ဟုဟောတော်မူသော တရားအပေါင်းသည် အဘယ်သို့လျှင် နာကြားအပ်သော တရားမည်သနည်း၊ ထိုတရားအပေါင်းကို သိသော ပညာသည် အဘယ်သို့လျှင် သုတမယဉာဏ် မည်းသနည်း။

သတ္တဝါ အားလုံးတို့သည် အစာ အာဟာရလျှင် တည်ရာရှိကုန်၏ ဟူသော တရားတပါးကို ထူးခြားစွာ သိအပ်၏။

သင်္ခတ၊ အသင်္ခတ ဓါတ်နှစ်ပါး တရားတို့ကို ထူးခြားစွာ သိအပ်ကုန်၏။

ကာမ, ရူပ, အရူပ—ဓါတ်သုံးပါးတရားတို့ကို ထူးခြားစွာ သိအပ်ကုန်၏။

သစ္စာလေးပါး တရားတို့ကို ထူးခြားစွာ သိအပ်ကုန်၏။

အရဟတ္တဖိုလ်၏ အကြောင်းဖြစ်သော ဝိမုတ္တာယတန တရားငါးပါးတို့ကို ထူးခြားစွာ သိအပ်ကုန်၏။

အမြတ်ဆုံး အကြီးဆုံး အနုတ္တရိယခြောက်ပါး တရားတို့ကို ထူးခြားစွာ သိအပ်ကုန်၏။

အခိုက်-အတန့်မျှ ပဋိသန္ဓေနေခြင်း မရှိသော ရဟန္တာဖြစ်ကြောင်း နိဒ္ဒသဝတ္ထု ခုနစ်ပါး တရားတို့ကို ထူးခြားစွာ သိအပ်ကုန်၏။

ကသိုဏ်းစသော အာရုံကို လွှမ်းမိုး၍ ဖြစ်သော အဘိဘာယတန ရှစ်ပါးတရားရှစ်ပါးတို့ကို ထူးခြားစွာ သိအပ်ကုန်၏။

အစဉ်အတိုင်း ဝင်စားနေထိုင်ခြင်း အနုပုဗ္ဗ ဝိဟာရသမာပတ်တရားကိုးပါးတို့ကို ထူးခြားစွာသိအပ်ကုန်၏။

မိစ္ဆာဒိဋ္ဌိစသည်ကို ဖျက်ဆီးကြောင်း နိဇ္ဇရဝတ္ထုတရားဆယ်ပါးတို့ကို ထူးခြားစွာ သိအပ်ကုန်၏။

ရဟန်း ို အလုံးစုံသော တရားအပေါင်းကို ထူးခြားစွာ သိအပ်၏။

# အသိ ပညာ

သညာလည်း သိ၏၊ ဝိညာဏ်လည်း သိ၏၊ ပညာလည်း သိ၏၊ ဤအသိသုံးပါးသည် အသို့ထူးခြားသနည်း—

သညာ အသိမှာ အဖြူ,အနီ,အဝါ,အကြောင်,အကျား-ဟူ၍သာ သိ၏၊ အဘယ့်ကြောင့် ဖြူသည်, နီသည်, ဝါသည်, ကြောင်သည်, ကျားသည်ကို မသိတတ်၊ အနိစ္စ သဘော, ဒုက္ခ သဘော, အနတ္တ သဘောကိုလည်း မသိတတ်၊ မဂ်ရခြင်း,ဖိုလ် ရခြင်း၏ အကြောင်းကိုလည်း မသိတတ်၊ ဤသို့သိခြင်းသည် သညာ၏ သိခြင်း မည်၏။

ဝိညာဏ်၏ သိခြင်းသည်ကား အဖြူ,အနီစသော ရူပါရုံ တို့သည် အဘယ်ကြောင့် ဖြူသည်, နီသည်, ဝါသည် ကိုလည်း သိ၏၊ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တ သဘောကိုလည်း သိ၏၊ မဂ်ရခြင်း,ဖိုလ်ရခြင်း အကြောင်းကိုလည်း သိ၏၊ ဘယ် ကမ္မဋ္ဌာန်းကို စီးဖြန်းမှ ရသည်ဟူ၍ မသိတတ်၊ဤသို့သိခြင်းသည် ဝိညာဏ်၏ သိခြင်းမည်၏။

ပညာသိသည်ကား အဖြူ,အနီစသော ရူပါရုံတို့သည် အဘယ့်ကြောင့်ဖြူသည်,နီသည်,ဝါသည်ကိုလည်းသိတတ်၏၊အနိစ္စ သဘော, ဒုက္ခသဘော, အနတ္တ သဘောကိုလည်း သိတတ်၏၊ မဂ်ရခြင်း, ဖိုလ်ရခြင်း၏ အကြောင်းကိုလည်း သိတတ်၏၊ ဤ တရားကို စီးဖြန်းသော် မဂ်ကိုရ၏၊ ဤတရားကို စီးဖြန်းသော် ဖိုလ်ကို ရ၏ဟု သိတတ်ခြင်းသည် ပညာ၏ သိခြင်း မည်၏။

ဥပမာကား သူငယ်, အမိ, ရွှေပန်းထိမ်သည် — ယင်း သုံးယောက်နှင့် တူ၏။

သူငယ်သည် သူငယ်တို့ဘာဝကစားကြရာ ရွှေ့ကျောက် ပြောင်ပြောင် မြင်သောကြောင့် ကောက်ခဲ့၏၊ ထိုသူငယ်သည် ရွှေမှန်းကိုလည်း မသိ၊ ဘယ်နှစ်မူးရေမှန်း ကိုလည်းမသိ၊ပြောင် ပြောင် ရှိ၍သာ ကောက်ခဲ့၏။

ယင်းရွှေကို အမိအား ပေးလျှင် ထိုအမိသည် ပြောင် ပြောင်ကိုလည်း သိ၏၊ ရွှေမှန်းကိုလည်း သိ၏၊ အဖိုးထိုက်မှန်း ကိုလည်း သိ၏၊ ထိုရွှေသည် ကိုးမူးရေ့ဆယ်မူးရေ ရှိသည်ဟူ၍ မသိတတ်။

ရွှေပန်းထိမ် သည်ကို ပြသည့်ကာလ ရွှေပန်းထိမ် သည် သည် ပြောင်ပြောင်ကိုလည်း သိ၏၊ ထိုရွှေ၏ အဖိုးထိုက်တန် မှန်း ကိုလည်း သိ၏၊ ကိုးမူးရေ၊ ဆယ်မူးရေ စသည် တို့ကိုလည်း သိ၏။

ထို့အတူ သညာ သိခြင်းသည် သူငယ်သိခြင်းနှင့် တူ၏၊ ဝိညာဏ် သိခြင်းသည် အမိ—အဖ သိသည်နှင့် တူ၏၊ပညာသိခြင်း သည် ရွှေပန်းထိမ်သည် သိသည်နှင့် တူ၏၊ ဗဟုသစ္စ မင်္ဂလာမှာ ရွှေပန်းထိမ် သည်၏ အသိပညာမျိုးဖြစ်၏။

## ဝန်ဇင်း မင်းရာဇာ

သက္ကရာဇ်(၇၃၀)တွင် မိတ္ထိလာကန်ကျိုးပေါက်သည်နှင့် မင်းကြီးစွာသည် ဗိုလ်ပါ အလုံး အရင်းနှင့် ချီတော်မူ၍ ခိုင်

ခန့်စွာ ဆည်ဖို့တော်မူ၏၊ ထိုအခါ မြေတူးရာမှ ရွှေရုပ်များကို ကမ္ဗည်းနှင့်တကွ တွေ့ရ၏၊ ထိုရွှေရုပ်များ၏ အကြောင်းကို မေးမြန်းတော် မူသည်တွင် ဝန်ဇင်းမျှာ အသည်သား တယောက်က ရှေးဟောင်း အစု—အစဉ် ရာဇဝင် အမှတ် အသားနှင့် စုံလင်စွာ လျှောက် ထားနိုင် သဖြင့် မင်းကြီးလည်း များစွာ နှစ်သက်တော် မူသည်။

ကန်ဆည်ဖို့ခြင်း ကိစ္စပြီးစီး၍ နေပြည်တော်သို့ ပြန်သည် ဆိုက်ရောက်တော်မူသည့် အခါ ဝန်ဇင်း အသည်သားကို နေပြည် တော်သို့ ခေါ်တော်မူ၏၊အသည်၏ သားလည်း နေပြည်တော်သို့ ရောက်လျှင် အလိုတော် ရှိက လျှောက်ဘင်ရန် တောင်မြင့် ကျောင်းတွင် တည်းခိုနေ၏။

ထိုအခါ ရာဇသင်္ကြံ ချုပ်နှောင်၍ ထားသော ငနဲ့သည် အမေ—အလျော့ကို ကြည့်၍ အချုပ်မှ ထွက်ပြေးပြီးလျှင် မြ တောင် မြို့၌ နေ၏၊ ငနဲ့သည် မြတောင်မြို့၌ ဗိုလ်ပါရဲမက် စုရုံး အားယူပြီးလျှင် မြို့ငယ် ရွာငယ်များကို ထိပါးတိုက်ခိုက်၏၊ ဤ အကြောင်းကို ဘုရင် မင်းကြီးစွာ ကြားတော် မူသော်—"ရာဇ သင်္ကြံသည် ညီကို လွှတ်လိုဘိသည်—"ဟု အမျက်တော် ရှိသဖြင့် နှမတော် စောဥမ္မာနှင့် စားကျေး စားလက်များကို နှုတ်သိမ်း၍ အနိမ့်—အကျ ပြုတော်မူမည်-"ဟု ကြံစည်ပြီးလျှင် ဝန်ဇင်း အသည်သားကို ခေါ်တော်မူ၍ တိုင်ပင်တော် မူ၏။

ဝန်ဇင်း အသည်သားက—"ယခု တိုင်ပင်တော်မူခြင်းမှာ မင်းတို့၏ တိုင်ပင်ခြင်းဖြင့် တိုင်ပင်တော် မူပါသလော၊ကျွန်တို့၏

တိုင်ပင်ခြင်းဖြင့် တိုင်ပင်တော် မူပါသလော၊ ပညာရှိတို့၏ တိုင်ပင်ခြင်းဖြင့် တိုင်ပင်တော် မူပါသလော–”ဟု မေးလျှောက်၏။

မင်းကြီးစွာက–“အဓိပ္ပါယ်ကို လျှောက်တင်ဦး”ဟု မိန့်တော် မူ၏။

ဝန်ဇင်း အသည်သားက–“မင်းတို့၏ တိုင်ပင် ခြင်းဖြင့် တိုင်ပင်သောအခါ ရာဇဝတ် ပြစ်မှုမှ ကင်းလွတ်အောင် လျှောက်တင်ရ ပါသည်၊ ကျွန်တို့၏ တိုင်ပင်ခြင်းဖြင့် တိုင်ပင်သောအခါ အလိုဘော်သို့ လိုက်၍ အကြိုက်ကို လျှောက်တင်ရ ပါသည်၊ ပညာရှိတို့၏ တိုင်ပင်ခြင်းဖြင့် တိုင်ပင်သောအခါ မည်သူ့ မျက်နှာကိုမျှ မထောက်ဘဲ မှန်သော အတိုင်းသာ လျှောက်တင် ရပါသည်–”ဟု ဆို၏။

မင်းကြီးက–“ပညာရှိတို့၏ တိုင်ပင်ခြင်းဖြင့် တိုင်ပင်တော်မူသည်–”ဟု မိန့်တော်မူ၏။

ထိုအခါ ဝန်ဇင်းအသည်သားက လျှောက်တင်လေသည်–

ဘုန်းကြီးသော မင်းတို့မည်သည် ထွက်ပြီးသော ဆင်စွယ်ကဲ့သို့ရင်း၊ ထွက်ပေါ်သောနေဝန်းကဲ့သို့ရင်း–နောက်သို့ မဆုတ်ဘဲ တသမတ်တည်း ကျင့်ရာ၏၊ ဖေါက်ပြန်စွာ ကျင့်မိပါလျှင် နောင် ဥဒါန်း မကျေနိုင်စရာ ရှိသည်။

ထုံးပုံတခု လျှောက်တင်ပါဦးအံ့–

တောင်တွင်းကြီး ပွင့်လှဦး သီဟပတေ့သည် ငွေလုပ် တတ်သော ကုသားတဦးအား မိမိသမီးကိုပေး၍ ငွေလုပ်နည်းကို သင်၏၊ ငွေအတတ်ကို အကြွင်းမဲ့ တတ်ပြီးသော် မူးမတ်တို့က– “ငွေအတတ်ကို တတ်ပြီဖြစ်၍ သမီးကိုပြန်ပြီးသိမ်းမှ သင့်လျော်

ပါမည်၊ ကုလားနှင့် သမီး မတန်ပါ—ဟု လျှောက်ကြသည်တွင် သီဟပတေ့က "မှူးမတ်တို့ ဤသို့ မလျှောက်ကြနှင့်၊မတော်-မမှန် ပြုကျင့်၍ ပစ္စည်းဥစ္စာပေါင်း အသောင်း-အသိန်း ရခြင်းထက် တော်မှန်စွာကျင့်၍ ထကျပ်သားမျှ ရသောဥစ္စာက မြတ်သေး၏၊ မတော်မမှန် ဖေါက်ပြန်စွာ ကျင့်လေသည်ဟု ဥဒါန်း မကျေ ရှိတော့မည်-"ဟု မိန့်တော် မူပြီးလျှင် ကုလားကို ကြီးစွာသော အဆောင်-အယောင်နှင့် သူကောင်း ပြုတော်မူပါသည်။

ဤထုံးပုံကို ထောက်စာတော်မူပါဟုလျှောက်တင်လေရာ မင်းကြီးစွာက လွန်စွာ အားရတော် မူသည်နှင့်-"ယခုလျှောက်သော အရေးသည် ငါ့အရေးမျှသာ မဟုတ်၊ သားတော် အစဉ် မြေးတော် အဆက် မြစ်တော် အညွန့် အဝွန့်ရှည်ကြာစွာ အကျိုး များလေအောင် လျှောက်တင်သည့် အရေးဖြစ်သည်"-ဟု မိန့်တော်မူပြီးလျှင် ဆင်ပေါက် တစီး၊ ရွှေဖလား အချိန် တဆယ်သားစီးကို ပေးတော်မူ၏။

ယခင်ပညာရှိအမတ်ကြီး စည်းတပြစ်ကြီးလည်း ကွယ်လွန်လေပြီး ဖြစ်၍ ဝန်ဇင်းအသည်သားအား ပညာရှိ မှူးမတ်အရာ၌ ခန့်ထားပြီးလျှင် 'စည်းတပြစ်'- ဟူသော ဘွဲ့ကို သနားတော်မူလေသည်၊ ရာဇသင်္ကြံကိုလည်း ချီးမြှင့်တော် မူသည့်အတိုင်း မနှိမ့်—မချ ချီးမြှင့်တော်မူသည်။

ဝန်ဇင်း အသည်သားသည် ငယ်ရွယ်စဉ်က စ၍ပင်လျှင် ပညာဗဟုသုတများကို မှတ်သား စုဆောင်းလေ့ ရှိ၏၊ဆင်းရဲစဉ်အခါ လယ်ထွန် နေတုန်းမှာပင် ပုရပိုက်နှင့်ကန့်ကူကို အမြဲဆောင်ယူ၍ မှတ်သားလေ့ရှိ၏၊ ဤပညာ ဗဟုသုတတို့၏ ဂုဏ်ကြောင့်

ပညာရှိ အတိုင်ပင်ခံ အမတ်ကြီး အဖြစ်သို့ ရောက်လေ၏၊ ပညာဗဿုတများသည် အချည်းအနှီးဖြစ်၍မသွားဘဲ အချိန်တန်သော အခါ ပညာဂုဏ်ရောင်ဖြင့် ပြောင်ပြောင်-လက်လက် အကျိုးပေးတတ်သည်၊ ပညာအမြော်- အမြင်နှင့် ပြည့်စုံသည့် အတိုင်းတင်လျှောက်သော အရေး-အရာတို့မှာ မည်သည့်ဘက်ကိုမျှ မထိခိုက် စေဘဲ အလယ်လမ်းကျ၍ အကျိုးဖြစ်ထွန်းအောင် လျှောက်တင် လမ်းညွှန်နိုင်သဖြင့် အလွန်ချီးမွမ်းဖွယ် တောင်းလေသည်။

စည်းတပြစ်ဆိုသော ဘွဲ့အမည်မှာ စန္ဒပဇ္ဇောတ ဟူသော ပါဠိမှ လာသော ဘွဲ့ဟူ၍ ရှေးပညာရှိများ ယူဆကြ၏၊ စန္ဒပဇ္ဇောတ သဒ္ဒါမှာ လရောင်ဟု အဓိပ္ပါယ်ရ၏။ လရောင် ကဲ့သို့ ပညာဖြင့် အေးချမ်းသာယာစွာ ထွန်းလင်းသော ပညာရှိဟု ဆိုလို၏။

## အတတ်ကြီး ဆယ့်ရှစ်ရပ်

အတတ်ပညာမှာနှစ်မျိုးရှိ၏၊၊တမျိုးမှာ ဝိဇ္ဇာပညာဖြစ်၍ နောက်တမျိုးမှာ သိပ္ပံပညာဖြစ်၏၊ ဗာဟု သစ္စမင်္ဂလာမှာ ဝိဇ္ဇာပညာနှင့် သက်ဆိုင်၏၊ ယင်းပညာမှာ အဋ္ဌာရသ ဝိဇ္ဇာခေါ် အတတ်ကြီး ၁၈ ရပ်တို့ ဖြစ်၏၊ အဘတ်ကြီး ၁၈ပါး သရုပ်ကား ဤသို့ပါတည်း။

(၁) ကပ္ပ— (မန္တာန် သုံးစွဲပုံအစီအရင်ကို တတ်ကျွမ်းသောပညာ)

(၂) ဗျာကရဏ— (သဒ္ဒါကျမ်းတို့ကို တတ်ကျွမ်းသော ပညာ)
(၃) ဇောတိသတ္ထ—(ဂြိုဟ် နက္ခတ် တို့ကို တတ် ကျွမ်း သောပညာ)
(၄) သိက္ခာ—(ဗျည်း, သရ, စသည် တို့ကို တတ်ကျွမ်း သောပညာ)
(၅) နိရုတ္တိ— (အက္ခရာလာခြင်း စသည်တို့ကို တတ်ကျွမ်း သော ပညာ)
(၆) ဆန္ဒောဝိစိတိ—(ဂါထာ ဗန္ဓ စီကုံးနည်းတို့ကို တတ် ကျွမ်းသော ပညာ)
(၇) သာမ—(သာမဝေဒကို တတ်ကျွမ်းသော ပညာ)
(၈) ယဇု—(ယဇုဝေဒကို တတ်ကျွမ်းသောပညာ)
(၉) ဣရု—(ဣရုဝေဒကို တတ်ကျွမ်းသော ပညာ)
(၁၀) အာထဗ္ဗ— (အာထဗ္ဗဏ ဝေဒကို တတ်ကျွမ်းသော ပညာ)
(၁၁) မီမံသာ— (မီမံသာဒဿနကျမ်းကို တတ်ကျွမ်းသော ပညာ)
(၁၂) နျာယ — (နယာယ ဒဿန ကျမ်းကို တတ်ကျွမ်း သောပညာ)
(၁၃) ဓမ္မသတ္ထ—(ဓမ္မသတ်ကို တတ်ကျွမ်းသော ပညာ)
(၁၄) ပုရာဏ— (ရှေးဟောင်း အကြောင်းတို့ကို တတ် ကျွမ်းသောပညာ)

(၁၅) အာယုဗ္ဗေဒ— (ဆေး ကျမ်းကို တတ်ကျွမ်းသော ပညာ)
(၁၆) ဓနုဗ္ဗေဒ—(လက်နက်ကို တတ်ကျွမ်းသော ပညာ)
(၁၇) ဂန္ဓဗ္ဗဗေဒ— (သီဆို တီးမှုတ် ခြင်းကို တတ်ကျွမ်း ပညာ)
(၁၈) အတ္ထသတ္ထ—(ကြီးပွား ချမ်းသာရေး နီတိပညာ)

သဒ္ဒနီတိဓာတုမာလာ, ဒုမေ့ဓဇာတ်ဋ္ဌိကာ, မိလိန္ဒပဥှာ, လောကနီတိတို့၌ လာသော အတတ်ကြီး ၁၈ ပါးတို့မှာ သရုပ်တမျိုးစီဖြစ်၏၊အတတ်ကြီးတဆယ့်ရှစ်ရပ်တို့ကို အထူးလေ့လာသူများသည် ဤတွင်ဖော်ပြသော ဗိသဏုပုရာမ်လာ အတတ်ကြီးတို့နှင့်တကွ ထိုထိုကျမ်းတို့ဘွင်ဖော်ပြသော အတတ်ကြီးတို့ကို ဆက်စပ် လေ့လာသင့်ပါသည်၊ ယင်းတို့မှာ အများအားဖြင့် ဟိန္ဒူ ရှေးဟောင်းအတတ်ပညာတို့သာဖြစ်၏၊ သို့သော်လည်း ယင်းပညာတို့ကိုပါဠိစာပေတို့တွင်လည်းဖော်ပြလေ့ရှိ၏။ အရှေ့တိုင်း ဒဿနိက ပညာ လေ့လာသူများလည်း လေ့လာကြပါသည်။ ဤတွင် ဗိသဏုပုရာမ် ကျမ်းလာအတတ်ကြီး ၁၈-ရပ်ကို ဖော်ပြသည်မှာမြန်မာဘာသာ၌ အတတ်ကြီး ၁၈ ရပ်နှင့် ပတ်သက်၍ စုံလင်စေရန်ဖြစ်၏။

## ဝိဇ္ဇာ-ပညာ

အခါတပါးမြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံး

နေတော်မူ၏၊ ထိုအခါ ငါးရာမျှသောက်သော တပြည်ရပ်ခြား ပုဏ္ဏားတို့သည် တစုံတခုသော ပွဲဖွယ်ကိစ္စဖြင့် သာဝတ္ထိပြည်၌ ရောက်နေကြ၏။ ထိုအခါ ပုဏ္ဏားတို့အား- "ဤရဟန်းဂေါတမ သည် အမျိုးလေးပါးတို့၏ စင်ကြယ်ခြင်းကိုပညတ်၏၊ အဘယ် သူသည် ရဟန်းဂေါတမနှင့်အတူ ဤစကားအရာ၌ ပြိုင်ဆိုင် ပြောဆိုခြင်းငှာ စွမ်းနိုင်ပါအံ့-"ဟု အကြံဖြစ်ကြ၏။

ထိုအခါ အဿလာယန အမည်ရှိသော လုလင်သည် သာဝတ္ထိပြည်၌နေ၏၊ နုပျို၏၊ ဆံချပြီးဖြစ်၏၊ အသက် ၁၆ နှစ် အရွယ်ရှိ၏၊ နိဃဏ္ဍုကျမ်း, ကေဋုဘကျမ်း၊ အက္ခရပ္ပဘေဒ ကျမ်း, ဣတိဟာသကျမ်းနှင့်တကွ ဝေဒသုံးပုံတို့၏ တဖက်ကမ်းသို့ ရောက်၏၊ ပဒကျမ်းကိုတတ်၏၊ ဗျာကရဏ်း ကျမ်းကို တတ်၏၊ လောကာယတကျမ်း, မဟာပုရိသ ကျမ်းတို့၌ အကြွင်းမဲ့တတ် မြောက်၏။

ထိုအခါ ထိုပုဏ္ဏားတို့သည် အဿလာယနလုလင်ထံသို့ ချဉ်းကပ်၍-"အဿလာယန ဤရဟန်း ဂေါတမသည် အမျိုး လေးပါးတို့၏ စင်ကြယ်ခြင်းကို ပညတ်၏၊ သင် သွားပါချေ၊ ရဟန်းဂေါတမနှင့်အတူ ဤ စကားအရာ၌ ပြိုင်ဆိုင် ပြောဆို ပါလေ-"ဟု ဆိုကြ၏။

ဤတွင် ဖော်ပြလိုသည်မှာ ပါဠိတော်၌လာသောဝိဇ္ဇာ ပညာရပ်တို့ ဖြစ်၏၊ ယင်းတို့သည် အတတ်ကြီး ၁၈ ပါးတွင် ပါဝင်သော်လည်း ၁၈ပါးမပြည့်ခြင်းဖြစ်၏၊သို့ဖြင့်အတတ်ကြီး ၁၈ပါးသည် ပါဠိတော်နောက် အဋ္ဌကထာ သို့မဟုတ် ဋီကာ များခေတ်သို့ ရောက်မှ တိုးပွားလာဟန်တူပါသည်။

(၁) နိသဏ္ဍ—(ယခုအခါ အဘိဓာန်ကျမ်း)
(၂) ကေဋုဘ—(ယခုအခါ အလင်္ကာကျမ်း)
(၃) အက္ခရပ္ပဘေဒ—(အက္ခရာတို့ကို ပြသောသဒ္ဒါကျမ်း)
(၄) ဣတိဟာသ—(ရာဇဝင်သမိုင်းကျမ်း)
(၅) ဝေဒသုံးပုံ—(ထိုစဉ်အခါက အာထဗ္ဗဝေဒ မပေါ်သေးပါ)
(၆) ပဒ—(ပုဒ်,ပါဌ် တို့ကို ပြဆိုသောကျမ်း)
(၇) ဗျာကရုဏ်း—(ဓာတ်ပစ္စည်းဝိဘတ်တို့ကို ဝေဖန်သောသဒ္ဒါကျမ်း)
(၈) လောကာယတ—(မျက်မြင် လောကကို ပြဆိုသောရုပ်ဝါဒကျမ်း)
(၉) မဟာပုရိသ=(ယောကျ်ားမြတ်တို့၏ လက္ခဏာပြဆိုသောကျမ်း)

ဤသို့လျှင် ဗာဟုသုတရှိခြင်းသည်လည်း မင်္ဂလာမည်၏။

## သိပ္ပံ-ပညာ

သိပ္ပံပညာ တတ်မြောက်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

အတတ်ပညာမှာ နှုတ်မှုဆိုင်ရာ ဝိဇ္ဇာပညာနှင့် လက်မှုဆိုင်ရာ သိပ္ပံပညာဟု နှစ်မျိုးရှိရာ ဝိဇ္ဇာပညာနှင့် ပတ်သက်သော ဗာဟုသစ္စမင်္ဂလာကို ပြပြီးနောက် သိပ္ပံပညာနှင့် ပတ်သက်သော သိပ္ပမင်္ဂလာကို ပြဆိုပါမည်၊ သိပ္ပံကို အဘိဓာန်၌-

"ကာလာစသော အမှုကိစ္စသည် သိပ္ပံမည်၏"—ဟု ဆို၏၊ ကာလာဟူသည်မှာ သိပ္ပံပညာဖြစ်၏၊ သိပ္ပံပညာကို ကလာဟုခေါ်၏၊ ကာလာတည်းဟူသော သိပ္ပံပညာကို ရှေးအခါက (၆၄) ရပ် သတ်မှတ်ခဲ့ကြ၏၊ ယင်းတို့ကို ဖြစ်သင့်သလို အချုပ်အားဖြင့် ဖော်ပြပါဦးမည်။

(၁) ကခြင်း (၂) တီးမှုတ်ခြင်း (၃) အဝတ်တန်ဆာချုပ်လုပ်ခြင်း (၄) ရုပ်ပုံမျိုးစုံ ပြုလုပ်ခြင်း (၅) အခမ်းအနားပြင်ဆင်ခြင်း (၆) အမျိုးမျိုးကစားခြင်း (၇) နေရာမျိုးစုံနှင့် မွေ့လျော်မှု မျိုးစုံ စီရင်ခြင်း (၈) သေအရက် ပြုလုပ်ခြင်း (၉) ခွဲစိတ်ကုသခြင်း (၁၀) အချက်—အပြုတ် (၁၁)စိုက်ပျိုးခြင်း(၁၂) ကျောက်သွေး (၁၃) ထန်းလျက်—ကြံသကာ ချက်ခြင်း (၁၄)ဓါတ်ဆေးစပ်ခြင်း (၁၅) ဓာတုဗေဒ (၁၆) ရှေးဦး ဓါတ်စပ်ခြင်း (၁၇) ဓါတ်ဆားထုတ် (၁၈) စစ်လေ့ကျင့်ခြင်း (၁၉) လက်ပန်းလုံး (၂၀) လက်ဝှေ့သတ် (၂၁)ရန်သူလက်မှ လွတ်မြောက်ခြင်း (၂၂) စစ်တူရိယာ (၂၃) နတ်ပူဇော်ခြင်း (၂၄) စစ်ယာဉ်စီစဉ်ခြင်း (၂၅) အိုးခွက်ပြုလုပ်ခြင်း (၂၆) လက်သမား (၂၇) ကျောက်ဆစ် (၂၈) ပန်းတင်း ပန်းပဲ (၂၉) ပန်းချီ (၃၀) ရေတွင်း ရေကန်တူးခြင်း (၃၁) စက်ကြိယာပြုလုပ်ခြင်း (၃၂) ဆေးဆိုးပန်းရိုက် (၃၃) ရေစက်, လေစက်, မီးစက် (၃၄) ယာဉ်ပြုလုပ်ခြင်း (၃၅) ခြည်မျှင် ခြည်ကြိုးလုပ်ငန်း (၃၆) ရက်ကန်း (၃၇) ရတနာရွေးခြယ်ခြင်း (၃၈)ရွှေရွေးခြယ်ခြင်း (၃၉) ရွှေစသောကိတ္တိမရတနာပြု လုပ်ခြင်း (၄၀) ရွှေပန်းတိမ် (၄၁) ပန်းရ

(၄၂)သားရေနယ် (၄၃)သားရေခွါခြင်း (၄၄)ထောပတ်ပြုလုပ်ခြင်း (၄၅)အင်္ကျီချုပ်ခြင်း(၄၆) ရေကူး(၄၇)ကြေးချတ်ခြင်း (၄၈) ခဝါသည် (၄၉) ဆေတ္တာသည် (၅၀)ဆီထုတ်ခြင်း (၅၁) လယ်ထွန် (၅၂) သစ်ပင်တက် (၅၃) သူခစားပြုလုပ်ခြင်း (၅၄) နှီးယက်လုပ်ခြင်း (၅၅) အိုးခွက်ပြုလုပ်ခြင်း (၅၆)ရေသိုလှောင်ခြင်း (၅၇) လက်နက်လုပ်ခြင်း (၅၈)ကုန်းနှီးပြုလုပ်ခြင်း (၅၉) ကလေးထိန်း (၆၀) ကြိမ်ဒဏ်ပေးခြင်း (၆၁)အက္ခရာမျိုးစုံ ရေးနိုင်ခြင်း (၆၂) ကွမ်းစောင့်ရှောက်ခြင်း (၆၃) ဤကလာတို့ကို ဖြေးဖြေး လုပ်သင့်လျှင် ဖြေးဖြေးလုပ်ခြင်းနှင့် (၆၄) မြန်မြန်လုပ်သင့်လျှင် မြန်မြန် လုပ်ခြင်း။

ဤကားသိပ္ပံပညာ၆၄–ပါးတို့၏ အရေအတွက်ဖြစ်၏ ယင်းတို့မှာ ထိုစဉ်အခါက အခြေအနေအရ သတ်မှတ်ချက်တို့ဖြစ်၏၊ ယခုအခါမှာလည်း ယခုအခြေအနေအရ သတ်မှတ်ချက်တို့ ရှိကြပါသည်၊ ထိုခေတ်အထက်ကလည်း ထိုမှ တပါးသောသိပ္ပံပညာအများ အပြားပင် ရှိမည်သာဘည်း၊ သိပ္ပံပညာသည် ဤမျှသာတည်းဟု အရေအတွက် သတ်မှတ်၍ကားမဖြစ်နိုင်ပါ၊ ခေတ်ကာလ အားလျော်စွာ အပြောင်းအလဲ အတိုးအဆုတ်တို့ ရှိကြပါသည်၊ သို့သော်လည်း တခါက ထိုသို့ (၆၄) ရပ် သတ်မှတ်ခဲ့၍ ယင်းတို့ကို ယခုအခါ တွေ့ရခြင်းဖြစ်၏။

## ဝိဇ္ဇာ ပညာတတ်

အခါတပါး လူတို့သည် လှေတစင်းဖြင့် မြစ်ကိုဖြတ်ကူးကြ၏၊ ထိုလူများတွင် ဝိဇ္ဇာပညာတတ် တယောက် ပါဝင်၏၊

သူသည် ဗေဒကျမ်း ဗေဒင်္ဂ ကျမ်းများနှင့် တကွ အဘိဓမ္မာ ခြောက်ကျမ်းကို လေ့လာတတ်မြောက်ထားသူ ဖြစ်၏၊ ထိုကျမ်း ဂန်တို့ကို သေ့လာတတ်မြောက်ခြင်းနှင့် ပတ်သက်၍လည်းဂုဏ် ယူဝင့်ကြွားလေ့ရှိ၏၊ မိမိဂုဏ်ကို ဝင့်ဝါပလွှားလိုသဖြင့် သူ၏ အနီး၌ ရှိသော လူတယောက်အား "သင်သည် ဗေဒင်္ဂကို သင် ကြားလေ့လာဘူးပါသလော"ဟု မေး၏။

ထိုသူက ရိုးသားစွာပင် "မသိပါ"—ဟု ဖြေဆို၏။

သို့ဖြစ်လျှင် ယောဂဒဿန, သင်္ချဒဿနတို့ကို သိပါ သလား"—ဟု မေးပြန်၏။

"မသိပါ"—ဟုပင် ထိုသူကဖြေဆို၏။

"သို့မဟုတ် ဘယ်ဒဿနကို ဖတ်ဘူးပါလဲ"—ဟု မေး ပြန်၏။

"မဖတ်ဘူးပါ"—ဟု ဖြေဆို၏။

"သို့ဖြစ်လျှင် လူဖြစ်ရကျိုးအဘယ်မှာရှိမည်နည်း၊သင်၏ ဘဝသည်ဆုံးရှုံးလေစွာတကား" —ဟု ပြောဆိုနေစဉ် သေ မှန်းတိုင်းကျလာသောကြောင့် လှေမှာ နစ်မြုပ်လုဆဲဆဲ ဖြစ် နေ၏။

ထိုအခါ ခရီးသွား ထိုယောကျ်ားက ပညာရှိအား-"ရေ ကူးတတ်ပါသလား"—ဟု မေး၏။

ပညာရှိက "မတတ်ပါ"ဟု အထိတ်တလန့် ဖြေဆို၏။

"ကျွန်ုပ်တို့သည် ဗေဒင်္ဂ, ယောဂဒဿန, သင်္ချဒဿန တို့ကို မတတ်ပါ၊ သို့သော်လည်း ကောင်းစွာရေကူးတတ်ပါ သည်"ဟု ထိုသူကပြောပြ၏။

ဤပုံတွင် ပါသော ဗေဒန္တာယောဂ, သင်္ချာဒဿနတို့မှာ အခါက ရသေ့ကြီးများ စီရင်သော အတွေးအမြင်ဆိုင်ရာ နက်နဲခက်ခဲသော ဒဿနိကမွာများဖြစ်၏၊ ယင်းတို့ကို ဉာဏ်ပညာ ထက်မျက်သော ပညာရှိကြီးတို့သာ လေ့လာနိုင်ကြသည်၊ ဝိဇ္ဇာပညာ၏ အထွတ်အထိပ်တို့ပင် ဖြစ်၏၊ ရေးကူးအတတ်မှာ သိပ္ပံပညာဆိုင်ရာလက်မှုအတတ်ဖြစ်၏၊ဤတွင်ဆိုလိုရင်း အနှစ်သာရမှာ စူးနေရာစူး, ဆောက်နေရာဆောက် အသီးသီးအသုံးဝင်ခြင်း ဖြစ်၏၊ ဆင်မတတ်နိုင်သော အရာတွင် ကြွက်တတ်နိုင်ခြင်းလည်း ရှိ၏၊ သို့ကြောင့် ဝိဇ္ဇာပညာရှင်က သိပ္ပံပညာရှင်ကိုရင်း၊ သိပ္ပံပညာရှင်က ဝိဇ္ဇာပညာရှင်ကိုရင်းမထိမဲ့မြင် မပြုသင့်ပါ၊ အချင်းချင်း အပြန်အလှန်လေးစား မြတ်နိုးမှုလည်း မြတ်သောမင်္ဂလာ ဖြစ်ချိမ့်မည်၊ သို့မှုလည်းကြီးပွားချမ်းသာ ကြောင်းဖြစ်မည်၊ အချင်းချင်း တိုက်ခိုက် နေပါက မင်္ဂလာဖြစ်မည် မဟုတ်ပါ၊ အကျိုးစီးပွားပင် ဆုတ်ယုတ် ပျက်ပြားနိုင်ပါသည်၊ သို့ကြောင့် နီတိဆရာတို့က သူမိုက်ကိုအတတ်ပညာဖြင့် တန်ဆာ ဆင်သော်လည်း အဘယ်မှာ ဘေးအန္တရာယ်မပြုဘဲ ရှိမည်နည်း”ဟု ဆိုကြခြင်းဖြစ်၏။

## ကိံ ဖလ သီး

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် လှည်းကုန်သည်မျိုး၌ ဖြစ်၍ လှည်းငါးရာတို့ဖြင့် ကုန်သွယ်သည်ရှိသော် အခါတပါး

၌ တောအုပ်ကြီးသို့ ရောက်၍ လူအားလုံးကို စည်းဝေးစေပြီး "ဤတောအုပ်၌ အဆိပ်ပင် မည်သည်ရှိ၏၊ သင်တို့သည် မသုံးဆောင်ဘူးသော အသီးအရွက်စသည်တို့ကို ငါ့ကို မပန်ကြားဘဲ မစားကြလင့်"—ဟုဆို၏။

ထိုလှည်းကုန်သည်တို့သည် ကောင်းပြီဟု ဝန်ခံကုန်၍ တောအုပ်ကြီးသို့ သက်ကုန်၏၊ တောအုပ်ကြီး၏ အဝ၌လည်း ရွာတရွာ တံခါး၌ ကိံဖလမည်သော သစ်ပင်ရှိ၏၊ ထိုသစ်ပင်၏ ပင်စည်, အခက်, အရွက်, အပွင့်, အသီး အလုံးစုံ သရက်နှင့်တူကုန်၏၊အဆင်းသဏ္ဌာန်သာမဟုတ် အနံ့ အရသာလည်းသရက်နှင့်တူကုန်၏။ စားပါလျှင်မူ လတ်တလော သေစေတတ်သော အဆိပ်ကဲ့သို့ ထိုခဏ၌သာလျှင် အသက်ကုန်ခြင်းသို့ ရောက်စေတတ်၏။

ရှေ့မှ သွားကုန်သော အချို့ လျှပ်ပေါ်သူတို့သည်သရက်ပင်အမှတ်ဖြင့် အသီးကို စားကုန်၏။ အချို့သော သူတို့သည် လှည်းကုန်သည်မှူးကိုမေးရန် စောင့်နေကြ၏၊ လှည်းကုန်သည်မှူး ရောက်သော် အသီးတို့ကို ပြန် ပန်ကြားကြ၏၊ ဘုရားလောင်းသည် သစ်သီး၌ ကျွမ်းကျင်လိမ္မာသူဖြစ်၍ "ဤသစ်ပင်သည်သရက်ပင်မဟုတ်၊ ကိံဖလပင်ဖြစ်၏၊ မစားကြလင့်" ဟု တားမြစ်ပြီး စားမိသူများကိုလည်း အန်စေပြီးလျှင် စဟုမဒုတိုက်၍ ကုသ၏။

ရှေး၌ကား လူတို့သည် ဤသစ်ပင်ရင်း၌ တည်းနေပြီး သရက်သီး အမှတ်ဖြင့် ဤအဆိပ်သီးတို့ကို စားကြ၍ သေခြင်းသို့ ရောက်ကြ၏။ နောက်တနေ့ ရွာနေသူတို့ ထွက်လာကြပြီး လူသေတို့ကို အရပ်တပါးသို့ စွန့်ပစ်၍ သူတို့၏ ဥစ္စာတို့ကို ယူ

သွားကြ၏၊ ထိုရွာသားတို့သည် ထိုနေ့၌လည်း အာရုဏ်ဘက်သောအခါ၌ပင် လှည်း, နွား, ပစ္စည်း ဥစ္စာတို့ကို အသီးသီး ရည်မှတ် ခွဲဝေပြီး ထိုသစ်ပင်သို့ သွားကြ၏၊ သို့သော်လည်း ဘယ်သူမျှ တစုံတရာ အနာမဖြစ်သည်ကို မြင်၍ "သင်တို့သည် အဘယ်ကြောင့် ဤသစ်သီးကို မစားကြသနည်း"—ဟု မေးကြ၏။

ထိုအခါ ဘုရားလောင်းက "ဤသစ်ပင်သည် ငြိုငြင်သဖြင့် တက်အပ်သည်မဟုတ်၊ ရွာမှ ဝေးလည်းမဝေး၊ ဤ အကြောင်းနှစ်ပါးကြောင့် ဤသစ်ပင်သည် စားကောင်းသော သစ်ပင်မဟုတ်ဟု သိနိုင်ပါသည်"—ဟု ပြောပြ၏။

ယင်းသို့လျှင် သစ်ပင်တို့၌ ကျွမ်းကျင်လိမ္မာသော ရုက္ခဗေဒသည်လည်း သိပ္ပံပညာပင်ဖြစ်၏၊ ယင်းသို့ ရုက္ခဗေဒကိုတတ်ကျွမ်းခြင်းသည်လည်းမင်္ဂလာမည်၏။

## သုပ္ပါရက

လွန်လေပြီးသောအခါ ကုရုတိုင်းတွင် ကုရုမည်သော မင်းသည် မင်းပြု၏၊ ထိုအခါ ဘုရားလောင်းသည် ကုရုကစ္ဆ မည်သော သင်္ဘောဆိပ်၌ သင်္ဘောသူကြီးသားဖြစ်၍ သုပ္ပါရက ဟူသော အမ[illegible]၏၊ အရွယ်သို့ ရောက်သောအခါ ဉာဏ်ပညာနှင့် ပြည့်စုံသော သင်္ဘောသူကြီး ဖြစ်၏၊ သင်္ဘောလှိုင်းဖန်များ သဖြင့် ဆားငန်ရေကြောင့် မျက်စိမသန်ရှိသော် တမှုကြီးအဖြစ်

ကို စွန့်ပြီးလျှင် ကုရုရာဇ်ပြည်ကိုမှီ၍ အသက်မွေးသော် တည်သူကြီးအရာ၌ ထား၏။ ရွှေ ငွေ ဥစ္စာ ရတနာ ဆင်မြင်း ကျွဲနွား ပတ္တမြားပုလဲစသည်တို့ကို အဖိုးဖြတ်ရာတွင် မင်းကြီးထံ စီးတော်ဆင်အလို့ငှာ ဆင်တစီးရောက်လာ၏၊ ဘုရားလောင်းအားစုံစမ်းစေသည်ရှိသော် ဆင်ကိုလက်ဖြင့်သုံးသပ်လျှင်-"ဤဆင်သည်အမိဝမ်းမှ ဖွားသောအခါ၌ အမိနောက်ခြေ မခံနိုင်သောကြောင့် မြေသို့ကျသဖြင့် နောက်ခြေပျက်၏၊ မင်္ဂလာ ဆင်တော်ပြုခြင်းငှာမထိုက်—" ဟုဆို၏။

ဆင်ကိုဆောင်ခဲ့သူတို့အား မေးသော် ဆိုတိုင်းမှန်သောကြောင့် မင်းကြီးနှစ်သက်သဖြင့် ရှစ်သပြာဆုပေး၏၊ထို့အတူ မင်္ဂလာမြင်း, မင်္ဂလာရထား, ကမ္ဗလာ အစ ရှိသည့် များစွာသောဝတ္ထုတို့ကို စုံစမ်းကြည့်ရှုစေသော် ဟုတ်မှန်တိုင်းဆိုနိုင်သည်ကို မင်းကြီးနှစ်သက်သော်လည်းရှစ်သပြာ-ရှစ်သပြာမျှသာ ဆုကို ပေးပြန်၏၊ ဤသို့အံ့ဖွယ်သူရဲကို သိစွမ်းနိုင်သော ပညာရှိကို စင်လျက် ရှစ်သပြာ-ရှစ်သပြာသာ ပေးကမ်းသော ရှိသည်၊ ဤမင်း၏ပေးကမ်းခြင်းသည် ဆတ္တာသည်တို့၏ ပေးကမ်းခြင်းမျှသာ ဖြစ်သည်၊ ဤမင်း၌ခစားသဖြင့် အကျိုးမရှိ ဟု အရပ်ဟောင်းသို့ပြန်ခဲ့၏။

ထိုအခါ ကုန်သည်တို့လောင်းပန်၍ ဘုရားလောင်းသည် ထိုသူတို့၏သင်္ဘော၌ သင်္ဘောသူကြီးအဖြစ်ဖြင့် မဟာသမုဒ္ဒရာသို့ လိုက်ရ၏၊ ခုနစ်ရက်မြောက်၌ သေန္နောက်ရှက်၍သင်္ဘောသည် လမ်းလွဲပြီး သမုဒ္ဒရာတွင်းမှာ လွင့်နေ၏၊ လေးလတိုင်မျှ

ကြသောအခါ ကုန်သည်တို့က-"အရှင် ကိုယ်မှာ လူနှင့်တူပြီး ဦးခေါင်းက သင်ဓုန်းသွားကဲ့သို့သောငါးများကိုတွေ့ရပါသည်" ဟု ပြောကြ၏။

"သို့ဖြင့် ငါတို့သည် ယခုအခါ ခုရမာလိ သမုဒ္ဒရာသို့ ရောက်ကြပြီ၊ ဤတွင် စိန် ကျောက်များ ရှိသည်''ဟု ပြောပြပြီး သင်္ဘောကို ရပ်စေကာ စိန် ကျောက်အချို့ကို ဆယ်ယူ၍ သင်္ဘော၌ ထည့်စေ၏။

ထို့နောက် ဆက်လက်ပြီးသင်္ဘောလှင့်ကြပြန်၏၊ တနေရာသို့ ရောက်သောအခါ ကုန်သည်တို့က"အရှင် မီးပုံကြီးကဲ့သို့ တောက်လောင်နေပါသည်–"ဟု ပြောကြ၏။

"အချင်းတို့၊ယခုအခါ ငါတို့သည် အဂ္ဂိမာလိ သမုဒ္ဒရာသို့ ရောက်ကြပြီ၊ ဤတွင် ရွှေများရှိသည်–"ဟုပြောပြီးသင်္ဘောကို ရပ်စေကာ ရွှေအချို့ကို ဆယ်ယူ၍ သင်္ဘော၌ထည့်စေ၏။

ထို့အတူ ဘုရားလောင်းနှင့်ကုန်သည်တို့သည် ဆက်လက်၍ သင်္ဘောလှင့်ကြရာ နို့ဓမ်းသမုဒ္ဒရာသို့ရောက်သောအခါ ငွေများကို ဆယ်ယူကြ၏၊ကျူတောနှင့်တူသောနဠမာလိသမုဒ္ဒရာသို့ ရောက်သောအခါ မသာရဂလ်ကျောက် မျက် ရွဲ စသည်တို့ကို ဆယ်ယူရရှိကြ၏။

ယင်း တို့ သည် လည်း သိပ္ပံ ပ ညာ ရပ် များ ပင် ဖြစ်၏၊ ဤသို့လျှင် သိပ္ပံပညာတို့မှာ အများအပြားပင်ရှိကုန်၏၊ ဤသို့လျှင် သိပ္ပံပညာ တတ်မြောက်ခြင်းသည်လည်း မြတ်သော မင်္ဂလာမည်၏၊ အဘယ်ကြောင့် မင်္ဂလာမည်ခြင်းကို ဖော်ပြပါ ဇာတ်လမ်းတို့ဖြင့်လည်း ကောင်းစွာသိနိုင်ပါသည်။

## ဝိဇ္ဇာ–သိပ္ပ

( ၁ )

သက္ကူရုပ်၊ ကြံကြံသမျှ
ဘောင့်တရာရာ၊ တက်ကောင်းစွာသား
ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စကို
ယင်ကမသင်၊ ပျော်ပါးလွင်မှု
အကြင်သူအား၊ စကားချေတင်
သဘင်မပြု၊ ခံတွင်းမွဲသို့
ချို့တဲ့ပညာ၊ ညှိုးမျက်နှာနှင့်
ရှရှာလန့်ထိတ်၊ အသံဆိတ်၏။

တိတ်တိတ်မနေ၊ ဆိုပါချေလည်း
မပြေ-မပြစ်၊ အထစ်ထစ်လျှင်
ကျစ်လစ်မရှိ၊ အငြိငြိတည့်၊
ဟုတ်လိုနိုးနိုး၊ ဆင်ကန်းတိုးသို့
အကျိုးအကြောင်း၊ ကောင်းကောင်းမမှန်
သမွန်ပါ၌လျှောက်၊ ရှေ့နောက်မညီ
အစီအလျဉ်၊ အစဉ်မသင့်
တဖျင့်တပါး၊ ရယ်ဖွယ်များခဲ့။

ဖိုးဖွားမိဖ၊ သူကြီး မရှိ
မလျှမညှိုး၊ မစိုးမရိမ်
နှတ်စည်းစိမ်သို့၊ ရွှေအိမ်ဘုံမြင့်
ခုနစ်ဆင့်ထက်၊ နေလင့်ကစား
ပြာသာဒ်ဖျားဝယ်၊နားသည့်ကျီးမျှ
ပမာကျလိမ့်။

အင်္ဂ ပဥ္စင်၊ သွင်ပြင်ရုပ်ဝါ
ပြည့်စုံပါလည်း၊ နံ့သံလှိုင်ခြင်း
ဂုဏ်နံ့ကင်းမူ၊ အဆင်းလှဆန်း
လူ့ပေါက်ပန်းဟု၊ သွမ်းမှန်းသိထွေ
ကဲ့ရဲ့လေအံ့။

လုပ်ခြေလုပ်လက်၊ စဉ်ဆက်နည်းမျိုး
မကျင့်သီးသော်၊ ချည်းနှီးဥစ္စာ
လိုခါမရ၊ ကြောင့်ကြစိုးရိမ်
ဖန်ကြိမ်များစွာ၊ အိုသောခါလည်း
မဟာဒုက္ခ၊ တွင်းဆုံး ကျသည်
နောင်တ နှလုံး—မငြိမ်တည်း။

( ၂ )

ပဌမရွယ်၊ငယ်သော်ကတည့်
သိပ္ပခေါင်အား၊တတ်မြောက်မြားမူ

တောသားရန်အောင်၊ ခြသေ့ယောင်သို့
မရှောင်မညှာ၊ တင်းတင်းမာ၍
ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်။

ဆိုသင့်ဆိုထိုက်၊ ဆိုလိုက်ဆိုလျော
ဆိုပြောဟောလည်း၊ သဘောထိထိ
ဆိုရိုးမိလျက်၊ တိတိမြေပြင်
သိန္ဓောနှင့်သို့၊ ရကျင်ပုထုံး
နှလုံးနှင့်နှုတ်၊ တံသုတ်ငင်နည်း
တကျမ်းတည်းလျှင်၊ လိပ်သည်းမဲ့လျှင်း
မြေဘိတင်းနောက်ရှေ့၊ စေ့မြေ့သမွန်
ဟုတ်မှန်ကျိုးကြောင်း၊ ကောင်းသားစီလျဉ်
စဉ်သားသဒ္ဒါ၊ သာသည့်စကား
နားဖွယ်များ၏။

ရည်သွားယုတ်စိမ့်၊ အားတိုင်းနှိမ့်လျက်
မနိမ့်ကိုယ်ပင်၊ ကျေးဇူးအင်ကြောင့်
ညွှန်တွင်စွန့်ပစ်၊ မကြီစစ်သို့
မညစ်မညူး၊ ဂုဏ်ရောင်းမြူးအံ့။

အထူးပြင်လျှာ၊ မလှုပ်ါလည်း
ရသာချိုမြ၊ ပနသသို့

## ဗာဟု သစ္စ

တဲကွရောပြွမ်း၊ အချင်းစမ်းက
ချီးမွမ်းမြှောက်စား၊ သူသနား၏။

ရုပ်အားလျောက်ပတ်၊ ဂုဏ်ညီညွတ်မှု
ဆင်းမြတ်နံ့ကျော်၊ ပန်းနှင့်လျော်ဟု
ပေါင်းဖော်ကြချင်၊ ကျွမ်းဝင်ကြလို
ကြည်ညိုကြလင့်၊ ဘုန်းဘန်းပွင့်လျက်
ချီးမြှင့်လက်ဝါး၊ ဦးထိပ်ထား၏။

ခစားမင်းထံ၊ မှူးခံစစ်မြေ
ကြည်းရေကုန်သွယ်၊ ကြွေးဆယ်မြို့ချ
လုပ်ထလယ်ယာ၊ ဥစ္စာပြုစု
သားပုမြေးကင်း၊ ဖြည့်ဘင်းသိမ်းမွေး
အိမ်ထောင်ရေးလည်း၊ စဉ်ရှေးဥပဒေ
အလွေတွေလျှင်၊ ကြွက်သေနှင့်သာ
ရင်းစကာလျက်၊ မကြာဘင်းလင်း
လေးလတွင်းဝယ်၊ နှစ်သိမ်းကြွယ်သို့
နည်းသွယ်ပိုက်ထား၊ ကြံစိတ်ပြားသော်
စီးပွားချမ်းသာ၊ ကြီးကျယ်ရာသည်
အိုခါမစိုး- မရိမ်တည်း။

(၃)

သုစိပုဘာ၊ ဝိလိသိဓါ
အက္ခရာစဲ့သုံး၊ ဤရှစ်လုံးကို
သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့။

စာသင်ပျိုနို့၊ အခြေပြုတို့
ဉဇ္ဇုဘူတ၊ လို့လပြင့်းစွာ
သူ့ထက်ငါဟု၊ နှုတ်မှာရွရွ
ကြိုးပမ်းကလျှင်၊ သိပ္ပကျေးဇူး
အထူးသိမြင်၊ ပညာရှင်ဟု
မထင်မပေါ်၊ မကျော်စေဘဲ
တိမ္မှာလွဲအံ့။

အရဲကြိုးကုတ်၊ ကြက်ရဲသုတ်သို့
အားထုတ်ခုံမင်၊ မသင်မအံ
မကြံမမေး၊ ဆွေးနွေးရောနှော
ပြောဟောမှဲ့ထွေ၊ ပေချုပ်ရေဖြင့်
ကုန်စေဆန်းသာ၊ သင်ချေပါလည်း
ဘယ်မှာဂုဏ်ရှင်၊ ကျော်စေထင်ချိမ့်။

စာသင်ဟူက၊ ကျမ်းထိုမျှကို
တွေ့ကမရှောင်၊ ကြောင်ပုဇ္ဇန်စား

ကျွတ်ကျွတ်ဝါးသို့၊ လွသွားပမာ
ကျောက်ထက်စာသို့၊ လိုရာရအောင်
ကြံဆောင်လေ့ကျက်၊ အနက်အဓိပ္ပါယ်
နှုတ်ဝယ်ရွရွ၊ ထားချေမှတည့်။

တစပေါ်လျှင်၊ ချည်စင်သို့
သဘင်ပွဲမှောက်၊ ဆိုရေးရောက်က
လန့်ကြောက်မရှိ၊ သတိမြဲခိုင်
ကျောက်တိုင်ပမာ၊ ကေသရာသို့
ရွံ့ရှာမဲ့လျှင်း၊ ဆိုခင်းနည်းနာ
အဖြာဖြာကို၊ မကြာနှုတ်လျောက်
ခန့်ချင့်ထောက်လော့။

အံ့လောက်ဖွယ်သာ၊ ဂါထာပါင်္ဂသား
စကားဝိုက်လည်၊ စဉ်ရှည်ရှေးတီး
စကားကြီးက၊ စသည်ထိုထို
ငိဂြိုဟ်ဝစနတ်၊ ဓါတ်ရပစ္စည်း
ထုံးနည်းပမာ၊ ဂါထာဆန်းဂိုဏ်း
ကရိုဏ်းဌာန်စစ်၊ ဖွင့်လှစ်ဋီကာ
အဋ္ဌကထာပါဠိ၊ အောက်ထက်ညှိ၍
ကဝိသက္ခဏာ၊ အဖြာဖြာကို
သချာဆည်းဆ၊ ဆိုဝံ့ကလျှင်

ဘဝကျော်တွင်၊ ခုမျက်မြင်လည်း
မထင်ဘယ်မှာ၊ ရှိဘိရာအံ့။

သံသရာလည်း၊ ပမာကဲသွန်
အဆုံးစွန်မူ၊ ညီမွန်တုလွတ်
သုံးလူ့ နတ်ဝယ်၊ အကျွတ် ဘယ်မှာ ဝေး
တော့မည်။

ပညာလိုလား အမျိုးသားတို့သည် ဤဆောင်ပုဒ်တို့ကို ပီပီ- ပြင်ပြင် ကောင်းစွာ ကျက်မှတ်ပြီး နေ့စဉ် မပြတ် ရွတ်ဖတ် သရဇ္ဈာယ် သင့်ပါသည်၊သို့ဖြင့် ပညာသင်ကြား တတ်မြောက် လိုစိတ် တစိမ့်စိမ့် တက်ကြွလာနိုင်ပါသည်၊ဆောင်ပုဒ်ဟူသည်မှာ ကြည့်စာ မဟုတ်ပါ၊ နှုတ်ထက်အာဂုံဆောင်ထားရန် အတွက် ကျက်စာဖြစ်၏။ ကျက်မှတ်ပြီး မပြတ် သရဇ္ဈာယ်နေပါက မိမိ အတွက်လည်း အကျိုးစီးပွါးများစွာ ရှိနိုင်သည်၊ ကြားနာ ရသော သူတပါးတို့လည်း ပညာသင်ကြားရန်စိတ်အား ထက်သန် လာနိုင်ပါသည်၊ ရှေးပညာရှိများသည် ဤသို့သော ဆောင်ပုဒ် များကို မပြတ်-မလတ် ရွတ်ဖတ်လေ့ ရှိကြပါသည်။

## အတတ်-ပညာ

ပျင်းသောသူအား အတတ် အဘယ်မှာ တတ်အံ့နည်း၊ အတတ်မရှိသောသူအား ဥစ္စာ အဘယ်မှာရအံ့နည်း၊ ဥစ္စာမရှိ

သော သူအား အဆွေခင်ပွန်းဘယ်မှာရအံ့နည်း၊ အဆွေခင်ပွန်း မရှိသောသူအား ချမ်းသာဘယ်မှာရအံ့နည်း၊ချမ်းသာမရှိသော သူအား ကောင်းမှုဘယ်မှာရအံ့နည်း၊ ကောင်းမှုမရှိသောသူအား ငြိမ်းချမ်းခြင်းဘယ်မှာရအံ့နည်း။

အတတ်နှင့် တူသော ဥစ္စာမရှိ၊အတတ်ကိုခိုးသူတို့မယူနိုင်၊ ဤလောက၌ အတတ်သည်ကားအဆွေခင်ပွန်းဖြစ်၏၊ တမလွန် ဘဝ၌ ချမ်းသာကိုဆောင်တတ်၏၊

အကြား-အမြင်ပညာကို နည်း၏ဟူ၍ မအောက်မေ့ရာ၊ စိတ်၌ထားရာ၏၊ခြသည့် ဖိုဖန်များစွာ ရှည်ကြာသဖြင့် တောင်ပို့ ဖြစ်သကဲ့သို့ရင်း၊ မရေပေါက်သည့် ကျဖန်များစွာရှည်ကြာသဖြင့် ပြည့်သကဲ့သို့ ရင်း-ဘည်း။

နှုတ်မှုပညာကိုရင်း၊ လက်မှုပညာကိုရင်း- ငယ်၏ ဟူ၍ မအောက်မေ့ရာ၊ ကုန်စင်အောင် တတ်မှု ကား တ ခု သော အတတ်သည်လည်း အသက်မွေးကြောင်းဖြစ်၏။

ဘောင်-တောင်ဟူသမျှ၌ ပတ္တမြားမရှိ၊
ဆင်-ဆင် ဟူသမျှ၌ မြုတေမရှိ။
တော-တောဟူသမျှ၌ စန္ဒကူးမရှိ။
အရပ်တိုင်း-အရပ်တိုင်း၌ ပညာရှိသူခမိန်မရှိ။

အကြား-အမြင်နှင့် ပြည့်စုံသောပညာရှိ ရှိသည်ဟုကြား သောအရပ်သို့ ဗဟုသုတ လိုလားသော အမျိုးကောင်းသား သည် ကြီးစွာသောအားထုတ်ခြင်းဖြင့် သွားသင့်၏။

အတတ်ပညာကို တဖြည်းဖြည်းသင်ကြားရာ၏၊ ပစ္စည်း ဥစ္စာကို တဖြည်းဖြည်း ရှာဖွေ စုဆောင်းရာ၏၊ တောင်တက်

သူသည် တဖြည်းဖြည်းတက်ရာ၏၊ ကာမဂုဏ်ကိုတဖြည်းဖြည်း အလိုရှိရာ၏၊ အမျက်ဒေါသကို တ ဖြည်း ဖြည်း ထွက် ရာ ၏၊ ယင်းငါးပါးတို့ကို တဖြည်းဖြည်းတစ-တစသာအလိုရှိရာ၏၊

## လူ့ဝိနည်း

ဝိနည်းတရားကို ကောင်းစွာ သင်ကြားခြင်းသည်လည်း မြတ်သော မင်္ဂလာမည်၏။

ဝိနည်းဟူသည်မှာ သွန်သင်ဆုံးမခြင်းဖြစ်၏၊ ဆရာမိဖ စသူတို့၏ အဆုံး အမ ဩဝါဒပင်တည်း၊ ယင်း ဝိနည်းသည် လူ့ဝိနည်းနှင့် ရဟန်းဝိနည်းဟုနှစ်မျိုးရှိ၏။

လူ့ဝိနည်းမှာ အကုသိုလ်ကမ္မပထ တရား ဆယ်ပါးကို ရှောင်ကြဉ်ခြင်းဖြစ်၏၊ယင်းတရားဆယ်ပါးမှာ (၁)သူ့အသက်ကို သတ်ခြင်း (၂)သူ့ဥစ္စာကို ခိုးယူခြင်း (၃) ကာမတို့၌ မှားယွင်းစွာကျင့်ခြင်း(၄)မဟုတ်–မမှန်ပြောဆိုခြင်း (၅)ကုန်းချောခြင်း (၆)ကြမ်းတမ်းသော စကားကိုဆိုခြင်း (၇)အကျိုးမရှိသော စကားကိုဆိုခြင်း (၈) သူတပါးစည်းစိမ်ကို ရှေးရှုကြံခြင်း (၉) သူတပါးပျက်စီးအောင်ကြံစည်တောင့်တခြင်းနှင့် (၁၀) မှားသောအယူကို ယူခြင်းတို့ဖြစ်၏။

ထိုတွင် ၁-၂-၃တို့မှာ ကိုယ်ဖြင့်ပြုလုပ်သော ကာယကံ သုံးပါးတို့ဖြစ်၏၊ ယင်းသုံးပါးတို့တွင် တပါးပါးကို ကိုယ်တိုင် ပြုလုပ်သည်ဖြစ်စေ, သူတပါးပြုလုပ်ရန်နှိုးဆော်တိုက်တွန်းသည်

ဖြစ်စေ, သူတပါး ပြုလုပ်သည်ကို သဘောတူ သည် ဖြစ်စေ-ကာယကံမြောက်၏၊ ယင်းကံတို့ကိုလွန်ကျူးသည်မည်၏။

သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း ထက်မည့်ဦးဆဲခြင်း အဟိံသာကိုကျင့်ဆောင်ခြင်းကပိုပြီးမြင့်မြတ်၏၊ ညှဉ်းဆဲခြင်းတို့မှာသတ္တဝါတို့ကိုနှောင်ဖွဲ့ခြင်း, နွား-နွားခေါင်းကိုဖြတ်ခြင်း,ဖောက်ခြင်း, အလွန်အမင်း တာဝန် ထမ်းဆောင်စေခြင်း, ရိုက်နှက်ခြင်းနှင့်အစာငတ်ထားခြင်းတို့ဖြစ်၏၊ သူ့အသက်ကိုကား မသတ်ပါ၊ သို့သော်လည်း သတ္တဝါတို့ကို ယင်းသို့ညှဉ်းပန်းနေပါမူကား ထိုရှောင်ကြဉ်မှုမှာ မြတ်နိုးဖွယ် မဟုတ်၊ အကယ်၍ အဟိံသာကိုကျင့်သုံးပါလျှင်ကား သတ်ဖြတ်ခြင်းကိုအထူးရှောင်ကြဉ်နေဖွယ် မရှိပါ၊ "အဟိံသာ ပရမောဓမ္မော-" မညှဉ်းပန်းခြင်းသည် မြတ်သောတရားဖြစ်၏။

သူ့ဥစ္စာခိုးယူခြင်းနှင့်ပတ်သက်၍ ဂျိန်း(ဇိန)တရား၌ဖွင့်ဆိုချက်မှာ ခိုးရန်အတွက် သဘောတူခြင်း,ခိုးသူ၏ဥစ္စာကိုယူဆောင်ခြင်း, ဆန့်ကျင်ဖက် နိုင်ငံသို့သွားခြင်း, ကုန်ပစ္စည်းအတုအပပြုလုပ်ခြင်းနှင့် အလေး ချိန်ခွင် တင်းတောင်း စဉ်းလဲခြင်းတို့သည် ခိုးခြင်းတို့ပင်ဖြစ်ကြ၏။ ယခုအခါမှာကား ထိုထက်အဆပေါင်းများစွာသောခိုးခြင်းတို့ ခေတ်အလျောက် ပြန့်ပွားလျက်ရှိ၏။ သို့သော်လည်း ဤခေါင်းစဉ်ငါးမျိုးတွင် အလုံးစုံအကုန်သက်ဝင်နိုင်ပါသည်။

ကာမေသုမိစ္ဆာစာရ ဟူသည်မှာ ကာမတို့၌မှားယွင်းစွာကျင့်ခြင်း ဖြစ်၏၊ အများအားဖြင့် ယင်းဝိနည်းနှင့်ပတ်သက်သော ယူဆချက်မှာ သူ၏မယားကို ကျူးလွန်ခြင်း

မှားယွင်းခြင်းဖြစ်၏၊ ဂျိန်းတရား၌ ဖွင့်ဆိုသည်မှာ ပြည့်တန်ဆာနှင့် သူ့မယားဌ်သွားလာခြင်း, အရွယ်မရောက်သေးသော မိန်းကလေးနှင့် မှုဆိုးမဌ်သွားလာခြင်း, အမျိုးခြားနှင့် ထိမ်းမြားခြင်း, မိမိ မယား၌သော်လည်း လွန်ကဲခြင်းနှင့် သဘာဝမဟုတ်သောမေထုန်တို့ဖြစ်၏၊ စင်စစ် ယင်းတို့သည်လည်း ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းတို့ဖြစ်၏။

အကုသိုလ် ကမ္မပထ တရား ဆယ်ပါးတို့တွင် အမှတ် ၄-၅-၆-၇ တို့မှာ နှုတ်ဖြင့်ပြောဆိုပြုလုပ်သော ဝစီကံ လေးပါးတို့ ဖြစ်၏၊ ဂျိန်းဓမ္မဘွင်ကား ယင်းသို့လေးပါး ခွဲခြား၍မထားပါ၊ ထိုအလုံးစုံကို မုသာဝါဒသိက္ခာပုဒ်တွင်းသို့ သွပ်သွင်းထားလိုက်၏၊ မုသာဝါဒနှင့် ပတ်သက်သော လွန်ကျူးချက်တို့မှာ မဟုတ်မမှန်သော ဥပဒေသပေးခြင်း, မဆင်ခြင် မစဉ်းစားဘဲ ပြောဆိုခြင်း, လျှို့ဝှက်ချက်ကို ထုတ် ဖော်ခြင်း, ယုံကြည်၍ ပြောဆိုသော စကားကို သူတပါးတို့အား ပြောကြားခြင်းနှင့် သက်မှတ်လိမ်လည်ခြင်းတို့ဖြစ်၏။

အမှတ် ၈-၉-၁၀ တို့မှာ စိတ်ဖြင့် တွေးဆပြုလုပ်သော မနောကံသုံးပါးတို့ဖြစ်၏၊ ဤတွင်သူတပါးစည်းစိမ်ကို ရှေးရှုကြံခြင်းသည် သူ့ဥစ္စာခိုးယူခြင်း၊ အဒိန္နဒါနကံ၏ ရှေ့ပြေးဖြစ်၏၊ ဒုတိယသူတပါးပျက်စီးအောင်ကြံစည်တောင့်တခြင်းသည်လည်း ပါဏာတိပါတကံ၏ ရှေ့သွားဖြစ်၏၊ မှားသောအယူကိုယူခြင်းကား သမ္မာဒိဋ္ဌိ၏ ဆန့်ကျင်ဖက် ဖြစ်၏၊ သမ္မာဒိဋ္ဌိ- မှန်သောအယူ, မိစ္ဆာဒိဋ္ဌိ-မှားသောအယူ၊ အယူအာဆ အမှန်နှင့်အမှားကို ကောင်းစွာ ပိုင်ပိုင်ခွဲခြားနိုင်ဘို့လိုပါသည်။

စက္ခုဒုစရိုက်ကိုရှောင်ကြဉ်ခြင်းအားဖြင့် နှုတ်ကို အစဉ်စောင့် ရှောက် ရာ၏၊ စိတ်ဖြင့် မနောဒုစရိုက်ကို ကောင်းစွာ စောင့်စည်းရာ၏၊ကိုယ် ဖြင့်လည်းအကုသိုလ်ကိုမပြုရာ၊ ထိုကမ္မပထ တရားသုံးပါးတို့ကို သုတ် သ င် ပြီး လျှင် ဟောကြားအပ်သော မဂ်ကို ပြီးစေရာ၏။

ဤကား လူတို့စောင့်စည်းရမည့် လူ့ ဝိနည်း အကျဉ်း သုံးပါး, အကျယ်ဆယ်ပါးတို့ဖြစ်၏။

ဤဝိနည် တရားကို ကောင်းစွာ သင်ကြားခြင်းသည် လည်းမြတ်သောမင်္ဂလာ မည်၏၊ ဤတွင် သင်ကြားခြင်းမှာ လိုက် နာကျင့်သုံးခြင်းအနက်၌ဖြစ်၏။

## ရဟန်း ဝိနည်း

လူဝိနည်းကို အာဂါရိက ဝိနယဟု ခေါ်၍ ရဟန်း ဝိနည်းကို အနာဂါရိက ဝိနယဟုခေါ်၏၊ ရဟန်းဝိနည်းအချုပ် မှာ အာပတ် ခုနစ်ပါးဟူသော အပြစ်တို့ မဖြစ်ခြင်းပင်တည်း၊ အာပတ်ခုနစ်မျိုးမှာ (၁) ပါရာဇိက (၂) သံဃာဒိသိသ် (၃) ပါစိတ် (၄) ထုလ္လစ္စည်း (၅) ဒုက္ကဋ် (၆) ဒုဗ္ဘာသိနှင့် (၇) ပါဋိဒေသနီ တို့ ဖြစ်၏။

ထိုအာပတ်ခုနစ်ပါးတို့ကိုလည်း ကောင်းစွာ သင်ကြား ရမည်ဖြစ်၏၊ သို့ဖြင့် ရဟန်းပြုပါလျှင် ရဟန်းဝိနည်းကို ကောင်း စွာ စောင့်စည်းနိုင်မည်၊ သို့မဟုတ် အပြစ်ကင်းသော ရဟန်းကို

ရွေးချယ်နိုင်မည်၊ သီလကြီး လေးပါးခေါ် စတုပါရိသုဒ္ဓိသီလ သည်လည်း ရဟန်းဝိနည်းမည်၏၊ ယင်းလေးပါးမှာ (၁)အာပတ်ခုနစ်ပုံကို ကောင်းစွာ စောင့်ခြင်း ပါတိမောက္ခ သံဝရ သီလ (၂) ဣန္ဒြေခြောက်ပါးကို ကောင်းစွာစောင့်ခြင်း ဣန္ဒြိယသံဝရ သီလ (၃) မိစ္ဆာဇီဝမှ ရှောင်ကြဉ်၍ အသက်မွေးမှုစင်ကြယ်ခြင်း အာဇီဝ ပါရိသုဒ္ဓိ သီလနှင့် (၄) ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာတော်၍ ဆင်ခြင်သုံးဆောင်ခြင်း ပစ္စယသန္နိဿိတ သီလတို့ ဖြစ်၏။

ဤတွင် ရဟန်းဝိနည်းကို အချုပ်အားဖြင့် နှစ်မျိုးဖော် ပြခဲ့၏၊ တမျိုးမှာ အာပတ်ခုနစ်ပါးဖြစ်၍ နောက်တမျိုးမှာ သီလကြီးလေးပါးဖြစ်၏၊ အကယ်၍ ရဟန်းသည် အာပတ်ခုနစ် ပုံ လုံးခြုံပါက သီလကြီးလေးပါးနှင့် ပြည့်စုံပြီး ဖြစ်၏၊ သို့မဟုတ် သီလကြီးလေးပါးနှင့် ပြည့်စုံပါကလည်း အာပတ်ခုနစ်ပုံ လုံခြုံ ပြီးဖြစ်၏၊ ရဟန်းကျင့်ဝတ် တပါးတတ်က လူနတ်ဦးခိုက် ပူဇော် ထိုက်၏၊ ထို့အတူ ရဟန်းကျင့်ဝတ် တပါး ချွတ်က လူနတ် မကြိုက် ကဲ့ရဲ့ ထိုက်၏။

## ရှင်ရာဟုလာ

မြတ်စွာဘုရား အာဠဝီပြည် အဂ္ဂါဠဝ စေတီ၌ သီတင်း သုံးနေတော်မူသောအခါ များစွာသော ရဟန်း ရှင်လူတို့သည် တရားနာရန် လာကြ၏၊ ညဉ့်တရားပွဲအဆုံး၌ မထေရ်ဖြစ်သော

ရဟန်းတို့သည် မိမိတို့နေရာသို့ သွားကြ၏၊ ပဥ္စင်းငယ် သာမဏေငယ်တို့ကား သီတင်းသည်တို့နှင့် အတူတကွ ဇရပ်၌ အိပ်ကြ၏။ ထိုပဥ္စင်းငယ် သာမဏေငယ်တို့သည် အိပ်ပျော်လတ်သော်အချို့သည် ဂရှတ်-ဂရက်အသက်ရှူ၍ ကျိုးသံကဲ့သို့မြည်ကုန်၏၊အချို့ကား သွားကြိတ်လျက် အိပ်ကြ၏၊ အချို့သော သီတင်းသည်တို့သည် အတန် အိပ်၍ ထကြရာ ရဟန်းတို့၏ ဖောက်ပြန်မှုသော အခြင်းအရာကို မြင်ကုန်၍ မြတ်စွာဘုရားအား လျှောက်ကြားကုန်၏။

ထိုအခါ မြတ်စွာဘုရားသည်-"အကြင် ရဟန်းသည်ကား လူသာမဏေနှင့် တမိုး-တရံတည်းသောကျောင်း အိပ်ရာ နေရာ၌ အတူတကွ အိပ်ငြားအံ့၊ ထိုရဟန်းအား ပါစိတ် အာပတ်သင့်၏"ဟု သိက္ခာပုဒ်ကို ပညတ်ပြီး ကောသမ္ဗီပြည်သို့ ကြွသွားတော်မူ၏။

ထိုကောသမ္ဗီပြည်၌ ရဟန်းတို့သည် အရှင် ရာဟုလာကို "ငါ့ရှင်ရာဟုလာ မြတ်စွာဘုရားသည် သိက္ခာပုဒ်ကို ပညတ်တော်မူအပ်ပြီး၊ ယခုငါ့ရှင်အိပ်ရာ နေရာကို ငါ့ရှင်သိလော့"-ဟု ဆိုကုန်၏။

ရာဟုလာအရှင်မြတ်သည်လည်း ငါ၏ အဖဟူ၍ မြတ်စွာဘုရားအထံသို့ရင်း, ငါ၏ ဥပဇ္ဈာယ်ဟု အရှင်သာရိပုတြာအထံသို့ရင်း, ငါ၏ သရဏဂုံဆရာဟု အရှင်မောဂ္ဂလာန်အထံသို့ရင်း, ငါ၏ ဘထွေးဟု အရှင်အာနန္ဒာ၏ အထံသို့ရင်း, မသွားမူ၍

ဖြူဟွာ့ဇိမာန်သို့ ဝင်သော ဖြူဟွာကဲ့သို့ ဘုရားသုံးဆောင်တော်မူသော ဝစ္စကုဋီသို့ ဝင်၍ အိပ်၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကုန်လျက် အရှင်ရာဟုလာ၏ ကျေးဇူးစကားကို ပြောကြားကြ၏၊ "ငါ့အရှင်တို့ အရှင်ရာဟုလာသည် သင်၏ နေရာကို သိလေလော့ ဟု ဆိုအပ်သည်ရှိသော် ငါဘုရားသားတည်း၊ သင်တို့သည်သာလျှင် ငါတို့ကျောင်းမှ ထွက်ကြကုန်လော့ဟု တယောက်သော ရဟန်းကိုလည်း မဆိုမူ၍ ဝစ္စကုဋီ၌ အိပ်၏၊ ဤအရှင်ရာဟုလာသည် စင်စစ်သဖြင့် သိက္ခာပုဒ်ကို အလွန်လျှင် အလိုရှိ၏၊ ဤအရှင်ရာဟုလာကို ကြည့်ကြပါကုန်လော့" ဟု ပြောကြကုန်၏။

ထိုသို့ ပြောဆိုလတ်ကုန်သော် မြတ်စွာဘုရားသည် တရားသဘင်သို့ ကြွတော်မူလာ၍ "ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်း" ဟု မေး၏။

"အရှင်ဘုရား အရှင်ရာဟုလာ၏ သိက္ခာပုဒ်ကို အလိုရှိသောစကားဖြင့် စည်းဝေးပါကုန်၏"-ဟု လျှောက်ကုန်၏။

မြတ်စွာဘုရားသည် "ရဟန်းတို့ ရာဟုလာကား ယခုအခါ၌သာလျှင် သိက္ခာပုဒ်ကို အလိုရှိသည် မဟုတ်သေး၊ ရှေးတိရစ္ဆာန်အမျိုး၌ ဖြစ်သော အခါ၌လည်း သိက္ခာပုဒ်ကို အလိုရှိသည်သာလျှင်တည်း"- ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

# တိပလ္လတ္ထဇာတ်

လွန်လေပြီးသောအခါ ရာဇဂြိုဟ်ပြည်၌ မဂဓမင်း မင်းပြု၏၊ ထိုအခါ ဘုရားလောင်းသည် သမင်မျိုး၌ ဖြစ်၍ သမင်အပေါင်း ခြံရံလျက် တော၌နေ၏၊ ထိုအခါ ဘုရားလောင်း၏ နှမသည် မိမိသားငယ်ကို ဆောင်ခဲ့၍ "မောင်ကြီး ဤသမင်ကား မောင်ကြီး၏ တူတည်း၊ ဤသမင်အား မိဂမာယာကို မောင်ကြီး သင်ပါလော့"-ဟု ဆို၏။

ဘုရားလောင်းသည် "ကောင်းပြီ"-ဟု ဝန်ခံ၍ "တူချစ် သင်သွားလေဦး၊ ဤမည်သော အခါမှ လာ၍ သင်လှည့်လော့" ဟု ဆို၏။

ထိုသမင်သည် ဦးရီးမှာသော အခါကို မလွန်စေမူ၍ ဦးရီးအထံသို့ ဆည်းကပ်၍ မိဂမာယာကိုသင်၏၊ မိဂမာယာကို သင်ပြီးသော် ထိုသမင်သည် တနေ့သ၌ တောဝယ် ကျက်စားလတ်သော် ကြော့ကွင်းမိ၍ မိသောအသံကို မြည်၏။

သမင်အပေါင်းသည် ပြေး၍ "သင့်သားကို ကြော့ကွင်းမိ၏" ဟု အမိသမင်မကို ပြော၏။

ထိုသမင်မသည် မောင့်အထံသို့ သွား၍ "မောင်ကြီးတူကို မောင်ကြီးသည် မိဂမာယာကို သင်ပါ၏လော"-ဟုမေး၏။

ဘုရားလောင်းသည်-"နှမ သင်သည် သား၏ တစုံ-တခုသော ဘေးဘျမ်းကို မစိုးရိမ်လင့်၊ သင့်သားသည် မိဂမာယာကို ကောင်းစွာ သင်အပ်လေပြီ၊ ယခုပင် သင့်ကို ရွှင်လန်းစေလျက် လာလတ္တံ့"-ဟု ဆို၏။

ထိုသမင်ငယ်သည်လည်း ကြောက်ကွင်းမိလတ်သော် မတုန်မလှုပ် မူ၍လျှင် လကျာနံပါးဖြင့် လက်ခြေတို့ကို ဆန့်လျက်အိပ်၏၊ ခြေတို့၏ အနီးအရပ်၌ ခွါတို့ဖြင့်ကန်၍မြက်တို့ကို ကျွတ်စေ၏၊ ကျင်ကြီးကျင်ငယ်ကို စွန့်၍ဦးခေါင်းကို ကျစေ၏၊လျှာကိုထွက်စေ၍ ကိုယ်ကို တံတွေးလိမ်းကျံ၏၊လေကိုယူသဖြင့် ဝမ်းကိုဖူးဖူးယောင်အောင် ပြု၏၊ မျက်စိတို့ကို လည်စေ၏၊ အောက်နားနှာခေါင်းဖြင့် ထွက်သက်- ဝင်သက် လေကို သွားလာ စေ၏၊ အထက်နား နှာခေါင်က ထွက်သက်-ဝင်သက်လေကို ချုပ်စေ၍တကိုယ်လုံး တောင့်မာစွာပြု၍ သေဟန်ကို ပြ၏၊ယင်ညိုတို့လည်း ထိုသမင်ကို အုံကုန်၏၊ ထိုထိုအရပ်၌ ကျီးတို့သည် နားကုန်၏။

မုဆိုးလာလတ်၍ ဝမ်းကို လက်ဖြင့် ခတ်ပြီး-"စောစောကပင် မိသည် ဖြစ်လိမ့်မည်၊ထို့ကြောင့်ယ ခုပုပ်လေပြီ-"ဟု ထိုသမင်၌ မိသောကြိုးတို့ကို ဖြေ၍-"ယခုဤ၌ပင်လျှင် ဤသမင်ကိုဖျက်၍အသားကို ယူသွားအံ့-"ဟု သက်ကာကင်း၍ သစ်ခက်-သစ်ရွက် တို့ကိုယူရန် အားထုတ်၏၊ သမင်ငယ်သည် အခြေလေးဖက်တို့ဖြင့် ရပ်၍ ကိုယ်ကိုခါလျက် လည်ကိုဆန့်လျက် ကြီးစွာသောလေကြောင့်ဖြစ်သော တိမ်ကဲ့သို့ လျင်မြန်စွာသော အဟုန်ဖြင့် အမိထံ ပြေး၏။

မြတ်စွာဘုရားသည်လည်း—"ရဟန်းတို့၊ ရာဟုလာသည် ယခုအခါသာလျှင် သိက္ခာပုဒ်ကို အလိုရှိသည် မဟုတ်သေး၊ရှေး၌လည်း သိက္ခာကို အလိုရှိသည်သာလျှင်တည်း—"ဟု အနုသန္ဓေကိုပေ၍ "ယခုအခါ ရာဟုလာသည် ထိုအခါတူ သမင်ငယ် ဖြစ်ခဲ့ဘူး၏၊ယခုအခါ ဥပ္ပလဝဏ်သည် ထိုအခါ အမိသမင်မ ဖြစ်ခဲ့

ဘူး၏၊ယခုအခါ၌ ငါသည်လျှင်၊ ထိုအခါဦးရီးသမင်ဖြစ်ခဲ့ဘူး၏-”ဟု ဇာတ်ကို ပေါင်းတော်မူ၏။

သိက္ခာဟူသည်မှာလည်းဝိနည်းပင်ဖြစ်၏၊ဝိနည်း ဟူသည် မှာလည်း သင်ကြားခြင်းပင် ဖြစ်သည်၊ ဝိနည်း၌ ဖော်ပြ ထားသော သင်ကြားချက်တို့ကို သိက္ခာပုဒ်ဟုခေါ်၏၊ အရှင် ရာဟုလာကား သိက္ခာနှင့် ပတ်သက်၍ တေဒဂ်ရသော ပုဂ္ဂိုလ် ဖြစ်၏။

“ရဟန်းတို့ အကျင့်သိက္ခာကို လိုလားကုန်သော ငါ၏ တပည့် သာဝကတို့တွင် ရာဟုလာသည် အမြတ်ဆုံးတည်း—”

မြတ်စွာဘုရားသည် အရှင် ဥပါလိကိုကား-“ ဝိနည်းကို ဆောင်ကုန်သော ငါ၏တပည့် သာဝကတို့တွင် ဥပါလိသည် အမြတ်ဆုံး တည်း”-ဟု တေဒဂ် ပေးတော်မူ၏၊ ဘိက္ခုနီတို့ တွင် တခါက မိဖစကား နားမထောင်ဘဲ ထင်ရာစိုင်းသဖြင့် အကြီး- အဲကျယ် ဒုက္ခ ရောက်ခဲ့သော သူဌေး သမီး ပဋာစာရီသည် ယင်းသို့ပင် ဝိနည်းဆောင် တေဒဂ်ရခဲ့၏၊ဤတွင် ဝိနည်း ဆောင် ခြင်းနှင့် ဝိနည်းသိက္ခာပုဒ်တို့ကို ကျင့်ခြင်း၏ ကွာခြားချက် ရှိပါ သည်၊ ဝိနည်းကို ကောင်းစွာ သင်ကြားခြင်း မဂ်လာမှာ ထို နှစ်မျိုးလုံးနှင့်ပင် ဆက်စပ်နေ၏။

## ရာဇာဝိရောဇ်

မင်းကြီးမင်းခေါင် လက်ထက် ဝန်ဇင်း မင်းရာဇာသည် ဟံသာဝတီပြည်သို့ ရောက်လာပြီးလျှင် ရာဇာဝိရောဇ်၏ အမတ်

ကြီး သီဟပတေ့နှင့် ပြည်ထဲရေးကို ဆွေးနွေးတိုင်ပင်၏၊ ထို့နောက် ရာဇာဓိရာဇ်သည် အမတ်ကြီး ဘိုးရာဇာကို ဖိတ်ခေါ်ကာ ဆုလာဘ်များစွာ ပေးပြီး–"ပညာရှိ အမတ်ကြီးမင်းတို့ ကျင့်ရာ စကားကို မိန့်ကြားခဲ့ပါ–"ဟု တောင်းပန်၏။

မင်းရာဇာလည်း–"မြတ်သောမင်းကြီး ယခု ပစ္စုပ္ပန်တွင် ဘုန်း ကျက်သရေ အာနုဘော် အလွန် တောက်ပလျက် သံသရာ ဘဝ အဆက်ဆက်၌ ခပ်သိမ်းသော သူတို့၏ သခင်ဖြစ်လိုမူကား သုတ, စာဂ, ခန္တီ, ဝီရိယ, သီလ, သဒ္ဓါ, သမာဓိ- ဤသို့သော သူတော်ကောင်း တရားတို့နှင့် ပြည့်စုံအောင် ကျင့်သော်၎င်း, ဒါနံ, သီလံ, ပရိစ္စာဂံ, အဇ္ဇဝံ, မဒ္ဒဝံ, တပံ, အက္ကောဓံ, အဝိဟိံသ, ခန္တီ, အဝိရောဓန- ဤဆယ်ပါးသော မင်းကျင့်တရားနှင့် ပြည့်စုံအောင် ကျင့်သော်၎င်း၊ ဒါနံ, အတ္ထစရိယာ, ပိယဝါစာ, အတ္တသမံ– ဤလေးပါးသော သင်္ဂဟနှင့် ပြည့်စုံအောင် ကျင့်သော်၎င်း– ပစ္စုပ္ပန် သံသရာ၌ အလွန် ကောင်းမြတ်သော အကျိုးထူးကို ခံစားရ၏–"ဟု လျှောက်၏။

အရှင် ရာဇာဓိရာဇ် မေးလျှောက်ပြီးသော် သုပဘာဒေဝီ မိဖုရားလည်း–"မင်းယောကျ်ား၏ အကျင့်ကို ဆိုပြီ၊ ငါတို့ မင်းမိန်းမ မိဖုရားတို့၏ အကျင့်ကိုလည်း မင်းရာဇာ ဆိုခဲ့ပါ၊ အဘယ်သို့သော အကျင့်သီတင်းကို ဆောက်တည် သော်လျှင် နိဗ္ဗာန်သို့ ဆောင်ပေဘတ်သော မဟိန္ဒ သတို့သားကဲ့သို့ အမျိုး လေးပါးကို အုပ်ချုပ် နိုင်လျက် သာသနာ တော် စီးပွါးကို ဆောင်ရွက်နိုင်စွမ်းသော သားကောင်း ရတနာကို၎င်း, သံဃ

မိတ္တာ ကဲ့သို့ မြတ်လှစွာသော သမီးကောင်းကိုရင်း- ရပါတုံအံ့နည်း-''ဟု မေးလေ၏။

မင်းရာဇာလည်း-''မိဘုရားမြတ် ပြည်ကြီး အစီးအပွါးကို ဆောင်တတ်လျက် နိဗ္ဗာန်ချမ်းသာကို ဆောင်တတ်သော သားကောင်း—သမီးကောင်းကို လိုတော်မူသော်ကား သီရိသုံးပါး, ဂါရဝသုံးပါး,ဝါရ သုံးပါးတို့ကို ဆောက်တည်ရာ၏-''ဟုဆို၏။

''မင်းရာဇာ သီရိသုံးပါး, ဂါရဝ သုံးပါး,ဝါရသုံးပါး ဟူသည်ကား အဘယ်နည်း—''ဟု မေး၏။

''အရှင် မိဘုရား သီရိသုံးပါး ဟူသော်ကား (၁)ကြိမ်တန်းအောက်ကို မလျှိုးရာ (၂) ဝတ်သော ပုဆိုးကို အောက်အထက် ပြန်လှန်၍ မဝတ်ရာ (၃) ခြေ၁ဆေးဘဲ ကို အိပ်ရာသို့ မဝင်ရာ၊ဤသည့်လျှင် အသရေ ပွါးဘက်ရာသော သုံးပါးတည်း၊ ဂါရဝသုံးပါး ဟူသော်ကား (၁) အမိ—အဖ (၂) ယောက္ခမ (၃) မိမိလင်၊ ဤသုံးပါးကို မြတ်နိုး တနာ ရိုသေခြင်းတည်း၊ ဝါရသုံးပါး ဟူသော်ကား (၁)အခါး (၂)အစပ် (၃)အဖန် တို့ကို ပဋိသန္ဓေ ရှိသောအခါ ကြဉ်ရှောင်ရာ သတည်း၊ ဤ အကျင့်ကို ကျင့်မှလျှင် သူ့ဘကာတို့၏ အစီး—အပွါးကို ဆောင်နိုင်သော သားကောင်းတို့ကို ရရာသတည်း—''ဟု ဆို၏။

ရာဇဓိရာဇ်နှင့် သုပဘာဒေဝီ မိဘုရားလည်း မင်းရာဇာကို နှစ်လို ဝမ်းသာလျက်ရှိ၍ အထူးထူးသော မင်းဝတ်-မင်းစား ရွှေငွေ ဆုလာဘ် ပေးပြီးသော်—''ဤမျှတည်းသော ရွှေ ငွေ ဆုလာဘ် ကိုသော်ကား မင်းတကာ တို့သည် ပေး စမြဲတည်း၊ အစဉ်—အဆက် မပျက်ပလေ၊ အစဉ်—အဆက် ပြောပ စရာ

ဖြစ်စေ–''ဟူ၍ မှန် အမိတ်ကြီး သမီးကို ဝတ်စား တန်ဆာဆင်၍ အဆောင် အရောင်နှင့် တကွ သစ်ကညင်၌ ပြည့်ထဲ အရေးတွင် သနားတော်မူ၏။

ဤသို့လျှင် ဝိနည်းတရားကို ကောင်းစွာ သင်ကြားခြင်းသည်လည်း မြတ်သော မင်္ဂလာမည့်၏။

## သုဘာသိတ

ကောင်းစွာဆိုအပ်သော စကားသည်လည်း မြတ်သော မင်္ဂလာမည့်၏။

အဘယ်သို့သောစကားသည် ကောင်းစွာဆိုခြင်း မည်ပါသနည်း–

ရဟန်းတို့၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသော စကားသည် ကောင်းစွာ ဆိုအပ်သောစကားမည်၏၊ မကောင်းသဖြင့် ဆိုအပ်သော စကား မခည်၊ အပြစ်လည်းမရှိ၊ ပညာရှိတို့သည် မကဲ့ရဲ့အပ်၊ အဘယ်လေးပါးတို့နည်း–

( ၁ )

ရဟန်းတို့၊ ဤသာသနာ့ခတော်၌ ရဟန်းသည်(၁)ကောင်းစွာ ဆိုအပ်သော စကားကိုသာလျှင် ဆို၏၊ မကောင်းသဖြင့် ဆိုအပ်သော စကားကိုမဆို၊ (၂)တရားနှင့်ညီသော စကားကိုသာလျှင် ဆို၏၊ တရားနှင့်မညီသောစကားကိုမဆို၊ (၃)ချစ်ခင်

ဖွယ်သောစကားကိုသာလျှင်ဆို၏၊ မချစ်ခင်ဖွယ်သော စကားကို မဆို၊ (၄)မှန်သောစကားကိုသာလျှင် ဆို၏၊ မမှန်သောစကား ကို မဆို။

ရဟန်းတို့၊ ဤသို့အင်္ဂါလေးပါးနှင့် ပြည့်စုံသောစကား သည် ကောင်းစွာဆိုအပ်သော စကားမည်၏၊ မကောင်းသဖြင့် ဆိုအပ်သောစကားမမည်၊ အပြစ်လည်း မရှိ၊ ပညာရှိတို့သည် မကဲ့ရဲ့အပ်။

ဤစကားကိုမြတ်စွာဘုရားသည် မိန့်တော်မူ၏၊ ကောင်း သောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤ စကားကိုမိန့်တော်မူပြီး၍ ထို့ပြင်—"ကောင်းစွာဆိုအပ်သော စကားကို မြတ်၏ ဟူ၍ သူတော်ကောင်းတို့သည် ဆိုအပ်ကုန်ပြီ၊ တရားနှင့်လျော်သော စကားကိုသာဆိုရာ၏၊ တရားနှင့် မလျော် သောစကားကိုမဆိုရာ၊ ထိုစကားကို ဒုတိယအမြတ်ဆုံးစကားဟု ဆို၏၊ ချစ်ခင်ဖွယ်သော စကားကိုသာ ဆိုရာ၏၊ ချစ်ခင်ဖွယ် မဟုတ်သောစကားကိုမဆိုရာ၊ ထိုစကားကို တတိယ အမြတ်ဆုံး စကားဟုဆို၏၊မှန်သောစကားကိုသာဆိုရာ၏၊ မမှန်သောစကား ကို မဆိုရာ၊ ထိုစကားကိုစတုတ္ထအမြတ်ဆုံးစကားဟုဆို၏—"ဟု မိန့်တော်မူ၏။

ထိုအခါ အရှင်ဝင်္ဂီသ သည် နေရာမှထ၍ ပခုံးတဖက်၌ အပေါ်ရုံကို တင်၍ မြတ်စွာဘုရား ရှိတော် မူရာ သို့ လက်အုပ် ချီကာ—"မြတ်စွာဘုရား၊ အကျွန်ုပ်၏ဉာဏ်၌ ရှေးရှုထင်ပါ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား အကျွန်ုပ်၏ဉာဏ်၌ ရှေးရှုထင်ပါ၏—"ဟု လျှောက်၏။

"ဝင်္ဂီသ သင်၏ဉာဏ်၌ ရှေးရှုထင်စေလော့ဟု—"ဟု မြတ်စွာဘုရားမိန့်ကြား၏၊ ထိုအခါ အရှင်ဝင်္ဂီသသည် မြတ်စွာဘုရားကိုမျက်မှောက်တော်၌ သင့်လျော်ကုန်သောဂါထာတို့ဖြင့် ချီးကျူး၏—

"အကြင်စကားဖြင့် မိမိကိုယ်ကို မပူပန်စေရာ၊ သူတပါးတို့ကိုလည်း မညှဉ်းဆဲရာ၊ စင်စစ်ထိုစကားကိုဆိုရာ၏၊ ထိုစကားသည်သာ ကောင်းစွာ ဆိုအပ်သောစကားမည်၏။

ချစ်ဖွယ်သောစကားကိုသာလျှင်ဆိုရာ၏၊ အကြင်စကားဖြင့် နှစ်လိုဖွယ်ဖြစ်၏၊ ထိုစကားကိုသာဆိုရာ၏၊ သူတပါးတို့အား ဆိုသည်ရှိသော် မနှစ်မြို့ဖွယ်၊ ယုတ်မာသော စကားတို့ကို မယူမူ၍ ချစ်ဖွယ်သော စကားကိုသာဆိုရာ၏။

မှန်သောစကားတို့သည် စင်စစ် အမြိုက် သုခါဘုတ်နှင့်တူကုန်၏၊ ဤမှန်သောစကားကိုပြောခြင်းသဘောသည် ရှေးရိုးစဉ်လာဖြစ်၏၊ မှန်သောစကား၌ရင်း၊ အကျိုး၌ရင်း၊ အကြောင်း၌ ရင်း—တည်ကုန်၏ ဟု သူတော်ကောင်းတို့ဆိုကုန်ပြီ။

မြတ်စွာဘုရားသည် နိဗ္ဗာန်သို့ရောက်ခြင်းငှာ ဆင်းရဲ၏ အဆုံးကိုပြုခြင်းငှာဘေးမရှိသောအကြင်စကားကို ဆိုတော်မူ၏၊ ထိုစကားသည် စင်စစ် စကားတကာတို့ထက်မြတ်၏။

# စကား ခြောက်ခွန်း

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်း၌ သီတင်း သုံးနေတော်မူသော အခါ အဘယ မင်းသား သည် မြတ်စွာဘုရားကို— ‘‘အရှင်ဘုရားမြတ်စွာဘုရားသည် သူတပါး မနှစ်သက်ဖွယ်ဖြစ်သော စကားမျိုးကို ပြောဆိုရပါသလော—’’ ဟု လျှောက်၏။

မင်းသား ဤစကားမျိုးတို့၌ တထစ်ချ အားဖြင့် မဖြေကြား နိုင်—’’ဟု မိန့်တော်မူ၏။

‘‘အရှင်ဘုရား ဤပြဿနာမေးမှု၌ နိဂဏ္ဌတို့သည်ပျက်စီးကြလေကုန်ပြီ’’

‘‘မင်းသား-သင်သည် အဘယ်ကြောင့် နိဂဏ္ဌတို့ပျက်စီးကြလေကုန်ပြီဟု ဆိုပါသနည်း’’

‘‘အရှင်ဘုရားအကျွန်ုပ်ကို နာဋ၏သားနိဂဏ္ဌကဤပြဿနာကို မေးစေခဲ့ပါသည်၊ အကယ်၍ မြတ်စွာဘုရားက သူတပါး မနှစ်သက်ဖွယ် စကားမျိုးကို ပြောဆို၏ဟု ဝန်ခံပါလျှင် ပုထုဇဉ်နှင့်အရှင်ဘုရား အဘယ်မှာ ခြားနားခြင်းရှိပါသနည်းဟု ပြစ်တင်ရန် ဖြစ်ပါသည်၊ အကယ်၍ ဝန်မခံပါလျှင် အရှင်သည် ဒေဝဒတ်ကို အပါယ်လားမည့် သူတည်း၊ ငရဲကျမည့်သူတည်းဟု ပြောခဲ့၏၊ ထိုကြောင့် ဒေဝဒတ် အမျက်ထွက်ပြီး နှလုံးမသာမရာ ဖြစ်ခဲ့ရသည် မဟုတ်သလောဟု အကြပ်ကိုင်ရန် ညွှန်ကြားခဲ့ပါသည်။’’

"မင်းသား ထိုစကားကို သင် အဘယ်သို့ မှတ်သနည်း။ ဤကလေးငယ်သည် သင်၏ မေ့လျော့ခြင်းကို အစွဲပြု၍ဖြစ်စေ, အထိန်း၏ မေ့လျော့ခြင်းကို အစွဲပြု၍ဖြစ်စေ, သစ်သားတုံး သစ်သားစကို ဖြစ်စေ, ကျောက်စရစ် အိုးခြမ်းကွဲကို ဖြစ်စေ—အာကယ်၍ ခံတွင်း၌ ထည့်သွင်းလေငြားအံ့၊ထိုကလေး သူငယ်ကို အဘယ်သို့လျှင် ပြုလုပ်ရာသနည်း။"

အရှင်ဘုရား အကယ်၍ အစကပင် ထုတ်ဆောင်ခြင်းငှာ မတတ်နိုင်အံ့၊လက်ဝဲလက်ဖြင့် ဦးခေါင်းကို သိမ်းပိုက်၍ လက်ယာလက်ဖြင့် လက်ချောင်းကို ကောက်ကွေး၍ သွေးထွက် ငြားသော်လည်း ထုတ်ရပါတော့အံ့၊ အကြောင်းကား အရှင်ဘုရား အကျွန်ုပ်သည် သူငယ်အား 'အစဉ်သနားခြင်း ရှိသောကြောင့် ပါတည်း"

မင်းသား ဤအတူပင်—

(၁) မဟုတ်—မမှန်, အကျိုးစီးပွါး နှင့်လည်း မစပ်, သူတပါးတို့လည်းမနှစ်သက်—ထိုစကားမျိုးကို တထာဂတသည် မပြော—မဆို။

(၂) ဟုတ်မှန်၏, အကျိုးစီးပွါးနှင့်ကား မစပ်,သူတပါးတို့လည်း မနှစ်သက်— ထိုစကားမျိုးကိုလည်း တထာဂတသည် မပြော—မဆို။

(၃) ဟုတ်မှန်၏, အကျိုးစီးပွားနှင့်လည်း စပ်၏, သူတပါးတို့ကား မနှစ်သက်—ထိုစကားမျိုး၌ တထာဂတသည် အခါအားလျော်စွာ ပြောဆို၏။

(၄) မဟုတ်-မမှန်, အကျိုးစီးပွားနှင့် မစပ်, သူတပါး

တို့ကား နှစ်သက်၏—ဤစကားမျိုးကိုလည်း တထာဂတသည် မပြော—မဆို။

(၅) ဟုတ်မှန်၏, အကျိုးစီးပွားနှင့်မစပ်, သူတပါးတို့ကား နှစ်သက်၏—ထိုစကား မျိုး ကိုလည်း တထာဂတ သည် မပြော-မဆို။

(၆) ဟုတ်မှန်၏, အကျိုးစီးပွါးနှင့် စပ်၏၊ သူတပါးတို့လည်း နှစ်သက်၏-ထိုစကားမျိုး၌ တထာဂတသည် အခါအား လျော်စွာ ပြောဆို၏။

ထိုသို့ ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း--

မင်းသား တထာဂတ အား သတ္တဝါတို့ကို အစဉ်သနား ခြင်းရှိသောကြောင့်တည်း။

## နန္ဒိဝိသာလ

"နှစ်သက်ဖွယ်သော စကားကိုသာလျှင် ဆိုရာ၏၊ မနှစ်သက်ဖွယ်သော စကားကို တရံတဆစ်မျှ မဆိုရာ၊ နှစ်သက်ဖွယ်သော စကားကို ဆိုသောသူ၏၊ ဝန်လေးကို ငင်၍ တည်စေ၏၊ ထိုသူ့ကို ဥစ္စာလည်း ရစေ၏၊ ထို့ကြောင့် နှစ်သက်ခဲ့၏"

လွန်လေပြီးသောအခါ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ ဂန္ဓာရမင်း မင်းပြု၏၊ ထိုအခါ ဘုရားလောင်းသည် နွားမျိုး၌ ဖြစ်၏၊ ထိုအခါ ဘုရားလောင်းကို ငယ်သော ကာလ၌လျှင် ပုဏ္ဏားတယောက်သည် ဒါယကာတို့၏ အထံမှ ရ၍ နန္ဒိဝိသာလ

ဟူသော အမည်ကို မှည့်၍ သား၏ အရာ၌ ထားပြီး မွေး၏။ ဘုရားလောင်းသည် အရွယ်သို့ ရောက်သော် ထိုပုဏ္ဏားသည်ငြိုငြင်သဖြင့် ငါ့ကို လုပ်ကျွေး၏၊ ပုဏ္ဏားအား မွေးကျေးဇူးဆပ်ရမှု ကောင်း၏ဟု ကြံ၏။

နန္ဒိဝိသာလသည် တနေ့သ၌ ပုဏ္ဏားကို "ပုဏ္ဏားသွားချေ၊ ဂေါဝိတ္တက သူဌေးသို့ ကပ်၍ ငါ၏နွားသည် တစပ်ထည်းဖွဲ့အပ်သော လှည်းတရာကို လိမ့်စေနိုင်၏ဟု ဆို၍ အသပြာ တဋထောင်ဖြင့် လောင်းခြင်းကို ပြုလော့"ဟု ဆို၏။

ပုဏ္ဏားသည် သူဌေးထံသွား၍ "ဤမြို့၌ အဘယ်သူ၏ နွားသည် စွမ်းအားနှင့် ပြည့်စုံသနည်း"-ဟု စကားကို ဖြစ်စေ၏။

ထိုအခါ ပုဏ္ဏားကို ဂေါဝိတ္တက သူဌေးသည် "ဤမည်သောသူ၏ နွားသည်လည်း စွမ်းအားနှင့် ပြည့်စုံ၏ ဤမည်သော သူ၏နွားသည်လည်း စွမ်းအားနှင့် ပြည့်စုံ၏"ဟု ဆို၍ "အလုံးစုံသောမြို့၌ကား ငါတို့နွားနှင့် တူသော နွားသည် မရှိ" ဟု ဆို၏။

ပုဏ္ဏားသည် "ငါ့အား တစပ်ထည်းဖွဲ့အပ်သော လှည်းတရာကို လိမ့်စေခြင်းငှါ စွမ်းနိုင်သော နွားတကောင်ရှိ၏"-ဟု ဆို၏။

ဂေါဝိတ္တက သူဌေးသည် "ဤသို့ သဘောရှိသော နွားသည် အဘယ်မှာ ရှိသနည်း"-ဟု ဆို၏။

ပုဏ္ဏားသည် "ငါ့အိမ်၌ ရှိ၏"-ဟု ဆို၏။

"ထိုသို့တပြီးကား အသပြာတထောင်ဖြင့် လောင်းခြင်းကို ပြုလော့"ဟု သူဌေးက ဆို၏။

ပုဏ္ဏားသည် "ကောင်းပြီ"-ဟု အသပြာတထောင်ဖြင့် လောင်းခြင်းကို ပြု၏။

ပုဏ္ဏားသည် လှည်းတရာကို သဲကျောက်စရစ်တို့ဖြင့်သာလျှင် ပြည့်စေ၍ အစဉ်သဖြင့် ထားပြီး လှည်းအားလုံးတို့ကို ဝင်ရိုး၌ ဖွဲ့သောယွန်ဖြင့် တပေါင်းတည်း ဖွဲ့၏၊ ထို့နောက် နန္ဒိဝိသာလကို ရေချိုး၍ နံ့သာ လက်ငါးချောင်းရာကို ပေး၏၊ လည်၌ ပန်းကုံးစွပ်၍ ရှေးဦးစွာသော လှည်းဦး၌ တကောင်တည်းကိုသာလျှင် က၍ မိမိလည်း လှည်းဦး၌ ထိုင်ပြီး နှင်တံကို မြှောက်ကာ "ကောက်ကျစ်သောနွား သွားလော့၊ ကောက်ကျစ်သော နွား ဝန်ကို ဆောင်လော့"-ဟု ဆို၏။

ဘုရားလောင်းသည် "မကောက်ကျစ်သော ငါ့ကို ကောက်ကျစ်၏ ဟူသော စကားဖြင့် ဆို၏" ဟု ခြေလေးဖက်တို့ကို တိုင်ကဲ့သို့ မလှုပ်ဘဲ ရပ်၏၊ ထိုခဏ၌လျှင် ဂေါဝိန္ဒက သူဌေးသည် ပုဏ္ဏားကို အသပြာ တထောင် လျော်စေ၏။

ပုဏ္ဏားသည် အသပြာတထောင် ရှုံးသည်ဖြစ်၍ နွားကို ချွတ်၍ စိုးရိမ်ခြင်းနှိပ်စက်ရကား လျောင်း၏။

နန္ဒိဝိသာလသည် ကျက်စား၍လာပြီးသည်ရှိသော် စိုးရိမ်ခြင်းဖြင့် နှိပ်စက်သော ပုဏ္ဏားကို မြင်၍ ကပ်လျက် "ပုဏ္ဏား အဘယ့်ကြောင့် အိပ်သနည်း"-ဟု မေး၏။

"အသပြာ တထောင်ရှုံးသော ငါအဘယ်မှာ အိပ်ပျော်အံ့နည်း"-ဟု ဆို၏။

"ပုဏ္ဏား ငါသည် ဤမျှလောက်သော ကာလပတ်လုံး သင့်အိမ်၌ နေသဖြင့် တစုံတခုသော အိုးကို ခွဲဘူး သလော၊

တစုံတခုသော ဥစ္စာကို နှင်းနယ်ဘူးသလော၊ အရာမဟုတ်သည်၌ ကျင်ကြီး—ကျင်ငယ် စွန့်ဘူးသလော"-ဟု မေး၏။

"ချစ်သား မရှိပါ"ဟု ဆို၏။

"ထိုသို့လျက် ငါ့ကို အဘယ်ကြောင့် ကောက်ကျစ်၏ ဟူသော စကားဖြင့် ဆိုဘိသနည်း၊ ဤအပြစ်သည် သင်၏ အပြစ်သာလျှင်တည်း၊ ငါ့အား အပြစ်မရှိ၊ သွားချေ၊ ဂေါဝိတ္တက သူဌေးနှင့် အသပြာနှစ်ထောင်လောင်းခြင်းကို ပြုချေဦးလော့၊ မကောက်ကျစ်သော ငါ့ကို သက်သက် ကောက်ကျစ်၏ ဟူသော စကားဖြင့် မခေါ်ဝေါ်လင့်"-ဟု ဆို၏။

ပုဏ္ဏားသည် ဘုရားလောင်းစကားကို ကြား၍ အသပြာနှစ်ထောင်ဖြင့် လောင်းခြင်းပြု၍ နန္ဒိဝိသာလ၏ ကျောက်ကုန်းကို သုံးသပ်ပြီး "ကောင်းသောနွား သွားပါလော့၊ ကောင်းသောနွား ဝန်ကို ဆောင်ပါလော့"ဟု ဆို၏။

ဘုရားလောင်းသည် အသွန်ဖွဲ့အပ်သော လှည်းတရာကို တဟုန်တည်းချင်းငင်၍ နောက်၌ တည်သော လှည်းကို ရှေ့၌ တည်သော လှည်း၏ နေရာ၌သာလျှင် တည်စေ၏။

ဂေါဝိတ္တက သူဌေးသည် ရှုံးသည်ဖြစ်၍ ပုဏ္ဏားအား အသပြာ နှစ်ထောင်ကို ပေး၏၊ တပါးကုန်သော သူတို့သည် လည်း ဘုရားလောင်းအား များစွာသော ဥစ္စာကို ပေးကုန်၏၊ အလုံးစုံသော ဥစ္စာသည် ပုဏ္ဏားအားသာလျှင် ဖြစ်၏။

# နှုတ်ကြမ်းသော မယ်တော်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသော အခါ ဘုရားလောင်းသည် ထိုမင်း၏ မိဘုရားဝမ်း၌ ဖြစ်၏၊ ခမည်းတော်လွန်လျှင် မင်းအဖြစ်၌ တည်၍ တရားနှင့်လျော်စွာမင်းပြု၏၊ ထိုမင်း၏မယ်တော်ကား အမျက်ကြီး၏၊ နှုတ် အာ ကြမ်းတမ်း၏၊ ဆဲရေး ဆိုမြည်တတ်၏၊ သား တော် မင်းကြီးသည်ကား မယ်တော်ကို ဆုံးမလိုသည်၊ ဝတ္ထု အကြောင်းမရှိဘဲ ဆုံးမသော် မသင့်ဟူ၍ တခုသော ဥပမာ ကို ကြည့်နေ၏။

တနေ့သ၌ ဥယျာဉ်သို့သွားလတ်သော် မယ်တော်လည်း သားနှင့် အတူ လိုက်၏၊ ခရီးအကြား၌ တီတီတုတ် ငှက်သည် မြည်လင့်၏၊ ဘုရားလောင်း ပရိသတ်တို့သည်လည်း နားနှစ်ဖက် ပိတ်၍–"ဟယ် ကြမ်းကြုတ် ခက်ထန်သောငှက် အသံကို မပြု လင့်–"ဆို၏၊

ဘုရားလောင်းလည်း မောင်းမပေါင်း ခြံရံလျက် မယ် တော်နှင့် အတူ ဥယျာဉ်သို့ဝင်၍ လှည့်ပတ်သော် အင်ကြင်း ဘပင်၏ အဖျားး၌ နားနေသော ဥဩငှက်သည် သာယာစွာ သော အသံဖြင့် ကြွေးကြော်၏၊ လူအမျှားလည်း ထိုဥဩအသံ ဖြင့် ယစ်ကုန်သည် ဖြစ်၍ "နာပျော်ဖွယ် နူးညံ့ သိမ်မွေ့ သော အသံရှိသော ငှက်မြတ် ကြွေးကြော်ပါဦးလော့"-ဟု လည်ကို မော့၍ နားထောင်ကြကုန်၏။

ဘုရားလောင်းသည်လည်း ထိုနှစ်ပါးသော အကြောင်းကို မြင်၍ "မယ်တော် ခရီးအကြား၌ တီတီတွတ် ငှက်၏အသံကို ကြား၍ လူအများလည်း ကျင့်ကြံသည် အဆင်းလှ၏၊ အသံမူကား မသာယာ၍ မနှစ်လိုဖွယ်ရှိ၏ဟုဆိုကြ၏၊ ဤဥဩငှက်သည်ကား အဆင်းမလှသော်လည်း နားဖွယ်သော အသံ ရှိသောကြောင့် လူအများနှစ်လိုကြ၏"-ဟု မယ်တော်အားပြောပြ၏၊ ထိုအခါမှ စ၍ မယ်တော်သည် ကြမ်းတမ်းသော စကားကို မပြောဆိုတော့ဘဲ သိမ်မွေ့သော စကားကို ပြောဆိုသဖြင့် လူအများနှစ်လိုမြတ်နိုးခြင်းကို ခံရလေသည်။

ဤသို့လျှင် အကြား အမြင်များခြင်း, သိပ္ပံပညာတတ်မြောက်ခြင်း, ဝိနည်းကို ကောင်းစွာ သင်ကြားခြင်း, ကောင်းသော စကားကို ပြောဆိုခြင်း- ဤတရား လေးပါးသည် မြတ်သော မင်္ဂလာမည်၏။

# မာတာ ပိတု

## ဂါထာ

မာတာ ပိတု ဥပဋ္ဌာနံ
ပုတ္တ ဒါရဿ သင်္ဂဟော၊
အနာကုလာ စ ကမ္မန္တာ
ဧတံ မင်္ဂလ မုတ္တမံ။

## နိဿျ

| | |
|---|---|
| ဒေဝ ပုတ္တ | —နတ်သား |
| မာတာ ပိတု | —အမိ အဖကို |
| ယံ ဥပဋ္ဌာနဉ္စ | —အကြင်လုပ်ကျွေး မွေးမြူခြင်းသည်ရင်း, |
| ပုတ္တ ဒါရဿ | —သား မယားကို |
| ယောသင်္ဂဟောစ | —အကြင်သင်္ဂြိုဟ်ထောက်ပံ့ခြင်းသည်ရင်း, |
| အနာကုလာ | —အနှောင့် အရှက် မရှိကုန်သော |

| | |
|---|---|
| ယေ ကမ္မန္တာ စ | —အကြင် အမှုတို့ကို ပြုခြင်းတို့သည်ရှင်း— |
| အတ္ထိ | —ရှိ၏၊ |
| ဧတံ | —ဤသုံးပါးသော တရားသည် |
| ဥတ္တမံ | —မြတ်သော |
| မင်္ဂလံ | —မင်္ဂလာမည်၏။ |

## လင်္ကာ

မြဝတိန်သာ၊ နတ်တို့ရွာက
ဣန္ဒာဒေဝ၊ သိကြွား တမန်
မောင်နတ်မှန်—

ယုဂန်တောင်ညို၊ မြင်းမိုရ်မက
ဂုဏ်ကြီးလှသား၊ မိဖမည်သာ
မာတာပိတု၊ ဤနှစ်စုကို
ဥပဋ္ဌာန၊ တုပ်ကွ မြတ်လေး
စားဦးပေး၍၊ ကျွေးမွေးနိုင်စေ,

လူဖြစ်လေမူ၊ သူတော်တကာ
ကျင့်ရာမှတ်သား၊ ဝတ်ငါးပါးဖြင့်
သား-မယားကို၊ ဆဲဆိုစောင်းရိပ်
မနှိပ်-မစက်၊ ရိုက်နှက် ပစ္စာ
ဖြစ်မရှာဘဲ၊ ကောင်းစွာကျင့်လေ,

စိတ်နေဖြောင့်ဖြောင့်၊ သတိစောင့်လျက်
နှောင့်ရှက်သေဖွယ်၊ မှုကြီးငယ်ကို
လွှဲဖယ်ခွါမှု၊ ရှောင်ရှားရှုလျက်
ပြုရခြင်းသည်—

ကြံစည်မှတ်သား၊ ဤသုံးပါးကို
ယုံမှားကင်းလွတ်၊ စိတ်နေညွတ်လျက်
လွန်မြတ်လှစွာ၊ မင်္ဂလာဟု
သဒ္ဒါကဲလွန်၊ နတ်တမန်သည်
မှန်မှန်စွဲမှတ်-ပါလေလော်၏။

## အမိ-အဖ

အမိ အဖကို လုပ်ကျွေး မွေးမြူခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ရဟန်းတို့ မိမိအိမ်၌ အမိ-အဖတို့ကို ပူဇော်သော အမျိုးသား အမျိုးသမီးတို့သည် ဗြဟ္မာရှိသည် မည်ကုန်၏။

ရဟန်းတို့ မိမိအိမ်၌ အမိ-အဖတို့ကို ပူဇော်သော အမျိုးသား အမျိုးသမီးတို့သည် လက်ဦးဆရာရှိသည် မည်ကုန်၏။

ရဟန်းတို့ မိမိအိမ်၌ အမိအဖတို့ကို ပူဇော်သော အမျိုးသား အမျိုးသမီးတို့သည် အိမ်ဦးနတ် ရှိသည် မည်ကုန်၏။

ရဟန်းတို့ မိမိအိမ်၌ အမိ အဖတို့ကို ပူဇော်သော အမျိုးသား အမျိုးသမီးတို့သည် အဝေးမှ ဆောင်ယူအပ်သော အလှူကို ခံယူထိုက်သော အလှူခံပုဂ္ဂိုလ်ရှိသည် မည်ကုန်၏။

ရဟန်းတို့ ဗြဟ္မာဟူသော ဤအမည်သည် အမိ-အဖတို့၏ အမည်တည်း။

ရဟန်းတို့ လက်ဦးဆရာဟူသော ဤအမည်သည် အမိ အဖတို့၏ အမည်တည်း။

ရဟန်းတို့ အိမ်ဦးနတ်ဟူသော ဤအမည်သည် အမိ-အဖတို့၏ အမည်တည်း။

ရဟန်းတို့ အဝေးမှ ဆောင်ယူ၍ လှူအပ်သော အလှူခံဟူသော ဤအမည်သည် အမိ-အဖတို့၏ အမည်တည်း။

ထိုသို့ အမည်ရခြင်းသည် အဘယ့်ကြောင့်နည်း—

ရဟန်းတို့ အမိ-အဖတို့သည် သားသမီးတို့အား များစွာ ကျေးဇူးရှိကုန်၏၊ အသက်ကို စောင့်ရှောက်တတ်ကုန်၏၊ ကျွေးမွေးတတ်ကုန်၏၊ ဤလောကကို ညွှန်ပြတတ်ကုန်၏၊ အမိ-အဖတို့ကို သား-သမီးတို့၏ ဗြဟ္မာဟူ၍ ၎င်း, လက်ဦးဆရာဟူ၍၎င်း ဆိုထိုက်ကုန်၏၊ သား-သမီးတို့အား အစဉ် သနားတတ်ကုန်၏၊ ထို့ကြောင့်သာလျှင် ပညာရှိသောသား-သမီးတို့သည် ထိုအမိအဖတို့ကိုရှိခိုးလည်းရှိခိုးရာ၏၊ ထမင်း-ဟင်းဖြင့်၎င်း,အဖျော်-ယမကာဖြင့်၎င်း, အဝတ်-အရုံဖြင့်၎င်း, အိပ်ယာ-နေရာဖြင့်၎င်း, အ မွှေးနံ့သာ လိမ်းကျံပေးခြင်းဖြင့်၎င်း, ရေချိုးပေးခြင်းဖြင့်၎င်း, ခြေဆေးပေးခြင်းဖြင့်၎င်း- အရို-အသေ ပြုလျက် ပူဇော်ရာ၏၊

အမိ-အဖတို့၌ ထိုသို့ လုပ်ကျွေး မွေးမြူခြင်းကြောင့် ထိုသား သမီးကို ယခုဘဝ၌ပင် ပညာရှိတို့သည် ချီးမွမ်းကြကုန်၏၊ ထို သား-သမီးသည်တမလွန်ဘဝ၌လည်းနတ်ပြည်၌ မွေ့လျော်ရ၏။

## မိဖ လုပ်ကျွေးသူ

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတ ဝန် ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အမိကို လုပ်ကျွေးသော ပုဏ္ဏားသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်-ဝမ်းသာ နှုတ်ဆက်ပြော ဆို၏၊ ဝမ်းမြောက်ဖွယ် အမှတ်တရ စကားကို ပြောဆိုပြီးဆုံး စေ၍ တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကြား၏-

"အရှင်ဂေါတမ အကျွန်ုပ်သည် တရားသဖြင့် ထမင်း ကို ရှာမှီး၏၊ တရားသဖြင့် ထမင်းကို ရှာမှီး၍ အမိ-အဖကို လုပ်ကျွေးပါ၏။ အရှင်ဂေါတမ အသို့နည်း-ဤသို့ပြုသော့ ရှိသော အကျွန်ုပ်သည် ပြုဖွယ် ကိစ္စကို ပြုလေ့ရှိသူ ဖြစ်ပါသလော"

"ပုဏ္ဏား ဤသို့ပြုလေ့ရှိသော သင်သည် ပြုဖွယ်ကိစ္စကို ပြုလေ့ရှိသူ ဖြစ်ပေ၏၊ ပုဏ္ဏား အကြင်သူသည် တရားသဖြင့် ထမင်းကို ရှာမှီး၏၊ တရားသဖြင့် ထမင်းကို ရှာမှီး၍ အမိ-အဖ တို့ကို လုပ်ကျွေး၏၊ ထိုသူသည် များသော ကောင်းမှုတို့ကို ဖြစ်ပွား စေ၏"

အကြောင်းသူသည် အမိကိုရင်း, အဖကိုရင်း တရားသဖြင့် လုပ်ကျွေး၏၊ အမိ-အဖတို့၌ လုပ်ကျွေးခြင်းကြောင့် ထိုလုပ်ကျွေးသူကို ပညာရှိတို့သည် ဤဘဝ၌ပင်လျှင် ချီးမွမ်းကုန်၏၊ တမလွန်ဘဝဝယ် နတ်ပြည်၌မွေ့လျော်ရ၏။

## သုဝဏ္ဏသျှံ

လွန်လေပြီးသောအခါ ကာသိတိုင်း ဗာရာဏသီပြည်မှ မနီး မဝေး ဂင်္ဂါမြစ်၏ ဤမှာဖက်၌ တရွာ, ထိုမှာဖက်၌ တရွာ တံငါနှစ်ရွာရှိ၏၊ အမျိုးအိမ်ခြေ ငါးရာစီနှင်နှင်စည်ပင်စွာရှိ၏၊ ထိုရွာ၌ တံငါကြီး နှစ်ဦးတို့သည် အဆွေ-ခင်ပွန်းဖြစ်ကြ၍ သားသမီးဆက်လက်ကြမည် ကတိထားကြသည်နှင့် ဤမှာဖက်ရွာမှာ သားဖွား၍ ဒုကူလမည့်၏၊ ထိုမှာဖက်ရွာမှာ သမီးဖွား၍ ပါရိကာ မည့်၏၊ ထိုသူနှစ်ယောက်တို့ကား ဗြဟ္မာ့ပြည်မှ စုတေသည် ဖြစ်၍ အိမ်ထောင်ခြင်းကို အလိုမရှိကြကုန်၊ ဗြဟ္မာအဖြစ်က ကာမ-ရာဂ ကင်းသော ဝါသနာဖြင့် အိမ်ရာ မထောင်လိုသော သဘောသည် ဗြဟ္မာ့ပြည်မှ ဖြစ်လာသူတို့၏မွေ့ဘာတည်း။

ထိုသို့လျက် မိ-ဖတို့ တိုက်တွန်းသဖြင့် ထိမ်းမြားမင်္ဂလာပြုကုန်သော်လည်း ကိလေသာဟူသော သမုဒ္ဒရာသို့ မဆင်းသက်ဘဲ ဗြဟ္မာမင်း နှစ်ဦးကဲ့သို့သာ နေလျက် သားငါး သတ်ခြင်းရောင်းဝယ်ခြင်း စသည်တို့ကို မပြုကြ၍ မိ-ဖတို့ ဆိုမြည် ပြစ်တင်

ကြသည့်တွင် ရဟန်းပြုမည် ခွင့်ပန်၍ နှစ်ယောက်အတူ ဂင်္ဂါမြစ်ကမ်း ကောက်ကစင်း လျှောက်လိုက် ဟိမဝန္တာသို့ ဝင်၍ ဂင်္ဂါမြစ်မှ ဆုံလာသော မိဂသမ္မတာ မြစ်နားသို့ ရှေးရှုလိုက်လေ၏။

ထိုသူတို့ သီလ အာနုဘော်ကြောင့် ပဏ္ဏကုဋိကမ္မသာ ကျောက်ဖျာ ပူသဖြင့် သိကြားသိ၍ သစ်ရွက်မိုးသော သင်္ခမ်း ရဟန်းပရိက္ခရာလုံးစုံ ဝိသကြုံကို ဖန်ဆင်းလာစေ၏၊ ထိုသူနှစ်ယောက်လည်း လျှော်တေသကန်းတထည်ကို ဝတ်လျက် တထည်ကို စမွယ်တင်လျက် ဆံကျစ်ဖွဲ့သဖြင့် ရသေ့-ရဟန်းပြု၍ ထိုသင်္ခမ်း၌ ကာမာဝစရ မေတ္တာ ဘာဝနာဖြင့် နေ၏၊ ငုတ်တုတ်ဥသျှောင် ဆံကျစ်နှောင်လျက် ထုံးမြဲ ဥသျှောင်တွင် ဆံကျစ်အဝန်းကို စွပ်ခြင်းပင် ဖြစ်၏။

ထိုသူတို့၏ မေတ္တာ အာနုဘော်ဖြင့် သားငှက် အလုံးစုံတို့လည်း အချင်းချင်း မေတ္တာစိတ်ကို ရကြ၍ ညှဉ်းပန်းနှိပ်စက်ခြင်းမရှိ၊ သိကြားမင်းသည်း ရုံခါညီမှုလာသော် နောင်မျက်စိကွယ်လတ္တံ့မည်ကို မြင်၍ သားရစိမ့်သောငှါ "လောကဓံလူမှုကိုမှီဝဲပါ"-ဟု ဒုကူလကို ဆိုသည်တွင်-

"လူကပင် အလိုမရှိ၊ ယခုမှာ ရသေ့-ရဟန်းတကား" ဟု ပယ်၏။

"ရသေ့မ ဥတုသာစဉ် ချက်ကို လက်မဖြင့် သုံးသပ်ပါ" ဟု ဆိုသည့်အတိုင်း သုံးသပ်သော် ဘုရားလောင်းသည် နတ်ပြည်မှ စုတေခဲ့သဖြင့် ရသေ့မ၌ ပဋိသန္ဓေနေ၍ မီးရှူးလွန်လျှင် ရွှေအဆင်းနှင့် တူသော အဆင်းရှိသောကြောင့် သုဝဏ္ဏသာမဟု

မှည့်ကြ၏၊ သက္ကတရော၌ မြန်မာအလို သုဝဏ္ဏသျှံ ဟု အစဉ်ပြန်ကြ၏။

ထိုရသေ့နှစ်ဦးတို့ သစ်သီးကြီးငယ် အလို့ငှါ တောသို့ သွားစဉ် ကိန္နရာတို့ နို့ထိန်း ကိစ္စကို ပြုကြ၏၊ ပန်းနံ့သာ ဆေးဒန်း မြင်းသီလာတို့ဖြင့် မွန်ကူ၍ တန်ဆာ ဆင်ယင်ကြ၏၊ ၁၆ နှစ်ရှယ်တိုင်အောင် သတို့သားကို သခ်မ်း၌ နေစေ၍ မိ-ဖ တို့သာ လုပ်ကျွေးကြသတည်း။

တရံရောအခါ သစ်သီးကြီးငယ်ရှာ၍အပြန်တွင် သခ်မ်းနှင့် မနီး-မဝေး၌ မိုးကြီးရွာ၍ သစ်ပင်တခု၌ ခိုသော် တောင်ပို့ ထက်ရပ်မိကြ၍ တောင်ပို့တွင်းက မြွေ၏ နှာခေါင်းတွင်း၌ ကိုယ်က ချွေးနံ့ရောသောမိုးရေ ဝင်လေရကား အမျက်ထွက်၍ နှာခေါင်း လေပြင်းမှုတ်လေလျှင် မျက်စိကို မှုတ်မိ၍ နှစ်ယောက်လုံးပင် ကန်းခဲ့၏။

သတို့သားလည်း မိဖတို့ လာချိန်အခါကို မှတ်လျက် "လာချိန်တန်ပြီ၊ မလာတကား၊ ကြိုဆိုမည်"ဟု ရှေးရှုသွား၍ အသံပြုသည်ကို ကြားလျှင် "ဤ၌ဘေးရန်ရှိ၏၊ မလာလင့်"ဆို ကုန်သော် ရှည်သောနွယ်ကို ကမ်း၍ နွယ်စွန်းကို ကိုင်လျက် လာစေ၏။

သတို့သားကား မိဖတို့ကန်းသည်ကို မြင်၍ ငိုလည်းငို၏၊ ဝမ်းလည်းသာ၏၊ ပျိုရွယ်လျက်ပင် မျက်စိကွယ်လေသည် ဟု စုံမက်သဖြင့် ငိုပြီးမှ ငါလုပ်ကျွေးရပေတော့မည်ဟု လုပ်ကျွေး ခွင့်ရသဖြင့် ဝမ်းသာပြန်သတည်း။

ထိုကစ၍ ညဉ့်သန့်ရာ နေ့သန့်ရာ စကြံ,သခ်မ်း, ကျင်ကြီး

ကျင်ငယ်သွားလာရာများ၌ ကြိုးတန်းအမှတ်ထား၍ သစ်သီးကြီး ငယ်ရှာမှီးလျက် ကောင်းစွာ ဝတ်ကြီး ဝတ်ငယ် ကုန်လုံးအောင် လုပ်ကျွေး၏၊ သားငှက်ကိန္နရာအပေါင်း ခြံရံလျက် သစ်သီးကြီး ငယ်ရှာမှီး၏၊ ညချမ်းအခါ သမင် နှစ်စီး တကွနက် ယှဉ်စေ၍ ကျောက်ကုန်းထက် ရေအိုးကို လက်ဖြင့် မလျက် မိဂသမ္မတာ မြစ်မှာရေခပ်၏။

ထိုရောအခါ ဗာရာဏသီပြည်၌ ပိဠိယက္ခ မည် သော မင်းသည် သမင်သား၌ မက်မောသဖြင့် တိုင်းပြည်ကိုမယ်တော် အား ဆောက်နှင်းခဲ့၍ လက်နက်ငါးပါးဖွဲ့လျက် ဟိမဝန္တာသို့ ဝင်၍ လှည့်ပတ် သွား လာ သော် မိဂသမ္မတာ မြစ်နားတွင် သုဝဏ္ဏလျှ သတို့သား ရေခပ်ဆိပ်သို့ရောက်လေ၍ သမင်ခြေရာ တို့ကိုမြင်သဖြင့် သစ်ရွက်သစ်ခက်အုံသောစင်ဆောက်ပြီးမှ ဆိပ် လူးမြှားဖွဲ့သောလေးကိုတင်ပြီးလျှင် ပုန်းလျက်နေ၏။

သတို့သားလည်း ယခင်ကနည်း သမင်အပေါင်းခြံရံ၍ သမင်နှစ်စီးထက် ရေအိုး တင်လျက် လက်ဖြင့်မ၍ ဆိပ်သို့လာ သည်ကို အံ့စင်ထက်ကမင်းမြင်၍—"ဤသို့သသူကိုဤမျှလောက် သော ကာလ မမြင်စဘူး၊ လူလော နတ်လော၊ နဂါးလော၊ ကပ်၍မေးသော် နတ်ဖြစ်မူကောင်းကင်သို့ ပျံရာခဲ့၊ နဂါးဖြစ်မူ မြေတွင်းဝင်ရာခဲ့၊ ပြည်သို့ပြန်ရောက်၍ ဤသို့သော အံ့ဖွယ်ကို မြင်ဘူး၏ ဆိုပချေသော် ထိုသူကား အဘယ်သူနည်း မေး၍ မသိပေဆိုလျှင် ကဲ့ရဲ့ဖွယ်ရှိခဲ့၊ ထို့ကြောင့် လေးဖြင့်ပစ်၍ အား နည်းမှမေးအံ့–"ဟုကြံပြီးလျှင် ရေအိုးကိုချလျက်ပခုံးထက်တင်

ကြိုက် ထိုအခိုက်တွင် လက်ျာနံဘောင်း၌ ပစ်လေ၍ လက်ဝဲနံတောင်းဖြင့် မြှားထွက်သွား၏။

ထိုအခါ သမင်အပေါင်း ပြေးခဲ့၏၊ သုဝဏ္ဏလျှ သတို့သားမူကား သွန်သင်ပြီးသောကျင့်ဝတ်ရှိသောမထေရ်ကြီးကဲ့သို့ နှေးဆေးဖြေးညှင်းလျက် မြှားမှန်သော်လည်း ရေအိုးကို ဟုတ်ဟုတ် ငြားငြား မပစ်မလွှင့်ဘဲ သတိမြဲစေ၍ သဲကို ယက်ပြီးမှ ရေအိုးကိုတည်ထား၏၊မိဖတို့နေရာအရပ်သို့ ဦးခေါင်းရည်လျက် ငွေအစုနှင့်တူသောသဲစုထက် ရွှေဆင်းတုကဲ့သို့ လျောင်း၏။

ထိုရောအခါ– "ဟိမဝန္တာ၌ ငါနှင့် မိဖတို့အား ရန်သူမည်သည်မရှိဘဲ ရေအိုးချီ၍ပခုံးထက်တင်ခိုက်မေတ္တာမပွားစေဘဲ မေ့လျော့ကြိုက်တွင် အဘယ်သူ ငါ့ကို မြှားဖြင့် ပင်လေဘိသနည်း၊ မင်းလော၊ ပုဏ္ဏားလော၊ သူကြွယ်လော၊ အဘယ်သူ ပစ်၍ ပုန်းအောင်းလေဘိသနည်း—"ဟုမေး၏။

ဤသို့ သုဝဏ္ဏသျှံသတို့သားမေးသည်ကို ပီဠိယက္ခမင်းကြားလေသော် "ဤသူကား မြှားမှန်လျက်ပင်မခရရှုတ်မဆဲရေးပလေ၊ ငါ့နှလုံးသားကို လက်ဖြင့်ဆုပ်သကဲ့သို့ ချစ် နှစ် လို ဖွယ်ကိုသာဆိုဘိ၏၊ မပုန်းမကွယ် ငါပြော ဆိုအံ့၊ သို့ရာတွင်ကား ထိုသူကို နတ်လော နဂါးလော မသိရသေး၊ အမျက်ထွက်သဖြင့် ငါ့ကိုဖျက်ဆီးမည်ကိုလည်း မသိရကား လူသာမန်ဟူ၍ မပြောဆိုသင့်၊ မင်း ဟူ၍ ပြောဆိုသော် မကြောက်သောသူမည်သည်မရှိ၊ ဟုတ်တိုင်းပင် မင်းအဖြစ်ကို သိစေအံ့—"ဟူဆင်ခြင်၍—

"ငါကား ကာသိတိုင်းသူတို့၏ မင်းဖြစ်သော ပီဠိယက္ခ

မင်းတည်း၊ ဗိုလ်နှစ်ထောင်အားရှိသော လေးကိုတင်နိုင် ချနိုင်သဖြင့် လေးအတတ်ကို တတ်ကျွမ်းရကား သမင်သား စားလို၍ လှည့်ပတ်သွားလာသည်''ဟုကြုံးဝါးပြောဆို၏။

''အဘယ်အလို့ငှါ ပစ်ပါသနည်း''

''သင့်ကို မြင်သဖြင့် သမင် တို့ ထိတ်လန့်သောကြောင့် ပစ်သည်''

''ငါ့ကိုမြင်၍ သမင် တို့ ထိတ် လန့်မြဲ မဟုတ်၊ အလွန်ကြောက်တတ်စွာသော ကိန္နရာတို့ပင် လည်း မထိတ်လန့်ကုန်''

''သင်၏အမျိုးအမည်ကို သိလိုသောကြောင့်ပစ်သည်-'' ဆိုသည်တွင်မှ--

မိဖ မျက်မမြင်နှစ်ဦးကို လုပ်ကျွေး၍ ဤတောတွင်နေကြောင်း၊ယခု ငါသေ၍ လုပ်ကျွေးမည့်သူ မရှိလျှင် စာရေမရ၊ သေဆုံးလိမ့်မည့် အကြောင်းအစရှိသဖြင့် အထူးထူး အပြားပြားမြည် တမ်းပြော ဆို သည် ကို ပီဠိယက္ခမင်းကြားလေ၍''ငရဲ၌ဖြစ်လတ္တံ့လျက် ယခုမင်းပြု၍ အဘယ်မှု စအံ့နည်း၊ ဤသူ့ကိုယ်စား မိဖတို့ကို လုပ်ကျွေး၍ ငရဲမှကိုယ်ကိုလွတ်စေအံ့''ဟု ကြံပြီးသော် လုပ်ကျွေးပါအံ့ အာမဝန်ခံသည်တွင်မိဖတို့နေရာအရပ်ကိုကြား၍ ''မိဖတို့အား ငါရှိခိုးပါကြောင်းကိုပြောဆိုပါလေ--''မှာထားလေလျှင် မြားဆိပ်ဖြင့်တွေဝေမိန်းမောလေ၏။

ထိုနေရာအခါ ရှေးခုနစ်ဖြစ်က အမိဖြစ်ခဲ့ဘူးသော ဗဟုသုန္ဒရီ မည်သော ဂန္ဓမာဒနတောင်စောင့်နတ်သမီးသည် အခါတပါး ဘုရားလောင်းကို မပြတ်ကြည့်ရှုစောင်မလျက် ထိုနေ့နတ်စည်းစိမ်ဖြင့် မေ့လျော့၍ရင်း, နတ်အစည်းအဝေးသို့ သွား

၍ ငင်း မကြည့်ရှု မစောင်မမိ၊ မြွားဆိပ်ဖြင့် ဘော့ခေမိန်းမော သည်တွင်မှ ကြည့်ရှု၍မြင်လေ့ရကား—“ငါမသွားသော် သဘို့ သွားလည်း မြွားဆိပ်ဖြင့်သေလတ္တံ၊ ပိဋ္ဌိယကာ္ခမင်းလည်း နုလုံး ကြေကွဲသတ္တံ၊ မိဖတို့သည် စာရေမရ သေရလတ္တံဟု ကြံ၍ မိဂသမ္မတာမြစ်နားသို့သွားပြီးလျှင် မထင်ရှားသော ကိုယ်ဖြင့် ကောင်းကင်က ရပ်လျက် “သင်သည် မပြစ်မှားအပ်သူ သုံးဦးကို မြွားတစင်းတည်းဖြင့် သတ်သေဘိ ၏ တကား၊ကောင်းစွာမွေး ကျွေး—”ဟု ထိဘ်လန့်စေ၏။

မင်းလည်း သဘို့သားဆောင်သောရေပြည့်အိုးကို ဆောင် လျက် မိဖ တို့သခ်မ်းသို့သွားလေ၍ ရောက်လျှင် ရှောင်တခင် တိုက်ရိုက်ပြောဆိုသော် မသင့်ဟုဆင်ခြင်လျက် သစ်သီးဝလံဖြင့် ဖိတ်မန်သည်တွင်မှ–“သင်တို့ချက်မမြင်အား အဘယ်မှာသစ်သီး ဝလံရပါသနည်း” စကားစပ်လျှဉ်းအောင် မေး၏။

“ငါတို့သား သုဝဏ္ဏလျှ ဆောင်ပချေသည်”ဟု စကား စပ်သည်တွင်မှ–

“သတို့သားကိုလေးဖြင့်ပစ်မှားချေသည်”ဟုပြောဆို၏။

ထိုသို့ပြောဆိုသံကိုကြား၍ ပါရိကာ အမျက်ထွက်သည် ကိုလည်း ဒုကူလက မထွက်ရအောင်ဆုံးမ၍ ငါတို့သားရှိရာသို့ ပို့ပါ—”ဟု မင်းကို တောင်းပန်၏။

ထိုညဉ့်တွင်ပင်ပို့လေ၍ ရောက်လျှင် အဖခေါင်းဦး က ခေါင်းကိုချီလျက် အမိခြေရင်းက ခြေကိုမလျက် ကိုယ်ကို ပေါင်ထက်တင်ထားကြလျက် ပြင်းစွာငိုကြွေးမြည်တမ်းကြ၏။

ထိုအခိုက် ရင်ထက်လက်တင်၍ ကိုယ်ငွေ့ကို အမိစုံစမ်း

သော် နွေးနွေးအငွေ့တွေ့ရကာ အဆိပ်ဖြင့် မိန်းမောသည်။ သား အသက်ရှိသေး၏ဟုသိ၍ အဆိပ်ပြယ်စေခြင်းငှာ "ငါ့သား ကို ငါ့အသက် ထက် ပင် ချစ်မြတ်နိုးစွာ၏၊ ဤ သစ္စာကြောင့် အဆိပ်ပြယ်စေသတည်း" အစရှိသဖြင့် အမိ သစ္စာမှုလျှင် သတို့ သားသည် ကိုယ်ကို ပြန်၍ အိပ်လေ၏။

အဖလည်း ငါ့သား အသက်ရှိသေး၏တကားဟု ယခင် စကားအတိုင်းပင် သစ္စာမှုပြန်လျှင် နံပါးတဖက်ဖြင့်လျောင်း၍ အိပ်ပြန်၏။

ထို့နောက် ဗဟုသုန္ဒရီ နတ်သမီးက-"ဂန္ဓမာဒနတောင်၌ ခပ်သိမ်းသောသစ်ပင်တို့သည် နံ့သာမျိုးချည်း ဖြစ်ကုန်၏၊ ဤ မှန်သော သစ္စာစကားကြောင့် သုဝဏ္ဏသျှံအား မြွေဆိပ် ပျောက်ပြယ် စေသတည်း-"ဟု သစ္စာမှုသည်တွင် သတို့သား ငုတ်တုတ် နေထိုင်လေ၏။

ဤသို့ သစ္စာပြုပြီး အဆုံး၌ သုဝဏ္ဏသျှံအား မြွေဆိပ် ပြယ်ခြင်း, မိဖတို့အား မျက်စိမြင်ခြင်း, အရုဏ်တက်ခြင်း, မင်းနှင့် တကွ လေးယောက်လုံး နေမြဲ သင်္ခမ်း၌သာ ထင် ရှားခြင်း— ဤကိစ္စလေးပါး တပြိုင်နက် တချက်တည်း တခဏချင်း ပြည့်စုံ လေသတည်း။

မင်းလည်း သုဝဏ္ဏသျှံ၌ ကြည်ညိုစွာ၍—"နတ်ပြည် လားရအံ့သောငှာ ကိုးကွယ်ရာ ဖြစ်ပါ-"ဟု လက်အုပ်ချီလျက် တောင်းပန်၏။

"လယ်ယာတို့ကိုအစိုးရသောမင်းမြတ် သင်မင်းမြတ်သည် မိဖတို့၌ရင်း, သားမယား တို့၌ရင်း, အဆွေ ခင်ပွန်း မှူးမတ်

တို့၌ရှင်း, ဆင်ယာဉ် မြင်းယာဉ် စစ်သည်ဗိုလ်ပါတို့၌ရှင်း, မြို့ရွာ နိဂုံးတို့၌ရှင်း, တိုင်းသူ ဇနပုဒ်သူတို့၌ရှင်း, ရသေ့-ရဟန်းတို့၌ရှင်း,သားငှက်တို့၌ရှင်း-ဘရားကိုကျင့်တော်မူ၊ တရားသည် ချမ်းသာကို ဆောင်ရွက် တတ်၏၊ အရှင် မင်းမြတ်သည် ဤပစ္စုပ္ပန်၌ တရားကိုကျင့်၍ နတ်ပြည်သို့ လားရလတံ့၊ အရှင်မင်းမြတ် တရားကိုကျင့်မူ သိကြား ဗြဟ္မာနှင့်တကွ နတ်တို့သည် ကောင်းစွာ ကျင့်ခြင်းကြောင့် နတ်ပြည်သို့ ရောက်ကုန်၏၊အရှင်မင်းမြတ် တရားကို မမေ့-မလျော့လင့်။"

## မိဖ လုပ်ကျွေး ဆင်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏၊ ထိုအခါ ဘုရားလောင်းသည် ဟိမဝန္တာဝယ် ဆင်မျိုး၌ ဖြစ်၍ ကိုယ်လုံးဖြူ၏၊ အလွန်လှ၏၊ ကြည်ညိုဖွယ်ရှိ၏၊ စိတ်နှလုံး၏ ပွါးခြင်းကို ပြုတတ်၏၊ ဆင်ပေါင်း ရှစ်သောင်းအခြံ-အရံ ရှိ၏၊ မယ်တော် သည်ကား မျက်စိအလင်းကို မရ၊ ထိုဘုရားလောင်းသည် ကောင်းနိုးရာရာသစ်သီးတို့ကို ဆင်တို့အားပေး၍ အမိအထံသို့ ပို့စေ၏။

ဆင်တို့သည် ထိုဘုရားလောင်း အမိကို မပေးမူ၍ မိမိတို့ သာလျှင် စားကုန်၏၊ ဘုရား လောင်း စုံစမ်းသော် ထိုအကြောင်းကို သိ၍ ဆင်အပေါင်းတို့ကို စွန့်၍ အမိကိုသာလျှင် ငါကျွေးမွေးအံ့ဟု ကြံ၍ ညဉ့်အဘို့၌ တပါးသော ဆင်တို့မသိ

ကုန်စဉ် အမိကိုခေါ်ယူ၍ စဏ္ဍောရဏ တောင်ခြေရင်းသို့ သွား၍ ပဒုမာကြာတော တခုကိုမှီလျက် တည်သော တောင် ဝှမ်း၌ အမိကိုထား၍ လုပ်ကျွေးမွေးမြူ၏။

ထိုအခါ ဗါရာဏသီပြည်၌ နေသော မုဆိုးသည် ခရီးမှား၍ အရပ်မျက်နှာကို မှတ်ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ သည်းစွာသော အသံဖြင့် ငိုကြွေး၏၊ ဘုရားလောင်းသည် ထို မုဆိုး၏ အသံကိုကြား၍–"ဤလူကား ကိုးကွယ်ရာမရှိ၊ ငါသည် ထင်ရှားရှိစဉ် ဤသူသည်ဤအရပ်၌ အကျိုးမဲ့ ပျက်စီးခြင်းသည် မလျောက်ပတ်–" ဟု အကြံရှိ၍ ထိုမုဆိုးအနီးသို့ သွား၏။

ကြောက်သဖြင့် ပြေးသော ထိုမုဆိုးကို မြင်၍–"အို ယောကျ်ား ငါ့ကိုမှီ၍ ပြေးသည် သင့်အားမရှိ၊ သင်မပြေးလင့်၊ အဘယ့်ကြောင့် သင်သည်ငိုလျက် သွားသနည်း–"ဟုမေး၏။

"သခင် အကျွန်ုပ်သည် ခရီးမှားနေ၍ နေရသည်မှာ ခုနစ်ရက် ရှိပါပြီ"

"အိုယောကျ်ား သင်မကြောက်လင့်၊ ငါသည် သင့်ကို ယူ၍ လူ့ပြည်ခရီး၌ ထားအံ့–"ဟု ဆို၍ ထိုလူကို ကျောက် ကုန်း၌ နေစေ၍ တောမှထုတ်၍ ပြန်ခဲ့၏။

ထိုသူယုတ်မာလည်း မြို့သို့ရောက်လျှင် မင်းအား ကြား အံ့ဟုကြံ၍ သစ်ပင်အမှတ် တောင်အမှတ်ကိုပြုလျက်လျှင်တောမှ ထွက်၍ ဗာရာဏသီပြည်သို့ ရောက်၏။

ထိုအခါ၌ မင်း၏ မင်္ဂလာ ဆင်တော် သေလသော် မင်းသည်–"အကယ်၍ တစုံတယောက် သော သူသည် တစုံ တခုသော အရပ်၌ မင်္ဂလာ ဆင်တော်ပြုရန် သင့်လျော်သော်

ဆင်ကို မြင်သည် ဖြစ်အံ့၊ ထိုသူသည် ကြားစေသတည်း—” ဟု စည်လည်မောင်း ခတ်စေ၏။

ထိုသူလည်း မင်းသို့ချဉ်းကပ်၍-“အရှင်မင်းကြီးအကျွန်ုပ်သည် အရှင်မင်းကြီး၏ မင်္ဂလာ ဆင်တော် ဖြစ်ခြင်းငှါ လျောက်ပတ်သော ကိုယ်လုံးဖြူသော သီလရှိသော ဆင်ကို မြင်ပါ၏၊ အကျွန်ုပ်သည် ခရီးကို ညွှန်ပါအံ့—”ဟု တင်လျှောက်၏။

မင်းသည် “ကောင်းပြီ-”ဟု ဤသူကို ခရီးညွှန်ပြု၍— “ဤသူ ပြောဆိုအပ်သော ဆင်ကို ဆောင်ခဲ့-”ဟု ဆို၍ ထိုမုဆိုးနှင့် အတူတကွ အခြံ အရံများစွာဖြင့် ဆင်ဆရာကို စေ၏။

ထိုဆရာသည် မုဆိုးနှင့်အတူ သွား၍ ပဒုမာကြာတောသို့ ဝင်သောအခါ အစာကို ယူသော ဆင်မင်းကို မြင်၏။

ဘုရားလောင်း သည် လည်း ဆင် ထိန်း ကို မြင် ၍ ဤဘေးသည် တပါးသောသူမှ မဖြစ်၊ ထိုယောကျ်ား၏ အနီးမှ ဖြစ်လတံ့ဟု သိ၏၊ စင်စစ်သော်ကား- “ငါသည် ကြီးသော အားရှိ၏၊ ဆင်တကောင်ကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်၏၊ အမျက်ထွက်သော် တိုင်းနိုင်ငံနှင့် တကွ စစ်သည်ဗိုလ်ပါ ဆင်မြင်းကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်၏၊သို့သော်လည်း အကယ်၍ ငါအမျက်ထွက်ချေက ငါ၏ သီလလည်း ပျက်လတံ့၊ ထို့ကြောင့် ငါ ဦးခေါင်းကို လှံမဖြင့် ထိုးသော်လည်း ငါအမျက် မထွက်အံ့-”ဟု မိဋ္ဌာန်၍ ဦးခေါင်းကို ညွတ်ပြီး မတုန်-မလှုပ် ရပ်နေ၏။

ဆင်ဆရာသည် ပဒုမာ ကြာအိုင်သို့ သက်ဆင်း၍ ထို ဘုရားလောင်း၏ ကြွန်အင်လက္ခဏာနှင့် ပြည့်စုံခြင်းကို မြင်၍— “ချစ်သား လာလှည့်-”ဟု ငွေပန်းဆိုင်နှင့်တူသော နှာမောင်းကို

ကိုင်၍ ယူဆောင်လေလျှင် ခုနစ်ရက် မြောက်သော နေ့၌ ဗာရာဏသီ ပြည်သို့ ရောက်၏။

ဘုရား လောင်း၏ မယ်တော်လည်း သား မလာသည် ရှိသော်-"ငါ့သားကို မင်း၏ အမတ်ကြီးစသူတို့ ဆောင်ယူသည် ဖြစ်လတံ့၊ထို့ကြောင့် ယခုအခါ၌ သားနှင့် ကွေကွင်းရသဖြင့် အစာကို မစားတော့ပြီ-"ဟု ငိုကြွေးမြည်တမ်း၏။

ဆင်ဆရာသည်လည်း ခရီးအကြားမှ ပင်လျှင် မင်းအား သတင်းစကားကို စေ၏၊ မင်းသည် မြို့ကို တန်းဆာ ဆင်စေ၏၊ ဆင်ဆရာသည်၊ဘုရားလောင်းကို နံ့သာဖြင့်ထုံအပ်သော တန်းဆာ ဆင်ထားသည့် ဆင်တင်းကုပ်သို့ ဆောင်၏၊

မင်းသည် အရသာ အထူးထူး ရှိသော ဘောဇဉ်ကို ဆောင်လျက် ဘုရား လောင်းအား အစာပေး စေ၏၊ ဘုရား လောင်းသည် မယ်တော်နှင့် ကင်း၍ အစာကို မစားအံ့ဟု ကြံ၍ အစာကိုမစား၊ ထိုအခါ မင်းသည်-"ဆင်မင်း အစာကို ယူပါ လော့၊ စားပါလော့ ၊ ဆင်မင်းပိန်ကြုံသည် မဖြစ်စေလင့်၊ မင်း မှုတို့သည် များစွာ ကုန်၏၊ ဆင်မင်း ထိုအမှုတို့ကို ပြုရလတ္တံ့" ဆို၏။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် "မြတ်သော မင်းကြီး အထီးကျန်သော မျက်စိမမြင်သော ဆောင်သူမရှိသော ထိုဆင်မအိုသည် စန္ဒောရဏ အမည်ရှိသော တောင်သို့ ရှေးရှု သည်ဖြစ်၍ သစ်ငုတ်ကို ခြေဖြင့် ခတ်မိ၍လအံ့သည် တကား"ဟု ဆို၏။

"ဆင်မြတ် ထိုမျက်မမြင် ဆင်မအိုသည် သင်နှင့် အဘယ်သို့ တော်သနည်း—"

"မင်းကြီး ထိုမျက်မမြင် ဆင်မအိုသည် အကျွန်ုပ်၏ အမိပါတည်း"

ထိုအခါ မင်းကြီးသည် "အိုအမတ်တို့ အမိကိုလုပ်ကျွေးသော ဆင်မြတ်ကို လွှတ်ကြပါကုန်၊ ဆင်မင်းသည် အမိနှင့်ရင်း, ဆွေမျိုးခပ်သိမ်းတို့နှင့်ရင်း ညီညွတ်ခြင်းသို့ ရောက်ပါစေလော့" ဟု ဆို၏။

ထိုဆင်မင်းသည် အနှောင်အဖွဲ့မှ လွှတ်၍ အတန်ငယ် နားနေပြီး မင်းအား ရာဇဝံဆယ်ပါး တရားဟောကြား၏၊ ထို့နောက် လူအများ၏ ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ခြင်းကို ခံယူပြီးနောက် မြို့မှထွက်၏။

ထိုနေ့၌ပင်လျှင် ပဒုမာကြာအိုင်သို့ ရောက်၍ မယ်တော်ကို အစာအာဟာရ ကျွေးမွေးပြီးမှသာလျှင် မိမိစားအံ့ဟု ကြံ၍ များစွာသော ကြာစွယ်-ကြာရင်းတို့ကို ယူ၏၊ နှာမောင်းဖြင့် ပြည့်သော ရေကိုဆောင်၍ တောင်လိုဏ်ခေါင်းမှ ထွက်ပြီး လိုဏ်တံခါး၌ နေသောအမိထံသို့ သွား၏။

ခုနစ်ရက်ပတ်လုံး အစာကင်းသည်၏ အဖြစ်ကြောင့် မယ်တော်၏ ကိုယ်အတွေ့ကို ရစိမ့်သောငှါ အမိ၏ ဦးခေါင်းထက်၌ ရေကို သွန်းလောင်း၏။

ဘုရားလောင်း၏ မယ်တော်သည် မိုးရွာ၏ ဟူသောအမှတ်ဖြင့် "ငါ့ကို လုပ်ကျွေးသော သားသည် အရပ်တပါး

နေ၏၊ ယုတ်မာသောမိုးဒေဝါသည် အခါမဟုတ်ဘဲလည်းရွာ၏၊ ဤမိုးသည်နည်း''ဟု ဆို၏။

''အို အမိ ထပါဦးလော့၊ အဘယ်ကြောင့် ဤမျှလောက် အိပ်သနည်း၊ သင်၏သားဖြစ်သော အကျွန်ုပ်သည် ရောက်လာပါပြီ၊ လျင်သော ပညာရှိသော အခြံအရံများသော ကာသိမင်းသည် လွှတ်လိုက်ပါပြီ''

ထိုအခါ အမိက ''ကာသိတိုင်းသူတို့၏ အကျိုး စီးပွါးဆောင်တတ်သော အကြင်မင်းသည် အခါခပ်သိမ်း အမိကို ရှိသေ မြတ်နိုးသော ငါ၏သားကို လွှတ်လိုက်၏၊ ထိုမင်းသာ ရှည်မြင့်စွာ အသက်ရှည်ပါစေသတည်း''ဟု ဆုတောင်း၏။

ထို့နောက် မင်းသည် ဘုရားလောင်း၏ ဂုဏ်ကျေးဇူးကို ကြည်ညို၍ ပဒုမာကြာတော၏ မနီး-မဝေး၌ ရွာတည်၍ ဘုရားလောင်းနှင့် မယ်တော်အား နိစ္စဗဒ်ဝတ်ကို ဖြစ်စေ၏။

အခါတပါး၌ ဘုရားလောင်း၏ မယ်တော်ကွယ်လွန်၏၊ ဘုရားလောင်းသည် မယ် တော် ၏ အလောင်းကို သင်္ဂြိုဟ်ပြီးနောက် စာရဏ္ဍက အမည်ရှိသော ဇနပုဒ်သို့ သွား၏၊ ထိုအရပ်၌ ဟိမဝန္တာမှ သက်၍ ရသေ့ ငါးရာတို့ နေကြ၏၊ ဘုရားလောင်းသည် မင်းကြီးပြုသောဝတ်ကို ထိုရသေ့ ငါးရာတို့အား ပေးလှူ၏။

## မဒ္ဒီဒေဝီ

ထိုနေ့ကား ဥပုသ်နေ့တည်း။

မဒ္ဒီဒေဝီသည် ကျောင်းသခ်မ်း စင်္ကြံဦးသို့ ရောက်လော သော် ထိုထိုသော အရပ်တို့၌ သား-သမီးတို့ကို ကြည့်ရှု၍ မမြင် လျှင် ဤသို့ဆို၏—

နွားငယ်သည် အမိကို မြင်လျှင် ရှေ့မှ-နောက်မှ တွန် မြည်ကြွေးကြော်၍ကြိုဆိုမြူးတူးဘိသကဲ့သို့ရင်း, သမင် သားငယ် တို့သည် အမိကို မြင်လျှင် နားရွက် နှစ်ဖက်ကို ချီ၍ လည်ကို ဆန့်လျက် အမိဆီသို့ ရှေး႐ှု ပြေးသဖြင့် ရှေ့မှ နောက်မှ နှစ် လိုကြည်ညို ကြိုဆို မြူးတူးသကဲ့သို့ရင်း,- နေ့တိုင်းလျှင် တော အရပ်မှ ပြန်လာသော ငါအမိအား ငါ့သား, ငါ့သမီးတို့ သည် ခရီး ရင်ဆိုင်ပြေးလာ၍ ကြိုဆိုမြူးတူးကြကုန်၏၊ တော ၌ သစ်သီး သစ်မြစ်ရှာမှီး၍ ပင်ပန်းတုံသော်လည်း သား- သမီး တို့ မျက်နှာကို မြင်ရသဖြင့် အပင်ပန်း ပျောက်ငြိမ်း၏၊ ယခု မူကား ငါ့သား, ငါ့သမီး ဇာလီ-ကဏှာဇိန် မောင်နှမတို့ကို မမြင်ရခဲ့တကား။

သာနမည်သော တောင်ထိပ်၌ ဆင်တို့၏ ခြေရာ မထင် သကဲ့သို့ မြေမှုန့်ဖြင့် ရောသော ဤသင်ပြင်၌ ငါ့သား, ငါ့သမီး တို့ ခြေရာ မထင်ခဲ့တကား၊ ငါ့သား, ငါ့သမီးတို့သည် ငါလာ သည်ကို မြင်လျှင် မနီး မဝေးကပင် မြေမှုန့် အလိမ်းလိမ်းကပ် သော ကိုယ်ဖြင့် ခရီးဦးကြိုဆို လာကြကုန်လျက် ရှေ့မှ နောက် မှ နံပါးမှ ပြေးခုန်မြူးတူးကြကုန်၏၊ ယခုမူကား ငါ့သား,

ငှါသမီးတို့သည် အာဘယ်မှာ ရှိပါလိမ့်နည်း၊ နေ့တိုင်းမှာကား ဆိတ်မသည် အစာရှာ၍ ပြန်သည်ရှိသော် ဆိတ်သားငယ်တို့သည် အမိမျက်နှာကို ကြည့်ကုန်လျက် လိုက်သကဲ့သို့ ငှါသား ငှါသမီးတို့သည် မြေမှုန့် အလိမ်းလိမ်းကပ်သော ကိုယ်ဖြင့် အမိကိုကပ်၍ နေကြ၏၊ ယခုမမြင်ရခဲ့တကား။

နေ့တိုင်းလျှင် ငှါသား ငှါသမီးတို့သည် မိခင်လာသည် ရှိသော် ပြေးလာကြသဖြင့် ကစားစရာ အသီး ငှါ ဥသျှစ်သီး မှည့်တို့ကို ပေးရကုန်၏၊ ယခုမမြင်ရခဲ့တကား၊

ယခု ငါ၏ သားမြတ် အစုံတို့သည်လည်း နို့ရည်ဖြင့် ပြည့်ကုန်၏၊ ဂဏှာဇိန်, ဇာလိ မောင်နှမတို့ကို မမြင်ရခဲ့ တကား။

နေ့တိုင်းမှာမူ ဤကျောင်းသင်္ခမ်းသို့ ရောက်သောအခါ ရင်ခွင်ပေါ်၌ ငှါသား, ငှါသမီးတို့သည် မြေမှုန့် အလိမ်းလိမ်း ကပ်သော ကိုယ်ဖြင့် လူးလည်ပျော်ပါး ကြကုန်၏၊ ယခုမမြင် ရခဲ့တကား။

နေ့တိုင်းမှာမူ သူတပါးမရှိသော်လည်း သား သမီးနှင့် နေရခြင်းကြောင့်ဤကျောင်းသင်္ခမ်းသည်ပွဲ-သဘင်ကဲ့သို့ ဖြစ်၏၊ ယခု သား သမီးတို့ကို မမြင်ရသော ငါ့အား ဤကျောင်း သင်္ခမ်းသည် သုသာန်-တစပြင်ကဲ့သို့ ခြောက်ခြောက် ကပ်ကပ် ဖြစ်ခဲ့၏တကား။

အကြောင်း အသို့နည်း—

နေ့တိုင်းကား ကြိး ဥသြ အစရှိသော တောငှက်တို့သည် မြူးတူးကုန်၏၊ ယခုမူကား ထိုငှက်အပေါင်းတို့သည် သေလေ

ကုန်သလော၊ ကျောင်းသင်္ခမ်းတွင် မည်သည့် အသံကိုမျှ မကြားတိတ်ဆိတ်ဘိ၏တကားဟု ငိုကြွေးမြည်တန်းလျက် ဘုရားလှောင်းအနီးသို့ သွား၍ သစ်သီးတောင်းကို ဦးခေါင်းမှ ချပြီးသော် ဘုရားလှောင်း၏ အပေါ်၌ သားငယ်, သမီးငယ် တို့ကို မမြင်၍ တယောက်ထည်းတည်း ဆိတ်ဆိတ်နေသော ဘုရားလှောင်းကို မြင်လျှင် ဤသို့မေး၏—

အရှင်မင်းကြီး အကြောင်း အသို့နည်း။

အဘယ်ကြောင့် မတုန် မလှုပ် ဆိတ်ဆိတ် နေတော်မူသနည်း။

အကျွန်ုပ် နံနက်မိုးသောက်ထက မြင်မက်သော အိပ်မက်နှင့် ညီစွတကား။

ယခု ဤအရပ်၌ ဥသြငှက်တို့သည်လည်း မတွန်-မမြည်ကြကုန်။

အကျွန်ုပ်၏ သားငယ်, သမီးငယ်တို့သည် သေလေကုန်သလော။

သို့မဟုတ်- ဆိတ်ညံ့စွာသော ဤတောအရပ်၌အကျွန်ုပ်၏ သားငယ်, သမီးငယ်တို့ကို ခြင်္သေ့, သစ်ကျား- သားရဲတို့ စားလေကုန်သလော၊ အဘယ်သူသည် သားငယ် သမီးငယ်တို့ကို ဆောင်ယူလေသနည်း။

ထိုသို့မဟုတ်မူ— အရှင်မင်းကြီးတည်း သားငယ်, သမီးငယ်တို့ကို ဘိုးတော် သိဥ္စည်း မင်းကြီးထံ စေတုတ္တရာပြည်သို့ စေလွှတ်တော်မူသလော။

ထိုသို့ မဟုတ်မူ ချစ်ဖွယ်သော စကားကို ဆိုတတ်သော

သားသမီးတို့သည် ကျောင်းသခ်မ်းတွင်း၌ အိပ်ပျော်နေကြသလော၊ လွင်ပြင်တပါး ထွက်သွား၍ ကစား မြူးတူးကြလေသလော၊ ယခုသား-သမီးတို့၏ ဆံပင်ကိုရင်း, ရွှေကွန်ယက်နှင့်တူသော လက်ခြေမျှကိုရင်း, အကျွန်ုပ်မမြင်ခဲ့ရတကား။

ထိုသို့ မဟုတ်မူ- သားငယ်တို့ကို ဟတ္ထိလိင် သကုဏဟုဆိုအပ်သော ငှက်ဆင်တို့သည်တည်း သုတ်ချီ လေ သ လော၊ အဘယ်သူသည် အကျွန်ုပ်၏ သားငယ်, သမီးငယ်တို့ကို ဆောင်ယူလေသနည်း။

ဤသို့ မဒ္ဒီဒေဝီသည် ကိုးကွယ်ရာမရ ငိုမြည်တမ်းလျက်မေးလျှောက်လေသော်လည်း ဘုရားလောင်းသည် တ ခွန်း သောစကားကိုမျှ ပြန်၍ မပြော၊ ဆိတ်ဆိတ်နေတော်မူ၏။

ထိုအခါ မဒ္ဒီဒေဝီသည် "အရှင်မင်းကြီး အဘယ်ကြောင့်အကျွန်ုပ်နှင့် စကားပြောတော်မူခြင်းကိုမပြုသနည်း၊ အကျွန်ုပ်အားအဘယ်အပြစ်ရှိသနည်း" ဟုဆို၍ဤသို့မေးလျှောက်ပြန်၏။

အရှင့်သား အကျွန်ုပ်တို့သည် ပြည်မှ နှင်ထုတ်သည်ဖြစ်၍ တော၌ နေရကုန်သော်လည်း သား-သမီးတို့နှင့် ပျော်ပါးရကုန်၏၊ ထိုသို့ မိဖတို့၏ နှလုံးကို ရွှင်ပြုး ပျော်ပါးစေတတ်သောသား–သမီးတို့ကို ယခုမမြင်ရသော အကျွန်ုပ်အား ပြင်းစွာသောဆင်းရဲသည် ဖြစ်၏၊ ထို ဆင်းရဲ ထက် ပင်လျှင် အကျွန်ုပ်နှင့်စကားမပြောဘဲ အရှင့်သားနေတော်မူသဖြင့် အလွန်သာ၍ပင်ဆင်းရဲပြန်ဘိ၏။

စပါးကြီးမြွေကိုက်၍ ပင်ပန်းသောသူကို ပုတ်ခတ်ဘိသကဲ့သို့ ရင်း,ထန်းပင်ထက်မှ ကျသောသူကို ရိုက်ခတ်ဘိ သကဲ့

သို့ရှင်း သွေးပြည်ယိုစီးလျက် နာကျင်စွာသော အနာကို ထက်စွာသော ဆူးငြောင့်ဖြင့် ထိုးဘိသကဲ့သို့ရှင်း- သား သမီးတို့ကို မမြင်ရ၍ ပင်ပန်းသောအကျွန်ုပ်အား အရှင့်သားသည် စကားမပြောဘဲ ဆိတ်ဆိတ်နေသောအားဖြင့် အကျွန်ုပ်၏ နှလုံးကိုအလွန်နာကျင်အောင် ပြုပြန်ဘိ၏၊ အရှင့်သား အကျွန်ုပ်နှင့် ယနေ့ညဉ့်ပတ်လုံး အကယ်၍ စကားမပြောမဆို နေတော်မူသည် ဖြစ်အံ့၊ နက်ဖြန် မိုးသောက်သောအခါ ထွက်သက်-ဝင်သက် မရှိဘဲ သေခြင်းသို့ ရောက်သော အကျွန်ုပ်၏ အကောင်ကိုသာ အရှင့်သား မြင်တော်မူရလတ္တံ့-ဟု ဆို၏။

## ရာဇကုမာရ

သျှီ နမောဗုဒ္ဓါယ

ဘုရားသခင် သာသနာ အနှစ်ဘထောင့်ခြောက်ရာ့ နှစ်ဆယ့်ရှစ်နှစ် လွန်လေပြီးရကား ဤ အရိမဒ္ဒနာပူရ မည်သော ပြည်၌ အား သျှီတြိဘဝနာဒိတျ ဓမ္မရာဇ် မည်သော မင်းဖြစ်၏။

ထိုမင်း၏ ပယ်မယား တယောက်သော်ကား တြိလောက ဝဋ္ဋံသကာ ဒေဝီမည်၏၊ ထိုပယ်မယား သားတယူသည်း ရာဇကုမာရမည်၏။

ထိုမင်းကား ကျွန်သုံးရွာတည်း ပယ်မယားအားပေး၏၊ ထိုပယ်မယား သေခဲ့ရကား ထိုပယ်မယားတန်ဆာနှင့် ထိုကျွန်သုံး

ရွာနှင့်တည်း ထိုပယ်မှယားသား ရာဇကုမာရ မည်သောအား မင်းပေးတုံ၏။

ထိုမင်း၊ အနှစ် နှစ်ဆယ့်ရှစ်နှစ် မင်းမှုပြု၍၏ သေခမူ နာသရောဌ်တည်း ထိုရာဇကုမာရမည်သော ပယ်မယားသား မိမိကို မွေးသော မင်းကြီး ကျေးဇူးကို အောက်မေ့ရကား ရွှေအတိသော ဘုရားသခင် အဆင်းပြု၍၏ နှပ်လေသရောတည်း ဤသို့ မိန့်၏—

"ဤရွှေဘုရားကား ငါ့သခင်အဖို့ အတို့ ကျွန်ပြုသော တည်း၊ ကျွန်သုံးရွာ အတို့ ကျွန် ငါ့သခင် ပေးသောသည်ကား ဤရွှေဘုရားအား အတို့ ကျွန်ပေး၏"

ထိုရောတည်း မင်းနှစ်လိုရကား "ကောင်းလင့် တည်း-ကောင်းလင့်တည်း" မိန့်၍၏ သင်ဂြိမဟာထေရ်၊ သင်ဂြိမုဂ္ဂလိ ပုတ္တတိဿထေရ်၊ သင်ဂြိ သုမေဓာပဏ္ဍိတ်၊ သင်ဂြိဗြဟ္မာပါလ၊ သင်ဂြိ ဗြဟ္မဒေဝ၊ သင်ဂြိသောန၊ သင်ဂြိ သဃ်သေနဝရ ပဏ္ဍိတ် ထိုသခင်တို့ အမှောက်တည်း မင်းရေသွန်း၏။

ထိုပြီးရကား ထိုရာဇ ကုမာရမည်သော ပယ်မယားသား ထိုရွှေဘုရားတာပန၍၏ ဤရွှေအထွတ်မူသော ကူပြု၏၊ ပြုပြီးရကား ဤကူဘုရားလွှတ်သရောဌ်တည်း သက်မုနလွန်တရွာ၊ ရပါယ် တရွာ၊ ဟန်ပိုဝ်တမျှာ ဤကျွန်းသုံးရွာ ယူ၍၏၊ ထိုရာဇကုမာရ မည်သော ပယ်မယားသား ဤကူဘုရားအား ရေသွန်း၍၏၊ ဤသို့ မိန့်၏—

"ဤ ငါ့ အမှုကား သဗ္ဗညုတ ဉာဏ်ပညာ ရအံ့သော အကြောင်းဖြစ်စေသတည်း၊ ငါ့နောင်အား ငါ့သားရင်း၊ ငါ့

မြေးရင်း, ငါ့ဆွေရင်း, သူ့ဘထူးရင်း, ဤဘုရားအား ငါလှူခဲ့သော ကျွန်အနှိပ်အစက်တည်းမူ မုကား အရိမေတ္တောယျ ဘုရားသခင် အဖူးရစေ"

## အမေ့သား

အမေ့ကို သားလေးက "အမေ သားဘယ်ကလာသလဲ၊ သားကို အမေ ဘယ်ကရသလဲ" လို့ မေးတယ်။

အမေက ကလေးကို ပွေ့ပိုက်ပြီး မျက်ရည်တွေ ဖုံးနေတဲ့ မျက်လုံးနဲ့ ပြုံးကာပြောပြတယ်—

သားလေးကိုအမေချစ်တဲ့စိတ်ကအမေ့အသဲနှလုံးကြားထဲမှာ ဝှက်ထားခဲ့တယ်၊ အမေငယ်ငယ်တုံးက ကစားတဲ့ အရုပ်တွေထဲမှာလဲ သားလေးရှိခဲ့တယ်၊ မနက်တိုင်း ရွှံ့စေးနဲ့ အရုပ်လုပ်ကစားတဲ့အခါမှာ သားလေးကို အမေ့စိတ်ကြိုက် လုပ်လိုက်ဖျက်လိုက်။

သားလေးကို အိမ်ဦးနတ်နဲ့ အတူတူ အမြတ်တနိုးထားပြီး နတ်ကို ပူဇော်တဲ့အခါမှာ အမေ့ သားလေးကိုလဲ ပူဇော်တာဘဲ။

အမေရဲ့ မြှော်လင့်ချက်တွေနဲ့ ချစ်မေတ္တာ အင်အားတွေက အမေ့အသက်နဲ့ အမေ့ အမေရဲ့ အသက်တွေထဲမှာ သားလေးကို အောင်းထားခဲ့တယ်။

အမေတို့ အိမ်စောင့်နတ် ဒေဝီရဲ့ ရင်ခွင်ထဲမှာ သားလေးကို အကြာကြီး မွေးထားတယ်။

အမေအပျိုစင်တုန်းကအမေ့ အသဲနှလုံး ပွင့်ချပ်လွှာ ပွင့်သွားတဲ့ ပတ်ပတ်လည်မှာ သင်းပျံ့တဲ့ မွှေးရနံ့ဟာ သားလေးဘဲပေါ့။

သားလေးရဲ့ နုနုထွတ်ထွတ် ကလေးဟာ နေမထွက်ခင် အယင်ပေါ်လာတဲ့ ရောင်နီလို အမေ့ နုပျိုတဲ့ ကိုယ်အင်္ဂါတွေမှာ ပွင့်လန်းလာခဲ့တယ်။

မနက်ခင်း ရောင်ခြည်နဲ့ အတူတူ မွေးလာတဲ့ ကောင်းကင်ရဲ့ အချစ်ဦး သားလေးဟာ သံသရာ ရေယဉ်ကြောမှာ မျောပြီး နောက်ဆုံး အမေ့ အသဲနှလုံး သောင်ပြင်မှာ တင်နေတယ်။

သားလေးရဲ့ မျက်နှာကိုကြည့်ယင်း အမေ စဉ်းစားမရအောင်ဖြစ်နေတယ်၊ အားလုံးနဲ့ သက်ဆိုင်တဲ့ သားလေးဟာ ဘာပြုလို့များ အမေ့ကိုယ်ပိုင် ဖြစ်လာ ရသလဲလို့၊

သားလေး ပျောက်သွားမှာ စိုးလို့ အမေ့ ရင်ခွင်ထဲမှာ သားလေးကို ပွေ့ပိုက်ထားတယ်၊ ဒီလောက ရတနာကို အမေရဲ့ လက်သေးသေးကလေးတွေ ကြားထဲမှာ ဘယ်လိုအတတ်နဲ့များ အမေဖမ်းယူထားနိုင်ပါလိမ့်။

## အဖေ့သား

ငါ့သားကို အပြစ်ဆိုချင် ဆိုကြပါ၊ သူ့အပြစ်တွေကို ငါသိပါတယ်။

သူ့ကို ငါချစ်တာ လိမ္မာလို့ မဟုတ်ပါဘူး၊ ငါ့သွေး—ငါ့သား ဖြစ်လို့ပါ။

သူရဲ့အလိမ္မာနဲ့ သူရဲ့အပြစ်ကို ချိန်ယင် သူဟာ ဘယ်လောက် ချစ်စရာ ကောင်းတာ ဘယ်သူ သိနိုင်မလဲ။

သူဆိုးလို့ရိုက်ရတဲ့အခါမှာ ပိုလို့ပင် ငါ့သွေး-ငါ့သား ဖြစ်ပြီး ချစ်ရတယ်။

သူငိုအောင် လုပ်မိတဲ့အခါမှာ ငါ့အသဲနှလုံးဟာ သူ့အတွက် မျက်ရေတွေ ယိုစီးလာတယ်။

ငါသာဘဲ သူ့ကို အပြစ်ဆိုခွင့် ဒဏ်ပေးခွင့် ရှိတယ်၊ ဘာပြုလို့လဲဆိုတော့ ချစ်သူသာ ရိုက်ပိုင်ခွင့် ရှိလို့ပါဘဲ။

## အမေ အဖေ

အမေကား အဖေ စာအုပ်တွေ အများကြီး ရေးတယ်လို့ ပြောတယ်၊ သားဖြင့် အဖေဘာတွေ ရေးတယ်ဆိုတာ မသိပါဘူး။

အဖေက အမေ့ကို တညနေလုံး စာတွေဖတ်ပြနေတယ်၊ အဲဒီ စာတွေဟာ ဘာစာတွေလဲလို့ အမေသိများသိပါရဲ့လား။

အမေဟာ သိပ်ကောင်းတဲ့ ပုံတွေ ပြောတတ် တယ်၊ အဖေဟာ အဲဒါမျိုးတွေ မရေးတာ အံ့ပါရဲ့။

အဖေဟာ သူ့အမေဆီက ဘီလူးတွေ၊ နတ်သမီးတွေ၊ ရွှေမင်းသမီးတွေ အကြောင်း ပုံကောင်း ကောင်းတွေ နားမထောင် ခဲ့ရဘူးလား မသိဘူး။

အဖေဟာ အဲဒီပုံတွေ မေ့ကုန်ပြီလား။

ခဏ-ခဏ အဖေ ရေချိုးနောက်ကျတဲ့ အခါ အမေက ဆယ်ခါမက သွားပြောရတယ်။

အမေကဖြင့် စောင့်ပြီး ထမင်းတွေ-ဟင်းတွေ နွေးထားရတယ်၊ ဖေဖေကဖြင့် စာကိုချည်း ရေးနေတာဘဲ။

အဖေဟာ စာအုပ်လုပ်တမ်း အမြဲကစားနေတယ်။

အဖေ့ အခန်းထဲ သား သွားကစားယင် အမေက— "ဟဲ့ကောင်ရှုပ်ကလေး—" လို့ ခေါ်ပြီးဆိုဘယ်။

နဲနဲလေးများဆူဆူ-ညံညံလုပ်မိယင်-"ဟဲ့ ကောင်ကလေး နင့်အဖေ အလုပ်-လုပ်နေတာ မသိဘူးလား-" လို့ အမေဆိုတယ်။

အဖေရဲ့ကလောင်တံယူပြီး ကကြီး ခကွေးတွေအဖေ့လို ရေးတဲ့အခါ အမေဘာပြုလို့ စိတ်ဆိုးရတာလဲ၊အဖေသာရေးယင် အမေ ဘာမှ မပြောဘူး။

အဖေ စာရွက်တွေ အများကို ဖြုန်းပစ်တာကို အမေ ဘာမှ မပြောဘူး၊ သားသာ စာတရွက်ယူပြီး လှေလုပ်ယင်- "ကောင်ကလေး သိပ်ဒုက္ခပေးတယ်-" လို့ အမေဆိုတယ်။

အဖေဟာ စာရွက်တွေ အများကြီး အထပ်လိုက်-အ

ဆပ်လိုက် မှင်မဲမဲကြီးတွေနဲ့ ရေးရေးပစ်နေတာတွေကို အာမေဘာပြုလို့ မဆိုတာလဲ။

မိဖ-ဆောင်ပုဒ်

(၁)

လက်ဦးဆရာ၊ မည်ထိုက်စွာသား
ပုဗ္ဗာစရိယ၊ မိနှင့်ဖအား
မွေးသည့်သားတို့၊ လိုလားသိမှတ်
ကျင့်မြဲဝတ်ကား—

ရှိညွတ်လေးဖင်၊ ကျေးဇူးရှင်ဟု
ပန်းတင်ဦးထက်၊ ရွှေပန်းခက်သို့
အသက်မြင့်ရှည်၊ တည်သရွေ့လျှင်
ချော့သွေ့စကား၊ နားမထောင်လျှင်း
လုပ်ကျွေးခြင်းနှင့်၊ လယ်ခင်းကစ
မိဖတို့ဝယ်၊ ပြုဖွယ်ဖွယ်၌
မတွယ်မငြိ၊ မိမိမှုများ
ပစ်စွန့်ထား၍၊ စီးပွါးရှာရှာ
နေ၁င်လာမပျက်၊ နွယ်ဆက်မျိုးညွန့်
ပြန့်စိမ့်သောကြောင်း၊ ကောင်းသားစာရိတ်

မပိတ်မယို၊ ထိုမှုတထွေ
မိဖမွေ့ကို၊ ခံပေထိုက်အောင်
ဆောင်သားခြင်းရာ၊ ခန္ဓာဇာတိ
ဘည်မရှိလည်း၊ ငါ့မိ—ငါ့ဖ
ရစလေစေ၊ ဘို့ဝေဒါန
ဤမျှငါးပါး၊ အတိတ်ကြားသည်
တရားရှေ့ထုံး- စဉ်လာတည်း။

(၂)

ကျင့်ဝတ်တရား၊ ဤငါးပါးဖြင့်
သားဘိုဖွယ်ရာ၊ ကုံတတ်စွာမူ
ထိုသားကို၊ လူသည်းလူထွတ်
လူဘော်မှတ်၏၊ နတ်သည်းနတ်လျှောက်
နတ်ပြည်ချောက်မျှ၊ ချီးမွမ်းကြလိမ့်။

တွေးဆမျက်မြော်၊ ဘီလူးသော်လည်း
မချော်မခက်၊ စိတ်မွေ့ညက်၍
အသက်မသတ်၊ ဘေးမဲ့လွှတ်၏။

မလဘ်မကော၊ ပင်လယ်ကြောဝယ်
သဘော်လှေမှောက်၊ သေဘေးရောက်လည်း

ချိုးမြွောက်နတ်များ၊ မ,သောအားဖြင့်
ထိပါးဥပဒ်၊ ဘေးမှလွတ်၏။

ကင်းပြတ်ဝိညာဉ်၊ ခန္ဓာစဉ်လည်း
ဖဲကြဉ်အပါယ်၊ လူ့ဘုန်းကြွယ်ဟု
လူဝယ်လူထင်၊ နတ်တွင်နတ်ကောင်း
နှောင်းကားမင်္ဂလိ၊ လိုသားဆုတ်မြတ်
ပြည့်လေတတ်၏။

အကျွတ်သန်ကြောင်း၊ ဘုရားလောင်းတို့
လှဲပြောင်းဖောက်ပြန်၊ တိရစ္ဆာန်ဟု
သန္တာန်ယုတ်မာ၊ ဖြစ်သောခါလည်း
ပညာဇာတိ၊ မွေးကျိုးသိ၍
မွေးမိ-မွေးဖ၊ မွေးဘူးကြသည်
ရှေးကလမ်းဟောင်း- ထင်စွာတည်း။

(၃)

မိကိုညာက၊ ဖကိုလက်ဝဲ
ကိုင်စွဲချီလျက်၊ ပခုံးထက်ဝယ်
အသက်ဆုံးအောင်၊ မြတ်နိုးဆောင်၍
အခေါင်အဖျား၊ လုပ်ကျွေးငြားလည်း

မွေ့ဖွားပိုက်ကျူး၊ ရှေးတင်ဘူးသည့်
ကျေးဇူးလှယ်ပြိုင်၊ မဆတ်နိုင်ခဲ့။

(၄)

မိဖတို့မှာ၊ ကျင့်ကောင်းရာကို
ကောင်းစွာမမှား၊ ကျင့်သောအားဖြင့်
ပုဏ္ဏားရာမ၊ ကုမ္ဘဝတီ
ဒဏ္ဍကီ၏၊ ပူရီပြည်လုံး
လက်နက်ဖုံးလည်း၊ မဆုံးမပျက်
ခြားခဲ့ကွက်၏။

တချက်ထိုမှ၊ အလိနသတ္တု
ငယ်နုရွယ်ဦး၊ မင်းယဉ်ကျူးလည်း
ဘီလူးမစား၊ ဖုစကားကို
ထောင်နှုးမခွ၊ နှုတ်တတ်လှ၍
ရာမလောင်းတော်၊ ခြောက်သောင်းကျော်အောင်
နှုံးခပါစိစား၊ သက်ရှည်လျှင်း၏

(၅)

လောကမြေဘာ၊ လူတို့တံထွာဖြင့်
နောင်ခါထို့တူ၊ မွေးစိမ့်ဟူ၍

# မြတ်မင်္ဂလာ

မှတ်ယူသောအား၊ သမီးသားကို
ဝတ်စားဆင်ယင်၊ သုတ်သင်လုပ်ကျွေး
ပြုစုမွေးကာ၊ ကြွေးသစ်ချသည်
သဘောမည်၏။

ရှင်ကြည်အထူး၊ မွေးခဲ့ဘူးသည့်
ကျေးဇူးသခင်၊ မွေးမိခင်နှင့်
ဖခင်တို့အား၊ ခစားမကင်း
လုပ်ကျွေးခြင်းကား၊ မယွင်းပညပ်
ကျွေးဟောင်းဆပ်ဘည့်။

တရပ်သို့မှ၊ သမဏ-ဗြာဟ္မဏာ
ယာစကာအား၊ သဒ္ဓါကြည်ဖြူ
ပေးလှူသည်မှာ၊ သံသရာဝယ်
လိုရာမည်သို့၊ သုံးရန်မျိုးဖြင့်
ရွှေအိုးမြှုပ်သည်၊ မည်လတ်ရှောင်း၏။

ကြွေးဟောင်းဆပ်လစ်၊ ကြွေးသစ်ချခြင်း
မြေတွင်းနှံ့ရိုး၊ သူမခိုးနိုင်
ရွှေအိုးမြှုပ်ထ၊ ဤကိစ္စနှင့်
သောတာဆယ်မျိုး၊ နှောင်မစိုးအောင်
သတိုးသက်ဝေ၊ ကျင့်တတ်စေလော့။

( ၆ )

ပါပတရ၊ ယုတ်မာလှသား
ဗာလအတိ၊ မိုက်ခေါင်ထိတို့
အဓိဟူသည်၊ လူတို့ပြည်ဝယ်
နို့ရည်တိုက်ကျွေး၊ ငယ်ကမွေးလျက်
နို့ကြွေးတင်ရှိ၊ မဆပ်တုံတည့်။

လူ့ဘုံဌာန၊ ဤလောက၌
ဖကို လကျာ၊ မိမှာလက်ဝဲ
အမြဲဆော ရွက်၊ ပခုံးထက်တွင်
တင်လျက်လုပ်ကျွေး၊ မပြတ်မွေးလည်း
ကျေးဇူးဂုဏ်စိုင်၊ မကုန်နိုင်ဘူး။

ဥာဏ်ခိုင်ဇာတိ၊ သန္ဓေသိနှင့်
ဗောဓိပွင့်လျာ၊ သူတို့မှာကား
မာတာပိတာ၊ မိဖတို့အား
မစားကိုယ်ဝမ်း၊ ရိန္နမ်းခံလစ်
ကေရာဇ်ဖြင့်၊ မင်းဖြင့်စွန့်ပယ်
မင်းစွယ်ချီးကာ၊ လွန်စွာမြတ်လေး
သက်စွန့်မွေး၏၊

# သူကြွယ်လင်-မယား

သားမယားကို သင်္ဂြိုဟ် ထောက်ပံ့ခြင်းသည် လည်း မြတ်သောမင်္ဂလာမည်၏။

အခါတပါးမြတ်စွာဘုရားသည် ဘဂ္ဂတိုင်းသုသုမာရဂိရ မြို့၌ သီတင်းသုံးနေတော်မူသည်၊ ထိုအခါနကုလပိတာသူကြွယ် နှင့် နကုလမာတာသူကြွယ်မတို့သည် မြတ်စွာဘုရားထံသို့ ချဉ်း ကပ်ကြ၍ ရှိခိုးလျက် တနေရာ၌ ထိုင်ပြီးလျှင် သူကြွယ်သည် မြတ်စွာဘုရားအား-"အရှင်ဘုရား၊ အကျွန်ုပ်သည် ငယ်ရွယ်စဉ် ကပင် ငယ်ရွယ်သူ နကုလမာတာသူကြွယ်မကို ထိမ်းမြားယူ ဆောင်ခဲ့သည်မှ စ၍ စိတ်မျှဖြင့်လည်း သူကြွယ်မကို လွန်၍ ကျင့်မိသည်ဟု အကျွန်ုပ်မသိပါ၊ ကိုယ် ဖြင့် မူကား အဘယ် ဆိုဖွယ်ရာရှိအံ့နည်း၊ အရှင်ဘုရား အကျွန်ုပ်တို့သည် ယခု ဘဝ လည်း အချင်းချင်း ရှုမြင်လိုကုန်၏၊ နောင် ဘ ဝ ၌ လည်း အချင်းချင်းရှုမြင်လိုကုန်၏-"ဟု လျှောက်၏။

နကုလမာတာသူကြွယ်မကလည်း ထို့ အတူပင်လျှောက် ကြားလေရာ မြတ်စွာဘုရားက- "ဒါယကာတို့ လင်မယားနှစ်ဦး သည် ယခုဘဝလည်း အချင်းချင်းရှုမြင်ကြရန်၊ နောင်ဘဝ၌ လည်း အချင်းချင်း ရှုမြင်ကြရန် အကယ်၍ အလိုရှိကုန်အံ့၊ နှစ်ဦးလုံးတို့သည် တူမျှသော သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာရှိကုန် ရာ၏၊ သို့ဖြင့် လင်—မယား နှစ်ဦးတို့သည် ယခု ဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရ၏၊ နောင်ဘဝ၌လည်း အချင်းချင်း

ရှုမြင်ကြရလတ္တံ့—”ဟု မိန့်တော်မူပြီးနောက် တရားဟောကြား တော်မူ၏။

လင်-မယားနှစ်ဦးလုံးတို့ပင် သဒ္ဒါတရားနှင့်ပြည့်စုံကုန်၏၊ အလှူခံတို့၏စကားအဓိပ္ပာယ်ကိုလည်း သိကုန်၏၊ ကိုယ်နှုတ်နှလုံး စောင့်စည်းကြကုန်၏၊ ထိုလင်-မယားနှစ်ဦးလုံးတို့သည် အချင်းချင်းချစ်ဖွယ်သောစကားကို ပြောဆိုကြကုန်လျက် တရားသဖြင့် အသက်မွေးကြကုန်၏။

တူမျှသော သီလ ရှိကုန်သော လင်-မယား နှစ်ဦးလုံးတို့အား အကျိုးစီးပွား တို့ သည် များပြားကုန်၏၊ ချမ်းသာစွာ နေရခြင်းသည် ဖြစ်၏၊ ရန်သူတို့ နှလုံး မသာဖွယ် ဖြစ်ကြကုန်၏။

တူမျှသောသီလရှိကုန်သော လင်-မယားနှစ်ဦးလုံးတို့သည် ဤလူ့ဘဝ၌တရားကိုကျင့်ကြကုန်၍ နတ်ပြည်လောက၌ အလုံးစုံသော ကာမတို့ကို လိုတိုင်းရကုန်လျက် နှစ်သက် မွေ့လျော်ရကုန်သတည်း။

## သားသမီး မရှိသူ

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပသေနဒီကောသလမင်းသည် နေမွန်းတည့်အခါ၌ မြတ်စွာဘုရားထံသို့ချဉ်းကပ်၍မြတ်စွာဘုရားကိုရှိခိုးလျက် ဘနေရာ၌ ထိုင်နေ၏၊ ထိုအခါ မြတ်စွာဘုရားက—“မင်းသည်

သင်သည် ယခုမွန်းတည့်အခါ ဘယ်အရပ်ကလာခဲ့သနည်း—''ဟု မေး၏။

''အရှင်ဘုရား၊ ဤသာဝတ္ထိပြည်၌ သူဌေးကြီးတဦးသေခဲ့ပါသည်၊ အမွေခံသားသမီးမရှိ၍ ထိုသူဌေးကြီး၏ ဥစ္စာများကို အကျွန်ုပ်သည် နန်းတွင်းသို့သွင်း၍ လာခဲ့ပါသည်၊ အရှင်ဘုရား ရွှေချည်းပင် ရှစ်သန်းရှိပါသည်၊ ငွေမှုကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း၊ အရှင်ဘုရား ထိုသူဌေးသည် ပုန်းရည်နှင့် ဆန်ကွဲထမင်းကိုသာ စားပါသည်၊ သုံးလွှာ စပ်၍ ချုပ်သော ပိုက်ဆံလျှော် အဝတ်ကိုသာဝတ်ပါသည်၊ သစ်ရွက်ထီးကိုဆောင်းလျက် ဆွေးမြေ့သော ရထားငယ်ဖြင့် သွားပါသည်—''ဟု လျှောက်ကြား၏။

မင်းကြီး၊ ဤစကားသည် ဤအတိုင်းမှန်၏။

မင်းကြီး သူတော်မဟုတ်သော သူယုတ်သည်များမြတ်သောစည်းစိမ်ကို ရ၍ မိမိကိုယ်ကို မချမ်း မဖွံ့ဖြိုးစေ၊ အမိအဖတို့ကိုမချမ်းသာမဖွံ့ဖြိုးစေ၊သားမယားတို့ကို မချမ်းသာ မဖွံ့ဖြိုးစေ၊ ကျွန်အလုပ်သမားတို့ကိုမ ချမ်းသာမဖွံ့ဖြိုးစေ၊ အဆွေခင်ပွန်းတို့ကို မချမ်းသာ မဖွံ့ဖြိုးစေ၊ မွန်မြတ်သော အကျိုးကို ဖြစ်စေတတ်သောအလှူကို သမဏဗြာဟ္မဏတို့၌မဖြစ်စေ၊ ထိုသူ၏ ဤသို့ကောင်းစွာ မသုံးဆောင်အပ်ကုန်သော ထိုစည်းစိမ်ဥစ္စာတို့ကို မင်းတို့သည်မူလည်း ဆောင် ကုန် ၏၊ ခိုးသူ တို့ သည် မူလည်း ဆောင်ကုန်၏၊မီးသည်မူလည်းလောင်၏၊ ရေ၌မူလည်းမျော၏၊

မချစ် မနှစ်လိုအပ်ကုန်သော အမွေခံတို့သည် မူလည်း ဆောင်ကုန်၏။

မင်းကြီး ဤသို့ ထိုသူ၏ထိုစည်းစိမ်ဥစ္စာတို့သည် ကောင်းစွာ မသုံးဆောင်အပ်ကုန်သည် ဖြစ်၍ ကုန်ခန်းခြင်းသို့ ရောက်ကုန်၏၊ သုံးဆောင်ခြင်းသို့မရောက်ကုန်။

မင်းကြီး၊ ဥပမာသော်ကား လူမရှိသောအရပ်၌ ကြည်လင် ချမ်းအေး ချိုသော ရေကန်သည်ရှိ၏၊ ထိုရေကို လူအပေါင်းတို့ မဆောင်ယူရာ၊ မသောက်မချိုးရာ။

မင်းကြီး၊ ဤသို့မပြုသော်လည်း ထိုရေသည် ကောင်းစွာ မသုံးဆောင်ရဘဲလျက် ကုန်ခန်းခြင်းသို့ရောက်ရာ၏၊ သုံးဆောင်ခြင်းသို့မရောက်ရာ။

မင်းကြီး ဤသို့ ထိုသူ၏စည်းစိမ်ဥစ္စာတို့သည်ကောင်းစွာ မသုံးဆောင်အပ်ကုန်သည် ဖြစ်၍ ကုန်ခန်းခြင်းသို့ ရောက်ရာ၏၊ သုံးဆောင်ခြင်းသို့မရောက်ကုန်။

သိကြားလိမ္မာသောပညာရှိသည် စည်းစိမ်ဥစ္စာတို့ကိုရ၍ သုံးဆောင်ခံစားရ၏၊ ကောင်းမှုကိုလည်းပြု၏၊ ထိုပညာရှိသည် ဆွေမျိုးအပေါင်းအား ချီးမြှောက်ထောက်ပံ့ခြင်းကိုပြုလျက် မကဲ့ရဲ့အပ်သည်ဖြစ်၍ ကောင်းမှုပြုသောသူတို့၏ တည်ရာဖြစ်သောနတ်ပြည်သို့ရောက်၏ဟု မိန့်တော်မူ၏။

# ကဋ္ဌဝါဟန

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် အခြံအရံများစွာဖြင့် ဥယျာဉ်သို့ သွား၍ ထိုဥယျာဉ်၌ အသီး အပွင့်၌ တပ်မက်မောသဖြင့် လှည့် လည် သည် ရှိသော် ဥယျာဉ်တောအုပ်၌ သီချင်းသီ၍ ထင်းခွေသောဆင်းရဲသူမိန်းမ တယောက်ကိုမြင်၍ နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ သံဝါသ ပြု၏။

ထိုခဏ၌လျှင် ဘုရာလောင်းသည် ထင်းခွေမိန်းမဝမ်း၌ ပဋိသန္ဓေနေ၏၊ ထိုပဋိသန္ဓေနေသောခဏ၌လျှင် ထင်းခွေမိန်းမ၏ ဝမ်းသည် ဝရဇိန်ဖြင့် ပြည့်သကဲ့သို့ လေး၏၊ ထင်းခွေမိန်းမသည် ကိုယ်ဝန်တည်သောအဖြစ်ကို သိ၍—"အရှင်မင်းကြီး၊ အကျွန်ုပ်အား ကိုယ်ဝန်တည်၏—"ဟု လျှောက်၏။

မင်းသည် လက်စွပ်ကို ပေးခဲ့၍—"သမီးသည် အကယ်၍ ဖြစ်အံ့၊ လက်စွပ်ကိုရောင်း၍ မွေးရစ်လော့၊ သားတည်းအကယ်၍ ဖြစ်အံ့၊ လက်စွပ်နှင့်တကွ ငါ့အထံသို့ ဆောင်ခဲ့လော့—"ဟု ဆို၍ သွား၏။

ထင်းခွေမိန်းမသည်လည်း ပြည့်သော ကိုယ်ဝန် ရှိသည် ဖြစ်၍ ဘုရားလောင်းကိုဖွား၏၊ ဘုရားလောင်း၏ ရှေ့ရှုပြေး၍ ရင်း,ထက်ဝန်းကျင်ပြေး၍ရင်း သွားတတ်သောကာလ၌ ကစားရာအရပ်၌—"ငါတို့ကို အဖမရှိသူဟု ပုတ်ခတ်၏"ဟု သူငယ်တို့ ဆိုကြ၏။

ဘုရားလောင်းသည်ထိုစကားကိုကြား၍ အမိထံ သွား၍ "မိခင် ငါ့အဖသည် အဘယ်သူနည်း"ဟု မေး၏။

"ချစ်သား၊သင်သည် ဗာရာဏသီမင်း၏သားတည်း"

"မိခင် တစုံတခုသော သက်သေ ရှိသလော"

"ချစ်သား၊မင်းသည်ဤလက်စွပ်ကိုပေး၍ သမီးဖြစ်က လက်စွပ်ကိုရောင်း၍အသက်မွေးချေလော့၊ သားသည် အကယ်၍ ဖြစ်ခဲ့အံ့၊ လက်စွပ်နှင့်တကွ ငါ့အထံသို့ ဆောင်ခဲ့လော့ဟုဆို၏"

"အဘယ့်ကြောင့် ငါ့ကို အဖထံသို့ မဆောင်သနည်း"

ထင်းခွေမိန်းမသည် သား၏အလိုကိုသိ၍ မင်းအိမ်တံခါးသို့ သွား၍ မင်းအားကြားလျှောက်စေ၏၊ မင်းလည်း ခေါ်စေ၍ ထင်းခွေမိန်းမသည် ဝင်၍မင်းကိုရှိခိုး၍—"အရှင်မင်းကြီး ဤသူငယ်သည် အရှင်မင်းကြီး၏သားတည်း—"ဟု လျှောက်၏။

မင်းသည်သိလျက်လည်း ပရိသတ်၏အလယ်၌ ရှက်ခြင်းကြောင့်"ငါ့သားမဟုတ်"ဟု ဆို၏။

"ရှင်မင်းကြီး ဤလက်စွပ်သည် ရှင်မင်းကြီး၏လက်စွပ်တည်း၊ ဤလက်စွပ်ကိုသိတော်မူလော့"

"ဤလက်စွပ်သည်လည်း ငါ့လက်စွပ် မဟုတ်"

"ရှင်မင်းကြီးသစ္စာပြုခြင်းကိုထား၍ အကျွန်ုပ်အား တပါးသော သက်သေမရှိ၊ ဤသူငယ်သည် အရှင် မင်းကြီးတို့ကိုစွဲ၍ အကယ်၍ဖြစ်ငြားအံ့၊ ကောင်းကင်၌ဘည်စေ၊ အကယ်၍မဖြစ်ငြားအံ့၊ မြေသို့ကျ၍သေစေ—"ဟုဘုရားလောင်း၏ခြေ၌ကိုင်၍ ကောင်းကင်သို့ပစ်၏။

ဘုရားလောင်းသည် ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေ

လျက် သာယာစွာသောအသံဖြင့်''လူတို့ကိုအစိုးရတော်မူသော မင်းကြီး၊ အကျွန်ုပ်သည် အရှင်မင်းကြီး၏သားတည်း၊ အရှင်မင်းကြီးသည် အကျွန်ုပ်ကို မွေးမြူပါလော့၊ အရှင်မင်းကြီးသည် တပါးသောသူတို့ကိုလည်းမွေးမြူ၏၊ အရှင်မင်းကြီးသည် မိမိသားကို အသို့မူ၍ မမွေးမြူသနည်း''ဟု ဆို၏။

မင်းသည် ကောင်းကင်၌နေ၍ ဤသို့တရားဟောသော ဘုရားလောင်း၏တရားစကားကိုနာရ၍—''ချစ်သား လာလော့၊ ငါသည်လျှင်မွေးအံ့၊ ငါသည်လျှင် မွေးအံ့''ဟု လက်ဖြန့်၏၊ တပါးသောသူတို့လည်းလက်တထောင်ကို ဖြန့်လင့်ကြ၏၊ ဘုရားလောင်းသည် တပါးသောသူ၏လက်၌ မသက်မူ၍ မင်း၏လက်၌ သက်၍ရင်ခွင်၌နေ၏။

မင်း[illegible] ဘုရားလောင်းအား အိမ်ရှေ့မင်း၏ အဖြစ်ကို ပေး၍ အမိကို မိဖုရားကြီးအရာ၌ထား၏၊ ဘုရားလောင်းသည် အဖလွန်[illegible] ကဋ္ဌဝါဟန(ထင်းသမ်း)မည်သော မင်းဖြစ်၍ တရားသဖြင့်မင်းပြု၍ ကံအားလျော်စွာလား၏။

## သားလေးပါး

သားမည်သည်ကား အတြဇသား၊ခေတြဇသား၊အန္တေဝါသိကသားနှင့် ဒိန္နကသားဟူ၍ လေးပါးအပြားရှိ၏၊ ထိုလေးပါးတို့တွင် (၁) မိမိကိုယ်ကို စွဲ၍ ဖြစ်သောသားသည် အတြဇသားမည်၏၊ (၂)အိပ်ရာအပြင် ပလ္လင် အစရှိသည်တို့၌ ဖြစ်သော

သားသည်ခေတြဇသားမည်၏၊ (၃)အထံ၌ အတတ်သင်သော သားသည် အန္တေဝါသိက သားမည်၏၊(၄)မွေးစားစိမ့်သောငှာ ပေးအပ်သောသားသည် ဒိန္နက သားမည်၏။

## မြတ်သော သား မယား

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီးတင်းသုံး နေတော်မူသောအခါ၊ တနေ့သောသန်ကောင်ယံ တွင် နတ်သားတယောက် ရောက်လာပြီး မြတ်စွာဘုရားအားရှိခိုး ပြီး ဂါထာဖြင့် လျှောက်ကြား၏။

"အခြေ နှစ်ချောင်း ရှိသူတို့တွင် မင်းသည် လွန်မြတ်၏၊ အခြေ လေးချောင်းရှိ သတ္တဝါတို့တွင် နွားလား ဥသဘသည် လွန်မြတ်၏၊မယားတို့တွင် ပျိုမျစ်နုနယ်သော သတိုးသမီးသည် လွန်မြတ်၏၊သားတို့တွင် ရှေးဦးစွာ မွေးဖွားသော သားသည် လွန်မြတ်၏။"

ထိုအခါ မြတ်စွာဘုရားက "အခြေ နှစ်ချောင်း ရှိသူတို့ တွင် သမ္မာသမ္ဗုဒ္ဓသည် လွန်မြတ်၏၊အခြေ လေးချောင်းရှိ သတ္တ ဝါတို့တွင် အာဇာနည်သည် လွန်မြတ်၏၊မယားတို့တွင် လင်ကို နှစ်သိမ့်စေသော မယားသည် လွန်မြတ်၏၊ သား-သမီးတို့တွင် မိဖတို့၏ စကားကို နားထောင်သော သား-သမီးသည် လွန် မြတ်၏-"ဟု မိန့်ကြားတော်မူ၏။

## မိုရာ ခင်ပွန်း

လူတို့၏ မိုရာသည် အဘယ်ပါနည်း။
လူတို့၏ မိုရာသည် သားသမီးတို့ဘည်း။
ဤလောကဌ် လွန်မြတ်သော အဆွေခင်ပွန်းသည် အဘယ်ပါနည်း။
ဤလောကဌ် လွန်မြတ်သော အဆွေခင်ပွန်းသည် မယားပါတည်း။
အကြင်သတ္တဝါတို့သည် မြေဌ်မှီကုန်၏၊ ထိုသတ္တဝါတို့သည် အဘယ်ကိုမှီ၍ အသက်မွေးပါကုန်သနည်း။
အကြင် သတ္တဝါ တို့သည် မြေဌ် မှီကုန်၏၊ ထိုသတ္တဝါတို့သည် ရွာချသောမိုးကို မှီ၍အသက်မွေးကုန်၏။

## သမီးကလေး

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်း သုံးနေတော်မူ၏၊ ထိုအခါ ပသေနဒီ ကောသလမင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တနေရာ၌ ထိုင်နေ၏၊ ထိုအခါ မင်းချင်းတယောက်သည် ပသေနဒီ ကောသလမင်းကြီးထံ ချဉ်းကပ်၍ မင်းကြီး၏ နားရင်းသို့ ကပ်ပြီး– "အရှင်မင်းကြီး မလ္လိကာမိဖုရားသည် သမီးတော် ဖွားမြင်ပါသည်–" ဟုလျှောက်ကြား၏။

ဤသို့ ကြွားလျှောက်သည်ရှိသော် ပသေနဒီ ကောသလ မင်းသည် နှလုံးမသာ-မယာ ဖြစ်၏၊ထိုအခါ မြတ်စွာဘုရားသည် မင်းကြီး နှလုံးမသာယာသည်၏ အဖြစ်ကို သိ၍– "လူတို့ကို အစိုးရသောမင်း သမီးကို ကျေးမွေး သုတ်သင်လော့၊ ပညာ ရှိသော အကျင့်သီလရှိသော ယောကျ်ာမကိုနတ်ကဲ့သို့ ရိုသေသော လင်ကို လုပ်ကျွေးသော အချို့သော မိန်းမသည်လည်း မြတ်၏။ အရပ်မျက်နှာတို့၏ အ ရှင်ဖြစ်သောမင်း ထိုမိန်းမတို့အား အကြင် သား ယောကျ်ားကို မွေးဖွား၏၊ ထိုသို့ သဘောရှိသော မိန်း မ ကောင်း၏ သားသည် ရဲရင့်၏၊ တိုင်းပြည် ကိုလည်း ဆုံးမ နိုင်၏-"ဟု ဟောကြားတော်မူ၏။

## သောမာ ဘိက္ခုနီ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်း သုံးနေတော်မူ၏၊ထိုအခါ သောမာဘိက္ခုနီသည် နံနက် အခါ၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူ ပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်၏၊ ဆွမ်းခံ လှည့်လည်ပြီး၍ ဆွမ်းစားပြီးနောက် အန္ဓဝန်တောသို့ နေ့သန့်စင် ခြင်း ငှာ ချဉ်းကပ်ပြီးလျှင် သစ်ပင် တပင်ရင်း၌ ထိုင်နေ၏။

ထိုအား ယုတ်မာသော မာရ်နတ်သည် သောမာဘိက္ခုနီ အား ကြောက်ခြင်း ထိတ်လန့်ခြင်း ကြက်သီး မွေးညင်း ထ ခြင်းကို ဖြစ်စေလို၍ရင်း, တည်ကြည်ခြင်းသမာဓိမှ ရွေ့လျော

စေလို၍ငင်း—သောမာဘိက္ခုနီ ထံသို့ ချဉ်းကပ်၍- "ရောက်နိုင်ခဲသော အကြင် အရဟတ္တဖိုလ်သို့ သူတော်ကောင်း တို့သည် ရောက်အပ်၏၊ သင်သည် မိန်းမ၏ လက်နှစ်သစ်မျှသော ပညာဖြင့် ထို အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာ မတတ်နိုင်—"ဟု ဆို၏။

ထိုအခါ သောမာ ဘိက္ခုနီအား ဤသူ သည် ကား ယုတ်မာသော မာရ်နတ်တည်းဟု သိ၍—"ကောင်းစွာ တည်ကြည်သောစိတ်၌ ဖလသမာပတ်ဉာဏ် ဖြစ်သည်ရှိသော်တရားကို ကောင်းစွာ မြင်သော သူအား မိန်းမ အဖြစ်သည် အဘယ် ပြုအံ့နည်း၊ အကြင်သူအား ငါကား မိန်းမဟူ၍ငင်း, ငါကား ယောကျ်ားဟူ၍ငင်း- ဤသို့ဖြစ်ရာ၏၊ ထိုသူကိုသာလျှင် မာရ်နတ် ဆိုထိုက်၏—"ဟု ပြန်ကြား၏။

## သိကြားမင်း ရှိခိုးခြင်း

ရှေးက ဖြစ်ဘူးသည်ကား—

နတ်တို့ အရှင်သိကြားမင်းသည် မာတလိနတ်သားအား - "အချင်း မာတလိရထားကို ပြင်လော့၊ မြေကောင်းရာ အရပ်ကို ကြည့်ရှုခြင်းငှာ ဥယျာဉ်မြေသို့ သွားကုန်အံ့-"ဟု ဆို၏။

"အရှင် သိကြားမင်း ကောင်းပါပြီ-" ဟု ဝန်ခံ၍ အာဇာနည် မြင်းတထောင်ကသော ရထားကို ပြင်ဆင်ပြီးလျှင်- "အရှင် သိကြားမင်း ရထားကို ပြင်ဆင် ပြီးပါပြီ၊ သွားရန် အချိန်ကို အရှင် သိပါသည်—"ဟု ဆို၏။

ထိုအခါ သိကြားမင်းသည် ဝေဇယန္တာ ပြာသာဒ်မှ ဆင်းသက်သည် ရှိသော် လက်အုပ်ချီ၍ အရပ်လေးမျက်နှာကို ရှိခိုး၏၊ ထိုအခါ မာတလိနတ်သားက—"သိကြားမင်း ဝေဒ သုံးပုံဆောင် ပြဟ္မဏတို့သည်ရင်း, မြေ၌နေသူ မင်းလုံးတို့ သည်ရင်း, မင်းတို့သည်ရင်း, နတ်မင်းကြီး လေးယောက်တို့ သည်ရင်း, အခြံအရံများသော တာဝတိံသာ နတ်တို့သည်ရင်း အရှင် သိကြားမင်းကို ရှိခိုးကုန်၏၊ သို့ဖြစ်ပါလျက် အရှင် သိ ကြားမင်း ရှိခိုးသော နတ်မင်းကြီးသည်ကား အဘယ် အမည် ရှိသော နတ်မင်းပါနည်း—"ဟု မေး၏။

"မာတလိ ငါသည်ကား သီလနှင့် ပြည့်စုံ ကုန်သော ရှည်စွာသောညဉ့်တို့ ပတ်လုံးတည်ကြည်ခြင်း ရှိကုန်သော မြတ် သော အကျင့်လျှင် လည်းလျောင်းရာ ရှိကုန်သော ရဟန်းတို့ကို ကောင်းစွာ ရှိခိုး၏၊ အကြင် သူတို့သည် အိမ်၌ တည်ကုန်၍ ကောင်းမှုကို ပြုကုန်၏၊ သီလရှိကုန်၏၊ ရတနာ သုံးပါးကို ဆည်းကပ်ကုန်၏၊ တရားနှင့်အညီ သားမယားကို မွေးမြူကုန်၏၊ ထိုသူတို့ကို ငါရှိခိုး၏—"ဟုဆို၏။

ထိုအခါ မာတလိက— "အရှင်သိကြားမင်း အရှင် သိ ကြားမင်း ရှိခိုးသော ထိုသူတို့ကို အကျွန်ုပ်သည်း ရှိခိုးပါ၏"ဟု ဆိုကာ ရှိခိုးလေသည်။

## သင်္ဂြိုဟ် ထောက်ပံ့ခြင်း

ရဟန်းတို့ သင်္ဂြိုဟ် ထောက်ပံ့ကြောင်း သင်္ဂဟဝတ္ထုတို့သည် ဤလေးမျိုးတို့တည်း။

အဘယ် လေးမျိုးတို့နည်း ဟူမူ—

(၁) ပေးကမ်းခြင်း (၂) ချစ်ဖွယ်စကားကိုဆိုခြင်း (၃) အကျိုးစီးပွားကို ကျင့်ခြင်း (၄) ကိုယ်နှင့်ထပ်တူ ပြုခြင်း တို့တည်း။

ရဟန်းတို့ သင်္ဂြိုဟ် ထောက်ပံ့ကြောင်း သင်္ဂဟဝတ္ထုတို့သည် ဤလေးမျိုးတို့တည်း။

ဤလောက၌ ပေးကမ်းခြင်းဒင်း, ချစ်ဖွယ် စကားကို ဆိုခြင်းဒင်း, အကျိုးစီးပွားကို ကျင့်ခြင်းဒင်း, ထိုထိုအခြာင်းတို့၌ ထိုက်သည်အား လျော်စွာ ကိုယ်နှင့် ထပ်တူ ပြုခြင်းဒင်း ထို သင်္ဂဟဝတ္ထု လေးမျိုးတို့သည် သွားနေသော ရထား၏ နားစောင့်ကဲ့သို့၊ လောကကို ချီးမြှောက်ကုန်၏။

အကယ်၍ ထိုသင်္ဂဟဝတ္ထု လေးမျိုးတို့ မရှိကုန်ငြားအံ့၊ အမိသည် သားဟူသော အကြောင်းကြောင့် ပူဇော်ခြင်း မြတ်နိုးခြင်းကိုမရရာ၊အဖသည်လည်း သားဟူသော အကြောင်းကြောင့် ပူဇော်ခြင်း မြတ်နိုးခြင်းကို မရရာ။

ထိုသင်္ဂဟ ဝတ္ထုလေးပါးတို့ကို ပညာရှိတို့သည် ကောင်းစွာ ရှုဆင်ခြင် ကြကုန်သောကြောင့် မြတ်သည် ၏ အဖြစ်သို့ရောက်ကုန်၏၊ ထိုပညာရှိတို့သည် ချီးမွမ်းထိုက်သူတို့ ဖြစ်ကုန်၏။

သင်္ဂြိုဟ်ခြင်းဟူသည်မှာ ထောက်ပံ့ခြင်း ဖြစ်၏၊ထောက်ပံ့ခြင်း ဟူသည်မှာလည်း ကူညီခြင်း ဖြစ်၏၊ အကူ - အညီပေးခြင်းမှာ လေးပါးအပြားရှိ၏၊ ပစ္စည်းဥစ္စာ တစုံတရာ ပေးကမ်းခြင်း သည်လည်း ကူညီခြင်းဖြစ်၏၊ သို့မဟုတ် ချစ်ဖွယ်သော စကားကို ဆိုခြင်းသည်လည်း ကူညီခြင်းပင်ဖြစ်၏၊ သို့မဟုတ် အကျိုးစီးပွားကို ကျင့်ခြင်းသည်လည်း ကူညီခြင်းပင် ဖြစ်၏၊ ထို့ပြင် ကိုယ်နှင့်ထပ်တူ ပြုခြင်းသည်လည်း ကူညီခြင်းပင် ဖြစ်၏။ ကိုယ်နှင့်ထပ်တူ ပြုခြင်းမှာ ကိုယ်ချင်းစာခြင်း ကိုယ်နှင့် နှိုင်းစာခြင်းပင် ဖြစ်၏၊ တနည်း-

ကိုယ့်အောက်၊ တမ်းတူ၊ အထက်သူဟု
မှတ်ယူမြဲသို့၊ သုံးပုဂ္ဂိုလ်တွင်
အောက်ကိုသနား၊ တမ်းတူအားမူ
မြှောက်စားအမျှ၊ မယုတ်ချဘဲ
ထက်ကလူမှာ၊ ရိုသေရာ၏။

လူတို့သည် ဤ အကူ-အညီ လေးမျိုးကို ကောင်းစွာ သဘောပေါက်ပြီး လိုက်နာ ကျင့်သုံး နေကြပါလျှင် လောကကြီးမှာ မြတ်သောမင်္ဂလာတို့ဖြင့် ရွှန်းစိုနေပေမည်၊ ယင်းသို့ မဟုတ်မူ၍ မည်သို့ ကူညီရမည်ကို မသိခြင်းနှင့် ကူညီသော်လည်း ကူညီမှုန်း မသိခြင်းတို့သာ များပြားနေပါက လောကကြီးမှာ သာယာမှု ဟူ၍ ရှိတော့မည် မဟုတ်ပါ။

# အနှောက် အရှက် မရှိ

အနှောက်-အရှက် မရှိသော အမှုတို့ကို ပြုလုပ်ရခြင်းသည် မြတ်သော မင်္ဂလာမည်၏။

အနှောက်- အရှက်မရှိသော အမှုတို့ကို အဋ္ဌကထာဆရာ တို့ ဤသို့ ဖွင့်ဆို၏—

လယ်ယာ ကိုင်းကျွန်း, ကျွဲ နွား မွေးမြူရေး, ကူသန်း ရောင်းဝယ်ရေး စသော အလုပ်တို့ကို အချိန်အခါကို သိပြီး ပြုလုပ်ခြင်း သင့်လျော် လျောက်ပတ်စွာ ပြုလုပ်ခြင်း, မပျင်း မရိ ပြုလုပ်ခြင်း, လုံ့လ ဝီရိယစိုက်ထုတ်၍ ပြုလုပ်ခြင်း, မပျက် မစီးအောင် ပြုလုပ်ခြင်း, အချိန်အခါကို မလွန်ဘဲ ပြုလုပ်ခြင်း တို့သည် အနှောက်-အရှက်မရှိသော အမှုတို့မည်၏၊ ထိုအမှုတို့ကို ထိုသို့ ပြုလုပ်ခြင်းတို့ ဖြစ်၏။

ကာလဒေသ၊ ပုဂ္ဂလကို
နှိုင်းဆမရှိ၊ မသိတတ်သူ
လူမိုက်ဟူ၏၊ သိမှုပဏ္ဍိ
ပညာရှိမှ၊ မြင်သိရေးရာ
လိမ္မာသောအား၊ တော်ဖြောင့်သားချည်
အများသုခ၊ ချမ်းသာကြ၏။

ကံဟုမူလ၊ သမ္ဗုဒ္ဓတို့
ဟောပြသည့်မှာ၊ အရင်းသာရှင့်

ဥစ္စာဘောဂ၊ ဇီဝိတနှင့်
သုခပွါးရန်၊ ဤလူ့ထံ၌
ဉာဏ်ဝီရိယ၊ ပယောဂတည့်။

ကာလဒေသ၊ ပုဂ္ဂလကို
နှိုင်းဆအပ်တုံ၊ ကံကိုယုံ၍
မီးပုံအတွင်း၊ မဆင်းထိုက်ရှာ
ကျားရဲရာလည်း၊ ကြမ္မာအကြောင်း
မရိုးကောင်းတိ၊ ဗုဒ္ဓဟောင်း ရှေးက
ဆိုကုန်ကြ၏။

လုံ့လမထူ၊ ဉာဏ်မကူဘဲ
အယူတချောင်း၊ ကံတကြောင်းမျှ
မကောင်းလည်းကံ၊ ကောင်းလည်းကံဟု
ကံကိုချည်းသာ၊ မကိုးရာဘူး
ပညာဉာဏ်ဖြင့်၊ သင့်-မသင့်ကို
အခွင့်ရှု၍၊ ပြုအပ်လုံ့လ
ရှိအပ်စွတည့်၊ တံငါလက်တွင်း
ရောက်လျှင်းတုံငြား၊ သုံးကောင်ငါးကို
မှတ်သားဝမ်းထဲ၊ နည်းယူစွဲလော့။

ကံမွဲဉာဏ်နုံ့၊ မလုံ့-မလ
နတ်မ, မဘူး၊ အလသမျိုး

အကျိုးယှဉ်းယို၊ အလိုရောရည်း
မကျော့ကျည်းနှင့်၊ ကိုယ်လည်း လုံ့လ
နတ်လည်းမရှု၊ တောင့်တ ကြံရာ
မြန်မကြာလျှင်၊ လွယ်ကာ ကိစ္စ
ပြီးနိုင်ကြ၏။

စိတ်က မလျော့၊ အားမလျှော့နှင့်
ရှေးသရော့ခါ၊ ပင်လယ်ချာတွင်
မဟာဇနက်၊ သဘော်ပျက်လည်း
ရွှေစက်ဝီရိယ၊ ဉဿာဟဖြင့်
ယောကျ်ားသတ္တိ၊ စွမ်းအင်ရှိဘိုင်း
အိအိလိုက်တိုး၊ တံပိုးပစ်ကြဲ
ခေါင်းမွဲ-ခေါင်းဖြူ၊ သဲသဲဦးလျက်
သည်းအူပြောင်းပြန်၊ မှောက်လှန်လိမ့်လဲ
လှိုင်းဂယက်၌၊ ခုနှစ်ရက်လုံး
မဆုံး နေ့ည၊ လက်မချဘဲ
လုံ့လဆော်နှိုး၊ အားထုတ်ကြိုး၍
မိုးက ဆင်းလာ၊ မေခလာလျှင်
ရေမှာဆယ်လျှင်း၊ မှ စခြင်းကြောင့်
ဖမင်းရိုက်ရာ၊ မိထိလာကို
စိုးကာပိုင်သ၊ နန်းထိုင်ရ၏။

## ဝဏ္ဏုပထ

လွန်လေပြီးသောအခါ ကာသိတိုင်း ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏၊ ထိုအခါဘုရားလောင်းသည် လှည်းမှူး မျိုး၌ဖြစ်၍ အရွယ်သို့ရောက်သော် လှည်း ငါး ရာ တို့ဖြင့် ကုန် သွယ်ရန်သွား၏။

ထိုဘုရားလောင်းသည် ၅၉ ယူဇနာရှိသော သဲကန္တာရ ကိုသွား၏၊ ထိုတွင် သဲတို့သည် သိမ်မွေ့ ကုန်၏၊ လက်ဖြင့်ဆုပ်ယူ သော သဲတို့သည် လက်၌မတည်ကုန်၊ နေထွက်သောအခါမှစ၍ မီးကျီးစုကဲ့သို့ ပူ၏၊ နင်းခြင်းငှာမတတ်ကောင်း၊ ထို့ကြောင့် ထိုသဲကန္တာရ၌ သွားကုန်သော သူတို့သည် ထင်း, ရေ, ဆီ, ဆန်-စသည်တို့ကို လှည်းတို့ဖြင့်ယူကုန်၍ ညဉ့်၌သာလျှင် သွားကုန်၏၊ အရုဏ်တက်သောအခါ၌ လှည်းတို့ကိုပတ်လည်ဝိုင်း၍ အထက်၌ မဏ္ဍပ်ဆောက်ကုန်၏၊ စောစောကလျှင် အာဟာရကိစ္စ ပြီးစေ ကုန်၏၊ အရိပ်၌ နေကုန်လျက် နေ့ကိုကုန်စေ၏၊ နေဝင်သော အခါ၌ ညစာ စား၍ နေအေးလတ်သော် လှည်းတို့ကိုကကုန်၍ သွားကြ၏၊

သမုဒ္ဒရာ၌သွားခြင်းနှင့်တူ၏၊ ထို့ကြောင့် ကြည်းကုန်း သို့ ပို့ဆောင်တတ်သူ ပါ၍လို၏၊ ထိုကြည်းကုန်းသို့ပို့ဆောင် ညွှန်ပြသူသည် ကြယ်အမှတ်ဖြင့်လှည်းအပေါင်းကို ပို့ဆောင်၏၊ လမ်းပြပင်တည်း ။

ထိုလှည်းမှူးသည်လည်း ထိုအခါ၌ နည်းဖြင့်သာလျှင် ထိုကန္တာရ သွားသည်ရှိသော် ၅၉ ယူဇနာ ရှိသော အရပ်သို့

ရောက်၍ ယခုအခါ၌ တညဉ့်တည်းဖြင့်လျှင် သဲကန္တာရမှလွတ်မြောက်လိမ့်မည်ဟု ညစာစားပြီးသော် ထင်းရေအားလုံးတို့ကို ကုန်စေ၍ လှည်းတို့ကိုကစေပြီးသွား၏။

လမ်းပြကား ရှေးဦးစွာသော လှည်း၌ နေရာ ခင်း၍ ကောင်းကင်၌ ကြယ်ကိုကြည့်လျက်"ဤအရပ်သို့ နှင်ကုန်လော၊ ဤအရပ်သို့နှင်ကုန်လော့ "ဆို၍အိပ်၏၊ လမ်းပြသည် ရှည်စွာသောကာလပတ်လုံး မအိပ်ရ၍ ပင်ပန်းသောကြောင့်အိပ်ပျော်သွား၏၊ ပြန်လည်၍ လာမြဲတိုင်းသော လမ်းကို ယူကုန်သော နွားတို့ကိုမသိလေပြီ။

နွားတို့သည် တညဉ့်ပတ်လုံးသွားကုန်၏၊ လမ်းပြသည် အရုဏ်တက်သောအခါ နိုး လတ်သော် နက္ခတ်ကို ကြည့်၍ "လှည်းတို့ကို ပြန်ကုန်လော့၊ ပြန်ကုန်လော့—"ဟုဆို၏၊ လှည်းတို့ကို အစီအစဉ်အတိုင်းပြုကုန်စဉ်သာလျှင် နေထွက်၏။

လူတို့သည်—"ယမန်နေ့က ငါတို့ နေရာ သစ် ခက် တပ် အရပ်လျှင်တည်း၊ ငါတို့၏ ထင်းရေ သည်လည်းကုန်၏၊ ယခု ငါတို့သည် ပျက်စီးကုန်ပြီ—"ဟု လှည်း တို့ကို ချွတ်စေကုန်၍ လည်၍ထားကုန်၏၊ အထက်၌မဏ္ဍပ်ကိုဆောက်ကုန်၍ မိမိ မိမိ တို့၏လှည်းအောက်၌ စိုးရိမ်ကုန်လျက် အိပ်ကုန်၏။

ဘုရားလောင်းသည်—"ငါ ဝီရိယကိုလျှော့လျှင် သူ ခပ်သိမ်းတို့ ပျက်စီးကြလိမ့်မည်—"ဟု စောစောက ချမ်းအေးသော အခါ၌လျှင် လှည့်လည်သော် တနေရာ၌ နေဇာမြက်စုတစုကို မြင်၍"ဤမြက်တို့သည် အောက်၌ ရေ စိုးသ ဖြင့် ပေါက်သည်

ဖြစ်လိမ့်မည်–" ဟုကြံ၍ ပေါက်တူးကိုယူစေပြီး ထိုအရပ်ကို တူးစေ၏၊ထိုခဏ၌လျှင်အတောင် ၆၀ ရှိသော အရပ်တိုင်အောင် တူးမိကုန်၏၊ ထိုအခါ ပေါက်တူးသည် အောက်ကျောက်ဖျာ၌ ခတ်မိ၏၊ ခတ်မိလျှင် ခပ်သိမ်းသူတို့သည် ဝိရိယ ကိုလျှော့ ကုန်၏။

ဘုရားလောင်းသည်ကား–"ဤကျောက်ဖျာ အောက် ဖက်၌ ရေရှိရာ၏–"ဟုဆ:ံးသက်၍ကျောက် ဖျာ၌ရပ်လျက် ညွတ်၍ နားထောင်၏၊ အသံကို ဆင်ခြင်သော် အောက်၌ရေစီး သံကို ကြား၍ တက်ပြီးလျှင် အလုပ်အကျွေးငယ်ကို–"အမောင် သင် ဝီရိယကို လျှော့လျှင် ငါတို့အားလုံး ပျက်စီးကြလိမ့် မည်၊ သင်သည် ဝီရိယကို မလျှော့ မူ၍ ဤသံတူကို ယူ၍ ထို ကျောက်ဖျာကို ထုခွဲပါလော့–"ဟု ဆို၏။

ထိုအလုပ်အကျွေးငယ်သည် ဘုရားလောင်း၏ စကားကို ဝန်ခံ၍ ဆင်း၍ ကျောက်ဖျာကို ထု၏၊ ကျောက်ဖျာအလယ်၌ ကျိုး၍ အောက်သို့ ကျပြီး ဖီလာစီးသောရေအယဉ်ကို ချုပ်၍ တည်၏၊ ထန်းသုံးပမာဏရှိသော ရေကြောင်းသည် အထက်သို့ တက်၏။

ခပ်သိမ်းကုန်သော လုည်းကုန် သည် တို့သည် ရေကို သောက်ကုန်၏၊ ချိုးကုန်၏၊ အပို အလွန် ဖြစ်သော ဝင်ရိုး ထမ်းပိုးတို့ကိုခွဲကုန်၍ ယာဂု ထမင်း ချက်စားကုန်၏၊ နွားတို့ကို လည်း ကျွေးမွေးကုန်၏၊နေဝင်သော် ရေရှိသောအရပ်၏အနီး၌ တံခွန် ဆွဲခဲ့ကုန်၍ အလိုရှိရာအရပ်သို့ သွားကြကုန်၏။

ထိုလှည်းကုန်သည်တို့သည်မိမိတို့ ဥစ္စာကို ရောင်းကုန်၍ နှစ်သုံးဆသောလာဘ်ကိုရကုန်၍ မိမိတို့ နေရာအရပ်သို့သာလျှင် ပြန်ခဲ့ကုန်၏။

မပျင်းမရိကုန်သော လှည်းကုန်သည်တို့သည် သဲခရီး၌ တူးကုန်လတ်သော်မြေအပြင် ထိုသဲခရီး၌ရေကိုရကုန်၏၊ထို့အတူ ဝီရိယ ဗိုလ်မှုနှင့်ပြည့်စုံသော မပျင်းမရိသော ပညာရှိသည် စိတ်နှလုံး ငြိမ်းချမ်းခြင်းကိုရရာ၏။

# ဒါန

## ဂါထာ

ဒါနဥ္စ ဓမ္မစရိယာ စ
ဉာတကာနဥ္စ သင်္ဂဟော၊
အနဝဇ္ဇာနိ ကမ္မာနိ
ဧတံ မင်္ဂလ မုတ္တမံ။

### နိဿျ

ဒေဝ ပုတ္တ — နတ်သား
ယံ ဒါနဥ္စ — အကြင် အလှူပေးခြင်းသည်ရင်း,
ယာ ဓမ္မစရိယာစ—အကြင် မြတ်သော အကျင့်ကို ကျင့်ခြင်း
သည်ရင်း,
ဉာတကာနံ — အဆွေ-အမျိုးတို့ကို
ယော သင်္ဂဟောစ—အကြင် သင်္ဂြိုဟ် ထောက်ပံ့ခြင်းသည်ရင်း,

အနဝဇ္ဇာနိ —အပြစ် မရှိကုန်သော
ယာနိ ကမ္မာနိစ —အကြင်အမှုတို့ကို ပြုခြင်းသည်ရင်း—
အတ္ထိ —ရှိ၏၊
ဧတံ —ဤသေးပါးသော တရားသည်
ဥတ္တမံ —မြတ်သော
မင်္ဂလံ —မင်္ဂလာ မည်၏။

## လင်္ကာ

ဖန်ဝတိန်သာ၊ နတ်တို့ရှာက
ဂုန္ဓာဒေဝ၊ သိကြားတဲ့မန်
မောင်နတ်မှန်—

အန္နံ့ပါနံ၊ ဃရံ့ဝတ္ထံ
ယာနံ့မာလံ၊ ဝိလေပနံ
ဂန္ဓော့သေယျော၊ ပဒီပေါစ
ဒသဝတ္ထု၊ ကောင်းမှုဟူသည်
အလှူကံကျေး၊ ပေးရခြင်းသည်
တပါးမည်၏,

ငါးမည်သီလ၊ သုံးဝသုစရိုက်
နှစ်ခြိုက်မှတ်သား၊ တရားကောင်းမြင့်

ကျင့်ရခြင်းသည်၊ တပါးမည်၏,

မျိုးမည်စပ်လော၊ အဆွေရင်းချာ
ဉာတကာကို၊ ဉစ္စာနှီးရင်း
ပေးခြင်းထောက်ပင့်၊ ချီးမြှင့်ခြင်းသည်
တပါးမည်၏၊,

လူ့ပြည်ရပ်ဆစ်၊ အပြစ်ရောက်နှယ်
ငယ်စေ-ကြီးစေ၊ ရှောင်သွေကွာမှု
ဉာဏ်ဖြင့်ရှု၍၊ ပြုရခြင်းသည်
တပါးမည်၏၊,

လူ့ပြည်ထင်ရှား၊ ဤလေးပါးကို
ယုံမှားကင်းလွတ်၊ စိတ်နေညွတ်လျက်
လွန်မြတ်လှစွာ၊ မင်္ဂလာဟု
သဒ္ဒါကဲလွန်၊ နတ်တမန်သည်
မှန်မှန်စွဲမှတ်- ပါလေလော၁်။

## အလှူ နှစ်မျိုး

ပေးလှူခြင်းသည် မြတ်သော မင်္ဂလာမည်၏။ ရဟန်းတို့ အလှူတို့သည် ဤနှစ်မျိုးတို့ပေတည်း။ အဘယ်နှစ်မျိုးတို့ နည်းဟူမူ—

(၁) ပစ္စည်းလေးပါးကို လှူသော အာမိသ ဒါနရှင်း
(၂) တရားအလှူ ဓမ္မဒါနရှင်း တို့တည်း။
ရဟန်းတို့ အလှူဒါနတို့သည် ဤနှစ်မျိုးတို့ ပေးတည်း။
ရဟန်းတို့ ဤနှစ်မျိုးတို့တွင် အကြင်တရား အလှူသည်
ရှိ၏၊ ထိုတရားအလှူသည် မြတ်၏။

## အာမိသ ဒါန

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူ၏၊ ထိုအခါ နတ်သား တယောက်သည် မြတ်စွာ ဘုရားအား – "အဘယ်အရာကို ပေးလှူသူသည် ခွန်အားကို ပေးလှူသည် မည်ပါသနည်း၊ အဘယ်အရာကို ပေးလှူသူသည် အဆင်းကိုပေးလှူသည်မည်ပါသနည်း၊ အဘယ်အရာကို ပေးလှူသူသည် ချမ်းသာကို ပေးလှူသည် မည်ပါသနည်း၊ အဘယ် အရာကို ပေးလှူသူသည် မျက်စိကို ပေး လှူသည် မည်ပါသနည်း၊ အဘယ်သူသည် အလုံးစုံသော အရာကိုပေးလှူသည် မည်ပါသနည်း–"ဟု လျှောက်ကြား၏။

ထိုအခါ မြတ်စွာဘုရားက –"ဆွမ်းကို ပေးလှူသူသည် ခွန်အားကို ပေးလှူသည် မည်၏၊ အဝတ်သင်္ကန်းကို ပေးလှူသူသည် အဆင်ကို ပေးလှူသည် မည်၏၊ ယာဉ်ကို ပေးလှူသူသည် ချမ်းသာကို ပေးလှူသည် မည်၏။ ဆီမီးကို ပေးလှူ

သူသည် မျက်စိကို ပေးလှူသည် မည်၍၊ နေရာကို ပေးလှူသူ သည်ကား အလုံးစုံကို ပေးလှူသည်မည်၏-”ဟု ဖြေကြားတော်မူ၏။

## ဒါန ဝတ္ထု

ပေးလှူဖွယ် ဒါန ဝတ္ထုတို့မှာ ဆယ်ပါး အပြား ရှိ၏၊ ယင်းတို့မှာ (၁) အန္န-ဆွမ်းအလှူ (၂) ပါန- အဖျော်ယမကာ အလှူ (၃) ဃရ- အိမ်အလှူ (၄) ဝတ္ထ- အဝတ် ပုဆိုးအလှူ (၅) ယာန- ယာဉ် ရထား အလှူ (၆) မာလ- ပန်းမလ်အလှူ (၇) ဝိလေပန- နံ့သာအလှူ (၈) ဂန္ဓ- အနံ့ အလှူ (၉) သေယျ အိပ်ရာနေရာအလှူ (၁၀) ပဒီပ ဆီမီးအလှူတို့ဖြစ်၏။

## ဘောဇဉ် အလှူ

ရဟန်းတို့ ဘောဇဉ်ကို ပေးလှူသူသည် အလှူခံတို့အား အရာလေးမျိုးတို့ကို ပေးလှူသည် မည်၏။

တဘယ်လေးမျိုးတို့နည်း ဟူမူ—

(၁) အသက်ကို ပေးလှူသည်မည်၏၊ (၂) အဆင်းကို ပေးလှူသည်မည်၏၊ (၃) ချမ်းသာကို ပေးလှူသည် မည်၏၊ (၄) ခွန်အားကို ပေးလှူသည်မည်၏။

(၁) အသက်ကို ပေးလှူသည် မည်ခြင်းကြောင့် နတ်သက်သော်၎င်း, လူသက်သော်၎င်း ရှည်ရန်ဖြစ်၏။

(၂) အဆင်းကို ပေးလှူသည် မည်ခြင်းကြောင့် နတ်အဆင်းသော်၎င်း, လူအဆင်းသော်၎င်း လှရန်ဖြစ်၏။

(၃) ချမ်းသာကို ပေးလှူသည် မည်ခြင်းကြောင့် နတ်ချမ်းသာသော်၎င်း, လူချမ်းသာသော်၎င်း ရရန်ဖြစ်၏။

(၄) ခွန်အားကို ပေးလှူသည် မည်ခြင်းကြောင့် နတ်ခွန်အားသော်၎င်း, လူခွန်အားသော်၎င်း ကြီးရန်ဖြစ်၏။

ရဟန်းတို့ ဘောဇဉ်ကို ပေးလှူသူသည် အလှူခံတို့အား အရာလေးမျိုးတို့ကို ပေးလှူသည် မည်၏။

စောင့်စည်း တတ်ကုန်သော သူတပါးတို့ ပေးသည်ကို စားရသူတို့အား သင့်လျော်သော အခါ၌ ဘောဇဉ်ကို ရိုသေစွာပေးလှူသူသည် အသက်, အဆင်း, ချမ်းသာ, ခွန်အား ဤအရာလေးမျိုးတို့ကို ပေးလှူသည်မည်၏။

အသက်, အဆင်း, ချမ်းသာ, ခွန်အားကို ပေးလှူတတ်သူ ဖြစ်လေရာ ထိုထို ဘုံ၌သာနေ၍ အသက်ရှည်ခြင်းသည်၎င်း, အခြံအရံများခြင်းသည်၎င်း ဖြစ်ရလေသတည်း။

ထို့မှတပါး ဆွမ်းကို ပေးလှူသူသည် ခွန်အားကို ပေးလှူသည် မည်၏၊ အဝတ်သင်္ကန်းကို ပေးလှူသူသည် အဆင်းကို ပေးလှူသည် မည်၏၊ ယာဉ်ကို ပေးလှူသူသည် ချမ်းသာကို ပေးလှူသည်မည်၏၊ ဆီမီးကို ပေးလှူသူသည် မျက်စိကိုပေးလှူသည် မည်၏၊ အိပ်ရာနေရာကို ပေးလှူသူသည် အလုံးစုံကို ပေးလှူသည်မည်၏။

# အလှူခံ ပုဂ္ဂိုလ်

ထိုအခါ ဝစ္ဆ အနွယ်ဖြစ်သော ပရိဗိုဇ်သည် မြတ်စွာဘုရား အထံသို့ ချဉ်းကပ်ပြီးလျှင် "အရှင်ဂေါတမ ရဟန်းဂေါတမသည် ငါ့အားသာလျှင် အလှူကိုပေးလှူအပ်၏၊ သူတပါးတို့အား မပေးလှူအပ်၊ ငါ့တပည့်တို့အားသာလျှင် ပေးလှူအပ်၏၊ သူတပါးတို့၏တပည့် တပည့်တို့အား မပေးလှူအပ်၊ ငါနှင့် ငါ့တပည့်တို့အားပေးလှူသောအလှူသာလျှင် အကျိုးကြီး၏၊ သူတပါးတို့နှင့် သူတပါးတို့၏ တပည့်များအား ပေးလှူသောအလှူသည် အကျိုးမကြီးဟုဟောပြောသော စကားကို အကျွန်ုပ် ကြားဘူးပါသည်၊ ဟုတ် ပါ၏လော၊ အကျွန်ုပ်တို့သည်ကား အရှင်ဂေါတမကို စွပ်စွဲချင် အလိုမရှိကြပါ-" ဟု လျှောက်ကြား၏

ထိုအခါမြတ်စွာဘုရားက — "ဝစ္ဆ ထိုသို့ပြောဆိုကြသော သူတို့သည် ငါဆိုသည့်အတိုင်း ဆိုကြသည် မဟုတ်ကုန်၊ ငါ့ကို မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲကုန်သည်သာတည်း၊ ဝစ္ဆ သူတပါးအလှူပေးသည်ကို တားမြစ်သူသည် အန္တရာယ်သုံးမျိုး ဘေးရန်သုံးမျိုးတို့ကို ပြုသည်မည်၏။

"အဘယ်အန္တရာယ် ဘေးရန်သုံးမျိုးတို့ကို ပြုသည်မည်သနည်း"

(၁) အလှူဒါယကာ၏ ကောင်းမှုအန္တရာယ်ကိုပြုသည်မည်၏။

(၂) အလှူခံ ပုဂ္ဂိုလ်၏ လာဘ်အန္တရာယ်ကို ပြုသည် မည်၏။

(၃) ထိုတားမြစ်သူသည် ရှေးဦးကပင်လျှင် မိမိကိုယ်ကို တူးဖြိုဖျက်ဆီးအပ်သည် မည်၏။

ဝဇ္ဇ ငါမူကား ဤသို့ ဟော၏—

"တန်စီးအိုင် တန်စီးမြောင်းရှိသတ္တဝါတို့သည် အိုးခွက် ဆေးရေတို့ဖြင့် မျှတပါစေ-" ဟု အိုးဆေး ခွက်ဆေးရေကို ဖြစ်စေ ထိုအိုင် ထိုမြောင်း၌ စွန့်သွန်၏၊ ဝဇ္ဇ ထိုအကြောင်း ကြောင့်လည်း ကောင်းမှုဖြစ်ခြင်းကို ငါဟော၏၊ လူ ဖြစ်သူကို ပေးလှူရာ၌ကား အဘယ် ဆိုဖွယ်ရှိအံ့နည်း၊ စင်စစ်အားဖြင့် ကား "သီလရှိသူအား ပေးလှူခြင်းသည် အကျိုးကြီး၏—" ဟု ငါဆို၏၊ သီလမရှိသူအား ပေးလှူခြင်းသည် ထို့အတူ အကျိုး ကြီး၏ဟုငါမဆို၊ ထိုသီလရှိသူသည်လည်း အင်္ဂါငါးပါးကို ပယ် ပြီးသူ အင်္ဂါငါးပါးနှင့် ပြည့်စုံပြီးသူဖြစ်ရ၏။

အဘယ်အင်္ဂါငါးပါးကို ပယ်ပြီးဖြစ်ရသနည်း—

(၁) ကာမဂုဏ်ကိုလိုလားခြင်း ကာမစ္ဆန္ဒကိုပယ်ပြီးသူ။
(၂) ပျက်စီးစေလိုခြင်း ဗျာပါဒကို ပယ်ပြီးသူ။
(၃) လေးလံထိုင်းမှိုင်းခြင်း ထိန မိဒ္ဓကို ပယ်ပြီးသူ။
(၄) ပျံ့လွင့်ခြင်း နောင်တပူပန်ခြင်း ဥဒ္ဓစ္စ-ကုက္ကုစ္စကို ပယ်ပြီးသူ။
(၅) မဝေခွဲနိုင်ခြင်း ဝိစိကိစ္ဆာကို ပယ်ပြီးသူ ဖြစ်ရ၏။

အဘယ်အင်္ဂါငါးပါးတို့နှင့် ပြည့်စုံသူ ဖြစ်ရသနည်း—

(၁) ရဟန္တာတို့၏ဥစ္စာဖြစ်သော သီလအစုနှင့်ပြည့်စုံသူ
(၂) ရဟန္တာတို့၏ ဥစ္စာဖြစ်သော သမာဓိအစုနှင့် ပြည့်စုံသူ။
(၃) ရဟန္တာတို့၏ဥစ္စာဖြစ်သောပညာအစုနှင့်ပြည့်စုံသူ။
(၄) ရဟန္တာတို့၏ဥစ္စာဖြစ်သောဝိမုတ္တိအစုနှင့်ပြည့်စုံသူ။
(၅) ရဟန္တာတို့၏ဥစ္စာဖြစ်သော ဝိမုတ္တိ ဉာဏ်အမြင် အစုနှင့်ပြည့်စုံသူဖြစ်ရ၏။

ဤသို့အင်္ဂါငါးပါးတို့ကို ပယ်ပြီး၍ အင်္ဂါငါးပါးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၌ပေးလှူခြင်းသည် အကျိုးကြီး၏ဟု ငါဆို၏။

## နတ်တို့ ဒါနတရား

အခါတပါး မြတ်စွာ ဘုရား [illegible] သို့ နတ်သားအများ ရောက်လာပြီး ရှိခိုးကာ [illegible] ဒါနတရားကိုလျှောက် ကြားကြ၏။

ပဌမနတ်သား– "[illegible]ကြောင့်ရင်း, မေ့လျော့မှု ပမာဒကြောင့်ရင်း ဤ[illegible] အကြောင်း ကြောင့် အလှူကို မပေးလှူ[illegible]ကို[illegible]ရှိသော ပညာရှိသည် ပေးလှူသင့်လှပါသည်"

ဒုတိယနတ်သား– "[illegible]ရှိသူသည် ဘေးကိုကြောက်၍ မလှူသောဘေးက သူ့ကိုတွေ့ထိ၏၊ ဝန်တိုမှု ရှိသူသည်

မိမိကြောက်သော ဆာလောင်မွတ်သိပ်မှုသည် ဤလောက တမလွန်လောက၌ သူ့ကို တွေ့ထိ၏၊ ထို့ကြောင့် ဝန်တိုမှုကို ပယ်ဖျောက်လျက် ဝန်တိုမှုအညစ်အကြေးကို နှိမ်နင်း၍ ပေးလှူရာ၏၊ ကောင်းမှုတို့သည် တမလွန်လောက၌ သတ္တဝါတို့၏ တည်ရာဖြစ်ကုန်၏။”

တတိယနတ်သား-“ခရီးသွားသူတို့သည် ခရီးသွားဖော်တို့အား အနည်းငယ်မျှ၌သော်လည်း ခွဲခြမ်းဝေဖန် ပေးကုန်သကဲ့သို့ သံသရာခရီးသွားတို့သည် သွားဖော်တို့အား အနည်းငယ်မျှသောလှူဖွယ်၌ ခွဲခြမ်းဝေဖန်ပေးလှူကုန်၏၊ ထိုသူတို့သည် သေသူတို့တွင် မသေသူတို့ မည်ကုန်၏၊ ဤသဘောတရားသည် ရှေးထုံးစဉ်လာဖြစ်၏၊ အချို့သူတို့သည် ပေးလှူဖွယ် အနည်းငယ်မျှ၌သော်လည်း ခွဲခြမ်းဝေဖန်ပေးလှူကုန်၏၊ ဥစ္စာများစွာနှင့် ပြည့်စုံသူအချို့တို့သည် ခွဲခြမ်းဝေဖန်၍ မလှူကုန်၊ လှူဖွယ်အနည်းငယ်မျှ၌သော်လည်း ခွဲခြမ်းဝေဖန် လှူသော အလှူကို အလှူတထောင်နှင့် အညီအမျှ နှိုင်းယှဉ်အပ်၏။”

စတုတ္ထနတ်သား- “ပေးလှူနိုင်ခဲပြုလုပ်နိုင်ခဲသော အလှူနှင့်ကုသိုလ်မျိုးကို သူယုတ်တို့ အတုလိုက်၍မပြုလုပ်နိုင်ကြကုန်၊ သူတော်ကောင်းတို့၏တရားသည် အတုလိုက်နိုင်ခဲ၏၊ ထို့ကြောင့် သူတော်ကောင်းနှင့် သူယုတ်တို့ လူ့ပြည်မှ လားရာသည် ကွဲပြားခြင်းဖြစ်၏၊ သူယုတ်တို့ငရဲသွား၍ သူတော်ကောင်းတို့နတ်ရွာလားရကုန်၏။

မြတ်စွာဘုရား-“အကြင်သူသည် သား-မယားကိုလည်း လုပ်ကျွေးမွေးမြူ၏၊ ပေးလှူဖွယ် အနည်းငယ်မျှ၌သော်လည်း

ပေးလှူလျက် တရားကိုကျင့်၏၊ တံမြက်လှည်းပစ္စည်းဖြင့် ပေးလှူမှုကိုလည်း ပြုကျင့်ပေးလှူ၏၊ အသပြာတထောင်တန် ပူဇော်မှုရှိကုန်၍ ယောကျ်ားဘသိန်းတို့၏ အလှူ ဆယ် ကုဋေ တို့သည် ထိုသို့သဘောရှိသော အလှူ၏ အစိတ်တရာစိတ်၍ တစိတ်သော အဘို့မျှကိုလည်း မမှီနိုင်ကုန်။”

နတ်သား လေးယောက်တို့ လျှောက်ကြားသော ဒါန တရားတို့ကို မြတ်စွာဘုရား ထောက်ခံဖြည့်စွက်ဟောကြားခြင်း ဖြစ်၏၊ ထိုတွင် တံမြက်လှည်းပစ္စည်းဖြင့် ပေးလှူမှု ဟူသည်မှာ တံမြက်စည်းသိမ်း၍ရသော အဖိုးအခဖြင့် ပေးလှူခြင်းဖြစ်၏။

## ကေသဝဋ္ဋ

မြတ်စွာဘုရား လက်ထက်က သာဝတ္ထိပြည်တွင် လွန်စွာ ဆင်းရဲသော ပုဏ္ဏားလင်မယား နှစ်ယောက် ရှိကြ၏၊ ပုဏ္ဏား အားလည်း ခါးဝတ် တထည်သာ ရှိ၏၊ ပုဏ္ဏေးမ အားလည်း ခါးဝတ်တထည်သာ ရှိ၏၊ ရုံစရာကား လင်-မယား နှစ်ယောက်မှ တထည်တည်းသာရှိသည်ဖြစ်၍ နှစ်ယောက် အလှည့်အလှည့် လှည့် လည်၍ ရုံကြရ၏၊ ပုဏ္ဏေးမ အပြင်ထွက်လျှင် ပုဏ္ဏား အိမ်၌ နေရစ်ရသည်၊ ပုဏ္ဏား သွားလျှင်လည်း ပုဏ္ဏေးမ အိမ်တွင် နေရစ်ရသည်၊ ယင်းသို့လျှင် အပေါ်ရုံ တထည်သာ ရှိသော ကြောင့် ထိုပုဏ္ဏားကို ကေသာဋကဟု ခေါ်ကြ၏၊ အဝတ် တထည်သာ ရှိသူဟု ဆိုလို၏၊

တနေ့သ၌ ပုဏ္ဏားသည် ညဉ့်တရားပွဲသို့ သွားပြီး ဘုရားသခင် ရှေ့တော်၌နေ၍ တရားနာ၏၊ ထိုအခါ ပုဏ္ဏားသည် မြတ်စွာ ဘုရားကို လွန်စွာ ကြည်ညိုလှသဖြင့် သူ၏ တထည် တည်းသော အဝတ်ကို လှူဒါန်းမည်ဟု ကြံပြီးမှ-"ငါတို့၌ ဤ တထည်တည်းသာ ရှိစရာရှိ၏-"ဟု အားကြီးသော မစ္ဆေရ စိတ်သည် ချည်နှောင်၍ ယူဘိသကဲ့သို့ သဒ္ဓါစိတ်ကို တားမြစ်၏။ ယင်းသို့လျှင် ပုဏ္ဏားသည် ထိုတထည်သော ပုဆိုးကို လှူအံ့-မလှူအံ့ ကြံစဉ်ပင်လျှင် ပဌမယံ လွန်၍ ပဏ္ဍိမယံသို့ ရောက်လေ၏။

ပဏ္ဍိမယံ၌လည်း လှူခြင်းငှာ မတတ်နိုင်လေ၊ ပဏ္ဍိမယံသို့ ရောက်လျှင်—"ငါ့အား သဒ္ဓါစိတ်နှင့် ဝန်တိုစိတ် စစ်ထိုးကြစဉ်လျှင် နှစ် နှစ်ယံတို့ လွန်ခဲ့၏ တကား-"ဟု ဝန်တိုစိတ်ကို လွှမ်းမိုး၍ သဒ္ဓါစိတ်ကို ရှေ့သွားပြုပြီး ပုဆိုးကို ယူလျက် ဘုရားသခင် ခြေတော်ရင်း၌ထားပြီးလျှင်"ဇိတံမေ-ဇိတံမေ-"ဟု ကြွေးကြော်၏။

ထိုအခါ ပသေနဒီ ကောသလ မင်းကြီးလည်း တရား နာလျက် ရှိသဖြင့် ထိုအသံကို ကြား၍ "သဘယ်ကို အောင် သနည်း"ဟု မင်းချင်းတို့ကို မေးစေ၏၊ မင်းချင်း တို့လည်း ကေ သာဋက-ပုဏ္ဏားအထံ၌စုံစမ်းပြီး အကြောင်းအရာ အလုံးစုံ ကို မင်းကြီးအား လျှောက်ကြား ကြ၏။

မင်းကြီးလည်း-"ဤပုဏ္ဏားသည် ပြုခဲစွာကို ပြုပေသည်၊ ထိုသူအား ချီးမြှောက်ခြင်းကို ပြုအံ့-"ဟု ပုဆိုးတစုံကို ပေး၏။

ပုဏ္ဏားလည်း ထိုပုဆိုးအစုံကို လှူပြန်၏။

မင်းကြီးလည်း နှစ်စုံ, လေးစုံ, ရှစ်စုံ, တဆဲ့ခြောက်စုံ-နှစ်ဆတက်ပြု၍ ပေး၏။

ပုဏ္ဏားလည်း တဆဲ့ခြောက်စုံကိုပင် လှူပြန်လေ၏။

ထိုအခါ ပုဆိုး သုံးဆဲ့နှစ်စုံတို့ကို ပေးပြန်စေ၏။

ပုဏ္ဏားလည်း-"မိမိအလို့ငှာ မယူမူ၍ ရတိုင်း ရတိုင်း စွန့်သည်သာလျှင် တည်း-"ဟု၍ ကဲ့ရဲ့ခြင်းမှ လွတ်စိမ့်သောငှာ သုံးဆဲ့နှစ်စုံမှ တစုံကို မိမိဘို့, တစုံကို မိမိမယား ပုဏ္ဏေးမဘို့ နှစ်စုံကိုသာ ယူ၍ အစုံသုံးဆယ်ကို လှူလေ၏။

မင်းကြီး သည်ကား ထိုသူအား ခုနစ်ကြိမ် တိုင်အောင် ပေးတော်မူ၏၊ တဖန် လှူပြန်သည် သာလျှင် တည်း။

မင်းကြီးလည်း မင်းချင်း တို့ကို နန်းတော်မှ ကမ္ဗလာဘို့ကို ဆောင်စေ၍ ပေးပြန်၏။

ပုဏ္ဏားလည်း ရှေးနည်း လှူပြန်၏။

မင်းကြီးသည်-"ဤပုဏ္ဏားကား ငါ့ကြည်ညိုရာ၌သာလျှင် ကြည်ညို၏-"ဟု နှစ်သက်၍ ဆင်လေးစီး, မြင်းလေးစီး, အသပြာ လေးသောင်း, မိန်းမလေးယောက်, ကျွန်ယောက်ျား လေးယောက်, ရွာကြီး လေးရွာတို့ကိုပေး၏၊ ဤသို့ တရာတိုင်အောင် လေးခု-လေးခုစီ အသုံးစုံ သဗ္ဗစတုက္က မည်သည်ကို ပြု၍ ပေးလေ၏။

# ဝိသယှ သူဌေး

ရှေးအရောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း လက်ထက် ကုဋေရှစ်ဆယ် ကြွယ်ဝသော ဝိသယှ သူဌေးသည် မြို့တံခါး လေးမျက်နှာ, မြို့လယ်, အိမ်တံခါးတို့၌ အလှူတင်းကုပ် ခြောက်ဆောင် ဆောက်၍ တနေ့-တနေ့၌ ခြောက်သိန်း—ခြောက်သိန်းသော ဥစ္စာတို့ကို စွန့်ကြဲသဖြင့် ဇမ္ဗူဒီပါ ကျွန်းသူတို့ကို ယွန်ထမ်းပိုး မစွဲစေသည်ကို ပြု၏။

ကြီးစွာသောအလှူကို ပေးလှူသည် ရှိသော် အလှူ၏ အာနုဘော်ကြောင့် သိကြား ကျောက်ဖျာ တုန်လှုပ်လျက် ပူသော အခြင်းအရာ ပြ၏၊ "ဤ သူဌေးသည် ဤအလှူဖြင့် ငါ့ကို သိကြားအဖြစ်မှ ရွေ့စေ၍ သိကြားဖြစ်မည်မသိ၊ ဥစ္စာအားလုံးကို ဖျက်ဆီးပြီး ဆင်းရဲအောင်ပြုအံ့-"ဟု ဥစ္စာ, ခမ်းနား, သား, မြေး, ကျေးကျွန်ကို ကွယ်စေ၏။

အလှူ၌ ဝတ်ပြုသူတို့သည်-"အလှူပေးစရာမရှိ၊ ထားရာတွင် အလိုလို ပျောက်ကြောင်း-" ကို ဆိုလျှင် သူဌေးမကို ခေါ်၍-"အလှူဝတ် မပျက်စေလင့်၊ အလှူဝတ္ထု ပေးပါ-"ဟု ဆို၏။

သူဌေးမအိမ်လုံး ရှာဖွေသော်လည်း တပဲခြမ်းမျှမရ၍ အကြောင်းကို ကြားလျှင် ရတနာ ၇ ခုနစ်ပါး အတိပြည့်သော တိုက်ကို ဖွင့်လှစ်၍ ကြည့်သော်လည်း စိုးစဉ်းမျှမရှိ၊ ကျွန်အမှုလုပ်သော သူတို့သည်း တယောက်မျှ မမြင်သဖြင့်-"အလှူဝတ် မပျက်စေလင့်၊ အိမ်အလုံးကို ရှာဖွေစူးစမ်း-"ဟု ဆို၏။

သူဌေးမ ရှာဖွေရာတွင် မြက်ရိတ်သော ယောကျ်ားသည် တံခါးကြား၌ ပစ်ခဲ့၍ ပြေးလေသော တစဉ်, ထမ်းပိုး, ကြိုး ကိုသာ မြင်၍- "သည့် အပြင်မရှိ—" ဟု ဘုရား လောင်းအား ကြားပေ၏။

"မိခင် ငါကြျမျှသော ကာလပတ်လုံး မြက်မရိတ်စဖူး၊ ယနေ့လျှင် မြက်ရိတ်၍ အလှူပေးအံ့—" ဟု အလှူဝတ် ပျက်အံ့သည်မှ ကြောက်သော စိုးရိမ်ခြင်းသည် လွန်မင်းလှသော ကြောင့် မြက်ရိတ်၍ ရောင်း၏။

ဥစ္စာ တပဲရ၍ ထက်ဝက်ကို အလှူဘို့၊ ထက်ဝက်ကို စားရာဘို့စိုင်၏၊ ယာစကာများ၏ "ငါမင—ငါ့ငေ—" ဟု တောင်းပြန်သဖြင့် အလုံးစုံကိုပေး၏၊ ထိုနေ့ပတ်လုံး နှစ်ပါးစုံ မစားရသော်လည်း စိုးရိမ် မပင်ပန်း၊ ဤသို့သော နည်းဖြင့် ခြောက်ရက် ပတ်လုံး လွန်စေခဲ့၏၊ ခုနစ်ရက် မြောက် နေ့၌ မြက်ရိတ်ရာတွင် ခုနစ်ရက်ပတ်လုံး မစားရ၍ အလွန်သိမ်မွေ့ သသူ ဖြစ်သောကြောင့် နဖူးကို နေရောင်ကျောက်လျှင် မျက်စိ လည်သဖြင့် မှုးမော်၍ မြက်ခင်း၌ လည်းသွား၏၊

ဘို့လည်း သည်ကို သိကြားသည့် စူးစမ်းလျက် နေသည် ဖြစ်သောကြောင့် မြင်လျှင် ထိုခဏ၌ လာ၍ ကောင်းကင်၌ ရပ်ပြီး—"ရှေးကာလ၌ ဥစ္စာရှိသောကြောင့် ပေးလှူရ၏၊ ယခု ပေးဖန်များသဖြင့် ကုန်ကတ်သောသဘောရှိ၏၊ ဥစ္စာ ကုန်ပြီး သော် အလှူပေးဖွယ်မရှိပြီ၊ ဤနေ့မှစ၍ အလှူမပေးတော့ပါဟု ငါ့ကို ပဋိညာဉ်ပြုလျှင် အလုံးစုံသောစည်းစိမ်ကို ရှေးအတိုင်း ဖြစ်စေအံ့—" ဟု ဆို၏။

"သင်အသူနည်း"

"ငါသိကြား"

"သိကြားသည် အလှူပေး၍ သီလ ဆောက်တည် ၍ ဥပုသ်သီတင်းသုံး၍ ခုနစ်ပါးသော ဝတ်ကိုဖြစ်စေ၍ သိကြားအဖြစ်သို့ရောက်သည်မဟုတ်လော၊ မိမိစည်းစိမ်ကို အကြောင်းပြု၍ အဘယ်ကြောင့် အလှူကိုမြစ်သနည်း၊ သူတော် သဘောမဟုတ်တကား"

"အဘယ်အလို့ငှာပေးလှူသနည်း"

"သိကြား ဖြဟ္မာ အဖြစ်ကို ဘောင့်တသဖြင့်ငါမပေး၊ သဗ္ဗညုတဉာဏ်ကို တောင့်တ၍ပေးသည်"

ထိုသို့ဆိုသော်သိကြားနှစ်သက်၍ ကျောက်ကုန်းကို လက်ဖြင့် သုံးသပ်လျှင် ဘုရားလောင်းကိုယ် အလုံးအမြိုက်ရည်ပြည့်ဘိသကဲ့သို့ဖြစ်၍ သိကြား၏အာနုဘော်ဖြင့် စည်းစိမ်အားလုံး ပကတိအတိုင်းဖြစ်ပြန်စေခြင်း"ယနေ့မှစ၍ နေ့တိုင်း နေ့တိုင်း နှစ်သိန်းအလှူပေး—"ဟု ဘုရားလောင်းအိမ်၌ အတိုင်းမသိ မရေမတွက်နိုင်သော ဥစ္စာကို ဖြစ်စေခြင်းဖြင့်သိအပ်၏။

## တရားအမွေခံ

ရဟန်းတို့ သင်တို့သည် ငါ၏ တရားအမွေခံဘို့သာဖြစ်ကြလော့၊ ပစ္စည်းအာမိသအမွေခံတို့ မဖြစ်ကြလင့်၊"ငါ၏တပည့်သာဝကတို့သည် အဘယ်သို့သော အကြောင်းဖြင့် တရားအမွေခံ

တို့သာဖြစ်ကုန်၍ ပစ္စည်းအမွေခံတို့မဖြစ်ကုန် မဖြစ်ကုန်အံ့နည်း" ဟု သင်တို့အပေါ်၌ ငါ၏သနား ငဲ့ညှာခြင်းရှိ၏၊ ရဟန်းတို့ သင်တို့သည် ပစ္စည်းအမွေခံတို့သာ ဖြစ်ကုန်၍ တရားအမွေခံတို့ မဖြစ်ကုန်ငြားအံ့၊ ထို့အတွက် "ဗုဒ္ဓ၏ တပည့်သာဝကတို့သည် ပစ္စည်းအမွေခံတို့သာဖြစ်ကုန်၍ တရားအမွေခံတို့ မဖြစ်ကုန်ဘဲ နေကုန်၏—" ဟု သင်တို့လည်း အကဲ့ရဲ့ခံရသူများ ဖြစ်ကုန်ရာ၏၊ ငါလည်းအကဲ့ရဲ့ခံရသူဖြစ်ရာ၏။

ရဟန်းတို့ သင်တို့သည် ငါ၏ တရားအမွေခံတို့သာ ဖြစ်ကုန်၍ ပစ္စည်း အမွေခံတို့မဖြစ်ကုန်ငြားအံ့၊ ထို့အတွက် "ဗုဒ္ဓ၏ တပည့်သာဝကတို့သည် တရားအမွေခံတို့သာဖြစ်ကုန်၍ ပစ္စည်း အမွေခံတို့မဖြစ်ကုန်—" ဟု သင်တို့လည်း အကဲ့ရဲ့ခံရသူများ မဖြစ်ကုန်ရာ၊ ငါလည်း အကဲ့ရဲ့ခံရသူ မဖြစ်ရာ၊ ရဟန်းတို့ ထို့ကြောင့် သင်တို့သည် ငါ၏တရားအမွေခံတို့သာဖြစ်ကြလော့၊ ပစ္စည်းအမွေခံတို့ မဖြစ်ကြလင့်၊ ဘယ်သို့သော အကြောင်းဖြင့် ငါ၏တပည့်သာဝကတို့သည် တရားအမွေခံတို့သာ ဖြစ်ကုန်၍ ပစ္စည်းအမွေခံတို့မဖြစ်ကုန်သနည်း" ဟု သင်တို့အပေါ်၌ ငါ၏ ငဲ့ညှာသနားခြင်းရှိ၏။

## ဒါနပါရမီ

ဒါနသည် ဘုရားအဖြစ်သို့ ရောက်စေတတ်သော ပါရမီး ဆယ်ပါးတို့တွင် တပါးအပါအဝင်ဖြစ်၏၊ ဘုရားလောင်းသုမေဓာ ရှင်ရသေ့သည် ဘုရားအဖြစ်သို့ရောက်စေရန်အတွက် ဒါန ပါရမီနှင့်ပတ်သက်၍ မိမိကိုယ်ကို ဤသို့ဆုံးမသွန်သင်ခဲ့၏။

သင်သည် ဒါနပါရမီကို ရှေးဦး ပထမ မြဲစွာ ပြု၍ ဆောက်တည်လော့၊ ဗောဓိအဖြစ်သို့ရောက်ရန် အကယ်၍ အလို ရှိလျှင် ဒါနပါရမီကို ဖြည့်လော့။

မှောက်ထားသော ရေပြည့် အိုး အား လုံးသည် ရေကို အကြွင်းမရှိအန်ထုတ်၏၊ ထိုအိုး၌ ရေ အကြွင်းအကျန်မရှိသကဲ့သို့ အယုတ်, အလတ်, အမြတ်ဖြစ်ကုန်သော အလှူခံတို့ကို တွေ့မြင် လျှင် အိုးကိုမှောက်သကဲ့သို့ အလှူကိုအကြွင်းမဲ့သင်လှူလော့။

ဒါန၏ တရားကိုယ်မှာ အလောဘဖြစ်၏၊ အလောဘ ဟူသည်မှာ လိုချင်သောလောဘ၏ ဆန့်ကျင်ဖက် မလိုချင်ခြင်း ဖြစ်၏၊ သို့ဖြင့် ဒါနဟူသည်မှာ မလိုချင်သော အလောဘ ဖြစ် ကြောင်း သိသင့်၏၊ အကယ်၍ အလောဘ ဖြစ်လျှင် အလို- အလျောက်ပင် ဒါနပြီးမြောက်နေလိမ့်မည်၊ သို့အတွက်လောဘ ကို စွန့်ပယ်ရလိမ့်မည်။

ရဟန်းတို့ တရားတခုကို ပယ်ကြလော့။
သင်တို့ အနာဂါမ် ဖြစ်ရေးအတွက် ငါ တာဝန်ယူ၏။
တရားတခု ဟူသည် အဘယ်နည်း—

ရဟန်းတို့ တပ်မက်မှု လောဘဟူသော တရားတခုကို ပယ်ကြလော့။

သင်တို့ အနာဂါမ်ဖြစ်ရေးအတွက် ငါတာဝန်ယူ၏။

အကြင်လောဘဖြင့်တပ်မက်သူသတ္တဝါတို့သည်ဘမကောင်းသော လားရာဂတိသို့ လားရောက်ကြရကုန်၏၊ ထို လောဘကို ကောင်းစွာသိ၍ အနိစ္စ စသော အခြင်းအရာတို့ဖြင့် ရှုသူတို့သည် ပယ်စွန့်ကုန်၏၊ ပယ်စွန့်သောကြောင့် ဤလောကသို့တရံတခါမျှ မလာရောက်ကုန်။

အနာဂါမ်ဟူသည်မှာ ဤလောကသို့ဘယ်အခါမျှမလာမည့်သူ ဖြစ်၏၊ အကြောင်းကား တပ်မက်မှုလောဘကို စွန့်ပယ်သောကြောင့်ဖြစ်၏၊သတ္တဝါတို့ပါလျှင်ယင်းလောဘသည် သမုဒယသစ္စာဖြစ်၏၊သမုဒယသစ္စာတည်ယ်လျှင် ဒုက္ခရောက်မည်၊ ပယ်လျှင် နိဗ္ဗာန်ရောက်မည်၊ ယင်းတပ်မက်မှု လောဘ၏ ဆန့်ကျင်ဖက်မှာ မတပ်မက်မှု အလောဘဖြစ်၏၊ ယင်းကိုပင် ဝေါဟာရအားဖြင့် ဒါနဟု ခေါ်ကြခြင်းဖြစ်၏။

မဂ္ဂင်ရှစ်ပါးတွင် သမ္မာဝါစာ, သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝသုံးပါးကို ဒါနဟုခေါ်၏၊ ကောင်းစွာ ပြောဆိုသော သမ္မာဝါစာသည်လည်း ဒါနဖြစ်၏၊ ကောင်းစွာ ပြုလုပ်သော သမ္မာကမ္မန္တသည်လည်း ဒါနဖြစ်၏၊ ကောင်းစွာ အသက်မွေးသော သမ္မာအာဇီဝသည်လည်း ဒါနဖြစ်၏။ စင်စစ်ယင်းဒါနတို့သည်သာ စစ်မှန်သော ဒါနတို့ ဖြစ်၏၊ အလောဘ ဖြစ်မှသာ ဒုက္ခကင်းမည်၊ သို့မဟုတ်ပါက ဒါနမဖြစ်၊ဒုက္ခသာဖြစ်မည်၊ ဤ

သဘောတရားမှာ အတော်ပင် လေးနက်သည်၊ သို့သော်လည်း ထင်ရှားအောင်ဖွင့်ဆိုပါလျှင် ပရမတ္ထသဘာဝကို ဉာဏ်မမှီသူများနှောက်ယှက်မှာ စိုးရပါသည်။

## တရားအလှူ

တရား အလှူသည် အလှူအားလုံးကို အောင်၏၊
တရားအရသာသည် အရသာ အားလုံးကို အောင်၏၊
တရားမွေ့လျော်ခြင်းသည် မွေ့လျော်ခြင်း အားလုံးကို အောင်၏၊
တဏှာ ကုန်ခြင်းသည် ဒုက္ခအားလုံးကို အောင်၏။

တဏှာဟူသည်မှာ လောဘ၏ ပရိယာယ်အမျိုး ဖြစ်၏၊ သို့ကြောင့် တခါတရံ တဏှာလောဘ သို့မဟုတ် လောဘတဏှာဟု တွဲဖက်ခေါ်ဆိုကြခြင်းဖြစ်၏၊ တဏှာလောဘ ကုန်ခြင်းဟူသည်မှာလည်း အလောဘပင် ဖြစ်၏၊ လောဘတဏှာကုန်ခြင်း သို့မဟုတ် အလောဘဖြစ်ခြင်းကို အဘယ်ပုံ သိနိုင်မည်နည်း၊ ပြောဆိုခြင်း, ပြုလုပ်ခြင်း, အသက်မွေးခြင်း သုံးရပ်ဖြင့် အကဲဖြတ်နိုင်ပါသည်၊ ကောင်းစွာ ပြောဆို, လုပ်ကိုင်, အသက်မွေးပါလျှင် ဒါနနှင့် ပြည့်စုံ၍ တပ်မက်မှု လောဘမရှိသူဖြစ်၏၊ ထိုသူသာ ဒုက္ခအားလုံးကို အောင်မည်။

တရားအလှူနှင့် စပ်လျဉ်း၍ အသောက မင်းကြီးက "တရားကိုလှူခြင်း, တရားကို ဝေငှခြင်း, တရားနှင့် ဆက်စပ်ပေး

ခြင်းနှင့် တူမျှသောအလှူမရှိ၊ ကျေးကျွန် အခစေ အပေါင်းတို့အား ကောင်းစွာပြုစုစောင့်ရှောက်ခြင်း၊ အမိ အဖတို့အား ရိုသေကြိုးနွံခြင်း, အဆွေခင်ပွန်း၊ ဆွေမျိုးဉာတကာနှင့် ရဟန်းပုဏ္ဏားတို့အား ပေးကမ်းလှူဒါန်းခြင်း၊ သတ္တဝါတို့အား သတ်ဖြတ်ညှဉ်းပန်းမှု မပြုခြင်းသည်လည်း ထိုသို့သော တရားအလှူပင်ဖြစ်၏–''ဟု ကျောက်စာထိုး၍ ဖွင့်ဆို၏။

များစွာသော သူတို့သည် ဓမ္မဒါနဟူသည်မှာ တရားကို ပေးလှူခြင်း, ဖြန့်ချိဝေငှခြင်း, တရားနှင့် ဆက်သွယ်ပေးခြင်းဟုသာ ယူဆနေကြ၏၊ စင်စစ် ကျေးကျွန် အခစေအပေါင်းတို့ကို ကောင်းစွာ ပြုစုစောင့်ရှောက်ခြင်း သည်လည်း ဓမ္မဒါနတရားအလှူပင်ဖြစ်၏၊ အမိ,အဖ ဆရာသမား, သူမြတ်များအား ရိုသေမြတ်နိုးခြင်းသည်လည်း ဓမ္မဒါနတရား အလှူပင်ဖြစ်၏၊ အဆွေခင်ပွန်း စသူတို့အား ချီးမြှင့်ထောက်ပံ့ ပေးလှူခြင်းတို့သည်လည်း ဓမ္မဒါနတရားအလှူပင်ဖြစ်၏၊ သတ္တဝါတို့အား မညှဉ်းပန်း မနှိပ်စက်ခြင်းသည်လည်း ဓမ္မဒါနတရားအလှူပင် ဖြစ်၏ ဟု အသောကမင်းကြီး ဖွင့်ဆို၏။

## မြတ်သောအကျင့်

မြတ်သော အကျင့်ကို ကျင့်ခြင်းသည်လည်း မြတ်သော ဂေဟ်လာမည်၏။

ဓမ္မစရိယ သဒ္ဒါပုဒ်ကို မြတ်သော အကျင့်ကို ကျင့်ခြင်းဟု ပြန်ဆိုခြင်းဖြစ်၏။

ဓမ္မသဒ္ဒါမှာ ဓရဓါတ်မှ ဆင်းသက်လာ၏၊ ဓရ၏ အနက်ရင်းမှာ ဆောင်ခြင်းဖြစ်၏၊ မိမိသဘောတရားကို ဆောင်ခြင်းပင်တည်း၊ သဘောတရားမှာ ကောင်းသော သဘောတရားလည်း ရှိ၏၊ မကောင်းသော သဘော တရား လည်း ရှိ၏၊ ကုသိုလ် ဓမ္မသည် ကောင်းသော သဘောတရားကို ဆောင်၏၊ အကုသိုလ် ဓမ္မသည် မကောင်းသော သဘောတရားကို ဆောင်၏၊ ဤဓမ္မ စရိယမှ ဓမ္မသည်ကား မင်္ဂလာ ယူသော ဓမ္မ ဖြစ်၍ ကောင်းသော ကုသိုလ်ဓမ္မကို ယူရပါမည်၊ ဓမ္မစရိယဟူသည်မှာ ယင်းဓမ္မကို ကျင့်ခြင်းပင်ဖြစ်၏၊ မြတ်သောအကျင့်ကို ကျင့်ခြင်းပင်တည်း။

## ရဟန်းဓမ္မစရိယ

ယင်းဓမ္မစရိယသည် ရဟန်း ဓမ္မစရိယနှင့် လူဓမ္မစရိယဟု နှစ်ပါး အပြားရှိ၏၊ ထိုတွင် ရဟန်းဓမ္မစရိယကို "တရားကျင့်ခြင်းကိုရင်း, မြတ်သော အကျင့်ကို ကျင့်ခြင်းကို ၎င်း- ဤနှစ်ပါးစုံကို မြတ်သောဥစ္စာရတနာဟု ဆိုအပ်ကုန်၏၊ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ရဟန်းပြုသူအကယ်၍ ဖြစ်သော်လည်း ထိုရဟန်းသည် နူက်ကြမ်းသော သဘောရှိသူ သူတပါးတို့ကို ညှဉ်းဆဲခြင်း၌ အလွန်မွေ့လျော်သူ သား သမင်နှင့် တူသူဖြစ်ခဲ့ပါမူ ထိုရဟန်း၏ အသက်ရှင်နေခြင်းသည် ယုတ်ညံ့၏၊ မိမိ၏ ကိလေသာမြူကို ပွါးစေ၏၊ ခိုက်ရန်ဖြစ်ခြင်း၌ မွေ့လျော်

သော ရဟန်းသည် မောဟတရားဖြင့် ဖုံးလွှမ်းသည်ဖြစ်၍ပြော ကြားသည်ကိုလည်း မသိနိုင်၊ ဗုဒ္ဓဓမ္မကိုလည်း မသိနိုင်၊" အစ ရှိသဖြင့် ဟောကြားသော ဓမ္မစရိယသုတ်ဖြင့် သိနိုင်၏။

လူ့ဓမ္မစရိယနှင့် ပတ်သက်၍ ဤဘွင် နှစ်မျိုး ဖော်ပြပါ မည်၊ တမျိုးမှာ ဟိန္ဒူတို့၏ ဗြဟ္မဏဝါဒဖြစ်၍ နောက်တမျိုး မှာ ဗုဒ္ဓဝါဒမှုဖြစ်၏။

## ဟိန္ဒူဓမ္မစရိယ

ဟိန္ဒူဓမ္မမှာ မနုသမိတိအားလျော်စွာ ဆယ်ပါးအပြား ရှိ၏၊ ယင်းတို့မှာ (၁) တည်ကြည်ခြင်းဓိတိ (၂) သည်းခံခြင်း ခမာ (၃) ကိုယ်, နှုတ်, နှလုံးကို ဆုံးမခြင်း ဒမ (၄) မခိုး- မဝှက်ခြင်း အဒေထယ (၅) သန့်ရှင်းစင်ကြယ်ခြင်း သောစ (၆) ဣန္ဒြေတို့ကို နှိပ်နင်းခြင်း ဣန္ဒြိယ နိဂ္ဂဟ (၇) နက်နဲသော ဉာဏ်ပညာဖြစ်သော ဓီရ (၈) အဘိဏ်ပညာတည်းဟူသော ဝိဇ္ဇာ (၉) မှန်ကန်ခြင်း သစ္စာ (၁၀) အမျက် မထွက်ခြင်း အကောဓ-တို့ ဖြစ်ကြ၏၊ ယင်းဆယ်ပါးသည် ဓမ္မ၏ အမှတ် လက္ခဏာတို့ ဖြစ်ကြ၏၊ ဤတရားလက္ခဏာ ဆယ်ပါးနှင့် ပြည့်စုံသူ သည် မြတ်သော အကျင့်ကို ကျင့်သူမည်၏၊ စင်စစ် သူမြတ်၏ အင်္ဂါဆယ်ပါးပင် ဖြစ်၏၊ တရားရှိသူသည် တည်ကြည်ခြင်း စ သော ဓမ္မလက္ခဏာ ဆယ်ပါးနှင့် ပြည့်စုံ၏။

မြတ်သော အကျင့်ကို ကျင့်သူသည် တည်ကြည်ခြင်း

သမာဓိရှိ၏၊ သည်းခံ၏၊ ကိုယ်နှုတ်နှလုံးသုံးပါးလုံးကို ဆုံးမ ထား၏၊ ခိုးဝှက်ခြင်းမရှိ အတွင်းအပြင် သန့်ရှင်း စင်ကြယ်၏၊ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်တို့၏အလိုသို့ မလိုက်၊ ယင်းဣန္ဒြေတို့ကို မိမိ၏ အလိုအတိုင်းဖြစ်စေ၏၊ သိမ်မွေ့ နက်နဲ သောပညာရှိ၏၊ အတတ်ပညာ တတ်မြောက်၏၊ သစ္စာရှိ၏၊ အမျက်မထွက်၊ ထိုသူမျိုးကို တရားရှိသူ မြတ်သော အကျင့် ကျင့်သူဟု ဆို၏။

## ဗုဒ္ဓမ္မစရိယ

ဗုဒ္ဓမ္မအားလျော်စွာ လူ့မမ္မစရိယမှာ ပုညကြိယာဆယ် ပါးဖြစ်၏၊ ယင်းကိုပင် ကုသလကမ္မပထတရားဆယ်ပါးဟုလည်း ခေါ်ကြ၏၊ ယင်းသရုပ်ကို ပတိရူပ ဒေသဝါသောစ ဟူသော မင်္ဂလာ၌ ဖေါ်ပြခဲ့ပါပြီ၊ မြတ်သော အကျင့်ကို ကျင့်သူ သည် ပေးကမ်းလှူဒါန်း၏၊ သီလဆောက်တည်၏၊ ကမ္မဋ္ဌာန်း ဘာဝနာ ပွါး၏၊ အသက်ဂုဏ်ဝါ သိက္ခာကြီးသူတို့ကို ရိုသေ ကိုင်းရှိုင်း၏၊ မိဖ,ဆရာသမား, ရတနာမြတ်သုံးပါးတို့၏ အမှု ကိစ္စကိုဆောင်ရွက်၏၊မိမိရရှိသောကုသိုလ်ကောင်းမှုကို ဝေမျှ၏၊ သူတပါးတို့ ဝေမျှသော ကုသိုလ်ကောင်းမှုကို သာဓုခေါ်၏၊ တရားနာကြား၏၊ တရားဟောကြား၏၊ အယူဝါဒကို ဖြောင့် မတ်စွာ ယူ၏၊ ဤအင်္ဂါဆယ်ပါးနှင့် ပြည့်စုံသူကို မြတ်သော အကျင့် ကျင့်သူဟုဆို၏။

## ပုဂ္ဂိုလ်လေးမျိုး

ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။

အဘယ်လေးမျိုးတို့နည်းဟူမူ—

ရဟန်းတို့ ဤလောက၌ သီလ, သမာဓိ, ပညာတို့၌ ဖြည့်ကျင့်လေ့ မရှိသော ပုဂ္ဂိုလ်တမျိုး,

ရဟန်းတို့ ဤလောက၌ သီလကိုသာ ဖြည့်ကျင့်လေ့ရှိ၍ သမာဓိနှင့် ပညာတို့၌ ဖြည့်ကျင့်လေ့ မရှိသော ပုဂ္ဂိုလ်တမျိုး,

ရဟန်းတို့ ဤလောက၌ သီလ, သမာဓိတို့၌ ဖြည့်ကျင့်လေ့ရှိ၍ ပညာ၌ ဖြည့်ကျင့်လေ့မရှိသော ပုဂ္ဂိုလ်တမျိုး,

ရဟန်းတို့ ဤ လောက၌ သီလ, သမာဓိ, ပညာတို့၌ ဖြည့်ကျင့်လေ့ရှိသော ပုဂ္ဂိုလ်တမျိုးတို့တည်း။

ရဟန်းတို့ လောက၌ ဤ ပုဂ္ဂိုလ်လေးမျိုးတို့သည် ထင်ရှားရှိကုန်၏။

## ပညာ၏အနှစ်

အဘယ်သို့သော ဝါရိတ္တသီလရှိ၊ အဘယ်သို့သော စာရိတ္တ သီလရှိသူ, အဘယ်သို့သော ကိ ပွါးများသူသည် သာသနာ၌ ကောင်းစွာတည်သူ ဖြစ်နိုင်ပါသနည်း၊ မြတ်သော အရဟတ္တဖိုလ်သို့လည်း ရောက်နိုင်ပါသနည်း။

ပညာ, ဂုဏ်, ဇာတ်, အရွယ်အားဖြင့် ကြီးသူတို့အား ရိုသေရာ၏၊ ငြူစူခြင်းမရှိရာ၊ အလေးပြုထိုက်သူတို့ကို ဖူးမြော်ရန် အခါကိုလည်း သိရာ၏၊ တရားနာရန် ရခဲသော ခဏကို သိသည်ဖြစ်၍ ဟောကြားသော သမထ ဝိပဿနာတရားကိုင်း, ကောင်းစွာ ဟောကြားသော ဘုရားဂုဏ်တော်စသော တရားကိုင်း ရိုသေစွာ နာယူရာ၏။

သင့်လျော်သော ကာလ၌ ခက်ထန်သောမာန်ကို ကင်းအောင် ပြုလျက် ကိုယ်နှင့် စိတ်ကို နှိမ့်ချကာ ဆရာတို့ ထံသို့ ဆည်းကပ်ရာ၏၊အနက်ကိုင်း,ပါဠိကိုင်း, သီလကိုင်း,အကျင့်မြတ်ကိုင်း အောက်မေ့ရာ၏၊ ကောင်းစွာလည်းကျင့်ရာ၏။

သမထဝိပဿနာတရားလျှင် မွေ့လျော်ရာရှိသူ, တရား၌ မွေ့လျော်သူ, တရား၌တည်သူ, တရား အဆုံးအဖြတ်ကိုသိသူ ဖြစ်ရာ၏၊ တရားကို ဖျက်ဆီးတတ်သည့်စကားကို မဟောပြောရာ၊ ကောင်းစွာ ဟောသောမှန်သောစကားတို့ဖြင့် အချိန်ကို ကုန်လွန်စေရာ၏။

ရယ်မြူးခြင်းကိုင်း, အကျိုးမဲ့စကားပြောခြင်းကိုင်း, ငိုကြွေးခြင်းကိုင်း,အရာမဟုတ်သည်၌ အမျက်ထွက်ခြင်းကိုင်း, လှည့်ပတ်ခြင်း မာယာကိုင်း, အံ့ဖွယ်ပြုခြင်းကိုင်း, တပ်မက်ခြင်းကိုင်း, ကာမဂုဏ်၌ မိန်းမောခြင်းကိုင် — စွန့်ပယ်လျက် မာန်ယစ်ခြင်းကင်းကာ စိတ်တည်ကြည်သည်ဖြစ်၍ ကျင့်ရာ၏။

ကောင်းစွာ ဟောသော စကားတို့သည် သိမှုဟူသော အနှစ်သာရရှိကုန်၏၊ အကြားအမြင် သုတသည်လည်း သိပြီးသော တရားတို့၌ ကောင်းစွာထားမှု သမာဓိ ဟူသောအနှစ်

သာရရှိ၏၊ အကြင်သူသည် ရာဂစသည်တို့၏အစွမ်းဖြင့် အဆော တလျင်ပြုလုပ်၏၊ ကုသိုလ်တရားတို့၌ မမွေ့လျော်တတ်၏၊ ထိုသူအား အကြားအမြင်သည်၎င်း၊ ပညာသည်၎င်း မတိုးပွား။

အကြင်ပုဂ္ဂိုလ်တို့သည် အရိယာတို့ ဟောကြားသော တရား၌မွေ့လျော်ကုန်၏ ထိုပုဂ္ဂိုလ်တို့သည် နှုတ်အားဖြင့်၎င်း၊ စိတ်အားဖြင့်၎င်း၊ ကိုယ်အားဖြင့်၎င်း- ဤဟုခရှိ မြတ်ကုန်၏၊ နိဗ္ဗာန်၌မွေ့လျော်မှု သမာဓိ၌တည်လျက်အကြားအမြင်၏၎င်း၊ ပညာ၏၎င်း အနှစ်ကိုရကုန်၏။

## အဆွေ-အမျိုး

အဆွေအမျိုးတို့ကို သင်္ဂြိုဟ် ထောက်ပံ့ခြင်းသည်လည်း မြတ်သောမင်္ဂလာမည်၏။

ဉာတကာကို အဆွေအမျိုးဟုပြန်ဆိုခြင်းဖြစ်၏၊ ယင်း ဉာတကာဟူသောပုဒ်ကို အဋ္ဌကထာဆရာက "အမိမှ၎င်း၊ အဖမှ၎င်း ခုနစ်ဆက်မြောက်ဖြစ်သည့်ပိတာမဟအစုံသို့တိုင် အောင်သော သူတို့သည် ဆွေမျိုး ဉာတကာမည်၏—" ဟု ဖွင့်ဆို၏။ ယင်းအလိုအားဖြင့် မူ(၁)မိမိကို အလယ်ထား၍(၂)အထက်ကို အဖ (၃) အဖိုး (၄)အဖေး(၅) အောက်ကိုသား(၆)မြေး (၇)မြစ်ဟု အစဉ်အလာအားဖြင့် ညွှန်ပြကြ၏၊ အဋ္ဌကထာမှ ပိတာမဟဟူသည်မှာ အဖ၏အဖဖြစ်သောအဖိုးဖြစ်၏၊ အစုံမှာ

အဖိုးအစုံဖြစ်၏၊ အဖိုး၏ အဖ ဖြစ် သော အဖေး ကို ဆိုလိုမည်ထင်ပါသည်။

ဆွေစု-မျိုးစစ်၊ ခုနစ်ဝင်ထ
ကိုယ့်လက်မှလျှင်၊ အဖ,အဖိုး
ခေါ်ရိုးစဉ်ရှေး၊ အဖေး,အဖွဲ့
တကွဲ့အဖွေး၊ တရေးအဖော်၊

အောက်သော်တခြား၊သားနှင့်မြေး,မြစ်
တဆစ်တီ,မျှော့၊ မှတ်လော့ကျွတ်ဆက်
ကျမ်းဂန်ထွက်လည်း၊ အောက်ထက်သုံးစီ
မလွန်ညီရုံ၊ဤ၍—ဤမျှ
ဖြစ်ထိုက်စွဟု၊ နှိုင်းဆစီစစ်
ပိုင်းခြားဆစ်လျက်....။

ဤကား မဃဒေဝ လင်္ကာ အမစ္စဝါဒ အမေ့ဝေခန်းမှ ကောက်နုတ်ချက်ဖြစ်၏၊ ဤတွင် ဆွေခုနစ်ဆက်, မျိုးခုနစ်ဆက်ဟူသော ဝေါဟာရစကားကို ထင်ရှားစေလိုခြင်းဖြစ်၏၊ အထက်ဖော်ပြပါအဋ္ဌကထာလာခုနစ်ဆက်ကိုမူဆွေခုနစ်ဆက်ဟုခေါ်ကြသည်၊မျိုးကိုကား အထက်ခုနစ်ဆက်နှင့် အောက်ခုနစ်ဆက်ဟုခွဲခြားသတ်မှတ်ကြ၏၊ထိုတွင်—

အထက်မျိုးခုနစ်ဆက်မှာ (၁) မိမိကို အလယ်ထား၍ (၂)အဖ(၃)အဖိုး(၄)အဖေး (၅)အဖွဲ့(၆)အဖွေး(၇)အဖော် တို့ဖြစ်ကြ၏။

အောက်မျိုးခုနစ်ဆက်မှာ (၁) မိမိကို အလယ်ထား၍ (၂)သား(၃)မြေး(၄)မြစ်(၅)တီ(၆)မျှော့(၇)ကျွတ်တို့ဖြစ်၏။

မြင့်မြတ်သူတို့ကား တခုလောက လုံး ကိုပင် မိမိဆွေမျိုး ဉာတကာအဖြစ်ယူဆကြလေသည်။

အနမ တဂ္ဂ

ရဟန်းတို့ သံသရာ၏အစကိုမသိနိုင်၊ မသိမှု အဝိဇ္ဇာဖြင့် ပိတ်ဖုံးအပ်ကုန်သည်၊ တဏှာနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်ကုန်သည် ဖြစ်၍ ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ပြေးသွား ကျင်လည်ကြရကုန်သော သတ္တဝါတို့၏ ရှေးအစွန်းသည် မထင်နိုင်။

ရဟန်းတို့ ဤရှည်စွာသော ကာလ၌ သင်တို့၏ အမိ (မာတု) မဖြစ်ဘူးသော, အဖ(ပိတု) မဖြစ်ဘူးသော, ညီအကို (ဘာတု) မဖြစ်ဘူးသော, ညီမ နှမ အမ(ဘဂိနီ) မဖြစ်ဘူးသော သား (ပုတ္တ) မဖြစ်ဘူးသော, သမီး (ဓီတု) မဖြစ်ဘူး သော သတ္တဝါကို ရလွယ်သည် မဟုတ်။

ထိုသို့ဖြစ်ရခြင်းသည် အဘယ့်ကြောင့်နည်း—

ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်၊ မသိမှု အဝိဇ္ဇာဖြင့် ပိတ်ဖုံးအပ်ကုန်သည်၊ တဏှာ နှောင်ကြိုးဖြင့် ဖွဲ့ ချည်အပ် ကုန်သည် ဖြစ်၍ ဤဘဝမှ ထိုဘဝ, ထိုဘဝမှ ဤ ဘဝသို့ ပြေးသွား ကျင်လည် ကြရကုန်သော သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်နိုင်။

မြတ်စွာဘုရား သက်တော် ထင်ရှား ရှိစဉ် အခါက ဘဂ္ဂတိုင်း သုသုမာရ ဂိရိမြို့၌ သူဌေးကြီး တဦးရှိ၏၊ သူ့တွင် နကုလ အမည်ရှိသော သားတယောက်ရှိ၏၊ ထိုသားမှာ လူချစ်-လူခင် များသော သားဖြစ်၍ လူတို့သည် သူ့ကိုအစွဲပြု၍ သူ၏ အဖ သူဌေးကြီးကို နကုလ၏ အဖ နကုလပိတာဟု ခေါ်ကြ၍ အမိကိုလည်း နကုလ၏ အမိ နကုလ မာတာ ဟု ခေါ်ကြ၏၊ နကုလ ပိတာနှင့် နကုလမာတာတို့သည် မြတ်စွာဘုရားသခင်ကို စတင် တွေ့မြင်လျှင်ပင်—"ချစ်သား သင်သည် ဤမျှလောက် ကာလပတ်လုံး ငါတို့ အမိ-အဖ နှစ်ပါးကို စွန့်ခွါပြီး အဘယ်သို့ သွားနေပါသနည်း—"ဟု အကျွမ်း တဝင် ရင်းနှီးစွာ ဆို၏၊ အကြောင်းကား သူတို့သည် လွန်လေပြီးသော ဘဝတို့က ဘဝ မခြား ဘဝ ငါးရာတိုင်တိုင် မြတ်စွာဘုရားသခင်၏ အမိ-အဖ ဖြစ်ခဲ့ဘူးကြ၏၊ ဘကြီး-ဒေါ်ကြီး အဖြစ်လည်း အကြိမ်းပေါင်း ငါးရာ၊ ဘထွေး-ဒေါ်လေး အဖြစ်လည်း အကြိမ်ပေါင်း ငါးရာ၊ ဥရီး-အရီး အဖြစ်လည်း အကြိမ်ပေါင်း ငါးရာ၊ ဘဝ မခြား ဖြစ်ခဲ့ဘူး၏၊ ထိုသို့ ရှည်မြင့်စွာသော ကာလ ပတ်လုံး အစဉ် လိုက်သော ချစ်မြတ်နိုး ခြင်းဖြင့် ဘုရား သခင်ကို တွေ့ မြင်လျှင်ပင် သားဟူသောအမှတ်ရှိ၍ အကျွမ်းတဝင် ရင်းနှီးစွာ ပြောဆိုကြခြင်း ဖြစ်၏။

"ချစ်သား အဖသည်ကား အိုပါပြီ၊ ကြီးရင့် ပါပြီ၊ အရွယ်သုံးပါး လွန်ပါပြီ၊ နောက်ဆုံး အရွယ်သို့ ရောက်ပါပြီ။

ကိုယ်လက် ကျင်နာနေပါသည်၊ အမြဲ-မပြတ် အနာနှိပ်စက်နေသည်။ မိမိစိတ်အလို နှစ်သက်မှု ပွားစေနိုင်သော ရဟန်းသံဃာကို အမြဲ-မပြတ် ဆည်းကပ်ရန် မစွမ်းနိုင်ပါ၊ သို့ကြောင့် အဖ အရှည်သဖြင့် စီးပွား-ချမ်းသာ ဖြစ်စေရန် ဆုံးမဩဝါဒ ပေးပါချစ်သား-''ဟု ကရုံသောအခါ နကုလပိတာက မြတ်စွာဘုရားအား ပြောကြားသည်။

ထိုအခါ မြတ်စွာဘုရားကား-''သူကြွယ် သင်ပြောသည့်အတိုင်း မှန်ပေ၏၊သူကြွယ် ဤကိုယ်သည် ကြက်ဥသော သတ္တဝါတို့၏ အဥသဖွယ် ဖြစ်၏၊အထိ-အခိုက် မခံပါ၊ ထက်ဝန်းကျင်မှ မြေးရှက်အပ်၏၊ သူမိုက်မှ တပါး ဤကိုယ်ကို ဆောင်ရွက်သူတို့သည် တခဏမျှလည်း အနာရောဂါကင်းခြင်းကိုဝန်မခံနိုင်ကြပါ၊ ထို့ကြောင့် သူကြွယ် ကိုယ်မှုကား နာကျင်ခြင်း သဘောရှိ နာချင် နာပါစေ၊ စိတ်ကိုမူ မနာမကျင် စေရဟု သင်ကျင့်ရမည်-''ဟု ဩဝါဒ ပေးတော်မူ၏။

ယင်းသို့လျှင် နကုလပိတာနှင့်မာတာတို့သည် မြတ်စွာဘုရားကိုသားအဖြစ်နှင့် ချစ်ခင် ရင်းနှီးကြသည်၊ သို့ကြောင့် နေဝင်[illegible] ဝါ [illegible] မြတ်စွာဘုရားသည် [illegible] စေ့နိုး မောင်နှံ နှစ်ဦးလုံးကိုပင်-''မြတ်စွာဘုရားနှင့် ချစ်ကျွမ်းဝင်သည့်စကားကို ပြောဆိုလေ့ ရှိသူ တို့တွင် အမြတ်ဆုံးဖြစ်သော ဝိဿာသိက တေဒဂ်-''ကို ပေးတော်မူခြင်းဖြစ်၏၊ (သားမယားကို သင်္ဂြိုဟ် ထောက်ပံ့ခြင်း အ ဖွင့်မှ သူကြွယ် လင်မယား အကြောင်းနှင့်ဆက်စပ်ဖတ်ရှုပါ။) သို့ဖြင့်ဘဝသံသရာအဆက်ဆက်မှ အဆွေ-အမျိုးတော်စပ်ခဲ့ခြင်းနှင့် သင်္ဂြိုဟ်ထောက်ပံ့ခြင်း

ကို သိနိုင်ပါသည်၊ ထောက်ပံ့ပုံကိုလည်းသား-မယားကို သင်္ဂြိုဟ် ထောက်ပံ့ခြင်း၌ ဖွင့်ဆိုခဲ့ပါပြီ။

# ကုက္ကုရ ဇာတ်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ခွေးမျိုး၌ဖြစ်၍ များစွာသော ခွေးအပေါင်းခြံရံလျက် သုသာန်၌ နေ၏။

ထိုအခါ တနေ့သ၌ မင်းသည် သိန္ဓောမြင်းဖြူတို့ဖြင့် ကအပ်သော ရထားကို စီး၍ ဥယျာဉ်သို့ သွား၏၊ ဥယျာဉ်၌ခနေ့ အဘို့ပတ်သုံးကစား၍ နေဝင်သည်ရှိသော် မြို့သို့ဝင်၏၊မင်းရထားကို ထားမြဲတိုင်းသာသျှင် မင်းရင်ပြင်၌ ထားကုန်၏၊ ရထားသည် ညဉ့်၌ မိုးရွာသော် စွပ်၏။နန်းပြာသာဒ်ထက်မှ မင်းမျိုးတို့ မွေးကုန်သော ခွေးတို့ ဆင်းသက်၍ ရထားကာသော သားရေကိုရင်း, ဖွဲ့သော သားရေကိုရင်း-စားကုန်၏။

နက်ဖြန်နေ့၌ မင်းအား "အရှင်မင်းကြီး ပြွန်ပေါက်မှ ခွေးတို့ဝင်၍ ရထား၏ သားရေအကာနှင့် သားရေလွန်တို့ကို စားကုန်၏"ဟု လျှောက်ကုန်၏။

မင်းသည် ခွေးတို့အား အမျက်ထွက်၍ "မြင်တိုင်း မြင်တိုင်းသော အရပ်၌ ခွေးတို့ကို သတ်လေကုန်"ဟု ဆို၏။

ထိုအခါမှစ၍ ခွေးတို့အား ကြီးစွာသော ပျက်စီးခြင်းသည် ဖြစ်၏၊ခွေးတို့သည် သုသာန်သို့ပြေးကုန်၍ ဘုရားလောင်း

အား အကြောင်းကြားကုန်၏၊ ဘုရားအလောင်းသည် အကြောင်း-အကျိုးဆင်ခြင်ပြီး ဆွေမျိုးအပေါင်းအား အသက်ကို လှူရမှုကား ကောင်း၏ဟု ကြံ၍ "သင်တို့ မကြောက်ကြလင့်၊ ငါသည် သင်တို့အား ဘေးမဲ့ကို ဆောင်အံ့၊ သင်တို့ ဤအရပ်၌ နေနှင့်ကြကုန်လော့" ဟု ဆို၍ တကောင်တည်းလျှင် မြို့တွင်းသို့ ဝင်၏။

ဘုရားလောင်းသည် မင်း၏ ထံမှောက်သို့ အရောက်ပြေးသွားပြီး မင်းကို ရှိခိုး၍ "အရှင်မင်းကြီးတို့သည် ခွေးတို့ကိုသတ်စေကုန်သလော" ဟု မေး၏။

"ငါသည် သတ်စေ၏"

"မင်းကြီး ခွေးတို့၏ အပြစ်ကား အဘယ်နည်း"

"ရထားမှ သားရေတို့ကို စားကုန်၏"

"စားသောခွေးတို့ကို သိပါသလော"

"မသိကုန်"

"မင်းကြီး မသိမူ၍ တွေ့မြင်တိုင်းသော ခွေးတို့ကို သတ်စေခြင်းသည် မသင့်၊ သို့သော်လည်း ခွေးအားလုံးကိုပင် သတ်စေသလော"

"ငါတို့အိမ်၌ မွေးစားထားသော ခွေးတို့ကိုကား မသတ်"

"သို့ဖြစ်ပါလျှင် ရှင်မင်းကြီးတို့သည် ဆန္ဒအစရှိသည်တို့၏ အစွမ်းဖြင့် အဂတိသို့ လိုက်ခြင်းသို့ ရောက်သည် မဟုတ်တုံလော၊ ရှင်မင်းကြီးတို့ ဤခွေးသတ်ခြင်းသည် ခွေးအားလုံးကို သတ်ခြင်းမဟုတ်၊ အားနည်းသော ခွေးတို့ကိုသတ်ခြင်း မည်၏"

"ပညာရှိ သင်သည် ဤမည်သော ခွေးတို့စားကုန်၏ဟူ၍ သိသလော"

"ရှင်မင်းကြီး အကျွန်ုပ်ကောင်းစွာသိပါသည်"

"ပညာရှိ ပြပါလော့"

"ရှင်မင်းကြီးတို့ အိမ်၌ မွေးစားထားသော ခွေးတို့ကို နေဇာမြက်ကို ထောင်း၍ ယက်တက်ရည်ဖြင့် ဖျော်၍ တိုက်ကုန်လော့"

မင်းသည် ဘုရားလောင်းဆိုတိုင်း တိုက်၏၊ သောက်တိုင်း သောက်တိုင်းသော ခွေးတို့သည်သားရေတို့နှင့်တကွ အန်ကုန်၏။

ဘုရားလောင်းခွေးသည် ဆွေမျိုးတို့ကို အသက်စွန့်ပြီး သင်္ဂြိုဟ်ထောက်ပံ့ခြင်းဖြစ်၏၊ ပုံစံပြယုဂ်ပင်ဖြစ်၏၊ ယင်းသို့လျှင် ဆွေမျိုးတို့ကို သင်္ဂြိုဟ်ထောက်ပံ့သော အထောက်အထားအများအပြားပင်ရှိ၏၊ အတိတ်ကသည်း ရှိခဲ့သည်၊ ယခု ပစ္စုပ္ပန် မျက်မှောက်တွင်လည်း တွေ့မြင်နိုင်လေသည်၊ရာဇဝင်မဟာဝင်စသည်တို့ အပြင် ကိုယ်တွေ့မျက်မြင်များကို ထုတ်ဆောင် ကိုးကားနိုင်ပါသည်။

"[illegible]" ဟူ ဆိုသော စကားရှိ၏၊ ဆိုလိုသည်ကား အရပ်သား အိမ်နီးချင်းတို့ အခင်း အရာရှိလျှင် ဥစ္စာမျှတန် ပေးတန်သည်၊ အစား အသောက်မျှတန် ပေးတန်သည်၊ နှုတ်ကူလက်မပြုတန်သည်၊ ကြည့်ရှုစောင်မတန်သည်ကို ပြုနိုင်စေ၊ ဖော်ရွေအောင်တတ်နိုင်စေဆိုလိုသည်၊ထိုသို့ဆိုခြင်းသည်"အိမ်နီးချင်းကို ဆွေနည်းမတန်"ဟူ၍ရင်း "အဆွေခင်ပွန်း မေးမြန်းနိုင်စေ၊ ဖေါ်ရွေနိုင်မှ ချမ်းသာရအံ့"ဟူ၍ ရင်း ဆိုသည့်အတိုင်း

အစား အသောက်အထောက် အပံ့စသည်ကို ရပ်သူ ရွာသားကို မျှတပြု၍ ရပ်သူရွာသား အများအလိုရှိမှုချမ်းသာရမည်၊ ရပ်သူရွာသားအများ အလိုမရှိလျှင် အမှုအခင်းများမည်၊ မငြိမ်မသက် ဘေးရန်များမည်ကို ရည်၍ရင်း "အရပ်ကိုမျှ" ဟူ၍ ဆိုခြင်းဖြစ်၏။

အဆွေ အမျိုးဟူသော စကားတွင် ယင်းသို့လျှင် ရပ်ဆွေ ရပ်မျိုးတို့ကိုလည်းထည့်သွင်း ရေတွက်ပြီး သင်္ဂြိုဟ် ထောက်ပံ့သင့်ပါသည်။

## အပြစ်ကင်းသော အလုပ်

အပြစ်မရှိသော အမှုတို့ကို ပြုရခြင်းသည်လည်း မင်္ဂလာမည်၏။

ရဟန်းတို့ အပြစ်တို့သည် ဤနှစ်မျိုးတို့တည်း။

အဘယ် နှစ်မျိုးတို့နည်း ဟူမူ—

မျက်မှောက် ဘဝ၌ ဖြစ်သော အပြစ်၊ တမလွန် ဘဝ၌ ဖြစ်လတ္တံ့သော အပြစ်တို့တည်း။

မျက်မှောက် ဘဝ၌ ဖြစ်သော အပြစ် ဟူသည် အဘယ်နည်း—

ရဟန်းတို့ ဤလောက၌ အချို့သောသူသည် မင်းတို့က မကောင်းမှု ပြုကျင့်သော ခိုးသူကို ဖမ်းဆီး၍ အမျိုးမျိုးသော နှိပ်စက် ညှဉ်းပန်းခြင်း ပြုစေသည်တို့ကို တွေ့မြင်ရ၏၊ သို့ကြောင့်

ထိုသူသည် မျက်မှောက်ဘဝ၌ ဖြစ်သော အပြစ်မှ ကြောက်သည် ဖြစ်၍ သူတပါးတို့၏ ပစ္စည်းဥစ္စာထုပ်ကို လုယက် ခိုးယူ၍ မသွား။

ရဟန်းတို့ ဤအပြစ်ကို မျက်မှောက်ဘဝ၌ ဖြစ်သော အပြစ်ဟု ဆိုအပ်၏။

ရဟန်းတို့ တမလွန် ဘဝ၌ ဖြစ်လတ္တံ့သော အပြစ်သည် အဘယ်နည်း—

ရဟန်းတို့ ဤလောက၌ အချို့သော သူသည် ကိုယ် နှုတ်စိတ်ဖြင့် ပြုလုပ် ပြောဆို ကြံစည်အပ်သော မကောင်းသော အကျင့်၏ အကျိုးသည် တမလွန်ဘဝ၌ ဆင်းရဲသော ယုတ်သည့်သော အကျိုးဖြစ်၏ဟုမိမိကိုယ်ကိုစင်ကြယ်စွာ စောင့်ရှောက်၏။

ရဟန်းတို့ ဤအပြစ်ကို တမလွန်ဘဝ၌ ဖြစ်လတ္တံ့သော အပြစ်ဟု ဆိုအပ်၏။

ရဟန်းတို့ အပြစ်တို့သည် ဤနှစ်မျိုးတို့တည်း။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာ၌- "မျက်မှောက် ဘဝ၌ ဖြစ်သော အပြစ်ကို ကြောက်ကုန်အံ့၊ တမလွန် ဘဝ၌ ဖြစ်လတ္တံ့သော အပြစ်ကို ကြောက်ကုန်အံ့"ဟု ကျင့်ရမည်။

ရဟန်းတို့ အပြစ်ကိုကြောက်သူ ဘေးကိုမြင်သော သူ သည် အလုံးစုံသော အပြစ်တို့မှ လွတ်အံ့သော အကျိုးကိုသာ ခံချတ်ရလိမ့်မည်။

# ပုဂ္ဂိုလ် လေးမျိုး

ရဟန်းတို့ ဤလောက၌ ဤပုဂ္ဂိုလ် လေးမျိုးတို့သည် ထင်ရှား ရှိကုန်၏။

အဘယ်လေးမျိုးတို့နည်း ဟူမူ—

(၁)အပြစ်ရှိသော ပုဂ္ဂိုလ် (၂)အပြစ်များသောပုဂ္ဂိုလ် (၃) အပြစ်နည်းသော ပုဂ္ဂိုလ် (၄) အပြစ်မရှိသော ပုဂ္ဂိုလ်တို့တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အပြစ်ရှိသနည်း—

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အပြစ်ရှိသော ကာယကံ, ဝစီကံ, မနောကံနှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အပြစ်ရှိ၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အပြစ်များသနည်း—

ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အပြစ်ရှိသော ကာယကံ,ဝစီကံ, မနောကံနှင့် ပြည့်စုံသည်က များ၏၊ အပြစ်မရှိသော ကံနှင့် ပြည့်စုံသည်ကား အနည်းငယ်သာတည်း။

ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အပြစ်များ၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် အပြစ်နည်းသနည်း—

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် အပြစ်မရှိသော ကာယကံ, ဝစီကံ, မနောကံနှင့် ပြည့်စုံသည်က

များ၏၊ အပြစ် ရှိသောကာယကံနှင့် ပြည့်စုံသည်ကား အနည်းငယ် သာတည်း။

ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အပြစ်နည်း၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည်အပြစ်မရှိသနည်း-

ရဟန်းတို့ ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အပြစ် မရှိသော ကာယကံ, ဝစီကံ, မနောကံနှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် အပြစ်မရှိ။

ရဟန်းတို့ လောက၌ ဤပုဂ္ဂိုလ် လေးမျိုး တို့သည် ထင်ရှား ရှိကုန်၏၊

## မြတ်သော အသက်မွေးခြင်း

ဤလောက၌ ပုဂ္ဂိုလ် သတ္တဝါ၏ မြတ်သော ဥစ္စာကား အဘယ်ပါနည်း—

ယုံကြည်မှု သဒ္ဓါတရားတည်း။

အဘယ် အရာကို လေ့ကျက် အပ်သော ချမ်းသာကို ဆောင်ရွက်တတ် ပါသနည်း—

ကုသိုလ် ကမ္မပထတရား ဆယ်ပါးကို ကောင်းစွာ လေ့ ကျက် အပ်သော ချမ်းသာကို ရွက်ဆောင်တတ်၏။

အရသာတို့တွင် စင်စစ် အကောင်းဆုံး အရသာသည် အဘယ်ပါနည်း—

သစ္စာ တရားတည်း။

အဘယ်သို့ အသက်မွေးသူကို မြတ်သောအသက်မွေးခြင်း ရှိသူဟု ဆိုကုန်သနည်း—

ပညာဖြင့် အသက်မွေးသူကို မြတ်သော အသက်မွေးခြင်း ရှိသူဟု ဆိုကုန်၏။

## ချမ်းသာ လေးမျိုး

ကာမဂုဏ် ခံစားသောလူသည် သင့်လျော်သော အချိန် အခါကို စွဲ၍ ရသောချမ်းသာတို့သည် ဤလေးမျိုးတို့တည်း။

အဘယ်လေးမျိုးတို့ နည်းဟူမူ—

(၁)ရှိမှုချမ်းသာ(၂)သုံးဆောင်မှု ချမ်းသာ(၃)ကြွေးမြီ မရှိမှု ချမ်းသာ (၄)အပြစ်မရှိမှုချမ်းသာ တို့တည်း။

ရှိမှုချမ်းသာ ဟူသည် အဘယ်နည်း—

ဤလောက၌ အမျိုးကောင်း သားအား လက်ရုံး အားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျ ဖြစ်စေကုန်သော တရားနှင့် ယှဉ်ကုန်သော တရားသဖြင့် ရကုန်သော ထကြွ လုံ့လဖြင့် ရကုန်သော စည်းစိမ်တို့သည် ငါ့အားရှိ၏ဟု ချမ်းသာမှုကို ရ၏၊ ဝမ်းမြောက်မှုကိုရ၏။

ဤသည်ကို ရှိမှုချမ်းသာဟု ဆိုအပ်၏။

သုံးဆောင်မှု ချမ်းသာဟူသည် အဘယ်နည်း—

ထိုတရားသဖြင့်ရသော စည်းစိမ်တို့ကို ငါသည်သုံးဆောင်

ရ၏၊ ယင်းတို့ဖြင့် ကောင်းမှုကိုလည်း ပြုရ၏ဟု ချမ်းသာမှုကို ရ၏၊ ဝမ်းမြောက်မှုကို ရ၏။

ဤသည်ကို သုံးဆောင်မှု ချမ်းသာဟု ဆိုအပ်၏။

ကြွေးမြီမရှိမှု ချမ်းသာဟူသည် အဘယ်နည်း—

ဤလောက၌ အမျိုးကောင်းသားသည် နည်းသည် ဖြစ်စေ, များသည်ဖြစ်စေ, တစုံတယောက်သောသူအား တစုံတခုသောကြွေးမြီကို ငါသည် မပေး-မဆပ်ရဟု ချမ်းသာမှုကို ရ၏၊ ဝမ်းမြောက်မှုကိုရ၏။

ဤသည်ကို ကြွေးမြီမရှိမှုချမ်းသာဟုဆိုအပ်၏။

အပြစ်မရှိမှုချမ်းသာဟူသည် အဘယ်နည်း—

ဤလောက၌ အရိယာတပည့်သည် ငါသည် အပြစ်မရှိသော ကာယကံ,ဝစီကံ,မနောကံနှင့် ပြည့်စုံ၏ဟု ချမ်းသာမှုကို ရ၏၊ ဝမ်းမြောက်မှုကိုရ၏။

ဤသည်ကိုအပြစ်မရှိမှုချမ်းသာဟုဆိုအပ်၏။

ကာမဂုဏ်ခံစားသောလူသည် သင့်လျော်သော အချိန်အခါကို စွဲ၍ရသောချမ်းသာတို့သည် ဤလေးမျိုးတို့တည်း။

## ပတ္တကမ္မသုတ်

လောက၌ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ် ခဲယဉ်းသဖြင့် ရအပ်သောတရားတို့သည် ဤလေးမျိုးတို့တည်း။

အဘယ်လေးမျိုးတို့နည်းဟူမူ—

(၁) တရား နှင့် အညီ စည်းစိမ်တို့သည် ဖြစ်စေကုန်သတည်း။

(၂) တရားနှင့်အညီစည်းစိမ်ကိုရ၍ အဆွေအမျိုးတို့နှင့်တကွ အဆွေခင်ပွန်းတို့နှင့်တကွ ငါ့အားအခြံအရံသည် ရောက်စေသတည်း။

(၃) တရားနှင့်အညီ စည်းစိမ်ကို ရ၍ အဆွေအမျိုး အဆွေခင်ပွန်းတို့နှင့်တကွ အခြံ-အရံကိုရ၍ ကြာမြင့်စွာ အသက်ရှည်လို၏၊ ရှည်သောအသက်ကိုစောင့်ရှောက်လို၏။

(၄) တရားနှင့်အညီ စည်းစိမ်ဥစ္စာကိုရ၍ အဆွေအမျိုး အဆွေခင်ပွန်းတို့နှင့်တကွ အခြံ-အရံကိုရ၍ ကြာမြင့်စွာအသက်ရှည်၍ ရှည်သော အသက် ကို စောင့်ရှောက်၍ သေပြီးသည်မှနောက်၌ နတ်ပြည်၌ဖြစ်ရလို၏။

ဤကားလောက၌ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်ခဲယဉ်းသဖြင့် ရအပ်သော တရားလေးမျိုးတို့တည်း။

## ရကြောင်းလေးမျိုး

လောက၌ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်ခဲယဉ်းသဖြင့် ရအပ်သော ဤအကျိုးတရား လေး မျိုး တို့ ကို ရရန်အကြောင်းတရားလေးမျိုးတို့ရှိကုန်၏။

အဘယ်လေးမျိုးတို့နည်းဟူမူ—

(၁) သဒ္ဓါတရားနှင့် ပြည့်စုံခြင်း
(၂) သီလနှင့်ပြည့်စုံခြင်း
(၃) စွန့်ကြဲမှုနှင့် ပြည့်စုံခြင်း
(၄) ပညာနှင့်ပြည့်စုံခြင်းတို့ဘည်း။

သဒ္ဓါနှင့်ပြည့်စုံခြင်းဟူသည် အဘယ်နည်း—

ဤသာသနာ၌ အရိယာတပည့်သည် မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးကိုယုံကြည်၏။

ဤသည်ကို သဒ္ဓါတရားနှင့် ပြည့်စုံသည်ဟုဆို၏။

သီလနှင့်ပြည့်စုံခြင်းဟူသည် အဘယ်နည်း—

ဤသာသနာ၌ အရိယာတပည့်သည် ငါးပါးကိုရှောင်ကြဉ်၏။

ဤသည်ကိုသီလနှင့်ပြည့်စုံခြင်းဟုဆို၏။

စွန့်ကြဲခြင်းနှင့် ပြည့်စုံခြင်းဟူသည် အဘယ်နည်း—

ဤသာသနာ၌ အရိယာတပည့်သည် ဝန်တိုခြင်း အညစ်အကြေး ကင်းသော စိတ်ဖြင့် အိမ်၌နေ၏၊ လွတ်လွတ်စွန့်ကြဲ၏၊ဆေးကြောအပ်သောလက်ရှိ၏၊စွန့်ကြဲမှု၌မွေ့လျော်၏၊ အလှူခံရန် အသင့်ဖြစ်၏၊ ပေးကမ်းမှု ခွဲဝေမှု၌ မွေ့လျော်၏။ ဤသည်ကို စွန့်ကြဲခြင်းနှင့် ပြည့်စုံခြင်းဟုဆို၏။

ပညာနှင့်ပြည့်စုံခြင်းဟူသည် အဘယ်နည်း—

ဤသာသနာ၌ အရိယာတပည့်သည် မက်မောခြင်း, ပျက်စီးစေလိုခြင်း, ထိုင်းမှိုင်းခြင်း,ပျံ့လွင့်ခြင်း, နောင်တ ပူပန်ခြင်း,မဝေခွဲနိုင်ခြင်းကင်း၏။

ဤသည်ကို ပညာနှင့် ပြည့်စုံခြင်းဟုဆို၏။

ဤကား လောက၌ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ် ခဲယဉ်းသဖြင့် ရအပ်သော အကျိုးတရား လေးမျိုးတို့ကို ရရန် အကြောင်းတရားလေးမျိုးတို့တည်း။

## ဖိုးသက်ရှေဇာတ်

ရှေးအခါ ပုဂံပြည်၌ အနော်ရထာ မင်း မင်းပြု၏၊ ထိုအခါ တောကျေး သား တယောက်သည် ဒိသာပါမောက္ခ ဆရာ့ထံ၌ အတတ်ပညာသင်ကြားရန်ရောက်လာ၏။

ဆရာကြီးသည် တပည့်၏ ထိုဇာတာစန်းလဂ်တို့ကို စစ်ဆေးကြည့်ရှုရာ တလအတွင်း သေကြေပျက်စီးမည်ကိုတွေ့မြင်၍ "အမောင် ယခုအခါမှာ ပညာသင်ကြားရန် အချိန်အခါမဟုတ်သေး၊ ယနေ့မှ ရေတွက်၍ ရက်ပေါင်း ၃၀ ပြည့်သော နေ့သို့ ရောက်မှလာခဲ့ပါ၊ ထိုအခါတွင်မှ သင်ကြားလိုသော ပညာကို သင်ကြားပေးမည်—" ဟု ပရိယာယ်ဖြင့် ပြန်လွှတ်လိုက်၏။

ထိုသူငယ်လည်း "ကောင်းပါပြီ—" ဟုဝန်ခံကာ ဆရာကို ဦးချပြီး မိမိကျေးရွာသို့ပြန်ခဲ့၏၊ သူသည် ကျေးရွာတွင် တလတိုင်မျှ အချိန်ဖြုန်းရမည်ဖြစ်၍ ဤအတွင်း အပြစ်ကင်းသော အလုပ်ကို လုပ်ဆောင်ရန် စိတ်အားထက်သန်နေ၏။

တနေရာတွင် အိုင်ငယ်တခုကိုတွေ့ရ၏၊ ရေခမ်းနေသဖြင့် ငါး-ပုဇွန်တို့ ဒုက္ခရောက်နေကြ၏၊ သူသည် ထို ငါး ပုဇွန်တို့ကို ကောင်းစွာယူဆောင်ပြီးရေများသောအိုင်တွင်လွှတ်ပေးလိုက်၏

ငါးပုဇွန်တို့ ပျော်ရွှင်စွာ ရေကူး သွားသည်ကို ဝမ်းသာစွာ ကြည့်နေ၏။

ထို့နောက် ဆက်လက်သွားပြန်ရာ တံတားပျက်တခုကို တွေ့မြင်ရ၏၊ သူသည် အနီး-အနားဌ် နွယ်ကြိုးရှာဖွေပြီး ထို တံတားကို တောင့်တင်းခိုင်မာအောင်ပြုလုပ်၏၊ သို့ဖြင့် ခရီးသွား တို့ ချမ်းသာ လွယ်ကူစွာသွားကြရ၏။

ဆက်လက်သွားပြန်ရာ လမ်းပေါ်တွင် လမ်းဘေးညောင် ပင်ကြီးမှ ညောင်ကိုင်းကြီးတကိုင်း ပိတ်ဆီးနေသည်ကိုတွေ့ရ၏၊ သူသည် ခရီးသွားတို့ သက်သာလွယ်ကူစွာ သွားနိုင်စေရန် ထို ညောင်ကိုင်းကြီးကို ခုတ်ထွင် ရှင်းလင်းပစ်လို၏၊ သို့သော်လည်း ညောင်ပင်တွင် ရုက္ခစိုးနတ် ရှိသည် ဟူသော အယူအစွဲကြောင့် မခုတ် ဝန့်ပါ၊ သို့ကြောင့် သူသည် အခြား သစ်ပင်မှ သစ်ကိုင်းတကိုင်းကို ခုတ်ယူခဲ့ပြီး ထိုညောင်ကိုင်းကို ထောက်၍ ပေး၏၊ သို့ဖြင့် လူတို့သည် ဖြောင့်မတ်စွာ ခရီးသွားနိုင်ကြ၏။

သို့ဖြင့် ကျေးရွာရောက်၍ တလပြည့်မြောက်သောအခါ အတတ်ပညာ သင်ကြားရန် ပုဂံပြည် ဒိသာပါမောက္ခဆရာ ကြီးထံသို့ ပြန်သွား၏၊ ဆရာကြီးသည် ထိုတပည့်ကိုတွေ့ရသော အခါ အလွန်အံ့ဩစွာဖြင့် "အမောင် ဘယ်သို့ ပြန်လာနိုင် သနည်း" ဟု မေး၏။

တပည့်သည်လည်း ထိုတလအတွင်း မိမိတွေ့ကြုံ ဆောင် ရွက် ပြုလုပ်ခဲ့သမျှတို့ကို အသေးစိတ် ဆရာအား ပြောကြား၏။

ထိုအခါ ဆရာက "အမောင် သင်သည် အပြစ်ကင်း သော အလုပ်တို့ကို ကောင်းစွာ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် သင်၏ ဇာတာစန်းလဂ်တို့သည်လည်း အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်ကုန်၍ သင်၏ အသက်ရှည်ကြာ အနာမဲ့ကြောင်းတို့ ဖြစ်ကြ၏၊ ။ အနာရောဂါ ကင်းခြင်း, အသက်ရှည်ခြင်းကို အလိုရှိသူတို့သည် အမောင်ကဲ့သို့ပင် သားငါးတို့ကို ဘေးမဲ့လွှတ်သောအလုပ်, တံတားခင်းသော အလုပ်, ညောင်ထောက်သောအလုပ်တို့ကို လုပ်သင့်၏၊ ယင်းတို့သည် အပြစ်ကင်းသော အလုပ်များဖြစ်၍ ပြုလုပ်သူမှာလည်းအပြစ်ကင်းလွတ်၏” ဟု သွန်သင်ဆုံးမ ဩဝါဒပေး၏။

# အာရတိ

## ဂါထာ

အာရတိ ဝိရတိ ပါပါ
မဇ္ဇ ပါနာ စ သံယမော၊
အပ္ပမာဒေါ စ ဓမ္မေသု
ဧတံ မင်္ဂလ မုတ္တမံ။

## နိဿျ

ဒေဝ ပုတ္တ —နတ်သား
ပါပါ —မကောင်းမှုမှ
ယာ အာရတိ စ —အကြင်ဝေးစွာရှောင်ကြဉ်ခြင်းသည်၎င်း,
ယာ ဝိရတိ စ —အကြင် အထူး သဖြင့် ရှောင်ကြဉ်ခြင်း သည်၎င်း,
မဇ္ဇ ပါနာ —သေရည်သေရက်သောက်ခြင်းမှ
ယော သံယမော စ—အကြင် ကောင်းစွာ စောင့် စည်းခြင်း သည်၎င်း,

**ဓမ္မေသု** —ကုသိုလ်ကောင်းမှုတို့၌
**ယော အပ္ပမာဒေါ စ**—အကြင် မမေ့-မလျော့ခြင်းသည်၎င်း—
**အတ္ထိ** —ရှိ၏၊
**ဧတံ** —ဤလေးပါးသောတရားသည်
**ဥတ္တမံ** —မြတ်သော
**မင်္ဂလံ** —မင်္ဂလာမည်၏။

## လင်္ကာ

ရွှေရောင်ဂိရိန်၊ မြတ်ဝတိန်သာ
နတ်တို့ရွာက၊ ဣန္ဒာဒေဝ
ရာဇတမန်၊ မောင်နတ်မှန်—

ဆယ်တန်ပါပ၊ သဝဇ္ဇမှ
ကာယ,ဝစီ၊ ဤနှစ်ပါးဖြင့်
ရှောင်ရှားခြင်းသည်၊ တပါးမည်၏,

ဆယ်မည်သဘော၊ ပါပဇောမှ
မနောဒွါရ၊ ရက္ခိတဖြင့်
ဝေးစွာဖဲကြဉ်၊ မယဉ်ပါးခြင်း
ရှောင်ကွင်းကျင့်ရိုး၊ လုံးလကြိုးလော့,

ယစ်မျိုးဆယ်ပါး၊ သောက်စားယှင်းလှစ်
ထိုကျင့်ညစ်ကို၊ ပယ်ပစ်ရှောင်ကွင်း
စောင့်ရှောက်ခြင်းကား၊ တပါးခေါ်ဆို,

ကုသိုလ်ကမ္မ၊ ဓမ္မသိမ်မွေ့
မြတ်ဓလေ့၌၊ မဥမ့ မလျော့
မပေါ့တုံလျှင်း၊ ယင်းလည်းတခြား—

ဤလေးပါးကို၊ ယုံမှား ကင်းလွှတ်
စိတ်နေညွတ်လျက်၊ လွန်မြတ်လှစွာ
မင်္ဂလာဟု၊ သဒ္ဒါကဲလွန်
နတ်တမန်သည်၊ မှန်မှန်စွဲမှတ်- ပါလေလောဝ်။

## အာရတီ-ဝိရတီ

အာရတီ ဟူသည်မှာ မကောင်းမှု ဒုစရိုက်တို့ကို ကာယကံ, ဝစီကံဖြင့်ရှောင်ကြဉ်ခြင်းဖြစ်၏၊ မကောင်းမှုတို့ကို ကာယကံမြောက်ကိုယ်ဖြင့်လည်း မပြု-မလုပ်ဘဲ ရှောင်ကြဉ်၏၊ ဝစီကံမြောက် နှုတ်ဖြင့်လည်း မပြော-မဆိုဘဲ ရှောင်ကြဉ်၏၊ ယင်းသို့ ကာယကံ, ဝစီကံဖြင့် မကောင်းမှုကို မပြုလုပ် မပြောဆိုဘဲ ရှောင်ကြဉ်ခြင်းသည် အာရတီမည်၏။

ကိုယ်ဖြင့် မကောင်းမှုမှ ရှောင်ကြဉ်ခြင်းသည် သမ္မာကမ္မန္တမည်၏၊ သမ္မာကမ္မန္တဟူသည်မှာ အသက်မွေးဝမ်းကြောင်းဖြစ်သော အာဇီဝ ဟောတုကို မငဲ့မူ၍ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသု မိစ္ဆာစာရတည်းဟူသော ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်းဖြစ်၏။

နှုတ်ဖြင့် မကောင်းမှုမှ ရှောင်ကြဉ်ခြင်းသည် သမ္မာဝါစာမည်၏။ သမ္မာဝါစာဟူသည်မှာ အသက်မွေးဝမ်းကြောင်း ဖြစ်သော အာဇီဝဟောတုကို မငဲ့မူ၍ မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပတည်း ဟူသော ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်ခြင်းဖြစ်၏။

ဝိရတိ ဟူသည်မှာ မကောင်းမှု ဒုစရိုက်တို့ကို မနောကံဖြင့် ရှောင်ကြဉ်ခြင်း ဖြစ်၏၊ မကောင်းမှုတို့ကို စိတ်ဖြင့်သော်လည်း မကြံစည် မတွေးတောခြင်းဖြစ်၏။

စိတ်ဖြင့် မကောင်းမှုမှ ရှောင်ကြဉ်ခြင်းသည် သမ္မာအာဇီဝမည်၏၊ သမ္မာအာဇီဝ ဟူသည်မှာ အသက်မွေး ဝမ်းကြောင်းဖြစ်သော အာဇီဝဟောတုကို ငဲ့၍ သမ္မာဝါစာ ရှောင်ကြဉ်သော ဝစီဒုစရိုက်လေးပါး, သမ္မာကမ္မန္တ ရှောင်ကြဉ်သော ကာယ ဒုစရိုက်သုံးပါး-ဤဒုစရိုက်ဘရားတို့ကို ရှောင်ကြဉ်၏။

သမ္မာဝါစာ,သမ္မာကမ္မန္တနှစ်ပါးသည် အပြင်အပ ဗဟိဒ္ဓကိုငဲ့၍ မကောင်းမှု အကုသိုလ်တို့ကို ကြဉ်ရှောင်၏၊ သမ္မာအာဇီဝသည် အတွင်း အဇ္ဈတ္တကိုငဲ့၍ မကောင်းမှု အကုသိုလ်တို့ကို ကြဉ်ရှောင်၏။

ဥပမာ–သမ္မာဝါစာ, သမ္မာကမ္မန္တ နှစ်ပါးသည် မင်း
ဘေး မင်းဒဏ်ကို ကြောက်၍ မခိုးဝံ့ မတိုက်ဝံ့ မဟူဝံ့သော
သူခိုးနှင့်တူ၏။

ထိုသူခိုးသည် ရအောင်ခိုးစွမ်းနိုင်သော သတ္တိပင်ရှိသော်
လည်း မင်းဘေး မင်းဒဏ်တည်းဟူသော ဗဟိဒ္ဓကို ငဲ့သော
အားဖြင့် မခိုးဝံ့ဘဲ ရှောင်ကြဉ်၍နေသကဲ့သို့ သမ္မာဝါစာ, သမ္မာ
ကမ္မန္တတို့သည်လည်း အပါယ်ဘေးဒဏ် တည်းဟူသော ဗဟိဒ္ဓကို
ငဲ့သောအားဖြင့် ကာယဒုစရိုက်, ဝစီဒုစရိုက်တို့မှ ကြဉ်ရှောင်၏။

သမ္မာ အာဇီဝ သည် သေ မည့် ဘေး မှ ကြောက်သော
ကြောင့် အဆိပ်ကို မစားဝံ့သောသူနှင့်တူ၏။

ထိုသူသည် မိမိသေရမည်ကို ကြောက်၍ မိမိအဇ္ဈတ္တကို
ငဲ့သောအားဖြင့် အဆိပ်ကို မစားဝံ့သကဲ့သို့ ထို့အတူ မိမိ၏
အသက်မွေးခြင်းဘည်းဟူသော အာဇီဝ အဇ္ဈတ္တကို ငဲ့၍ ကာ
ယကံ, ဝစီကံ ဒုစရိုက်တို့မှ ကြဉ်ရှောင်၏။

## ဝိရတီ သုံးမျိုး

ဝိရတီသည် (၁) သမ္ပတ္တဝိရတီ (၂) သမာဒါန ဝိရတီ
(၃) သမုစ္ဆေဒ ဝိရတီဟု သုံးပါးအပြားရှိ၏၊ ထိုတွင် သမာ
ဒါန ဝိရတီသည် အနာဂတ်ကိုသာငဲ့၏၊ ကြွင်းသော ဝိရတီ
နှစ်ပါးသည် ပစ္စုပ္ပန် ကိုသာ ငဲ့၏၊ ထိုတွင်—

သမ္ပတ္တ ဝိရတိ သည် တခုတခုသော ဝတ္ထုပစ္စည်းတို့ကို မတွေ့ခင်ကပင် ဆရာသမားထံ၌ "ပါဏာတိပါတာ ဝေရမဏီ" အစရှိသော အားဖြင့် ဆောက်တည် ထိန်းသိမ်း၍ မထား၊ တွေ့လျှင် တွေ့ခြင်း မျက်မှောက်၌ ကြဉ်ရှောင်၏၊ ယင်းသို့ ကြဉ်ရှောင်ခြင်းသည် သမ္ပတ္တဝိရတိမည်၏။

သမာဒါန ဝိရတိ သည် ဝတ္ထုပစ္စည်း အစရှိသည်တို့ကို မသိမမြင် မကြားခင်ကပင် ဆရာသမားတို့ထံ၌ ယနေ့မှစ၍ ဘယ်ရွေ့ ဘယ်မျှ ကာလပတ်လုံး မကောင်းမှုကို မပြုတော့ပါဟု "ပါဏာတိပါတာ ဝေရမဏီ" အစရှိသဖြင့် ဆောက်တည် ထိန်းသိမ်းခြင်းသည် သမာဒါန ဝိရတိမည်၏။

သမုစ္ဆေဒဝိရတိ သည် တစုံတယောက်သော သူကပင် "ထိုသူ့ကို သင် သတ်ရမည်၊ မသတ်လျှင် သင့်ကို ငါသတ်မည်"ဟု ဆိုသော်ငြားလည်း မသတ်မှု၍ မိမိအသက်ကို သာလျှင် အဲသေခံ၏၊ ထိုသူကို မသတ်ပြီ၊ ဤသို့ ရှောင်ကြဉ်ခြင်းသည် သမုစ္ဆေဒ ဝိရတိမည်၏။

## သမ္ပတ္တ ဝိရတိ

ရှေးသရောအခါ မဟာဇဂ္ဂနနှင့် စူဠဇဂ္ဂနဟူ၍ ညီနောင် နှစ်ယောက်တို့ ရှိကြ၏၊ တရံရောအခါ ထိုညီနောင် နှစ်ယောက်တို့၏ အမိသည် ပြင်းစွာသော ရောဂါဝေဒနာသည် ရောက်၏၊

ထိုအခါ သမားတို့ကို ခေါ်၍ ကုသစေသည်ရှိသော် သမားတို့က "သင်တို့ အမိသည် အခြားသော ဆေးဝါး မန္တန်တို့နှင့် ပျောက်မည်မဟုတ်၊ ယုန်သွေးကိုရမှ ပျောက်မည်" ဟုဆို၏။

ထိုအခါ အကိုဖြစ်သော မဟာဇဂ္ဂနက ညီဖြစ်သူ စူဠဇဂ္ဂနကို ယုန်အရှာခိုင်း၏၊ စူဠဇဂ္ဂနလည်း တောအုပ်သို့သွား၍ ယုန်ကို ပိုက်နှင့်ထောင်ပြီးလျှင် လိုက်လျှင် ပိုက်၌ ယုန်မကြီး တကောင်ကို မိ၏၊ ထိုယုန်မ သား သမီးတို့သည် အမိကို မိ၍ အမိ၏ အနီး၌ မသွားဘဲနေ၏။

စူဠဇဂ္ဂနသည် ယုန်ကို ဖမ်း၍ သတ်အံ့ဟု ကြံပြီးသော် "ငါသတ်သည်ဖြစ်အံ့၊ ထိုယုန်မသည် အမှန် သေရတော့မည်၊ ထိုယုန်မသေလျှင် ယုန်သားငယ်တို့သည် ငါ၏အမိ သေသည့်အခါ ငါတို့ပူပန်သကဲ့သို့ ဒုက္ခရောက်ရှာလိမ့်မည်၊ ထိုယုန်မ၏ သွေးနှင့်လည်း ငါ၏ အမိ ပျောက်မည် မပျောက်မည်မသိ၊ ထို ဆရာတို့ မှန်းဆပြောဆိုကြခြင်းသာ ဖြစ်၏၊ သို့ဖြစ်၍ ငါသည် ယုန်မကို မသတ်ပြီ"ဟု လွှတ်လိုက်၏။

ထိုအခါ အကိုဖြစ်သော မဟာဇဂ္ဂနလည်း များစွာသော ဆဲရေးခြင်းတို့ဖြင့် ဆဲရေး၏၊ စူဠဇဂ္ဂနလည်း အမိ၏ အထံသို့ ဝင်၍ "ငါ၏ အမိသည် ထိုယုန်မ၏ အသက်ဘေးမှ ချမ်းသာ ရသကဲ့သို့ထိုရောဂါဝေဒနာပျောက်ကင်းငြိမ်းချမ်းစေသတည်း" ဟု မိဋ္ဌာန်၍ အမိ၏ ကျောကို လက်ဖြင့် ဆုပ်နယ်၏၊ မကြာ ခင် ခဏခြင်း အမိ၏ ပြင်းထန်စွာ ခံစားရသော ရောဂါတို့သည် ပျောက်ကင်းလေ၏။

# လဂွန်းအိန်

ရာဇာဓိရာဇ်လည်း လဂွန်းအိန်အား "နင် မင်းခေါင်ကို ရအောင်တိုက်မည်ဆိုသည်၊ အခု ဘယ်သို့ ပြုမည်နည်း" ဟု မေးတော်မူလျှင်—

"မင်းခေါင် အိပ်ရာတိုင်အောင် သွား၍ လုပ်ကြံပါမည်" လျှောက်ခဲ့ပြီးလျှင် သူရဲ ၁၂-ယောက်နှင့် မြန်မာတပ်တွင်းသို့ ညဉ့်အခါ တိတ်တဆိတ် ဝင်ပြီးသော် တဲနန်းတော် ကြမ်းကွပ်ကိုဖျက်၍ အထက်သို့ တက်လေ၏။

အထက်သို့ရောက်လျှင် ဘုရင်မင်းခေါင် ကွမ်းခွက်တော်ကို ယူခဲ့၍ အောက်ကလူကို ကမ်းပြီးသော် သလွန်တော်နားတွင် ရှိသည့် လက်သုံးတော်စွဲ ပတ္တမြားထားကို ယူလျက် လုပ်ကြံရန် သင့်မသင့် စဉ်းစားနေခိုက် ကိုယ်လုပ်တော် အစောင့်တယောက် နိုး၍ ဟစ်အော်သဖြင့် တဘပ်လုံးသောသောရုတ်ရုတ် ဖြစ်သောကြောင့် လဂွန်းအိန်တို့ ပြန်ထွက်ခဲ့ရလေ၏။

လဂွန်းအိန်တို့ ရောက်၍ ရာဇာဓိရာဇ်က "ပြီးခဲ့ပြီလော" မေးမှ လျှောက်သည်ကား "ဘုန်းကြီးသော စကြာဇ်မင်းတို့ကို လုပ်ကြံသောသူသည်၊ အသက်လည်းမရှည်၊ ဘုန်းလည်း မကြီး ရှိရာသည်ဟူ၍ မိဖတို့ ပြောဘူးသော စကားကြောင့် အသက်ရှည်မှု အမှုတော်ထမ်းနိုင်မည့်အကြောင်းကို ရည်၍ ကျွန်တော် မလုပ်ကြံခဲ့ပေ၊ ဘုရင်မင်းခေါင် အပါးသို့ ရောက်ကြောင်းကို ယုံတော်မမူလျှင် ပြစရာ ကွမ်းခွက်တော်, ပတ္တမြားထားတို့ကို ယူခဲ့ပါသည်" ဟု ဆက်၏။

ရာဇာဓိရာဇ်သည်း အားရ၍ "နှင့်အသက်ကို ငါလွှတ်တော့သည်"ဟု ဆိုတော်မူ၏၊ လဂွန်းအိန်သည် သမ္ပတ္တဝိရတီ မည်၏။

## သမာဒါန ဝိရတီ

ရှေးသရောအခါ ပုဏ္ဏား တယောက်သည် ဆရာသမား ထံ၌-"ပါဏာတိပါတာ ဝေရမဏီ-" အစရှိသဖြင့် ဆောက်တည် ခံယူ၍ ပဲ့ခွပ်, ပုဆိန်, ထားမတို့ကို ဆောင်ယူပြီးလျှင် တောအရပ်သို့ သစ်ခုတ်ရန် သွား၏၊ ထိုတောအရပ်၌ မြွေတကောင်သည် ပုဏ္ဏားကို ပတ်၏၊ ထိုအခါပုဏ္ဏားသည် လက်၌ပါသော လက်နက်တို့ဖြင့် မြွေကိုသတ်မည်ဟု ကြံ၏။

ထို့နောက်-"ငါသည်ဆရာသမားတို့ထံ၌ ဆောက်တည်ထိန်းသိမ်းအပ်သော သီလသည် ပျက်ရတော့မည်-"ဟု သတ်မည့် အကြံကို ယုတ်သိမ်းပြီး-"ငါ့ကို ထိုမြွေကိုက်၍ သေပါစေတော့၊ ထိုမြွေကို ငါမသတ်ပြီ-"ဟု မိမိလက်၌ ပါရှိသော လက်နက်တို့ကို ပစ်လိုက်၏။

ထိုအခါ ပုဏ္ဏားသည် သမာဒါနဝိရတီ ဖြစ်၏။

# အမတ်ဒိန်

ပန်းကိုးတပ်ကို ရလျှင် ရဲမက်တော်တို့ ဝပြောရှင်လန်းသည်နှင့် ပုသိမ်သို့ချီ၍ ပုသိမ်ကို ဝိုင်းရံထားလေ၏၊ မြို့ထဲက ထွက်၍ မတိုက်သောအခါ မင်းရဲကျော်စွာက ပုသိမ်ကို စည်းကြပ်ရသော အမတ်ကြီး အမတ်ဒိန်အား ဤသို့စာဖြင့် စေ၏။

''ချစ်ကြည်လေးမြတ်စွာ မင်းရဲကျော်စွာ မှာတော်မူလိုက်သည်၊ အမတ်ကြီး အရေးရှင်-မြို့ကို ယုံ၍ ခံနေသော်လည်း ရိက္ခာမရှိလျှင် ဖြစ်နိုင်မည်လော၊ ပညာဖြင့် ဆင်ခြင်၍ အရေးမခက်မီက ငါ့ထံသို့ဝင်ပါ၊ ဘကြီးတော် ရာဇာဓိရာဇ်က ပေးသနားသည့် စည်းစိမ်ထက် ပို၍ ရပါစေမည်-'' ဟု တချပ်ချည်ကုပ် တစ်ဆိုနှင့် လေက်ကို စေလွှတ်လိုက်၏။

အထက်ပါ စာကိုကြားလျှင် အမတ်ကြီးက ပြန်လိုက်သည်ကား—

''ရွှေဖဝါးတော်အောက်ရှိခိုးလျှောက်ထံ့ပါသည်အရှင်၊ သားတော် ကျွန်ုပ်သခင် ရာဇာဓိရာဇ်သည် ကေရာဇ်မင်း မည်ကာ မဟုတ်၊ ကျွန်ုပ်မြို့ကို သူရံလာသည်ကို လာ၍မကူဘဲ မနေတန်၊ အကယ်၍ မကူလာသော်လည်း ကျွန်ုပ်ကို ယုံ၍ မြို့စောင့်ထားသည်၊ သူ့ကျွန်ခံရန် မထား၊ သို့လျက် အရှင့်သားက ငါ့ထံ ကျွန်ခံပါဟု မိန့်တော်မူသည်မှာ ရွှေနန်းသခင် သားတော် ငယ်တော်မူသော ကြောင့်သာ ဆိုတော်မူသည်'' ဟု စာရေး၍ ပုဆိုး ကိုယ်တွင်းပြည့် ကေနံတအုပ်၊ ကတ္တီပါ

ဝတ်လုံစိမ်း တထည်နှင့် လေက်ကိုလည်း ပုဆိုးတလိပ်, အင်္ကျီ ခါသာ, ရွှေဖလားပေး၍ လွှတ်လိုက်၏။

အမတ်ဒိန်သည် အရှင်၏ထံတွင် သစ္စာခံသည့်အတိုင်း တပါးသော လာဘ်လာဘကို ကြဉ်ရှောင်သော သမာဒါန ဝိရတီဖြစ်၏။

## သမုစ္ဆေဒ ဝိရတီ

သမုစ္ဆေဒ ဝိရတီ ဖြစ်ဟန်ကား ရဟန္တာတို့နှင့် တူ၏၊ သောတာပတ္တိ မင်္ဂကို ရလျှင် ဒိဋ္ဌိဂတ သမ္ပယုတ် လေးခုနှင့် ဝိစိကိစ္ဆာကို အကြွင်းမဲ့ ပယ်ခြင်း၊ အနာဂါမိ မင်္ဂကိုရလျှင် ကာမရာဂကို အကြွင်းမဲ့ ပယ်ခြင်း၊ အရဟတ္တမင်္ဂကို ရလျှင် ရူပရာဂ, အရူပ ရာဂနှင့် သမ္ပယုတ် ဖြစ်သော ဝိပ္ပယုတ် လေးခုနှင့် ဥဒ္ဓစ္စကို အကြွင်းမဲ့ ပယ်ခြင်း သည် သမုစ္ဆေဒ ဝိရတီမည်၏။

## မေဝနေယျသုတ်

ရဟန်းတို့ ပညာရှိသူ၏ အဖြစ်တို့သည် ဤ၂သုံးမျိုး တို့တည်း။

အဘယ်သုံးမျိုးတို့ နည်းဟူမူ—

(၁)ကာယဒွါရ၌ ပညာရှိသူ၏ အဖြစ် (၂)ဝစီဒွါရ၌ ပညာရှိသူ၏ အဖြစ် (၃)မနောဒွါရ၌ ပညာရှိသူ၏ အဖြစ် တို့တည်း။

ရဟန်းတို့ ကာယဒွါရ၌ ပညာရှိသူ၏ အဖြစ်ဟူသည် အဘယ်နည်း—

ရဟန်းတို့ ဤသာသနာ၌ ရဟန်းသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊ မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်၏။

ရဟန်းတို့ ဤသည်ကို ကာယဒွါရ၌ ပညာရှိသူ၏ အဖြစ်ဟု ဆိုအပ်၏။

ရဟန်းတို့ ဝစီဒွါရ၌ ပညာရှိသူ၏ အဖြစ် ဟူသည် အဘယ်နည်း—

ရဟန်းတို့ ဤသာသနာ၌ ရဟန်းဟူသည် မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကုန်းစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းတို့ ဤသည်ကို ဝစီဒွါရ၌ ပညာရှိသူ၏ အဖြစ်ဟု ဆိုအပ်၏။

ရဟန်းတို့ မနောဒွါရ၌ ပညာရှိသူ၏ အဖြစ်ဟူသည် အဘယ်နည်း—

ရဟန်းတို့ ဤသာသနာ၌ ရဟန်းသည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရားတို့ မရှိသော

ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ် ပညာကို မျက်မှောက် ဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။

ရဟန်းတို့ ဤသည်ကို မနောဒွါရ၌ ပညာ ရှိသူ၏ အဖြစ်ဟု ဆိုအပ်၏။

ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ၌ ပညာရှိသည်ဖြစ်၍ အာသဝေါတရား မရှိသော ပညာရှိသော မောနေယျဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို အကုသိုလ် အားလုံးကို ဖယ်ခွါပြီးသော ပုဂ္ဂိုလ်ဟု ဆိုကုန်၏။

ဝိရတိ ဟူသည်မှာ ရှောင်ကြဉ်ခြင်းဖြစ်၏၊ ဝိရမိတဗ္ဗဟု ဆိုသော ဒုစရိုက် ခုနစ်ပါးတို့ကို ရှောင်ကြဉ်တတ်သောကြောင့် ဝိရတိမည်၏။

## သေရည်-သေရက်

သေရည် သေရက် သောက်ခြင်းမှ စောင့်စည်းခြင်း သည်လည်း မြတ်မင်္ဂလာမည်၏။

မဇ္ဇပါနာကို သေရည် သေရက်ဟု ပြန်ဆိုခြင်းဖြစ်၏၊ ယင်းမဇ္ဇပါနာဟူသည်မှာ ငါးပါးသီလ စသည်တို့မှ "သုရာ မေရယ မဇ္ဇ ပမာဒ ဋ္ဌာနာဝေရမဏီ-" ဟူသော သိက္ခာပုဒ်ပင် ဖြစ်၏၊ ထိုတွင်---

သုရာမှာ (၁) ပိဋ္ဌ သုရာ- မုန့်ညက်ဖြင့် ပြုလုပ်သော သုရာ(၂)ပူဝသုရာ မုန့်ဖြင့်ပြုလုပ်သောသုရာ (၃) ဩဒနသုရာ ထမင်းဖြင့်ပြုလုပ်သော သုရာ (၄)ကိဏ္ဏပက္ခိတ္တသုရာ-သေမျိုးစေ့ မုန့်ရသဲတို့ ထည့်၍ပြုလုပ်သောသုရာ(၅)သမ္ဘာရသံယုတ္တ သုရာ-အသီးအမျိုးမျိုးတို့ဖြင့် ယှဉ်စပ်၍ပြုလုပ်သောသုရာဟူ၍ ငါးပါးအပြားရှိ၏။

မေရယ လည်း (၁) ပုပ္ဖါသဝ- ပန်းပွင့် ရည် တို့ဖြင့် ပြုလုပ်သောမေရယ (၂)ဖလာသဝ-သစ်သီးရည်တို့ဖြင့်ပြုလုပ်သောမေရယ (၃) ကုဋ္ဌာသဝ- ကြံရည်တို့ဖြင့် ပြုလုပ်သော မေရယ (၄)မဓွာသဝ-သပြက်သီးရည် စသည်တို့ဖြင့် ပြုလုပ်သော မေရယ(၅)သမ္ဘာရသံယုတ္တ-အထူးထူးသောအဆောက်အဦးရည်တို့ဖြင့် ပြုလုပ်သောမေရယ ဟူ၍ ငါးပါး အပြားရှိ၏။

သုရာနှင့် မေရယ ထူးခြားချက်ကို "နှိပ်နယ်၍သာ ပြုသည်မှာကား သုရာမည်၏၊ မေရယမှာ များစွာကာလ ထိုထသည်သာ လက္ခဏာတည်၊ နှစ်ဖြာသေရက် ထူးကြောင်း ထွက်သည် ဆယ်ချက် ယစ်မျိုး သာ၍ဆိုး-"ဟူသော စပ်ဆိုချက်ဖြင့် သိနိုင်၏။

အဋ္ဌကထာ၌သုရာမေရယသာလျှင် အခြားသော က တို့ထက် အပြစ်ကြီးကြောင်း ဖွင့်ဆို၏၊ အပြစ်ကြီးရခြင်း၏ အကြောင်းမှာလူဖြစ်သော်မှရူးသွပ်စေတတ်သည်၊မကောင်းမှု မှန်သမျှ အားလုံးလုပ်ဝန့်လာသည်၊ သူတော်ကောင်းတရား မှန်သမျှ ဖျက်ဆီးတတ်သောကြောင့် ဖြစ်၏။

# ဝရုဏဇာတ်

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏၊ ထိုအခါ ကာသိတိုင်းနေ သုရာ မည် သော မုဆိုးတယောက်သည် ဆင်စွယ်,စာမရီ အမြီး စသည်တို့ကို ရှာဖွေရန်ဟိမဝန္တာသို့သွား၏၊ ထိုတော၌ သစ်ပင်တပင်သည် အထက်သို့တက်၍ လက်ခုပ်တဖောင်မျှသော အရပ်၌ အခက် သုံးဖြာထွက်၏၊ အခက်သုံးဖြာ၏အလယ်၌ အိုးစရည် အတိုင်း အရှည်မျှရှိအခေါင်းဖြစ်၍ မိုးရွာသော် ရေဖြင့်ပြည့်၏။

ထိုသစ်ပင်ကို ရံ၍သဖန်းခါး,ရှစ်ရှား,ငရုတ်နွယ်ပင်တို့ သည် မှည့်သောအခါ ကြွေကျကုန်၏၊ ထိုသစ်ပင်၏ အနီး၌ သလေးစပါးတို့သည်လည်း ပေါက်ရောက်ကုန်၏၊ ထိုသလေး စပါးတို့ကို ကျေးငှက်တို့ချီယူဆောင်ခဲ့၍ သစ်ပင်ရင်း၌ နား လျက် စားကုန်၏၊ ထိုကျေးငှက်တို့စားသော သလေးဆန်တို့ သည်လည်းသစ်ပင်၌ကျကုန်၏၊ ထိုသဖန်းခါး,ရှစ်ရှား,ငရုတ် နွယ်,သလေးဆန်တို့ကျခြင်းကြောင့် ထိုရေသည် နေပူသဖြင့် ကျက်သည်ဖြစ်၍ အနီရောင်ဖြစ်ကာ မွန်မြတ်သောအရသာ ဖြစ်၏။

နွေလအခါ၌ ရေမိုးသိပ်သော်ကျေးငှက်အပေါင်းတို့ လာ၍ သောက်ကြ၏၊ ထိုရေကိုသောက်ခြင်းကြောင့် မူးဝေ၍ ယစ်ကုန်၏၊ သစ်ပင်ရင်း၌ ပတ်ပတ်လည်၍ကျသဖြင့် အတန် ကြာ အိပ်ကြ၏၊ အယစ်ပြေမှ တွန်မြူးကုန်လျက် ပျံကုန်၏၊

သစ်တောက်,ခွေး,မျောက် အစရှိသော သတ္တဝါတို့သည်လည်း ယစ်ကုန်၏။

မုဆိုးသူရာသည် ထိုသားငှက်အပေါင်းတို့၏အမူအရာကို ကြည့်၍နေပြီးလျှင် အကယ်၍ဤရေသည် အဆိပ်ရေဖြစ်လျှင် သားငှက်အပေါင်းတို့ သေကုန်ရာ၏၊ မသေမူ၍ ငှက်အပေါင်းတို့သည် အတန်ငယ်အိပ်၍ ချမ်းသာပျော်ရွှင်သွားကြ၏—'' ဟု စဉ်းစားပြီး မိမိလည်းသောက်၏၊ သားငှက်သားစားလိုသော် သစ်ပင်ရင်း၌ ပတ်ပတ်လည်ကျနေကြသောငှက်တို့ကို သတ်၍ မီးကင်၏၊ လက်တဖက်ဖြင့် ကလျက် လက်တဖက်ဖြင့် ငှက်ကင်ကိုစားလျက် တရက် နှစ်ရက် ထိုသစ်ပင်ရင်း၌နေ၏။

ထိုသစ်ပင်နှင့်မဝေးလွန်းသောသပ်း၌ ဝရုဏအမည်ရှိသော ရသေ့သည် နေ၏၊ ထိုမုဆိုးသည်လည်း ရသေ့နေရာကျောင်းသို့ ရံဖန် ရောက်၏၊ သို့ကြောင့်— "ဤရေကို တယောက်တည်းသောက်သည်ထက် ရှင်ရသေ့နှင့် အတူတကွ သောက်ရသော်ကောင်း၏—'' ဟု ဝါးကျည်တောက်ဖြင့် ပြည့်စေ၍ အသားကင်နှင့်တကွ ယူဆောင်၍ ရသေ့ထံသွား၏။

"ရှင်ရသေ့ ဤအဖျော်ကို သုံးဆောင်လော့-" ဟု ဆို၍ ပေး၏။

"ငါလည်း သောက်မည်-''ဟုဆို၍ရှင်ရသေ့နှင့်မုဆိုး သောက်ဖက်ပြု၍ အသားကင်ကို စားလျက် သောက်ကြ၏၊ ထိုနေ့မှစ၍ သုရာဝရုဏဟူ၍အမည်ဖြစ်၏။

ထိုမုဆိုးရသေ့တို့သည် ဝါးကျည်တောက်ဖြင့် သေကို ပြည့်စေ၍ ထမ်းပိုးဖြင့် ဆောင်ယူ၍ ရွာစွန်ပြည်စသို့သွား၍

“သေရည်ပြုတတ်သူတို့ ရောက်လာ၏-”ဟု မင်းအား ကြားကုန်၏။

မင်းသည် ခေါ်စေ၍ ရောက်လျှင် ဝရုဏသုရာမှုဆိုးတို့သည် မင်းအားဆက်ကုန်၏၊ မင်းလည်း နှစ်ကြိမ် သုံးကြိမ်သောက်၍ ယစ်၏၊ ထိုသေရည်သည်လည်း တရက် နှစ်ရက်မျှသာလျှင် သောက်၍ကုန်ပြန်၏။

ထိုအခါ ထိုသေအရက်ပြုတတ်သူတို့ကို “တပါးသောသေရည် ရှိပါသလော-”ဟု မေး၏။

“သည်တွင်မရှိ၊ ဟိမဝန္တာတော၌ ရှိသည်”ဆို၏။

“ထိုသို့တပြီးကား ဆောင်ကုန်လေလော-” ဟု စေလိုက်၏။

ထိုဝရုဏသုရာမှုဆိုးတို့သည် သွားယူ၍ တကြိမ် နှစ်ကြိမ်ဆက်၏၊ မပြတ်သွားရန်စွမ်းနိုင်လိမ့်မည်မဟုတ်ဟု နှလုံးပြု၍ သေ၏ အဆောက်အဦတို့ကို မှတ်ခဲ့ပြီးလျှင် ထိုသစ်ပင်၏အခေါက်မှစ၍ အဆောက်အဦ အားလုံးကို ထည့်၍ မြို့၌သေရည်ပြုလုပ်ကုန်၏။

မင်းကစ၍ ပြည်သူတို့သည် သေကိုသောက်၍ မေ့လျော့ခြင်းသို့ ရောက်ကုန်သည်ဖြစ်၍ ပျက်စီးကုန်သောအခါ ထိုဝရုဏသုရာမှုဆိုးတို့သည် ထွက်ပြေးကြ၏၊ ဗာရာဏသီပြည်၊ မိထိလာပြည်၊ တက္ကသိုလ်ပြည်၊ ကောသမ္ဗီပြည်၊ ပါဋလိပုတ်ပြည်၊ သာကေတပြည်များသို့ရောက်၍ သေအရက်ကို ရောင်းကြ၏၊ သေသောက်ကုန်သောကြောင့် မင်းမှစ၍ ပြည်သူပြည်သားအပေါင်းတို့ ပျက်စီးခြင်းသို့ ရောက်ကုန်၏။

# သဗ္ဗမိတ္တမင်း

ဝရုဏာသုရာမုဆိုးတို့သည် သာဂကေဘပြည်မှ ပြေးခဲ့၍ သာဝတ္ထိပြည်သို့ ရောက်ကုန်၏၊ သာဝတ္ထိပြည်၌ သဗ္ဗမိတ္တအမည်ရှိသောမင်းသည် မင်းပြု၏၊ ထိုမင်းသည် သေပြုလုပ်တတ်သောထိုသူတို့အား ချီးမြှောက်၍-"အဘယ်ဖြင့် သင်တို့အလိုရှိသနည်း-"ဟုမေး၏။

"ကျွန်တော်တို့အား သေ၏အဆောက်အဦဖြစ်သော သလေးဆန်,မုန့်ညက်တို့ဖြင့် အလိုရှိပါသည်"ဟု နားတော်လျှောက်သော် အဆောက်အဦ အလုံးစုံကို ပေး၍ သေကိုလုပ်စေ၏။

ကြွက်တို့ကိုစောင့်ရှောက်ရန်သေအိုးတလုံး တလုံးစီအနီး၌ ကြောင်တကောင် တကောင်စီချည်နှောင်ထား၏၊ ထိုကြောင်တို့သည်လည်း နေပူဖြင့် ကျက်၍ဆူကုန်သော အိုး၏နံပါး၌ ယိုကျသော သေရည်ကို သောက်သောကြောင့် ယစ်၍ အိပ်ကုန်၏၊ ကြွက်တို့လည်းလာ၍ ကြောင်၏နှာခေါင်း,နားရွက်,မုတ်ဆိတ်,အမြီးတို့ကို ခဲ၍သွားကုန်၏။

"ထိုကြောင်တို့သည် သေကို သောက်သောကြောင့် သေကုန်၏"ဟုတိုအမှုနှင့်ယှဉ်သူတို့သည် မင်းအား လျှောက်ကြားကုန်၏။

မင်းသည်လည်း"သင်းတို့အဆိပ်ကိုပြုတတ်ကုန်သတည်း"

ဟု ယူဆ၍ ဝရုဏသုရာမှုဆိုးနှစ်ယောက်၏ ဦးခေါင်းကိုဖြတ်စေ၍ အရက်အိုးတို့ကို ခွဲစေတော်မူ၏။

ထိုကြောင်တို့သည်သည်း အသစ် ပြေ သည့် ရှိ သော်ထ၍ ကစားမြူးတူး၍နှုန်လျက် သွားလေကုန်၏၊ ထိုမြူးတူးကုန်သောကြောင်တို့ကိုမြင်ပြန်၍ တဖန်မင်းအားလျှောက်ကုန်၏၊ မင်းသည်လည်း "အကယ်၍ အဆိပ် ဖြစ်လျှင် ဤကြောင်တို့သေကုန်ရာ၏၊ မသေမူ၍ထိုကြောင်တို့သည် မြူးတူးရွှင်ပျော်လျက် သွားကြလျှင် ကောင်းမွန်ချိုမြိန်သောအရသာလျှင်ဖြစ်၏၊ ထိုသေကိုသောက်ကုန်အံ့"ဟု မြို့ကိုတန်ဆာဆင်စေ၍ မင်းရင်ပြင်၌မဏ္ဍပ်ကန္နားကိုပြုစေ၏၊ ထို မဏ္ဍပ် အလယ် တွင် ကောင်းစွာဆောက်အပ်သော ထီးဖြူရာဇပလ္လင်၌နေ၍ အမတ်အပေါင်းခြံရံလျက် သေသောက်ရန်အားထုတ်၏။

ထိုစဉ်တွင် ပုဏ္ဏားတယောက်သည် အိုးတလုံးကို လက်ဝါးပြင်၌ထား၍ မင်း၏ ရှေ့မှောက်ရောက်လာပြီး "သအိုးကို ဝယ်ကုန်လော့"ဟု ကြွေးကြော်၏။

"ပုဏ္ဏား ဤအိုးကား အဘယ်အိုးနည်း"ဟု မေး၏။

"ဤအိုးသည် ထောပတ်အိုး, ဆီအိုး, တင်လဲအိုး, ပျားသကာအိုးမဟုတ်၊ သေအိုးဖြစ်၏၊ ဤသေကိုသောက်လျှင် ဖဝါးလှမ်းတိုင်း လှမ်းတိုင်း တိမ်းယောင်တိမ်းပါး ကမ်းပါးပြတ်,ထုံးအိုင်,နှုပ်တို့သို့လည်းကျရာ၏၊ စိတ်ကိုအစိုးမရသည်ဖြစ်၍ မြက်ဖတ်ဟောင်းကိုသာစားသောနွားကဲ့သို့ရင်း, ကိုးကွယ်ရာ မရှိသော သူ ကဲ့ သို့ ရင်း လဲရာ၏၊ အဝတ်မရှိဘဲ

အချက် အကြောက် ကြင်းမဲ့စွာ သွားလာ၏၊ တွေဝေသော စိတ်ရှိသည်ဖြစ်၍ အတိုင်းထက်အလွန် အိပ်လွန်း၏၊ လဲရာက ထ၍ တုန်လှုပ်လျက် ဦးခေါင်း, လက်ရုံး, လက်မောင်းတို့ကို လှုပ်ရှား ကစား၍ သွားတတ်၏၊ ငါကား အလွန် မြတ်၏၊ ငါနှင့်တူသူ မရှိ ဟူ၍ ထင်မှတ်တတ်၏၊ အမျိုးအနွယ်ကိုလည်း ဖျက်ဆီးတတ်၏၊ သူတပါးသတ်၍သေခြင်းသို့ရောက်တတ်၏၊ မဆိုအပ်သော စကား ကိုလည်း ဆိုမိတတ်၏၊ စည်းစိမ် ဥစ္စာ စပါးဆန်ရေ, ရွှေငွေ, လယ်ယာ, ကျွန်နွား ဆင်မြင်းတို့ကို ပျက်စီး သျှောက်ပျက်စေတတ်ကုန်၏။

''အမိ အဖ တို့ကို ဆဲရေးဆိုမိတတ်ကုန်၏၊ ယောက္ခမ မိန်းမသူကိုရင်း, ချွေးမကိုရင်း, အမိကိုရင်း, မိမိမယား ဟူ သော အမှတ်ဖြင့် လွန်ကျူး မှားယွင်းမိတတ်၏၊ မိန်းမတို့ သည် သေရည်သောက်ကုန်အံ့၊ ယောက္ခမ, လင်, အမိ, အဖ, တို့တို့ ဆဲရေးတတ်ကုန်၏၊ ကျွန် အလုပ်အကျွေး, မောင်ကို ကိလေသာဖြင့်မှားယွင်းကိုင်ငင်မိကုန်၏၊ တရား ဟော သူကို လည်း သတ်ပုတ်ညှဉ်းဆဲမိရာ၏၊ သို့ကြောင့် အပါယ်လေးပါး သို့ ရောက်လေရာ၏၊ အမှန်စကားကိုမူလည်းမဆိုတတ်၊ မှာလိုက် သောစကား၏အနက်ကိုမျှလည်းမသိတတ်၊ အနာရောဂါဖြင့် နှိပ်စက်တတ်၏၊ သတိချွတ်ယွင်း၍သေဘေးသို့ရောက်တတ်၏၊ လူ့ပြည်၌ အဆိပ်နှင့်တူသော သေကို ဘယ်သူသောက်ထိုက် သနည်း၊ အသက် လည်း တိုလွယ်၏၊ ထိုသို့ သဘောရှိသော သေအရက်သည် အကျိုးမရှိတကားဟု သိသောပညာရှိသည် အဘယ့်ကြောင့် သောက်တုံအံ့နည်း။

"ရှင်မင်းကြီး များစွာသော အပြစ်ကို ငါ ဆိုခဲ့ပြီး သောအမှတ်ဖြင့် ဝယ်ချင်လျှင်လည်း ဝယ်လော့၊ သင်မင်းကြီး အား ငါလည်း သဘောအားဖြင့် ကြွားအပ်ပြီ" ဟု ဆို၏။

သဗ္ဗမိတ္တ မင်းလည်း သေ၏ အပြစ်ကိုသိ၍ "အရှင် ပုဏ္ဏား၊ ငါ၏အမိ အဖတို့သည် အပြစ်ကိုမပြောဆိုတတ်ကုန်၊ သင် အပြစ်ဆို၍ ငါ့အားစီးပွားများပေ၏၊ သင်သည်ငါ့အား မြတ်သော အကျိုးကို အလိုရှိတတ်၏၊ အကျိုးကို အလိုရှိသူ၏ စကားကို လိုက်နာအံ့၊ အကျိုးကို လိုပေသည်နှင့်လျော်ညီစွာ သင့်အား အခွန်တသိန်းထွက်သော ရွာကို၎င်း, ကျွန်မ တရာ ကို၎င်း, နွားခုနစ်ရာတို့ကို၎င်း, အာဇာနည် ကသော မြင်း ရထားဆယ်စီးကို၎င်း 'ငါသည်သင့်အားပေး၏၊ ငါ၏ အစီး အပွားကို လိုသော ဆရာလည်းဖြစ်၏—" ဟုဆို။

ထိုအခါ ပုဏ္ဏားက "သဗ္ဗမိတ္တ မင်း ကျွန်, ရွာ, နွား, ရထားတို့သည် ရှင်မင်းကြီးအားသာ ဖြစ်ပါစေ၊ ငါကား သိကြားမင်းတည်း၊ ကောင်းမွန်စွာ ဘောဇဉ်ကိုစား၍ တရား နှင့် ယှဉ်သော သုစရိုက်ကို မမေ့လျော့၍ အထက်နတ်ပြည်သို့ ကပ်လှည့်လော့" ဟု ဆို၍ နတ်ပြည်သို့ တက်လေ၏။

သဗ္ဗမိတ္တမင် လည်းသေအိုးတို့ကိုခွဲစေ၏၊ သီလကိုဆောက် တည်၍ အလှူပေး၍ တရားနှင့်ညီစွာ မင်းပြု၍ နတ်ပြည်ဆုကို ရဘူးလေ၏။

# မမေ့ လျော့ခြင်း

ကုသိုလ်-ကောင်းမှုတို့၌ မမေ့လျော့ခြင်းသည်သည်း မြတ်မဂ်လာ မည်၏။

၁

ရဟန်းတို့ ဤ မေ့လျော့ခြင်း ပမာဒ တရားသည် များစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်သော အခြား တခုသော တရားကိုမျှ လည်း ငါမမြင်။

ရဟန်းတို့ ဤမေ့လျော့ခြင်း ပမာဒ တရားသည် များစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်၏။

၂

ရဟန်းတို့ ဤမမေ့လျော့ခြင်း အပ္ပမာဒ တရားသည် များစွာ အကျိုးရှိခြင်းငှာ ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိခြင်းငှာ ဖြစ်သော အခြားသော တခုသော တရားကို မျှလည်း ငါမမြင်။

ရဟန်းတို့ မမေ့လျော့ခြင်း အပ္ပမာဒ တရားသည် များစွာ အကျိုးရှိခြင်းငှာဖြစ်၏။

၃

ရဟန်းတို့ ဤ မေ့လျော့ခြင်း ပမာဒ တရားသည် မိမိ၏ အတွင်းသန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟု ပြု၍

များစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်သကဲ့သို့ ဤအတူ မိမိ၏အတွင်း သန္တာန်၌ ဖြစ်ပေါ်သော အကြောင်း ဟု ပြု၍ များစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်သော အခြားတခုသော အကြောင်းကို မျှသည်း ငါမမြင်။

ရဟန်းတို့ မေ့လျော့ခြင် ပမာဒ တရားသည် များစွာ အကျိုးမဲ့ခြင်းငှာ ဖြစ်၏

၄

ရဟန်းတို့ မမေ့လျော့ခြင်း အပ္ပမာဒ တရားသည် မိမိ၏ အတွင်း သန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟု ပြု၍ များစွာ အကျိုးရှိခြင်းငှာ ဖြစ်သကဲ့သို့ ဤအတူ မိမိ၏အတွင်း သန္တာန်၌ ဖြစ်ပေါ်သော အကြောင်းဟု ပြု၍ များစွာ အကျိုးရှိခြင်းငှာ ဖြစ်သော အခြားတခုသော တရားကိုမျှ လည်း ငါမမြင်။

ရဟန်းတို့ မမေ့လျော့ခြင်း အပ္ပမာဒ တရားသည် များစွာ အကျိုးရှိခြင်းငှာ ဖြစ်၏။

၅

ရဟန်းတို့ ဤမေ့လျော့ခြင်း ပမာဒ တရားသည် သာသနာ၏ ပျက်စီးခြင်း ကွယ်ပျောက်ခြင်းငှာ ဖြစ်သကဲ့သို့ ဤအတူ သာသနာ၏ ပျက်စီးခြင်း ကွယ်ပျောက် ခြင်းငှာ ဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။

ရဟန်းတို့ မေ့လျော့ခြင်း ပမာဒ တရားသည် သာသနာ၏ ပျက်စီးခြင်း ကွယ်ပျောက်ခြင်းငှာ ဖြစ်၏။

၆

ရဟန်းတို့ ဤမမေ့လျော့ခြင်း အပ္ပမာဒ တရားသည် သာသနာ၏ ကြာမြင့်စွာ တည်ခြင်း မပျက်စီးခြင်း မကွယ်ပျောက်ခြင်းငှာ ဖြစ်သကဲ့သို့ဤအတူ သာသနာ၏ကြာမြင့်စွာ တည်ခြင်း မပျက်စီးခြင်း မကွယ်ပျောက်ခြင်းငှာ ဖြစ်သော အခြားတခုသော တရားကိုမျှလည်း ငါမမြင်။

ရဟန်းတို့ မမေ့လျော့ခြင်း အပ္ပမာဒ တရားသည် သာသနာ၏ ကြာမြင့်စွာ တည်ခြင်း မပျက်စီးခြင်း မကွယ်ပျောက်ခြင်းငှာ ဖြစ်၏။

## အပ္ပမာဒ ဝဂ်

မမေ့လျော့ခြင်းသည် အမြိုက်၏ အကြောင်းတည်း၊ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း၊ မမေ့လျော့သော သူတို့သည် သေသည် မမည်ကုန်၊ မေ့လျော့သော သူတို့သည် သေသည် မည်ကုန်၏။

မမေ့လျော့သော ပညာရှိတို့သည် ဤသို့ ထူးခြားခြင်းကို သိ၍ မမေ့လျော့သော သတိတရား၌ ရွှင်လန်းဝမ်းမြောက်ကုန်လျက် အရိယာတို့၏ ကျက်စားရာ၌ မွေ့လျော်ကြ၏။

ထိုပညာရှိတို့သည် ရှု့မြိုက်ကုန်ပြီးလျှင် အမြဲ-မပြတ် လုံးလပြုကုန်၍ မတွန့်မဆုတ် လုံ့လထုတ်ကုန်လျက် ယောဂ၏ ကုန်ရာ အတုမဲ့ မြတ်သော နိဗ္ဗာန်သို့ ရောက်ကုန်၏။

ထကြွလုံ့လရှိသူ, သတိရှိသူ, ကံသုံးပါး စင်ကြယ်သူ, စူးစမ်း၍ ပြုလေ့ရှိသူ, စောင့်စည်းသူ, တရားသဖြင့် အသက် မွေးသူ,မမေ့လျော့သူအားအခြေ-အရံ အကျော်အစောသည် တိုးပွား၏။

ထကြွလုံ့လနှင့်ရင်း, မမေ့လျော့ခြင်းနှင့်ရင်း, စောင့် စည်းခြင်းနှင့်ရင်း, ဆုံးမခြင်းနှင့်ရင်း- ပြည့်စုံသော ပညာရှိ သည် သြဃသမုဒ္ဒရာ၌ မိုရာကျွန်းကို ပြုလုပ်ရာ၏၊ ယင်းကျွန်းကို ရေယဉ် မဖျက်ဆီးနိုင်။

ပညာမဲ့ မိုက်သောသူတို့သည် မေ့လျော့မှုကို အား ထုတ်ကြ၏၊ ပညာရှိသည်ကားမမေ့လျော့ခြင်းကို အမြတ်ဆုံး ဥစ္စာကဲ့သို့ စောင့်ရှောက်၏။

ထို့ကြောင့် သင်တို့သည် မေ့လျော့မှုကို အားမထုတ် ကြလင့်၊ ကာမတို့၌ မွေ့လျော်မှုဟု ဆိုအပ်သော တဏှာနှင့် အကျွမ်းဝင်မှုကို အာမထုတ်ကြလင့်၊ အကြောင်းကား မမေ့လျော့သော ဈာန်နှစ်ပါးဖြင့် ကိလေသာကို ရှု့မြိုက် သူသည် မြတ်သော ချမ်းသာကို ရောက်နိုင်သော ကြောင့် တည်း။

ပညာရှိသည် မေ့လျော့မှုကို မမေ့လျော့မှုဖြင့် ပယ် ဖျောက်၏၊ စိုးရိမ်မှုကင်းသော သူသည် ပညာပြာသာဒ်သို့ တက်၍ စိုးရိမ်မှုရှိသော သတ္တဝါ အပေါင်းကို ကြည့်ရှု၏၊

တောင်ထိပ်၌ တည်သောသူသည် မြေပြင်၌ တည်သောသူတို့ကို ကြည့်ရှုသကဲ့သို့ ပညာရှိသူသည် သူမိုက်တို့ကို ကြည့်ရှု၏။

လျင်မြန်သော မြင်းသည် ခွန်အားနည်းသော မြင်းကို ချန်ထား၍ သွားသကဲ့သို့ မေ့လျော့သူ အပေါင်းတို့တွင် မမေ့လျော့သော ပညာရှိသည် ချန်ထား၍ သွား၏၊ သတိလွတ်ကင်း နိုးကြားခြင်းမရှိသူအပေါင်းတို့တွင် သတိပွါးများ နိုးကြားသူသည် စွန့်ထား၍သွား၏။

မဃလုလင်သည် မမေ့လျော့ခြင်းကြောင့် နတ်တို့၏ အထွတ်အထိပ်သို့ ရောက်၏၊ မမေ့လျော့ခြင်းကို ချီးမွမ်းကုန်၏၊ မေ့လျော့ခြင်းကို အခါခပ်သိမ်း ကဲ့ရဲ့အပ်၏။

မီးသည် ကြီးငယ်မရှောင် လောင်စာ ဟူသမျှကို လောင်ကျွမ်းသကဲ့သို့ မမေ့လျော့မှု၌ မွေ့လျော်၍ မေ့လျော့မှု၌ ဘေးဟု ရှုလေ့ရှိသော ရဟန်းသည် ကြီးငယ် မဟူ သံယောဇဉ်အားလုံးကို လောင်ကျွမ်းစေလျက် သွား၏။

မမေ့လျော့မှု၌ မွေ့လျော်၍ မေ့လျော့မှု၌ ဘေးဟုရှုလေ့ရှိသော ရဟန်းသည် ဆုတ်ယုတ်ရန် မသိုက်၊ နိဗ္ဗာန်၏ အနီး၌သာ တည်၏။

## အပ္ပမာဒသုတ်

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပသေနဒီ ကောသလမင်းကြီးသည် မြတ်စွာဘုရားအား "အရှင်ဘုရား မျက်မှောက်ဘဝ၌ ခံစားရသော

အကျိုး တမလွန်ဘဝ၌ ခံစားရသော အကျိုးဟူသော အကျိုးနှစ်ပါးတို့ကိုသိမ်းကျုံးယူ၍ တည်သော တခုသော တရားသည် ရှိပါသလော”ဟု လျှောက်၏။

“ရှိသည်သာလျှင်တည်း”ဟု မိန့်တော်မူ၏။

“အဘယ်ပါနည်း”ဟု လျှောက်၏။

“မင်းကြီး မမေ့လျော့သော အပ္ပမာဒ တရားပင်တည်း၊ မင်းကြီး ဥပမာသော်ကား ကုန်းသတ္တဝါတို့၏ ခြေရာဟူသမျှ အားလုံးတို့သည် ဆင်ခြေရာ၌ ပေါင်းစုခြင်းသို့ ရောက်ကုန်၏၊ ဆင်ခြေရာကို ကြီးသည်၏ အဖြစ်ကြောင့် ထိုကုန်းသတ္တဝါတို့၏ ခြေရာတို့ထက် လွန်ကဲ၏ဟူ၍ ပြောကြားအပ်သကဲ့သို့ မင်းကြီး ဤအတူသာလျှင် မျက်မှောက်ဘဝ၌ ခံစားရသော အကျိုး တမလွန်ဘဝ၌ ခံစားရသော အကျိုးဟူသော အကျိုးနှစ်ပါးတို့ကို သိမ်းကျုံးယူ၍ တည်သော တခုသော တရားဟူသည် မမေ့လျော့မှု အပ္ပမာဒ တရားပင်တည်း”ဟု မိန့်တော်မူ၏။

အသက်ရှည်ခြင်းကိုရင်း, ရောဂါမရှိခြင်းကိုရင်း, အဆင်းလှခြင်းကိုရင်း, နတ်ပြည်ကိုရင်း, အမျိုးမြတ်ခြင်းကိုရင်း, မွေ့လျော်ခြင်းတို့ကိုရင်း အဆင့်ဆင့် အမြတ်တို့ကို တောင့်တသူသည် မမေ့လျော့ ပြုအပ်၏၊

ပညာရှိတို့သည် ကုသိုလ်ပြုရာ ပုညကြိယာ ဝတ္ထုတို့၌ မမေ့လျော့ခြင်းကို ချီးမွမ်းကုန်၏၊ မမေ့လျော့သော ပညာရှိသည် အကျိုးနှစ်ပါးတို့ကို သိမ်းယူနိုင်၏၊ မျက်မှောက်ဘဝ၌

ခံစားရသော အကျိုး၊ တမလွန်ဘဝ၌ ခံစားရသော အကျိုး ဟူသော အကျိုးနှစ်ပါးကို ရခြင်းကြောင့် ပညာရှိသော သူကို ပဏ္ဍိတဟု ဆိုအပ်၏။

## သတိ

ဖိုးရာဇာသည် ဘုရင်မင်းခေါင်အား "အရှင်မင်းကြီး ပညာရှိသော်လည်း သတိဖြစ်ခဲ့ပါသည်၊ သတိကို မပြတ်ပြုတော်မူပါ"ဟု အမြဲနှိုးဆော်တိုက်တွန်းလေ့ရှိ၏။

ဘုရင်မင်းခေါင်လည်း "ဤအမတ်ကြီးသည် အခြားသူတို့အား သတိပြတ်ပြုရန်တိုက်တွန်းလှသည်၊ မိမိကိုယ်တိုင်မူကား မည်မျှလောက် သတိကောင်းကြောင်း သိရအောင် စုံစမ်းမည်" ဟု တနေ့သ၌ ညီလာခံစုံသော အခါ မှူးမတ်အများနှင့် တိုင်းရေး ပြည်ရေးများကို ဆွေးနွေးတိုင်ပင် နေရာမှ ရုတ်တရက် ဖိုးရာဇာဖက်သို့လှည့်၍ "အဖိုးရာဇာ လောကတွင် အဘယ်ဥသည် အဆိမ့်ဆုံးနည်း" ဟု မေး၏။

ဖိုးရာဇာကလည်း "မှန်လှပါ ဖွတ်ဥ အဆိမ့်ဆုံး ဖြစ်ပါသည်"ဟု လျှောက်၏။

မင်းခေါင်လည်း တစ်စုံတရာ ဆက်လက်မိန့်ကြားခြင်းမရှိဘဲ မှူးမတ်ပရိသတ်များဖက်သို့ လှည့်ပြန်၍ တိုင်းရေးပြည်ရေးကို ဆက်လက် ပြောဆို ဆွေးနွေးနေ၏။

ထို့နောက် တနှစ်တိတိ ကြာသောအခါ ယခင်ကကဲ့သို့ မှူးမတ်များနှင့် တိုင်းရေးပြည်ရေး ဆွေးနွေးနေရာမှ ရုတ်ဘရက် ဖိုးရာဇာဖက်သို့ လှည့်၍ "အဖိုးရာဇာ သူ့ချည်းသာလော" ဟု မေး၏။

ဖိုးရာဇာလည်းတစုံတရာနှောင့်နှေးခြင်းမရှိဘဲ''မှန်လှပါ့ သားနှင့်ပါဘုရား''ဟု တင်လျှောက်၏။

ထိုအခါမှ "အမတ်ကြီးဖိုးရာဇာသည် အလွန်ပင် သတိကောင်းလှပေသည်"ဟု ချီးမွမ်းလေသည်။

# ဂါရဝေါ

## ဂါထာ

ဂါရဝေါ စ နိဝါတော စ
သန္တုဋ္ဌိ စ ကတညုတာ၊
ကာလေန ဓမ္မဿဝနံ
ဧတံ မင်္ဂလ မုတ္တမံ။

## နိသျ

ဒေဝပုတ္တ —နတ်သား
ယော ဂါရဝေါ စ —အကြင် ရိုသေထိုက်သော သူတို့ကို ရိုသေရခြင်းသည်ရင်း,
ယော နိဝါတော စ —အကြင် မိမိကိုယ်ကိုနှိမ့်ချခြင်းသည်ရင်း,
ယော သန္တုဋ္ဌိ စ —အကြင် ရောင့်ရဲ လွယ်ခြင်းသည်ရင်း,

ယာ ကတညုတာ စ —အကြင်သူ ပြုဘူးသော ကျေးဇူးကို သိခြင်းသည်၎င်း,

ကာလေန —သင့်တင့် လျော်ကပ်သော အခါ၌

ယံ ဓမ္မဿဝနဉ္စ —အကြင်တရားကို နာခြင်းသည်၎င်း,

အတ္ထိ —ရှိ၏၊

ဧတံ —ဤ ငါးပါးသော တရားသည်

ဥတ္တမံ —မြတ်သော

မင်္ဂလံ —မင်္ဂလာ မည်၏။

## လင်္ကာ

ငွေရောင် ဂိရိန်၊ မြတ်ဝတိန်သာ
နတ်တို့ရွာက၊ ဣန္ဒာ ဒေဝ
ရာဇ တမန်၊ မောင်နတ်မွန်—

ဆုံးစွန်ကျော်ကြား၊ မြတ်ဘုရားနှင့်
တရား, သံဃာ၊ ဆရာ, မိ-ဖ
စိုးရသခင်၊ အရှင်ဂုဏ်ထူး
ကျေးဇူးရှိပေ၊ သူမြတ်တွေကို
ရှိသေဂါရဝ၊ ပြုအပ်လှ၏,

နှိမ့်ချထိုက်စွာ၊ နေရာကာလ
အိပ်ရာ စသည်၊ ပြောထစကား
အသွား အလာ၊ အရာရာ၌
နိဝါတဖြင့်၊ နှိမ့်ချ အမြဲ
မှန်ကို ခွဲလော့၊

ရောင့်ရဲသိပ်သည်း၊ ပညာတည်း၍
ပစ္စည်းဥစ္စာ၊ ရ—မရကို
ထောက်ဆွာဆိုင်တွဲ၊ ရောင့်ရဲလွယ်ခြင်း
နှလုံးသွင်းလော့၊

ဘင်ခြင်းလွန်ကျူး၊ ထိုကျေးဇူးကို
အထူးသိစေ၊ ခွဲဝေစိတ်ဖြာ၊

အခါမှတ်သား၊ သိသောအားဖြင့်
တရား ပေစာ၊ မှတ်နာရခြင်း—

အရင်း အဖျား၊ ဤငါးပါးကို
ယုံမှားကင်းလွတ်၊ စိတ်နေညွတ်လျက်
လွန်မြတ်လှစွာ၊ မင်္ဂလာဟု
သဒ္ဒါကဲလွန်၊ နတ်တမန်သည်
မှန်မှန်စွဲမှတ်—ပါလေလော၀်။

# ဂါရဝ သုတ်

ရှိသေထိုက်သော သူတို့ကို ရှိသေခြင်းသည်လည်း မြတ်သောမင်္ဂလာမည်၏။

ရှိသေထိုက်သော သူတို့မှာ ရတနာသုံးပါး, အမိ အဖ, ဆရာသမားနှင့် အသက်ဂုဏ်ဝါ သိက္ခာကြီးသူတို့ဖြစ်၏၊ ထိုသူတို့ကို ရှိသေသမှု ပြုပါလျှင် အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာခြင်း, ခွန်အားကြီးခြင်း ဟူသော အကျိုးတရားလေးပါးတို့ကို ရနိုင်၏။

အခါတပါး မြတ်စွာဘုရားသည် ရှေးဦးစွာ ဘုရားဖြစ်စဉ်ရုဝေလ တော နေရဉ္စရာမြစ်ကမ်း အဇပါလ ညောင်ပင်ရင်း၌ နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားအား "ရှိသေရာ မှီခိုရာ မရှိဘဲ နေရခြင်းသည် ဆင်းရဲ၏၊ ငါသည် အဘယ် သို့ သော ရဟန်းပုဏ္ဏားကို အရိုအသေ အလေး အမြတ် အမှီပြုလျက် နေရပါအံ့နည်း" ဟု အကြံဖြစ်၏။

ထို့နောက် မြတ်စွာဘုရားသည် ဤသို့သော အကြံသည် ဖြစ်ပြန်၏—

"ငါသည် မပြည့်စုံသေးသော သီလအစု, သမာဓိအစု, ပညာအစု, အရဟတ္တဖိုလ် အစုနှင့် ပစ္စဝေက္ခဏာဉာဏ်ကို ပြည့်စုံစေရန် အခြားသော ရဟန်း ပုဏ္ဏားကို အရို အသေ အလေး အမြတ် အမှီပြုလျက် နေရာ၏၊ စင်စစ်သော်ကား မိမိထက် အထူးသဖြင့် သီလ, သမာဓိ, ပညာ, အရဟတ္တဖိုလ်, ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံသည့် အခြားသော ရဟန်းပုဏ္ဏားကို နတ်နှင့်

တကွသော လောက၌ ငါမြင်၊ ငါသည် ထိုးထွင်းသိသော လောကုတ္တရာ တရားကိုသာလျှင် အရို အသေ အလေး အမြတ် အမှီပြုလျက် နေရမှုကား ကောင်းလေစွ”

ထိုအခါ သဟမ္ပတိ ဗြဟ္မာသည် မြတ်စွာဘုရား၏ စိတ်အကြံကို မိမိစိတ်ဖြင့်သိ၍—

‘မြတ်စွာဘုရား ဤအကြံသည် ဤအတိုင်း မှန်လှပါ၏၊ လွန်လေပြီးသော မြတ်စွာဘုရားတို့သည်လည်း တရားကို သာလျှင် အရိုအသေ အလေး အမြတ် အမှီပြုလျက် နေကြပါသည်။ အနာဂတ်အခါ၌ ဖွင့်တော်မူမည့် မြတ်စွာဘုရားတို့သည်လည်း တရားကိုသာလျှင် အရိုအသေ အလေး အမြတ် အမှီပြုလျက် နေကြလိမ့်မည်” ဟု လျှောက်ကြား၏။

ထို့ကြောင့်သာလျှင် အကျိုးစီးပွါးကို အလိုရှိသူသည် ကြီးမြတ်သည်၏ အဖြစ်ကို တောင့်တသည်ဖြစ်၍ မြတ်စွာဘုရားတို့၏ အဆုံး အမကို အောက်မေ့လျက် သူတော်ကောင်းတရားကို အလေး ပြုအပ်သတည်း။

## နိဝါတ

မိမိကိုယ်ကိုနှိမ့်ချခြင်းသည်လည်းမြတ်သောမင်္ဂလာမည်၏။

ဓမ္မက္ခန္ဓာ၊ ငါ့ပညာဟု
အင်္ဂါကိုးမည်၊ ရင်နို့ရည်ကို

ချမ်းကြည်သောက်များ၊ တက်စီးပွါး၍
ငါ့သားဖြစ်ကျိုး၊ ကျော်ဟိုးဟိုးလျှင်
မြေမိုးတုံ ခပ်၊ အရပ်ရပ်တည့်၊

ပိဘ်စပ်ခြောင်းခြောင်း၊ ဂုဏ်နှံ့လျှောင်းလျက်
ထိန်းကျောင်းကိုယ်နှုတ်၊ ကျန်းမာန်ရှုဘ်၍
ခြေသုဘ် ပုဆိုး၊ မြွေစွယ်ကျိုးနှင့်
ချိုကျိုးနွားလား၊ ဒွန်းစဏ္ဍားသို့
ရှောင်ရှားပွဲသယ်၊ မချုတ်ချယ်ဘည့်၊

နည်းသွယ်ပုံသုတ်၊ ပညာအုပ်၍
မျက်ကြုတ်ကိုးတန်၊ ငြိုးထားရန်ကို
စွမ်းအန်မင်္ဂငွေ့၊ ချောက်လှင့်ခလှေ့လျက်
ချမ်းခမြေ့ပွဲသယ်၊ မေတ္တာကြွယ်သည်
စင်ကြယ်သင်းကျော–ငါ့သားစော။

မြတ်စွာဘုရားက ရှင်သာရိပုတြာ၏ နိဝါတ ဂုဏ်ကို ထုတ်ဖော်ပြီး ခေါ်ဟန်ပါရမီတော်ခန်း၌ ရှင်မဟာ သီသဝံသ ဖွဲ့ဆိုခြင်းဖြစ်၏။

# ရှင်သာရိပုတြာ

အနာထပိဏ်သူဌေးသည် ကျောင်းဆောက်ပြီး၍ တမန် စေလျှင် မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ ထွက်ခဲ့၍ ဝေသာလီပြည်သို့ ရောက်၏၊ ဝေသာလီ၌ မွေ့လျော်သမျှ နေ၍ သာဝတ္ထိပြည်သို့ ကြွသွား၏၊ ထိုအခါ ဆဗ္ဗဂ္ဂီ ရဟန်း တို့၏ တပည့်တို့သည် ရှေ့မှသွားကုန်၍— "ဤအိပ်ရာ နေရာသည် ငါတို့ဥပဇ္ဈာယ်တို့, ဤအိပ်ရာ နေရာသည် ငါတို့ ကမ္မဝါစာ ဆရာတို့, ဤအိပ်ရာ-နေရာသည် ငါတို့ဘို—"ဟု နေရာဦးကြ၏။

နောက်မှလာကုန်သော မထေရ်တို့သည် အိပ်ရာနေရာကို မရကုန်၍ ရှင်သာရိပုတြာ၏ တပည့်တို့သည် ရှင်သာရိပုတြာဘို့ အိပ်ရာ နေရာကို ရှာကုန်သော်လည်း မရကုန်၊ ရှင်သာရိပုတြာ သည် အိပ်ရာနေရာကိုမမြင်သည်ဖြစ်၍ မြတ်စွာဘုရားကျောင်း အနီး သစ်ပင်ရင်း၌ ထိုင်သဖြင့်ရင်း, စင်္ကြံသွား သ ဖြင့် ရင်း ညဉ့်ကို လွန်စေ၏။

မြတ်စွာဘုရားသည် မိုးသောက် ထ အခါ၌ ထွက်၍ ချောင်းဟန့်၏၊ ရှင်သာရိပုတြာလည်း ချောင်းဟန့်၏။

"ဤသူကား အဘယ်သူနည်း—"ဟု မေးတော်မူ၏။

"အရှင်ဘုရား အကျွန်ုပ် သာ ရိ ပု တြ ာတည်း—" ဟု လျှောက်၏။

"သာရိပုတြာ ဤအခါ ဤအရပ်၌အဘယ်သို့ပြုသနည်း" ဟု မေးတော်မူ၏။

ရှင်သာရိပုတြာသည် အကြောင်းကိုလျှောက်၏၊မြတ်စွာ-ဘုရားသည် မထေရ်၏ စကားကိုကြား၍—“ငါ ထင်ရှားရှိစဉ် ပင်လျှင် ရဟန်းတို့သည် တပါးသည် တပါးအား ရိုသေတုံ့ဝပ် ခြင်းမရှိကုန်၊ငါပရိနိဗ္ဗာန်ပြုလျှင် အသို့လျှင်ပြုကုန်လတ္တံ့နည်း-” ဟု ဆင်ခြင်တော်မူ၏၊ ဆင်ခြင်တော်မူသော မြတ်စွာဘုရား အား ဓမ္မသံဝေဂဖြစ်၏၊ မြတ်စွာဘုရားသည် လင်းသည်ရှိသော် ရဟန်း-သံဃာကို စည်းဝေးစေ၍ “ရဟန်းတို့ အဘယ်သူသည် လျှင် နေရာဦး ရေဦး ဆွမ်းဦးကို ထိုက်သနည်း” ဟု မေးတော် မူ၏။

အချို့သော ရဟန်းတို့က မင်းမျိုးမှရဟန်းပြုသူ, အချို့ သောရဟန်းတို့က ပုဏ္ဏားမျိုးမှ ရဟန်းပြုသူ,အချို့သောရဟန်း တို့က သူကြွယ်မျိုးမှ ရဟန်းပြုသူ, အချို့သော ရဟန်းတို့က ဝိနည်းဓိုရ်, ဓမ္မကထိက, ဈာန်ရသော ရဟန်းသည် ထိုက်၏ အသီးသီး အမျိုးမျိုးလျှောက်ကြ၏။

ထိုအခါ မြတ်စွာဘုရားက–“ရဟန်းတို့ ငါ၏သာသနာ၌ မင်း, ပုဏ္ဏား, သူကြွယ်မျိုးမှ ရဟန်းပြုသည် ပမာဏ မဟုတ်၊ ဝိနည်းဓိုရ်, သုတ္တန်ဆောင်, အဘိဓမ္မာဆောင် ရဟန်းသည်လည်း ပမာဏမဟုတ်၊ ဈာန်ရသောရဟန်းသည်လည်း ပမာဏမဟုတ်၊ သောတာပန် စသည်တို့သည်လည်း ပမာဏ မဟုတ်၊ စင်စစ် အားဖြင့် ဤငါ၏ သာသနာ၌ သီတင်းကြီးစဉ်ကို မလွန်မူ၍ ရှိခိုးခြင်း, ခရီးဦး ကြိုဆိုခြင်း, လက်အုပ်ချီသော အမှု, အရို-အသေပြုမှုကို ရအပ်၏၊ နေရာဦး ရေဦးကို ရအပ်၏၊ နေရာဦး အစရှိသည်ကိုရခြင်း၌ ဤ သီတင်း ကြီး ခြင်း သည် သာ လျှင်

ပမာဏတည်း၊ ထို့ကြောင့် သီတင်းကြီးသော ရဟန်းသည် ထိုနေရာဦး စသည်တို့အား လျော်ကန်တ်၏။

"ရဟန်းတို့ ယခုအခါ၌ကား သာရိပုတြာသည် ငါ၏ အဂ္ဂသာဝကတည်း၊ ငါ၏ အတုတရားစက်ကို ဟောတတ်၏၊ ငါ၏အခြားမဲ့၌ အိပ်ရာ နေရာကို ရခြင်းငှာ ဆိုက်၏၊ ထိုသာရိ ပုတြာသည် ဤညဉ့်၌ အိပ်ရာ နေရာကိုမရသည်ဖြစ်၍ သစ်ပင် ရင်း၌ ညဉ့်ကို လွန်စေ၏၊ သင်တို့သည် ယခုအခါ ဤသို့ ရိုသေတုံ့ဝပ်ခြင်း မရှိကုန်၊ ကာလလွန်သော် အသို့ ပြု၍လျှင် နေကြကုန်လတ္တံ့နည်း—"ဟု မိန့်တော်မူ၏။

ထို့နောက် ထိုရဟန်းတို့ကို ဆုံးမအံ့သောငှာ-"ရဟန်းတို့ ရှေး၌ တိရစ္ဆာန်တို့သည်လည်း ငါတို့သည် အချင်းချင်း ရိုသေတုံ့ဝပ်ခြင်းမရှိဘဲ အသက်မွေးခြင်း၊ သဘောမတူကုန်၍ နေရခြင်းသည် မလျော်ကန်ပတ်၊ ငါတို့တွင် ကြီးမြတ်သောသူကို ကြည့်ကုန်၍ ထိုသူအား ရှိခိုးခြင်း အစရှိသည်တို့ကို ငါတို့သည် ပြုကုန်အံ့ဟု ကြံကြ၏၊ ကြံကြပြီး၍ ကောင်းစွာ စုံစမ်း၍ ဤသူ သည် ငါတို့ထက် ကြီးမြတ်၏ဟု သိ၍ ထိုသူအားရှိခိုးခြင်း အစ ရှိသည်တို့ကို ပြု၍ နတ်ပြည်ကိုပြည့်စေကုန်ဘူး၏-"ဟု မိန့်တော် မူ၍ အတိတ်ကို ဆောင်တော်မူ၏။

[ပူဇော်ထိုက်သူအဖွင့် ခါ မျောက် ဆင်မှာ ယင်း အတိတ် ဇာတ် လမ်း ဖြစ်၏။]

# မစင်၏ မာန

လူတယောက်သည် ရသေ့တပါးထံ သွားပြီးလျှင် နှိမ့်ချဟန်ဖြင့် "အရှင် ကျွန်ုပ်သည် အလွန်အောက်ကျသူဖြစ်ပါသည်၊ ကျွန်ုပ် ချမ်းသာအောင် ဘယ်သို့ ပြုလုပ်ရပါမည်နည်း" ဟု တောင်းပန်၏။

ရသေ့လည်း ထိုလူ၏ အဘွင်းသဘောကို သိပြီ ဖြစ်၍ "သင့်ထက် နှိမ့်ချသူကို ခေါ်ခဲ့ပါလော့" ဟု ပြောလိုက်၏။

ယောကျာ်းသည် ထွက်သွားပြီးလျှင် ပတ်ဝန်းကျင်၌ ရှာဖွေသော်လည်း သူ့ထက် နှိမ့်ချသူကို မတွေ့ရ၊ နောက်ဆုံးတွင် သူ၏ မစင်ကို တွေ့မြင်ရသောအခါ "ငါ့ထက် အမှန်ဆိုးဝါးသူကား သင်းပင်ဖြစ်သည်" ဟု ကောက်ယူပြီး ရသေ့ထံသို့ သွား၏။

ထိုအခါ မစင်က "ဟဲ့ လူမိုက်၊ ငါ့ကိုမကိုင်နှင့်၊ ငါသည် အရသာ ချိုမြိန်သောမုံ့တခု ဖြစ်၏၊ ငါ၏ပုံသဏ္ဍာန်မှာ မြင်ရသူတို့ နှစ်လိုဖွယ်ဖြစ်၏၊ သို့ကြောင့် ငါ့ကိုနတ်တင်ဘို့ ကောင်းသည်၊ သို့သော်လည်း ကုသိုလ်ကံမကောင်းသောကြောင့် သင်နှင့် မှားယွင်းပြီးဆက်ဆံမိခြင်း ဖြစ်၏၊ သို့ကြောင့် ငါ့ကို မြင်လျှင် လူအများ၏ မျက်နှာလွှဲခြင်း၊ နှာခေါင်းပိတ်ခြင်း ခံရခြင်း ဖြစ်၏၊ သို့ဖြစ်၍ နောက်ထပ် သင်နှင့်ဆက်ဆံရဦးမည် ဆိုပါလျှင် အဘယ်မျှ အသရေ ဆုတ်ယုတ်ဦးမည်နည်း" ဟု ပြောပြလေသည်။

သို့ကြောင့် ထိုသူသည်နှိမ့်ချခြင်း အမှန်ကို သိသွား၏၊ နှိမ့်ကျသည်ထက် မိမိကိုယ်ကို နှိမ့်ချသောကြောင့် စင်ကြယ်ခြင်းကို ရရှိလေသည်။

## ရောင့်ရဲလွယ်ခြင်း

ရောင့်ရဲလွယ်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

(၁)

ရဟန်းတို့ ဤကဿပသည်ရတတ်သမျှသော သင်္ကန်း, ဆွမ်း, ကျောင်း, ဆေးဝါးဖြင့် ရောင့်ရဲ၏၊ ရောင့်ရဲခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုလေ့ရှိ၏၊ ထို ပစ္စည်းလေးပါး တို့ကြောင့် မလျော်ကန်သော ရှာမှီးခြင်းသို့လည်း မရောက်၊ မရ၍လည်း မတောင့်တ၊ ရ၍လည်း မက်မော တွေ့ဝေခြင်းမရှိ၊ တဏှာဖြင့် မလွှမ်းမိုး၊ အပြစ်ကို ရှုလျက် ထွက်မြောက်ကြောင်း ပညာရှိသည် ဖြစ်၍ သုံးဆောင်၏။ ရဟန်းတို့ ဤသို့လျှင် သင်တို့ကျင့်မှုသည်။

(၂)

ရဟန်းတို့ ဤမရောင့်ရဲခြင်း အသန္တုဋ္ဌိတာ တရားသည် များစွာအကျိုးမဲ့ရန် ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးမဲ့ရန်ဖြစ်သော အခြားဘခုသော တရားကိုမျှလည်း ငါမမြင်။

ရဟန်းတို့ မရောင့်ရဲခြင်း အသန္တုဋ္ဌိတာ တရားသည် များစွာ အကျိုးမဲ့ရန်ဖြစ်၏။

ရဟန်းတို့ ဤရောင့်ရဲခြင်း သန္တုဋ္ဌိတာ တရားသည်များစွာ အကျိုးရှိရန် ဖြစ်သကဲ့သို့ ဤအတူ များစွာ အကျိုးရှိရန် ဖြစ်သော အခြားတခုသော တရားကိုမျှ ငါမမြင်။

ရဟန်းတို့ ရောင့်ရဲခြင်း သန္တုဋ္ဌိတာတရားသည် များစွာ အကျိုးရှိရန် ဖြစ်၏။

(၃)

ရဟန်းတို့ လောက၌ ရနိုင်ခဲသော ပုဂ္ဂိုလ်တို့သည် ဤ နှစ်မျိုးတို့တည်း။

အဘယ်နှစ်မျိုးတို့နည်းဟူမူ—

(၁) ရောင့်ရဲသော ပုဂ္ဂိုလ်ရင်း (၂) ရောင့်ရဲစေတတ်သော ပုဂ္ဂိုလ်ရင်းတို့တည်း။

ရဟန်းသို့ လောက၌ ရနိုင်ခဲသော ပုဂ္ဂိုလ်တို့သည် ဤ နှစ်မျိုးတို့ပေတည်း။

ရဟန်းတို့ ရောင့်ရဲစေနိုင်သော ပုဂ္ဂိုလ်တို့သည် ဤနှစ်မျိုးတို့တည်း။

အဘယ်နှစ်မျိုးတို့နည်းဟူမူ—

(၁) ရတိုင်း ရတိုင်းသော ပစ္စည်းကို မသုံး မစား သိမ်းဆည်း၍ ချည်းထားသော ပုဂ္ဂိုလ်ရင်း

(၂) ရတိုင်း ရတိုင်းသော ပစ္စည်းကို စွန့်၍ ချည်းပစ်သော ပုဂ္ဂိုလ်ရင်းသို့တည်း။

ရဟန်းတို့ ရှောင့်ရဲလွယ်စေနိုင်သော ပုဂ္ဂိုလ်တို့သည် ဤနှစ်မျိုးတို့ပေတည်း။

ရဟန်းတို့ အဘယ်နှစ်မျိုးတို့ နည်းဟူမူ—

(၁) ရတိုင်း ရတိုင်းသော ပစ္စည်းကို သိမ်းဆည်း၍ချည်း မထားသော ပုဂ္ဂိုလ်ရင်း,

(၂) ရတိုင်း ရတိုင်းသော ပစ္စည်းကို စွန့်၍ ချည်းမပစ်သော ပုဂ္ဂိုလ်ရင်းတို့တည်း။

ရဟန်းတို့ ရှောင့်ရဲလွယ်စေနိုင်သော ပုဂ္ဂိုလ်တို့သည် ဤနှစ်မျိုးတို့ပေတည်း။

## (၄)

ရဟန်းတို့ တာဝန်လည်း နည်း၍ ရလည်း ရလွယ်ကုန်သော ပစ္စည်းတို့သည် ဤလေးမျိုးတို့တည်း၊ ထိုပစ္စည်းတို့သည် အပြစ်လည်းမရှိကုန်။

အဘယ်လေးမျိုးတို့နည်းဟူမူ—

ရဟန်းတို့ (၁)သင်္ကန်းတို့တွင် ပံ့သူကူသင်္ကန်း(၂) စားဖွယ်တို့တွင် ဆွမ်းခံလှည့်လည်၍ ရသော ဆွမ်း, (၃) ကျောင်းတို့တွင် သစ်ပင်ရင်းဟူသော ကျောင်း, (၄) ဆေးတို့တွင် နွားကျင်ငယ်ပုပ်ဟူသော ဆေးသည် တာဝန်လည်းနည်း၏၊ ရလည်း ရလွယ်၏၊ အပြစ်လည်းမရှိ။

ရဟန်းတို့ တာဝန်လည်းနည်း၍ရလည်းရလွယ်ကုန်သော ပစ္စည်းတို့သည် ဤလေးမျိုးတို့တည်း၊ ထိုပစ္စည်းတို့သည် အပြစ်လည်းမရှိကုန်။

ရဟန်းတို့ ရဟန်းသည် တာဝန်နည်း၍ ရလွယ်သော ပစ္စည်းဖြင့် ရောင့်ရဲ၏၊ ဤသို့ ရောင့်ရဲခြင်းကို ရဟန်း၏ ရဟန်းအဖြစ် ဟူသော အင်္ဂါတပါးဟု ငါဆို၏။

တာဝန်လည်းနည်း၊ ရလည်းရလွယ်၊ အပြစ်လည်းမရှိသော ပစ္စည်းဖြင့် ရောင့်ရဲသော ရဟန်းအား ကျောင်းကိုငြင်း, သင်္ကန်းကိုငြင်း၊ စားသောက်ဖွယ်ကိုငြင်း, အကြောင်း ပြု၍ စိတ်၏ ပင်ပန်းခြင်းကင်း၏၊ အရပ်မျက်နှာကိုလည်း မထိခိုက်။

## တောရ ကိုယ်တော်

သီဟိုဠ်ကျွန်း အနုရာဓမြို့မှ အဆွေခင်ပွန်း နှစ်ယောက်သည် ထူပါရုံ ကျောင်းသို့ သွား၍ ရဟန်းပြုကြ၏၊ ပြီးလျှင် ရဟန်းတပါးသည် ပါစိန မဏ္ဍလာရာမ ဟမည်ရှိသော တောမှာသို့ သွားပြီး တောနေရဟန်းလုပ်နေ၏၊ အခြား တပါးကား အနုရာဓမြို့ ထူပါရုံကျောင်းမှာပင် နေ၏။

ဆယ်နှစ်ခန့် ရှိသောအခါ တောနေရဟန်းသည် အဆွေခင်ပွန်းရှိရာ ထူပါရုံ ကျောင်းသို့ အလည်အပတ် ရောက်လာ၏၊ သူ၏ အဆွေသည် မြို့၌နေသည်မှာ နှစ်ကာလ အတန်ကြာမြင့်လှပြီ ဖြစ်၍ အလုပ်အကျွေး ဒါယကာ ဒါယိကာမ တောင့်တောင့်တင်းတင်း ရှိလိမ့်မည်။ သူတို့သည် ညနေချမ်းတွင် မိုဃ်ရန်အတွက် ထောပတ်, သကာ, အဖျော်ယမကာ တစုံတရာပို့

လာလိမ့်မည်ဟု မျှော်လင့်၏၊ သို့သော်လည်း အိပ်ချိန် ရောက်သည့်တိုင်အောင် ဘယ်သူမျှ မရောက်လာ။

မနက်စောစော၌ ယာဂုစသော ခဲဖွယ်များ ပို့လေမည်လားဟု စဉ်းစားပြန်၏၊ သို့သော်လည်း ဆွမ်းခံ ဝင်သည့်တိုင်အောင် မည်သူမျှ မလာ၊ မြို့တွင်းသို့ ဆွမ်းခံဝင်သော အခါတွင်လည်း ရသမျှနှင့် တင်းတိမ် လိုက် သည်ကို တွေ့ရ၍ စူးစမ်းကြည့်၏

"အရှင် အသို့ပါနည်း၊ အခါခပ်သိမ်း ဤသို့ပင်လော"

"ငါ့ရှင်ဟုတ်ပါ၏"

"သို့ဖြစ်ပါလျှင် ကျွန်ုပ်နှင့် အတူ ပါစိန ခဏ္ဍရာဇီသို့ လိုက်ခဲ့ပါလော၊ ထိုဘွင် ဆွမ်းကွမ်း ကိစ္စ ချမ်းသာလှပါ၏"

ထိုအခါ မြို့နေရဟန်းသည် တစုံတရာ ဘာမျှမပြောဘဲ ပါစိနခဏ္ဍရာဇီဘက်သို့ ရှေးရှုသွား၏၊ ထိုအခါ မြို့နေရဟန်းက "အရှင် အသို့ပါနည်း" ဟုမေး၏။

"ပါစိနခဏ္ဍရာဇီ အရပ်၏ ဂုဏ်ကျေးဇူးကို သင်ပြောကြားသည် မဟုတ်ပါလော"

"ဩော် ဟုတ်ပါသည်၊ သို့ရာတွင် သူပါရုံကျောင်း၌ အရှင်၏ ရေိက္ခာ ပစ္စည်း ဥစ္စာများ ရှိသေးသည် မဟုတ်ပါလော"

"မရှိပါ ညောင်ခစောင်း အင်းပုဦးမှာ သံဃိကပစ္စည်းဖြစ်၍ သိုမှီ သိမ်းဆည်းခဲ့ပါသည်၊ ထိုမှ တပါး ကိုယ်ပိုင်ပစ္စည်း တစုံတခုမျှ မရှိပါ"

"သို့ရာတွင် ကျွန်ုပ်၏ တောင်ဝှေး, ဆီကျည်နှင့် ဘိနပ် အိတ် ကျန်ခဲ့ပါသေးသည်"

"ငါ့ရှင် သင်သည် တရက်မျှ နေရပါလျက် ဤမျှပစ္စည်း ဥစ္စာများလှစွာသည်"

ထိုအခါ တောနေရဟန်းသည် အရှင်၏ ခြေကိုဦးတိုက်ကာ "အရှင်ကဲ့သို့သော ပုဂ္ဂိုလ်အား အလုံးစုံသော အရပ်၌ပင် တောရချည်ပါသည်" ဟု လျှောက်ကြား လေသည်။

## ပဒေသာပင်

ခရီးသွား ယောကျ်ား တယောက်သည် ခရီးသွားရင်း လွင်ပြင်ကြီး တခုသို့ ရောက်သွား၏၊ အချိန်ကြာမြင့်စွာ နေပူကျဲကျဲတွင် သွားရသောကြောင့် ချွေးဖိုင်ဖိုင်ကျပြီး ပင်ပန်းလှသည့် အတွက် အမောဖြေရန် သစ်ပင်တပင်အောက်သို့ ဝင်၍ အိပ်ခို၏၊ ထိုခဏ၌ ထိုသူသည်၊ "လျောင်းစက်ရန် နူးညံ့သော အိပ်ရာတခုသာ ရပါက အဘယ်မျှ စည်းစိမ်ရှိမည်နည်း" ဟု တွေး၏။

သို့သော် သူသည် ပဒေသာပင်အောက်တွင် ထိုင်မိနေမှန်း မသိချေ၊ အဲဆိုပါ အတွေးပေါ်သည် နှင့် တပြိုင်နက် ကောင်းမွန်သောအိပ်ရာတခု သူ၏ဘေးတွင် ပေါ်လာ၏၊ ထို အိပ်ရာကိုတွေ့မြင်ရသောအခါ သူသည် များစွာ အံ့ဩသွားပြီး အိပ်ရာပေါ်တွင် ကိုယ်ကိုလှဲချလိုက်၏။

ထို့နောက်–"မိန်းမပျိုလေးတယောက် လာပြီး ခြေကို အသာကလေးနှိပ်ပေးလျှင် အဘယ်မျှ နေရာကျမည်နည်း"–ဟု တွေးပြန်၏၊ထိုအတွေးပေါ်သည်နှင့်တပြိုင်နက်ပင် သူ၏ခြေရင်းတွင် လုံမပျိုကလေးတယောက်ပေါ်လာကာ သူ၏ခြေကိုအသာအယာနှိပ်ပေးနေသည်ကို တွေ့ရပြန်၏။

ခရီးသည် သည် လွန်စွာ ဝမ်းမြောက်ပျော်ရွှင်၍နေရာမှ ဆာလောင်လာပြန်သောကြောင့်–"ငါလိုသမျှရနေ၏၊ နောက်တပ်စားစရာ အသောက်မရနိုင်ဘူးလား–"ဟုအောက်မေ့လိုက်ရာ ချက်ခြင်းပင် သူ၏ရှေ့မှောက်တွင် များပြားစွာသော စားသောက်ဖွယ်များ အသင့်ပြင်ဆင်ထားသည်ကိုတွေ့ရ၏။

ထိုအခါ ခရီးသွားသည် အလွန်နှစ်သက်စွာချက်ခြင်းပင် အလိုရှိသလောက် စားသောက်ပြီးနောက် အိပ်ရာပေါ်တွင်ပစ်လှဲလိုက်ပြီး ထိုနေ့ထူးထူးဆန်းဆန်းကြုံတွေ့ရပုံတို့ကို ပြန်ပြီးစဉ်းစားနေရာမှ–"အကယ်၍ခုနေအခါမှာကျားကြီးတကောင်များ လာပြီ ကိုက်ယင်"–ဟုတွေးလိုက်၏၊ တွေးလိုက်သည်နှင့်တပြိုင်နက် ကျားကြီးတကောင်သည် သူ၏အပေါ်သို့ ခုန်အုပ်ပြီး လည်ကိုခဲကာ ဂုတ်သွေးကိုသောက်သတော့၏၊သို့ဖြင့်ခရီးသွားယောကျ်ားမှာ အသက်ဆုံးရလေသည်။

## လောဘရွှေအိုး

ဆတ္တာသည် တယောက်သည် တန်ခိုးကြီးသောသစ်ပင်တပင်အောက်သို့ ဖြတ်သန်းသွားခိုက်–"ရွှေအိုး ခုနစ်လုံးယူမည်လော"—ဟူသောအသံကို ပြတ်သားစွာကြားရ၏၊ပတ်ဝန်းကျင်ကိုကြည့်သောအခါ၊ တစုံတယောက်ကိုမျှ မမြင်ရသော်လည်း လိုချင် တပ်မက်သောကြောင့်–"အေး ရွှေအိုး ခုနစ်လုံးကို ငါယူမည်"ဟု ပြတ်သားစွာပင် ပြန်ကြားလိုက်၏။

"သင်းဖြင့် သင့်အိမ်သို့ရွှေအိုးများပို့လိုက်ပြီ၊သင့်အိမ်သို့ပြန်ကြည့်လေ"ဟု ပြောသံ ကြားရပြန်၏၊ ဆတ္တာသည်သည် အိမ်သို့အလျင်အမြန်ပြန်သွားရာ အိမ်ရှေ့တွင် ရွှေအိုး ခုနစ်လုံးကို အံ့သြစွာ တွေ့မြင်ရ၏။

သို့ရာတွင်ရွှေအိုးတလုံးမှာရွှေအပြည့်မရှိ၊ တဝက်မျှသာရှိ၍ ဆတ္တာသည်သည် စိတ်ထဲ၌ မဘင်မကျ ဖြစ်သွား၏၊ ဤတလုံးပါပြည့်နေလျှင် အဘယ်မျှကောင်းမည်နည်းဟု သူ့တွင်ရှိသမျှသောပစ္စည်းဥစ္စာတို့ကိုရောင်းချပြီး ငွေများအဖြစ်ပြောင်းလဲပြီး ထိုရွှေအိုးကိုဖြည့်၏၊ သို့သော်လည်းမပြည့်၊ မိမိနှင့်တကွ အိမ်သူအိမ်သားများ ခြိုးခြံစွာ စားသောက်ပြီး ထိုရွှေအိုးကိုဖြည့်သော်လည်း ထူးဆန်းသောထိုရွှေအိုးမှာ လင်မြဲလပ်နေ၏။

ဆတ္တာသည်သည် ဘုရင်မင်းမြတ်ထံတွင် မိမိ အသက်မွေးဝမ်းကျောင်းမလုံလောက်ကြောင်း တင်လျှောက်ရာ ဘုရင်လည်း ရိက္ခာကံကျေးနှစ်ဆတိုး၍ ပေး၏၊ သူသည် ထိုငွေကိုဖြင့် ဖြည့်ပါသော်လည်း လောဘကြီးသောရွှေအိုးမှာ မပြည့်

နိုင်ဘဲဖြစ်နေ၏၊ သို့ကြောင့် ဆတ္တာသည်သည် အိမ်ပေါက်စေ့ တောင်းရမ်း စားသောက် ပြီး ရသမျှကို ထိုရွှေအိုး၌ဖြည့်၏၊ သို့သော်လည်းရွှေအိုးမှာမပြည့်ဘဲ ဆတ္တာသည်၏အခြေနေလည်း တနေ့တခြားဆိုးရွားလာ၏။

တနေ့တွင် ဘုရင်မင်းမြတ်က–"ဆတ္တာသည် အမောင် သည် ရှေးအခါက ရွှင်ရွှင်ပျပျ ကြည်ကြည်သာသာပျော်ရွှင် ကျေနပ်နေ၏၊ ယခုအခါ ရိက္ခာက ကျေးနှစ်ဆတိုးရသော်လည်း စိုးရိမ်သောက ရောက် နေ သည့် အသွင်ကို တွေ့မြင်နေရ၏၊ အကြောင်း အသို့ပါနည်း၊ သင်သည် ရွှေအိုးခုနစ်လုံးကိုရနေပြီ လော"—ဟု မေး၏။

ထိုအခါ ဆတ္တာသည်မှာ အထိတ်တလန့်ဖြစ်သွားပြီ "အရှင်ဘုရား ကို ဘယ်သူ လျှောက်ကြာပါနည်း"ဟု ပြန်မေး လျှောက်၏၊

"ရက္ခစိုးနတ်ပေးသော ရွှေအိုးခုနစ်လုံး ရသူ၏ရုပ်လက္ခဏာမှာ သင်ကဲ့သို့ပင်ဖြစ်၏၊ ရက္ခစိုး နတ်သည် ထိုရွှေအိုးများ ကို ငါ့အားလည်းပေးဘူး၏၊ ထိုအခါက ထိုရွှေတို့ကို သုံးစွဲပစ် ရမည်လော၊ သိုမှီးထားရမည်လောဟု မေးသောအခါ ဘာမျှ ပြန်မပြောဘဲ ထွက်သွားသည်၊သို့သော်လည်း ဤရွှေတို့ကိုရလျှင် သုံးစွဲချင်စိတ်မဖြစ်၊ သိုမှီး၍သာထားချင်သည်"ဟု ရှင်ဘုရင်က ရှင်းပြ၏။

ထိုအခါ ဆတ္တာသည်သည် ချက်ခြင်းသတိရကာ တောစိုး သစ်ပင်သို့သွားပြီး "အို ရက္ခစိုး သင်၏ရွှေများကို ပြန်ယူပါ လော့"—ဟု ပြော၏။

ရက္ခစိုးကလည်း ''ကောင်းပါပြီ''ဟု ပြန်ကြား၏။

ဆတ္တာသည်သည် အိမ်သို့ ပြန်လာသောအခါ ရွှေအိုး ခုနစ်လုံးဘို့မှာ ထူးဆန်းစွာ ရောက်လာသကဲ့သို့ပင် ထူးဆန်းစွာ ပျောက်သွားကုန်၏၊ ထိုအိုးများနှင့်အတူ ဆတ္တာသည် တသက်တာ စုဆောင်းခဲ့သော ပစ္စည်းဥစ္စာတို့သည်းအလုံးစုံ အကုန်ပါသွားလေသည်။

## ဒုက္ခဖြစ်ကြောင်း

အရပ်တခုတွင် တံငါသည်တို့ ငါးဖမ်းလျက် ရှိကြ၏၊ ထိုအခိုက် စွန်တကောင် ထိုးဆင်းလာပြီး ငါးတကောင်ကို သုတ်သွား၏။

ငါးတကောင် စွန်ချီသွားသည်ကို တွေ့မြင်ရသော ကျီးငှက် သိမ်း စွန်တို့သည် ဆူညံစွာ မြည်ကြွေးလျက် စွန်၏ နောက်သို့ လိုက်ကြ၏၊ စွန်မည်သည့်အရပ်သို့ ပျံသည်ဖြစ်စေ ဝိုင်းအုံပြီး လိုက်ကြ၏။

စွန်သည် တောင်ဖက်သို့ပျံ၏၊ သူတို့လည်း ထိုဖက်သို့ပင် လိုက်ကြ၏၊ တဖန်စွန်သည် အရှေ့ဖက်သို့ပျံ၏၊ ထို့အတူ သူတို့လည်း အရှေ့ဖက်သို့လိုက်ကြ၏၊ ထို့ကြောင့် စွန်သည် ဟိုပျံသည်မှ လိပ်ကောက် ရှုပ်ထွေးစွာ ပျံ၏။

ထိုအခါ ငါးသည် စွန်၏နှုတ်သီးမှ လွတ်ကျသွား၏၊ ကျီးငှက် သိမ်းစွန်တို့သည် ထိုစွန်၏အပါးမှ ဖဲခွာခဲ့၍ ငါးကျရာသို့ ဝိုင်းအုံလိုက်ကြ၏။

ယင်းအခါ စွန်သည် စိုးရိမ်သောက ကင်းဝေးစွာဖြင့် သစ်ကိုင်းဘကိုင်းပေါ်တွင် နားပြီး "ဤဘာမျှ မဟုတ်လှသော ငါးသည် ငါတွေ့ရသော ဒုက္ခ၏ အရင်းအစ မူလပေတည်း၊ ယခုအခါ ငါသည် ထိုငါးကိုစွန့်လွှတ်လိုက်သဖြင့် ချမ်းသာရာရပေပြီ" ဟု ဥဒါန်းကျူးရင့်လေသည်။

## ပြုဘူးသော ကျေးဇူး

သူ့ပြုဘူးသော ကျေးဇူးကို သိခြင်းသည်လည်း မြတ်သော မင်္ဂလာပင်တည်း။

### (၁)

ရဟန်းတို့ သူယုတ်မာတို့၏ အခြေခံ သဘောသည် အဘယ်နည်း —

ရဟန်းတို့ သူယုတ်မာသည် ပြုဘူးသော သူ့ကျေးဇူးကို မသိ၊ ပြုဘူးသော သူ့ကျေးဇူးကို ထင်စွာပြု၍ မသိ။

ရဟန်းတို့ ပြုဘူးသော သူ့ကျေးဇူးကို မသိခြင်း ထင်စွာပြု၍ မသိခြင်းကို သူယုတ်မာတို့သည် ချီးမွမ်းကုန်၏။

ရဟန်းတို့ ပြုဘူးသော သူ့ကျေးဇူးကို မသိခြင်း, ထင်စွာပြု၍ မသိခြင်းဟူသော ဤအလုံးစုံသည် သူယုတ်မာ တို့၏ အခြေခံသဘောပေတည်း။

ရဟန်းတို့ သူတော်ကောင်းတို့သည်ကား ပြုဘူးသော သူ့ကျေးဇူးကိုသိ၏၊ ပြုဘူးသော သူ့ကျေးဇူးကို ထင်စွာ ပြု၍ သိ၏။

ရဟန်းတို့ ပြုဘူးသော သူ့ကျေးဇူးကို သိခြင်း ထင်စွာ ပြု၍သိခြင်းကို သူတော်ကောင်းတို့ ချီးမွမ်းကုန်၏။

ရဟန်းတို့ပြုဘူးသော သူ့ကျေးဇူးကို သိခြင်း, ထင်စွာ ပြု၍ သိခြင်းဟူသော ဤအလုံးစုံသည် သူတော်ကောင်းတို့၏ အခြေခံသဘောပေတည်း။

( ၂ )

ရဟန်းတို့လောက၌ ရနိုင်ခဲကုန်သော ပုဂ္ဂိုလ် တို့ သည် ဤနှစ်မျိုးတို့တည်း။

အဘယ်နှစ်မျိုးတို့နည်း ဟူမူ—

(၁) ရှေးဦးစွာ ကျေးဇူး ပြုတတ်သော ပုဂ္ဂိုလ်၎င်း (၂) ပြုဘူးသော ကျေးဇူးကိုသိ၍ ကျေးဇူးတုံ့ ပြုတတ်သော ပုဂ္ဂိုလ်၎င်းတို့တည်း။

ရဟန်းတို့ လောက၌ ရနိုင်ခဲသော ပုဂ္ဂိုလ်တို့သည် ဤ နှစ်မျိုးတို့ပေတည်း။

( ၃ )

ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ငရဲသို့ ရောက်ရ၏။

အဘယ်လေးမျိုးတို့နည်းဟူမူ—

(၁) ကာယဒုစရိုက် (၂) ဝစီဒုစရိုက် (၃) မနော ဒုစရိုက် (၄) သူ့ကျေးဇူးကို မသိမူ၍ ထင်စွာ မပြုခြင်း တို့တည်း။

ရဟန်းတို့ ဤတရားလေးပါးတို့နှင့် ပြည့်စုံ သူ သည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ ငရဲသို့ရောက်ရ၏။

ရဟန်းတို့ ဤ တ ရား လေး မျိုး တို့ နှင့် ပြည့်စုံသူသည် ဆောင်ယူ၍ ချထားအပ်သကဲ့သို့ နတ်ပြည်သို့ ရောက်ရ၏။

အဘယ်လေးမျိုးတို့နည်းဟူမူ—

(၁) ကာယသုစရိုက် (၂) ဝစီသုစရိုက် (၃) မနော သုစရိုက် (၄) သူ့ကျေးဇူးကို သိ၍ ထင်စွာ ပြုခြင်းတို့တည်း။

ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့်ပြည့်စုံသူသည် ဆောင် ယူ၍ ချထားအပ်သကဲ့သို့ နတ်ပြည်သို့ ရောက်ရ၏။

## သာဓုနဂ်ရ

သူတော်ကောင်းဟု သမုတ်အပ်သော သူတို့၌သာ တည် သောကြောင့် သာဓုနရဟု ဆိုအပ်သော တရားသည် လေး ပါးတည်း။

လေးပါးဟူသည်ကား (၁) ယာ တာ နု ယာယီတပါး (၂) အလ္လဥ္စပါဏီ ပရိဝဇ္ဇယတပါး (၃) မိတ္တအဒုဗ္ဘိတပါး

(၄) အသတိနံ မာနိဂစ္ဆာပေါ၊ ဤသည်လျှင်လေးပါးတည်း။ ထိုလေးပါးတို့တွင်—

(၁) ယာတာနုယာယီ ဟူသည်ကား ရှေး သူတော်ကောင်းတို့ သွားသော တရားလမ်းကို မယွန်းမထောင့် ဖြောင့်မှန်စွာ လိုက်ခြင်းတည်း၊ အကြွင်သူသည် အတူတကွ မနေကြဘူး, မတွေ့ကြဘူး, မမြင်ကြဘူးသည်ဖြစ်၍ မသိ-မကျွမ်းဘဲလျက် မိမိကို နေရာပေးခြင်း, ခဲဖွယ်ဘောဇဉ် တည်ကျွေးခြင်းစသော ဧည့်သည်တို့ဝတ်ကို ပြုပေအံ့၊ ထိုသို့ပြုပေသော သူကိုမိမိသည်လည်း ထိုသူကျင့်သကဲ့သို့ အစဉ်လိုက်၍ ကျွေးမွေးတုံ့ကျင့်ရာ၏၊ ထိုသို့ကျင့်ခြင်းသည်လျှင် ယာတာနုယာယီ တရားမည်၏ဟု ပညာရှိတို့ ဆိုကုန်၏။

(၂) အလ္လဥ္စပါဏိ ပရိဝဇ္ဇယ ဟူသည်ကား စိုစွတ်သောလက်ကို ခြောက်သွေ့ပူလောင်အောင် မပြုခြင်းတည်း၊ အကြွင်သူ၏ အိမ်၌ တည၌မျှသည်း နေဘူး-တည်းဘူးအံ့၊ ထမင်းအဖျော်စသော နည်းနည်း များများ တစုံတခုသော ပစ္စည်းကို ရအံ့၊ ထိုသူ၏ စိတ်ဖြင့်မျှသည်း ပြစ်မှားခြင်းကို မပြုအပ်၊ အကယ်၍ ပြစ်မှားချေအံ့၊ စိုစွတ်သော လက်ကိုပူလောင်စေသည်မည်၏၊ ဤသည်လျှင် အလ္လပါဏိ ပရိဝဇ္ဇယတရားမည်၏။

(၃) မိတ္တအဒုဗ္ဘိ ဟူသည်ကား ခင်ပွန်းမပြစ်မှားခြင်းတည်း၊ အကြွင်သူသည် အကြွင်သစ်ပင်၏ အရိပ်၌ နေ မူသည်း နေဘူးအံ့၊ အိပ်မူလည်း အိပ်ဘူးအံ့၊ ထိုသစ်ပင်၏ အကိုင်းအခက်ကို မဖျက်မဆီးရာ၊ မချိုးဖဲ့ရာ၊ ထိုသစ်ပင်သည် မိမိ ကိုယ်စိတ်

ချမ်းသာခြင်းကို ဆောင် ပေ သောကြောင့် ခင်ပွန်း ပင် မည်သတည်း၊ ဤသို့ သစ်ပင်ကိုမျှလည်း တနေ့တခဏမျှ တည်နေခိုမှီဘူးပေလျှင် မဖျက်ဆီး မချိုးဖွဲ့ရာ ဖြစ်တုံသေး၏၊ အသက်ရှိသော သတ္တဝါဉ်ကား အဘယ် ဆိုဖွယ်ရှိအံ့နည်း၊ မပြစ်မှားအပ်သည်သာတည်း၊ ပြစ်မှားချေအံ့၊ မိတ္တဒုဗ္ဘိဖြစ်၏၊ ဤသည်လျှင် မိတ္တအဒုဗ္ဘိမည်၏။

(၄) အသတိနံ မာနိဂ္ဂ ဟူသည်ကား ယုတ်မာသော မိန်းမတို့၏အလိုသို့မလိုက်ခြင်းတည်း၊ မိန်းမယုတ်တို့သည်မြေကြီးအတိုင်း အရှည် များစွာသောစည်းစိမ်စွာ အိမ်ထောင်အခမ်းအနား တို့ကို ပေးအပ်နှင်း၍ သိမ်းမြန်း မွေးမြူသော်ငြားလည်း သယောက်လင်စောင် ရအံ့သည့်အခွင့်ထင်လျှင် လင်၏ကျေးဇူးကိုမထောက်၊ အကောက်ကြံ၍ အန္တရာယ်ပြုတတ်၏၊ ထိုသို့ မယုံနှုတ်အပ်သည် စင်စစ် ဖြစ်လျက် နှစ်သက်ဖွယ်သော မာယာဖြင့် များစွာဖျားယောင်းသည်များကို အကောင်းထင်၍ "ငါ့ကိုသာကြင်သည်၊ ငါ့ကိုသာချစ်သည်"-ဟု ရမ္မက်စိတ် ဖုံးလွှမ်းသဖြင့် အခွင့်ကိုမဆင်ခြင်၊ မဘေးဆ၊ မိန်းမအလိုရှိတိုင်း မိန်းမနိုင်ငံသို့ လိုက်၍ မကောင်းမှုကိုမပြုအပ်၊ အကယ်၍မဆင်မခြင် မိန်းမအလိုသို့ ငင်ရာ ပါချေအံ့၊ စီးပွားမထင် ပင်ပန်းကာမျှ ရှိတတ်ချေသည်၊ ဤသည်လျှင် အသတိနံ မာဂ္ဂတရားမည်၏။

## ကတညုတ-ကတဝေဒီ

ကိုယ်မှာပြုဘူး၊ သူ့ကျေးဇူးကို
ထိမ်မြှူးမအပ်၊ တုံ့ပြန်ဆပ်၍
ထွက်နပ်ကောင်းပေ၊ ပစ်မချေနှင့်
သဒသမိယ၊ သုဒဒါသို့
ဒိဋ္ဌကြီးစွာ၊ ပြစ်ရောက်လာလိမ့်။

သမ္မာကျင့်သုံး၊ သူတော့်ထုံးကို
နှလုံးတွင်းမှာ၊ သွင်း သေချာလော့
ဆရာကိုပယ်၊ ကိုယ်ဝယ်လှုံစူး
အထူးမျက်မှောက်၊ မန္တန်ပျောက်နှင့်
အုတ်ကျောက်ခဲဖို့၊ မြေခွဲမျို၍
ဤကိုယ်ဒိဋ္ဌ၊ ဒုက္ခဖြစ်ကြောင်း
သုံးဟောင်းထင်စွာ၊ ကျမ်းဦလာ၏။

မေတ္တာရှေးဦး၊ ပြုပေဘူးကို
ကျေးဇူးသိမှု၊ ကတညုတည့်
ထိုသူထက်ပင်၊ ကျေးဇူးအင်ကို
ထင်ထင်မချွတ်၊ ပြောဆိုတတ်က
သူမြတ်မှန်လှ၊ ကတဝေဒီ
ဟူတုံပြီရှင့်။

လောကီအစု၊ဉာဏ်မြင်နေတို့
သူပြုဒထူး၊သူ့ကျေးဇူးကို
ကြည်နူးဝမ်းမြှောက်၊မခခ က်မရက်
နှစ်သက်အင် ရှဲ၊သိတတ်ခဲ၏။

ဒမြဲမှတ်ရှာ၊ သူမြတ်ဝါဒီ
ထုံဝသီဖြင့်၊ မှန်ညီသစ္စာ
တော်ဖြောင့်စွာလျက်၊ ကတာ-ကထာ
နိုခေသကို၊ သားလုပ္ပကို
မောင်ဉာဏ်ရှိလျှင်၊ မှန်သည့်အပ်စွာ
မချွတ်ရာဘူး။

ယတာနုယာတ၊ကျမ်းပြုအလာ
ပါဠိဂါထာတိုင်း၊ သွားရာလိုက်လျက်
စွတ်လက်မဖုတ်၊ မဖြုတ်ဇိတ်ဆွေ
ကိခလပါပ၊ မိုက်မောဟနှင့်
မိန်းမနိုင်ငံ၊ ဆက်ဆံမလိုက်
လှူဉ်ထင်ရှား၊ ဤလေးပါးကား
ပိုင်းခြားစတု၊ မှတ်ကြောင်းပြုသည့်
သာဓုနရ၊ မြတ်ဓမ္မတည့်၊
စွဲမှတ်စိတ်မှာ၊ မလွှတ်ရာဘူး။

လူ့ရွာ-လူသား၊ လူဖြစ်ငြားလျက်
တရားကင်းစင်၊မတင်အဘူး

ကျေးဇူးမဲ့စွာ၊ ယူမိစွာနှင့်
သစ္စာမရှိ၊ ကတိမတည်
လူဟူသည်ကား၊ သေ့ဖည်ယွင်းကွဲက်
စည်းစိမ်ပျက်၍—
အသက် မရှည်သည်သာတည်း။

## ခေင်ညို

ငါးစီးရှင်ကျော်စွာသည် ပင်လယ်ကို စားသောအခါ "ညီတော်စစ်ကိုင်း အသင်္ခယာ စောယွမ်းကို လုပ်ကြံချေ"ဟု ခေင်ညိုဟူသော ကျွန်ကိုစေ၏။

ခေင်ညိုလည်း စစ်ကိုင်းသို့ ကူးလျက်အရိပ်အခြည်ကြည့်သော် မကြံသာသဖြင့် တောတွင် သုံးရက်တိုင်မျှ ပုန်း၍နေရပြီးမှ လုပ်ကြံမည်ဟု နန်းတော်သို့ တက်၏။

ထိုအခါ စစ်ကိုင်းမင်းသည် မဟာဂီရိနတ်အား ရွှေစလောင်းနှင့် ထမင်းဒမဲသား အပြည့်ထည့်၍ နတ်တင်ထားသည်ကို တွေ့ရသေရာ သုံးရက်တိုင်အောင် ထမင်းမစားရသဖြင့် နတ်တင်သောထမင်းကို စား၏။

စားပြီးလျှင် အတွင်းသို့ ဝင်၍ အသင်္ခယာစောယွမ်း၏ ခေါင်းရင်းတွင် ရပ်လျက် "ဤမင်းသည် ယနေ့လျှင် ငါ၏ ထမင်းရှင် ဖြစ်ခဲ့ပြီ၊ ထမင်းသခင်ကို ပြစ်မှားချေသော် အလွန်လျှင် အပြစ်ဝန်ကြီးလေးလိမ့်မည်၊ လုပ်ကြံသာလျက် မလုပ်ကြံ

ဘဲ လာသည်ဟု ငါ့အရှင် ငါ့ကို သတ်ဖောက် တသက်သာ သေရမည်၊ ထမင်းသခင်ကို 'ပြစ်မှားချေသော်ကား သံသရာဝဲယ် အပါယ်လေးပါး၌ ရှည်လျားစွာ ခံရလိမ့်မည်၊ အပါယ်လေးပါးမှလွတ်၍ လူအဖြစ်ကိုရစေကာမူ ယုတ်မာသောကိုယ် အဖြစ်ဖြင့် ရှိလေရာသည်"ဟု နှလုံးပြု၍ ခေါင်းချင်းတွင်ပင် ချွတ်ဘုံ စွပ်တုံပြုနေ၏။ ထို့နောက် ငါ့ အရှင်က စစ်ကိုင်းမင်းထံသို့ မရောက်ဘဲကို ရောက်သည်ဟု အမိန့်တော် ရှိလျှင် ရောက်ကြောင်းကိုပြရန်" ဟု ခမည်းတော် တစီးရှင်က အသခ်ယာ စောယွမ်းအားပေးသော ပတ္တမြားထားကို ယူ၍ ပြန်ခဲ့၏။

ပင်လယ်သို့ ရောက်လျှင် ငါးစီးရှင်လည်း "ပြီးခဲ့၏လော" ဟု မေး၏။

ခေင်ညိုလည်း မိမိနှလုံးက ရှိခဲ့သည့်အတိုင်း နှားတော် လျှောက်၍ ပတ္တမြားထားကို ဆက်၏။

ငါးစီးရှင်သည်း အမျက်မထွက်ဘဲ "ငါ့ကျွန်သည် ထမင်း တစလောင်းရှင်ကို လျက် သူ့ကျေးဇူးကို သိ၍ ဤသို့သော စကားကို ဆိုသည်၊ ငါ့ နေ့တိုင်း ပပြက် သားမယားနှင့် တကွ ကျေးမွေးသော ကျေးဇူးကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း"ဟု များစွာသော ဘုလပ်စည်းစိမ်ချမ်းသာကို ပေးလေသည်။

# ထောင်ငယ်

သက္ကရာဇ် ၉၆၇ ခုနှစ်တွင် အင်းဝ၌ မဟာဓမ္မရာဇာအမည်ရှိသော အနောက်ဖက်လွန် မင်းတရားကြီးသည် နန်းတက်တော်မူ၏၊ ထိုအခါက ပြည်မြို့တွင် ရန်နိုင်မင်းအုပ်စိုးလျက်ရှိ၏။ ဤ ရန်နိုင်မင်းသည် ဘယဂါမဏိ၏တူ ၁၃ နှစ်သား အရွယ်ဖြစ်သော ထောင်ငယ်ဆိုသူ သူငယ်တယောက်ကို ကောင်းစွာကျွေးမွေးပြုစုထား၏။

အနောက်ဖက်လွန် အင်းဝမင်းသည် ပြည်မြို့ကို သိမ်းယူရန် အကြံနှင့် အပြင်းအထန် လုပ်ကြံလေသော် နောက်ဆုံး၌ မြို့ပေါက်၏။

ပြည်ဘုရင်သည် မြို့ပျက်သော်လည်း အညံ့မခံဘဲ ရာဇပလ္လင်ထက်သို့တက်၍ နန်းမြို့က ခုခံပြန်သောကြောင့် ရန်သူ ရဲမက်တို့သည် နန်းမြို့တွင်းသို့ ဝင်မိမှ ပြည်ဘုရင်၏ မှူးမတ်၊ ရဲမက်စစ်သည် တပ်သားတို့ လက်နက်ချ၍ အညံ့ခံကြ၏။

ထိုအခါ အဘယဂါမဏိ၏တူ အသက် ၁၃ နှစ်ရှိ ထောင်ငယ်သည်ကား အရှင်၏ ကျေးဇူးသစ္စာတရားကို အောက်မေ့ပြီးလျှင် "အသက်ပင်သေသော်လည်း ငါ့အရှင် ရာဇပလ္လင်ရင်းတွင်ပင် သေပစေတော့ ငါ့အရှင်ကို ငါသေမှသာ ထိပါးရမည်" ဟူ၍ ထားတဖက်ဒိုင်းနှင့် ရန်သူ ရဲမက်သားတို့ကို ဆီးကာ ဟန့်တားခုခံလျက်ရှိ၏။

ဦးရီး ဘယဂါမဏိ မြင်လျှင် "ဟယ်ထောင်ငယ် လူပျို လူရွယ် ပီလှပေသည်၊ သို့ရာတွင် မြို့ပျက်၍ တမြို့လုံး သူ့လက်

တွင်းသို့ ရောက်ပြီ၊ တယောက်တည်းသာ ခုခံ၍ ဖြစ်နိုင်မည်လော၊ ထားလက်နက်ကိုချ၍ အညံ့ခံပေတော့” ဟု ဟစ်၍ ဆို၏။

ထိုအခါတွင်မှ “သူ့ဆန်ကို စား၍ ရဲရတော့သည်”ဟု ဆိုလျက် လက်နက်ကိုချ၏။

ယင်းသို့ မြို့ကို ရပြီးနောက် မင်းနှင့်တကွ အလိုရှိသူတို့ကို အင်းဝဘုရင် ယူဆောင်လေသည်တွင် ထေင်ငယ်လည်း သိမ်းယူရာ၌ ပါဝင်၏၊ မိမိအရှင် အပေါ်တွင် ပျက်စီးသည့်တိုင်အောင် ခစားနေပြီးမှ အင်းဝမင်းကြီးက ယုံကြည်သဖြင့် ကောင်းစွာ ချီးမြှောက်၏။

ဤသူငယ်သည် ကျေးဇူး သစ္စာကို စောင့်သိသော လူကောင်း သူကောင်းဟု ယုံကြည်သဖြင့် အင်းဝ နေပြည်တော်သို့ ပြန်ရောက်သောအခါ “ငါ ပြည်မြို့သို့ သွား၍ တိုက်ခိုက်သိမ်းယူသည့်မှာ ရှင်တဆူ့ လူတယောက်သာရသည်”ဟု မိန့်ကြား၏။

ဤတွင် ရှင်တဆူကား တိပိဋကာ လင်္ကာရတံဆိပ် နာမံခံတော်မူသော တောင်ဖီလာ ဆရာတော်ဖြစ်၍ လူတယောက်မှာ ထေင်ငယ်ကို ဆိုလို၏။

အနောက်ဖက်သွန်မင်းကြီး နတ်ရွာစံပြီးနောက် ညီတော်သာလွန်မင်းတရားကြီး လက်ထက်ရောက်သော် ထေင်ငယ်သည် နန္ဒယာဓါဘွဲ့ကို ရပြီးနောက် ဝန်ကြီးပင် ဖြစ်ခဲ့၏၊ သာလွန်မင်းတရားကြီးက “မဟာတရာဇ္ဇာ” ဘွဲ့ကို ပေးသောအခါ

"ဘုရားကျွန်တော်ထက် အမှုထမ်းရင့်မာသူတို့ ဝမ်းနည်းရန်ရှိပါသည်၊ ငယ်မည်နှင့်ပင် အမှုတော်ထမ်းပါမည်"ဟု ပြန်ကြားလျှောက်ကြား၏။

## တရားနာရခြင်း

သင့်တင့်လျောက်ပတ်သော အခါ၌ တရားကို နာခြင်းသည်လည်း မြတ်သော မင်္ဂလာမည်၏။

အခါတပါး မြတ်စွာဘုရားသည် ရှေးဦးစွာ ဘုရားဖြစ်တော်မူပြီးစ ဥရုဝေဠတော နေရဉ္ဇရာမြစ်ကမ်း ဆိတ်ကျောင်းညောင်ပင်ရင်း၌နေတော်မူ၏၊ထိုအခါမြတ်စွာဘုရားသည် ဤသို့အကြံဖြစ်တော်မူ၏။

"ငါသိထားသောဤတရားကား နက်နဲ၏၊ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ ငြိမ်သက်၏၊မွန်မြတ်၏၊တက္ကီပုဂ္ဂိုလ်တို့၏ ကျက်စားရာ မဟုတ်၊ သိမ်မွေ့၏၊ ပညာရှိတို့သာသိနိုင်၏၊ ဤ သတ္တဝါအများကား ကာမဂုဏ်တို့၌ မွေ့လျော်ကုန်၏၊ ကာမဂုဏ်တို့၌ ပျော်ပိုက်ကုန်၏၊ ကာမဂုဏ်တို့၌အလွန်နှစ်ခြိုက်နေကုန်၏၊ ဤသတ္တဝါတို့သည် အကျိုးတရားတို့၏ အကြောင်းဖြစ်သော ဤပဋိစ္စသမုပ္ပါဒ်တရားကို မြင်နိုင်ခဲ၏၊ ပြုပြင်မှု အားလုံးတို့၏ ငြိမ်းရာ ဥပဓိအားလုံးကို စွန့်ပယ်ရာ တဏှာ၏ကုန်ရာ ရာဂ၏ ကင်းရာ ချုပ်ရာ ငြိမ်းရာဖြစ်သော ဤတရားကိုလည်းမြင်နိုင်ခဲ၏၊ ငါသည်တရားကိုဟောပြောအံ့၊သူတပါးတို့သည် ငါ၏တရားကို

မသိနားမလည်နိုင်ရာ၊ သို့ဖြစ်လျှင် ငါ့အားပင်ပန်းရုံသာဖြစ်ရာ၏၊ ငါ့ကိုယ်ငါ ညှဉ်းဆဲရုံသာဖြစ်ရာ၏”

ထို့ပြင် ဤဂါထာတို့သည်လည်း စိတ်၌ ထင်လာပြန်ကုန်၏—

“ငါသည်ခဲယဉ်းစွာကျင့်သဖြင့် သိထားသော တရားကို ယခုအခါ ဟောခြင်းငှာမသင့်လျော်၊ ရာဂ, ဒေါသ, နှိပ်စက်ခံနေရသောသူတို့သည် ဤတရားကို လွယ်ကူစွာ သိနိုင်မည်မဟုတ်၊ အမှောင်ထုဖုံးလွှမ်းလျက် ရာဂ စွဲကပ်နေသောသူတို့သည် သိမ်မွေ့နက်နဲ၍ အနုမြူသဖွယ် မြင်နိုင်ခဲသော အဆန် တရားကို မြင်နိုင်ကြမည်မဟုတ်”

ထိုအခါ မြတ်စွာဘုရား၏စိတ်အကြံကို မိမိစိတ်ဖြင့်သိ၍ သဟမ္ပတိဗြဟ္မာအား ဤသို့ အကြံဖြစ်ပေါ်လာ၏။

“အချင်းတို့ လောကသည် ပျက်စီးတော့မည် တကား၊ မြတ်စွာဘုရား၏စိတ်နှလုံးသည် တရားဟောရန် မညွတ်သေးဘဲ ကြောင့်ကြမဲ့နေရန် ညွတ်တုံဘိ၏”

ထို့နောက် သဟမ္ပတိဗြဟ္မာသည် ဗြဟ္မာ့ဘုံမှ ကွယ်ခဲ့ပြီးလျှင် မြတ်စွာဘုရား ရှေ့တော်၌ ထင်ရှား ပေါ်လာပြီး “မြတ်စွာဘုရား တရားဟောပါလော့၊ မျက်စိ၌ မြူနည်းပါးသော သတ္တဝါများ ရှိကြပါသည်၊ ထိုသူတို့သည် တရားကိုမနာရသောကြောင့် ဆုံးရှုံးနေပါကုန်၏၊ တရားကိုသိသူတို့ ရှိပါလိမ့်မည်”–ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက–“ဗြဟ္မာ လေ့လာပြီးသော တရားမြတ်ကို ပင်ပန်းရုံသာဟု အမှတ်ရှိသည်ဖြစ်၍ လူတို့အား

တရားမဟောခဲ့ခြင်းဖြစ်၏၊ နားနှင့်ပြည့်စုံသူတို့သည် ယုံကြည်ခြင်းကိုစေလွှတ်ကြကုန်လော့၊ ထိုသူတို့အတွက် နိဗ္ဗာန်တံခါးကို ငါဖွင့်ထားပြီ"—ဟု မိန့်ကြား၏။

ထိုအခါ သဟမ္ပတိဗြဟ္မာသည်— "မြတ်စွာဘုရားသည် တရားဟောရန် ငါ့အား ခွင့်ပြုပြီ"—ဟု မြတ်စွာဘုရားကိုရှိခိုးလျက် အရိုအသေပြုပြီးလျှင် ကွယ်သွားလေ၏။

## ရှင်အဿဇိ

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းကို ခံတော်မူ၍ သုံးရက်မြောက်သောနေ့၌ ပဉ္စဝဂ္ဂီတို့တွင် အကြီး ဝင် သော ရှင်အဿဇိသည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်၏၊ ထိုအခါ ရှင်သာရိပုတြာလောင်း ဥပတိဿပရိဗိုဇ်သည် မြို့တွင်းမှဆွမ်းစားပြီး ကျောင်းသို့ပြန်လာသည်နှင့် အခန့်သင့်တွေ့မြင်လေလျှင် ဤသို့အကြံဖြစ်၏—

"ဤအရှင်ကဲ့သို့ယဉ်ကျေးသိမ်မွေ့သော ဣန္ဒြေအမူအရာနှင့် ပြည့်စုံသောရဟန်းကိုငါမမြင်စဖူး ထူးမြတ်တင့်တယ်ပေစွ၊ ဤလောကတွင် ဤအရှင်ကား အမြိုက်တရား၏တည်ရာရဟန္တာသော်လည်းဖြစ်မည်၊ရဟန္တာဖြစ်ကြောင်း အကျင့်ကောင်းနှင့် ပြည့်စုံသောသူလည်း ဖြစ်မည်၊ ဤရဟန်းထံသို့ကပ်၍ ကျင့်အပ်သော စာရိတ္တနည်းဖြင့် ပြသော ဆရာ တို့ကို ငါမေးရသော်ကောင်း၏"။

ထို့နောက်မှ-"ယခုအခါ ရွာတွင်းသို့ ဝင်ဆဲ ဖြစ်ပေသည်၊ မေးမြန်းခြင်းငှာ အခါမဟုတ်သေး၊ သူ့နည်းကို ခံလိုမူ သူ၏ပရိက္ခာကိုပြုပြီးမှ သင့်ချိမ့်မည်"ဟုကြံဆင်ခြင်၍ ရှင်အဿဇိ ကြွသောခရီးဖြင့် မနီးမဝေးလိုက်၏။

ရှင်အဿဇိသည်း ဆွမ်းရပြီးသော် ဆွမ်းစားရန်သင့်တင့်သော စရပ်ဘခုကဲ့သို့ ကပ်၏၊ ထိုအခါ ဥပတိဿပရိဗိုဇ်သည် ပရိဗိုဇ်ဘို့၏ အင်းဖျဉ်ကို ခင်းလျက် ကရားမှရေကိုပေး၍ ဆွမ်းစားခြေ၌ ပြုအပ်သမျှသော အာစရိယဝတ်ကိုပြု၏၊ ဆွမ်းစားပြီးသောအခါ ရှင်ပဝမ်းသာစွာ ပဋိသန္ထာရစကားပြောဟောပြီးမှ-"ငါ့ရှင် သင်၏ဣန္ဒြေအမူအရာတို့သည် လွန်စွာနှစ်သက်ဖွယ်ရှိ၏၊ ဖြူစင်သန့်ရှင်းသော အရေအဆင်းလည်းရှိ၏၊ သင်သည် အဘယ်ကိုရည်မှန်း၍ ရဟန်းပြုသနည်း၊ သင်၏ဆရာကား အဘယ်သူနည်း၊ အဘယ်သူ၏ တရားစကားကို သင်နှစ်သက်သနည်း၊ အဘယ်သူ၏ ဩဝါဒကိုသင်ရဘိသနည်း-"ဟု မေး၏။

ရှင်အဿဇိလည်း-"ငါ့ရှင် ငါကား သာကီဝင်မျိုးမှ ရဟန်းပြုသော ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံသော တဘဂဝါကို ရည်မှန်း၍ ရဟန်းပြုသည်၊ ထိုဘဂဝါသည် ငါ၏ဆရာဖြစ်၏၊ ထိုဘဂဝါ ဟောကြားသော တရားကိုသာ ငါနှစ်သက်၍ မြွက်ကြားသောဩဝါဒစကားကို ခံယူပါသည်"-ဟု ဆို၏။

"ငါ့ရှင် သင်တို့ဆရာဘဂဝါသည် အဘယ်သို့အယူရှိသနည်း၊ အဘယ်သို့သောတရားကိုဟောကြားသနည်း၊ငါ့အား ဟောပါလော့"

"ငါ့ရှင် ငါကား သာသနာ၌ ရဟန်းပြုသည်မှာမကြာသေးပါ၊ နက်နဲသောတရားကို အကျယ်ဟောရန်မစွမ်းနိုင်ပါ၊ စိုးစဉ်းမျှဟောနိုင်ပါသေးသည်"

"ငါ့ရှင် သင်ဟောနိုင်သမျှပင် ငါ့အား ဟောကြားပါ၊ အကျယ်ချဲ့ထွင်ပြီးသိရန်မှာ ငါ၏တာဝန်ရှိပါစေ"

ထိုအခါ ရှင်အဿဇိလည်း ဤသို့ ဟောကြား၏—

ယေ ဓမ္မာ ဟေတုပ္ပဘဝါ
တေသံ ဟေတုံ တထာဂတော၊
အာဟ တေသဉ္စ ယော နိရောဓော
ဧဝံ ဝါဒီ မဟာ သမဏော။

| | |
|---|---|
| **ယေဓမ္မာ** | — အကြင်တရားတို့သည် |
| **ဟေတုပ္ပဘဝါ** | — အကြောင်းဟိတ် သာလျှင် အမွန်အစ ရှိကုန်၏။ |
| **တေသံ** | — ထိုတရားတို့၏ |
| **ဟေတုံ** | — အကြောင်းဟိတ်ကိုလည်း |
| **တထာဂတော** | — တထာဂတ (မြတ်စွာဘုရား) သည် |
| **အာဟ** | — ဟောကြား၏၊ |
| **တေသဉ္စ** | — ထိုတရားတို့၏လည်း |
| **နိရောဓော** | — ချုပ်ရာကို |
| **အာဟ** | — ဟောကြား၏၊ |

**မဟာသမဏော** — မဟာသမဏသည်
**စေ ဝါဒိ** — ဤသို့ အယူရှိ၏။

ဤဂါထာကို ဟော၍ ရှေ့နှစ်ပါဒကို ကြားရလျှင် ဥပတိဿ ပရိဗိုဇ်သည် နည်းတထောင်ဖြင့် တန်ဆာဆင်အပ်သော သောတာပတ္တိ မဂ်သို့ ရောက်၏၊ နောက်နှစ်ပါဒကို ဖလင်္ဘား ဖြစ်မှ နာရသည်၊ ဤဂါထာဆုံးလျှင် သစ္စာလေးအင်ကို မြင်၍- "ငါ့ရှင် သင်၏ တရားဒေသနာကို မပွားပါလင့်လော့၊ ဤမျှတည်းဖြင့် ဆိုင်းသင့်သော အကြောင်းသည် အကျွန်ုပ်၌ ရှိပါသည်၊ သို့ရာတွင် ကျွန်ုပ်တို့၏ ဆရာ မြတ်စွာဘုရား သည် အဘယ်မှာနေပါသနည်း"-ဟုမေး၏။

ရှင်အဿဇိလည်း-"မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ စံနေတော်မူပါသည်" ဟုဆို၏။

"ငါ့ရှင် သွားနှင့်ပါလော့၊ ငါ့မှာ အထက်က ကတိကဝတ် ရှိခဲ့ဘူးသော အဆွေတယောက် ရှိပါသည်။ ထိုသူ့ကို ခေါ်၍ မြတ်စွာ ဘုရား ထံ လာခဲ့ပါမည်"ဟုဆို၏။

ရှင်အဿဇိ ကြွသွားလျှင် ဥပတိဿ ပရိဗိုဇ်လည်း မိမိ နေရာသို့ ပြန်ခဲ့၏။

# ခန္တီ

## ဂါထာ

ခန္တီ စ သောဝစဿတာ
သမဏာနဉ္စ ဒဿနံ၊
ကာလေန ဓမ္မသာကစ္ဆာ
ဧတံ မင်္ဂလ မုတ္တမံ။

## နိဿျ

| | | |
|---|---|---|
| ဒေဝ ပုတ္တ | — | နတ်သား |
| **ယာ** ခန္တီ စ | — | အကြင် သည်းခံခြင်းသည်၎င်း၊ |
| **ယာသောဝစဿတာစ** | — | အကြင် သူတော်ကောင်းတို့ ဆုံးမ စကားကို နာလွယ်သော **သူ၏**အဖြစ်သည်၎င်း၊ |

| | |
|---|---|
| သမဏေန် | — ရဟန်း ပုဏ္ဏားတို့ကို |
| ယံ ဒဿနဉ္စ | — အကြင် ဖူးမြင်ခြင်းသည်ရင်း၊ |
| ကာလေန | — သင့် တင့်လျောက် ပတ်သော အခါ၌ |
| ယာ ဓမ္မသာကစ္ဆာစ | — အကြင် ဘုရားစကားကို ဆွေးနွေး မေးမြန်းခြင်း သည်ရင်း၊ |
| အတ္ထိ | — ရှိ၏၊ |
| ဧတံ | — ဤလေးပါးသော တရားသည် |
| ဥတ္တမံ | — မြတ်သော |
| မင်္ဂလံ | — မင်္ဂလာ မည်၏။ |

## လင်္ကာ

မြရောင် ဂိရိန်၊ မြတ်ဝတိန်သာ
နတ်တို့ရွာက၊ ဣန္ဒာ ဒေဝ
ရာဇ တမန်၊ မောင်နတ်မွန်—

နှုန်းရန် ပုံချီ၊ ပထဝီသည်
မညီ-မညွတ်၊ ယုတ်မြတ်မကောင်း
သွန်းလောင်းလာလည်း၊ ခြင်းရာမခြား
မဖေါက်ပြားသို့၊ တရားခန္တီ
သည်းခံ ဤလော့,

ပါရမီရင့်ညောင်း၊ သူတော်ကောင်းတို့
မကောင်းရှောင်ပြင်၊ ကောင်းရာသင်၍
ယှဉ်ပြိုင်ပြုလတ်၊ စကားမြတ်ကို
စွဲမှတ်ခံနာ၊ တည်စေရာ၏,

သမဏာ-ဗြာဟ္မဏ၊ ဘိက္ခုစသည်
နာမခေါ်ညွှန်း၊ ရဟန်းရသေ့
ဟူသရွေ့ ကိုး၊ ဖူးတွေ့မျှော်ရှု
ကြည်ညိုမှုလည်း၊ တခုမှတ်လေ,

သိစေအခါ၊ ပညာရှိထံ
တရားသံကို၊ နာခံဆွေးနွေး
မေးမြန်းပြောဟော၊ နှီးနှောကုန်ရာ—

အင်္ဂါပိုင်းခြား၊ ဤလေးပါးကို
ယုံမှားကင်းလွှတ်၊ စိတ်နေညွှတ်လျက်
လွန်မြတ်လှစွာ၊ မင်္ဂလာဟု
သဒ္ဒါကဲလွန်၊ နတ်တမန်သည်
မှန်မှန်စွဲမှတ်-ပါလေလော့ဝ်။

# သည်းခံခြင်း

၁

သည်းခံခြင်းသည်လည်း မြတ်သော မင်္ဂလာမည်၏။

ရဟန်းတို့ သည်းခံခြင်းဟူသည် အဘယ်နည်း—

ရဟန်းတို့ ဤလောက၌ အချို့သောသူသည် ဆဲရေးသူကို ပြန်၍မဆဲရေး၊ ထိပါးသူကိုပြန်၍မထိပါး၊ ပုတ်ခတ်သူကို ပြန်၍မပုတ်ခတ်။

ရဟန်းတို့ ဤအကျင့်ကို သည်းခံခြင်းဟူသောအကျင့်ဟု ဆိုအပ်၏။

၂

ရဟန်းတို့ သည်းခံခြင်းဟူသော အကျင့်ဟူသည် အဘယ်နည်း။

ရဟန်းတို့ ဤလောက၌ အချို့သောသူသည် အချမ်း, အပူ, ဆာလောင်ခြင်း, မွတ်သိပ်ခြင်း, မှက်, ခြင်, လေ, နေပူ, မြွေ, ကင်း, သန်းတို့၏ ကိုက်ခဲခြင်းအတွေ့တို့ကိုရင်း၊ မကောင်းသဖြင့် ဆိုအပ်, မကောင်းသဖြင့် ရောက်လာအပ်သောစကားတို့ကိုရင်း– သည်းခံနိုင်၏၊ ကိုယ်၌ဖြစ်သော ပြင်းထန်ကြမ်းကြုတ် စပ်ရှားကျင်နာ မသာယာဖွယ် မနှစ်သက်ဖွယ်ဖြစ်သော သေလောက်သောဆင်းရဲဝေဒနာတို့ကို သည်းခံနိုင်သော သဘောရှိ၏။

ရဟန်းတို့ ဤအကျင့်ကို သည်းခံခြင်းဟူသော အကျင့်ဟု ဆိုအပ်၏။

၃

"ထိုသူမိုက်အား အကယ်၍ မတားမြစ်သည် ဖြစ်ပါမူ သူမိုက်တို့သည် လွန်စွာချွတ်ယွင်း ပျက်စီးကုန်ရာ၏၊ ထို့ကြောင့် ပညာရှိသည် ပြင်းစွာသော ဒဏ်ဖြင့်သာ သူမိုက်ကို နှိပ်ကွပ်တားမြစ်ရာ၏-' ဟု ဝေပစိတ္တိအသုရိန်က ဆို၏။

"အကြင်သူသည် သူတပါးအမျက်ထွက်သည်ကို သိပြီး၍ သတိနှင့်ပြည့်စုံလျက်ငြိမ်းအေး၏၊ ထိုသူ၏ ဤသို့ငြိမ်းအေးခြင်းကို သာလျှင် သူမိုက်အားတားမြစ်နိုင်၏ဟု ငါထင်၏"—ဟု သိကြားမင်းက ဆို၏။

"အကြင်အခါ မိုက်သောသူသည် ထိုသည်းခံသောသူကို ဤသူကား ငါ့အားကြောက်သောကြောင့်သည်းခံ၏ဟု ယူဆ၏၊ ထိုအခါ ပြေးသောနွားကို နွားအပေါင်းသည် လွန်စွာ လွှ[illegible] သကဲ့သို့ ပညာမဲ့သူသည် အလွန်လွှမ်းမိုး၏ဟု သည်းခံခြင်း၌ ဤအပြစ်ကိုသာ ငါမြင်၏"ဟု ဝေပစိတ္တိအသုရိန်ကဆို၏။

"ဤသူကား ငါ့အား ကြောက်သောကြောင့် သာ သည်းခံ၏ဟု အကယ်၍ယူဆသည်မူလည်းဖြစ်စေ၊ မယူဆသည် မူလည်း ဖြစ်စေ၊ အကျိုးတို့သည် မိမိအကျိုးလျှင် အမွန်အမြတ် ရှိကုန်၏၊ သည်းခံခြင်းထက် လွန်ကဲသောအကျိုးကား မရှိ'

'အကြင်သူသည် စင်စစ်ခွန်အားရှိသူဖြစ်လျက် ခွန်အား နည်းသူအားသည်းခံ၏၊ ထိုသူ၏သည်းခံခြင်းကိုသာ မြတ်သော သည်းခံခြင်းဟုဆိုကုန်၏၊ ခွန်အားနည်းသူသည်ကား အမြဲ သည်းခံနေရ၏။'

အကြင်သူအား လူမိုက်၏အားဟူသော အားရှိ၏၊ ထို လူမိုက်၏ အားကို အားမဟုတ်ဟု ပညာရှိတို့ ဆိုကုန်၏၊ အားရှိ၍ တရားကိုစောင့်သောသူအားတုံ့ပြန်ပြောဆိုလေ့မရှိ။

အကြင်သူသည် အမျက်ထွက်သူကိုပြန်၍အမျက်ထွက်၏၊ ထိုသူအားသာလျှင် ထိုအမျက် ထွက် မှုကြောင့် အလွန်ယုတ်မာ၏၊ အမျက်ထွက်သူကို အမျက်ပြန်၍မထွက်သူသည် အောင်နိုင်ခဲသောစစ်ကို အောင်နိုင်၏။

အကြင်ယူသည် သူတပါး အမျက် ထွက်သည်ကို သိ၍ သတိနှင့်ပြည့်စုံလျက် ငြိမ်းအေး၏၊ ထိုသူသည် မိမိ သူတပါး နှစ်ပါးလုံးတို့၏ အကျိုးစီးပွားကို ကျင့်သည် မည်၏။

အကြင်သူတို့သည် တရား၌ မလိမ္မာကုန်၊ ထိုသူတို့သည် မိမိ သူတပါးတို့ နှစ်ဦးစုံတို့၏အကျိုးကို ပြီးစေသူကိုသူမိုက်ဟူ၍ ယူဆကြ၏-’’ဟု သိကြားမင်းက ဆို၏။

၄

“ယောကျ်ားသည် အကျိုး ကိစ္စ ပြီးသည် တိုင်အောင် အားထုတ်အပ်သည်သာလျှင်တည်း၊ အကျိုးကိစ္စ ပြီးမြောက်မှ သာလျှင်တင့်တယ်၏’’—ဟုဝေရောစနအသုရိန်ကဆို၏။

“ယောကျ်ားသည် အကျိုးကိစ္စ ပြီး သည် တိုင်အောင် အားထုတ်အပ်သည်သာလျှင်တည်း၊ အကျိုး ကိစ္စ ပြီး မြောက်မှ သာလျှင်တင့်တယ်၏ သည်းခံခြင်းထက်လွန်ကဲသောအကျိုး ကား မရှိ’’—ဟု သိကြားမင်းကဆို၏။

"အလုံးစုံသော သတ္တဝါတို့သည် ထိုထိုအရပ်၌ ထိုက်သည်အားလျော်စွာ အကျိုးကိစ္စဖြစ်ကုန်၏၊ အလုံးစုံသောသတ္တဝါတို့အား သုံးဆောင် ဖွယ် ဝတ္ထုတို့သည် ကောင်းစွာစီရင်ရခြင်းသာလျှင်အမှန်အမြတ်ရှိ၏၊ အကျိုးကိစ္စသည် ပြီးမြောက်မှသာလျှင် တင့်တယ်၏" ဟုဝေရောစနအသုရိန်ကဆို၏။

"အလုံးစုံသောသတ္တဝါတို့သည် ထိုထိုအရပ်၌ ထိုက်သည်အားလျော်စွာ အကျိုးကိစ္စဖြစ်ကုန်၏၊ အလုံးစုံသော သတ္တဝါတို့အား သုံးဆောင်ဖွယ်ဝတ္ထုတို့သည် ကောင်းစွာ စီရင်ရခြင်းသာလျှင် အမှန်အမြတ်ရှိ၏၊အကျိုးကိစ္စသည် ပြီးမြောက်မှသာလျှင် တင့်တယ်၏၊ သည်းခံခြင်းထက် လွန်ကဲသောတရားကား မရှိ—" ဟု သိကြားမင်းက ဆို၏။

( ၅ )

မြေကြီး မည်သည်ကား စင်ကြယ်သော ဝတ္ထုကိုရင်း၊ မစင်ကြယ်သော ဝတ္ထုကိုရင်း၊ အလုံးစုံစွန့်ပစ်ခြင်းကို သည်းခံနိုင်၏၊ မုန်းခြင်း-ချစ်ခြင်းကို မပြုသကဲ့သို့ ထို့အတူ သာလျှင်သင်လည်း သူခပ်သိမ်းတို့၏ ညီညွတ်သော အာရုံမညီညွတ်သော အာရုံ၌ သည်းခံသည်ဖြစ်၍ ခန္တီပါရမီကို ဖြည့်၍ သမ္ဗောဓိ အဖြစ်သို့ရောက်လိမ့်မည်" ဟု သုမေဓာ ရှင်ရသေ့သည် မိမိကိုယ်ကိုမိမိဆုံးမ၏။

## ခန္တီ

ပမာတသီး၊ နည်းဖြင့် မှီးလည်း
မြေကြီးခြင်းရာ၊ မေ့မှတာကား
မာလာကျုံကျူ၊ စသည်စု၍
စတုဇာတိ၊ နက်ကျိုလေးမည့်
နှံ့သာရည်ဖြင့်၊ အကြည်ပွတ်ကျ
မံသော်လည်းကောင်း။

အဲမောင်းစူးလှုံ၊ အလုံရာထောင်
တိုင်အောင်ကျယ်ဝ၊ တူးဆိတ်ဆွလျက်
တလ္လရိရည်၊ သရေ့ာ်နိုဖြင့်
ပုပ်ပြည်ရေ့ညွန်၊ သွန်သော်လည်းကောင်း။
မခြောင်းမျက်မာန်၊ မွန်-မမွန်ဟု
အန်တန်လည်းဟူ၊ အောင့်ကျင့်မူဖြင့်
ငြူစူခြင်းရာ၊ မရှိပါတည့်။

ခံသာသမှို၊ မြေကဲ့သို့လျှင်
ကိုယ်ဘို့တိုင်းရှဲ့၊ မငဲ့သူ့အား
စီးပွါးတွင်ကျယ်၊ ဖြစ်စိမ့်ရှယ်လျက်
တာဘွယ်နောက်ငင်၊ ရှိသောရှင်သည်
နင်သင်စသား၊ နှိမ့်ချဆိုလေ
နူတ်ခချေကို၊ နေ့ရေ အမောင်
သည်းခံရှောင်၍—
ပြည်ခေါင်တိုင်ဆု–ပြီစေလေသေး။

# ရှင်ပုဏ္ဏ

ရှင်ပုဏ္ဏသည် သုနာပရန္တတိုင်းသို့ သွားမည့်အခါ မြတ်စွာဘုရားက "ပုဏ္ဏသုနာပရန္တ တိုင်းသားတို့သည် ကြမ်းကြုတ်ခတ်ထန်ကုန်၏၊ ထိုသူတို့ အကယ်၍ သင့်ကို ဆဲရေးခြိမ်းခြောက်ကြလျှင် သင့်အား အဘယ်သို့ ဖြစ်မည်နည်း"ဟု မေး၏။

"မြတ်စွာဘုရား သုနာပရန္တတိုင်းသားတို့သည် အလွန်တော်ကြလေစွ၊ ထိုသူတို့သည် ငါ့အားလက်ဖြင့် မပုတ်ခတ်ကြသေးပါဟု ဖြစ်ပါမည်"ဟု လျှောက်၏။

"အကယ်၍ ထိုသူတို့သည် လက်ဖြင့် ပုတ်ခတ်ကုန်အံ့"

"ထိုသူတို့သည် အလွန်တော်ကြလေစွ၊ ငါ့အား ခဲဖြင့် မပေါက်ကြသေးပါ"

"အကယ်၍ ခဲဖြင့် ပေါက်ကုန်အံ့"

"ထိုသူတို့သည် အလွန်တော်ကြလေစွ ငါ့အားတုတ်ဖြင့် မရိုက်ကြသေးပါ"

"အကယ်၍ တုတ်ဖြင့် ရိုက်ကုန်အံ့"

"ထိုသူတို့သည် အလွန်တော်ကြလေစွ၊ ငါ့အား ဓါးဖြင့် မခုတ်ကြသေးပါ"

"အကယ်၍ ဓါးဖြင့် ခုတ်ကုန်အံ့"

"ထိုသူတို့သည် အလွန်တော်ကြလေစွ၊ ငါ့အား အသေမသတ်ကြသေးပါ"

"အကယ်၍ အသေသတ်ကုန်အံ့"

"ကိုယ်အသက်၌ ငြိးငွေ့ရှိ ရှာ စက်ဆုပ်သည်ဖြစ်၍သော စေနိုင်မည့် လက်နက်ကို ရှာဖွေနေကြသော မြတ်စွာဘုရား၏ တပည့်များ ရှိကြသေး၏၊ ထိုလက်နက်ကို ငါမရှာဖွေဘဲရပေပြီ ဟု ဤသို့ အသေသတ်ရာ၌ အကျဉ်းပ်အား ဤသို့ ဖြစ်ပါမည်"

"ပုဏ္ဏကောင်းပေစွ ကောင်းပေစွ၊ သင်သည် ဤသည်း ခံခြင်းဟူသော ယဉ်ကျေး ညင်သာခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ သုနာပရန္တ၌ နေရန် စွမ်းနိုင်လိမ့်မည်၊ ပုဏ္ဏ ယခုအခါ၌ သွား ရန် အချိန်ကို သင်သိ၏၊ သွားရန်မှာ သင်၏ အလိုအတိုင်းပင် ဖြစ်၏"

## ငါးစီးရှင်

ငါးစီးရှင်မင်းကြီးသည် ညောင်ရမ်း စောမွန်နစ်ရမည်း သင်းစား သီဟပတေ့မှစ၍ မင်းရှစ်ဦးတို့ကို ရွှေတော်ဝယ် ခစားသောအခါ ငါးစီးရှင်ကိုယ်တိုင် ရွှေဖလားတွင်ဖက်ဝန်းလိုး ၍ ထည့်ပြီးသော် နေ့ဘိုင်း လက်ဖက်တည်လေ့ရှိ၏။

တရံသောအခါ ငါးစီးရှင် သတိမေ့လျော့၍ ရမည်း သင်းစား သီဟပတေ့အတွက် လက်ဖက်ကို ဖက်ဝန်းမအုပ်မိ၊ သုံးရက်တိုင်ရှိ၏။

သီဟပတေ့လည်း စောမွန်နစ်အားတည်သောလက်ဖက် ကိုသာ စား၏။

စောမွန်နစ်လည်း "အဘယ်ကြောင့် သင့်အား တည်

သော လက်ဖက်ကို မစား၊ ငါ့အား တည်သော လက်ဖက်ကို စားသနည်း''ဟု မေး၏။

ထိုအခါ သီဟပတေ့က''အခြားသူများကိုကား ဖက်ဝန်းအုပ်သည် ငါ့ကိုကား မအုပ်ဘဲပြုသည်၊ ငါသည် တိုက်ဆင်ခြောက်ဆယ်, မြင်းခြောက်ဆယ်, ဗိုလ်တသောင်းရှင် ဖြစ်သည် ဆင်ဖြူငါးစီးရှင်က ငါ့ကိုပွဲအလယ်မှာ အရှက်တကွဲပြုလေသည်။ သူတကာတို့ ကျေးဇူးကို အထူးသိဘတ်သည်ဟုပြုလျက်ငါ့ကျေးဇူးကိုမသိလေသောကြောင့်ခြားနား၍ နေတော့မည်''ဟုဆို၏။

စောမွန်နှစ်လည်း ''ဘဝရှင်ကို စုံစမ်းပါဦးမည်၊ အလျှင်မလိုပါနှင့်ဦး''ဟု ဆို၏။

ညောင်ရမ်းစောမွန်နှစ်လည်း နန်းတော်သို့ သွား၍ ဤအကြောင်းကို လျှောက်၏။

ငါးစီးရှင်လည်း''သတိမေ့လျော့၍ မအုပ်မိရှိလေသည်၊ ရမည်းသင်းစား သီဟပတေ့ငယ် ကြံလေငြားသော်လည်း ငါ ဆင်ဖြူရှင်ကို ကြံနိုင်မည်မဟုတ်၊ ငါ၏ ဘုန်းလက်ရုံး ပညာကို မသိ၍သာ ဆိုမိလေသည် ဖြစ်မည်၊ ထိုသို့ ကြံမှားသော်လည်း ငါသို့သော အရည်အသွေးနှင့်ပြည့်စုံသော မင်းသည် အသိမ်းအမြန်းမတတ်သောကြောင့် ကျေးကျွန်ငယ်များ ရှုံငဲ့ပြုရလေသည်ဟု သူတကာတို့ အပြစ်တင်ဖွယ်ရှိတော့သည်''ဟု ဆို၏။

ထိုနောက် သီဟပတေ့ကို ခေါ်တော်မူလျက် ''ငါမေ့လျော့သောကြောင့် ဖက်ဝန်း မအုပ်မိရှိသည်၊ အကို့ အပြစ်ကို ငါသည်းခံတော့သည်''ဟု အုန်းပေါင်း မြင်းနက်ကျော် တစီးကို လက်ဖွဲ့တော်မူ၏။

# သတိုးမင်းဖျား

၇၂၆ ခုနှစ်တွင် အင်းဝပြည်ကို တည်ထောင်သော သတိုးမင်းဖျားလက်ထက် စစ်ကိုင်း ခရဝန်း၌ သူခိုးတောက်ပြား ဟူ၍ရှိ၏၊ ထိုသူခိုးကြီးသည် ညဉ့်အခါ စစ်ကိုင်းဖက်မှလှေဖြင့် ကူးလျက် အင်းဝမြို့ မီးသွေးတိုက် တံခါးကဝင်ပြီး မှူးမတ် သူဌေး သူကြွယ်တို့၏ အိမ်များမှ ပစ္စည်းဥစ္စာကိုသာ ခိုးယူ၏၊ သို့သော်သည်း ဘာ့ဘင့်ရှိသာယူလေ့ရှိ၏၊ မှူးမတ်စသူတို့ ဖမ်းသော်သည်း မမိနိုင်။

တနေ့သော် သူခိုးတောက်ပြားက-“ငါ့ကိုသတိုးမင်းဖျားသာလျှင်သတ်ရအံ့၊ ဖရသော်ကား အဘယ်သူနှင့်အံ့နည်း”—ဟု ကြုံးဝါး၏။

ထိုစကားကို သတိုးမင်းဖျားကြားသော် ဥပါယ် တမျဉ် ဖြင့်ဖမ်းအံ့ဟု ညဉ့်အခါ နန်းတော်ကဆင်းခဲ့၍ သူခိုးယောင် ဆောင်ပြီးလျှင် မီးသွေးတိုက်တံခါးမှထွက်လျက် ရေဝတီမြစ် ဆိပ်က တောက်ပြားလာချိန်ကိုစောင့်နေ၏။

တောက်ပြားသည်း လာနေကျအတိုင်း လာ၍ မီးသွေး တိုက်ဆိပ်နာသို့ ရောက်သော် လှေပေါ်ကနေလျက်- “ဟေ့ ကုန်းပေါ်က ဘယ်သူလဲ-”ဟု မေး၏။

“ငါ ညဉ့်လူဟေ့”—ဟုသတိုးမင်းဖျားက ပြန်ကြား၏။

တောက်ပြား ကုန်းပေါ်သို့ တက်မိလျှင် “ဆရာကြီးနှင့် အတူလိုက်လိုပါ၍ စောင့်နေပါသည်”ဟုဆိုသောအခါ တောက် ပြားလည်း အလွန်သဘောကျ၍ နှစ်ယောက်အတူ မြို့တွင်းသို့

ဝင်၍၊ မှူးတော် မတ်တော်တို့အိမ်များ၌ ပုတီး ,နားတောင်း, လက်ကောက်, လက်စွပ် စသည်တို့ကို ခိုးယူပြီး မီးသွေးတိုက်သို့ ပြန်ခဲ့ကြ၏။

ထိုအခါ တေက်ပြားလည်း အရက် သောက် လို သည် ဖြစ်၍ သတိုးမင်းဖျားက အလွန်မူးယစ်အောင်တိုက်၏၊ မူးယစ်လှ၍ လည်းသောအခါ ခြေကျဉ်းခတ်၍ မီးသွေးတိုက်၌ သော့ခတ်ပြီးထားခဲ့၏။

နံနက်မိုးသောက် အလင်းသို့ရောက်သောအခါ မှူးမတ်တို့ ပစ္စည်းပျောက်သည် ဟု အုတ်အုတ်ကျက်ကျက်ဖြစ်နေကြ၏။

သတိုးမင်း များလည်း မှူးမတ်တို့၏ လက်စွပ် စသည်တို့ ဝတ်ဆင်၍ ညီလာခံနှင့်၏။

မှူးမတ်တို့လည်း မိမိတို့လက်စွပ်ဟု သိကြသော်လည်း ဘုရင်ဖြစ်၍ မစွပ်စွဲဝန့်၊ တူသည်ဟူ၍သာ လျှောက်ကြ၏။

သတိုးမင်းဖျားလည်း—"နင် တို့ သူခိုး တေက်ပြားကိုမှ မိအောင်မဖမ်းနိုင်၊ ညဉ့်က ငါဖမ်း၍မိပြီ၊ မီးသွေးတိုက်တွင် ယူချေ"—ဟု ဆိုလိုက်၏။

ရှေ့တော်သို့ တေက်ပြားရောက်သော် မင်းကြီးလည်း "နင့်ကိုငါမိပြီ၊ ရဲဘင်း,ပုဆိန်,ဓား,လှံ,တံကျင်တို့တွင် အဘယ်ကို အလိုရှိသနည်း"ဟု မေး၏။

တေက်ပြားလည်း "အရှင်မင်းကြီး အကျွန်ုပ်ကို မိပြီဖြစ်သည်၊ အလိုရှိသလို သတ်တော်မူလော့၊ အကျွန်ုပ်အလိုကို လျှောက်ရမည်ဆိုသော် အရှင်မင်းကြီး၏မိဖုရားစောဥမ္မာကိုအလိုရှိ၏"—ရဲဝန့်ကြည်ရွှင်စွာ လျှောက်ကြား၏။

မင်းကြီးလည်း တစိုးတစိမျှ အမျက်တော်မရှိဘဲ "ငါသို့သောမင်းကိုစင်လျက်ဤသို့သောစကားကိုဆိုဝန့်သည်၊အကျိုးမဲ့ မသေစေကောင်း၊ နောက်နောင်တိုက်ပွဲရှိသောအခါအမှုတော်ကို ထမ်းစေမည်"-ဟုသူကောင်းပြုထား၏။

## အဆုံး-အမ

သူတော်ကောင်းတို့ ဆုံးစကားကို နာလွယ်သူ၏အဖြစ်သည်ကား မြတ်သောမင်္ဂလာမည်၏။

"အကြင်သူသည် နူးညံ့သော အစီး အပွားကို အလိုရှိသော ဝိဟိတ်ကိုဆုံးမလျက် အကျိုးစီးပွားကို အလိုရှိသောအကျိုးစီးပွားဖြင့် စောင်ရှောက်တတ်သော သူ၏အဆုံးအမကို နားမထောင်၊ ထိုသူသည် ခို၏စကားကို နားမထောင်၍ ရန်သူ၏လက်သို့ ရောက်သောကျီးကဲ့သို့ စိုးရိမ်လျက် အိပ်ရ၏"

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသော်သော် ဘုရားလောင်းသည်ခိုအမျိုး၌ဖြစ်၏၊

ထိုအခါ ဗာရာဏသီပြည်၌ နေသူတို့သည် ထိုထိုအရပ်၌ ကျေးငှက်တို့ ချမ်းသာစွာနေရန်အတွက် တောင်းကြီးတို့ကိုဆွဲထားကြ၏၊ဗာရာဏသီသူဌေး၏ထမင်းချက်သည် မိမိ စဖိုအိမ်၌ တောင်းကြီးတလုံးဆွဲထားရာ ဘုရားလောင်းခိုသည်ထိုတောင်း၌ နေ၏။

ဘုရားလောင်းခိုသည် စောစောကလျှင် ထွက်၍ ကျက်စားရာအရပ်၌ ကျက်စား၍ ညအခါ လာ၍ ထိုတောင်း၌ နေလျက် ကာလကို ကုန်စေ၏။

ထိုအခါ တနေ့သ၌ ကျီးတကောင်သည် စဖိုအိမ်၏ အထက်ဖြင့် သွားသည်ရှိသော် အချို အချဉ် အမဲ သားငါး တို့၏ အမွှေး အကြိုင် အဆောက်အဦးတို့ဖြင့် ထုံအပ်သော အနံ့ နံ၍ ဘယ်သူ့ကို မှီပြီး ဤအမဲကို ရအံ့နည်းဟု စုံစမ်းသော် ခိုကို မြင်၏။

နောက်တနေ့တွင် စောစောလာ၍ ခိုထွက်ပြီး ကျက်စားရန် သွားသောအခါ နောက်မှလိုက်၏၊ထိုအခါ ခိုက "အဆွေ သင်သည် အဘယ်ကြောင့် ငါတို့နှင့်တကွ ကျက်စားသနည်း" ဟု မေး၏။

"အရှင် အရှင်၏ အမှုအရာကို အကျွန်ုပ် နှစ်သက်၏၊ ဤနေ့မှ စ၍ အရှင်တို့ကို အကျွန်ုပ်သည် ခစားအံ့" ဟု ပြန်ကြား၏။

"အဆွေ သင်တို့၏ အစာမှာ တပါးဖြစ်၏၊ ငါတို့၏ အစာမှာ တခြားဖြစ်၏၊ သင်တို့နှင့် ငါတို့မှာ အစာခြင်း မတူပါ"

"အရှင် အရှင်တို့ အစာယူသောအခါ အကျွန်ုပ်သည်း အစားကိုယူ၍ အရှင်တို့နှင့် အတူ လိုက်ပါမည်"

"သို့ဖြစ်လျှင် ကောင်းပါပြီ၊ စင်စစ် သင်သည် မခေ့လျော့သည် ဖြစ်ရာ၏"

ယင်းသို့လျှင် ခိုသည် ကျီးကို ဆုံးမ၍ အစာရှာလျက် မြက်စေ့စသည်တို့ကို စား၏၊ ထိုအခါ ကျီးသည်လာ၍ နွား

ချေးဆိုင်ကို ပယ်၍ ပိုးတို့ကို စား၏၊ မကြာမီ ကျီးက “အရှင် အရှင်တို့သည် အခါလေးမြင့် ကျက်စားကုန်၏၊ အလွန် အစား ကြူးရန် မသင့်”ဟု သတိပေး၏။

ခိုသည်အစာကိုယူ၍ ညအခါလာသည်ရှိသော်ကျီးလည်း ခိုနှင့်အတူလိုက်၍ စဖိုအိမ်သို့ ဝင်၏၊ ထမင်းချက်သည် ငါတို့ ခိုသည်အဖော်ခေါ်လာသည်ဟု ကျီးသို့လည်း တောင်းတလုံးဆွဲ ပေး၏၊ ထိုနေ့မှစ၍ သတ္တဝါနှစ်ဦးတို့ နေကြ၏။

တနေ့တွင် သူဌေးအား အမဲများစွာ ဆောင်ကုန်၏၊ ထိုအမဲတို့ကို ယူ၍ ထမင်းချက်သည် စဖိုအိမ် ထိုထိုအရပ်၌ ဆွဲ၏၊ ကျီးသည် အမဲတို့ကို မြင်၍ ညဉ့်အခါ ညည်းညူလျက် အိပ်၏၊ နံနက် မိုးသောက်သော် ကျက်စားရန် ခိုက “အဆွေကျီး လာ လော့”ဟု ခေါ်၏။

ကိုအခါ ကျီးက “အရှင်တို့သွားကုန်လော့၊ အကျွန်ုပ် အား ဝမ်းအနာသည် ရှိ၏”ဟု ဆို၏။

“အဆွေကျီးတို့အား ဝမ်းအနာမည်သည် တရံတဆစ် မျှ မဖြစ်စဘူး၊ ညဉ့်သုံးယံတို့တွင် တပါးပါးသောယံ၌ အစာ ကြေကုန်၏၊ ဆီမီးစာကို မျိုသောအခါ၌ကား ကျီးတို့အား တခဏမျှ ချောင့်ရဲခြင်းဖြစ်၏၊ သင်သည် ဤအမဲတို့ကို စားလို သည်ဖြစ်လိမ့်မည်၊ လူတို့အသုံးအဆောင်ကို သင်တို့ သုံးဆောင် ရန်ခက်၏၊ သင်သည် ဤသို့သော အမှုကို မပြုနှင့် ငါနှင့်အတူ ကျက်စားရန် လိုက်ခဲ့လော့”

“အရှင် ငါသည် မတတ်နိုင်ပါ”

“ထိုသို့ တပြီးကား မိမိအမှုဖြင့်ထင်လိမ့်မည်၊ လောဘ၏

အလိုသို့ မလိုက်မူ၍ မမေ့ မလျော့ နေရစ်လော့''ဟု ဆုံးမ၍ ခိုသည် ကျက်စားရန်သွား၏။

ထမင်းချက်သည် အထူးထူး အပြားပြားသော အမဲတို့ကို ပြည့်စုံစေ၍ အငွေ့ထွက်စိမ့်သောငှါ အိုးတို့ကို အတန်ငယ်ဖွင့်၍ စဖိုအိမ်ပျဉ်ထက်၌ ထားပြီး အပသို့ ထွက်ကာ ချွေးသုတ်လျက် ရပ်နေ၏။

ထိုခဏ၌ ကျီးသည် တောင်းမှ ဦးခေါင်းထွက်၍ စဖိုအိမ်ကိုကြည့်ရာထမင်းချက် အပြင်ထွက်နေခြင်းကိုသိ၍ တောင်းမှ ပျံ၍ စဖိုအိမ်၌ နား၏၊ ထို့နောက် စဖိုအိမ်၌ ကရိဟူသော အသံကို ပြု၏။

ထိုအခါ ထမင်းချက်သည် တံခါးကိုပိတ်၍ ကျီးကိုဖမ်းကာ တကိုယ်လုံး အမွေးအတောင်တို့ကို နုတ်ပြီး တောင်ထဲ ပစ်သွင်းထားလိုက်၏၊ ကျီးသည် ဝေဒနာသည်းစွာ နှိပ်စက်သဖြင့် ညည်းညူလျက်အိပ်၏။

## ဝန်ခံနိုင်သူ

လွန်လေပြီးသောအခါ အင်းဒပြည်၌ ဘုရင်မင်းခေါင်မင်းပြု၏၊ ထိုအခါ ထိုမင်း၏ ပညာရှိ အမတ်ကြီး ဖိုးရာဇာသည် ဟံသာဝတီပြည်သို့ ချစ်ကြည်ရေးအတွက် ရာဇသံအဖြစ်သွား၏၊ ထိုအခါ ဖိုးရာဇာသည် မွန်ပညာရှိ အမတ်ကြီး သိဘာ

ယတော နှင့် သစ်ကညင်အရပ်၌ ဆွေးနွေးရန် တွေ့ဆုံ၏၊ ပညာရှိ နှစ်ဦး တို့၏ စကားကို နားခံမှတ်သားရန် လူအများလာကြ၏။

ပညာရှိနှစ်ဦး ဆုံမိသော အခါက သီဟပတေ ကအသက်ငယ်သောကြောင့် နိမ့်ရာ၌ နေပြီးလျှင် ဆောင်ယူလာသော ကြံဖြူကို ကိုယ်တိုင် ဖိုးရာဇာ၏ လက်သို့ ကပ်၍ "အရှင်မင်းရာဇာ လောကတွင် (၁)သမီးရတနာ (၂) ကြံ (၃) ပညာရှိ သူတော်ကောင်းတို့၏ စကား— ဤသုံးပါးသည် အတုမရှိသောအရသာ သုံးပါးဟု ပညာရှိတို့ ဆိုကြပါသည်၊ ထိုသုံးပါးတွင် တပါး အပါအဝင်ဖြစ်သော ကြံကို အလွန် သုံးဆောင်စေလိုသော ကြောင့် ဆက်ပါသည်" ဟု ဆို၏။

ဖိုးရာဇာလည်း "အစား အသောက် ပေးဆက်သည်ကို ပယ်လျှင် မင်္ဂလာမရှိ၊ မပယ်အပ်ကြောင်း" ကို သတိပြု၍ စား၏၊ စားရာ၌လည်း တရွေ့ရွေ့ အရသာခံစားရန် နိတိ ကျမ်းကိုအမှီ ပြုလျက် အဖျားက စ၍ စား၏။

ယင်းသို့စားသည်ကို သီဟပတေ မြင်လျှင် "အရှင်မင်းရာဇာအတုမရှိသော ပညာရှိ ဖြစ်ပါလျက် အဘယ်ကြောင့် ကြံကို အဖျားကစ၍ စားဘိသနည်း" ဟုမေး၏။

မင်းရာဇာလည်း "ငါသည်နီတိကျမ်းကို မှီလျက် တရွေ့ရွေ့ အရသာတိုး၍-တိုး၍ ခံစားလိုသောကြောင့် စားပေသည်" ဟုဖြေ၏။

"မင်းရာဇာမြတ်စွာဘုရား တရားတော်အရ ကွေးသော လက်မဆန့်ခင်, ဆန့်သောလက်မကွေးခင်, အနိစ္စဖြစ်ဘတ်စွာ၏၊

အရသာ အကောင်းတည်ရာ အရင်းသို့ မရောက်မီ အနိစ္စဖြစ်ဘိမှု ကားအရသာကိုမခံစားရဘဲ မရှိတုံလော”

“သီဟပတေ့ ငါကားနိတိကျမ်းမျှကို မှီ၍စားသည်၊သင်ကားမြတ်စွာ ဘုရား တရား တော်ကို မှီ၍ဆိုသည်၊ သို့ဖြစ်သောကြောင့်ငါ့စကားထက်သင့်စကားက သင့်လျော်ပေ၏။”

ထိုအခါသီဟပတေ့သည် “သြော်ငါကား အတုမရှိသော ပညာရှိသူတော်ကောင်းကို တွေ့ရပေသည်တကား”ဟုနှစ်လိုဝမ်းမြောက်စွာ မိမိကွမ်းစားသော ရွှေအုပ်တရာ့ငါးဆယ်ခုတ်ကို ကွမ်းနှင့်တကွ မင်းရာဇာအား ပူဇော်၍“အရှင်မင်းရာဇာ ပညာရှိတို့သည် မိမိဆိုမိသောစကားကို အနိုင်ရရန် အမျိုးမျိုး ကြံဖန်၍ မဟုတ် မမှန်သည်ကိုပင်ဟုတ်မှန်ယောင်ဆိုလေ့ရှိကြ၏၊အရှုံးမခံကြပါ၊အရှင်ကဲ့သို့သောပညာရှိ သူတော်ကောင်းကိုကား အလွန်တွေ့ကြုံဖို့ ခဲယဉ်းလှပါသည်၊ စင်စစ် အရှင်၏ စကားမှားပါသုံးစွဲရိုးဖြစ်၍ မပယ်ထိုက်ပါ၊ တရားတော်နှင့် ကွဲလွဲရုံမျှသာအကျွန်ုပ်ဆိုပါသည်” ဟုဆို၏။

ဖိုးရာဇာကလည်း“သီဟပတေ့ လောကဝတ်နှင့်ဓမ္မဝတ်တို့ တူညီသောအရာလည်းရှိ၏၊ မတူညီသောအရာလည်းရှိ၏၊သုံးကျွန်းလုံးတပြိုက်နက် ထွန်းသင်းနိုင်သော နေမင်းသည်ပင် ဝါးလုံးခေါင်းငယ်တွင်း၌ မထွန်းလင်းနိုင်၊ သို့ဖြင့်နေမင်းကို အရောင်အဝါမရှိဟုသုံးရမည်လော၊ တနေ့တခါ သုံးစွဲစရာ ငွေမရှိကာမျှဖြင့် စကြာဝတေးမင်းကို သူဆင်းရဲဟု ဆိုရမည်လော၊ ဒေဝဒတ်အား အမြိုက်နိဗ္ဗာန်ကို မပေးတတ်ဟုဆိုကာမျှဖြင့် ဘုရားသခင်းသည်နိဗ္ဗာန်ကိုဟုဆိုရမည်လော”ဟုဆို၏။

ယင်းသို့လျှင်ပညာရှိနှစ်ဦးသည် တဦးကျေးဇူးကို တဦး ဆိုလျက် ချစ်ကြည်စွာ ပြောဆိုကြလေ၏။

## ရဟန်း-ပုဏ္ဏား

ရဟန်းပုဏ္ဏားတို့ကို ဖူးမြင်ခြင်းသည် လည်း မြတ်သော မင်္ဂလာမည်၏။

အခါတပါးမြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌စံနေတော်မူ၏၊ ထိုအခါ ရှင်သာရိပုတြာ, ရှင်မဟာ မောဂ္ဂလာန်, ရှင်မဟာကဿပ, ရှင် မဟာကစ္စည်း, ရှင်မဟာ ကောဋ္ဌိက, ရှင်မဟာကပ္ပိန, ရှင်မဟာစုန္ဒ, ရှင်အနုရုဒ္ဓါ, ရှင်ရေဝတနှင့် ရှင်နန္ဒတို့သည် မြတ်စွာဘုရားထံချဉ်းကပ်ကြ၏။

မြတ်စွာဘုရားသည် ထိုအရှင်မြတ်တို့ လာကြသည်ကို အဝေးကမြင်၍ "ရဟန်းတို့ပြာဟ္မဏဖြစ်သောသူတို့သည် လာကြ ကုန်၏၊ ရဟန်းတို့ ပြာဟ္မဏဖြစ်သောထိုသူတို့သည်လာကြကုန်၏" ဟု ရဟန်းတို့အား မိန့်တော်မူ၏။

ထိုအခါ ပြာဟ္မဏဇာတ် ဖြစ် သော ရဟန်း တပါးက အရှင်ဘုရား အဘယ်မျှဖြင့် ပြာဟ္မဏမည်ပါသနည်း၊ ပြာဟ္မဏ အဖြစ်ကို ပြုတတ်သော တရားတို့ကား အဘယ်မျှတို့ပါနည်း" ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် "အကြင် ပုဂ္ဂိုလ်တို့သည် မကောင်းမှုတရားတို့ကို အဖ ပြုပြီးဖြစ်လျက် အခါ ခပ်သိမ်း

သတိရှိကုန်သည်ဖြစ်၍ သွားလာ နေထိုင်ကုန်၏၊ သံဃောဇဉ် ကုန်ခန်းပြီး၍ သစ္စာလေးပါးကို သိပြီးဖြစ်ကုန်သော ထိုပုဂ္ဂိုလ်တို့သာလျှင် ကမ္ဘာ့အမှန်စင်စစ်ပြာဟ္မဏတို့မည်ကုန်၏"—ဟုဥဒါန်း ကျူးရင့်တော်မူ၏၊

## သမဏ ရဟန်း

အကြင်သူသည် လက်ကိုစောင့်စည်း၏၊ ခြေကိုစောင့်စည်း၏၊နှုတ်ကိုစောင့်စည်း၏၊ တကိုယ်လုံးကို စောင့်စည်း၏၊ ကမ္မဋ္ဌာန်းစီးဖြန်းမှု၌ မွေ့လျော်ကာ တည်ကြည်သော စိတ်ရှိ၏၊ တယောက်ထည်းနေ၍ ရောင့်ရဲနိုင်၏၊ထိုသူကို ရဟန်းဟူ၍ ဆိုကုန်၏။

အကြင်ပုဂ္ဂိုလ်အား နာမ်တရား ရုပ်တရား အားလုံး၌ မြတ်နိုးစွဲလမ်းမှုမရှိ၊ နာမ် ရုပ် ပျက်စီးသော်လည်း မစိုးရိမ်၊ ထိုပုဂ္ဂိုလ်ကို ရဟန်းအစစ်ဟူ၍ ဆိုအပ်၏။

ကောင်းစွာတည်ကြည်သည်ဖြစ်၍ ငြိမ်သက်သော ကိုယ် ငြိမ်သက်သောနှုတ်,ငြိမ်သက်သောစိတ်ရှိသော လောကီစည်းစိမ် အရှိန်အစော် စသည်ကို ထွေးအန်ပြီးသောရဟန်းကို ငြိမ်းအေးသောရဟန်းဟူ၍ ဆိုအပ်၏။

## ဗြဟ္မဏ-ပုဏ္ဏား

အကြင်ပုဂ္ဂိုလ်အား ဤမှာ ဖက်ကမ်းသည်ရင်း, ထိုမှာ ဖက်ကမ်းသည်ရင်း, ဤမှာဖက်,ထိုမှာဖက်, နှစ်ပါး သည်ရင်း မရှိ၊ ပူပန်ခြင်းကင်းသည်ဖြစ်၍ ကိလေသာနှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဆို၏။

အနိစ္စစသောလက္ခဏာကိုရှု၍ ကိလေသာမြူကင်းလျက် နေလေ့ရှိသော ရဟန်းကိစ္စ ပြီးပြီးသော အာသဝေါကင်း၍ အရဟတ္တဖိုလ်သို့ ရောက်သောပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဆို၏။

မကောင်းမှုကို အပ ပြု ပြီးသောကြောင့် ဗြာဟ္မဏဟု ဆိုအပ်၏၊ မကောင်းမှုကို ငြိမ်းစေတတ်သော အကျင့် ရှိသောကြောင့် သမဏဟုခေါ်ဆိုအပ်၏၊ မိမိ၏ ကိလေသာ အညစ်အကြေးကိုထုတ်ပယ်သောကြောင့် ပဗ္ဗဇိတဟုခေါ်ဆိုအပ်၏။

အကြင်ပုဂ္ဂိုလ်အားကိုယ်ဖြင့်ရင်း,နှုတ်ဖြင့်ရင်း, စိတ်ဖြင့်ရင်း,မကောင်းမှုပြုခြင်းမရှိ၊ ကိုယ်, နှုတ်, စိတ်, သုံးပါးတို့ဖြင့် စောင့်ရှောက်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ငါဆို၏။

ပံ့သုကူ သင်္ကန်း ကို ဆောင် သော ကြုံလှီ၍ အကြောပြိုင်းပြိုင်းထသောတယောက်ထည်း တောထဲ၌စျာန်ဝင်စားလေ့ ရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဆို၏။

ဆံကျစ်ထုံးခြင်းတို့ဖြင့်ရင်း, အနွယ်အားဖြင့်ရင်း, ဇာတ်အားဖြင့်ရင်း ဗြာဟ္မဏမဖြစ်နိုင်၊ သစ္စဉာဏ်နှင့် လောကုတ္တရာ တရားရှိသူသည်သာ စင်ကြယ်သူလည်း ဖြစ်၏၊ ဗြာဟ္မဏလည်း ဖြစ်၏။

# စိတ္တဂုတ္တထေရ်

ကြားဘူးသည်မှာ—

သီဟိုဠ်ကျွန်းကုရုဏ္ဍကလိုဏ်ကြီး၌ဝိပဿီ၊ သိခီအစရှိသော ဘုရားခုနစ်ဆူတို့၏ ဘောထွက်ခန်း ပန်းချီဆေးရေး အရုပ်များ ရှိ၏၊ ထိုအရုပ်များမှာ မြင်ရသူတို့ နှလုံးမွေ့လျော်ကြည်နူးဖွယ် ဖြစ်ကြ၏။

တနေ့တွင် ရဟန်းငယ်အချို့သည် ကျောင်းစဉ် လှည့်လည်ကြည့်ရှုကြ၏၊ ထိုဂူသို့ရောက်သောအခါ ရဟန်းငယ်တို့က "အရှင်ဘုရား ဂူလိုဏ်မှ ဆေးရေးပန်းချီကားများသည် နှလုံးမွေ့လျော်ဖွယ် တင့်တယ်ဆန်းကြယ်လှပါ၏"-ဟု လျှောက်ကြ၏။

ထိုအခါ စိတ္တဂုတ္တမထေရ်ကြီးက "ငါ့ရှင်တို့ ငါသည် ဤလိုဏ်ဂူ၌ နေခဲ့သည်မှာ နှစ်ပေါင်း ခြောက်ဆယ်ကျော်ခဲ့ပြီ၊ သို့သော်လည်းဤလိုဏ်ဂူ၌ ပန်းချီကားများ ရှိ-မရှိမသိခဲ့ပါ၊ ယခုမူ မျက်စိကောင်းသော ငါ့ရှင်တို့ကိုအမှီပြု၍သိရပေသည်" ဟု ဆို၏။

ထိုမထေရ်ကြီးနေသောလိုဏ်ဂူအပေါက်ဝတွင် ဂန့်ဂေါ်ပင်ကြီးတပင်ရှိ၏၊ ထိုဂန့်ဂေါ်ပင်ကိုလည်း မထေရ်ကြီးသည် အပေါ်သို့မော်၍မကြည့်စဘူး၊ ဂန့်ဂေါ်ဝတ်မှုန်တို့ကို မြေပြင်၌ မြင်မှသာလျှင် ဂန့်ဂေါ်ပင်ကြီးပွင့်သည်ကိုသိ၏၊ ဘုရင်မင်းမြတ်သည် မထေရ်ကြီး၏ သီလသမာဓိဂုဏ်နှင့်ပြည့်စုံကြောင်း ကြားသိ၍ ပူဇော်လိုသောကြောင့် လူလွှတ်၍ပင့်၏၊ သုံးကြိမ်

တိုင်တိုင် ပင့်သော်လည်းမကြွလာသောကြောင့် ထိုရွာ၌ နို့စို့ တလေးရှိကုန်သော မိန်းမတို့၏သားမြတ်ကို ရင်လွှမ်းအဝတ်ဖြင့် စေ့ပတ်စေ၍ မင်း၏တံဆိပ် ခတ်စေ၏။

"အကြင်မျှလောက် ကာလပတ်လုံး မထေရ်ကြီးသည် မကြွလာ၊ ထိုမျှလောက် ကာလပတ်လုံး သူငယ်တို့သည် နို့စို့ခွင့် မရစေရ"ဟု အမိန့်တုတ်ပြန်၏၊

မထေရ်ကြီးသည် သူငယ်တို့ကို သနားသဖြင့် ကြွတော်မူ၏၊ မင်းသည် မထေရ်ကြီး ကြွလာကြောင်းကို ကြားလျှင် "အမတ်တို့ မထေရ်ကြီးကို နန်းတွင်းသို့ ပင့်ဆောင်ကြကုန်" ဟု ဆို၏။

နန်းတွင်းသို့ မထေရ်ကြီး ကြွရောက်သောအခါ မင်းနှင့် မိဘုရား ရှိခိုးပူဇော်၏၊ မင်းကြီးရှိခိုးသော အခါ၌ရင်း၊ မိဘုရား ရှိခိုးသောအခါ၌ရင်း မထေရ်ကြီးသည် "သုခီဟောတု မဟာရာဇာ"ဟု ချည်း ဆုပေး၏၊

သို့ဖြင့် ခုနစ်ရက်မျှ ကြာသောအခါ နောက်ပါ ရဟန်းတို့က "အရှင်ဘုရား အဘယ်သို့ပါနည်း၊ အရှင်ဘုရားသည် မင်းက ရှိခိုးသော်ရင်း, မိဘုရားက ရှိခိုးသော်ရင်း "သုခီ ဟောတု မဟာရာဇ"ဟု ချည်းဆုပေးနေပါသည်"ဟု လျှောက်ကြ၏။

"ငါ့ရှင်တို့ ငါသည် မင်းဟူ၍ရင်း, မိဖုရားဟူ၍ ရင်း, ပိုင်းခြားမှတ်သားခြင်းမပြု"ဟု ပြန်ကြား၏။

သုခီဟောတု မဟာရာဇ ဟူသည်မှာ မင်းကြီး ချမ်းသာ ပါစေ ဟူသတည်း၊ ဤသို့သော ရဟန်းပုဂ္ဂိုလ်မျိုးကို ဖူးမြင်ရသည် စင်စစ် မြတ်သော မင်္ဂလာဖြစ်၏။

## တရား ဆွေးနွေးခြင်း

သင့်တင့် လျောက်ပတ်သော အခါ၌ တရားစကားဆွေးနွေး မေးမြန်းခြင်းသည်လည်း မြတ်သောမင်္ဂလာမည်၏။

အခါတပါး ရှင်မဟာကဿပနှင့် ရှင်သာရိပုတြာတို့သည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ နေကြ၏၊ ထိုအခါ ရှင်သာရိပုတြာသည် ညချမ်းအခါ တပါးတည်းကိန်း အောင်းရာမှ ထွက်လျက် ရှင်မဟာကဿပထံသို့ ချဉ်းကပ်၍ ရှင်မဟာကဿပနှင့် အတူ ဝင်းမြောက် ဝမ်းသာ နှုတ်ဆက်ပြော ဆိုပြီးလျှင် တနေရာ၌ ထိုင်ပြီးသော် "ငါ့ရှင်ကဿပ သတ္တဝါ သည် သေသည်မှ နောက်၌ ဖြစ်သလော"ဟု လျှောက်၏။

"ငါ့ရှင် သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏ဟူ၍ မြတ်စွာဘုရား ဟောတော်မမူ"

"ငါ့ရှင် သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်သလော"

"ငါ့ရှင် သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်ဟူ၍ ဤသို့လည်း မြတ်စွာဘုရား ဟောတော်မမူ"

"ငါ့ရှင်သတ္တဝါသည်သေသည်မှနောက်၌ဖြစ်လည်းဖြစ်၊ မဖြစ်လည်း ဖြစ်သလော"

"ငါ့ရှင်သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်း ဖြစ်၊ မဖြစ်လည်းမဖြစ်ဟူ၍ မြတ်စွာဘုရား ဟောတော်မမူ"

"ငါ့ရှင်သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည် လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ်သလော"

"ငါ့ရှင် သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည် လည်းမဟုတ်, မဖြစ်သည်လည်း မဟုတ်ဟူ၍ ဤသို့လည်း မြတ်စွာဘုရား ဟောတော်မမူ"

"ငါ့ရှင် အဘယ့်ကြောင့် ထိုအကြောင်းကို မြတ်စွာဘုရား ဟောတော်မမူပါသနည်း"

"ငါ့ရှင် ဤစကားသည် အကျိုးစီးပွါးနှင့် မစပ်၊ မဂ်၏ ရှေ့အဘို့၌ ဖြစ်သောအကျင့်မျှသည်း မဟုတ်၊ ငြီးငွေ့ခြင်းငှါ မဖြစ်၊ တပ်ခြင်း ကင်းခြင်းငှါ မဖြစ်၊ ရာဂချုပ်ခြင်းငှါ မဖြစ်၊ ငြိမ်းအေးခြင်းငှါ မဖြစ်၊ ထူးသော ဉာဏ်ဖြင့် သိခြင်းငှာမဖြစ်၊ ထိုးထွင်း၍ သိခြင်းငှါ မဖြစ်၊ နိဗ္ဗာန် အကျိုးငှါ မဖြစ် ထို့ကြောင့် ထိုစကားကို မြတ်စွာဘုရား ဟောကြားတော်မမူ"

"ငါ့ရှင် ထိုသို့ မဟောကြားခဲ့သည်ရှိသော် မြတ်စွာဘုရားသည် အဘယ်သို့ ဟောတော်မူပါသနည်း"

"ငါ့ရှင် ဤသည်ကား ဆင်းရဲတည်း၊ ဆင်းရဲ၏ဖြစ်ပေါ်ကြောင်းတည်း၊ ဆင်းရဲ၏ ချုပ်ရာတည်း ဆင်းရဲ ချုပ်ရာအကျင့်တည်း ဟု မြတ်စွာဘုရား ဟောတော်မူ၏"

"ငါ့ရှင် အဘယ့်ကြောင့် ဤစကားကို မြတ်စွာဘုရား ဟောကြားတော် မူအပ်ပါသနည်း"

"ငါ့ရှင် ဤတရားသည်ကား အကျိုးစီးပွါးနှင့် စပ်၏၊ မဂ်၏ အစဖြစ်သော မြတ်သော အကျင့်လည်းဖြစ်၏၊ ငြီးငွေ့ခြင်းငှါ, ရောဂါကင်ခြင်းငှါ, ငြိမ်းအေးခြင်းငှါ, ထူးသော ဉာဏ်ဖြင့်သိခြင်းငှါ, ထိုးထွင်းသိခြင်းငှါ, နိဗ္ဗာန်အကျိုးငှါဖြစ်၏၊ ထို့ကြောင့် ထိုတရားကို မြတ်စွာဘုရား ဟောတော်မူအပ်၏"

# မိလိန္ဒမင်း

ထိုအခါ မိလိန္ဒမင်းအား အကြံဖြစ်၏–

"ယခု ဇမ္ဗူဒီပါကျွန်းသည် အချည်းနှီးရှိခဲ့ပြီတကား၊ အဖျင်ဖျင်ရှိပြီခဲ့တကား၊ ငါနှင့်အတူ စကားဆွေးနွေးခြင်းငှာ၊ ငါ၏ ယုံမှားသက်ခြာကို ဖျောက်နိုင်ခြင်းငှာ တစုံတယောက်မျှ မရှိပါတကား"

ထို့နောက် မိလိန္ဒမင်းသည် အမတ်တို့ကို– "အချင်း အမတ်တို့ ညဉ့်အခါသည်မွေ့လျော်ဖွယ်ရှိစွတကား၊ ယခုအခါ အဘယ်မည်သော ရဟန်းပုဏ္ဏားသို့ကပ်၍ပြဿနာကိုမေးခြင်းငှာ၊ ငါနှင့်အတူ စကားဆွေးနွေးခြင်းငှာ၊ ငါ၏ ယုံမှားသက်ခြာကို ဖျောက်နိုင်ခြင်းငှာ အဘယ်မည်သော ရဟန်း ပုဏ္ဏား တို့သည် တတ်နိုင်ပါအံ့နည်း"ဟု ဆို၏။

အမတ်တို့သည် တိတ်တိတ်စကားမဆိုကြ၊ မင်း၏မျက်နှာကိုသာ ကြည့်နေကြ၏၊ ထိုအခါမှစ၍ သာဂလမြို့၌ ၁၂ နှစ်တို့ ပတ်လုံး ပညာရှိသော ရဟန်း, ပုဏ္ဏား, သူကြွယ်ဘို့မှ ဆိတ်၏၊ အကြင်အရပ်၌ ရဟန်း, ပုဏ္ဏား, ပညာရှိတို့ ရှိ၏ဟု မိလိန္ဒမင်း ကြားသော်ထိုအရပ်သို့သွား၍ ပြဿနာ မေးမြန်း၍ ဆွေးနွေး၏၊ အလုံးစုံသောသူတို့သည် မိလိန္ဒမင်းမေးသည်ကိုဖြေသဖြင့် မိလိန္ဒ မင်းကို နှစ်သက်စေခြင်းငှာ မတတ်နိုင်ကြ၍ ထိုပြည်မှ ဖဲကြဉ် သွားကြ၏၊ အရပ်တပါးသို့မသွားသော ပညာရှိဘို့သည်လည်း ဘိတ်ဆိတ်နေကြ၏။

# မတိုင်ပင်ရာအရပ်

တိုင်ပင်ဆွေးနွေးခြင်းကိုအလိုရှိသူသည် အရပ်ရှစ်ပါးတို့ကို ရှောင်ကြဉ်ရာ၏၊ အဘယ်အရပ်ရှစ်ပါးတို့နည်းဟူမူ—

(၁) မညီ မညွတ်သောအရပ်၊ ယင်းအရပ်၌ တိုင်ပင်သော် အကျိုးသည် ဖရိုဖရဲရှိ၏၊ တုန်လှုပ်၏၊ ကောင်းစွာမဖြစ်။

(၂) သတင်အရပ်၊ ယင်းအရပ်၌ တိုင်ပင်သော် နှလုံးပူ၏၊ နှလုံးတုန်၏၊ ထိုသူအား ကောင်းစွာ အကျိုးစီးပွားကိုမမြင်။

(၃) လေပြင်းရာ အရပ်၊ ယင်းအရပ်၌ တိုင်ပင်သော် အသံကိုနှိပ်စက်တတ်၏။

(၄) ဖုံးလွှမ်းရာ အရပ်၊ ယင်းအရပ်၌ တိုင်ပင်သော် သူတပါးနားထောင်တတ်၏။

(၅) နတ်နေရာအရပ်၊ ယင်းအရပ်၌ တိုင်ပင်သော် အစီးအပွားမနှောင့်နှေးတတ်၏။

(၆) ခရီးသမ်းမ၊ ယင်းအရပ်၌ တိုင်ပင်သော် အကျိုးစီးပွားအချည်းနှီးဖြစ်၏။

(၇) စစ်မြေအရပ်၊ ယင်းအရပ်၌တိုင်ပင်သော်တုန်လှုပ်တတ်၏။

(၈) ရေခပ်ရာဆိပ်၊ ယင်းအရပ်၌ တိုင်ပင်သော် ထင်ရှားတတ်၏။

# မတိုင်ပင်အပ်သူ

ရှစ်ယောက်သောသူတို့ကိုမတိုင်ပင်အပ်ကုန်၏။

အဘယ်ရှစ်ယောက်တို့နည်းဟူမူ—

(၁) ရာဂပြောသောသူ၊ ထိုသူအား တိုင်ပင်မိသော် ရာဂ၏အစွမ်းဖြင့် အကျိုးစီးပွားကိုပျက်စီးစေတတ်၏။

(၂) ဒေါသပြောသောသူ၊ ထိုသူအား တိုင်ပင်မိသော် ဒေါသ၏အစွမ်းဖြင့် အကျိုးစီးပွားကို ပျက်စီးစေတတ်၏။

(၃) မောဟပြောသောသူ၊ ထိုသူအား တိုင်ပင်မိသော် မောဟ၏အစွမ်းဖြင့်အကျိုးစီးပွားကိုပျက်စီးစေတတ်၏၊

(၄) မာနပြောသောသူ၊ ထိုသူအား တိုင်ပင်မိသော် မာန၏အစွမ်းဖြင့် အကျိုးစီးပွားကိုပျက်စီးစေတတ်၏။

(၅) လောဘကြီးသောသူ၊ ထိုသူ့အားတိုင်ပင်မိသော် လောဘ၏အစွမ်းဖြင့် အတိုင်ပင်ကို ပျက်စီးစေတတ်၏။

(၆) ပျင်းရိသောသူ၊ ထိုသူအား တိုင် ပင် မိ သော် လုံ့လအားထုတ်ခြင်းကိုဖျက်ဆီးသောကြောင့် အတိုင်ပင်ကိုပျက်စီးစေတတ်၏။

(၇) တယောက်တည်း ကြံစည် တတ်သူ၊ ထိုသူသည် တပါးသောနည်းကို မယူသောကြောင့် အတိုင်ပင်ကို ဖျက်ဆီးတတ်၏။

(၈) မိုက်သောသူ၊ ထိုသူသည် မိုက် သည် ၏ အဖြစ်ကြောင့် တိုင်ပင်အပ်သောအကျိုးကိုဖျက်ဆီးတတ်၏။

# မလိုခြင်းသူ

လျှို့ဝှက် အပ်သော အတိုင်အပင် မလုံရာသော သူတို့သည်ကိုးယောက်တို့ဘည်း။

အဘယ်ကိုးယောက်တို့နည်းဟူမူ—

(၁) ရာဂစရိုက်ပြောသူသည်ရာဂ၏အစွမ်းဖြင့်လျှို့ဝှက်အပ်သော အတိုင် အပင်ကို ဖွင့်လှစ်ဘတ်၏၊ မြဲစွာမဆောင်။

(၂) ဒေါသစရိုက်ပြောသူသည် ဒေါသ၏ အစွမ်းဖြင့် လျှို့ဝှက်အပ်သော အတိုင် အပင်ကို ဖွင့်လှစ်တတ်၏၊ မြဲစွာမဆောင်။

(၃) မောဟစရိုက် ပြောသော သူသည် မိုက်သည်၏ အစွမ်းဖြင့် လျှို့ဝှက်အပ်သောအတိုင်အပင်ကို ဖွင့်လှစ်ဘတ်၏၊ မြဲစွာမဆောင်။

(၄) ကြောက် တတ် သူ သည် ကြောက် တတ် သည် ၏ အစွမ်းဖြင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်လှစ်တတ်၏၊ မြဲစွာမဆောင်။

(၅) အာမိသ၌ အလေးအမြတ် ပြုသူသည် အာမိသဟူသော အကြောင်းကြောင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်လှစ်တတ်၏၊ မြဲစွာမဆောင်။

(၆) မိန်းမသည် ပညာမှယုတ်သောကြောင့် လျှို့ဝှက်အပ်သော အတိုင်အပင်ကို ဖွင့်လှစ်တတ်၏၊ မြဲစွာမဆောင်။

(၇) သေသောက်ကြူးသူသည်သေအရက်၌လျှပ်ပေါ်

သောကြောင့် လျှို့ဝှက်အပ်သောအတိုင်အပင်ကိုဖွင့်လှစ်ဘတ်၏၊ မြစ္စာမဆောင်။

(၈) ပဏ္ဍုက်သည့် ကေန် သဘောကျ ပုဂ္ဂိုလ်မဟုတ်သောကြောင့် လျှို့ဝှက်အပ်သောအတိုင်အပင်ကို ဖွင့်လှစ်တတ်၏၊ မြစ္စာမဆောင်။

(၉) နှုတ်သူငယ်သည်ကား စကားမတည့် လျှပ်ပေါ်သောကြောင့် လျှို့ဝှက်အပ်သော အတိုင် အပင်ကို ဖွင့်လှစ်တတ်၏၊ မြစ္စာမဆောင်။

## ပညာရကြောင်း

ရှစ်ပါးသော အကြောင်းတို့ကြောင့် ပညာသည်ရင့်၏၊ ရင့်ခြင်းသို့ရောက်တတ်၏၊ အဘယ် ရှစ်ပါးတို့နည်းဟူမူ—

(၁) အရွယ်ကို ငဲ့သဖြင့် ပညာ သ ည် ရင့် ခြင်းသို့ ရောက်တတ်၏။

(၂) အခြံအရံကို ငဲ့သဖြင့် ပညာသည် ရင့်ခြင်းသို့ ရောက်တတ်၏။

(၃) မေးမြန်းသဖြင့် ပညာသည် ရင့်ခြင်းသို့ ရောက်တတ်၏။

(၄) ဆရာ့ထံ၌ မှီဝဲဆည်းကပ်သဖြင့် ပညာ သည် ရင့်ခြင်းသို့ ရောက်တတ်၏။

(၅) အသင့်နှလုံးသွင်းသဖြင့် ပညာသည် ရင့်ခြင်းသို့ ရောက်တက်၏။

(၆) တရားစကား ဆွေးနွေးသဖြင့် ပညာသည် ရင့်ခြင်းသို့ရောက်တတ်၏။

(၇) ချစ်သူကိုမှီဝဲသဖြင့် ပညာသည် ရင့်ခြင်းသို့ရောက်တတ်၏။

(၈) သင့်တင့်လျောက်ပတ်သော အရပ်၌ နေသဖြင့် ပညာသည် ရင့်ခြင်းသို့ ရောက်တတ်၏။

# တပေါ

## ဂါထာ

တဥ္စပေါ စ ဗြဟ္မစရိယဉ္စ
အရိယ သစ္စာန ဒဿနံ
နိဗ္ဗာန သစ္ဆိကိရိယာ စ
ဧတံ မင်္ဂလ မုတ္တမံ။

## နိဿယ

ဒေဝပုတ္တ —နတ်သား
ယော တပေါစ —အကြင် ခြိုးခြံစွာ ကျင့်ခြင်းသည် ၎င်း,
ယံ ဗြဟ္မစရိယဉ္စ —အကြင် မြတ်သောအကျင့်ကို ကျင့်ခြင်း
သည်၎င်း,
အရိယသစ္စာနံ —အရိယ သစ္စာတို့ကို
ယံ ဒဿနဉ္စ —အကြင် သိမြင်ခြင်းသည်၎င်း,

| | |
|---|---|
| နိဗ္ဗာနံ | —နိဗ္ဗာန် ချမ်းသာကို |
| ယာ သန္တိကြိယာ ၁ | —အကြောင် မျက်မှောက်ပြုခြင်းသည်ရှင်း, |
| အတ္ထိ | —ရှိ၏၊ |
| တေံ | —ဤလေးပါးသော တရားသည် |
| ဥတ္တမံ | —မြတ်သော |
| မင်္ဂလံ | —မင်္ဂလာမည်၏။ |

## လင်္ကာ

ဖန်ရောင်ဂိရိန်၊ မြတ်ဝတီ သာ
နတ်တို့ရွာက၊ ဣန္ဒာဒေဝ
ရာဇတာမန်၊ မောင်နတ်မွန်—

ညွန်-တဲကျာဝ၊ သံသာရမှ
ထွက်ရလွယ်ကြောင်း၊ ရည်ဆုတောင်း၍
ထိန်းကျောင်းကိုယ်နှုတ်၊ ဥပုသ်သီတင်း
ခြိုးခြံခြင်းဖြင့်၊ ဖြောင့်စင်းစွဲသုံး
နှလုံးမကျုန်း၊ ကျင့်ဘန်းမှန်စွာ
စောင့်စည်းရာ၏,

လေးဖြာပြဟ္မ၊ ဝိဟာရကို
သဗ္ဗ သတ္တာ၊ သတ္တဝါအပေါင်း

ပို့သုန်းလောင်း၍၊ လေးကြောင်း ဗြဟ္မစိုရ်
ပွားစိမ့်ခိုလော့,

ထိုထိုဓမ္မ၊ ဝဋ္ဋသုံးဝကား
ဒုက္ခသစ္စာ၊ တဏှာလောဘ
သမုဒယသစ္စာ၊ ခေမာ အမတ
နိဗ္ဗာနကား၊ နိရောဓ သစ္စာ
သမ္မာဒိဋ္ဌိ၊ အစရှိသည့်
ပြားဘိမှန်စွာ၊ အင်္ဂါခေါ်တွင်
မဂ္ဂင်ရှစ်ပါး၊ မဂ်လေးပါးကား
တရား အရေ၊ မဂ္ဂသစ္စာ
လေးဖြာ ဘေဒ၊ အရိယဖွယ်ရာ
သစ္စာလေးအင်၊ သိမြင်ရဟန်
တရားမှန်၏,

နိဗ္ဗာန်သိမြောက်၊ လမ်းကောင်းလျှောက်၍
မျက်မှောက်ပြုခြင်း—

သန့်ရှင်း ပိုင်းခြား၊ ဤလေးပါးကို
ယုံမှား ကင်းလွတ်၊ စိတ်နေညွတ်လျက်
လွန်မြတ်လှစွာ၊ မင်္ဂလာဟု
သဒ္ဒါကဲလွန်၊ နတ်တမန်သည်
မှန်မှန်စွဲမှတ်-ပါလေလောဝ်။

## အကျင့်အင်္ဂါ

ခြိုးခြံစွာ ကျင့်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

သာရိပုတြာ ငါသည် အင်္ဂါလေးပါးနှင့် ပြည့်စုံသော မြတ်သော အကျင့်ကို ကျင့်ဘူးသည်ကို အမှတ်ရ၏၊ (၁)ခြိုးခြံသော အကျင့်ရှိ၏၊ အခြားသူတို့ထက် လွန်ကဲသော ခြိုးခြံသော အကျင့်ရှိ၏၊ (၂) ခေါင်းပါးသော အကျင့်ရှိ၏၊ အခြားသူတို့ထက် လွန်ကဲသော ခေါင်းပါးသော အကျင့်ရှိ၏၊ (၃)စက်ဆုပ်တတ်သော အကျင့်ရှိ၏၊ အခြားသူတို့ထက်လွန်ကဲသောစက်ဆုပ်တတ်သော အကျင့်ရှိ၏၊ (၄) ဆိတ်ငြိမ်သော အကျင့် ရှိ၏၊ အခြားသူတို့ထက် လွန်ကဲသော ဆိတ်ငြိမ်သော အကျင့်ရှိ၏။

## ဒုက္ကရစရိယာ

ဘုရားလောင်း သိဒ္ဓတ္ထမင်းသည် ပဉ္စဝဂ္ဂီ ငါးဦးလျှင် အလုပ်အကျွေးရှိသည်ဖြစ်၍ ဥရုဝေဠတော၌ ဒုက္ကရစရိယ ကျင့်နေ၏၊ တနေ့လုံးကို ဆွမ်းတလုပ်ဖြင့်သာရင်း, သစ်သီးတလုံးဖြင့်သာရင်း, နှမ်းတစေ့-ဆန်တစေ့ဖြင့်သာရင်း, နေ့ရက်ကို လွန်စေ၏၊ အာဟာရကို မမှီဝဲဘဲကျင့်သဖြင့် ကြုံလှီစွာ ရှိရကား လက္ခဏာကြီးငယ်များ ကွယ်ပျောက်၏၊ တနေ့တွင် အာနာပါနစျာန်ကိုဝင်စားရာ စင်္ကြံဦး၌ လဲကျသွား၏။

ဘုရားလောင်းသည် ယင်းသို့ သျှင်ဒုက္ကရစရိယာအကျင့်ကို ခြောက်နှစ်တိုင်အောင် ကျင့်ပြီးမှ ငြိမ်ဖြင့်စွာသော ဤအကျင့်ဖြင့်ဘုရားအဖြစ်သို့ ရောက်နိုင်ရာ၊ သတ္တဝါတို့၏ ဓမ္မတာသည်း- "သဒ္ဓါလွန်လျှင်ကွန့်သည်၊ ပညာလွန်လျှင်ဆွံ့သည်၊ ဝီရိယလွန်လျှင်ပျံ့သည်၊ သမာဓိလွန်လျှင်တွန့်သည်၊သတိသာလျှင်လွန်သည် မရှိ၊ လိုဘိသည်သာဖြစ်သည်။"

ထို့ကြောင့် ယခုငါသည် အာဟာရကို မျှတစေလျက် ကိုယ်လက်ဖြည့်တင်း၍- "သဒ္ဓါနှင့်ပညာ ဝီရိယနှင့် သမာဓိကိုမျှတစေတော့အံ့"- ဟုကြံလျက်ထိုထို မြို့ရွာသို့ ချဉ်းကပ်၍ ခံအပ်သော ဆွမ်းကို ဘုဉ်းပေးတော်မူ၏၊ ထိုသို့ ဘုဉ်းပေး ရာဝယ်ငမှ မဟာပုရိသ လက္ခဏာတို့ ပေါ်မြဲပြာတေ ဖြစ်ပြန်သတည်း။

## ရေငုပ် -မီးလှုံ

အခါတပါး မြတ်စွာ ဘုရားသည် ဂယာမြို့ ဂယာသီသ တောင်၌သာဘင်းသုံးနေတော်မူ၏၊ ထိုအခါရသေ့မျာ စွ တို့သည် လွန်စွာ ချမ်းအေးသောဆောင်းဥတု ညဥ့်အခါတွင် ဤအကျင့်ဖြင့် စင်ကြယ်၏ဟု ဂယာဆိပ်၌ ငုပ်သည်းငုပ်ကြ၏၊ ပေါ်လည်း ပေါ်ကြ၏၊ ငုပ်ခြင်း-ပေါ်ခြင်းကိုသည်း ပြုကြ၏၊ ခပ်၍လည်း သွန်းလောင်းကြ၏၊ မီးကိုလည်း ပူဇော်ကြ၏။

မြတ်စွာဘုရားသည် ထိုများစွာသော ရသေ့တို့ကို မြင်တော်မူသောအခါ- "ဤဂယာဆိပ်၌ များစွာသော လူအပေါင်း

တို့ ရေချိုးကြ၏၊ ရေကြောင့်စင်ကြယ်ခြင်းကား မဖြစ်နိုင်၊ သစ္စာ သည်၎င်း မဂ်ဖိုလ်တရားသည်၎င်း ရှိသော ပုဂ္ဂိုလ်သည် စင်ကြယ်၏၊ ထိုပုဂ္ဂိုလ်သည်သာ ဗြာဟ္မဏမည်၏”ဟု ဥဒါန်းကျူးရင့်တော်မူ၏။

## ဒိဋ္ဌေဒိဋ္ဌ မတ္တံ

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏၊ မြတ်စွာဘုရားသည် ဆွမ်းအလို့ငှာ ရွာတွင်းသို့ဝင်တော်မူစဉ် ဗာဟိယသည် “အရှင်ဘုရားအကျွန်ုပ်၏ ရှည်ကြာစွာသော နေ့ညဥ့်ပတ်လုံးအစီး- အပွားအလို့ငှာ ချမ်းသာအလို့ငှာ ဖြစ်သော တရားကို ဟောတော်မူပါ” ဟု လျှောက်၏။

“ထိုသို့ဖြစ်လျှင် ဗာဟိယ သင်သည်ဤသို့ ကျင့်အပ်၏၊ မြင်ရာ၌မြင်ကာမျှဖြစ်မည်၊ ကြား ရာ၌ကြားကာမျှဖြစ်မည်၊ တွေ့ရာ၌ တွေ့ကာမျှဖြစ်မည်၊ သိရာ၌သိကာမျှဖြစ်မည်ဟု ဤသို့ သင်သည် ကျင့်အပ်၏၊ ဗာဟိယအကြင်အခါ၌ သင်သည် မြင်ရာ၌ မြင်ကာမျှ,ကြားရာ၌ ကြားကာမျှ,တွေ့ရာ၌တွေ့ကာမျှ,သိရာ၌ သိကာမျှဖြစ်လျှင် ဗာဟိယ ထိုအခါသင်သည် ထိုရာဂစသည်နှင့် တကွဖြစ်တော့မည်မဟုတ်၊ ဗာဟိယ သင်သည် ရာဂစသည်နှင့် တကွ မဖြစ်သောအခါ ရူပါရုံစသည်၌ ဖြစ်လိမ့်မည်မဟုတ်၊ ဗာဟိယသင်ရူပါရုံစသည်၌ မဖြစ်သောအခါသင်သည် ဤမျက်

မှောက်ဘဝ၌ရင်း, တမလွန်ဘဝ၌ရင်း, နှစ်ပါးစုံဘဝ၌ရင်း ဖြစ်လိမ့်မည်မဟုတ်၊ ဤသည်လျှင် ဆင်းရဲ၏ အဆုံးတည်း''ဟု ဟောတော်မူ၏။

ထိုအခါဗာဟိယအား ဤအကျဉ်းဖြစ်သော မြတ်ဘုရားတရား ဟောခြင်းဖြင့် ထိုခဏ၌ပင်လျှင် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ စိတ်သည်လွတ်၏။

ထိုအခါမြတ်စွာဘုရားသည်''အကြင်နိဗ္ဗာန်၌ ပထဝီ,အာပေါ,တေဇော,ဝါယောဓာတ်သည်မတည်နိုင်၊ထိုနိဗ္ဗာန်၌ကြယ်, နေနှင့်လတို့သည် မတောက်ပ၊ အမိုက်တိုက်လည်းမရှိ၊ အကြင်အခါသစ္စာလေးပါးကိုသိသောကြောင့် မုနိအမည်ရသောရဟန္တာသည် ကိုယ်တိုင်နိဗ္ဗာန်ကိုသိ၏၊ နိဗ္ဗာန်ကိုသိပြီးသည်မှ နောက်၌ နာမ်-ရုပ်မှရင်း, ချမ်းသာ-ဆင်းရဲမှရင်း လွတ်၏''ဟု ဥဒါန်း ကျူးရင့်တော်မူ၏။

## ဗြဟ္မစရိယ

မြတ်သောအကျင့်ကို ကျင့်ခြင်းသည်လည်း မြတ်သော မင်္ဂလာမည်၏။

ဗြဟ္မစရိယခေါ် မြတ်သော အကျင့်မှာ ဗြဟ္မဝိဟာရ တရားလေးပါးပင် ဖြစ်၏။

ယင်းတို့မှာ (၁) မေတ္တာ (၂) ကရုဏာ (၃)မုဒိတာ (၄)ဥပေက္ခာတို့ ဖြစ်၏၊ ဤလေးပါးကို ပွားများအားထုတ်၍

နေခြင်းမှာပြဟ္မာတို့၏နေခြင်းနှင့်တူ၍ ပြဟ္မဝိဟာရလည်းမည်၏၊ ပြဟ္မာတို့၏အကျင့်နှင့်တူ၍ ပြဟ္မစရိယလည်းမည်၏။

(၁) မေတ္တာ— ချစ်တတ်သောသဘောသည် မေတ္တာမည်၏၊ အစီးအပွားကို လိုလားသော အခြင်းအရာအားဖြင့် ချစ်တတ်၏ဟုဆိုလို၏၊ တနည်း- ချစ်အပ်သော ပိယပုဂ္ဂိုလ်ဟူသော နိမိတ်အာရုံ၌ ဖြစ်တတ်သောကြောင့် မေတ္တာမည်၏၊ တနည်း-ဤသဘောတရားသည် အစီးအပွားကို လိုလားသော မိတ်ဆွေ၏ ချစ်ခြင်းအစွမ်းဖြင့်ဖြစ်တတ်သောကြောင့် မေတ္တာမည်၏၊ မေတ္တာသည် သတ္တဝါတို့၏ အကျိုးစီးပွားကို ကျင့်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်း လက္ခဏာ ရှိ၏၊ သတ္တဝါတို့၏ အစီးအပွားကို ကပ်၍ဆောင်ခြင်းကိစ္စရှိ၏၊ ရန်ငြိုးကိုပယ်ဖျောက်တတ်သော အခြင်းအရာအားဖြင့် ရှုသူ၏ ဉာဏ်အား ရှေးရှု ထင်တတ်၏၊ သတ္တဝါတို့၏ နှစ်သက်ဖွယ် အဖြစ်ကို ရှုသော ယောနိသော မနသိကာရလျှင် နီးစွာသော အကြောင်း ရှိ၏၊ ဗျာပါဒငြိမ်းခြင်းသည် ထိုမေတ္တာ၏ပြည့်စုံခြင်းမည်၏၊ တဏှာပေမ သိနေဟဖြစ်ခြင်းသည် ပျက်စီးခြင်းဝိပတ္တိမည်၏။

(၂) ကရုဏာ— သူတပါးဆင်းရဲသည်ရှိသော်စိတ်နှလုံး တုန်လှုပ် ပင်ပန်း ခြင်း ပြု တတ် သော သဘောသည် ကရုဏာမည်၏၊ တနည်း- သူတပါး၏ ဆင်းရဲဒုက္ခကိုညှဉ်းဆဲပယ်ဖျောက်တတ်သော သဘောသည် ကရုဏာမည်၏၊ တနည်း- ဆင်းရဲဒုက္ခရောက်သောသတ္တဝါတို့၌ ပြန့်နှံ့တွေ့ထိသောအားဖြင့် ဖြန့်တတ်သောသဘောသည် ကရုဏာမည်၏၊ ကရုဏာသည်သတ္တဝါတို့

အား ဖြစ်သော ဆင်ရဲဒုက္ခကို ပယ်လိုသော အခြင်းအရာအား ဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏၊ သူတပါး ဆင်း ရဲ ဒု က္ခ ရောက်သည်ကို သည်းမခံနိုင်ခြင်းကိစ္စရှိ၏၊ သတ္တဝါကိုမညှဉ်းဆဲခြင်း လျှင် ဉာဏ်အားရှေးရှုထင်တတ်၏၊ ဆင်းရဲဒုက္ခဖြင့် နှိပ်စက်အပ်ကုန်သောသူတို့၏ ကိုးကွယ်ရာမရှိသည်၏အဖြစ်ကို ရှုသော ယောနိသော မနသိကာရလျှင် နီးစွာသော အကြောင်း ရှိ၏၊ သတ္တဝါတို့ကို ညှဉ်းဆဲကြောင်း ဒေါသ အေး ငြိမ်း ခြင်းသည် ထိုကရုဏာ၏ ပြည့်စုံခြင်း မည်၏၊ စိုးရိမ်သောကဖြစ်ခြင်းသည် ပျက်စီးခြင်းဝိပတ္တိမည်၏။

(၃) မုဒိတာ— ဤတရားသဘောနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် ဝမ်းမြောက်တတ်သည့်သဘောဖြစ်သောကြောင့် မုဒိတာမည်၏၊ တနည်း- ဝမ်းမြောက်သော သဘောတရားဖြစ်သောကြောင့် မုဒိတာမည်၏၊ တနည်း-ဝမ်းမြောက်ခြင်းမျှသာ ဖြစ်သော သဘောဖြစ်သောကြောင့် မုဒိတာမည်၏၊ မုဒိတာသည် သူတပါးစည်းစိမ်ဥစ္စာနှင့်ပြည့်စုံသည်ကို ဝမ်းမြောက် ဝမ်းသာဖြစ်ခြင်း လက္ခဏာရှိ၏၊ မငြူစူခြင်းကိစ္စ ရှိ၏၊ သူတပါးတို့၏ ပြည့်စုံခြင်း၌ မမွေ့လျော်မနှစ်သက်ခြင်းကို ပယ်ဖျောက်တတ်သော အခြင်းအရာအားဖြင့်ဉာဏ်အားရှေးရှုထင်တတ်၏၊ သတ္တဝါတို့၏ စည်းစိမ်ဥစ္စာနှင့်ပြည့်စုံခြင်းကို ရှုမြင်လိုသော ယောနိသော မနသိ ကာရလျှင် နီးစွာသော အကြောင်းရှိ၏၊ မမွေ့လျော်မနှစ်သက်မှု ငြိမ်းခြင်းသည် ထို မုဒိတာ၏ ပြည့်စုံခြင်း မည်၏၊ ရွှင်ပျခြင်း၏အဖြစ်သည် ပျက်စီးခြင်းဝိပတ္တိမည်၏။

(၄) ဥပေက္ခာ— ရန်ကင်းသည် ဖြစ်စေသတည်း အစရှိသော ကြောင့်ကြဗျာပါရကို ပယ်ခြင်းဖြင့်ရင်း, အလယ်အလတ်သဘောရှိသည်၏အဖြစ်ဖြင့်ရင်း,အသင့်အားဖြင့် ရှုတတ်သော သဘောသည် ဥပေက္ခာမည်၏၊ ဥပေက္ခာသည် ချစ်သူ, ရန်သူ အစရှိသော သတ္တဝါတို့၌ အလယ်အလတ် လျစ်လျူရှုသော ဟုခြင်းအရာဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏၊ သတ္တဝါတို့၌ အညီအမျှအဖြစ်ကိုသာ ရှုခြင်းကိစ္စရှိ၏၊ မုန်းခြင်း, ချစ်ခြင်းကို ငြိမ်းစေခြင်းခွါခြင်းအကျိုးကိုဖြစ်စေတတ်၏၊ "သတ္တဝါတို့သည် မိမိပြုသော ကံသာ ဥစ္စာရှိကုန်၏၊ ထိုသတ္တဝါတို့သည် အဘယ်သူ၏အလိုအားဖြင့် ချမ်းသာမည်နည်း၊ ဆင်းရဲကင်းမည်နည်း၊ ကံသာလျှင် မိမိဥစ္စာရှိ၏" ဟု ရှုသော ဉာဏ်သျှင် နီးစွာသော အကြောင်းရှိ၏၊ ချစ်ခြင်း, မုန်းခြင်းတို့ကို ငြိမ်းစေခြင်းသည် ပြည့်စုံခြင်းသမ္ပတ္တိမည်၏၊ ကာမဂုဏ်ကိုမှီသော ဉာဏ်ကင်းသော ဥပေက္ခာ၏ဖြစ်ခြင်းသည် ပျက်စီးခြင်း ဝိပတ္တိမည်၏၊

မြတ်သော အနက်သဘောကြောင့်ရင်း, အပြစ်ဒေါသမရှိသည့်အဖြစ်ကြောင့်ရင်း ဗြဟ္မဝိဟာရမည်၏၊ သတ္တဝါတို့၌ ကောင်းသော အကျင့် ဖြစ်သောကြောင့် မြတ်၏၊ ဗြဟ္မာတို့သည် အပြစ်ကင်းသောစိတ်ဖြင့်ရှိနေသကဲ့သို့ မေတ္တာ စသောတရားတို့နှင့်ယှဉ်သူတို့သည်လည်း ဗြဟ္မာနှင့်တူစွာ နေကုန်၏၊ ယင်းသို့လျှင် မြတ်သော အနက်သဘော ကြောင့်ရင်း, အပြစ်ဒေါသမရှိသော အနက်သဘောကြောင့်ရင်း ထိုလေးပါးကိုဗြဟ္မဝိဟာရဆိုအပ်၏။

# အရိယ'သစ္စာ

အရိယ သစ္စာကို သိမြင်ခြင်းသည်လည်း မြတ်သော မင်္ဂလာမည်၏။

## ( ၁ )

ရဟန်းတို့ အရိယသစ္စာလေးပါးတို့ကို လျော်ကန်စွာမသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်၎င်း, သင်တို့သည်၎င်း, ရှည်လျားစွာသော ဤကာလပတ်လုံး ပြေးသွားခဲ့ရလှလေပြီ၊ ကျင်လည်ခဲ့ရလှလေပြီ။

အဘယ်လေးပါးတို့ကို နည်းဟူမူ—

ရဟန်းတို့ ဆင်းရဲအမှန် ဒုက္ခအရိယသစ္စာကို လျော်ကန်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်၎င်း, သင်တို့သည်၎င်း ရှည်လျားစွာသော ဤကာလပတ်လုံး ပြေးသွားခဲ့ရလှလေပြီ။ ကျင်လည်ခဲ့ရလှလေပြီ။

ရဟန်းတို့ ဆင်းရဲဖြစ်ကြောင်းအမှန် သမုဒယ အရိယသစ္စာကို လျော်ကန်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်၎င်း, သင်တို့သည်၎င်း ရှည်လျားစွာသော ဤကာလပတ်လုံး ပြေးသွားခဲ့ရလှလေပြီ၊ ကျင်လည်ခဲ့ရလှလေပြီ။

ရဟန်းတို့ ဆင်းရဲချုပ်ရာအမှန်နိရောဓအရိယသစ္စာကို လျော်ကန်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့်

ငါသည်ရင်း, သင်တို့သည်ရင်း ရှည်လျားစွာသော ဤကာလ ပတ်လုံး ပြေးသွားခဲ့ရလေပြီ၊ ကျင်လည်ခဲ့ရလေပြီ။

ရဟန်းတို့ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း လမ်းစဉ် အမှန် မဂ္ဂ အရိယသစ္စာကို လျော်ကန်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်ရင်း, သင်တို့သည်ရင်း ရှည်လျားစွာသော ဤကာလပတ်လုံး ပြေးသွားခဲ့ရလေပြီ၊ ကျင်လည်ခဲ့ရလေပြီ။

ရဟန်းတို့ ငါသည် ထိုဆင်းရဲ အမှန်ဒုက္ခ အရိယာသစ္စာ, ထိုဆင်းရဲဖြစ်ကြောင်း အမှန်သမုဒယ အရိယသစ္စာ, ထိုဆင်းရဲ ချုပ်ရာအမှန် နိရောဓ အရိယာသစ္စာ, ထိုဆင်းရဲချုပ်ရာသို့ ရောက် ကြောင်း လမ်းစဉ်အမှန်မဂ္ဂ အရိယာသစ္စာကို လျော်ကန်စွာသိ ပြီ ထိုးထွင်း၍ သိပြီ၊ အသင်တို့၌ တပ်မက်ခြင်း ဘဝ တဏှာကို အကြွင်းမဲ့ ဖြတ်ပြီးပြီ၊ ဘဝသစ်သို့ သွဲ့ဆောင်တတ်သော ကြိုး နှင့်တူစွာ ဘဝတဏှာသည် ကုန်လေပြီ၊ ယခုအခါ တဖန်ဘဝ သစ်၌ ဖြစ်ခြင်း မရှိတော့ပြီ။

( ၂ )

ရဟန်းတို့ ဒုက္ခအရိယသစ္စာ ဟူသည် အဘယ်နည်း—

ပဋိသန္ဓေ တည်နေခြင်းသည်လည်း ဒုက္ခတည်း၊ အိုခြင်း သည်လည်းဒုက္ခတည်း၊ သေခြင်းသည်လည်းဒုက္ခတည်း၊ စိုးရိမ်ပူ ပန်ခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, ပြင်းစွာ ပူပန်ခြင်းတို့သည်လည်း ဒုက္ခတည်း၊ မချစ်ခင် မနှစ်

သက်ဖွယ်တို့နှင့် ပေါင်းဆုံရခြင်းသည်လည်း ဒုက္ခတည်း၊ ချစ်နှစ်လိုဖွယ်တို့နှင့် ကွေကွင်းရခြင်းသည်လည်း ဒုက္ခတည်း၊ အလိုရှိသည်ကို မရခြင်းသည်လည်းဒုက္ခတည်း၊ အကျဉ်းချုပ်အားဖြင့် ဥပါဒါန်၏ အာရုံတရားစု ငါးပါးတို့သည်လည်း ဒုက္ခတို့တည်း။

ရဟန်းတို့ သမုဒယ အရိယသစ္စာသည် အဘယ်နည်း—

တဖန် ဘဝသစ်ကို ဖြစ်စေတတ်သော နှစ်သက်တပ်မက်ခြင်းနှင့်တကွ ဖြစ်သော ထိုထိုဘဝ အာရုံ၌ အလွန်နှစ်သက်ခြင်းရှိသော တဏှာတည်း၊ ထိုတဏှာသည် (၁) ကာမဘုံ၌ တပ်မက်ခြင်း ကာမတဏှာ (၂) ရူပ-အရူပဘုံတို့၌ တပ်မက်ခြင်း ဘဝတဏှာ (၃) ဥစ္ဆေဒ ဒိဋ္ဌိနှင့်တကွ ဖြစ်သော တပ်မက်ခြင်း ဝိဘဝတဏှာတို့တည်း။

ရဟန်းတို့ နိရောဓ အရိယသစ္စာသည် အဘယ်နည်း—

ထိုတဏှာ၏ သာလျှင် အကြွင်းမရှိ ကင်းချုပ်ရာ, တဏှာကိုစွန့်ရာ, တဏှာကို ဝေးစွာ စွန့်ရာ၊ တဏှာမှ လွတ်မြောက်ရာ, တဏှာဖြင့် မကပ် ငြိရာတည်း။

ရဟန်းတို့ နိရောဓ အရိယသစ္စာ ဟူသည် အဘယ်နည်း—

မြတ်သော အင်္ဂါရှစ်ပါးရှိသော ဤမဂ် အကျင့်လမ်းတည်း၊ (၁) မှန်စွာသိမြင်ခြင်း (၂) မှန်စွာကြံခြင်း (၃) မှန်စွာ ပြောဆိုခြင်း (၄) မှန်စွာပြုလုပ်ခြင်း (၅) မှန်စွာအသက်မွေးခြင်း (၆) မှန်စွာအားထုတ်ခြင်း (၇) မှန်စွာအောက်မေ့ခြင်း (၈) မှန်စွာ တည်ကြည်ခြင်းတို့ပေတည်း။

# နိဗ္ဗာန်

နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုခြင်းသည်လည်း မြတ်သော မင်္ဂလာမည်၏။

(၁)

ရဟန်းတို့ အကြင်နိဗ္ဗာန်၌ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ် မရှိ၊ အာကာသာနဉ္စာယတနစျာန်, ဝိညာဏဉ္စာယတနစျာန်, အာကိဉ္စညာယတနစျာန်, နေဝသညာနာသညာယတနစျာန်သည်လည်း မရှိ၊ ပစ္စုပ္ပန်လောက, တမလွန် လောကလည်း မရှိ၊ နှစ်ပါးစုံသော နေ့လတို့သည် မရှိကုန်၊ ထိုနိဗ္ဗာန်သည် ရှိသည်သာတည်း။

ရဟန်းတို့ ထိုနိဗ္ဗာန်၌လည်း တစုံတခုသောဘဝမှ လာခြင်းကို ငါမဆို၊ တစုံတခုသော ဘဝသို့ သွားခြင်းကိုလည်း ငါမဆို၊ ပဋိသန္ဓေအားဖြင့် ဖြစ်ခြင်းကိုလည်း ငါမဆို၊ ထိုနိဗ္ဗာန်သည် တည်ရာ မရှိ၊ ဖြစ်ခြင်းမရှိ၊ အာရုံပြုမှုမရှိသည်သာတည်း၊ ဤသဘော တရားသည်သာ ဆင်းရဲ၏ အဆုံးတည်း။

(၂)

တဏှာကင်းရာ နိဗ္ဗာန် မည်သည်ကား မြင်နိုင်ခဲသော တရားတည်း၊ မှန်၏-နိဗ္ဗာန်သည်မြင်ခြင်းငှာ လွယ်ကူသောတရား

မဟုတ်၊ နိရောဓသစ္စာကို အာရုံပြုသောအားဖြင့်, ဒုက္ခသစ္စာကို ပိုင်းခြား၍ သိသောအားဖြင့်, မဂ္ဂသစ္စာကို ပွား.သောအားဖြင့် ထိုးထွင်း၍သိသကဲ့သို့ တဏှာဟူသော သမုဒယသစ္စာကိုလည်း ပယ်သောအားဖြင့် ထိုးထွင်း၍သိအပ်၏၊ ဤသို့သစ္စာလေးပါး ကို မဂ်ပညာဖြင့် သိသူ- မြင်သူအား ကြောင့်ကြမှုမရှိနိုင်တော့ပြီ။

(၃)

ရဟန်းတို့ဖြစ်ပေါ်မှုမရှိသောထင်ရှားဖြစ်နေမှု မရှိသော စီရင်ထားမှုမရှိသော ,နိဗ္ဗာန်သည်ရှိ၏၊ ရဟန်းတို့ထိုနိဗ္ဗာန်သည် အကယ်၍မရှိပါမူဤလောကဥ်ဖြစ်ပေါ်လာမှု,ထင်ရှားဖြစ်နေမှု, ပြုလုပ်ထားမှု, စီရင်ထားမှုသဘောရှိသော ခန္ဓာပဉ္စကမှ ထွက် မြောက်ရာသည် မထင်ရှားရာ၊ ရဟန်းတို့ ဖြစ်ပေါ်လာမှု မရှိ သော, ထင်ရှားဖြစ်နေမှုမရှိသော, ပြုလုပ်ထားမှုမရှိသော,စီရင် ထားမှုမရှိသောနိဗ္ဗာန်သည် ရှိသောကြောင့်သာ ဖြစ်ပေါ်လာမှု, ထင်ရှားဖြစ်နေမှု, ပြုလုပ်ထားမှု, စီရင်ထားမှု ခန္ဓာပဉ္စကမှထွက် မြောက်ရာသည် ထင်ရှား၏။

(၄)

ရုပ်အစရှိသော သင်္ခါရဥ်တဏှာဒိဋ္ဌိတို့ဖြင့်မှီသောသူအား တဏှာဒိဋ္ဌိတို့ဖြင့်လှုပ်၏၊မမှီသောသူအား တုန်လှုပ်မှုမရှိ၊ တုန်လှုပ် မှုမရှိသော် ငြိမ်းအေး၏၊ ငြိမ်းအေးမှုဖြစ်သော် ညွတ်မှုတဏှာ

မဖြစ်၊ တကျော့မရှိသော် ပဋိသန္ဓေအားဖြင့် ဤဘဝသို့လာခြင်း, စုတေခြင်းဖြင့် ထိုဘဝသို့သွားခြင်းမဖြစ်၊ လာခြင်း,သွားခြင်း မရှိသော် စုတေခြင်း,ပဋိသန္ဓေနေခြင်း မဖြစ်၊ စုတေခြင်း, ပဋိသန္ဓေနေခြင်းမရှိသော် ဤမျက်မှောက်ဘဝ၌ရင်း, တမလွန်ဘဝ၌ရင်း, နှစ်ပါးစုံဘဝ၌ရင်း ဖြစ်တော့မည်မဟုတ်၊ ဤသည်လျှင် ဆင်းရဲ၏ အဆုံးတည်း။

( ၅ )

ရဟန်းတို့ နိဗ္ဗာန ဓါတ်တို့သည် ဤ နှစ်ပါးတို့တည်း။

အဘယ် နှစ်ပါးတို့နည်းဟူမူ—

ခန္ဓာငါးပါး အကြွင်းရှိသော သဉပါဒိသေသ နိဗ္ဗာန ဓါတ်, ခန္ဓာငါးပါးအကြွင်း မရှိသော အနုပါဒိသေသ နိဗ္ဗာန ဓါတ်တို့တည်း။

ရဟန်းတို့ သဉပါဒိသေသ နိဗ္ဗာန ဓါတ် ဟူသည် အဘယ်နည်း—

ရဟန်းတို့ ဤသာသနာ၌ ရဟန်းသည် ပူဇော်အထူးကို ခံထိုက်သူ, အာသဝေါ ကုန်ခန်းသူ, အကျင့်မြတ်ကို ကျင့်သုံးပြီးသူ, ကိစ္စပြုပြီးသူ, ခန္ဓာဝန်ကိုချပြီးသူ, မိမိအကျိုးသို့ ရောက်ပြီးသူ, ဘဝသံယောဇဉ်ကုန်ပြီးသူ, ကောင်းစွာသိ၍ လွတ်မြောက်သူဖြစ်၏၊ ထိုရဟန္တာပုဂ္ဂိုလ်အား ဣန္ဒြေငါးပါးတို့တည် ရှိကုန်သည်သာလျှင်တည်း၊ ထိုရဟန္တာပုဂ္ဂိုလ်သည် ယင်းဣန္ဒြေ ငါးပါးတို့၏ မချုပ်သေးသောကြောင့်ပင် နှစ်သက်ဖွယ်, မနှစ်သက်

ဖွယ် အာရုံကို ခံစား၏၊ ချမ်းသာ, ဆင်းရဲကို ခံစား၏ ထိုရဟန္တာ ပုဂ္ဂိုလ်အား ဤရာဂ, ဒေါသ, မောဟ ကုန်ခန်းမှုကိုပင် ခန္ဓာငါးပါး အကြွင်းရှိသော သဉပါဒိသေသနိဗ္ဗာနဓာတ်ဟုဆိုအပ်၏။

ရဟန်းတို့ အနုပါဒိသေသ နိဗ္ဗာနဓာတ်ဟူသည် အဘယ်နည်း—

ရဟန်းတို့ ဤသာသနာ၌ ရဟန်းသည် ပူဇော်အထူးကို ခံထိုက်သူ, အာသဝေါကုန်ခန်းသူ, အကျင့်မြတ်ကို ကျင့်သုံးပြီးသူ, ကိစ္စပြုပြီးသူ, ခန္ဓာဝန်ချပြီးသူ, မိမိအကျိုးသို့ ရောက်ပြီးသူ, ဘဝသံယောဇဉ် ကုန်ပြီးသူ, ကောင်းစွာသိ၍ လွတ်မြောက်သူဖြစ်၏၊ ဤအတ္တဘော၌ပင် ထိုရဟန္တာပုဂ္ဂိုလ်အား ခံစားမှုဝေဒနာအားလုံးတို့သည် ရာဂစသည်တို့ဖြင့် မနှစ်သက်အပ်ကုန်မူ၍ တဖန်မဖြစ်သောအားဖြင့် ငြိမ်းအေးလိမ့်မည်၊ ရဟန်းတို့ ဤခံစားမှုဟူသမျှတို့၏ တဖန်မဖြစ်သောအားဖြင့် ငြိမ်းချမ်းမှုကိုပင် ခန္ဓာအကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာန ဓာတ် ဟု ဆိုအပ်၏။

ရဟန်းတို့ နိဗ္ဗာနဓာတ်တို့သည် ဤနှစ်ပါးတို့သည်း။

# ဖုဋ္ဌဿ

## ပါဠိ

ဖုဋ္ဌဿ လောကဓမ္မေဟိ
စိတ္တံ ယဿ န ကမ္ပတိ
အသောကံ ဝိရဇံ ခေမံ
ဧတံ မင်္ဂလ မုတ္တမံ။

## နိဿယ

| | |
|---|---|
| ဒေဝပုတ္တ | —နတ်သား |
| ယော | —အကြင် ပုဂ္ဂိုလ်သည် |
| လောကဓမ္မေဟိ | —လောကဓံတရား ရှစ်ပါးတို့နှင့် |
| ဖုဋ္ဌဿ | —တွေ့သည် |
| အဿ-ဟောတိ | —ဖြစ်၏၊ |
| အဿ | —ထိုပုဂ္ဂိုလ်၏ |

| | |
|---|---|
| စိတ္တံ | —စိတ်သည် |
| နုကမ္ပတိ | —မတုန်-မလှုပ်, |
| အသောကံ | —စိုးရိမ်ခြင်းလည်းမရှိ, |
| ဝိရဇံ | —ရမက်ဟူသော မြူလည်းမရှိ, |
| ခေမံ | —ဘေးလည်းမရှိ |
| ဧတံ | —ဤလေးပါးသော တရားသည် |
| ဥတ္တမံ | —မြတ်သော |
| မင်္ဂလံ | —မင်္ဂလာ မည်၏။ |

## လင်္ကာ

ရွှေငွေရောင်ရှိန်၊ ဝင်းဝင်းထိန်သား
မြတ်ဝတိန်သာ၊ နတ်တို့ရွာက
ဣန္ဒာ ဒေဝ၊ မာဃတမန်
မောင်နဘ်မှန်—

ပြောင်းပြန်ရောနှော၊ အလာဘောနှင့်
လာဘောတူကွ၊ အယသနှင့်
ယသ မှတ်ကြံ၊ သုခံ-ဒုက္ခ
နိန္ဒ-ပသံသာ၊ ရှစ်ဖြာလောကဓံ
ဆက်ဆံ ရစ်ငွေ့၊ ကြုံလေတွေ့လည်း
ခါ၍ မခုန်၊ မတုန်-မလှုပ်

စောင့်ချုပ်မယိမ်း၊ မတိမ်း မပြို
ထိုပုဂ္ဂိုလ်၏၊ နကိုယ်တည်ကြည့်
စိတ်မြတ်သည့်လည်း၊ တမည်မင်္ဂလာ၊

ရောက်ရာရောက်ဆစ်၊ ဘေးရန်ဖြစ်လည်း
မညစ်-မညှိုး၊ မစိုး-မရိမ်
ချမ်းငြိမ်ပေသူ၊ စိတ်ကိုမူလည်း
ဖြူသည် မင်္ဂလ၊ မှတ်လေရာ၏,

တဏှာတပ်ချက်၊ ရမက်ကွာကင်း
ထို အခြင်းလည်း၊ သန့်ရှင်းမင်္ဂလ,

ဘေးမှကွာ၍၊ ချမ်းသာရဟန်
နိဗ္ဗာန်ရသူ၊ နတ်လူပြဟွာ
မင်္ဂလာမည်ရ—

မြတ်တပိုင်းခြား၊ ဤလေးပါးကို
ယုံမှားကင်းလွတ်၊ စိတ်နေညွတ်လျက်
လွန်မြတ်လှစွာ၊ မင်္ဂလာဟု
သဒ္ဓါကဲလွန်၊ နတ်တမန်သည်
မှန်မှန်စွဲမှတ်-ပါလေလော၀်၊

# လောကဓံတရား

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်တို့သည် ဆွေမျိုးတို့၏ ပျက်စီးခြင်းဖြင့် တွေ့ကြုံသော်၎င်း, စည်းစိမ်ပျက်စီးခြင်းဖြင့် တွေ့ကြုံသော်၎င်း အနာရောဂါဟူသော ပျက်စီးခြင်းဖြင့်၎ တွေ့ကြုံသော်၎င်း–"(၁) လာဘ်ရခြင်း (၂) လာဘ်မရခြင်း (၃) အခြံအရံရှိခြင်း (၄) အခြံအရံ မရှိခြင်း (၅) ကဲ့ရဲ့ခြင်း (၆) ချီးမွမ်းခြင်း (၇) ချမ်းသာခြင်း (၈) ဆင်းရဲခြင်း – လောကဓံတရား ရှစ်ပါးတို့သည် လောကသို့ အစဉ်လိုက်ကုန်၍ လောကသည်လည်း လောကဓံတရား ရှစ်ပါးသို့ အစဉ်လိုက်သော အခြင်းအရာ အားဖြင့် သာလျှင် လောက၌ နေထိုင်ခြင်း, အတ္တဘောကို ရခြင်းသည် ဖြစ်၏" ဟု ဆင်ခြင်၏၊ ထိုပုဂ္ဂိုလ်သည် ဆွေမျိုးတို့၏ ပျက်စီးခြင်းဖြင့် တွေ့ကြုံသော်၎င်း, စည်းစိမ်ပျက်စီးခြင်းဖြင့် တွေ့ကြုံသော်၎င်း,အနာရောဂါဟူသော ပျက်စီးခြင်းဖြင့် တွေ့ကြုံသော်၎င်း, မစိုးရိမ်၊ မပင်ပန်း၊ မငိုကြွေး ရင်ဘတ်စည်တီး မြည်တမ်း ပြင်းစွာတွေဝေခြင်းသို့ မရောက်။

ရဟန်းတို့ သေးရန်တို့၌ အစွမ်းကိုသိနိုင်၏၊ သိုအစွမ်းကိုလည်းကြာမြင့်မှသာ သိနိုင်၏၊ ခဏဘဖြုတ်ဖြင့်ကား မသိနိုင်၊ နှလုံးသွင်းသူသည်သာ သိနိုင်၏၊ နှလုံးမသွင်းသူကား မသိနိုင်၊ ပညာရှိသူသာ သိနိုင်၏၊ ပညာမရှိသူကားမသိနိုင်။

## မတုန့်-မလှုပ်

လောကဓံတရားတို့နှင့် တွေ့ကြုံသော်လည်း မတုန်လှုပ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

အခါတပါးမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ ရှင်သာရိပုတြာနှင့် ရှင်မဟာမောဂ္ဂလာန်တို့သည် ကပေါတ ကန္ဒရမည်သောကျောင်း၌နေကြ၏၊ ထိုအခါဆံပင်ရိတ်ပြီးစဖြစ်သောရှင်သာရိပုတြာသည် လဆန်းပက္ခညဥ့်အခါတွင် လွင်တီးခေါင်၌ သမာဓိဝင်စားနေ၏။

ထိုအခါ ဘီလူးသူငယ်ချင်းနှစ်ယောက်တို့သည် မြောက်အရပ်မှ တောင်အရပ်သို့ ပြုဖွယ်ကိစ္စတခုဖြင့် သွားကြစဉ်ရှင်သာရိပုတြာကို မြင်ကြ၏၊ ထိုအခါ ဘီလူးတယောက်က "မိတ်ဆွေ ငါသည် ဤရဟန်း၏ဦးခေါင်းကို ရိုက်လို၏"—ဟုဆို၏။

အဖော်ဘီလူးက—"မိတ်ဆွေ မသင့် ရဟန်းကိုမရိုက်ပါလင့်၊ ထိုရဟန်းသည် မြင့်မြတ်လှ၏၊ တန်ခိုး အာနုဘော်ကြီးလှပေ၏"—ဟု တားမြစ်သော်လည်း မနာယူဘဲ ရှင်သာရိပုတြာ၏ ဦးခေါင်းကိုရိုက်၏။

ထိုအခါ ရှင်မောဂ္ဂလာန်သည် ဒိဗ္ဗစက္ခုဖြင့် မြင်၍ရှင်သာရိပုတြာထံသို့ ချဉ်းကပ်လျက်—"ငါ့ရှင် သင် ခန္ဓာကျန်းပါ၏လော၊မျှတပါ၏လော၊ သင့်အား တစုံတခုသော ဆင်းရဲမရှိပါ၏လော"—ဟု မေး၏။

"ငါ့ရှင် မောဂ္ဂလာန် ငါ ခန့်ကျန်းပ၏၊ မျှတပါ၏၊ သို့ရာတွင် ငါ၏ဦးခေါင်း၌ အနည်းငယ် နာ ကျင် သကဲ့ သို့ ဖြစ်၏"—ဟုဆို၏။

"ငါ့ရှင် သာရိပုတြာ အံ့ဩဖွယ် ရှိပါပေ၏၊ ယခုနေ့ သင့်အား ဘီလူးတယောက်သည် ဦးခေါင်းကိုရိုက်၏၊ အလွန် ပြင်းထန်လှ၏။"

"ငါ့ရှင် မောဂ္ဂလာန် အံ့ဩဖွယ်ရှိပါပေ၏၊ သင်သည် ဘီလူးကိုမူလည်း မြင်နိုင်၏၊ ငါတို့မူကား မြေဘုတ်ကိုမျှလည်း မမြင်။"

မြတ်စွာဘုရားသည် ဒိဗ္ဗသောတ နားဖြင့် ထိုအရှင်နှစ်ပါး၏စကားကိုကြား၍—

"အကြင်ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် ကျောက်တောင် ကဲ့သို့တည်၏၊ မတုန်လှုပ်၊ တပ်စွန်းဖွယ် အာရုံတို့၌ တပ်ခြင်း ကင်း၏၊ အမျက်ထွက်ဖွယ် အာရုံတို့၌ အမျက်မထွက်၊ အကြင် ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် ဤသို့ ပွားများပြီးဖြစ်၏၊ ယင်းသို့ သောပုဂ္ဂိုလ်သို့ ဆင်းရဲသည် အဘယ်မှာ ကပ်ရောက်နိုင်ပါမည် နည်း"ဟု ဥဒါန်းကျူးရင့်တော်မူ၏။

# ရမက်မြူမရှိ

လောကဓံတရားနှင့် တွေ့ကြုံသော်လည်း ရမက်မြူမရှိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြတ်စွာဘုရားသည် ရဟန်းသံဃာအများနှင့် ကောသမ္ဗီပြည်သို့ ဒေသစာရီလှည့်လည်တော်မူ၏၊ ထိုအခါ မာဂဏ္ဍိပုဏ္ဏားသည် မြတ်စွာဘုရားအား-“အိုသမဏဂေါတမ သင့်ကို စောစောကပင် လှည့်လည် ရှာဖွေနေပါသည်၊ ဤဇမ္ဗူဒိပ်ကျွန်းတွင် ငါ၏သမီးနှင့်ရုပ်အဆင်းတူညီသော သတို့သမီးတစုံတယောက်မျှ မရှိပါ၊ ထို့အတူ သင်နှင့် ရုပ်အဆင်းတူညီသော သတို့သားလည်း ဤဇမ္ဗူဒိပ်ကျွန်းတွင် တစုံတယောက်မျှ မရှိပါ၊ သို့ကြောင့် သင်သည် အလုပ်အကျွေးအဖြစ် ငါ၏သမီးကိုလက်ခံပါလော”-ဟုဆို၏။

ထိုအခါ မြတ်စွာဘုရားက- “တဏှာ, အရတီ, ရဂါကို တွေ့မြင်လျက် မေထုန်မှု၌ အလိုဆန္ဒမျှ မဖြစ်ခဲ့ပါ၊ ကျင်ကြီးကျင်ငယ်တို့ပြည့်လျှံနေသော ဤသတို့သမီးကိုမြင်ရ၍ အဘယ်မှာ အလိုဆန္ဒဖြစ်ပါမည်နည်း၊ ဤသတို့သမီးကို ခြေဖြင့်သော်လည်း ထိရန် အလိုဆန္ဒ မြူမျှမရှိပါ-”ဟုဆို၏။

ဤသို့ မြတ်စွာဘုရား၏ ငြင်းပယ်သော စကားကို ကြားရသောအခါ မာဂဏ္ဍိပုဏ္ဏား၏သမီးကညာ မာဂဏ္ဍီသည် မြတ်စွာဘုရားအား ရန်ငြိုးဖွဲ့သွား၏၊ နောင်၌ ကောသမ္ဗီပြည့်ရှင် ဘုရင်ဥဒေနမင်း၏မိဘုရားဖြစ်သောအခါ၌ သေသောက်ကြူး

တို့ ရဟန်းဂေါတမ အရှက်တကွဲ အကျိုး နဲ ဖြစ်စေရန် ပြု လုပ်စေ၏။

သေသောက်ကြူးတို့သည် ရဟန်းသံဃာများနှင့်တကွ မြတ်စွာဘုရား မြို့တွင်းသို့ ဆွမ်းခံဝင်သောအခါ အထူးထူး အပြားပြား ကြမ်းတမ်းသောစကားတို့ကိုပြောဆိုခြင်း, ဆဲရေး ခြင်း, လမ်းခရီး ပိတ်ဆို့ခြင်း စက်ဆုတ်ဖွယ် အညစ်အကြေး တို့ဖြင့် ပစ်ပေါက်ခြင်း အစရှိသော နှောက်ရှက်မှုတို့ကိုအစဉ် တစိုက်လိုက်၍ပြုကြ၏၊ ထိုသူတို့သည် တနေရာသာမဟုတ်၊နေရာ တကာမှာလိုက်၍နှောက်ရှက်နေကြ၏၊ တနေ့သာမဟုတ် နေ့စဉ် ရက်ဆက် နှောက်ရှက်ဖျက်ဆီးနေကြ၏။

ထိုအခါ ရှင်အာနန္ဒာက– "မြတ်စွာဘုရား ဤကောသမ္ဗီပြည်တွင် သေသောက်ကြူးတို့ သောင်းကြမ်းလှပါသည်၊ အရပ်တပါးသို့ သွားကြပါအံ့"–ဟု မြတ်စွာဘုရား လျှောက် ကြား၏။

"အာနန္ဒာ တထာဂတတို့မည်သည် လောကဓံတရား ကြောင့် တုန်လှုပ်ချောက်ခြားခြင်းမရှိကြပါ၊ သင်မစိုးရိမ်လင့်၊ ဤယခုဆဲရေးကြသော အသံသည် ခုနစ်ရက်ထက် လွန်နိုင်မည် မဟုတ်ပါ–"ဟု တည်ငြိမ်စွာမိန့်ကြားတော်မူလေသည်။

# မစိုးရိမ် မကြောက်ရွံ့

လောကဓံတရားနှင့် တွေ့ကြုံရသော်လည်း မစိုးရိမ်ခြင်း မကြောက်ရွံ့ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြတ်စွာဘုရားသည် သူကြွယ် တဦးယောက်အား မစိုးရိမ်တရား ဤသို့ဟောကြားတော်မူ၏—

"ချစ်ခင်မှုကြောင့် စိုးရိမ်မှုဖြစ်ရ၏၊ ချစ်ခင်မှုကြောင့် ကြောက်ရွံ့မှုဖြစ်ရ၏၊ချစ်ခင်မှုမှ လွတ်ကင်းသောသူအား အဘယ်မှာစိုးရိမ်မှု, ကြောက်ရွံ့မှု ရှိတော့အံ့နည်း"

မြတ်စွာဘုရားသည် ဝိသာခါ ကျောင်းအမကြီးအား မစိုးရိမ်တရား ဤသို့ဟောကြားတော်မူ၏—

"မြတ်နိုးမှုကြောင့် စိုးရိမ်မှုဖြစ်ရ၏၊ မြတ်နိုးမှုကြောင့် ကြောက်ရွံ့မှုဖြစ်ရ၏၊ မြတ်နိုးမှုမှ လွတ်ကင်းသော သူအား အဘယ်မှာစိုးရိမ်မှု, ကြောက်ရွံ့မှုရှိတော့အံ့နည်း။"

မြတ်စွာဘုရားသည် လိစ္ဆဝီမင်းအား မစိုးရိမ်တရား ဤသို့ ဟောကြားတော်မူ၏-

"မွေ့လျော်မှုကြောင့် စိုးရိမ်မှု ဖြစ်ရ၏၊ မွေ့လျော်မှုကြောင့် ကြောက်ရွံ့မှုဖြစ်ရ၏၊မွေ့လျော်မှုမှ ကင်းလွတ်သောသူအား အဘယ်မှာစိုးရိမ်မှု, ကြောက်ရွံ့မှုရှိတော့အံ့နည်း။"

မြတ်စွာဘုရားသည် အနိတ္ထိဂန္ဓမင်းသားအား မစိုးရိမ်တရားဤသို့ ဟောကြားတော်မူ၏-

"ကာမကြောင့် စိုးရိမ်မှုဖြစ်ရ၏၊ ကာမကြောင့် ကြောက်ရွံ့မှုဖြစ်ရ၏၊ ကာမမှ လွတ်ကင်းသောသူအား အဘယ်မှာစိုးရိမ်မှု, ကြောက်ရွံ့မှုရှိတော့အံ့နည်း။"

မြတ်စွာဘုရားသည် ပုဏ္ဏားတယောက်အား မစိုးရိမ်တရား ဤသို့ဟောကြားတော်မူ၏–

"တဏှာကြောင့် စိုးရိမ်မှု ဖြစ်ရ၏၊ တဏှာ ကြောင့် ကြောက်ရွံ့မှုဖြစ်ရ၏၊တဏှာမှ လွတ်ကင်းသောသူ အား အဘယ်မှာ စိုးရိမ်မှု, ကြောက်ရွံ့မှုရှိတော့အံ့နည်း။"

## ကွဲရဲ-ချီးမွမ်း

အခါတပါး မြတ်စွာဘုရားသည် ရဟန်းများနှင့်အတူ ရာဇဂြိုဟ်နှင့် နာလန္ဒာမြို့အကြား ဒေသစာရီ ကြွသွား၏၊ ထိုအခါ သုပ္ပိယပရိဗိုဇ်လည်း တပည့် ဗြဟ္မဒတ္တလုလင်နှင့် အတူ ထိုခရီးပင် သွားလျက်ရှိ၏၊သုပ္ပိယသည်မြတ်စွာဘုရားနှင့် သံဃာတို့၏နောက်မှလိုက်လျက်ဘုရား,တရား,သံဃာ,ရတနာသုံးပါး၏ဂုဏ်ကျေးဇူးမဲ့ အပြစ်များကိုပြောကြား၏၊ ယင်းသို့ရတနာသုံးပါး၏အပြစ်များ အချည်းနှီးပြောကြားခြင်းကို ရဟန်းသံဃာများ မနှစ်မသက်ဖြစ်ကြ၏၊ သို့ဖြင့်အမ္ဗလဋ္ဌိကာ ဥယျာဉ်သို့ ရောက်သောအခါ မြတ်စွာဘုရားသည် ယင်းကိစ္စနှင့် စပ်သျဉ်း၍ ဤသို့ဟောကြားတော်မူ၏—

ရဟန်းတို့ ဆန့်ကျင်ဘက်ကို လိုလားသူတို့သည် ဘုရား တရား သံဃာ၏ အပြစ်ကို ပြောကြလျှင် ထိုပြောသူ အပေါ်၌ အာဃာတမထားကြနှင့်၊ မနှစ်-မသက်သောအပြုအမူကို မပြုကြနှင့်၊ စိတ်မပျက်ကြနှင့်။

ရဟန်းတို့ထိုပြောသူအပေါ်၌သင်တို့အာဃာတထားကြ, မနှစ်သက်ကြ, စိတ်ပျက်ကြလျှင် သင်တို့မှာသာ ဈာန်မဂ်ဖိုလ် တရား၏အန္တရာယ်ဖြစ်ဖွယ်ရှိသည်။

ရဟန်းတို့ ထိုအပြစ်ပြောသူအပေါ်၌ သင်တို့အမျက်-ဒေါသဖြစ်နေလျှင် စကားအကောင်းအဆိုးကိုပင် ခွဲခြား၍ သိနိုင်ပါဦးမည်လော၊ သူ့စကားကို စဉ်းစားဝေဘန် နိုင်ပါဦး မည်လော။

ရဟန်းတို့ ထိုသို့အပြစ်ပြောရာ၌ မဟုတ်-မမှတ်ကြောင်း, ထိုသူတို့ပြောသော အပြစ်မရှိကြောင်း ဖြေရှင်းကြရမည်။

ရဟန်းတို့ ရတနာသုံးပါးကို ကြည်ညိုသူတို့သည် ဘုရား, တရား,သံဃာ၏ ဂုဏ်ကျေးဇူးကို ပြောကြလျှင်လည်း ထိုသို့ပြော ခြင်းကြောင့် သင်တို့သည် နှစ်သက်ရွှင်ပျသော အမူအရာကို မပြု ကြနှင့်၊ ဝမ်းသာအားရမဖြစ်ကြနှင့်၊ စိတ်တက်ကြွပြီးပေါ်လွင်မှု ကို မပြုကြလင့်။

ရဟန်းတို့ သူတပါးတို့က ရတနာသုံးပါး၏ ဂုဏ်ကျေးဇူး ကို ပြောခြင်းကြောင့် သင်တို့နှစ်သက်ရွှင်ပျ ဝမ်းမြောက်လှ၍ စိတ်တက်ကြွနေလျှင် သင်တို့သာလျှင် ဈာန်မဂ်ဖိုလ်၏ အန္တရာယ် ဖြစ်ဖွယ်ရှိသည်။

ရဟန်းတို့ သူတပါးတို့က ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ပြောခြင်းကြောင့် သင်တို့နှစ်သက်ရွှင်ပျ ဝမ်းမြောက်လှရှိ တက်ကြွနေပါလျှင် စကားအကောင်းအဆိုးကိုခွဲခြားသိနိုင်ပါဦးမည်လော။

ရဟန်းတို့ သူတပါးတို့က ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးစကားကို ပြောကြလျှင် ဟုတ်မှန်ကြောင်းကိုကား ထောက်ခံထောက်ခံပြောကြားနိုင်သည်။

## အနန္တ သူရိယ

သရက္ကဇ် ၅၃၆-ခုနှစ်တွင်ပုဂံပြည်၌နရပတိစည်သူသည်နောင်တော်မင်းယဉ်နရသိခ်ကို လုပ်ကြံ၍နန်းတက်၏၊ ထိုအခါ "နောင်တော်၏ အထိန်းတော်သား အနန္တသူရိယကိုလည်း ဖမ်း၍သတ်လေ-" ဟု သူသတ်တို့အားအပ်၏။

အနန္တသူရိယသည် သေရမည်ကို တုန်လှုပ်ခြင်း, စိုးရိမ်ခြင်း, ကြောက်ရွံ့ခြင်းအလျဉ်းမရှိဘဲ သတ်စေသော နရပတိစည်သူမင်းအားပင် လောကဓံတရား ဟောကြားသွားလေသည်-

သူတည်းတယောက်၊ ကောင်းဘို့ရောက်မူ
သူတယောက်မှာ၊ ပျက်လင့်ကာသာ
ဓမ္မတာတည်း——— ။

ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ
မတ်ပေါင်းချံလျက်၊ ပျော်စံရိပ်ငြိမ်
စည်းစိမ်မကွာ၊ မင်းချမ်းသာကား
သမုဒ္ဒရာ၊ ရေချက်နှာထက်
ခဏာကွက်သည့်၊ ရေပွက်ပမာ
တသက်လျှာတည်း—။

ကြင်နာသနား၊ ငါ့အားမသက်
ယခုလွှတ်လည်း၊ လွှတ်ကြမ္မာ
လူတကာတို့၊ ခန္ဓာခိုင်ကျည်
အတည်မမြဲ၊ ဖောက်လွဲတတ်သည်
မချွတ်စသာ၊ သတ္တဝါတည်း။

ရှိခိုးကော်ရော်၊ ပူဇော်အကျိုး
ပန်ခဲ့တုံ၏၊ ခိုက်ကြုံ ဝိပါက်
သံသာစက်၌၊ ကြိုက်သက်တွန်းမှု
တုံ့မသူလို၊ ကြည်ညို စိတ်သန်
သခင်မှန်ကို၊ ချန်ဘိစင်စစ်
အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏
သွားသည့်အနိစ္စ၊ ငါ့ခန္ဓာတည်း။ ။

# ဟံသာဝတီပါမင်း

၁၁၁၃-ခုနှစ်တွင် မွန်တို့ တက်၍ တိုက်သဖြင့် အင်းဝ ပြည်ကြီး ပျက်၏၊ ထိုအခါ မွန်တို့သည် အင်းဝဘုရင် မဟာဓမ္မ ရာဇာဓိပတိ မင်းကိုလည်း မိဘုရား, အခြွေအရံ လက်နက်, ဆင် မြင်း, ပစ္စည်းဥစ္စာ ဘဏ္ဍာများပါ သိမ်းကျုံး ဖမ်းယူသွား၏၊ သုံးနှစ်ခန့် ဟံသာဝတီ နေပြည်တော်၌ သုံ့ပန်းအဖြစ် ထားပြီး နောက် သက္ကရာဇ် ၁၁၁၆-ခု တွင် မြန်မာဘုရင်သည် မသင့် သော အကြံအစည်ကို ကြံစည်သည်ဟု မင်းနှင့်တကွ မိဘုရား, သားတော်, သမီးတော်, မှူးမတ် အချို့ကိုပါ ရေတွင်ချ၍ သတ်၏၊ ၎င်းသို့ရာတွင် အင်းဝမင်းသည် တုန်လှုပ် ချောက်ချားခြင်း အလျဉ်းမရှိဘဲ သေရအံ့ဆဲဆဲမှာ အနှစ်သာရ ပြည့်ဝသော ကဗျာ ကို စပ်ဆိုသွားလေသည်—

( ၁ )

ပုဂ္ဂိုလ်ခြောက်မည်၊ သန္ဓေတည်သား<br>
ဉာဏ်သည် ပရိတ်၊ ရှစ်ဆယ်စိတ်တွင်<br>
ခု- တိတ်- နောင်လျဉ်၊ သံခယာဇဉ်လည်း<br>
အယဉ် စီစီ၊ တိထီသာခန်း<br>
ပျော်မမြန်းခဲ့၊ တဆန်းကျူးလွန်<br>
ဘုံသုံးတန်တွင်၊ နှိုင်းရန်တူကြောင်း

ရွှေးချယ်ပေါင်းသော်၊ သောင်းကလွှတ်ခွါ
ရာကားကင်းဝေး၊ ကိုးယောက်ရွေးလျှင်
ရှင်ထွေးလှုံခေါင်၊ လှုတန်ဆောင်သည့်
ရှင်အောင်ကိုသာ-လွှမ်းမိခဲ့။

( ၂ )

ထုတ်ဆိုဆောက်တည်၊ ခန်ငါးမည်လည်း
အတည်မမြဲ၊ လွန်ဆင်းရဲစွ
စိုးကဲမသာ၊ ဤကာယာမူ
ဖန်ရာဆင်ခြင်၊ ဌသို့တင်လည်း
ဘင်သာမရောက်၊ တတောက်တက်တက်
တသက်သက်တည့်၊ မွန်းချက်ဦးတင်
သုံ့ခွင်မိုက်မှောင်၊ လေးမည်ရောင်လည်း
ရာ-ထောင် ဆကာ၊ မနူန်းသာသား
ဝိဇ္ဇာယှက်မြှေး၊ ယိုသည့်ဘေးကြောင့်
တုန်အေးသည်းတွင်း၊ ခြင်ဆိချင်းမျှ
ပျံ့သင်း မရှင်၊ ရှိသည်ပင်ကို
နှောင်းမြင်ငြိမ့်ရှန်း၊ လှုတုကျွန်းသား
သုံးခန်းခေတ္တ၊ စံတိုင်းပသည်
ရှင်ယျကိုသာ—တမ်းမိခဲ့။

( ၃ )

နှုတ်ချိုလျှောက်မည်၊ ကြံမိသည်ကြောင့်
ရွှေပြည်ဘုံစွန်၊ နိဗ္ဗာန်ကိုပင်
မလိုချင်သေး၊ ရှင်ထွေးလှလွန့်
လှတန်ခွန့်၏၊ ကျူးလွန်ချိုသာ
သြဇာရွှေနန်း၊ ကြိုင်ကြိုင်မွှန်းကို
ဦးစွန်းထိပ်ပြင်၊ ကောင်းစွာဆင်၍
ရွှေရင်တော်ငွေ့၊ လှုံရ၍လျှင်
မမေ့ရလို၊ဆက်ကဲတိုင်းကိုယ်ဟု
ဘဆိုလျှောက်မည်၊ ကြံမိသည်ကြောင့်
ရွှေရည်ဦးသစ်၊ ဝံသော်ညစ်လိမ့်
ဘင်ပြစ်ကင်းဝေး၊ကိုးယောက်ရှေးလျှင်
ရှင်ထွေးလှခေါင်၊ လှရှင်အောင်ကို
ရည်ဆောင်လွန်ကျူး၊ မရှန်မြူးသည်
ရှင်ဦးကိုသာ—ယမ်းမိခဲ့။

# လက်ဖွဲ့

ရှေးလူတို့သည်လာဘ်လာဘရရှိရေး, အခြံအရံများပြားရေး, လူအများချီးကျူးရေး, ချမ်းသာရေးတို့ကို ရရှိရန်အတွက် ညှိဖုဋ္ဌသဂါထာကို ဦးခံပြီး အမြဲမပြတ်ရွတ်ဖတ်သရဇ္ဈာယ်ကြ၏၊ သို့ဖြင့် ပစ္စည်းဥစ္စာရရှိခြင်း, အခြံအရံများခြင်း, လူအပေါင်းတို့ ကောင်းစွာ ချီးကျူးခြင်း, ချမ်းသာခြင်းတို့ ရသည်ဟု ယုံကြည်ကြ၏၊ အချို့ကလည်း ယင်းဂါထာကို ခေါက်ပါ၍တိုင်း ရွှေပြား၊ သို့မဟုတ် ငွေပြားတွင် မျဉ်းသွားကာ ရေးချ၍ အမြဲဆောင်ထားကြ၏၊ သို့ဖြင့် အလိုရှိအပ် သောင့်တာ အပ်ခံသော အကျိုးပြီးမြောက်၍ သိဒ္ဓိပေါက်နိုင်သည်ဟု မိန့်ဆိုကြပါသည်၊ စင်စစ်ယင်း လက်ဖွဲ့ကို နေ့စဉ် ၁၂ အုပ် ဦးခံမန်းသော် ရပါသည်၊ သို့မှအစဉ်သဖြင့် သိဒ္ဓိမင်္ဂလာတည်မြဲနေမည်ဖြစ်၏၊ ထို့နောက် အလိုရှိသလို အသုံးချနိုင်ပါပြီ၊ သို့သော်လည်း ပြစ်ကင်းသော အမှုကိစ္စမျိုးသာ ဖြစ်ရပါမည်။

| | | | | | |
|---|---|---|---|---|---|
| | ☆ မံ | ဿ | ဝိ | စိ | |
| ဋ္ဌ | ကံ | မု | မ္ပ | လော | ရ |
| တ္တ | က | ☆ ဖု | ဟိ | လ | တ္တံ |
| သော | မ္မေ | တိ | ဧ | ဇံ | က |
| န | တံ | ခေ | ဓ | ယ | င်္ဂ |
| | အ | ဿ | မ | မံ | |

အင်းကွက်တွင်းသို့ အင်းဆန် အက္ခရာများကို ဖုဋ္ဌဿ လောကဓမ္မေဟိ အစရှိသော ဂါထာကိုအစဉ်အတိုင်း ဖုမှမံအထိ မမှား- မယွင်းစေဘဲ သွပ်သွင်း ရ ပါ မည်၊ အစနှင့် အဆုံးကို ကြယ်ပွင့် အမှတ်အသားပြထားပါသည်၊ အက္ခရာတို့ကို ပီသမှန်ကန်စွာ ရွတ်ဆိုပြီး ပီသမှန်ကန်စွာ ရေးရပါမည်၊ အင်းဆန်မှာ မံနှင့် စပြီး မံနှင့် ပိတ်ထားသည်ကို သတိပြုပါ။

# ဧတာဒိသာနိ

## ပါဠိ

ဧတာဒိသာနိ ကတွာန
သဗ္ဗတ္ထ မပရာဇိတာ
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ
တံ တေသံ မင်္ဂလ မုတ္တမံ။

## နိသျ

ဒေဝပုတ္တာ — နတ်သား
ဧတာဒိသာနိ — ဤသို့ သဘောရှိကုန်သော
အဋ္ဌတိံသ မင်္ဂလာနိ — သုံးဆဲ့ရှစ်ပါးသောမင်္ဂလာတရားတို့ကို
ကတွာန — ပြုကျင့်ရသောကြောင့်
သဗ္ဗတ္ထ — အလုံးစုံသောအရပ်တို့၌
အပရာဇိတာ — ရန်သူတို့သည် မအောင်အပ်ကုန်သည် ဖြစ်၍

သဗ္ဗတ္ထ —အလုံးစုံသောအရပ်တို့၌
သောတ္ထိံ —ချမ်းသာခြင်းသို့
ဂစ္ဆန္တိ —ရောက်ကုန်၏၊
တံ —ထို ၃၈ ပါးသောတရားသည်
တေသံ —ထိုနတ်လူတို့၏
ဥတ္တမံ —မြတ်သော
မင်္ဂလံ —မင်္ဂလာမည်၏
ဣတိ —ဤသို့
တွံ —သင်နတ်သားသည်
ဂဏှာဟိ —မှတ်ယူလေသော့။

လင်္ကာ

မြဖန်ရောင်ရှိန်၊ ဝင်းဝင်းထိန်သည့်
မြတ်ဝတိန်သာ၊ နတ်တို့ရှာက
ဣန္ဒာဒေဝ၊ မာဃဘာမန်
မောင်နတ်မွန်—

ပြန်၍တွက်ကျုံး၊ ပေါင်းကာရုံးမူ
သုံး-သုံးနှင့်လေး၊ သုံး-လေး-လေးတည့်
ငါး-လေး-လေးနောက်၊ လေးပါး လျှောက်၍
ရှေးနောက်တွက်ချဲ့၊ သင်္ချာဖွဲ့သော်

သုံးဆဲ့ရှစ်ဖြာ၊ မင်္ဂလာကို
ကောင်းစွာပြုရ၊ကျင့်ဆောင်ရမူ
ကာလသုံးဖြာ၊ ရှစ်ဖြာအရပ်
ရန်ခပ်သိမ်းပင်၊လွတ်စင်ချမ်းသာ
ဘေးမျိုးကွာ၍၊မဟာသောတ္ထိ
မှန်လှဘိ၏၊ သုခိတစစ်
ဖြစ်ရခြင်းသည်၊ သုံးမည်ဘုံသူ
နတ်လူဗြဟ္မာ၊ သတ္တာတို့အား
စီးပွားမှန်လှ၊ ဥတ္တမမင်္ဂလာ
မှတ်လေရာ၏၊တောဒိသာနို
ပါဠိအရ၊ အဋ္ဌတိံသာ
စိတ်ဖြာအပြား၊ ဤတရားကို
ယုံမှားကင်းလွတ်၊ စိတ်နေညွှတ်လျက်
လွန်မြတ်လှစွာ၊ မင်္ဂလာဟု
သဒ္ဓါကဲလွန်၊ နတ်တမန်သည်
မှန်မှန်စွဲမှတ်–ပါလေလော့စ်။

## ၃၈ ဖြာမင်္ဂလာ

(၁) အသေဝနာ၊ ဗာလာနံ၊ ရှောင်ကြဉ်ဝေးဝေးကွာ၊
(၂) ပဏ္ဍိတာနံ၊ သေဝနာ၊ ပေါင်းကြမှီဝဲရာ၊
(၃) ပူဇနီယ၊ ပူဇာစ၊ ပြုအပ်လှသည်သာ။
(၄) ပတိရူပ၊ တင့်အပ်လှ၊ ဒေသအရပ်မှာ၊

(၅) ပုဗ္ဗေကတ၊ လှူဒါန၊ ရှေးကပြုသော်သာ၊
(၆) ကိုယ်ကိုစောင့်မ၊ ဆောက်တည်က၊ လားကြနိဗ္ဗူတာ၊
(၇) အကြားအမြင်၊ များအောင်လျှင်၊ ကြည်လင် အား ထုတ်ပါ။
(၈) အပြစ်မရှိ၊ တဘ်တို့ဘိ၊ ကဝိမှတ်ကုန်ရာ၊
(၉) ဝိနယောစ၊ တတ်အောင်ပ၊ သင်ကြ မျိုးသေးဖြာ၊
(၁၀) သုဘာသိတ၊ ဝါစန၊ ကောင်းလှချိုသာစွာ။
(၁၁) မာတာ-ပိတ၊ မိန္နှင့်ဖ၊ နိစ္စလုပ်ကျွေးပါ၊
(၁၂) သား-မယားအား၊ သင်္ဂြိုဟ်ငြား၊ တပါးမင်္ဂလာ၊
(၁၃) အနာကုလ၊ ကမ္မန္တ၊ ပြုကြ မှုကိစ္စာ၊
(၁၄) အလှူဒါန၊ ဝေးဝေငှ၊ ထက်လှစေတနာ၊
(၁၅) အကျင့်ဓမ္မ၊ ကောင်းမြတ်လှ၊ မခွသူတော်စွာ၊
(၁၆) ဉာတကာန၊ သင်္ဂဟ၊ မစ သင်္ဂြိုဟ်ပါ၊
(၁၇) အနဝဇ္ဇ၊ ကမ္မန္တ၊ ပြုကြအပ်သည်သာ၊
(၁၈) အာရတီစ၊ အဓမ္မ၊ နေ့ညကြဉ်ကုန်ပါ၊
(၁၉) ဝိရတီစ၊ အဓမ္မ၊ ကြဉ်ကြထိုနည်းသာ၊
(၂၀) မဇ္ဇပါန၊ ယစ်မျိုးစ၊ ရှောင်ကြ လူတကာ၊
(၂၁) ကုသိုလ်ဓမ္မ၊အားထုတ်ကြ၊ နေ့ ည မမေ့ရာ။
(၂၂) ဂါရဝေါစ၊ ရိုတုပ်ကွ၊ မြတ်လှ ဓမ္မတာ၊
(၂၃) နိဝါတောစ၊ ကိုယ်နှိမ့်ချ၊ မာနမထောင်ရာ၊
(၂၄) သန္တုဋ္ဌိစ၊ ရောင့်ရဲကြ၊ နိစ္စ အလွယ်သာ၊
(၂၅) သူ၏ကျေးဇူး၊ မထိမ်မြူး၊ ကြည်နူးသိကုန်ပါ၊
(၂၆) လျောက်ပတ်ကာက၊ မြတ်ဓမ္မ၊ နာကြ အပ်သည်သာ၊

(၂၇) သည်းခံ နှလုံး၊ သူတော်ထုံး၊ ရွှင်ပြုံးကျင့်အပ်စွာ၊
(၂၈) ကောင်းသည့် စကား၊ လိုက်နာငြား၊ အများ ကြည်မေတ္တာ၊
(၂၉) ရဟန်းသူမြတ်၊ ဖူးမြင်လတ်၊ ယှဉ်းချွတ်ခရှိရာ၊
(၃၀) သုံးခါတာသ၊ မြတ်ခမ္မ၊ နေ့ညဆွေးနွေးရာ၊
(၃၁) ခြိုးခြံကျင့်ဝတ်၊ သူဘော်မြတ်၊ မပြတ်စရိယာ၊
(၃၂) ဗြဟ္မစရိယ၊ ဖြူစင်လှ၊ ကျင့်ကြ ပဏ္ဍိတာ၊
(၃၃) အရိယသစ္စာ၊ ဒဿန၊ သိကြမျိုးလေးဖြာ၊
(၃၄) နိဗ္ဗာန် မျက်မှောက်၊ ပြုတုံမြောက်၊ ထွန်းတောက် မင်္ဂလာ။
(၃၅) လောကဓံတရား၊ တွေ့ကြုံငြား၊ လှုပ်ရှားမရှိရာ၊
(၃၆) စိုးရိမ်သောက၊ စိတ်မရှ၊ ကင်းထလွတ်သည်သာ၊
(၃၇) ကိလေသာမျိုး၊ နှောင်ဖွဲ့ကြိုး၊ ဖြတ်ချိုးရှင်းရှင်းခွါ၊
(၃၈) အဇ္ဈတ္တိက၊ ဗာဟိရ၊ ဘေးမှလွတ်သည်သာ။ ။

## နိဂုံး

ဤသို့လျှင် မထင်ရှားသော နက်သားဟယောက် မေးလျှောက်၍ မြတ်စွာဘုရားသည် ၃၈-ဖြာ မင်္ဂလာကို ဖြေကြားတော်မူ၏၊ ဒေသနာ၏ အဆုံး၌ ကုဋေတသိန်းမျှသော နတ်တို့သည် အရဟတ္တဖိုလ်သို့ဆိုက်ရောက်သွားကြ၏၊ သောတာပန်,

သက ဒါဂါမ်, အနာဂါမ်, အဖြစ်သို့ ရောက်သူတို့ကား မရေ မတွက်နိုင်အောင် များပြား၏။

နောက်တနေ့တွင် မြတ်စွာဘုရားသည် ရှင်အာနန္ဒာကို ခေါ်ပြီး ''အာနန္ဒာ ညဉ့်က ဤသို့ နတ်သားတယောက် ရောက်လာပြီး မင်္ဂလာပြဿနာကို မေးလျှောက်၍ ငါသည် ထိုနတ်သားအား သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကို ဖြေကြားလိုက်သည်၊ အာနန္ဒာ ဤမင်္ဂလာအလုံးစုံကို အကုန်သင်ကြားပြီး ရဟန်းတို့အား ပို့ချပေးပါလော့''ဟု မိန့်ကြားတော်မူ၏။

ရှင်အာနန္ဒာသည် ထို ၃၈-ဖြာ မင်္ဂလာကို မြတ်စွာဘုရား ထံတော်ပါးတွင် သင်ကြားပြီးလျှင် ရဟန်းတို့အား ပို့ချပေး၏၊ ယင်းသို့လျှင် ဤမင်္ဂလာကို ဆရာ အစဉ် အဆက် ဆောင်ခဲ့ရာ ယနေ့တိုင် ထင်ရှား ပြန့်ပွါးပြီးလျှင် လောက၏ အစီး အပွါးကို ဆောင်လျက်ရှိ လေသည်။

ဤသို့လျှင် မြန်မာစာဖတ် ပရိတ်သတ်တို့ အကျိုးစီးပွါး အလို့ငှာ မြန်မာဘာသာဖြင့် ဖွင့်ဆိုပသော မြတ်သော မင်္ဂလာသည် ၁၃၁၇-ခု၊ သီတင်းကျွတ်လပြည့်၊ တနင်္ဂနွေနေ့ နံနက် အခါမှာ ပြီးမြောက် အောင်မြင်ပါသတည်း။

သော်ဇင်

၁၉၊ ၁၀၊ ၅၅